www.burmeseclassic.com

# သီတဂူဆရာတော်

## ဒေါက်တာ အရှင်ဉာဏိဿရ ၏ ဘဝဖြစ်စဉ်

မင်းယုဝေ



မဟာဗိမာန်စာပေဆု
ဆန်းလွင်စာပေဆု
မဟာစရိယ ဦးအေးနိုင်စာပေဆု
၃ - ဆုရစာအုပ်

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# သီတဂူဆရာတော် အရှင်ဉာဏိဿရ (D.Litt)(Ph.D)

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
မဟာကမ္မဋ္ဌာနာစရိယ ဓမ္မဗဟုဇနဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် စစ်ကိုင်းတောင်

## ဘဝရည်ရွယ်ချက်

ငါသေသွားရင် တိုင်းပြည်နဲ့လူမျိုး၊ ဘာသာ သာသနာအတွက် ဘာထားခဲ့မလဲ၊
ထားခဲ့နိုင်အောင် ကြိုးစားပါ။
မိမိအတွက် သံသရာကို ဘာယူသွားမလဲ၊
သံသရာအတွက် အနှစ်ကိုလည်း ယူသွားနိုင်အောင် ကြိုးစားပါ။
မိမိကိုယ်တိုင် နိဗ္ဗာန်ရောက်ဖို့ထက် မိမိကြောင့် သူတစ်ပါး ကိုယ်စိတ်နှစ်ပါး
ဒုက္ခမရောက်အောင် နေတတ်ဖို့၊ ကျင့်တတ်ဖို့ အရေးကြီးပါတယ်။
သူတစ်ပါး အကျိုးစီးပွားနှင့် မိမိ၏အကျိုးစီးပွား တိုးပွားအောင်
ကြိုးစားနေတတ်ဖို့ အရေးကြီးပါတယ်။

မာဝမညေထ ပုညဿ – ကောင်းမှုကို သေးငယ်သည်ဟူ၍ မထေမဲ့မြင် မပြုနှင့်။
နစခုဒ္ဒမာစရေကိဉ္စိ – မကောင်းမှုကို သေးငယ်သည်ဟူ၍လည်း မပြုမိစေနှင့်။

သီတဂူစန်းလပမာ ချမ်းမြေ့သာယာရှိကြပါစေ . . .

www.burmeseclassic.com

www.burmeseclassic.com

# သီတဂူဆရာတော်

## ဒေါက်တာ အရှင်ဉာဏိဿရ၏

## ဘဝဖြစ်စဉ်

BURMESE CLASSIC

## မင်းယုဝေ

* * *

www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း — ဒုတိယအကြိမ် (၁၀၀၀-အုပ်)
၂၀၁၄-ခုနှစ်၊ ဩဂုတ်လ
မျက်နှာဖုံးဒီဇိုင်း — ဦးစိန်လှိုင် ၊ ဦးအောင်သန်းဝင်း
ကွန်ပျူတာ — ခင်ချိုဆက်
အတွင်းဖလင် — မိုးကြီး ဖုန်း - ၄၂၀၀၅၁၈၃၁
ထုတ်ဝေသူ — ဒေါ်ခင်ဝင်းရီ (၀၁၆၆၂)
ဝင်းစာပေ၊ ၈၈၊ ကမ္ဘာအေးစေတီလမ်း၊
ဗဟန်း၊ ရန်ကုန်မြို့။
ဖြန့်ချိရေး — ကိုအောင်ထက် (မြတ်မင်္ဂလာစာစောင်)
ဖုန်း - ၀၉ ၅၀၂၇၉၀၀
ပုံနှိပ်သူ — **Ever Green**
(အတွင်း+ အဖုံး) အမှတ်(၉၀)၊ လမ်း-၅၀၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၁၀၈၁
တန်ဖိုး — ၅၀၀၀ိ/-ကျပ်

ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

မင်းယုဝေ ၂၉၄·၃
သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၏
ဘဝဖြစ်စဉ်/မင်းယုဝေ။
- ရန်ကုန်
ဝင်းစာပေ၊ ၂၀၁၄ ခု။
၃၁၆-စာ၊ ၂၁×၁၈ စင်တီ
(၁) သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၏ဘဝဖြစ်စဉ်


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


– အမှာစာ (ပထမအကြိမ်) (က)

– အမှာစာ (ဒုတိယအကြိမ်) (ဃ)

၁။ မသေနိုင်တော့ပါဘူးကွာ ၁

၂။ ထူးခြားသော တပေါင်းလ ၂

၃။ သမိုင်းဝင်တပ်ရွာ ၄

၄။ မောင်စံသိန်း ၅

၅။ ကိုရင်ဇောတိက ၇

၆။ အရှင်ဉာဏိဿရ ၈

၇။ ရန်ကုန်သို့ ၈

၈။ ရုပ်ရှင်မင်းသမီး ဒေါ်ခင်လေးဆွေ ၁၀

၉။ ငွေ ၂၀၀/– ၁၁

၁၀။ သိမ်ကုန်းကျောင်းတိုက် ၁၂

၁၁။ ရခိုင်ရဟန်းတော် အရှင်ဝဇီရဉာဏ ၁၃

၁၂။ စာပေသမားဘဝသို့ ၁၃

၁၃။ အကြီးတန်းအောင် ၁၅

၁၄။ မန္တလေးသို့ ၁၅

၁၅။ တရားပွဲများ ၁၇

၁၆။ ဓမ္မာစရိယတန်းအောင် ၁၈

၁၇။ နန့်ခမ်းဆေးရုံ ၁၈

၁၈။ ဆေးရုံတက်စဉ် ၁၉

၁၉။ ကမ္ဘာအေး သံဃာ့တက္ကသိုလ် ၂၀

၂၀။ ထူးခြားသော စာအုပ်နှစ်အုပ် ၂၂

၂၁။ အောင်သော်လည်း အောင်လက်မှတ်မရ ၂၄


www.burmeseclassic.com

www.burmeseclassic.com

၂၂။ B.B.M ကောလိပ် ၂၄
၂၃။ ဟံသာဂီရိချောင်သို့ ၂၅
၂၄။ အနီးစခန်းဆရာတော်ကြီး ဦးပဏ္ဍိတ ၂၆
၂၅။ အနီးစခန်းဆရာတော်ထံ ချဉ်းကပ်ခြင်း ၂၇
၂၆။ တပည့် ၃–ပါး ၂၉
၂၇။ သေးနုပ်တဲ့စာတွေကို မဖတ်နဲ့ ၃၁
၂၈။ တောရဆောက်တည်လို ၃၁
၂၉။ ဓမ္မဒူတ အရှင်ပညာဇောတ ၃၂
၃၀။ သပိတ်အိုင်တောရသို့ ၃၄
၃၁။ သပိတ်အိုင်တောရစာပန်းချီ ၃၅
၃၂။ သပိတ်အိုင်တောရ ၃၇
၃၃။ ခေါင်းကြီးနှစ်လုံး ၃၈
၃၄။ သပိတ်အိုင် ၄၀
၃၅။ နှစ်ည ၄၁
၃၆။ တစ်နှစ်လွန်မြောက်သော် ၄၂
၃၇။ အရှင်မြတ် ၃–ပါး ၄၃
၃၈။ ခေါင်းကြီးဘေးဝယ် ၄၄
၃၉။ သပိတ်အိုင်ဆရာတော်ကြီး၏ အလေ့အထ ၄၄
၄၀။ ဓမ္မသာကစ္ဆာ ၄၆
၄၁။ စကားမပြောကြ ၄၇
၄၂။ ဆရာတော်ကြီး၏ မှတ်တမ်းများ ၄၇
၄၃။ သူခိုးကိုသိ ၄၇
၄၄။ လေးကိုယ်ခွဲ ဆွမ်းခံသတဲ့ ၄၈
၄၅။ နတ်စောင့်ရှောက်တာ ၄၈
၄၆။ သူပုန်လက်မှ လွတ်လာသူ ၄၉

www.burmeseclassic.com

www.burmeseclassic.com


၄၇။ နတ်များကိုမေး ၄၉

၄၈။ မြွေ–မြွေ ၅၀

၄၉။ ရေစီးမှာမျော ၅၁

၅၀။ မေဓာဝီ ၅၁

၅၁။ ထူးဆန်းသော မြွေကြီး ၅၄

၅၂။ တစ်ပါးတည်းကျန် ၅၅

၅၃။ သစ်ပင်များလှဲ ၅၆

၅၄။ သာစုသံလိုလို ၅၇

၅၅။ နတ်စင်ပြောင်း ၅၈

၅၆။ တောရဂုံမြိုင်ထွက် တရားဟော ၅၉

၅၇။ လူဆိုးနှင့်တွေ့ ၆၀

၅၈။ ကျုံကရွာမှ ထူးခြားသောကျောင်းသားကလေးနှစ်ဦး ၆၂

၅၉။ အနီးစခန်းဆရာတော်ကြီး လေဖြတ် ၆၃

၆၀။ မလွန်ဆန်လှုအသင်း ဓမ္မကထိက ၆၄

၆၁။ တိပိဋကမင်းကွန်းဆရာတော်ကြီးနှင့် သပိတ်အိုင်ဆရာတော် ၆၅

၆၂။ လျှော်ဖြူချောင် ၆၇

၆၃။ သဒ္ဓမ္မသီတဂူချောင် ၆၇

၆၄။ သပိတ်အိုင်ဆရာတော်နှင့် ဖေဏာပိဏ္ဍာပြမသုတ္တန် ၆၈

၆၅။ စစ်ကိုင်းတောင်တန်း ၆၉

၆၆။ ရေအခက်အခဲ ၇၀

၆၇။ ကရဏာရှင် သီတဂူဆရာတော် ၇၁

၆၈။ သီတဂူ၏ ပထမဆုံးရေအလှူ ၇၂

၆၉။ စေတနာရှင် ဦးဝင်းသိန်း ၇၄

၇၀။ မြွေကိုက်ခံရသော သီလရှင် ၇၆

၇၁။ ၂၇–ကြိမ် ဝမ်းလျှောသူ ၇၈


www.burmeseclassic.com

www.burmeseclassic.com


၇၂။ သီတဂူအာယုဒါနဆေးရုံစတင် ၈၀

၇၃။ အုတ်ဂူ ၃၇–လုံး ၈၀

၇၄။ အတွင်းလူနာ ၁၀၀–ကျော် ၈၄

၇၅။ သံဃာတော်များနှင့် သီလရှင်များအခမဲ့ ၈၄

၇၆။ ပြည်ပမှ စေတနာရှင်ဆရာဝန်ကြီးများ ၈၆

၇၇။ အသုံးစရိတ် တစ်လ ၄၅–သိန်း ၈၈

၇၈။ လူနာတစ်ဦး၏ ကိုယ်တွေ့ ၈၈

၇၉။ ရင်းငြိမ်တိုက်နယ် ပြည်သူ့ဆေးရုံ ၉၂

၈၀။ လေအသုံးပြု ၉၈

၈၁။ တက္ကသီလာ ၉၉

၈၂။ သီတဂူဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု ဗုဒ္ဓတက္ကသိုလ် ၁၀၀

၈၃။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ၁၀၄

၈၄။ သန္တိမဟာဘွဲ့နှင်းသဘင် ၁၀၄

၈၅။ အုံ့ချီးဖွယ်အဆောက်အအုံ ၁၀၇

၈၆။ ၈–နှစ်သက်တမ်း ၁၀၇

၈၇။ အောင်မြင် ၁၀၉

၈၈။ ပြည်ပဓမ္မဒူတခရီး ၁၁၀

၈၉။ ဆရာတော်ကြီး အရှင်သေဋ္ဌိလနှင့်အတူ ၁၁၁

၉၀။ ဒေါက်တာအရှင် ရေဝတဓမ္မ ၁၁၃

၉၁။ အမေရိကန်သို့ ၁၁၄

၉၂။ မင်္ဂလသုတ္တန် (အင်္ဂလိပ်ဘာသာ) ၁၁၅

၉၃။ ဘန်ဒါဗစ်တက္ကသိုလ် ၁၁၆

၉၄။ တစ်ပါးတည်းကမ္ဘာပတ် ၁၁၇

၉၅။ နိုင်ငံပေါင်း ၄၀–ကျော် ၁၁၇


www.burmeseclassic.com

www.burmeseclassic.com


၉၆။ အတွေ့အကြုံများရ ၁၁၈
၉၇။ သီတဂူ ဗုဒ္ဓဝိဟာရ ၁၂၀
၉၈။ တရားဟောကြ၊ ဆွေးနွေးကြ ၁၂၂
၉၉။ ခရစ်ယာန်ဘုန်းကြီးမေး ၁၂၃
၁၀၀။ စူစန်ဟတ် ၁၂၄
၁၀၁။ Church လား Temple လား ၁၂၄
၁၀၂။ Monestry ၁၂၅
၁၀၃။ မဟာယာနနှင့် ထေရဝါဒ ၁၂၆
၁၀၄။ ဒေါ်စန္ဒပဘာ (စန္ဒာစည်)၏ ရေးသားချက် ၁၂၇
၁၀၅။ ကျုံပျော်မြို့၊ စေတီယပူဇာစမ္မသဘင်ဝယ် ၁၂၉
၁၀၆။ မြန်မာရှေးဟောင်းဘုရား ၁၃၀
၁၀၇။ ဈေးသည်မလေးနှစ်ယောက်ကြားက ဗုဒ္ဓဆင်းတုတော် ၁၃၁
၁၀၈။ နီပေါနိုင်ငံ၊ ပေါက္ခရမြို့သို့ ၁၃၂
၁၀၉။ သံဝေဂဖြစ်သွားသော ဟိုတယ်ပိုင်ရှင် ၁၃၅
၁၁၀။ အိန္ဒိယဝန်ကြီးချုပ် နေရူး၏သမာဓိဆင်းတုတော် ၁၃၆
၁၁၁။ အလွဲသုံးစားမပြုထိုက် ၁၃၈
၁၁၂။ မေတ္တာတရား ၁၃၈
၁၁၃။ မေတ္တာတရားကို မယုံဘူး ၁၃၉
၁၁၄။ အသားစားနည်းစနစ် ၁၄၁
၁၁၅။ ဒေဝဒတ်ပန်ကြားခဲ့သော ပဥ္စဝတ္ထုယာစန ၁၄၃
၁၁၆။ တစ်ကမ္ဘာလုံးက ငြင်းနေတဲ့ စာတစ်ပုဒ် ၁၄၄
၁၁၇။ တမင်လုပ်ကြံရေးထားသည့် သုတ္တန် ၁၄၅
၁၁၈။ မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ပါနဲ့ ၁၄၆
၁၁၉။ ဗုဒ္ဓဂယာမှ နိုင်ငံခြားသားများ ၁၄၈
၁၂၀။ မြန်မာစာဖတ်ချင်သော ဂျာမန်အမျိုးသမီး ၁၄၈


www.burmeseclassic.com

www.burmeseclassic.com

၁၂၁။ ဥုံ မဏိပဒ္မေ ဟုံ ၁၅၁
၁၂၂။ ဥုံ မဏိပဒ္မေ ဟုံ အဓိပ္ပာယ် ၁၅၄
၁၂၃။ ဇာတ်နိမ့်၊ ဇာတ်မြင့် ၁၅၅
၁၂၄။ အိန္ဒိယပြည်မှာ ဗုဒ္ဓသာသနာ ဘာကြောင့်ကွယ်သလဲ ၁၅၆
၁၂၅။ အနတ္တဖြင့် ဖျက်တော်မူ ၁၅၈
၁၂၆။ အတ္တဝါဒပြင်းထန်ခြင်း ၁၅၈
၁၂၇။ အတ္တ၊ အနတ္တ ၁၅၈
၁၂၈။ သီတဂူဆရာတော် ကိုယ်တွေ့ ၁၆၄
၁၂၉။ သဒ္ဓါတရားနည်းပါး ၁၆၆
၁၃၀။ ဗုဒ္ဓဘာသာသည် Religion မဟုတ် ၁၆၇
၁၃၁။ ဆုတောင်းခြင်းနှင့် ဗုဒ္ဓဘာသာ ၁၆၉
၁၃၂။ သီရိလင်္ကာ ဘုန်းတော်ကြီးပညာရေးစနစ် ၁၇၀
၁၃၃။ မြန်မာဘုန်းတော်ကြီး ပညာရေးစနစ်နှင့်မတူ ၁၇၁
၁၃၄။ သီတဂူဆရာတော်နှင့် အာဂျန်တာ၊ အယ်လိုရာ ၁၇၃
၁၃၅။ တရိပ္ပူရ်သာသနာပြုခရီး ၁၈၃
၁၃၆။ ဂန္ဓာရခရီး ၁၈၇
၁၃၇။ သီတဂူဆရာတော်နှင့် အင်ဒိုနီးရှားနိုင်ငံ ၁၉၄
၁၃၈။ သီတဂူဆရာတော်နှင့် နာဂစ်မုန်တိုင်း ၁၉၆
၁၃၉။ ဒေါက်တာဥမ္မာထွန်း ကိုယ်တွေ့ ၂၀၂
၁၄၀။ ကျပ်ငွေ ၈.၈–ဘီလျံလှူဒါန်း ၂၀၅
၁၄၁။ သီတဂူဆရာတော်နှင့် ရေ ၂၀၉
၁၄၂။ သီတဂူဆရာတော်၏ ခံယူချက် ၂၁၁
၁၄၃။ သီတဂူ အမှတ်တံဆိပ်များ ၂၁၄
၁၄၄။ စာရေးဆရာ၊ ကဗျာဆရာ ၂၁၇
၁၄၅။ ဗုဒ္ဓကိုယ်စားလှယ်တော် ၂၂၂

www.burmeseclassic.com

www.burmeseclassic.com


၁၄၆။ ကမ္ဘာ့အကောင်းဆုံး ဘာသာတရားဆု ၂၂၈

၁၄၇။ သီတဂူဆရာတော်နှင့် အင်းစိန်ထောင်မှအကျဉ်းသားများ ၂၃၂

၁၄၈။ ဓမ္မကထိကများ ဩဝါဒခံယူပွဲ ၂၃၅

၁၄၉။ သီတဂူဆရာတော်၏ ဩဝါဒ ၂၃၅

၁၅၀။ သာသနာပြုခြင်းနှင့် စာနာကူညီထောက်ပံ့ခြင်း ၂၃၆

၁၅၁။ အစာငတ်နေသော ကလေး ၂၃၆

၁၅၂။ မွတ်သိပ်ခြင်းရောဂါ ၂၃၈

၁၅၃။ သီတဂူဆရာတော်နှင့် သာသနာ့ဂုဏ်ဆောင်ဆရာတော်ကြီးများ ၂၃၈

၁၅၄။ မြင်းခြံဆရာတော်ကြီးနှင့် သီတဂူဆရာတော် ၂၃၉

၁၅၅။ ညောင်ရွှေဆရာတော်ကြီးနှင့်သီတဂူဆရာတော် ၂၄၀

၁၅၆။ စစ်ကိုင်းမဟာဂန္ဓာရုံဆရာတော်ကြီးနှင့် သီတဂူဆရာတော် ၂၄၁

၁၅၇။ မကွေးဆရာတော်ကြီးနှင့် သီတဂူဆရာတော် ၂၄၂

၁၅၈။ မဟာဝိသုဒ္ဓါရုံဆရာတော်ကြီးနှင့် သီတဂူဆရာတော် ၂၄၃

၁၅၉။ တိပိဋကရေယောဆရာတော်နှင့် သီတဂူဆရာတော် ၂၄၄

၁၆၀။ သီတဂူဆရာတော်နှင့်
ပါမောက္ခချုပ် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ၂၄၆

၁၆၁။ ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်၊ သိဒ္ဓိရှင် ၂၄၇

၁၆၂။ ဒေါ်အေးစိန်ငိုကြွေး ၂၄၉

၁၆၃။ ယောက်ျားပ သီတဂူ ၂၅၁

၁၆၄။ ဒေါက်တာအောင်ဆန်း ၂၅၂

၁၆၅။ ဆရာဦးသန်းထွတ်နှင့် ဆရာဦးဝင်းမွန်တို့၏ ခံယူချက် ၂၅၃

၁၆၆။ သီတဂူဆရာတော်၏ ကျေးဇူးတော်ဂုဏ် ၂၅၄

၁၆၇။ ပွင့်ထွန်းပေါ်ပေါက်လာသော မေတ္တာရှင်၊ ကရုဏာရှင်များ ၂၅၇

၁၆၈။ ဒါန၊ သီလ၊ ဘာဝနာ ၂၆၁

၁၆၉။ ကမ္ဘဋ္ဌာန်းဆရာကြီး ဦးဂိုအင်ကာ ၂၆၁


www.burmeseclassic.com

www.burmeseclassic.com


၁၇၀။ စာရေးသူကိုယ်တွေ့ ၂၆၂

၁၇၁။ အာနာပါနသတိပဋ္ဌာန် ၂၆၃

၁၇၂။ ဝိပဿနာပွားများခြင်းနှင့် လောကုတ္တရာအကျိုး ၂၆၅

၁၇၃။ ဝိပဿနာပွားများခြင်းနှင့် လောကီအကျိုး ၂၆၇

၁၇၄။ သီတဂူ၏ ဝိပဿနာရိပ်သာစီမံကိန်း ၂၆၇

၁၇၅။ သီတဂူဆရာတော်နှင့် လူပျိုတော်ပတ္တမြားမိသားစု ၂၆၉

၁၇၆။ ပထမ မစိုးရိမ်ဆရာတော်ကြီး ၂၇၀

၁၇၇။ အာသီဝိသောပမသုတ္တန်နှင့် လူပျိုတော်ပတ္တမြားမိသားစု ၂၇၃

၁၇၈။ အပ္ပမာဒတရားတော် ၂၇၅

၁၇၉။ သီတဂူဆရာတော်နှင့် စာရေးသူ ၂၈၂

၁၈၀။ သိမ်ကြီးကိုးလုံး ၂၈၃

၁၈၁။ သီတဂူဆရာတော်နှင့် မဟာသိမ်တော်ကြီး ၂၈၇

၁၈၂။ သီတဂူဆရာတော်နှင့် အန္တရာယ်ကင်းပရိတ်တော် ၂၈၈

၁၈၃။ ဗောဓိဉာဏ်ဆုပန် ၂၈၉

၁၈၄။ ကင်မရာတစ်လုံးနှင့် ဘောပင်တစ်ချောင်းသာပိုင် ၂၉၃

– အကိုးများ

– စာရေးသူ မင်းယုဝေ၏အတ္ထုပ္ပတ္တိ


www.burmeseclassic.com

www.burmeseclassic.com



# စာရေးသူ၏အမှာစာ (ပထမအကြိမ်)

ကျွန်တော်သည် စာရေးဆရာသက်တမ်း နှစ်ပေါင်း ၆၀-ကျော်အတွင်း အတ္ထုပ္ပတ္တိ အတို၊ အရှည်ပေါင်းများစွာ ရေးသားခဲ့ပါသည်။ မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံများရှိ လူသားအကျိုးဆောင် ပုဂ္ဂိုလ်များ၊ လေးစားမြတ်နိုးဖွယ် ပုဂ္ဂိုလ်များ၊ အတုယူဖွယ် ပုဂ္ဂိုလ်များ အကြောင်းတို့ ဖြစ်ပါသည်။ အချို့ကို စကားပြေဖြင့်ရေးရုံသာမက ကဗျာများပင် ဖွဲ့ဆို ခဲ့ပါသည်။

ယခု အသက် ၈၀-ကျော်အရွယ်တွင် ကျွန်တော်၏စိတ်အာရုံ၌ သီတဂူဆရာတော်ကြီး အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်ဉာဏိသရ(Ph.D, D. Litt)၏ ထေရုပ္ပတ္တိကို ရေးချင်စိတ်များ တဖွားဖွားဖြစ်ပေါ်နေခဲ့ပါသည်။ သို့ဖြင့် ဆရာတော်ကြီးထံ ရေးသားခွင့်လျှောက်ထားတောင်းပန်ရာ ဆရာတော်ကြီးကလည်း ကြည်ဖြူစွာပင် ခွင့်ပြုခဲ့ပါသည်။

သီတဂူဆရာတော်ကြီးသည် တစ်ခေတ်တွင်တစ်ယောက် ပေါ်ထွန်းသော ပုဂ္ဂိုလ်ထူးမျိုးဖြစ်ပါသည်။ သာသနာ့အကျိုး၊ လူသားတို့ကောင်းကျိုးကို မနေမနားဆောင်ရွက်နေသော အံ့ချီးဖွယ်ပုဂ္ဂိုလ်ဖြစ်ပါသည်။ ထို့ကြောင့် ဆရာတော်ကြီး၏ ဘဝဖြစ်စဉ်ကို ပြည့်စုံအောင်ရေးသားနိုင်ရန်မှာ မလွယ်ကူလှပါ။ ကြည်ညိုစိတ်ဖြင့် မိမိဉာဏ်စွမ်းရှိသမျှ ကြိုးစားအားထုတ်ရေးသားခြင်း ဖြစ်ပါသည်။ ထို့အပြင် ဤစာအုပ်ပါ ဆရာတော်ကြီး၏ သာသနာပြုဆောင်ရွက်ချက်များမှာ ၂၀၁၀-ပြည့်နှစ်၊ စက်တင်ဘာလအထိသာ ဖြစ်ပါသည်။ ထို့အတွက် လိုအပ်ချက်များရှိမည်ဖြစ်ရာ ဆရာတော်နှင့်တကွ စာရှုသူများက နားလည်ခွင့်လွှတ်ကြပါရန် တောင်းပန်ပါသည်။

ဤထေရုပ္ပတ္တိရေးသားရာ၌ ကျွန်တော်သည် သိလိုသော အချက်များကို သီတဂူဆရာတော်ကြီးထံ သွားရောက်၍ မေးမြန်းလျှောက်

www.burmeseclassic.com

www.burmeseclassic.com



ထားခြင်းလည်း ပြုခဲ့ပါသည်။ သီတဂူဆရာတော်ကြီး၏ တပည့်ရင်းဖြစ်သည့် ပါမောက္ခ ဒေါက်တာအရှင်ကိတ္တိဗလကိုလည်း တွေ့ဆုံမေးမြန်းလျှောက်ထားခဲ့ပါသည်။ ထို့မှုမက ဦးနိုင်ဦး (မိဘရိပ်)၊ အဆိုတော်ဒေါ်ဖြူသီ၊ ဦးဝင်းအောင် (Wood Land Travel)၊ အမျိုးသားစာပေဆုရ ဆရာကြီး တက္ကသိုလ်ဝင်းမွန်၊ ဆရာကြီး ပါမောက္ခ ဦးသန်းထွတ်စသူတို့နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

ထို့ပြင် သီတဂူဆရာတော် ရေးသားပြုစုသော ကျမ်းများ၊ စာအုပ်များ၊ ဆောင်းပါးများ၊ တရားခွေများကိုလည်း ကိုးကားခဲ့ပါသည်။ သီတဂူဆရာတော်ကြီးအကြောင်း ဆရာတော်ကြီးများ မိန့်ကြားထားသည်များကိုလည်း ကိုးကားခဲ့ပါသည်။ သီတဂူဆရာတော်ကြီးအကြောင်း အခြားပုဂ္ဂိုလ်များရေးသားသော ဆောင်းပါးများ၊ ကဗျာများကိုလည်း ကိုးကားခဲ့ပါသည်။ ထို့ပြင် ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်နှင့် သုတပညာဒီပလိုမာဘွဲ့အတွက် မခင်စိုးစိုးထွေး တင်သွင်းသည့် သီတဂူဆရာတော်အရှင်ဉာဏိဿရ၏ စာစုစာရင်းကျမ်းငယ်ကိုလည်း ကိုးကားခဲ့ပါသည်။ ထို့အတွက် ထိုထိုဆရာတော်များ၊ ထိုထိုပုဂ္ဂိုလ်များကို အထူးကျေးဇူးတင်ရှိပါသည်။

ဤစာအုပ်ပေါ်ထွက်လာရန် အဘက်ဘက်မှ အားပေးကူညီကြသော ဆရာတော် ဒေါက်တာအရှင်ကိတ္တိဗလ (သီတဂူ)၊ ဆရာတော်အရှင်အဂ္ဂဓမ္မ (သီတဂူ)၊ ဆရာတော် အရှင်ခေမာ (သီတဂူ)၊ ဆရာတော်အရှင်ကောဝိဒသိရီ (သီတဂူစတား)၊ သီတဂူဆရာတော်က အရှင်ပညာဓောတထံပေးသည့် သီတဂူဆရာတော်၏ လက်ရေးမူကို လာရောက်ပေးသော ဆရာတော်အရှင်ဉာဏဝုဓ (ရွှေဥမင်ဓမ္မဒူတတောရ)၊ ဗိုလ်မှူးစောဝင်းသိမ်း(ငြိမ်း)၊ ဆရာကြီး တက္ကသိုလ်ဝင်းမွန်၊ ဆရာကြီး ပါမောက္ခဦးသန်းထွတ်၊ ဆရာဦးဌေးဝင်း(မောင်ရှန်းသစ်)၊ တာဝန်ခံအယ်ဒီတာဦးဉာဏ်လင်းအောင်(ဉာဏ်လင်းအောင်) (မြတ်မင်္ဂလာ)၊ တာဝန်ခံအယ်ဒီတာ ဦးအောင်ဝင်း(မောင်အောင်ဝင်း–ထူးကြီး)(မင်္ဂလာမောင်

www.burmeseclassic.com

www.burmeseclassic.com



မယ်)၊ အမှုဆောင်အယ်ဒီတာ ကိုစောမောင်မောင်လွင် (မင်းမောင်လွင်) (မြတ်မင်္ဂလာ)၊ အမှုဆောင်အယ်ဒီတာ ကိုကျော်လှသန်းဦး(နန္ဒာမိုးမြေ) (မင်္ဂလာမောင်မယ်)၊ မြေးဖြစ်သူ အယ်ဒီတာ ကိုအောင်ထက် (အောင်ဟိန်းထက်) (မြတ်မင်္ဂလာ–မင်္ဂလာမောင်မယ်)၊ ဆရာ S.S ခင်မောင်အေး၊ စာရေးဆရာ သန်းဝင်းရှိန်၊ ဦးစိုးဝင်း(သီတဂူ)၊ သီတဂူ ဦးဟန်၊ ဦးနိုင်ဦး(မိဘရိပ်)၊ ဦးဝင်းအောင် (Wood Land Travel)၊ သီတဂူ ဦးရွှေဝင်း၊ သီတဂူ ဦးကျော်ရှိန်၊ ကဗျာဆရာ မောင်ဟေမာ၊ ဆရာ ချယ်ရီမြေမောင်တင်ထွန်း၊ သီတဂူ မောင်မျိုး၊ ဆရာမ ဒေါ်သဲနုမာ၊ ဒေါက်တာ ဒေါ်ဥမ္မာထွန်း၊ ဒေါ်စပယ်(လှဆန်းယဉ်)၊ ဒေါ်စိန်မြင့် (သီတဂူ)၊ ဒေါ်စန္ဒပဘာ (စန္ဒာစည်)၊ စာရေးဆရာမ ဝင်း(ဘုတလင်)၊ ဒေါ်ကြော့မွန်ခိုင် (ရှိန်မင်းကို)၊ မဝါဝါဦး စသူတို့ကိုလည်း လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် ဤစာမူကြမ်းကို မအားလပ်သည့်ကြားက ဖတ်ရှုစိစစ်ပေးသော သီတဂူဆရာတော်ကြီး ဒေါက်တာအရှင်ဉာဏိဿရ၊ ဆရာတော် ဒေါက်တာအရှင်အဂ္ဂဓမ္မ(သာသနဓဇဓမ္မာစရိယ၊ MA, Ph.D(Buddhism))၊ အရှင်ကောဝိဒသိရီ (သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထာရာမိကဓမ္မာစရိယ၊ အင်္ဂုတ္တရနိကာယဝိဒူ၊ ဝိနယဝိဒူ၊ Diploma in English၊ B.A, MA (Philosophy)နှင့် ဦးစိုးဝင်း (သီတဂူ)(B.Sc. Physics)တို့ကို အထူးကျေးဇူးတင်ပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**မင်းယုဝေ**
**(၂၆-၉-၂၀၁၀)**
**အသက် ၈၂-နှစ်**

www.burmeseclassic.com

www.burmeseclassic.com



## စာရေးသူ၏အမှာစာ (ဒုတိယအကြိမ်)

ကျွန်တော်သည် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိသာရ (အဂ္ဂမဟာပဏ္ဍိတ၊ Ph.D, D. Litt)၏ ဘဝဖြစ်စဉ် တစ်စိတ်တစ်ဒေသကို ၂၀၁၀–ပြည့်နှစ်၊ အသက် ၈၂–နှစ်အရွယ်တွင် ရေးသားထုတ်ဝေခဲ့ပါသည်။ ယင်းစာအုပ်သည် ၂၀၁၃– ခုနှစ်အတွက် (က) ဓမ္မဗိမာန်စာပေဆု၊ (ခ) ဆန်းလွင်ဓမ္မစာပေဆု၊ (ဂ) ဓမ္မာစရိယ ဦးအေးနိုင်(ဘီအေ) ဓမ္မစာပေဆုတို့ကို တစ်နှစ်တည်း၊ တစ်ပြိုင်တည်း ရရှိခဲ့ပါသည်။

ထိုစာအုပ်ကို ဓမ္မမိတ်ဆွေများတောင်းဆိုချက်အရ ယခု ဒုတိယအကြိမ် ပြန်လည်ပုံနှိပ်ထုတ်ဝေလိုက်ပါသည်။ ဤသို့ထုတ်ဝေရာ၌ ကျွန်တော်၏မြေးဖြစ်သူ အယ်ဒီတာ ကိုအောင်ထက်(အောင်ဟိန်းထက်)ကပင် အစစအရာရာ စီစဉ်ထုတ်ဝေပါသည်။

ဤသို့ထုတ်ဝေရာ၌ ခွင့်ပြုချက်ပေးသော သီတဂူဆရာတော်ကြီးကိုလည်း အထူးကျေးဇူးတင် ပူဇော်ပါသည်။ ထို့ပြင် စာအုပ်ဖြစ်မြောက်ရေးအတွက် အစစအရာရာကူညီကြသော ဒေါက်တာအရှင်ကောဝိဒသီရိ (သီတဂူစတား)၊ ဒေါ်စပယ် (လှဆန်းယဉ်)၊ ဒေါ်ကြော့မွန်ခိုင်၊ မင်္ဂလာ မောင်မယ်တာဝန်ခံအယ်ဒီတာ ဦးအောင်ဝင်း၊ မြတ်မင်္ဂလာ တာဝန်ခံအယ်ဒီတာ ဦးဉာဏ်လင်းအောင်၊ မြတ်မင်္ဂလာအမှုဆောင် အယ်ဒီတာ ကိုစောမောင်မောင်လွင်၊ သီတဂူ ဦးအောင်သန်းဝင်း(ဒီဖိုင်း)၊ ဦးစိန် (ဒီဖိုင်း)၊ မခင်ချိုဆက်(ကွန်ပျူတာ)တို့အမှူးပြုသော ကူညီကြသူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။

**မင်းယုဝေ**

(၇–၇–၂၀၁၄)

**အသက် ၈၆–နှစ်**

www.burmeseclassic.com

www.burmeseclassic.com

## မသေနိုင်တော့ပါဘူးကွာ

၁၃၅၇–ခုနှစ်၊ နယုန်လ(၁၉၉၆–ခု) မိုးရာသီတွင်ဖြစ်သည်။ နာမည်ကျော် ဓမ္မကထိက ဆရာတော်တစ်ပါးသည် တရားဟောရန် ဓမ္မခရီးစဉ်ထွက်လာသည်။ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်ဘက်သို့ ဖြစ်သည်။ ဆရာတော်နှင့်အတူ အဖော်အဖြစ် တပည့်ရဟန်းတစ်ပါးလည်း ပါလာသည်။

ဆရာတော်တို့သည် ပထမဆုံးတရားပွဲကို မြိုင်မြို့မှာ ဟောရ၏။ ထို့နောက် မြိုင်မှတစ်ဆင့် ပေါက်မြို့သို့ ကျော်ဖြတ်ကာ ချင်းပြည်နယ်၊ ယောနှင့် ဆောဘက်သို့ ခရီးဆက်ခဲ့ကြ၏။

မိုးရာသီဖြစ်သဖြင့် မိုးကမစဲ၊ တသဲသဲ ရွာနေသည်။ ကားကလေးသည် မိုးထဲလေထဲ၌ သာသနာ့အလံ တလူလူနှင့် သွားနေသည်။ မကြာမီ ပုံတောင်ပုံညာသို့ ရောက်လာသည်။ တောင်တွေက မြင့်မား၊ ရွှံ့တွေ၊ ဗွက်တွေကပေါ၊ ချောင်းစပ်တစ်နေရာရောက်တော့ ရှေ့ဆက်၍ မရ။ ဆရာတော်၊ တပည့်ရဟန်း၊ ဒကာနှစ်ဦးတို့ ကားပေါ်မှ ဆင်း၍ တွန်းရ၏။ ကားတွန်းရင်း ဆရာတော်က အဖော်တပည့်ရဟန်းအား–

“ဘုန်းကြီးကို လူတွေက သိပ်အထင်ကြီးကြပြီး ဖိမ်ကျတယ်လို့ထင်ကြတယ်။ အခုလို ညွှန်ထဲ၊ ဗွက်ထဲမှာ ကားတွန်းတာ ဘယ်သူမှ မမြင်ကြဘူးနော်”

ဟူ၍ လှမ်းပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ဆက်မသွားနိုင်သဖြင့် ဓမ္မခရီးစဉ်ကို ဖျက်သိမ်းကာ လာလမ်းသို့ ပြန်လှည့်ခဲ့ကြရ၏။ တောတွေ၊ တောင်တွေ ကျော်ဖြတ်ကာ ရွာကလေး တစ်ရွာသို့ ရောက်လာ၏။ နေ့လယ် ၁၁–နာရီခွဲနေပြီ။ နေ့ဆွမ်းစားစရာ ထမင်းဆိုင်မတွေ့ရ။ အမှတ်မထင် ရွာအစွန်အဖျားလမ်းဘေးတွင် အကြော်ဆိုင်တစ်ဆိုင် တွေ့ရ၏။ ဆရာတော်က ကားကလေးကို အကြော်ဆိုင်ရှေ့မှာ ရပ်ခိုင်းသည်။ နေ့ဆွမ်းစားရန်အတွက် ဖြစ်သည်။ နေ့ဆွမ်းဆို၍ ကြက်သား၊ ဝက်သားဟင်းများဟု မထင်လိုက်ပါနှင့်။ ယိုးဒယားခေါက်ဆွဲတစ်ထုပ်ကို ပန်းကန်ထဲထည့်၊ ရေနွေးနှင့်ပြုတ်ကာ ဗယာကြော်မုန့်များနှင့် ဘုဉ်းပေး ရ၏။

ဘုဉ်းပေးပြီးသောအခါ ဆရာတော်က –**"ကဲ–တပည့်ရေ၊ ဒီကနေ့ အတွက် နေ့ဆွမ်းပြီးသွားပြီ။ ဒီလောက် အာဟာရဖြည့်လိုက်ရင် မသေ နိုင်တော့ပါဘူးကွာ"** ဟု မိန့်တော်မူသည်။

ဤဖြစ်ရပ်တွင် ပါဝင်သူ တပည့်ရဟန်းမှာ သီတဂူ အရှင်ပညာနန္ဒ (ရှိန်းမကား) ဖြစ်သည်။ ဆရာတော်ကား အခြားသူမဟုတ်၊ မြန်မာနိုင်ငံ တွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားသော သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ Ph.D,D.Litt) ဖြစ်သည်။

## ထူးခြားသော တပေါင်းလ

အရှင်ဉာဏိဿရလောင်းလျာကို ခမည်းတော် ဦးမောင်ညို+ မယ်တော် ဒေါ်သန်းတင်တို့က ၁၂၉၈–ခုနှစ်၊ တပေါင်းလပြည့်၊ အင်္ဂါနေ့ တွင် ဖွားမြင်ခဲ့သည်။

တပေါင်းလသည် အလွန်ထူးခြားသည်။ မြန်မာ့ ၁၂–လရာသီတွင် နောက်ဆုံးလ ဖြစ်သည်။ ဆောင်းဟေမန်နှင့် နွေဂိမှာန်တို့၏ လက္ခဏာများ ရောယှက်နေသည်။ ရွက်ဟောင်းကြွေ၍ ရွက်သစ်လောင်းကာ မြင်ကွင်း တစ်ခုလုံး သစ်လွင်လန်းဆန်းနေသည်။ သစ်ပင်၊ ရေ၊ မြေ တောတောင်များ

www.burmeseclassic.com

www.burmeseclassic.com





ရွှေတောင်မှ ကျောင်းတော်ရာအသွား မင်းလှမြို့နယ် လက်ပံတံခါးရွာ
တာဆုံရှိ တဲကလေးတွင် နေ့ဆွမ်းဘုဉ်းပေးစဉ်။



ဒီရေအကျ လတာပြင်ကို ခက်ခက်ခဲခဲဖြတ်၍
ကြခတ်ကုန်းကြီးကျေးရွာသို့ ကြွစဉ်။

www.burmeseclassic.com

www.burmeseclassic.com



သာယာတင့်ဆန်းသောလ ဖြစ်သည်။ "တပေါင်းသာခေါင်၊ လများနောင်" ဟူ၍ပင် ဆိုစမှတ်ပြုကြသည်။

ခေတ်အဆက်ဆက် စာဆိုတို့သည် တပေါင်းလ၏ သာယာကြည်နူးဖွယ်ကောင်းပုံကို ကဗျာမျိုးစုံဖွဲ့ဆိုခဲ့ကြသည်။ မြန်မာနိုင်ငံရှိ မြို့နယ်အနှံ့ ဘုရားပွဲတော်များ ကျင်းပလေ့ရှိသည်။

ဂေါတမဘုရားရှင် ပွင့်တော်မူစဉ်က ဤတပေါင်းလမှာပင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ဆန္ဒကိုလိုက်လျောကာ ဘုရားရှင်သည် ကပ္ပိလဝတ်ပြည်သို့ တပေါင်းလပြည့်နေ့၌ စတင်ကြွချီတော်မူခဲ့သည်။ ကာဠုဒါယီအမတ်ကြီးသည် ကပ္ပိလဝတ်ပြည်သို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကြွချီချင်အောင် ခရီးလမ်းအကြား ရှုမြင်ကြည်နူးဖွယ် တပေါင်းလ၏ သဘာဝအလှကို ဂါထာ ၆၀-ဖြင့် စကားပန်းချီချယ်၍ လျှောက်တင်ခဲ့သည်။ ထိုဂါထာတို့ကို အင်းဝခေတ် စာဆိုရှင်အုန်းညိုက "ဂါထာခြောက်ဆယ်ပျို့" ဟူ၍ အလင်္ကာတန်ဆာဆင်ကာ ဖွဲ့ဆိုခဲ့သည်။

## သမိုင်းဝင် တပ်ရွာ

ဤထူးခြားသောလ၏ လပြည့်နေ့တွင် ဆရာတော်အရှင်ဉာဏိဿရ လောင်းလျာကို ဖွားမြင်ခဲ့သည်။ ဖွားမြင်ရာဒေသမှာ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ တပ်ရွာဖြစ်သည်။

တပ်ရွာသည် သမိုင်းဝင်ရွာတစ်ရွာဖြစ်သည်။ သရေခေတ္တရာနိုင်ငံကြီးကို အုပ်စိုးသော ဒွတ္တဘောင်မင်းကြီး တည်ခဲ့သော၊ တပ်မြို့များတွင် ပါဝင်သော မြို့တစ်မြို့ ဖြစ်သည်။ ဒွတ္တဘောင်မင်းကြီးသည် နိုင်ငံလုံခြုံရေး စီမံချက်တစ်ခုအနေဖြင့် သရေခေတ္တရာမြို့၏ အရပ်ရှစ်မျက်နှာတွင် တပ်မြို့များ တည်ဆောက်ခဲ့သည်။ ထိုတပ်မြို့များတွင် ကျုံး၊ မြို့ရိုး၊ မြို့ဦးစေတီ၊ ပုထိုး စသည်တို့ဖြင့် တန်ဆာဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော် ငယ်စဉ်ကနေခဲ့သည့် သဲကုန်းမြို့၊ တပ်ရွာ ရွာဦးစေတီ

ထိုတပ်မြို့များသည် ကာလရွေ့လျားလာသဖြင့် မြို့မှသည် ရွာအဖြစ်သို့ ရောက်ရှိလာခဲ့သည်။ သမိုင်းသုတေသနပြုချက်အရ ဆရာတော်မွေးဖွားရာတပ်ရွာသည် သရေခေတ္တရာမြို့နှင့် တစ်ပြိုင်တည်း တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ရွာသက်တမ်း နှစ်ပေါင်း ၂၀၀၀–ကျော်ရှိခဲ့ပြီ။ ဆရာတော်လောင်းလျာကို မွေးဖွားသော မြန်မာသက္ကရာဇ် ၁၂၉၈–ခုနှစ်၊ တပေါင်းလပြည့်နေ့၊ အင်္ဂါနေ့မှာ ခရစ်နှစ်အားဖြင့် ၂၃–၂–၁၉၃၇ ဖြစ်သည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ စိုးမိုးချိန်ကာလ ဖြစ်သည်။ အင်္ဂါနေ့သားဖြစ်၍ ဆရာတော်လောင်းလျာကို မောင်စံသိန်းဟု အမည်ပေးသည်။

## မောင်စံသိန်း

မောင်စံသိန်းသည် သားသမီး၅–ယောက်အနက် အကြီးဆုံး ဖြစ်သည်။ ၇–နှစ်သားအရွယ်မှစ၍ တပ်ရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းသားငယ်အဖြစ် စတင်ပညာသင်ယူသည်။ တပ်ရွာကျောင်းဆရာတော်မှာ ဆရာတော်အရှင်ကွန္တဝံသ ဖြစ်သည်။ မောင်စံသိန်း၏ ဘကြီးတော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ ဤသို့ ပညာဆည်းပူးလာရာမှ မောင်စံသိန်းသည် ၁၅–နှစ်သား အရွယ်တွင် ဆရာတော် အရှင်ဣန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေပြု သည်။ ဘွဲ့အမည်မှာ ရှင်ဇောတိက ဖြစ်သည်။

"ဘုန်းကြီးရဲ့ အမေနဲ့အဖေဟာ ဆင်းရဲသား လက်လုပ်လက်စား များဖြစ်လို့ ဘုန်းကြီးကို သူတို့ကိုယ်တိုင် ရှင်မပြုနိုင်သေးမီ တစ်ပါးသူက ရှင့်ဒါယကာအဖြစ် ခံယူသွားတာကို မချိတင်ကဲဖြစ်ရာတယ်။ နောက် တစ်နှစ်ကြာတော့ အမေနဲ့ သမီးကြီး (ဘုန်းကြီး၏နမကြီး) တို့နှစ်ယောက် က သပိတ်တစ်လုံး၊ သင်္ကန်း ၃–ထည်ဝယ်ပြီး ရှင်ထပ်ပြုပေးခဲ့တယ်။ အဲဒီ အချိန်မှာ အဖေမရှိရှာတော့ဘူး။ အဖေက ဘုန်းကြီး ၂–နှစ်သားအရွယ် မှာ ကွယ်လွန်ခဲ့တယ်။ ဘုန်းကြီးလည်း ဘကြီးတော်ဘုန်းကြီးရဲ့အရိပ်မှာ ခိုလှုံပြီး တပ်ရွာကျောင်းမှာပဲ ပိဋကတ်အခြေခံကျမ်းစာတွေကို သင်ယူခဲ့တာ အသက် ၁၉–နှစ်ရောက်တဲ့အထိပါပဲ"ဟူ၍ ဆရာတော် အရှင်ဉာဏိဿရက ဖွင့်ဟမိန့်တော်မူခဲ့သည်။




သီတဂူဆရာတော် ငယ်စဉ်က ပညာသင်ယူခဲ့သည့် တပ်ရွာ ဝိသုဒ္ဓါရုံတပ်ဦးကျောင်း

www.burmeseclassic.com

www.burmeseclassic.com





ကိုရင်ဇောတိက (သီတဂူဆရာတော်လောင်းလျာ အရှင်ဉာဏိဿရ)

## ကိုရင်ဇောတိက

သီတဂူဆရာတော်လောင်းလျာ ကိုရင်ဇောတိကသည် ရဟန်းဖြစ်သည်အထိ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ပါတိမောက်၊ ဋီကာကျော်၊ ကစ္စည်း ၊ ရူပသိဒ္ဓိအစရှိသည့် ပိဋကတ်တော်၏ သော့ချက်စာပေများကို တပ်ရွာကျောင်းမှာပင် ၄–နှစ်ကျော် သင်ယူခဲ့သည်။

ထိုသို့ သင်ကြားစဉ်က စာသင်ဖက်အဖော် ကိုရင်ကြီး ၄–ပါးရှိသည်။ မကြာမြင့်။ တစ်ပါးပြီးတစ်ပါး လူထွက်သွားကြသည်။ ကိုရင်ဇောတိက တစ်ပါးတည်းသာ ကျန်ခဲ့သည်။ (နောင်အခါ ကိုရင်ကြီးလူထွက် ၄–ဦးသည် အိမ်ထောင်ပြုကြပြီး သား၊ သမီး၊ မြေး၊ မြစ်များ ရရှိခဲ့ကြသည်။ အသက် ၆၀–ဝန်းကျင်တွင် ၄–ဦးစလုံး ကွယ်လွန်သွားကြသည်။)

www.burmeseclassic.com

www.burmeseclassic.com



## အရှင်ဉာဏိဿရ

ကိုရင်ဇောတိက အသက် ၁၉–နှစ်၊ ၃–လထဲအရောက် ၁၃၁၈–ခုနှစ်၊ နယုန်လဆန်း ၄–ရက်နေ့တွင် ရဟန်းပြုသည်။ ထိုနှစ်မှာ ခရစ်နှစ် ၁၉၅၆–ခုနှစ်၊ ဇွန်လ ၁၂–ရက်၊ အင်္ဂါနေ့ဖြစ်သည်။ လွတ်လပ်ရေးရပြီး ၈–နှစ်ကျော်ကာလတွင် ဖြစ်သည်။ သဲကုန်းမြို့ အလယ်ကျောင်းဆရာတော် အရှင်ဓမ္မစက္ကကို ဥပဇ္ဈာယ်ပြု၍ တပ်ရွာတွင်နေသော ဒကာမကြီး ဒေါ်အေးကြည်၊ သား–ဦးချစ်ဆွေတို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရဟန်းအဖြစ်သို့ရောက်ခဲ့ခြင်းဖြစ်သည်။ ရဟန်းဖြစ်လာသောအခါ ကိုရင်ရှင်ဇောတိကဘွဲ့အမည်မှ ရဟန်းတော် အရှင်ဉာဏိဿရ ဖြစ်လာခဲ့သည်။ ရဟန်းအဖြစ်သို့ရောက်ရှိခဲ့သောသိမ်မှာ သဲကုန်းမြို့ရှိ ဒွတ္တဘောင်မင်းကြီး၏ကောင်းမှု မြသိန်းတန်စေတီတော်ကြီး ပရိဝုဏ်အတွင်းရှိ သိမ်တော်ပင် ဖြစ်သည်။

## ရန်ကုန်သို့

အရှင်ဉာဏိဿရသည် နယုန်လကုန်ခါနီးတွင် ရဟန်းခံစဉ်ကရခဲ့သော ပစ္စည်းကလေးများနှင့် ဝတ္ထုငွေကလေးများကို စုဆောင်း ယူဆောင်ပြီး ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားကြီး ကျောင်းတိုက်သို့ ဆက်လက်ပညာဆည်းပူးရန် ကြွရောက်ခဲ့သည်။ လက်ထဲတွင် ပါလာသော ဝတ္ထုငွေမှာ ကျပ် ၄၀၀–ကျော်ရှိသည်။ ၁၉၅၇–ခုနှစ်အချိန်ကဖြစ်ရာ ရွှေတစ်ကျပ်သားလျှင် ၁၀၀–ကျပ်ကျော်သာ တန်ဖိုးရှိသည်။

ထိုစဉ်က ခြောက်ထပ်ကြီး ကျောင်းတိုက်သည် ပထမပြန်၊ ဓမ္မာစရိယ စာမေးပွဲများကို အဓိကမထား၊ ပိဋကတ်ကျမ်းကြီးပေါက်စနစ်ကို ပခုက္ကူနည်းဖြင့် စာသင်ပေးနေသော ကျောင်းတိုက်ကြီး ဖြစ်သည်။

အရှင်ဉာဏိဿရသည် စာမေးပွဲကို ဝင်ရောက်ဖြေဆိုလိုသည်။ ထို့ကြောင့် စာမေးပွဲအတွက် သင်ကြားပေးသော သိမ်ကုန်းကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



သို့ ရက်ပိုင်းအတွင်းမှာပင် ပြောင်းရွှေ့ခဲ့သည်။ သိမ်ကုန်းကျောင်းတိုက်သည် ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း)တွင်ရှိသည်။

ဘုရားကြီးတိုက်နှင့်တာမွေသိမ်ကုန်းတိုက်သို့ အရှင်ဉာဏိဿရကို စာသင်သားအဖြစ် အပ်နှံပေးခဲ့သော ရဟန်းတော်မှာ ဦးဝိမလဖြစ်သည်။ တပ်ရွာကျောင်းတွင် နေခဲ့သူဖြစ်သည်။ ဆရာတူတပည့် ဖြစ်သည်။ **(နောင်အခါ ဦးဝိမလသည် ပိဋကတ်သုံးပုံပေါက်အောင် သင်ယူတတ်မြောက်ပြီးမှ လူထွက်လိုက်သည်။ အိမ်ထောင်ပြုလိုက်သည်။ ယခုအခါ ကွယ်လွန်ရှာပြီ။)**

"မြို့ကြီးတွေမှာ စာသင်တဲ့ စာသင်သားတွေရဲ့ထုံးစံအရ ဝမ်းရေးအတွက် ဆွမ်းခံအိမ်ဖိတ်ရတယ်။ အဲဒီတုန်းက ဘုန်းကြီးအတွက် ဦးပဥ္စင်းတစ်ပါးက တာမွေအဝိုင်းတစ်ဝိုက်နဲ့ ကန်တော်ကလေးတစ်ဝိုက်မှာ ဆွမ်းခံအိမ်တွေ လိုက်ဖိတ်ပေးတယ်။ ညနေစောင်း သင်္ကန်းရုံပြီး အိမ်စဉ်တက်၊ တံခါးပိတ်ထားတဲ့ အိမ်တချို့ကို တံခါးခေါက်ပြီး အိမ်ထဲဝင်၊ ဆွမ်းခံအိမ်ဖိတ်၊ အဲဒီလို ဆွမ်းခံအိမ်ဖိတ်ရတာ တော်တော်မျက်နှာပူရတယ်။ ရှက်စရာလည်း တော်တော့်ကိုကောင်းတဲ့အလုပ်ပဲ။ တချို့အိမ်တွေက ရင်းနှီးရိုသေစွာ လက်ခံကြိုဆိုကြတယ်။ လက်ခံနိုင်ရင် လက်ခံကြတယ်။ လက်မခံနိုင်ရင်လည်း လက်မခံနိုင်တဲ့ အကြောင်းကို ရိုသေစွာ ရှင်းပြကြပါတယ်။

"ဘုန်းကြီးအဖို့ လက်ခံလိုက်ရင်တော့ နတ်ပေးတဲ့ ဆုကြီးရသလို ပျော်မဆုံး ဖြစ်ရပါတယ်။ လက်မခံနိုင်ဘဲ ငြင်းလိုက်ပြန်တော့ မျက်နှာငယ်လေးနဲ့ ဆင်းခဲ့ကြရပြန်တယ်။

"ဆွမ်းဖိတ်တဲ့အခါ တချို့အိမ်များဟာ တံခါးဖွင့်ပြီးသားဖြစ်လို့ ကောင်းမွန်စွာ ပြောဆိုဆက်ဆံကြပါတယ်။ တချို့အိမ်များကတော့ လက်မခံလိုတဲ့အခါ ပိတ်ထားတဲ့တံခါးကိုတောင် တံခါးခေါက်ပေမယ့် ဖွင့်မပေးကြပါဘူး။ မမေ့နိုင်တဲ့ဖြစ်ရပ်တွေ အများကြီးပါပဲ။ ဖြစ်ရပ်တစ်ခုကို ပြောရရင် ကန်တော်ကလေး ၁၁၁-လမ်းက အိမ်တစ်အိမ်မှာ ကြုံတွေ့ရပုံပါပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ တံခါးခေါက်ပြီး ဝင်လိုက်တဲ့အခါ အသက် ၇၀–ခန့် ခေါင်းဖြူဖြူနဲ့လူကြီးတစ်ယောက်က တံခါးဖွင့်ပေးတယ်။ ဒါပေမဲ့ အဲ့ဒီလူကြီးက ဘုန်းကြီးတို့နှစ်ပါးကို အိမ်ထဲဝင်ခွင့်မပေးဘူး။ တံခါးဝမှာ ရပ်ပြီး "ဦးပဉ္ဇင်းတို့၊ ဘာလာလုပ်ကြတာလဲ" လို့မေးတယ်။ ဘုန်းကြီးကတော့ နောက်လိုက်အဖြစ် လိုက်ပါခဲ့ရလို့ ဘာမျှပြန်မပြောရဲဘူး။

"ရှေ့ကဦးဆောင်တဲ့ ဦးပဉ္ဇင်းက 'ကျုပ်တို့ ဆွမ်းခံအိမ်လာဖိတ်တာပါ။ ဟောဒီ ဦးပဉ္ဇင်းတစ်ပါးကို နေ့စဉ် ဆွမ်းတစ်ဇွန်း၊ ဟင်းတစ်ခွက်လောက် ဒကာကြီးတို့ လောင်းနိုင်လိမ့်မယ်လို့ ထင်မိပါတယ်' လို့ ပြောလိုက်တယ်။

"အဲဒီတော့ ခေါင်းမွေးဖြူနေတဲ့လူကြီးက 'ဒီအိမ်မှာ လူကြီးမရှိဘူး။ တပည့်တော်လည်း တာဝန်မယူနိုင်ဘူး။ ကိုယ်တော်တို့ပြန်ကြွကြပါတဲ့။'

"အဲဒီတော့ ဦးဆောင်ဦးပဉ္ဇင်းက 'ခင်ဗျားက လူကြီးမရှိဘူးလို့လည်း ပြောတယ်။ ခင်ဗျားကြည့်ရတာ ခေါင်းလည်းဖြူနေပြီ။ ခင်ဗျားထက်အသက်ကြီးတဲ့သူ ဒီအိမ်မှာ ဘယ်သူရှိသေးလဲ' လို့ အသံမာမာနဲ့ ပြောလိုက်တယ်။ သူ့နောက်ပါးကနေတဲ့ ဘုန်းကြီးအဖို့တော့ မျက်နှာကလည်းပူ၊ ရှက်လည်းရှက်တော့ အသာခေါင်းငုံ့နေရတယ်။ ဒီတော့ လူကြီးက 'အရှင်ဘုရားတို့ သွားကြတော့'ဆိုပြီး ဒိုင်းခနဲ တံခါးကိုခပ်မြန်မြန် ပိတ်ချလိုက်တယ်။ ဦးဆောင်ဦးပဉ္ဇင်းလည်း စိတ်ဆိုးပြီး ပြန်ဆင်းလာရတယ်။ ဘုန်းကြီးလည်း ရှက်လွန်းလို့ ခေါင်းငိုက်စိုက်နဲ့ အိမ်ပေါ်က အမြန်ပြန်ဆင်းခဲ့ရတယ်။ စာသင်သားဃဘဝရဲ့ ဘဝတစ်ကွေ့တစေ့တစောင်း မေ့မရတဲ့အကြောင်းလေးတွေပါပဲ" ဟူ၍ ဆရာတော်က ဖွင့်ဟပြောဆိုခဲ့ သည်။

## ရှုပ်ရှင်မင်းသမီး ဒေါ်ခင်လေးဆွေ

နောက်ဆုံး၌ အရှင်ဉာဏိဿရသည် ကန်တော်ကလေး၊ မအူပင်ကုန်းမှာ ဆွမ်းခံအိမ် ၈–အိမ်ရခဲ့သည်။ တာမွေအပိုင်းက တာမွေ ၁၆၅–

www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ဆွမ်းခံအိမ် ၄–အိမ် ရခဲ့သည်။ အရှင်၏ ရေးကောင်းမှုကြောင့်ထင်သည်။ ထို ၁၂–အိမ်က လောင်းလှူကြသော ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်၊ ချိုချဉ်၊ သစ်သီးများသည် ပိုလျှံနေသည်။ သူငယ်ချင်း သီတင်းသုံးဖော် ၃–ပါးနှင့်အတူ ဝေငှဘုဉ်းပေးနိုင်ခဲ့သည်။ အချို့ ဦးပဉ္စင်းများမှာ ဆွမ်းများ မလောက်ငရှာကြ။ အရှင်ကပင် ခွဲဝေ၍ ဘုဉ်းပေးစေသည်။ ဝမ်းသာကျေးဇူးတင်မဆုံး ရှိကြသည်။

“ဘုန်းကြီးကို ဆွမ်းလောင်းတဲ့အထဲမှာ ကန်တော်ကလေး ၁၁၁–လမ်းက ဦးတင်မောင်အေး၊ ဒေါ်ကြီးကြီး (မြန်မာ့ကောက်ပဲသီးနှံ ရောင်းဝယ်ရေးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ်) မိသားစုပါတယ်။ တာမွေအဝိုင်းနားက ရပ်ရှင်မင်းသမီး ဒေါ်ခင်လေးဆွေ မိသားစုလည်းပါတယ်။ သူတို့နှစ်ဦးဟာ ဆွမ်းဟင်းခွက်နှစ်ခွက်၊ မုန့်ပဲသရေစာ၊ သစ်သီးဝလံတွေကို ဂရုတစိုက် မှန်မှန်လောင်းကြတဲ့ ဆွမ်းခံအိမ် ဆွမ်းအလှူရှင်တွေဖြစ်တယ်။ သူတို့ရဲ့ကျေးဇူးကို ယခုအထိ အမှတ်ရနေဆဲပါပဲ” ဟူ၍ ဆရာတော်က ဖွင့်ဟပြောဆိုခဲ့သည်။

## ငွေ ၂၀၀/–

အရှင်ဉာဏိဿရအား ဆွမ်းခံအိမ်ဖိတ်ပေးခဲ့သူ ရဟန်းတော်သည် အရှင်ဉာဏိဿရထံမှ ငွေ ၂၀၀– ချေး၍သုံးစွဲသည်။ အရှင်ဉာဏိဿရအဖို့ တပ်ရွာကပါလာသော၊ ကျစ်ကျစ်ပါအောင် သိမ်းထားသော ဝတ္ထုငွေ ၄၀၀–ကျပ်ထဲမှ ၂၀၀–ကျပ်ကို ခွဲဝေချေးလိုက်ရသည်။

“ဒီနှစ်ရာကျပ်ကို သူပြန်မပေးနိုင်ဘူး။ ဘုန်းကြီးကလည်း မတောင်းရက်ဘူးပေါ့။ သူလည်းလူထွက်၊ မြင်းဖြူကားလိုင်းမှာ စပယ်ယာလုပ်ရင်း ကွယ်လွန်သွားရှာတယ်။ ကျေးဇူးရှိတဲ့ လူတစ်ယောက်ဖြစ်ပါတယ်။ ပိုက်ဆံ ၂၀၀–ကို လှူတယ်လို့ သဘောထားပါတယ်” ဟူ၍ ဆရာတော်က ရေးဖြစ်ဟောင်းကို ပြန်ပြောင်းပြောဆိုခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က အရှင်ဉာဏိဿရ ဆွမ်းခွဲဝေကျွေးမွေးလှူဒါန်းခဲ့သော သူငယ်ချင်း သီတင်းဖော် ၃–ပါးတွင် ကရင်ရဟန်းတော် အရှင်စန္ဒောဘာသ လည်းပါသည်။ အရှင်စန္ဒောဘာသသည် နောင်အခါ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင်တစ်ပါး ဖြစ်လာခဲ့သည်။ ကော့ကရိတ်တွင် သီတင်းသုံးသည်။ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ရရှိခဲ့သည်။ ယခု ပျံလွန်တော်မူရှာပြီ။

## သိမ်ကုန်းကျောင်းတိုက်

အရှင်ဉာဏိဿရသည် သိမ်ကုန်းကျောင်းတိုက်မှာပင် သီတင်းသုံးလျက် စာဝါများလိုက်ကာ ပထမပြန်စာမေးပွဲကို စတင်ဖြေဆိုခဲ့သည်။ ၁၃၁၈–ခုနှစ်တွင် ထိုကျောင်းတိုက်မှပင် ပထမငယ်တန်းအောင်ခဲ့သည်။ ပထမငယ်တန်းကို သင်ပေးသောဆရာတော်များမှာ ရွှေတောင်သားများ ဖြစ်ကြသည်။ ဆရာတော် ဦးကုမာရ၊ ဆရာတော် ဦးသာသနတို့ဖြစ်ကြသည်။

ထို့နောက် အရှင်ဉာဏိဿရသည် အလတ်တန်းနှင့် အကြီးတန်းကို ဖြေဆိုရန်အတွက် တာမွေသိမ်ကုန်းကျောင်းတိုက်မှ မင်္ဂလာတောင်ညွန့် သိမ်ကုန်းကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသည်။ မင်္ဂလာတောင်ညွန့်ရှိ သိမ်ကုန်းကျောင်းတိုက်သည် ဘီလူးမဈေး(သိမ်ဖြူဈေး)အနီး၌ ရှိသည်။ စည်းကမ်းကောင်းသည်။ သံဃာအားလုံး စုပေါင်းဆွမ်းဘုဉ်းပေးရသည်။ ညနေ ၆–နာရီ ဘုရားဝတ်တက်ချိန်တွင် စာရင်းခေါ်သည်။ စာဝါတက်လျှင်လည်း စာရင်းခေါ်သည်။ ပျက်ကွက်လျှင် ရေဒဏ်ပေးခံရသည်။ ရေဒဏ်ပေးခံရပါက 'ဒဏ်' ဟု စာလုံးမည်းကြီးနှင့်ရေးထားသော ရေပုံးကြီး ၂–ပုံးကို ဘယ်ညာဆွဲလျက် ကုဋီအားလုံးကို ရေဖြည့်ရသည်။ ညနေစောင်းအပြင်ထွက်လျှင်လည်း စောစောထွက်ရသည်။ ၆–နာရီခွဲဝတ်တက်ချိန်အမီ ပြန်လာရသည်။ ည ၉–နာရီဆိုလျှင် ကျောင်းတွေအားလုံး မီးပိတ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ စာဖတ်၊ စာရေးလိုသူများရှိပါက ဖယောင်းတိုင်ကလေးများထွန်း၍ စာဖတ်၊ စာရေးရသည်။

## ရခိုင်ရဟန်းတော် အရှင်ဝဇီရဉာဏ

အရှင်သည် စာသင်သားဘဝဖြင့် ၂-နှစ် နေစဉ်အတွင်း စာသင်ဖက် ရခိုင်ရဟန်းတော် အရှင်ဝဇီရဉာဏနှင့် ပေါင်းဖက်မိသည်။ အရှင်ဝဇီရဉာဏ သည် စာပေဝါသနာရှင် ဖြစ်သည်။ ပရိယတ္တိစာပေကိုသင်ယူရင်း တစ်ဖက် ကလည်း ရှေးခေတ်မြန်မာစာပေ၊ ခေတ်သစ်စာပေ၊ သမိုင်း၊ သာသနာဝင်၊ နိုင်ငံရေးစာပေ စသည်တို့ကို တစ်နေ့လုံး၊ တစ်ညလုံးဖတ်ရှုသည်။

အရှင်ဝဇီရဉာဏသည် ဖရေဇာလမ်း (အနော်ရထာလမ်း)၊ မောင့်ဂို မာရီလမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း)တစ်လျှောက် ပလက်ဖောင်းပေါ်တွင် ရောင်းသော စာအုပ်အဟောင်းဆိုင်ကလေးများသို့ သွားသည်။ စာအုပ် အဟောင်းများ မွှေနှောက်ရှာဖွေဝယ်ယူ ဖတ်ရှုသည်။ စာအုပ်အဟောင်း များမှာ တစ်မတ်၊ ငါးမူး၊ တစ်ကျပ်လောက်သာ ပေးရသည်။

## စာပေသမားဘဝသို့

အရှင်ဉာဏိဿရသည် အရှင်ဝဇီရဉာဏနှင့်အတူ လိုက်ပါပြီး စာအုပ်ဟောင်းများ ဝယ်သည်။ ဖတ်ရှုသည်။ စာပေသမားဘဝသို့ မသိမသာ ရောက်လာခဲ့သည်။ အရှင်သည် ၂-နှစ်ခန့်အတွင်းမှာပင် စာအုပ်ပေါင်း နှစ် ထောင်ခန့် စုဆောင်းမိသည်။ အားလုံးကို ဖတ်ရှုဖြစ်သည်။ (ယခုအခါ ထိုစာအုပ်များကို ဗုဒ္ဓတက္ကသိုလ်စာကြည့်တိုက်သို့ လှူဒါန်းထားသည်။)

"အဲဒီတုန်းက ဘုန်းကြီးဟာ တောင်တွင်းကြီး ဦးဉက္ကဋ္ဌရဲ့ လူသေ လူဖြစ်စာအုပ် ၊ ဗုဒ္ဓအဘိဓမ္မာစာအုပ်၊ သခင်ဘသောင်းရဲ့ တစ်ထောင့်တစ် ညပုံပြင်၊ ဆရာကြီး ဦးဖိုးလတ်နဲ့ ဦးသာမြတ်တို့ရဲ့ ပုဂံအကြောင်းရေးထား တဲ့ စာအုပ်တွေ၊ ဆရာကြီးဇေယျရဲ့ မြန်မာ့မျက်ပွင့်၊ ဦးနုရဲ့ ငါးနှစ်ရာသီ

www.burmeseclassic.com

www.burmeseclassic.com



ဗမာပြည်၊ သိန်းဖေမြင့်ရဲ့ အရှေ့မှနေဝန်းထွက်သည့်ပမာ၊ ရွှေဥဒေါင်းရဲ့ ဘဝတစ်သက်တာမှတ်တမ်း၊ လူထုဦးလှရဲ့ လှောင်ချိုင့်တွင်းမှ ငှက်ငယ်၊ ဟံသာဝတီ ဦးဘခင်ရဲ့ နိုင်ငံခြားသာသနာပြုအသင်းများ စတဲ့ စာအုပ်တွေကို အထူးဖတ်ဖြစ်တယ်။ ဘုန်းကြီးရဲ့ အိပ်ရာဘေးဝဲယာမှာ အတူရှိနေတဲ့ စာအုပ်တွေပဲ။ ဒါတွေအပြင် ဘုရားဖြူဆရာတော်ရဲ့ သာသနဗဟုသုတ ပကာသနီ၊ တောင်မြို့ မဟာဂန္ဓာရုံဆရာတော်ရဲ့ ကိုယ်ကျင့်အဘိဓမ္မာ၊ ရတနာ့ဂုဏ်ရည်၊ လယ်တီပဏ္ဍိတရဲ့ သာစုသုန္ဒရီ ယပ်လှဲတရားစာစတဲ့ သာသနိက စာပေတွေ၊ လယ်တီဆရာတော်ဘုရားကြီးရဲ့ လန်ဒန်ပါဠိ ဒေဝီပုစ္ဆာအမေး–အဖြေစာအုပ်တွေဟာ ဘုန်းကြီးရဲ့ လက်စွဲစာအုပ်တွေပဲ။

"ဘုန်းကြီးရဲ့ စာသင်ဖက်တွေထဲက အချို့ကလည်း ကလောင် သွေးပြီး စာတွေရေးကြတယ်။ အရှင်ဝဇီရဉာဏ(ရခိုင်)က စိန်ဝဇီအမည်နဲ့ ဆောင်းပါးတွေရေးတယ်။ ပြီးတော့ သွေးသောက် ၊ မြဝတီ၊ ငွေတာရီမဂ္ဂဇင်း တိုက်တွေကို သွားပို့တယ်။ တစ်ခါမှ သူ့ဆောင်းပါးတွေ မပါဘူး။ အရှင် သစ္စဝံသ (နတ်တလင်း) ကလည်း ဗိုလ်ကြီးသက်လွင် ကလောင်အမည်နဲ့ စစ်ဝတ္ထုတွေ၊ အချစ်ဝတ္ထုတွေရေးတယ်။ အဲဒီ မဂ္ဂဇင်းတိုက်တွေကို သွားပို့ တယ်။ တစ်ခါမှ မပါရှာဘူး။ ယခုတော့ အရှင်သစ္စဝံသဟာ အမေရိကန်မှာ ပျံလွန်တော်မူခဲ့ရှာပါပြီ။

"အရှင်နန္ဒိမိတ္တ(ပေါင်းတည်)ကတော့ ပေါင်းတည်သား သော်တာ ဆွေရေးတဲ့ ဟာသစာပေတွေကို အလွန်နှစ်သက်တယ်။ အခြား စာရေးဆရာ တွေ ရေးတဲ့စာတွေကို အထင်မကြီးဘူး။ ည ကျောင်းတိုက်မီးမှိတ်တဲ့အခါ အရှင်နန္ဒိမိတ္တက သော်တာဆွေဝတ္ထုထဲက 'ဘွန်္ဓော ကြက်သူခိုး' ဝတ္ထုကို ကိုယ်တိုင်သရုပ်ဆောင်ပြီး ပြောပြတတ်တယ်။ ဘုန်းကြီးတို့ စာသင်သား ဘဝမှာ ဆင်းရဲသမျှ၊ ပင်ပန်းသမျှတွေ ပြေပျောက်သွားတဲ့ ပျော်စရာညချမ်း တွေပါပဲ။ သီတင်းသုံးဖော်တွေက အရှင်နန္ဒိမိတ္တကို တွေ့တဲ့အခါတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘွဲ့တော်ကို မခေါ်ဘူး။ 'ဘွဲ့ ္ဘော'လို့သာ ခေါ်ကြတယ်' ဟူ၍ အရှင်ဉာဏိဿရက ရှေးဖြစ်ဟောင်းများကို ဖွင့်ဟပြောဆိုခဲ့သည်။

## အကြီးတန်းအောင်

အရှင်ဉာဏိဿရသည် မင်္ဂလာတောင်ညွန့် သိမ်ကုန်းကျောင်းတိုက်မှာ ပညာသင်ယူရာမှ အလတ်တန်းကို ၁၃၁၉–ခုနှစ် (၁၉၅၇)တွင်လည်းကောင်း၊ အကြီးတန်းကို ၁၃၂၀–ပြည့်နှစ်(၁၉၅၈)တွင်လည်းကောင်း အောင်မြင်ခဲ့သည်။ အလတ်တန်း၊ အကြီးတန်းသင်ပေးသော ဆရာတော်များမှာ ဆရာတော် ဦးပဏ္ဍိစ္စ၊ ဆရာတော် ဦးကုဏ္ဍလ၊ ဆရာတော် ဦးကေတုမာလာ၊ ဆရာတော် ဦးဝိစိတ္တတို့ ဖြစ်ကြသည်။

အရှင်ဉာဏိဿရသည် အကြီးတန်းတက်သောအချိန်တွင် ပဋ္ဌာန်းစာဝါကို ဆူးလေစေတီရင်ပြင်ပေါ်ရှိ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီး၏ အဘိဓမ္မာဆရာကြီး ဦးကျော်ထံတွင် သင်ယူခဲ့သည်။

## မန္တလေးသို့

အရှင်ဉာဏိဿရသည် အကြီးတန်းအောင်ပြီးနောက် ၁၃၂၁–ခုနှစ် (၁၉၅၉)တွင် ဓမ္မာစရိယ(စာချ)တန်းအတွက် စာဝါလိုက်ရန် မန္တလေးသို့ ပြောင်းရွှေ့သွားသည်။

မန္တလေး ခင်မကန်ကျောင်းတိုက်တွင် ရဟန်းဖော် ဘွဲ့ ္ဘော ဦးနန္ဒိမိတ္တက ရှေးဦးစွာ ရောက်နှင့်နေပြီး ဖြစ်သည်။ ဦးနန္ဒိမိတ္တ၏ အာမခံချက်ဖြင့် အရှင်ဉာဏိဿရသည် ခင်မကန်တိုက် မိုးတားကျောင်းတွင် နေခွင့်ရသည်။

၁၃၂၁–ခုနှစ်သည် မန္တလေးမြို့ နန်းတည် နှစ် ၁၀၀–ပြည့်နေ့ဖြစ်သည်။ အရှင်ဉာဏိဿရသည် မန်းရာပြည့်ပွဲတော်ကို ဝင်ရောက်ဆင်နွှဲခွင့်ရခဲ့သည်။ ရွှေကိုင်းသား ဦးသောဘိတ၏ မန်းရာပြည့်စာအုပ်ကြီးကို ဝယ်ယူပြီး ယနေ့တိုင် သိမ်းဆည်းထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဉာဏိဿရအတွက် ရဟန်းဒါယကာက မန္တလေး၌ ပညာသင်ယူရန် တစ်နှစ်စာ ငွေ ၃၆ဝိ–လှူဒါန်းခဲ့သည်။ ထို့ကြောင့် အဆင်ပြေစွာ နေထိုင်ပညာသင်ယူနိုင်ခဲ့သည်။

"ရန်ကုန် စာသင်သားဘဝတုန်းကလို မန္တလေး စာသင်သားဘဝမှာ သိပ်စိတ်ညစ်စရာ မတွေ့တော့ဘူး။ မြောင်သား အရှင်ဂမ္ဘီရက ဆွမ်းခံအိမ်ဖိတ်ပေးတယ်။ အခက်အခဲမရှိ။ ဆွမ်းအလှူရှင်ရခဲ့တယ်။ နောက်ပြီး မန္တလေးမှာ ဥပုသ်နေ့တိုင်းလိုလို ဘုံဆွမ်းလောင်းပွဲတွေ ရှိတယ်။ ဝက်သား၊ သရက်သီးသနပ်၊ ပဲပြုတ်၊ ငရုတ်သီးကြော် စတဲ့ ဟင်းသုံးခွက်၊ လေးခွက် လောင်းလှူကြတယ်။ အဲ့ဒီ ဘုံဆွမ်းလောင်းပွဲတွေမှာ ဝင်ရောက်ဆွမ်းခံတာ အဆင်ပြေခဲ့တယ်။ ညနေကျတော့ ကြံရည်တစ်မတ်ဖိုး ဝယ်သောက်လိုက်တယ်" ဟူ၍ အရှင်ဉာဏိဿရက မိန့်ဆိုခဲ့သည်။

အရှင်ဉာဏိဿရသည် မန္တလေးရှိ နာမည်ကျော်ဆရာတော်ကြီးများထံတွင် စာဝါများလိုက်ခဲ့သည်။ ဆရာတော်ကြီးများမှာ ချမ်းသာကြီးကျောင်းတိုက် ဆရာတော် ဦးနန္ဒမဋ္ဌ၊ မိုးကောင်းတိုက် ဇေယျဝတီကျောင်းဆရာတော်၊ စကုတိုက် ဆရာတော် ဦးနန္ဒိသေန၊ ဝေယံဘုံသာဆရာတော် ဦးကလျာဏ၊ တောင်သမန်တိုက်ဆရာတော် ဦးကေသဝ၊ ညောင်ရမ်းဆရာတော် ဦးဇောတိက၊ ဦးဉာဏ၊ ရွှေရေးဆောင် ဆရာတော် ဦးပဏ္ဍဝ၊ ခင်မကန်တိုက် မိုးတားကျောင်း ဆရာတော် ဦးပညာ၊ ဘုရားကြီးတိုက် ဆရာတော် ဦးနာရဒ၊ အာသောကာရာမတိုက် ဆရာတော် ဦးတေဇနိယ တို့ ဖြစ်ကြသည်။ ထိုဆရာတော်ကြီးများမှာ အနောက်ပြင်၊ တောင်ပြင်ရှိ ကျောင်းတိုက်ကြီးတွင် သီတင်းသုံးကြသည်။ ထိုကျောင်းတိုက်ကြီးများသို့ လှည့်လည်သင်ယူခဲ့ရသည်။ ပင်ပန်းသော်လည်း ပျော်ရွှင်ချမ်းမြေ့ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## တရားပွဲများ

အချို့ညများတွင် မဟာဝိဓ္ဓောဒယ ဆရာတော်၊ အနီးစခန်း ဆရာတော်၊ မင်းကွန်းဆရာတော်တို့၏ တရားပွဲများကို သွားရောက်နာကြားခဲ့သည်။

"ဘုန်းကြီးရဲ့စိတ်ကို အစည်းရုံးနိုင်ဆုံး ဟောပြောနည်းက အနီးစခန်းဆရာတော်ရဲ့ ဟောပြောနည်းပဲ။ အနီးစခန်းဆရာတော်က ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတွေကို ထိထိမိမိ ပြတ်ပြတ်သားသား ရွတ်ဆိုပြတယ်။ ဘာသာပြန်၊ အဓိပ္ပာယ်ရှင်းချက်၊ နှိုင်းယှဉ်ချက်တွေနဲ့ အနှစ်ထုတ်တဲ့နေရာမှာ အံ့ဖွယ်ကောင်းလောက်အောင် မိန့်ကြားနိုင်တယ်။ ရံခါ အင်္ဂလိပ်ဘာသာကျမ်းတွေကို ကိုးကားပြီး အင်္ဂလိပ်စကားတွေကို ကြားညှပ်ဟောတော်မူလေ့ရှိတယ်။ ရယ်မောစရာတွေနဲ့ တသောသော၊ ဒေါမာန်ပါပါနဲ့ ဟောတဲ့အခါဟောနဲ့ ဟောတတ်တယ်။ ဘုန်းကြီး အလွန်သဘောကျခဲ့တယ်။ သီတဂူ



သာသနဓဇ ဓမ္မာစရိယ ဘွဲ့တံဆိပ်ရရှိတော်မူစဉ်က (မြန်မာ-၁၃၂၂)

www.burmeseclassic.com

www.burmeseclassic.com



အရှင်ဉာဏိဿရ ဒီကနေ့ ဒီလိုဓမ္မကထိကမျိုး ဖြစ်လာတာဟာ အနီးစခန်း ဆရာတော်ရဲ့ မျိုးစေ့ကနေ ပေါက်လာတဲ့အပင်လို့ ဆိုချင်ပါ တယ်'' ဟူ၍ အရှင်ဉာဏိဿရက မိန့်ဆိုတော်မူခဲ့သည်။

## ဓမ္မာစရိယတန်းအောင်

၁၃၂၂–ခုနှစ်(၁၉၆၀)တွင် အရှင်ဉာဏိဿရသည် ဓမ္မာစရိယ(စာချ) တန်းကို အောင်မြင်ခဲ့သည်။ သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိခဲ့သည်။ ဖ.ဆ.ပ.လ နှစ်ခြမ်းကွဲ၍ ပ.ထ.စ အစိုးရလက်ထက်တွင် ရရှိခဲ့ခြင်းဖြစ်သည်။ အစိုးရက ငွေ ၃၀၀– လှူဒါန်းပူဇော်သည်။

''ဘုန်းကြီးစာသင်သားဘဝ အကြီးတန်းအောင်တော့ အစိုးရရဲ့ လှူဒါန်းငွေ ၁၀၀–ကျပ်ရပါတယ်။ ရန်ကုန်ကနေ မန္တလေးမြို့ကို စာသင် တက်တော့ ဒဂုံမန်းအမြန်ရထား ရိုးရိုးတန်းလက်မှတ်ဟာ ၂၁–ကျပ်ပဲပေးရ တယ်။ ရန်ကုန်မှ မနက် (၆း၀၀)ထွက်တယ် ။ ညနေ (၅း၀၀) မန္တလေး ရောက်တယ်။ ပျဉ်းမနားဘူတာမှာ အ၀စားတစ်ကျပ်နဲ့ ထမင်းတစ်ထုပ် ရတယ်။ ထမင်းထုပ်ထဲမှာ ကြက်သားဟင်း၊ ငါးပိကြော်၊ ချဉ်ပေါင်ကြော် တွေပါတယ်။ စားလို့ အလွန်ကောင်းတယ်။ ဓမ္မာစရိယတန်းအောင်တော့ အစိုးရက ငွေ ၃၀၀–ကျပ် လှူဒါန်းပူဇော်တယ်။ ဒီကနေ့ ငွေတန်ဖိုးနဲ့တွက် ရင် ကျပ်သုံးသိန်းလောက် တန်ဖိုးရှိနိုင်မယ်လို့ထင်ပါတယ်'' ဟူ၍ အရှင် ဉာဏိဿရက မိန့်ဆိုခဲ့သည်။

## နန့်ခမ်းဆေးရုံ

အရှင်ဉာဏိဿရသည် ခရီးသွားဝါသနာပါသူ ဖြစ်သည်။ ဓမ္မာ စရိယတန်းအောင်ပြီးနောက် သီတင်းသုံးဖော်များနှင့်အတူ ရှမ်းပြည်နယ် တောင်ပိုင်းသို့ ခရီးထွက်သည်။ အောင်ပန်း၊ ကလော၊ ပင်းတယ၊ အင်းလေး၊ တောင်ကြီးမြို့များသို့ လှည့်လည်လေ့လာသည်။ ထို့နောက် ရှမ်းပြည်နယ်

www.burmeseclassic.com

www.burmeseclassic.com



မြောက်ပိုင်း ကျောက်မဲ ၊ သီပေါ၊ လားရှိုး၊ နန့်ခမ်းမြို့များအထိ ကြွပြန်သည်။

နန့်ခမ်းမြို့သို့ရောက်သောအခါ ၁၀–ရက်ခန့် နားနေသည်။ ထိုစဉ် ဒေါက်တာဆီးဂရေး၏ ဆေးရုံကြီးသို့ သွားရောက်လေ့လာသည်။

"ဒေါက်တာဆီးဂရေးဆိုတာ အမေရိကန် ဗက်ပတစ်ဘုန်းကြီး၊ တောင်တန်းသာသနာပြု၊ တင်နက်စီပြည်နယ်၊ နက်ရှဗီးမြို့သား ဖြစ်တယ်။ သူတည်ဆောက်ထားတဲ့ နန့်ခမ်းဆေးရုံဟာ ကြီးကျယ်တယ်။ ခမ်းနားတယ်။ စုံလင်တယ်။ အခမဲ့ ကုသပေးတယ်။ နန့်ခမ်းမြို့နယ်က သံဃာတော်တွေနဲ့ သီလရှင်တွေ အဲ့ဒီ ခရစ်ယာန်ဆေးရုံပေါ်မှာ ကုသမှုခံယူနေကြတာ တွေ့ခဲ့ရတယ်။ ဘုန်းကြီးစိတ်ထဲမှာ ခံစားမိပုံ အတွေးမျိုးစုံပဲ။ အဲ့ဒီ ခရစ်ယာန် ဘုန်းကြီး ဒေါက်တာဆီးဂရေးဟာ သူတစ်ပါးအကျိုး သယ်ပိုးစောင့်ရှောက်တဲ့ စိတ်နှလုံးကောင်းရှိသူဖြစ်တယ်လို့ ဘုန်းကြီးယုံကြည်ထားတယ်။

"ဘုန်းကြီးတို့ရဟန်းငယ်တွေ သူ့ဆေးရုံကိုဝင်ကြည့်တော့ သူက ကောင်းကောင်းဧည့်ခံတယ်။ ကြိုဆိုတယ်။ လိုက်ပြတယ်။ ဘုန်းကြီး စိတ်ထဲမှာတော့ အဲ့ဒီတုန်းက ရဟန်းသံဃာတစ်သိန်းကျော်ရှိတဲ့ ဗုဒ္ဓဘာသာနိုင်ငံမှာ ဗုဒ္ဓဘာသာရဟန်းတော်တွေ တည်ထောင်တဲ့ ဆေးရုံမရှိဘဲ ခရစ်ယာန်ဆေးရုံ၊ ဟိန္ဒူဆေးရုံ၊ အစ္စလာမ်ဆေးရုံတွေသာရှိနေပြီး အဲ့ဒီ ဘာသာခြားဆေးရုံတွေပေါ်မှာ ဗုဒ္ဓဘာသာရဟန်းတော်တွေ တက်ရောက်ကုသခံယူနေရတာကို မှခံချင်သလို၊ ရှက်သလို ဖြစ်ခဲ့ရပါတယ်" ဟူ၍ နောင်အခါ ဆရာတော်က မိန့်တော်မူခဲ့သည်။

## ဆေးရုံတက်စဉ်

အရှင်ဉာဏိဿရသည် ရှမ်းပြည်နယ်ခရီးမှ ရန်ကုန်ပြန်ရောက်လာသောအခါ အူကျရောဂါရရှိသည်။ ဂန္ဓီဆေးရုံတွင် တက်ရောက်ကုသမှု ခံယူ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသည်။ ဂန္ဒီဆေးရုံမှာ ရာမခရစ်ရှနာမစ်ရှင်အသင်းက တည်ထောင်ထားသော ဆေးရုံဖြစ်သည်။

အရှင်ဉာဏိဿရသည် အသက် ၂၂- မှ ၂၅-နှစ်အရွယ်ထိ စီးကရက်သောက်သည်။ လူထုစီးကရက်ကုမ္ပဏီ ဦးချို ထုတ်လုပ်သော ကပ္ပိတန်သံဘူးကို မြိန်မြိန်ယှက်ယှက် သောက်လေ့ရှိသည်။ ထို့ကြောင့် ပြင်းထန်သော ချောင်းဆိုးရောဂါ ရရှိသည်။ သလိပ်ထဲမှာ သွေးစကလေးများ ပါလာသည်။ ချက်ချင်းပင် သူငယ်ချင်းဦးပဉ္စင်းများက ကျန်းမာရေးစစ်ဆေးရန် ခရစ်ယာန်ဆေးရုံကို ပို့လိုက်ကြပြန်သည်။

ထိုဆေးရုံကား အလံပြဘုရားလမ်းရှိ သတ္တမနေ့ဥပုသ်အသင်း ဆေးရုံဖြစ်သည်။ ထိုအချိန်က ကိုယ့်မင်းကိုယ်ချင်းလမ်း၌ ဓီဝိတဒါနသံဃာ့ဆေးရုံလည်း ရှိသည်။ အိမ်ဟောင်းကြီးတစ်ခုပေါ်တွင် ဖြစ်သလို ဆေးပေးနေရသော ဆေးခန်းကလေးအဆင့်သာ ရှိနေသေးသည်။

ထိုသို့ ဘာသာခြားဆေးရုံများ၌ ဆေးဝါးကုသခံယူရာမှ အရှင်ဉာဏိဿရ၏စိတ်ထဲတွင် တစ်နေ့သောအခါ ဗုဒ္ဓဘာသာရဟန်းတော်များ တည်ထောင်သော ဆေးရုံကြီးတစ်ခု ဖြစ်ပေါ်လာရမည်။ ထိုသို့ဖြစ်ပေါ်လာရန်လည်း မိမိကိုယ်တိုင်ကြိုးစားမည်ဟူ၍ သန္နိဋ္ဌာန်ချမှတ်ခဲ့သည်။

## ကမ္ဘာအေး သံဃာ့တက္ကသိုလ်

အရှင်ဉာဏိဿရသည် ၁၉၆၂-ခုနှစ်၊ ဇန်နဝါရီလထဲတွင် ရွှေစက်တော်ဘုရားဖူး သွားသည်။ အပြန်တွင် သဲကုန်း၊ တပ်ရွာကျောင်း၌ အနားယူသီတင်းသုံးသည်။ ထိုစဉ် ဗိုလ်ချုပ်ကြီးနေဝင်း၏ တပ်မတော်အစိုးရ တက်လာသည်။ ထိုနှစ်ထဲမှာပင် သာသနာရေးဝန်ကြီးတာဝန်ကို ထမ်းဆောင်သူ ဗိုလ်မှူးကြီးကျော်စိုး ဦးဆောင်၍ ကမ္ဘာအေး၌ သံဃာ့တက္ကသိုလ် ဖွင့်လှစ်လိုက်သည်။ သံဃာ့တက္ကသိုလ်ကို ကြီးမှူးစီမံအုပ်ချုပ်သူများမှာ ဆရာကြီး ဦးလှမောင်၊ ဆရာကြီး ဦးဖေအောင်၊ ဆရာကြီး ဦးစောထွန်း

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်သံဃာ့တက္ကသိုလ်ကျောင်းသားဘဝ (သက်တော် ၂၅-နှစ်၊ ခရစ်နှစ်-၁၉၆၂)

မှတ်ဝင်း၊ ဆရာကြီး ဦးစိုးလှိုင် ၊ ဗိုလ်မှူးကြီး ဘသန်း၊ ဗိုလ်မှူးကြီး အောင်သိမ်း စသူတို့ဖြစ်ကြသည်။ သံဃာတော်များဘက်မှလည်း ဆရာတော်ကြီး ဦးသေဋ္ဌိလ၊ ဆရာတော်ကြီး ဦးပညာဒီပ စသူတို့ပါဝင်ကြသည်။

ထိုသံဃာ့တက္ကသိုလ်က သင်တန်းသား သံဃာတော်အပါး ၃၀-လက်ခံသည်။ သာသနာပြုရန် ထက်သန်နေသော အရှင်ဉာဏိဿရသည် ထိုသံဃာ့တက္ကသိုလ်သို့ တက်ရောက်ခွင့်ရရန် လျှောက်ထားသည်။ ရွေးချယ်ခံရသည်။ သံဃာ့တက္ကသိုလ်ကျောင်းသား ဖြစ်လာပြန်သည်။

ထိုသံဃာ့တက္ကသိုလ်ကို ကမ္ဘာအေး အပရဂေါယာန ကျောင်းဆောင်တွင် ဖွင့်သည်။ အစပိုင်းတွင် ကျောင်းအိပ်၊ ကျောင်းစား လက်မခံ။ အင်းယားကန်စောင်းရှိ ချော်တွင်းကုန်းကျောင်းတိုက်တွင် နေကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုချော်တွင်းကုန်းကျောင်းတိုက်မှ ကမ္ဘာအေးရှိ အပရဂေါယာန ကျောင်းဆောင်သို့ ကျောင်းသွားတက်ရသည်။ တစ်နှစ်ကျော်မျှ ဆွမ်း၊ ကွမ်း အခက်အခဲ တွေ့ရသည်။ တစ်နှစ်ကြာ၍ ၁၉၆၃–ခုနှစ်သို့ ရောက်သောအခါတွင်မှ အပရဂေါယာန ကျောင်းဆောင်တွင် ပြောင်းရွှေ့နေထိုင်ခွင့်ရခဲ့သည်။

အရှင်ဉာဏိဿရတို့သည် သံဃာ့တက္ကသိုလ်တွင် ပါဠိ၊ အင်္ဂလိပ်၊ မြန်မာ၊ သမိုင်း၊ သာသနာ့ဝင်၊ ပထဝီဝင်၊ ဂဏန်းသင်္ချာ၊ အက္ခရာသင်္ချာ၊ ဂျီဩမေတြီဘာသာရပ်နှင့် သာသနာပြုနည်းများကို သင်ကြားရသည်။ အရှင်ဉာဏိဿရအဖို့ ဟံသာဝတီဦးဘခင်ရေးသော နိုင်ငံခြား သာသနာပြု အသင်းအဖွဲ့များ စာအုပ်သည် အားဆေးတစ်ခွက် ဖြစ်ခဲ့သည်။

## ထူးခြားသော စာအုပ်နှစ်အုပ်

သံဃာ့တက္ကသိုလ်သို့တက်ရောက်စဉ် အရှင်ဉာဏိဿရသည် ရန်ကုန်တက္ကသိုလ် သမိုင်းဌာနကထိက ဆရာဦးစိုးတင့် (M.A)နှင့် ခင်မင်ရင်းနှီးသွားသည်။ အရှင်ဉာဏိဿရသည် အင်္ဂလိပ်စာဘာသာရပ်တွင် အထောက်အကူရစေရန် ဦးစိုးတင့်ရှေ့မှောက်တွင် "နေရူး၏ သမီးထံပေးစာများ" စာအုပ်ကို ဖတ်သည်။ အသံထွက် အမှားအယွင်းရှိပါက ဦးစိုးတင့်က ညွှန်ပြသည်။ ထိုစာအုပ်မှာ "The Letters from his Father to his Daughter" စာအုပ်ဖြစ်သည်။

အိန္ဒိယပြည်၏ ပထမဆုံး ဝန်ကြီးချုပ်ဖြစ်လာမည့် ပဏ္ဍစ်နေရူးသည် အင်္ဂလိပ်နယ်ချဲ့လက်အောက်တွင် ကျရောက်စဉ်က ထောင်ချခံရသည်။ ထောင်ထဲမှနေ၍ သူ့သမီး အင်ဒီရာဂန္ဒီထံ နေ့တိုင်း စာရေးပေးသည်။ ထိုစာများထဲမှ လက်ရွေးစင်စာစုကို စာအုပ်ငယ်အဖြစ် ထုတ်ဝေသောစာအုပ်ဖြစ်သည်။

ဆရာဦးစိုးတင့်နှင့် အရှင်ဉာဏိဿရတို့သည် ဂျူဘာန်းကျွန်းတွင် ချိန်းသည်။ ထိုနေရာတွင် တစ်ပတ် ၂–ရက် ထိုစာအုပ်ကို ဖတ်ရှုလေ့ကျင့်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ (နောင်အခါ ထိုသို့လေ့ကျင့်ခဲ့သော အကျိုးကြောင့် အနီးစခန်းဆရာတော်ထံတွင် ပညာဆည်းပူးခွင့်ရခဲ့သည်။)

အခြားစာအုပ်တစ်အုပ်မှာ "Pushing to the front" စာအုပ် ဖြစ်သည်။ ရေးသူမှာ "Orison Swett Marden" ဖြစ်သည်။ ထိုစာအုပ်ကို မြန်မာပြန်ပါက အဘိက္ကမ (ရှေ့သို့တွန်းပို့ခြင်း) ဟူ၍ အဓိပ္ပာယ်ရသည်။

စိတ်ပညာဘာသာရပ်ကို ပါမောက္ခ ဆရာဦးဖေအောင် (MA.MS) က သံဃာ့တက္ကသိုလ်ကျောင်းသားများအား စနေနေ့တိုင်း ပို့ချပေးသည်။ ထိုသို့ပို့ချပေးရာ၌ ထိုစာအုပ်ကို မကြာခဏယူလာသည်။ ထိုစာအုပ်ထဲမှ မှတ်သားဖွယ် အချက်အလက်များကို ထုတ်နုတ်ပို့ချသည်။ ထိုစာအုပ်သည် ဘဝတက်လမ်းအတွက် လမ်းညွှန်ဖြစ်သည်။ ဘဝတိုးတက်ရေးနှင့် အသိ၊ စိတ်သတ္တိများ တိုးတက်ရေးအတွက် အကျင့်၊ သတ္တိ၊ ပညာ၊ တာဝန် ဟူသော ဘဝလမ်းကြောင်းပေါ်၌ လျှောက်လှမ်းနေကြသူတို့အဖို့ များစွာ အဖိုးထိုက်တန်သည်။ စိတ်စွမ်းအား၊ စိတ်ဆွဲအား၊ စိတ်မျှော်အားတို့ကို ဖော်ကျူးထားသည်။ ထိုစာအုပ်သည် အရှင်ဉာဏိဿရအတွက် လက်စွဲစာအုပ်တစ်အုပ် ဖြစ်လာခဲ့သည်။

**(နောင်အခါ ၁၉၆၂-ခုနှစ်တွင် အရှင်ဉာဏိဿရသည် ရှင်ငယ်၊ လူငယ်၊ ညီမငယ်များအား မည်သို့သော ဘဝခရီးကြမ်းကို ဖြတ်သန်းရစေကာမူ နောက်မဆုတ် အရှုံးမပေးဘဲ ဘဝပန်းတိုင် အရောက်ချီတက်နိုင်စေရေးအတွက် မြန်မာဘာသာဖြင့် စာအုပ်ထုတ်ဝေစေခဲ့သည်။ ထိုစာအုပ်ကို ဒေါက်တာတင်လှိုင်က မြန်မာဘာသာပြန်သည်။ သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ်သုတေသနနှင့်ကျမ်းပြုဌာနက စီစဉ်ပုံနှိပ်ထုတ်ဝေသည်။ ခရစ်၂၀၀၉-ခုနှစ်၌ ထုတ်ဝေသည်။ စာအုပ်တွင် ဆရာတော်အရှင်ဉာဏိဿရက အမှာစာရေးသည်။ အမှာစာတွင်-**

**"လမ်းပျောက်ကို ရှာနေကြမည့်အစား ကိုယ့်လမ်းကိုယ် ဖောက်နိုင်ကြမည်ဟု မျှော်လင့်ပါသည်။ ရေကြည်ကို ရှာနေကြမည့်အစား ရေကြည်တွင်း**

www.burmeseclassic.com

www.burmeseclassic.com



ကို တူးဖော်ကြလိမ့်မည်ဟုလည်း မျှော်လင့်ပါသည်။ ရှက်နှ၊ မြက်နုတို့ကို ရှာနေကြမည့်အစား ရှက်နှ၊ မြက်နုတို့ဖြင့် ဝေဆာလှပသည့် ဥယျာဉ်ကြီးကို ကိုယ်တိုင် စိုက်ပျိုးနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်" စသည်ဖြင့် ရေးသားထားသည်။ ထိုသို့ ရေးထားသည့်အတိုင်းလည်း ဆရာတော်သည် မိမိ၏ ဘဝခရီးလမ်းကို အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့သူ ဖြစ်သည်။)

## အောင်သော်လည်း အောင်လက်မှတ်မရ

သံဃာ့တက္ကသိုလ်သင်တန်းမှာ ၃-နှစ်သင်တန်းဖြစ်သည်။ အရှင်ဉာဏိဿရသည် ၃-တန်းလုံးပြီးသည်အထိ တက်ခဲ့သည်။ စာမေးပွဲစစ်သောအခါ အမှတ်ကောင်းကောင်းရ၍ အောင်မြင်ခဲ့သည်။ သက်ဆိုင်ရာတို့၏စီစဉ်ချက်မှာ စာမေးပွဲအောင်သူများကို B.D.D (Buddha Desana Diploma) ဒီပလိုမာလက်မှတ်ပေးရန် ဖြစ်သည်။ သို့ရာတွင် တော်လှန်ရေးကောင်စီအစိုးရက သံဃာ့တက္ကသိုလ်အပါအဝင် သာသနာရေးဆိုင်ရာ နည်းဥပဒေများကို ဖျက်သိမ်းလိုက်သဖြင့် သံဃာ့တက္ကသိုလ်ကို ဖွင့်လှစ်ခွင့်မရတော့ပေ။ ထို့ကြောင့် အောင်စာရင်းသာထွက်၍ အောင်လက်မှတ်မရခဲ့ပေ။

## B.B.M ကောလိပ်

ပရဟိတလုပ်ငန်းများကို ဆောင်ရွက်လိုသော ဆရာတော် အရှင်ဉာဏိဿရသည် သံဃာ့တက္ကသိုလ် ဆရာဖြစ်သင်တန်း အောင်မြင်ပြီးသောအခါ စာသင်ကျောင်းတည်ထောင်၍ စာပြသည်။ ထိုစာသင်ကျောင်းမှာ ဧရာဝတီတိုင်းဒေသကြီး၊ ဝန်မြစ်ကမ်းပေါ်ရှိ လေးမျက်နှာမြို့တွင် ဖြစ်သည်။

လေးမျက်နှာမြို့၊ အဝကျွန်းမှ ဆရာတော်ကြီး ဦးကောသလ္လသည် အင်္ဂလိပ်စာတတ်သည်။ ခေတ်အမြင် ရှိသည်။ ပရဟိတ ဆောင်ရွက်လိုသည်။ ထိုဆရာတော်ကြီးသည် ကမ္ဘာအေး သံဃာ့တက္ကသိုလ်သို့ ရောက်လာပြီး အရှင်ဉာဏိဿရကို ခေါ်သွားသည်။ လေးမျက်နှာမြို့၊ အင်းဝ

F4 B
www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတွင် ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျောင်း (B.B.M) ကောလိပ်ကို တည်ထောင်သည်။ ရခိုင်ရိုးမနှင့်နီးသော ကျေးရွာများမှ ဆင်းရဲနွမ်းပါးသူများ၏ သားသမီး ၃၀၀–ကျော်တို့ကို ထမင်းကျွေးသည်။ အဝတ်ပေးသည်။ အလယ်တန်းပညာအထိ သင်ကြားပေးသည်။ မင်္ဂလသုတ်နှင့် ဗုဒ္ဓဝင်တို့ကိုလည်း သင်ပေးသည်။ ဝိုင်–အမ်–ဘီ–အေ (Y.M.B.A) နှင့် ဆက်သွယ်၍ စာမေးပွဲများ ကျင်းပသည်။

ထိုကျောင်းတွင် အရှင်ဉာဏိဿရက ကျောင်းအုပ်တာဝန် ထမ်းဆောင်သည်။ ထိုကျောင်းသည် မှတ်ပုံတင်ထားသော ဗုဒ္ဓသာသနာပြုကျောင်းဖြစ်သည်။ သို့ရာတွင် ၁၉၆၇–ခုနှစ်တွင် သာသနာပြုကျောင်းနှင့် ကိုယ်ပိုင်ကျောင်းအားလုံးကို ပြည်သူပိုင်လုပ်လိုက်ရာ ထို B.B.M ကောလိပ်သည် ပြည်သူပိုင်ဖြစ်သွားသည်။ ဤတွင် အရှင်ဉာဏိဿရသည် ထိုကျောင်းကို စွန့်ခွာခဲ့ရသည်။ B.B.M ကောလိပ်သည် ကျောင်းဆရာနှစ်ယောက်ဖြင့် မူလတန်းကျောင်းကလေးအဖြစ် ယနေ့တိုင် ရပ်တည်လျက်ရှိသည်။ B.B.M ကောလိပ်၏ မျိုးဆက်ပင်တည်း။

## ဟံသာဂီရိချောင်သို့

အရှင်ဉာဏိဿရသည် လေးမျက်နှာမှ စစ်ကိုင်းတောင် ဟံသာဂီရိချောင်သို့ ၁၃၂၈–ခုနှစ်(၁၉၆၇)တွင် ရောက်လာပြန်သည်။ ဟံသာဂီရိချောင်မှာ အရှင်ဉာဏိဿရနေခဲ့ဖူးသော ချောင်ဖြစ်သည်။ ၁၃၂၃–ခုနှစ်(၁၉၆၁)တွင် ဆရာတော် ဦးနန္ဒဝံသာဘိဝံသသည် ဟံသာဂီရိချောင်ကို စတင်တည်ထောင်ခဲ့သည်။ ထိုသို့တည်ထောင်စဉ် အရှင်ဉာဏိဿရက ကူညီခဲ့ဖူးသည်။

“အဲဒီတုန်းက ဘုန်းကြီးက ဟံသာဂီရိမှာ ဆင်းဆင်းရဲရဲနဲ့ တစ်ဝါတွင်း နေခဲ့ဖူးပါတယ်။ ဆင်းရဲတယ်ဆို ရေနွေးသောက်စရာ လက်ဖက်ရည်ကြမ်းပန်းကန်တောင် မရှိဘူး။ သပိတ်ဖုံးထဲမှာ လက်ဖက်ခြောက်ထည့်

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးတွေလောင်း၊ ကိုရင်၊ ဦးပဉ္စင်းတွေ ဖွန်းတစ်ချောင်းစီကိုင်ပြီးတော့ သပိတ်ဖုံးထဲက ရေနွေးကို ဖွန်းနဲ့ခပ်သောက်ခဲ့ရတယ်''ဟူ၍ နောင်အခါ ဆရာတော်က မိန့်ဆိုခဲ့သည်။

ထိုသို့ ဆင်းရဲစွာနေခဲ့ဖူးသော၊ နေရာဟောင်းဖြစ်သော ဟံသာဂီရိ ချောင်သို့ အရှင်ဉာဏိဿရ ပြန်ရောက်လာသည်။ ဟံသာဂီရိချောင်တွင် ငယ်၊ လတ်၊ ကြီး စာချတန်းစာဝါများကို နေ့အခါ ပို့ချပေးသည်။ ထို့နောက် အနီးစခန်းဆရာတော်ကြီးထံတွင် စာတက်ရန် ကြိုးစားသည်။

## အနီးစခန်းဆရာတော်ကြီး ဦးပဏ္ဍိတ

အနီးစခန်းဆရာတော်ကြီး ဦးပဏ္ဍိတ (၁၈၉၉–၁၉၇၇) သည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ဖြစ်သည်။ ပိဋကတ်စာပေများကို အထူးကျွမ်းကျင်တတ်မြောက်သည်။ ထို့ပြင် အင်္ဂလိပ်ဘာသာကိုလည်း အထူးကျွမ်းကျင်တတ်မြောက်သည်။ အင်္ဂလိပ်ဘာသာဖြင့်လည်း ကျွမ်းကျင်စွာ တရားဟောနိုင်သည်။ တရားဆွေးနွေးနိုင်သည်။

ဆရာတော်ကြီး၏ ဟောပြောချက်များကို လေးစားမြတ်နိုးသူများထဲတွင် အင်္ဂလိပ်လူမျိုး ဆာဟင်နရီပရက်နှင့် လေဒီပရက်တို့လည်း ပါဝင်သည်။ လေဒီပရက်သည် မြန်မာအမျိုးသမီး ဖြစ်သည်။ သူတို့သည် ၁၉၃၃–ခုနှစ်တွင် စစ်ကိုင်းတောင်ရိုး၌ ချောင်တစ်ခု သီးခြားတည်ထောင်၍ ဆရာတော်ကြီးအား လှူဒါန်းခဲ့သည်။ မေမြို့(ပြင်ဦးလွင်)အနီးရှိ အနီးစခန်း၌ နေသော လေဒီပရက်တို့ဇနီးမောင်နှံက တည်ထောင်ဆောက်လုပ် လှူဒါန်းသောကြောင့် ချောင်အမည်ကို အနီးစခန်းချောင်ဟု ခေါ်တွင်ခဲ့သည်။

အနီးစခန်းဆရာတော်ကြီးသည် ဓမ္မဒူတခရီးအဖြစ် သီရိလင်္ကာ၊ အိန္ဒိယ၊ ထိုင်း၊ ဂျပန်၊ အမေရိကန် စသည့်နိုင်ငံများသို့ ကြွရောက်ခဲ့ဖူးသည်။ အင်္ဂလိပ်ဘာသာဖြင့် တရားဟောခြင်း၊ ဆွေးနွေးခြင်းများ ပြုတော်မူခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံ၏ ကုလသမဂ္ဂကိုယ်စားလှယ်အဖြစ် တာဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com





**အနီးစခန်းဆရာတော်ကြီး ဦးပဏ္ဍိတ (၁၈၉၉-၁၉၇၇)**

ဆောင်နေသော ဦးသန့်သည်လည်း ဆရာတော်ကြီး၏တရားပွဲများသို့ တက်ရောက်နာကြားခဲ့သည်။ ဆရာတော်ကြီးသည် အမေရိကန်မှ အပြန်တွင် အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ စသည့် နိုင်ငံများသို့လည်း လှည့်လည်ခဲ့သည်။ မြန်မာ့ဂုဏ်ဆောင်၊ သာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးဖြစ်သည်။

ဆရာတော်ကြီးသည် ဆဋ္ဌသင်္ဂါယနာတင်ပွဲကြီး၌ အစအဆုံးတိုင် အရေးပါသောကဏ္ဍမှ ပါဝင်ဆောင်ရွက်တော်မူခဲ့သည်။ ထို့ကြောင့် ထိုခေတ် နိုင်ငံတော်သမ္မတက အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည်။

## အနီးစခန်းဆရာတော်ထံ ချဉ်းကပ်ခြင်း

တစ်နေ့တွင် အရှင်ဉာဏိဿရသည် တစ်ပါးတည်း အနီးစခန်းချောင်သို့ တက်သွားသည်။ ဆရာတော်ကြီးကို ဦးနှိမ်ချ၍ လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော်ကို ဆရာတော့်ထံမှာ စာတက်ခွင့်ပြုတော်မူပါ ဘုရား။"

အသားညိုညို၊ ထောင်ထောင်မောင်းမောင်း၊ နဖူးပြေပြေ၊ စူးရှတောက်ပြောင်သော မျက်လုံးအစုံနှင့် နှာတံမြင့်မြင့်ရှိသော အရှင်ဉာဏိဿရအား ဆရာတော်ကြီးက အကဲခတ်ကြည့်ရှုလိုက်သည်။

"မင်းနာမည်ဘယ်သူလဲ။"

"တပည့်တော်နာမည် ဉာဏိဿရပါ ဘုရား။"

"ဘယ်ကလာသလဲ။ ဘယ်မှာနေသလဲ။"

"တပည့်တော်၊ ဟံသာဂီရိချောင်မှာနေပါတယ်။"

"ဘာစာဝါ တက်ချင်သလဲ။"

"ဝိသုဒ္ဓိမဂ်ကျမ်းကို အင်္ဂလိပ်ဘာသာဖြင့် တက်ချင်ပါတယ် ဘုရား။"

"မင်း အင်္ဂလိပ်စာ ဘယ်လောက်ဖတ်တတ်သလဲ။"

"တပည့်တော် ဆယ်တန်းပြဋ္ဌာန်းစာတွေတော့ ဖတ်ထားပါတယ်။"

ဆရာတော်ကြီးသည် သူ့ကုလားထိုင်ဘေးနားမှ စားပွဲပေါ်ရှိ စာအုပ်ပါးလေးတစ်အုပ်ကို ယူ၍ ပစ်ပေးလိုက်သည်။

"ရော့... ဒီစာအုပ် မင်းအခုဖတ်ပြစမ်း။"

အရှင်ဉာဏိဿရသည် စာအုပ်မျက်နှာဖုံးကို ကြည့်လိုက်ပြီး ဝမ်းသာသွားသည်။ စာအုပ်မှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော "နေရှူး၏ သမီးထံ ပေးစာများ" စာအုပ်ကလေး ဖြစ်နေသည်။ မိမိ သံဃာ့တက္ကသိုလ်တွင်နေစဉ်က ကျောင်းပိတ်ရက်များတွင် သမိုင်းကထိက ဆရာဦးစိုးတင့် (မဟာဝိဇ္ဇာ)ထံ၌ ဖတ်ရှုသင်ယူထားသော စာအုပ်ကလေးဖြစ်သည်။ အရှင်ဉာဏိဿရသည် နှုတ်ဖြေစာမေးပွဲတွင် ပုစ္ဆာကြိုတင်ရထားသကဲ့သို့ ဖြစ်သွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုစာအုပ်ကလေးကို အထစ်အငေါ့မရှိ၊ သွက်လက်စွာ ဖတ်ပြလိုက်သည်။

စာအုပ်တစ်မျက်နှာ ဆုံးသွားသောအခါ ဆရာတော်ကြီးက "အေးအေး တော်တော်ဟုတ်သားပဲ။ ဒီလောက်အရည်အချင်းရှိရင် ဝိသုဒ္ဓိမဂ်အင်္ဂလိပ်ဘာသာ ပြန်တက်နိုင်ပြီ။ စာအုပ်ရှာပေတော့"ဟု မိန့်တော်မူသည်။ ဆက်၍ ဆရာတော်ကြီးက "The path of purity fication" ကို ရှာဝယ်ခဲ့။ ဝိသုဒ္ဓိမဂ်ကို မြန်မာပညာရှိ ဦးဖေမောင်တင်က "The path of purity"လို့ အမည်ပေးပြီး ဘာသာပြန်ထားတယ်။ ဦးဖေမောင်တင်စာအုပ်က ဖတ်ရတာ နည်းနည်းခက်တယ်။ အမှားအယွင်းလည်းများတယ်။ ဘိက္ခုဉာဏမောဠိစာအုပ်က ဖတ်လို့လည်းလွယ်တယ်။ အမှားအယွင်းလည်း နည်းတယ်။"

အရှင်ဉာဏိဿရသည် ဘိက္ခုဉာဏမောဠိ၏ စာအုပ်ကိုရှာသည်။ ဘယ်နေရာ၊ ဘယ်စာအုပ်ဆိုင်တွင်မှ ရှာမရ။

သည်တွင် အနီးစခန်းဆရာတော်ကြီးက သင်တန်းတက်မည့် တပည့်ရဟန်းသုံးပါးအတွက် စာအုပ်ရှာပေးရသည်။ ဆရာတော် ဦးဝိသုဒ္ဓ (ဝိဇ္ဇာလင်္ကာရဆရာတော်)၊ ဆရာတော်ဦးသီလာနန္ဒ (ဝိဇ္ဇောဒယဆရာတော်)၊ ဒေါက်တာဆိုနီ (မန္တလေး)တို့ထံမှ စာအုပ်များငှားသည်။ တပည့် ၃–ပါးကို ဝေပေးသည်။

## တပည့် ၃–ပါး

တပည့် ၃–ပါးမှာ ဦးသုမင်္ဂလ(ပထမမစိုးရိမ်) ၊ ဦးသီရိန္ဒ (ဆရာတော်၏ အနီးနေတပည့်ကြီး)နှင့် အရှင်ဉာဏိဿရတို့ ဖြစ်ကြသည်။ နေ့စဉ်နံနက် ၇–နာရီမှ ၉–နာရီအထိ ၂–နာရီကြာ စာတက်ကြရသည်။ ဆရာတော်ကြီးက ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ရှေးဦးစွာ အနက်ပေးသည်။ မဟာဋီကာနှင့်တွဲဖက်ပြီး အဓိပ္ပာယ်ရှင်းပြသည်။ ပြီးမှ အင်္ဂလိပ်လိုဖတ်ပြီး ထပ်မံရှင်းပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အစအဆုံးတစ်လုံးမှ အကျော်အဖောက်မရှိစေဘဲ ပြီးဆုံးအောင်သင်ပြသည်။ နှစ်နှစ်ကြာမှ ပြီးဆုံးသည်။

ဝိသုဒ္ဓိမဂ်ကျမ်းကြီးသည် ပိဋကတ်သုံးပုံ၏ ဗဟိုချက်မ အနှစ်ချုပ်ဖြစ်သည်။ သင်ကြားပေးစဉ် ဆရာတော်ကြီးက "ဝိသုဒ္ဓိမဂ်တက်ပြီးရင် မင်းတို့ လူထွက်၊ တောထွက်၊ ဤနှစ်ထွက် တစ်ခုခုထွက်ရမယ်" ဟု ပြုံး၍ မိန့်တော်မူသည်။

ဆရာတော်ကြီး မိန့်တော်မူသည့်အတိုင်းပင် ဦးသုမင်္ဂလ (ပထမမစိုးရိမ်)သည် စာတက်၍ ၆–လအကြာတွင် ဆက်မတက်တော့။ သင်တန်းမှ ထွက်သွားသည်။ ဦးသုမင်္ဂလသည် ယခု လွန်တော်မူပြီ။ ဦးသီရိန္ဒမှာမူ လူထွက်သွားသည်။ **(ဦးသီရိန္ဒ၏ လူအမည်မှာ ဦးခင်ဆောင် ဖြစ်သည်။ အိမ်ထောင်ပြု၍ သားသမီး ၄–ယောက်ရှိသည်။ ၁၉၈၆–ခုနှစ်မှစ၍ သိတဝ္ရေစက်၌ စက်ရုံမှူးကြီးတာဝန်ကို ထမ်းဆောင်နေသည်။)**

အရှင်ဉာဏိဿရ တစ်ပါးတည်းသာ သင်တန်းကလည်း မထွက်။ လူလည်း မထွက်။ ဇွဲနပဲကြီးစွာဖြင့် ၂–နှစ်တိုင်တိုင် ဝိသုဒ္ဓိမဂ်ကျမ်းကြီး ပြီးဆုံးသည်အထိ သင်ယူခဲ့သည်။

အရှင်ဉာဏိဿရသည် ဝိသုဒ္ဓိမဂ်ကျမ်းကြီး ပြီးဆုံးသွားသောအခါ မိလိန္ဒပဉှာကျမ်းကို အင်္ဂလိပ်–မြန်မာ ၂–ဘာသာဖြင့် ၂–နှစ်ကြာ သင်ယူခဲ့သည်။ မိလိန္ဒပဉှာကျမ်းကား မိလိန္ဒဘုရင်အမေးကို အရှင်နာဂသိန် ဖြေဆိုသော ဝါဒ ဒဿန အမေးအဖြေကျမ်းကြီး ဖြစ်သည်။ အင်္ဂလိပ်–မြန်မာ ၂–ဘာသာဖြင့် ကျေညက်အောင် သင်ယူရသည်။ ဝါဒပြိုင်ခြင်းနှင့် စကားအခြေအတင်ပြောခြင်းတွင် ကျွမ်းကျင်နိုင်နင်းလိုသောပုဂ္ဂိုလ်သည် မိလိန္ဒပဉှာကျမ်းကို လေ့လာကြရသည်။

ညနေစောင်းတွင် ဆရာတော်ကြီး အညောင်းပြေလမ်းလျှောက်သောအခါ အရှင်ဉာဏိဿရက နောက်က မပျက်မကွက်လိုက်ရသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



အချိန်မျိုးတွင် ဆရာတော်ကြီးက အရှင်ဉာဏိဿရ ကျက်ထားသော၊ ဖတ်ထားသောစာများကို မေးလေ့ရှိသည်။ ဆရာတော်ကြီးကိုယ်တိုင်ကလည်း ကျက်ထားသော၊ ဖတ်ထားသောစာများကို ပြန်လည်ပြောပြ ဝေငှလေ့ရှိသည်။

## သေးနုပ်တဲ့စာတွေကို မဖတ်နဲ့

"တစ်ခုသောညနေခင်းမှာ အာသီဝိသောပမသုတ္တန်ကြီးကို ဘုရားတပည့်တော် ကျက်နေကြောင်းပြောတော့ ဆရာတော်ကြီးက 'အေး... မင်းက အထည်ကြီးကိုင်တယ်ဆိုရင် မင်းအထည်ကြီး ဖြစ်ဦးမှာပဲ။ သေးနုပ်တဲ့စာတွေကို ခေါင်းထဲမထည့်နဲ့။ မင်းတို့၊ ငါတို့ရဲ့ ခေါင်းတွေဟာ အမှိုက်ပုံး မဖြစ်သင့်ဘူး' လို့ ဆရာတော်ကြီးက ပြောခဲ့တယ်" ဟူ၍ အရှင် ဉာဏိဿရက မိန့်ဆိုခဲ့သည်။

အနီးစခန်းဆရာတော်ကြီးသည် စကားပြောလည်း ကောင်းသည်။ တရားဟောလည်း ကောင်းသည်။ အရှင်ဉာဏိဿရသည် ဆရာတော်ကြီးထံမှ အင်္ဂလိပ်စာကိုသာမက တရားဟောနည်းကိုလည်း လေ့လာခွင့်ရခဲ့သည်။

အရှင်ဉာဏိဿရသည် အနီးစခန်းဆရာတော်ကြီးထံတွင် အဆင့်မြင့် ပရိယတ္တိစာပေများနှင့် အင်္ဂလိပ်စာတို့ကို သေချာကျနစွာ၊ ဖွဲ့လုံ့လကြီးစွာဖြင့် သင်ယူအောင်မြင်ခဲ့သည်။

## တောရဆောက်တည်လို

အနီးစခန်းဆရာတော်ကြီးထံတွင် ဝိသုဒ္ဓိမဂ်ကိုသင်ယူနေစဉ် အရှင်ဉာဏိဿရသည် တောရဆောက်တည်လိုသောဆန္ဒ ဖြစ်ပေါ်ခဲ့သည်။

ဝိသုဒ္ဓိမဂ်၌ "ဆိတ်ငြိမ်ရာသို့ချဉ်းကပ်၍ လူတို့နှင့်မရောနှောမူ၍ မြို့ရွာနှင့်ဝေးကွာပြီး အစွန်အဖျားကျသော တောကျောင်းတို့၌ မွေ့လျော်သောရဟန်းသည် ထိုတောကျောင်းတို့၌ နေသောအကျင့်ဖြင့် မြတ်စွာဘုရား

www.burmeseclassic.com

www.burmeseclassic.com



၏စိတ်တော်ကို ကျေနပ်နှစ်သိမ့်စေ၏။ ယင်းသို့ တစ်ပါးတည်း တောရကျောင်း၌နေသော ရဟန်းသည် နတ်သိကြားတို့ပင်သော်လည်း မရရှိနိုင်သော စည်းစိမ်ချမ်းသာကို ရရှိနိုင်လေသည်" ဟု ပါရှိသည်။ ထိုအချက်သည် အရှင်ဉာဏိဿရ၏ နှလုံးသား၌ စွဲငြိနေသည်။။

ထို့ပြင် အနီးစခန်းဆရာတော်ဘုရားကြီးကလည်း ဝိသုဒ္ဓိမဂ်အဋ္ဌကထာကျမ်းကို ပို့ချစဉ်–"လူသူကင်းမဲ့တဲ့ တောကျောင်းမှာနေတဲ့ ဝနဝါသီအကျင့်ဟာ မြတ်စွာဘုရား နှစ်သက်ချီးမွမ်းတဲ့ အကျင့်ပဲ။ ဒါတင်မကသေးဘူး တစ်ယောက်တည်း တောထဲမှာနေနိုင်ရင် နတ်စည်းစိမ်ထက်သာတဲ့ ချမ်းသာကို ရနိုင်သေးတယ်။ ဒါကြောင့် တို့ဘုရားဟာ တောမှာစပြီး တောမှာဆုံးတဲ့ တောပျော်ဘုရားပဲလို့ ဆိုနိုင်တယ်" ဟူ၍ မိန့်တော်မူခဲ့သည်။ ထိုမိန့်ဆိုချက်သည်လည်း အရှင်ဉာဏိဿရ၏ နှလုံးသားကို ရိုက်ခတ်စေခဲ့ပြန်သည်။

သို့ဖြင့် အရှင်ဉာဏိဿရသည် တောစခန်းကို မျှော်မှန်းရင်းပင် ဆရာတော်ကြီးထံ၌ စာပေသင်ကြားသည်။ ၁၃၃၃–ခုနှစ်သို့ ရောက်လာပြီ။ ထိုနှစ် သင်္ကြန်အပြီးတွင် ဆရာတော်ကြီး၏ ခြေတော်ရင်းမှ မွေးရပ်မြေ သဲကုန်းသို့ ကြွရောက်သည်။ တရားများဟောသည်။ မိမိ တရားဟောပြောသည်ကို ပရိသတ်များ နှစ်သက်သဒ္ဓါပွားကြသည်ကို တွေ့ရသည်။ ဝမ်းသာအားတက်မိသည်။ ထိုမှစ၍ သဲကုန်းဆရာတော်ဟု အမည်တွင်လာသည်။

## ဓမ္မဒူတ အရှင်ပညာဇောတ

သီတဂူဆရာတော်ဖြစ်လာမည့် အရှင်ဉာဏိဿရသည် ၁၃၃၃–ခုနှစ်၊ နယုန်လပြည့်ကျော် ၁–ရက်နေ့တွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပ ဘူတာအနီး ရွှေဥမင်တောရသို့ သွားရောက်သည်။ အရှင်ပညာဇောတ (နောင်အခါ ဇေတဒဂ်–အရှင်ပညာဇောတ၊ ဓမ္မဒူတ အရှင်ပညာဇောတ ဖြစ်လာသူ)ကို သွားရောက်တွေ့ဆုံခြင်း ဖြစ်သည်။ အရှင်ဉာဏိဿရနှင့်

www.burmeseclassic.com

www.burmeseclassic.com





ဓမ္မဒူတ အရှင်ပညာဇောတနှင့် သပိတ်အိုင်တောရတွင် တရားအားထုတ်တော်မူစဉ်။

အရှင်ပညာဇောတတို့သည် ရန်ကုန်မြို့ ကမ္ဘာအေး သံဃာ့တက္ကသိုလ်တွင် အတူပညာသင်ဖက်များ ဖြစ်သည်။ အခန်းချင်းလည်း နီးသည်။ အတန်းချင်းလည်း တူသည်။ စိတ်သဘောချင်းလည်း တူသည်။ သုံးနှစ်တိုင် အတူနေခဲ့ဖူးသည်။ သူတို့နှစ်ပါးသည် နိုင်ငံခြားနှင့် ပြည်တွင်းကျေးလက်ဒေသတို့၌ ခေတ်မီနည်းဖြင့် သာသနာပြုရေးများကို တိုင်ပင်ဆွေးနွေးလေ့ ရှိခဲ့ကြသည်။

သံဃာ့တက္ကသိုလ်မှ ခွဲခွာကြသောအခါ အရှင်ပညာဇောတသည် ရွှေဥမင်တောရ၌ တရားအားထုတ်သည်။ ထို့နောက် စာရေးဆရာကြီး ဦးသော်ဇင်(ယခုကွယ်လွန်)၏ လျှောက်ထားချက်အရ ဓမ္မဒူတဝတ္ထုများကို

www.burmeseclassic.com

www.burmeseclassic.com



၁၄–ရက်တိုင်တိုင် ဟောပြောခဲ့သည်။ ထိုသို့ဟောပြောရာမှ သံဝေဂရကာ တောထွက်သွားသူ ဖြစ်သည်။

အရှင်ပညာဇောတသည် ရွှေဥမင်တောရ၊ ညောင်ကုက္ကိုင်းတောရ (တွံတေး)၊ လေးကြီးတောရ(ဟသ်ာတ)တို့သို့ လှည့်လည်၍ တောရ ဆောက်တည်ခဲ့သည်။ ထို့နောက် သထုံခရိုင် သပိတ်အိုင်တောရတွင် တရား အားထုတ်သည်။ ကျန်းမာရေးမကောင်းသဖြင့် ဆေးဝါးဓာတ်စာစားရန် ရွှေဥမင်တောရ၌ ခေတ္တလာရောက်သီတင်းသုံးနေခြင်း ဖြစ်သည်။

## သပိတ်အိုင်တောရသို့

အရှင်ဉာဏိဿရသည် အရှင်ပညာဇောတနှင့်အတူ ဆွေးနွေး တိုင်ပင်ပြီးနောက် သပိတ်အိုင်တောရတွင် တောရဆောက်တည်ရန် ရည်မှန်း လိုက်သည်။

အရှင်ဉာဏိဿရသည် တောရဆောက်တည်ရန်အတွက် ယခင်က ပြည်နိဗ္ဗိန္ဒ တောရကို ရွေးချယ်ရန် စိတ်ကူးခဲ့သည်။ သို့ရာတွင် ထိုတောရမှာ ရပ်ရွာနှင့်နီးသည်။ လူသူလေးပါး စည်ကားသည်။ ထို့ကြောင့် မရွေးချယ်ဖြစ်ခဲ့။ ယခု အရှင်ပညာဇောတနှင့်တွေ့သောအခါ သပိတ်အိုင်တောရတွင် တောရ ဆောက်တည်ရန် စိတ်ကူးမိသည်။

သို့ရာတွင် သပိတ်အိုင်တောရသည် တိတ်ဆိတ်မှု ဝိဝေကနှင့် ပြည့်စုံ မှုရှိမရှိ၊ ကိုယ်တိုင်သွားရောက် ကြည့်ချင်သေးသည်။ ထို့ကြောင့် အရှင် ပညာဇောတနှင့်အတူ သပိတ်အိုင်တောရသို့သွားရန် စီစဉ်သည်။ ထိုနေ့ကား ၁၃၃၃–ခုနှစ်၊ နယုန်လပြည့်ကျော် ၃–ရက်နေ့(၁၉၇၁)ဖြစ်သည်။

အရှင်နှစ်ပါးသည် ကပ္ပိယအဖြစ် ရန်ကုန် ကျောက်ကုန်း၊ သုဝဏ္ဏ ဂေဟာမှ ဒကာကြီး ဦးပါကိုခေါ်၍ မီးရထားဖြင့် သထုံမြို့သို့ သွားကြ သည်။ သထုံမြို့သို့ရောက်သောအခါ ကပ္ပိယဒကာကြီးဦးပါ တည်ထောင်

www.burmeseclassic.com

www.burmeseclassic.com





သပိတ်အိုင်တောရစခန်းသို့ သီတဂူဆရာတော် ကြွလှမ်းစဉ်။

ထားသော ဓမ္မရိပ်သာတွင် နှစ်ညတာမျှ တည်းခိုကြသည်။ မြန်မာ့သာသနာ စတင်ရာ သထုံသာသနာ့ မှတ်တိုင်များကို လှည့်လည် ရှိခိုးကြသည်။

ထို့နောက် မော်တော်ကားဖြင့် ကျုံကရွာသို့ ခရီးဆက်ကြသည်။ ကျုံကရွာသည် သထုံ–မုတ္တမ ကားလမ်းဘေးတွင် တည်ရှိသည်။ မွန်၊ ဗမာ၊ ကရင် ရောပြွမ်းနေထိုင်သော ရွာကြီးတစ်ရွာဖြစ်သည်။ ကျုံကဟူသော စကားသည် မွန်စကားဖြစ်သည်။ ငါးပေါများသောချောင်းဟု အဓိပ္ပာယ်ရသည်။

## သပိတ်အိုင်တောရ စာပန်းချီ

ထိုသို့ သပိတ်အိုင်တောရသို့ သွားရောက်ခဲ့ပုံကို အရှင်ဉာဏိဿရသည် နောင်အခါ စာပန်းချီခြယ်၍ မှတ်တမ်းတင်ခဲ့သည်။ အရှင်သည် စကားပြေအရေးအသား ထူးချွန်သဖြင့် ဖတ်ရှုရသည်မှာ သရုပ်ပေါ်လှသည်။ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ရေးသားချက်အချို့ကို ကောက်နုတ်ဖော်ပြပါသည်။

"ကျုံကရွာ၏ ရွာကျောင်းကြီးဖြစ်သော တိုက်ကျောင်းကို ဖြတ်၍ ထွက်လိုက်သည်နှင့်တစ်ပြိုင်နက် တောစပ်သို့ဝင်မိလေသည်။ တဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာကြရင်း တဝုန်းဝုန်း၊ တဝေါဝေါ၊ တရှဲရှဲအသံတွေ ခပ်အုပ်အုပ်ကြားနေရသည်။

ဝဲယာနှစ်ဖက်ရှိ တောင်တန်းကြီးနှစ်ခု၏ တောင်ထိပ်၊ တောင်ခါးပန်းတို့မှ စိမ့်ဖြာစီးထွက်၍ ကျဆင်းနေသော ရေတံခွန်စိမ့်စမ်းများ၏ အော်မြည်သံများဖြစ်၏။ တဖြည်းဖြည်း တောထဲသို့ဝင်မိလေလေ ရေတံခွန်တို့၏ ကျောက်ဆောင် ကျောက်တောင်များနှင့် တိုက်ခတ်သံတို့က မြည်ဟည်းကျယ်လောင်လေလေ ဖြစ်၏။ တောရကျောင်းလမ်းကား လူနှစ်ယောက်ယှဉ်၍ မသွားနိုင်ဘဲ တစ်ယောက်သွားလမ်း ဖြစ်၏။ အချို့နေရာ၌ အနည်းငယ်ကြမ်းတမ်းသော်လည်း ပြေပြစ်ချောမောသည်က များပါ၏။

သပိတ်အိုင်တောရ ဆရာတော်ကြီးရှိစဉ်က ကျုံကရွာမှ ဒကာ၊ ဒကာမများ မကြာမကြာ ဤလမ်းကို ပြင်ဆင်ရကြောင်း၊ စနေ၊ တနင်္ဂနွေနှင့်ဥပုသ်နေ့များ၌ ဤလမ်းပေါ်တွင် ပွဲဈေးတန်းတမျှ စည်ကားလှကြောင်း၊ ဆရာတော်ကြီးကို လူအများက မြေလျှိုးမိုးပျံနိုင်သော အဘိညာဉ်ရ ရဟန္တာတစ်ပါးဟု ထင်ကြကြောင်း စသည်ဖြင့် တေဒဂ်(ဓမ္မဒူတ) အရှင်ပညာဓောတက လမ်းတစ်လျှောက်တွင် ပြောသွားပါသည်။

လမ်းဘေးဝဲယာရှိ သစ်ပင်ချုံနွယ်များကို ကြည့်မိရာ တောင်ကျည်း၊ နဘူးနွယ်၊ မင်းဘော၊ သဖွတ်မဲ၊ ဝက်ဝံသည်းခြေစသော သစ်ပင် ချုံနွယ်များကို တွေ့ရသည်။ မိုးအားကောင်းသဖြင့် စိမ်းလန်းစိုပြည်လျက်ရှိသည်။

ဒူးရင်း၊ ပိန္နဲ၊ မရန်း၊ တညင်းစသော စိုက်ပျိုးထားသည့် ဥယျာဉ်ခြံများကိုလည်း တွေ့ရှိရသည်။ ငရုတ်ကောင်း၊ ဖာလာစသော ပရဆေးပင်များပေါက်ရောက်သော တောလည်းဖြစ်သည်။

တစ်ကုန်းသက်ဆင်း တစ်ကုန်းနင်း၍ လှမ်းတက်ခဲ့ရာမှ အနယ်နယ်အရပ်ရပ်မှ ကုသိုလ်ရှင်များ ဆောက်လုပ်လှူဒါန်းထားသော တံတားကြီးငယ်များကိုလည်း ကူးခဲ့၊ ဖြတ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆက်လျှောက်လေလေ၊ တဖြည်းဖြည်း ရေတံခွန်သံများက ဆူညံလေလေ ဖြစ်သည်။ ကြီးမားသော စက်ရုံကြီးတစ်ရုံကဲ့သို့ မြည်ဟိန်းနေလေသည်။ မပွင့်တပွင့် တိမ်လွှာကို အသာဖွင့်၍ တိုးထွက်လာသော နေမင်းရောင်ခြည်ကြောင့် ကျောက်ဖျာများပေါ်မှဖြတ်၍ စီးဆင်းနေသော ရေတံခွန်များမှာ ဘော်ရောင်အသွေးကဲ့သို့ ဝင်းလက်၍နေ၏။

အကျီမပါ။ ပုဆိုးစုတ်ကလေးများ ပခုံးပေါ်တင်ကာ ဓါးကိုယ်စီဖြင့် သစ်ပင်ချုံနွယ်အကြား သွားလာတိုးလျှိုးနေကြသော မွန်၊ ကရင်၊ ဗမာ တောတွင်းခရီးသည်များကိုလည်း တွေ့ရ၏။ တောကားနက်လှ၏။ ၁-မိုင်ခွဲခန့်လျှောက်မိလျှင် အတက်အဆင်းများ ရှိလာ၏။ သို့သော် မကြီးလှ၊ ချောမော၏။ ၂-မိုင်ခန့်လျှောက်သော် တောင်ကြားသို့ရောက်သွား၏။ ဝဲယာတွင် ကျောက်တံတိုင်းများ ကာရံထားသကဲ့သို့ ရှိကြ၏။

သပိတ်အိုင်တောရသည် အစွန်အဖျားကျ၍ ရွာနှင့်ဝေးကွာလှသဖြင့် လူဆိုးနှင့် သူတော်ကောင်းများ လျှို့ဝှက်အပ်သောကိစ္စကို လွတ်လပ်စွာ လုပ်ကိုင်နိုင်သော နေရာဖြစ်သည်။ ဗုဒ္ဓဘုရားရှင်တို့ မွေ့လျော်သည့်ကျောင်းမျိုး ဖြစ်၏။ နောက်ဆုံး တံတားတစ်ခုကို ကျော်ရ၏။ ထိုအခါ ညိုမှိုင်းသော တောအုပ်တို့ကို တွေ့ရ၏။ တောအုပ်အဝရှိ တောင်ကျည်းပင်တွင် "သပိတ်အိုင် တောရကျောင်း၊ ကျုံကရွာ၊ ပေါင်မြို့နယ်၊ သထုံခရိုင်" ဟူသော ဆိုင်းဘုတ်ကို တွေ့ရ၏။ ထိုအခါ မိမိမှာ ဘဝင်ချမ်းမြ ရွှင်လန်းလှ၏။"

ဤသို့လျှင် အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရကျောင်းသို့ အသွားခရီးလမ်းကို စာပန်းချီ ခြယ်မှုန်းထားလေသည်။

## သပိတ်အိုင်တောရ

အရှင်ပညာဇောတနှင့်အတူ အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရသို့ ရောက်ရှိလာသည်။ တောင်ကုန်းကလေးပေါ်သို့ တက်မိသော် ဆောက်လုပ်ဆဲ ကျောင်းငယ်တစ်လုံးကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် ဝဲယာနှစ်ဖက်သို့ ကြည့်ရှုလိုက်သောအခါ တစ်နေရာတွင် စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။ ထိုစေတီငယ်မှာ ထုံးဖွေးဖွေးနှင့်ဖြစ်သည်။ **"သပိတ်အိုင် ဆုတောင်းပြည့်လွမ်းစေတီ"** ဟု ဆိုင်းဘုတ်တပ်ထားသည်။

အရှင်ဉာဏိသရသည် စေတီကလေး အောက်ဘက်နိမ့်ရာဒေသ၌ **"သုသာန်"** ဟူသော ဆိုင်းဘုတ်ကိုမြင်ရ၏။ ဤမြှုတောနက်၍ ဤမြှုဝေးလံပြီး ဤမြှု ဆွေးမြေ့ယိုယွင်းနေသော မိုးလေမလုံသည့် သစ်ပင် ချုံနွယ်များအကြားတွင် တောရကျောင်းကလေး တည်ရှိနေသည်။ ထိုတောရကျောင်းကလေးတွင် သပိတ်အိုင်ဆရာတော်ကြီးသည် ယခင်က တောရဆောက်တည် သီတင်းသုံးနေထိုင်ခဲ့သည်။ ယခုမူ အရှင်ပညာဇောတ သီတင်းသုံးနေသည်။ နှစ်ဝါပင် ရှိသွားပြီ။

အရှင်ပညာဇောတ၏ သီတင်းသုံးဖော်နှစ်ပါးကိုလည်း တွေ့ရသည်။ တစ်ပါးမှာ အရှင်ဝါသဝ(မိတ္ထီလာ) ဖြစ်သည်။ တောင်ကြီးမြို့ ဓမ္မသုခရိပ်သာမှ ကြွလာပြီး အရှင်ပညာဇောတနှင့်အတူ တောထွက်ခဲ့သူ ဖြစ်သည်။ ကျန်တစ်ပါးမှာ အရှင်ကေလာသ (ကျိုက်လတ်) ဖြစ်သည်။ အရှင်ပညာဇောတ ဆေးဝါးခတ်စာ စားနေခိုက် အရှင်ဝါသဝနှင့်အတူ အဖော်အဖြစ်နေထိုင်ရန် ရန်ကုန် ရွှေဥမင်တောရက ပို့ထားခြင်းဖြစ်သည်။ အရှင်နှစ်ပါးလုံး ကြည်ညိုစရာပင်။

## ခေါင်းကြီးနှစ်လုံး

သပိတ်အိုင်တောရကျောင်းသည် ရွာနှင့် နှစ်မိုင်ကျော်ကွာဝေးသည်။ မိနစ်လေးဆယ်ခန့် ခပ်ပြင်းပြင်းလျှောက်မှ ရွာသို့ရောက်သည်။ တောရကျောင်းအင်္ဂါနှင့် ကောင်းစွာညီညွတ်သည်။

အနောက်ဘက်မှလွဲ၍ ကျန်အရပ်သုံးမျက်နှာမှာ ရေစမ်းများဝိုင်းနေသည်။ အန္တရာယ်ပြုနိုင်သော သစ်၊ ကျား စသည်တို့၏ ဘေးရန်မှ ကာကွယ်ပြီးသား ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်
သပိတ်အိုင်တောရ၌
ရှုတင်ဆောက်တည်စဉ်က

အရှင်ဉာဏိဿရက စေတီအနီးရှိ 'သုသာန်' ဆိုသည့် ဆိုင်းဘုတ်ကလေးကို ကြည့်၍ "သုသာန်ဆိုတာ ဘာပါလဲဘုရား" ဟု အရှင်ပညာဇောတအား မေးမြန်းကြည့်သည်။

အရှင်ပညာဇောတက "ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ရွာသုသာန်ကို မသွားရဘဲ တောတွင်းမှာပဲ အလွယ်တကူ သုသာန်ရှုတင် ကျင့်နိုင်အောင် ပြုလုပ်ထားတာပဲ။ ရွာထဲက ကိုဘိုးစိန်နဲ့ ထွန်းဖေပု ဒကာကြီးနှစ်ယောက်တို့ရဲ့ အလောင်းနှစ်လောင်းကို ဆရာတော်ကြီးက အလှူခံပြီး မြှုပ်ထားတာ။ ဆရာတော်ကြီးက ရှုတင် ၁၃–ပါးလုံး ကျင့်သုံးတယ်" ဟူ၍ အရှင်ပညာဇောတက ရှင်းလင်းပြောပြသည်။

ကျောင်းကလေးပေါ်တွင် ခေါင်းကြီးနှစ်လုံးကို တွေ့ရသည်။ မှန်ခေါင်းမှာ ရွာကျောင်းဆရာတော်ကြီးတစ်ပါး၏ ခေါင်းဖြစ်သည်။ သစ်

www.burmeseclassic.com

www.burmeseclassic.com




သားခေါင်းမှာ ကျုံက၊ ပိတောက်ကုန်းရွာမှ မထိန်(အသက်–၆၀)ကျော်၏ ခေါင်းဖြစ်သည်။

ထိုခေါင်းကြီးနှစ်လုံးထဲတွင် အရှင်ပညာဇောတတို့သည် မိမိတို့အား လှူဒါန်းထားသော ဆပ်ပြာ၊ ဖယောင်းတိုင်၊ သက်န်း စသည်တို့ ထည့်ထားသည်။ ပစ္စည်းထည့်သော သေတ္တာကြီးများ ဖြစ်နေကြပြီ။

## သပိတ်အိုင်

ထို့နောက် အရှင်ပညာဇောတသည် သပိတ်အိုင်ဟုခေါ်တွင်သည့် ရေအိုင်ဘက်သို့ ခေါ်သွားသည်။ ရေအိုင်ထဲသို့ ရေများ တဝုန်းဝုန်း စီးဆင်းနေသည်။ စမ်းရေအဟုန်သည် ကျောက်တုံးအရွယ်အစား ငယ်၊ လတ်၊ ကြီးများကို မိနစ်တိုင်း၊ စက္ကန့်တိုင်း အတင်းတိုးတွန်းတိုက်လျက်ရှိ၏။



သီတဂူဆရာတော် သပိတ်အိုင်တောရစခန်း၌ တောရဆောက်တည်စဉ်။

www.burmeseclassic.com

www.burmeseclassic.com



စမ်းရေအိုင်ကြီးကား အကျယ် ၂၅–ပေခန့်၊ အနက် ၁၅–ပေခန့် ရှိသည်။ တောင်ချောက်ပေါင်းများစွာမှ စီးဆင်းလာသော စမ်းရေများ စုပေါင်း၍ သဘာဝအလျောက် ဖန်တီးပေးနေသော စမ်းရေအိုင်ကြီးဖြစ်သည်။ ထိုစမ်းရေအိုင်သည် ခပ်ဝိုင်းဝိုင်း ဖြစ်သည်။ သပိတ်ပုံသဏ္ဌာန်ကဲ့သို့ ရှိသည်။ ထို့ကြောင့် သပိတ်အိုင်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။ ထိုသပိတ်အိုင်ကို အကြောင်းပြု၍ သပိတ်အိုင်တောရကျောင်း၊ သပိတ်အိုင်တောရ ဆရာတော်ကြီး ဟူ၍ ခေါ်ဝေါ်ခြင်းဖြစ်သည်။ ယခုအချိန်တွင် စမ်းရေအိုင်ကြီးသည် ရေ၏တွန်းအားကြောင့် အတန်ငယ် ပျက်စီးနေပြီ။ သပိတ်ပုံသဏ္ဌာန် မပေါ်လွင်တော့ပေ။

သပိတ်အိုင်အတွင်း၌ ငါးမြင်းနီနှင့် ကျောက်ပုစွန်များ ရှိကြသည်။ ထိုငါးများကို ဆရာတော်ကြီးက ဆွမ်းကျန်များ ကျွေးလေ့ရှိသည်။ ဆရာတော်ကြီး သက်တော်ထင်ရှားရှိစဉ်က ဆရာတော်ကြီး၏ မေတ္တာရိပ်၊ ကရုဏာရိပ်ကို မှီခို၍ ချမ်းချမ်းသာသာ နေခဲ့ကြရသည်။ ယခုအခါ ဆရာတော်ကြီး ရှိစဉ်ကလောက် သူတို့တတွေ မချမ်းသာကြတော့ပေ။ တစ်ခါတစ်ရံ ငါးဖမ်းသူများပေါ်လာပြီး အလစ်တွင် ဖမ်းဆီးခံရရှာသည်။

## နှစ်ည

အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရကျောင်းတွင် နှစ်ညတာမျှ အိပ်စက်သည်။ အစမ်းသဘော တောရဆောက်တည်ပြီး နေကြည့်ခဲ့သည်။ စိတ်အေးချမ်းမှု ရခဲ့သည်။ ထို့နောက် ရွာထဲသို့ ဆွမ်းခံသွားရခြင်း၊ ပြန်ရခြင်း ဆွမ်း၊ ကွမ်းသပ္ပာယ မျှတခြင်း ရှိမရှိတို့ကို လေ့လာသည်။ စုံလင်စွာ သိရှိခဲ့ရသည်။ တစ်ပါးဆွမ်းခံသည့် ဆွမ်း၊ ဟင်းတို့မှာ ၃–ပါးအထိ ဘုဉ်းပေးသုံးဆောင်နိုင်အောင် လုံလောက်သည်ကို တွေ့ရသည်။

ရွာသူရွာသားများက ဆွမ်း၊ ဆွမ်းဟင်းများကိုသာမက မုန့်အမျိုးမျိုးနှင့် သစ်သီးအမျိုးမျိုးကိုပါ လောင်းလှူကြသည်။ မိုးလင်းသည်နှင့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ရွာထဲရှိ ဆွမ်းခံရပ်ကွက်ရှိ အိမ်တံခါးဝတိုင်းဝယ် ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ အသင့်ဖြစ်၍ နေကြပြီ။ ကျုံကရွာနှင့်အနီးရှိ နတ်ကြီးချောင်ရွာမှ စေတနာရှင်များသည်လည်း အလွန်သဒ္ဓါတရား ကောင်းကြသည်။ ဝီရိယလည်း ကောင်းကြသည်။

အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရကို နှစ်သက်သွားပြီ။ ထိုတောရမှာပင် လာရောက်၍ တောရဆောက်တည်တော့မည်ဟု ဆုံးဖြတ်လိုက်သည်။ ထို့နောက် အရှင်ပညာဇောတနှင့်အတူ ရန်ကုန်သို့ ပြန်ကြွခဲ့သည်။ အရှင်ပညာဇောတသည် ရန်ကုန် ရွှေဥမင်တောရတွင် ခေတ္တဆေးဝါးခတ်စာမှီဝဲရင်း ကျန်ခဲ့သည်။ ထို့နောက်မှ သပိတ်အိုင်တောရသို့ ပြန်ကြွသည်။

## တစ်နှစ်လွန်မြောက်သော်


အရှင်ဉာဏိဿရသည် ထိုနှစ် ထိုဝါတွင် တောရစခန်းသို့ မလှမ်းသာခဲ့။ ထုံးစံအတိုင်း စစ်ကိုင်းမှာပင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို အသေးစိတ်ပြန်လှန်လှေလာခဲ့သည်။ တစ်နှစ်လွန်မြောက်ပြီး နွေရာသီသို့ ရောက်သောအခါ မွေးရပ်မြေ သဲကုန်းမြို့သို့ တရားဟောရန်ကြွပြန်သည်။ တရားပွဲများအပြီးတွင် အရှင်ပညာဇောတရှိရာ သပိတ်အိုင်တောရသို့ စာရေးအကြောင်းကြားသည်။ ထို့နောက် ၁၃၃၄–ခုနှစ်၊ နယုန်လဆန်း ၁၂–ရက်နေ့တွင် သပိတ်အိုင်တောရကျောင်းသို့ ရောက်ရှိခဲ့လေသည်။ ထိုအချိန်၌ သက်တော် ၃၆–နှစ်ရှိသည်။

အရှင်ဉာဏိဿရက "တေဒဂ် (ဓမ္မဒူတ) အရှင်ပညာဇောတသည် မိမိအား သည်မျှလောက် နှစ်သက်ဖွယ်ကောင်းသည့် သပိတ်အိုင်တောရသို့ အရောက်ပို့ဆောင်ပေးသည့် "ကလျာဏ နိဝေသက–သိက္ခိတ" မိတ်ဆွေကောင်းတစ်ပါးပင် ဖြစ်ပါတော့သည်"ဟု မှတ်တမ်းတင်ဖော်ပြခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဖားအောက်ဆရာတော်ကြီး အရှင်အာစိဏ္ဏ

## အရှင်မြတ်၃-ပါး

အရှင်ဉာဏိဿရသည် သပိတ်အိုင်ဆရာတော်ကြီး ဦးကိတ္တိ (၁၂၅၅-၁၃၃၁) လွန်တော်မူပြီး ၃-နှစ်အကြာတွင်မှ ထိုတောရသို့ ရောက်ရှိသွားခြင်းဖြစ်သည်။ သူရောက်ရှိချိန်တွင် တောရကျောင်းကလေး၌ ရဟန်း သုံးပါးရှိနေသည်။

ပထမတစ်ပါးမှာ အရှင်အာစိဏ္ဏ ဖြစ်သည်။ ဝိနည်းစည်းကမ်းကို အထူးစောင့်ရှောက်သည်။ ပြင်းထန်စွာ တရားကျင့်သည်။ လေးနက်သော အတွေးအခေါ်ရှိသည်။ နောင်အခါ ထင်ရှားကျော်ကြားသော ဖားအောက် တောရ ကမ္မဋ္ဌာနာစရိယဆရာတော်ကြီး ဖြစ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အရှင်အာစိဏ္ဏသည် အရှင်ဉာဏိဿရတို့နှင့် ခေတ္တအတူ သီတင်းသုံးပြီးနောက် အစင်တောရ (ရေးမြို့နယ်)သို့ ပြောင်းရွှေ့သည်။ အဆက်အသွယ်ကား မပြတ်ပေ။

ဒုတိယရဟန်းတော်မှာ အရှင်၏ မိတ်ဆွေကောင်း၊ မိတ်ဆွေမှန် အရှင်ပညာဇောတ ဖြစ်သည်။ အရှင်ပညာဇောတသည် ဝိနည်းလည်း လေးစားသည်။ စာပေလည်း နှံ့စပ်သည်။ တရားဟော၊ တရားပြ၊ စာချ၊ စာရေး စွယ်စုံရသည်။ အရှင်ပညာဇောတနှင့်အတူ အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရတွင် အတူနေသည်။

တတိယရဟန်းတော်မှာ အရှင်ကေလာသ ဖြစ်သည်။ ထိုအရှင်သည် ဓုတင် ၁၃–ပါးဆောင်လျက် ဝိပဿနာကို အားထုတ်သည်။ ဝိနည်းလည်း လေးစားသည်။ ထိုစဉ်က ရွှေရာသီရောက်တိုင်း ရန်ကုန်မှ ရွှေဉမင်ဆရာတော်ကြီး ဦးကောသလ္လ ကြွတော်မူလေ့ရှိသည်။

## ခေါင်းကြီးဘေးဝယ်

အရှင်ဉာဏိဿရသည် ကျောင်းငယ်ရှိ အခန်းငယ်တွင် သီတင်းသုံးရသည်။ အိပ်ရာနံဘေးတွင် ကျုံကရွာကျောင်း ဆရာတော်ကြီး၏ ရုပ်ကလာပ်ကို ထည့်သွင်းသင်္ဂြိုဟ်စဉ်က ရုပ်ကလာပ်ထည့်သော ခေါင်းအဟောင်းကြီး ထားရှိသည်။ ထိုခေါင်းကြီးနှင့်အတူ ယှဉ်တွဲအိပ်ရသည်။

## သပိတ်အိုင်ဆရာတော်ကြီး၏ အလေ့အထ

သပိတ်အိုင်တောရ ဆရာတော်ကြီး ဦးကိတ္တိသည် သက်တော်ထင်ရှားရှိစဉ်က နံနက် ၅–နာရီခွဲတွင် ဆွမ်းခံထွက်သည်။ အိမ်စဉ်ရပ်၍ ဆွမ်းခံသည်။ ၇–နာရီမှာ ပြန်ရောက်သည်။ ၈–နာရီမှာ ဆွမ်းစားသည်။ ဆွမ်းကို တစ်ထိုင်တည်း၊ တစ်ထပ်တည်းစားသည်။ ကျောင်းမှာ မီးဖိုမရှိ၊ မီးဖိုဆောင်မရှိ။ ကြောင်အိမ်(သို့မဟုတ်) လှောင်အိမ်မရှိ။ ပိုနေသော ဆွမ်း

www.burmeseclassic.com

www.burmeseclassic.com





သပိတ်အိုင်ဆရာတော်ကြီး ဦးကဝိန္ဒ (မြန်မာ ၁၂၅၅-၁၃၃၁)

www.burmeseclassic.com

www.burmeseclassic.com



ထမင်းများကို တောတွင်း၌သွားလာသူများအား ကျွေးသည်။ အိုင်ထဲမှ ငါးများကို ကျွေးသည်။ ရှဉ့်နက်၊ ရှုးပျံနက်၊ တောမျောက်များကို ကျွေးသည်။

ထို့နောက် နံနက်ခင်း ၈–နာရီမှ ၁၂–နာရီအထိ လူများ၏ အဖူးမြော်ခံသည်။ ၁၁–နာရီကျော်လျှင်ကား တရားအနည်းငယ်သာဟောပြီး လူများကို နှင်ထုတ်သည်။ စင်္ကြံလျှောက်သည်။ နေ့လယ် ၁၂–နာရီတွင် ကျောင်းခန်းကလေးကို တံခါးပိတ်၍ တရားအားထုတ်သည်။ ဘယ်သူ့ကိုမှ အတွေ့မခံတော့။

ညနေစောင်းတွင်မှ သေနာသနဝတ်ပြုရန် ကျောင်းသခ်မ်းမှ ထွက်သည်။ တံမြက်လှည်းသည်။ ထို့နောက် ရေသုံးသပ်ပြီး ကျောင်းထဲ ပြန်ဝင်သည်။ သန်းခေါင်ကျော်အချိန်ထိ တရားအားထုတ်သည်။ သန်းခေါင်ကျော်သောအခါ စင်္ကြံလျှောက်၍ ခဏမျှ ကျိန်းစက်သည်။ အရုဏ်မတက်မီ အိပ်ရာမှထ၍ တရားအလုပ်စပြန်သည်။

အရှင်ဉာဏိဿရတို့သည် သပိတ်အိုင်ဆရာတော်ကြီး၏ လမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာကြသည်။ ကျင့်သုံးကြသည်။ သို့သော် ဆရာတော်ကြီးနှင့် မတူသည့်အချက်မှာ ဝါတွင်းကာလ ဥပုသ်နေ့များတွင် မိမိတို့ဆွမ်းခံကြွရာ ကျုံကာ၊ နတ်ကြီးချောင်း၊ ဘန့်ဘွေးကုန်းရွာမှ ဒကာ၊ ဒကာမများကို ၁၂–နာရီမှ ၁–နာရီအထိ တရားဟောပြောခြင်း ဖြစ်သည်။

## ဓမ္မသာကစ္ဆာ

အရှင်ဉာဏိဿရတို့သည် တစ်ပါးနှင့်တစ်ပါး မဆက်သွယ်ကြ။ နံနက်တိုင်း ၅–နာရီတွင် ရွာသို့ဆွမ်းခံမဆင်းမီ သပိတ်သင်္ကန်း ပြင်ဆင်ချိန်ဝယ် ၃–ပါးဆုံဖို့ တစ်နေရာတွင် ချိန်းချက်သတ်မှတ်သည်။ ဆွမ်းခံထွက်ခါနီး ၃–ပါးဆုံမိသောအချိန်၊ သပိတ်သင်္ကန်းပြင်စဉ် အရုဏ်ဦးတွင် တရားဆွေးနွေးကြသည်။ အပြန်အလှန် ဖိတ်ကြားကြသည်။ တင်ပြကြသည်။ ထိုအချိန်ကလေးသည် ဓမ္မသာကစ္ဆာ မင်္ဂလာအချိန်ပင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## စကားမပြောကြ

သူတို့ ၃–ပါးသည် ဆွမ်းခံသွားသော်လည်း စကားမပြောကြ။ ကိုယ့်လမ်း ကိုယ်သွားကြသည်။ အချိန်တန်၍ ကျောင်းပြန်သော်လည်း ကိုယ့်ကျောင်းခန်းမှာပင် တစ်ပါးတည်း ဆွမ်းစားသည်။ တစ်နေ့လုံး၊ တစ်ညလုံး စကားမပြောကြ။ အရှင်ဉာဏိဿရ၏ အိပ်ရာဘေးရှိ ခေါင်းကြီးထဲတွင် သပိတ်အိုင်ဆရာတော်ကြီး၏ စာအုပ်ဟောင်းများနှင့် မှတ်စုမှတ်တမ်း အဟောင်းများ ရှိသည်။ အရှင်သည် ယင်းတို့ကို တစ်ခါတစ်ရံ အနည်းငယ်စီ ဖတ်ကြည့်မိသည်။

## ဆရာတော်ကြီး၏ မှတ်တမ်းများ

မှတ်တမ်းများကား စုံလင်လှသည်။ မြန်မာ့နိုင်ငံရေးသတင်းများလည်း ပါသည်။ ကမ္ဘာ့နိုင်ငံရေးသတင်းများလည်း ပါသည်။

ဆရာတော်ကြီး၏ မှတ်တမ်းတစ်ခုတွင် စူးအက်တူးမြောင်း၌ အီဂျစ်၊ အစ္စရေး စစ်ဖြစ်သောအခါ ဆရာတော်ကြီးက အထူးမေတ္တာပို့ပေးခဲ့ကြောင်းလည်း ပါသည်။ ဗီယက်နမ်မှာ အမေရိကန်က ဗုံးတွေကြဲရာတွင် မေတ္တာပို့ပေးခဲ့ကြောင်းလည်း ပါသည်။ ကိုယ့်ကိုယ်ကိုယ် မီးတင်ရှို့ဆန္ဒပြသော ဗီယက်နမ်ဘုန်းကြီးများအကြောင်းလည်း ပါသည်။ သူတို့မှာ ဘုရားလောင်းဟုဆိုကြသော်လည်း စင်စစ် ဂေါတမဘုရားလောင်း ယုန်မင်းကဲ့သို့ မဟုတ်၊ အစွန်းရောက် ဘုရားလောင်းတွေသာဖြစ်ကြောင်းလည်း မှတ်ချက်ချ ရေးသားထားသည်ကို တွေ့ရသည်။

## သူခိုးကိုသိ

တစ်နေ့တွင် သပိတ်အိုင် ဆရာတော်ကြီး ဆွမ်းခံကြွနေခိုက် ဒကာ၊ ဒကာမများက ဆရာတော်ကြီးအားလှူရန် ကျောင်းရှေ့၌ ငါးသေတ္တာ၊ နို့ဆီ၊ ဖယောင်းတိုင်၊ မုန့်သေတ္တာများကို စုပုံထားသည်။ ယင်းတို့ကို သူခိုးက ခိုးသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်ကြီးသည် သူခိုးမှာ မည်သူဖြစ်သည်ကို မမြင်ရဘဲ သိနေသည်။ သူ့မှတ်တမ်းစာအုပ်ထဲတွင် "တပို့တွဲလဆန်း ၁၃–ရက်နေ့က ကျောင်းမှာ သူခိုးခိုးတယ်။ ဘယ်သူခိုးလဲလို့ မေးနေကျနတ်ကို ခေါ်မေးလိုက်တယ်။ ထွန်းကြိုင့်သား တင်သိန်း ခိုးတယ်လို့ပြောတယ်" ဟူ၍ ရေးမှတ်ထားသည်ကို တွေ့ရသည်။ **(ထိုမှတ်သားချက် အတိုင်းပင် မကြာမီပင် တင်သိန်းခိုးကြောင်း သိရှိရသည်။)**

## လေးကိုယ်ခွဲ ဆွမ်းခံသတဲ့

သပိတ်အိုင်ဆရာတော်ကြီးသည် ကျုံက၊ မော်လမြိုင်၊ ဘီလူးကျွန်း၊ သထုံတို့ကို တစ်မနက်တည်း လေးကိုယ်ခွဲ ဆွမ်းခံကြွနေကြောင်း မကြာခဏ ဟိုးလေးတကျော် ဖြစ်ကြသည်။

စင်စစ် သပိတ်အိုင်ဆရာတော်ကြီးသည် ကျုံကရွာကလွဲလျှင် အခြားဘယ်ကိုမှ မကြွခဲ့ပေ။ သို့ရာတွင် မော်လမြိုင်တွင် နံနက်ခင်း၌ လောင်းလှူလိုက်ရသူများက သူတို့၏ အလှူပစ္စည်းများကို အမှတ်အသားပြု၍ သပိတ်အိုင်ကို အပြေးအလွှား လာကြည့်ကြသည်။ ထိုအခါ သူတို့ အလှူပစ္စည်းများကို ဆရာတော်ကြီးဆွမ်းစားသော ဘေးနားတွင် တွေ့ရသည်။

ကျုံကရွာမှလူများကလည်း ဆရာတော်ကြီး ကျုံကရွာမှလွဲ၍ ဘယ်မြို့၊ ဘယ်ရွာကိုမှ ဆွမ်းခံမသွား။ နံနက်တိုင်း မိမိတို့ရွာတွင် ဆွမ်းခံကြွသည်ဟု အခိုင်အမာပြောကြ၏။

## နတ်စောင့်ရှောက်တာ

ဤဆန့်ကျင်ဘက်ဖြစ်ရပ်နှစ်ခုကို ဆရာတော်ကြီးက "နတ်တွေ ချစ်တာ ကောင်းသလား။ ကိုယ်စောင့်နတ်ဆိုတာ ကိုယ်ကျင့်တရား ဖြစ်ရမယ်။ ခုတော့ ကိုယ်စောင့်နတ်တွေ ကြည်ညိုလို့ သူတို့စောင့်ရှောက်တာ ငါ ဒုက္ခများတယ်" ဟု မှတ်တမ်းတင်ရေးသားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မှတ်တမ်းတင်ရေးထားသော စာရွက်ဟောင်းကလေးများကို အရှင်ဉာဏိဿရ တွေ့ရှိခဲ့ရသည်။

## သူပုန်လက်မှ လွတ်လာသူ

တစ်ခါက နတ်ကြီးချောင်ရွာမှ ကရင်အမျိုးသမီးတစ်ယောက်ကို သူပုန်များက ပြန်ပေးဆွဲသွားကြသည်။ အချုပ်ခန်းထဲ ထည့်ထားသည်။ နောက်တစ်နေ့တွင် အချုပ်ခန်းထဲသို့ ဆရာတော်ကြီးကိုယ်တိုင် ကြွလာသည်။ ကြိုးများဖြေ၍ တံခါးဖွင့်ပေးသည်၊ ထိုအမျိုးသမီး လွတ်မြောက်လာခဲ့သည်။

ထိုအကြောင်းကို ထိုအမျိုးသမီးက အရှင်ဉာဏိဿရတို့အား ပြောပြသည်။

ထိုအခါ အရှင်ဉာဏိဿရက "တကယ်တော့ သူပုန်စခန်းကို ဆရာတော်ကြီး ကြွလာတာမဟုတ်ဘူး။ ဆရာတော်ကြီးအနားက နတ်တစ်ပါးပါးက ဆရာတော်ကြီးဟန်ဆောင်ပြီး ကြိုးဖြေ၊ တံခါးဖွင့်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်"ဟူ၍ မိန့်ဆိုသည်။ အကြောင်းမဲ့ မိန့်ဆိုသည်မဟုတ်။ ဆရာတော်ကြီး၏ မှတ်တမ်းများအရ မိန့်ဆိုခြင်းဖြစ်သည်။

## နတ်များကိုမေး

"ဆရာတော်ကြီးကို စောင့်ရှောက်ကဲ့ ကိုယ်စောင့်နတ်တွေကြောင့် ကျေးဇူးများတာတွေလည်း ရှိတယ်။ တစ်ခါက ဥပုသ်နေ့မှာ သထုံ၊ မော်လမြိုင်ကလူတွေ နံနက်ဆွမ်းမခံမီ ကျုံကရွာကိုလာပြီး ဆွမ်းလောင်းကြတယ်။ တောကျောင်းပေါ်တက်၊ ဆွမ်းခဲဖွယ်ကပ်၊ တရားတိုထွာ နာကြတယ်။ ၁၁-နာရီမထိုးမီ သူတို့ကို ပြန်သွားဖို့အတွက် တောလမ်းခရီးမှာ သူပုန်၊ ဓားပြတွေရှိမရှိ ဆရာတော်ကြီးက နတ်တွေကို မေးတယ်။ ဘေးမရှိဘူးဆိုမှ သူတို့ကို ပြန်လွှတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရံဖန်ရံခါ လမ်းမှာ သူပုန်ကွေ့ရှိနေတယ်လို့ နတ်ကပြောရင် ကျောင်းရောက်နေတဲ့သူတွေကို ကျောင်းထဲက သစ်ပင်ရိပ်မှာပဲ တရားထိုင်ခိုင်းထားတယ်။ လမ်းရှင်းမှ သူတို့ကို ပြန်စေခဲ့တယ်။ အဲဒီအကြောင်းတွေ ဆရာတော်ကြီးရဲ့ မှတ်တမ်းတွေထဲမှာ တွေ့ရတယ်”ဟု အရှင်ဉာဏိဿရက မိန့်ဆိုခဲ့သည်။

အရှင်ဉာဏိဿရသည် တောရဆောက်တည်စဉ် နေ့လယ်ခင်း၌ ၂–နာရီခန့် စာဖတ်သည်။ စာဖတ်ရာ၌ ဒီဃနိကာယ်နှင့် မဇ္ဈိမနိကာယ်မှ သုတ်တော်ကြီးများကို အာဂုံကျက်သည်။ ဗြဟ္မဇာလသုတ်၊ မဟာသတိပဋ္ဌာနသုတ်၊ မဟာအာဋ္ဌာနာဋိယသုတ်၊ မဟာသမယသုတ်တော်ကြီးများကို နေ့စဉ် ရွတ်ဖတ်ခဲ့သည်။ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ်တို့ကို နံနက် အိပ်ရာထတွင် ရွတ်ဆိုသည်။

စာဖတ်ရာ၌ ပဋိသမ္ဘိဒါမဂ်နှင့် ဝိသုဒ္ဓိမဂ်ကျမ်းကြီးများကို သေချာစွာ အပြန်အလှန် ဖတ်ရှုသည်။ ခေတ်ပေါ်ဝိပဿနာကျမ်းများကိုမူ သပိတ်အိုင်တောရဆရာတော်ကြီး၏ “ရှုဋ္ဌာသောတာပန်ဖြစ်ခန်း ဓာတ်ကမ္မဋ္ဌာန်းကျမ်း” မှလွဲ၍ အခြားမည်သည့်ကျမ်းကိုမှ မဖတ်ပေ။

## မြွေ–မြွေ

မိုးရာသီတွင် တစ်ခါတစ်ရံ ၇–ရက်နီးပါးမျှ မိုးကြီး မပြတ်ရွာတတ်သည်။ ထိုအခါ တောင်ကြား၊ မြောင်းကြားမှ မြွေများ ရေမွန်းသဖြင့် ကမ္မဋ္ဌာန်းကျောင်းထဲ ဝင်လာသည်။ မိုးခိုနေကြသည်။ ထုပ်၊ လျှောက်၊ ဒိုင်း၊ မြားတွေပေါ်တွင် အေးအေးဆေးဆေး နေကြသည်။

“တစ်ခုသောညမှာ မြွေပွေးတစ်ကောင်ဟာ ဘုန်းကြီးရဲ့ ခုတင်ခေါင်းရင်းက အကာတန်းပေါ်မှာ ဆန့်ဆန့်ကလေး နားခိုနေတယ်။ ခုတင်ပေါ်မှာ ပက်လက်လှန်နေတဲ့ ဘုန်းကြီးက ကြက်သီးထလာတာကြောင့် ခေါင်းအုံးဘေးက ဓာတ်မီးကိုစမ်းယူပြီး မီးထိုးကြည့်လိုက်တယ်။ ဒီအခါ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းရင်းခုတင်တန်းပေါ်က မြွေကို လက်နဲ့ထိမိတယ်။ မြွေက အေးအေးဆေးဆေး အိပ်နေတယ်။ ဘာမှမလုပ်ဘူး။ ကျောင်းနံရံနဲ့ အမိုးတွေပေါ် ဓာတ်မီးနဲ့ ထိုးကြည့်လိုက်တော့လဲ မြွေတွေ အများကြီးပဲ။

ဘုန်းကြီးက စဉ်းစားတယ်။ "သြော်–သူတို့တစ်တွေ တောင်ကျရေမှာ မျောမှာကြောက်လို့ ကျောင်းကလေးကို ခိုကိုးရာလုပ်ကြတယ်။ ငါလည်း သံသရာပင်လယ်ကြောမှာ မျောမှာကြောက်လို့ တရားတော်ကို ခိုကိုးရာလုပ်တာ။ ကြောက်သူနဲ့ ခိုကိုးရာရှာသူ အတူတူပဲ။"

အဲဒီလိုစဉ်းစားပြီး အေးအေးဆေးဆေး ကိုယ့်အလုပ်ကို ဆက်လုပ်ပါတယ်။ မိုးလေကင်းတဲ့ အချိန်ရောက်တော့မှ သူတို့အားလုံး ဆင်းသွားကြတယ်" ဟူ၍ အရှင်က မိန့်တော်မူခဲ့သည်။

## ရေစီးမှာမျော

တစ်ခါက ဆွမ်းခံကြွရာတွင် တောရကျောင်းနှင့် ကျုံးကရှာသွားသော ဆွမ်းခံလမ်းတစ်လျှောက်ရှိ စမ်းချောင်းများအားလုံး ရေတွေလျှံနေသည်။ စမ်းချောင်းကြီးတစ်ခုကို ဖြတ်အကူးတွင် ခါးလယ်လောက်ရှိသော ရေထဲမှာ တည်ငြိမ်အောင်ရပ်၍မရ၊ ရေစီးမှာ မျောပါသွားသည်။ ဆွမ်းသပိတ်ထဲသို့ ရေမဝင်အောင် သပိတ်ကလေးကို အသာထိန်းပြီး လက်တစ်ဖက်ဖြင့် ထောင့်ဖြတ်ကူးရသည်။ ဟိုဘက်ကမ်းရောက်မှ ကမ်းပေါ်တက်၍ ရုန်းထွက်ခဲ့ရသည်။

"ဘဝသံသရာပင်လယ်မှာ ကူးဖို့၊ ဝဲဩဃလေးဖြာသံသရာကို လွန်မြောက်ဖို့ဆိုတာ အတော်ကြိုးစားရမယ်လို့ ဒီစမ်းချောင်းနဲ့ တောင်ကျရေက ပြသလိုက်ပါတယ်" ဟူ၍ အရှင်က မိန့်တော်မူခဲ့သည်။

## မေခါဝီ

သပိတ်အိုင်တောရ၌ တောရဆောက်တည်စဉ် မမေ့နိုင်သော ဖြစ်ရပ်တစ်ခုကို အရှင်ဉာဏိဿရ ကြုံတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုသောညတွင် ရင်ဘတ်ပေါ်မှာ လက်နှစ်ဖက်တင်ပြီး လဲလျောင်းနေတဲ့ ဘုန်းကြီးရဲ့လက်ကို တစ်စုံတစ်ယောက်က သေချာလာကိုင်ပြီးတော့ ခဏလေး မ,ပြီး ဆုပ်နမ်းနေတယ်။ ဘုန်းကြီးကရုန်းပြီး ရင်ဘတ်ပေါ် လက်ပြန်ထားတယ်။ နှစ်ကြိမ်မြောက် လာကိုင်တယ်။ ဘုန်းကြီးကလည်း လက်ပြန်ထားတယ်။

"သုံးကြိမ်မြောက်မှာတော့ တောရကျောင်းရဲ့ သန်းခေါင်ယံမှာ ဘယ်သူမှန်းလည်း မသိရ။ သူ့ကိုလည်း မမြင်ရ။ ကိုယ့်အလုပ် အနှောင့်အယှက်ဖြစ်တယ်ဆိုပြီး ထိုလက်ကိုင်တဲ့ သတ္တဝါကို "ဟယ်–သူတစ်ပါးအလုပ်လုပ်နေတာကို ဘယ်သူလာနှောင့်ယှက်တာလဲ" လို့ မေးလိုက်တယ်။

"အဲဒီတော့ လက်ကိုကိုင်တဲ့သတ္တဝါက ပြန်ပြောတယ်။ "နှောင့်ယှက်နေတာ မဟုတ်ပါဘူး။ စောင့်ရှောက်နေကြောင်း အသိပေးတာပါတဲ့။"

"အဲဒီတော့ 'စောင့်ရှောက်နေတာ ဘယ်သူလဲကွ' လို့ အော်မေးလိုက်တယ်။ အဲ့ဒီတော့ သူက ပြန်ပြောသွားတယ်။ **'မဓာဝီပါဘုရား'** တဲ့" ဟူ၍ နောင်အခါတွင် ဆရာတော် အရှင်ဉာဏိဿရက ပြန်လည်ပြောပြခဲ့သည်။

## ထူးဆန်းသော မြွေကြီး

ထိုညတွင် အရှင်ဉာဏိဿရသည် အိပ်မပျော်။ သန်းခေါင်ကျော်လင်းအားကြီးပိုင်းအချိန်တွင် ကျောင်းနောက်ဘက် သဲလမ်းကလေးပေါ်တွင် စင်္ကြံလျှောက်နေသည်။ လရောင်ကလေးကလည်း ခပ်ရေးရေး လင်းလက်နေသည်။

စင်္ကြံလျှောက်၍ ခေါက်ရေ ၁၀၀–ကျော်လောက် လျှောက်ပြီးသောအခါ ညောင်းညာမှုနှင့် ငိုက်မျဉ်းမှုတွေ ပြေပျောက်သွားသည်။ စင်္ကြံထိပ်ကျောက်တုံးပေါ်တွင်သွားထိုင်ရန် ကျောက်တောင်ဆီသို့ သွားသည်။ ထိုစဉ်မြွေကြီးတစ်ကောင် ထွက်လာသည်။ အရွယ်ပမာဏ ခြေသလုံးလောက်ရှိသည်။ အဝါတစ်တန့်၊ အဖြူတစ်တန့်၊ အနက်တစ်တန့် အဆင်းရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမြွေကြီးသည် စင်္ကြံလမ်းကို ကန့်လန့်ဖြတ်လျက် ပိတ်ထားသည်။ အရှင်ဉာဏိဿရက ခေတ္တရပ်ကြည့်သည်။ ထို့နောက် မြွေကြီးကို ဖြတ်ကျော်မသွား၊ ပြန်လှည့်သည်။ လေးကြိမ်လောက် ခေါက်တုံ့ခေါက်ပြန် လျှောက်ပြီးသောအခါတွင်မှ မြွေကြီးသည် တောင်ကြားထဲသို့ ဆင်းသွားလေတော့သည်။

## တစ်ပါးတည်းကျန်

တစ်နှစ်ခန့်အကြာတွင် အရှင်ပညာဇောတနှင့် အရှင်ကေလာသတို့သည် အစင်တောရ (ရေးမြို့နယ်)သို့ ပြောင်းရွှေ့သွားကြသည်။ သူတို့နှစ်ပါးမရှိသောအခါ အရှင်ဉာဏိဿရတစ်ပါးတည်း ကျန်ခဲ့သည်။

သပိတ်အိုင်တောရ ဆရာတော်ကြီး သီတင်းသုံးခဲ့သောကျောင်း (ထိုစဉ်က အရှင်ဉာဏိဿရ သီတင်းသုံးခဲ့သောကျောင်း)မှာ သစ်ပင်တွေ ပြည့်ကျပ်ပိတ်ဖုံးနေသည်။ တစ်နှစ်လုံး နေပြောက်လုံးဝမထိုး။ မိုးရာသီတစ်ခုလုံး တစ်ကျောင်းလုံး စိုစိမ့်နေသည်။ ရေစိုနေသော သင်္ကန်းများမှာလည်း တစ်ဝါတွင်းလုံး ရေစို၍သာနေသည်။ မခြောက်နိုင်။ ထို့ကြောင့်လည်း အရှင်ပညာဇောတနှင့် အရှင်ကေလာသတို့ ငှက်ဖျား မကြာမကြာ ဖြစ်ခဲ့ရသည်။


သို့ဖြင့် အရှင်ဉာဏိဿရသည် ကျောင်းကိုလည်း ပြင်ဆောက်မည်။ နေရောင်ခြည်လည်း ရအောင်ပြုမည်။ ရုက္ခစိုးနတ်များကိုလည်း ကျောင်းဒကာဖြစ်အောင် ပြုမည်ဟူသော ရည်ရွယ်ချက်များဖြင့် ကျောင်းပတ်ဝန်းကျင်တွင် ပိတ်ဖုံးနေသော သစ်ပင်များကို ခုတ်လှဲပစ်ဖို့ ဆုံးဖြတ်လိုက်သည်။

သစ်ပင်များကို လှဲမည်ဆိုတော့ တစ်နယ်လုံး၊ တစ်ရပ်လုံးက ထိတ်လန့်ကာ အရှင်ဉာဏိဿရကို ဝိုင်းဝန်းကန့်ကွက်ကြသည်။ အရှင်ဉာဏိဿရက ကန့်ကွက်ချက်ကို လက်မခံ။ ဆုံးဖြတ်ချက်အတိုင်း ပြုသည်။

www.burmeseclassic.com

www.burmeseclassic.com







ဓမ္မဒူတ အရှင်ပညာဇောတထံ ပေးပို့သော
သီတဂူဆရာတော်၏ ပေးစာလက်ရေးမူရင်း

www.burmeseclassic.com

www.burmeseclassic.com





မွေ့ဒူတ အရှင်ပညာဇောတထံ ပေးပို့သော
သီတဂူဆရာတော်၏ ပေးစာလက်ရေးမူရင်း

www.burmeseclassic.com

www.burmeseclassic.com



## သစ်ပင်များလှဲ

အရှင်သည် သစ်ပင်များကိုမလှဲမီ တစ်ဝါတွင်းလုံး မိုးလေကင်းသောညများ၌ လှဲမည့်သစ်ပင်များခြေရင်းတွင် တရားထိုင်သည်။ မမြင်ရသော သတ္တဝါများအား ကျောင်းဆောက်ခြင်း၏ အကျိုးတရားကို ဟောသည်။ မဟာသုတ္တန်ကြီးလေးသုတ်ကိုလည်း ရွတ်သည်။ မေတ္တာပို့သည်။ အမျှဝေသည်။

ဤသို့ ညစဉ်လိုလို ပြုခဲ့ရာမှ မိုးလေးလကုန်ဆုံးသော တန်ဆောင်မုန်းလပြည့်နေ့တွင် သပိတ်အိုင် လွမ်းစေတီရင်ပြင်ပေါ်၌ ထိုင်သည်။ ကျောင်းဆောက်ခြင်း၏ အကျိုးတရားကို ညလုံးပေါက်ဟောသည်။ မဟာသမယသုတ်ကြီးလေးသုတ်ကိုလည်း ရွတ်သည်။


ထို့နောက် "သစ်ပင်ပိုင်ရှင်တွေ၊ မင်းတို့ရဲ့ သစ်ပင်တွေကို၊ မင်းတို့ချစ်တဲ့ ဆရာတော်ကြီးကျောင်းကို ဆောက်ရာမှာ ထည့်ဆောက်မယ်။ မင်းတို့ ကျောင်းဒကာအဖြစ် ခံယူကြ။ ကျောင်းလှူရတဲ့အကျိုးကြောင့် အနာထပိဏ်နတ်သား၊ ဝိသာခါနတ်သမီးတို့နှင့်အတူတူ ဘဝသံသရာ ထွက်ပေါက် ရောက်ကြမှာဖြစ်တယ်" စသည်ဖြင့် တရားဟောသည်။ ကောင်းစွာ အမျှဝေသည်။

ထို့နောက် "ဒီသစ်ပင်တွေလှဲတာကို မကျေနပ်တဲ့ အနှောင့်အယှက်ပေးမဲ့သတ္တဝါရှိရင် အခုပဲ သဘောမတူကြောင်း လာပြတဲ့အနေနဲ့ စေတီပေါ်မှာ ငါထွန်းထားတဲ့ ဖယောင်းတိုင်တွေကို မင်းတို့ငြိမ်းလိုက်ကြ။ ဝမ်းမြောက် သဘောတူကြရင်တော့ ဆီမီးတွေလည်း ထိန်ထိန်ညီးအောင် လင်းနေတာကို ကူညီကြ။ လင်းမြဲလင်းနေပါစေ။ ဘုရားဆည်းလည်းလေးတွေလည်း လှုပ်လာအောင် ကူညီကြ။ လေညင်းတိုက်ပြီး တောစပယ်ရိုင်းအနံ့ကလေးများလည်း သင်းပျံ့လာပါစေ" ဟူ၍ အဓိဋ္ဌာန်ပြုလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com





သပိတ်အိုင်တောရစခန်းရှိ လွမ်းစေတီနှင့် သီတဂူဆရာတော်

## သာခုသံလိုလို

မကြာမီပင် လေညှင်းကလေးများ တိုက်ခတ်လာသည်။ ဆည်းလည်းသံကလေးများလည်း ကြည်နူးဖွယ် မြည်လာကြသည်။ တောစံပယ်ပန်းကလေးများ၏ သင်းရနံ့များသည်လည်း စေတီတစ်ခွင်တွင် သင်းပျံ့နေကြသည်။ သပိတ်အိုင်တောကြီးတစ်ခုလုံးထဲမှ သာခုသံလိုလို အုပ်အုပ်ငြိမ်ငြိမ် ခပ်တိမ်တိမ် အသံထုကြီးကိုလည်း ကြားလိုက်ရသည်။ အရှင်ဉာဏိဿရသည် နောက်တစ်နေ့ နံနက်ဆွမ်းခံထွက်ရာမှ ကျုံကရွာသူကြီး ဦးတင်ဖေ၊ ကျောင်းကပ္ပိယလူကြီး ဦးထွန်းအောင်၊ ဦးထွန်းကြိုင်၊ ဦးအောင်ဘော်၊ ဦးအောင်ထွန်း၊ ဦးလုကြည်တို့ကို ခေါ်သည်။ အကျိုးအကြောင်း ရှင်းပြသည်။ ကျောင်းပြင်၊ ကျောင်းဆောက် လုပ်ငန်းစဖို့ ညွှန်ကြားသည်။

ဦးအောင်ထွန်းတို့အားလုံးပင် ကြောက်လန့်နေကြသည်။ အရှင်ဉာဏိဿရက မကြောက်ဖို့၊ မလန့်ဖို့ အားပေးရသည်။ သို့ဖြင့် သူတို့သည် သစ်ပင်များကို လှဲကြသည်။ တောကျောင်းဝင်းထဲမှာပင် လွှစင်ဆောက်ကြသည်။ သစ်များကို ခွဲကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နတ်တော်လတွင် ကျောင်းစတင်ဆောက်သည်။ တပို့တွဲလပြည့်နေ့တွင် ကျောင်းပြီးသွားသည်။ တပေါင်းလပြည့်နေ့တွင် ရေစက်ချသည်။ ၁၃၃၄–ခုနှစ်က ဖြစ်သည်။

ထိုသို့ ဆွေးမြေ့ယိုယွင်းနေသော ဆရာတော်ကြီး၏ ကျောင်းကလေးကို အသစ်ပြင်ဆောက်ပြီးနောက် သပိတ်အိုင်ဆရာတော်ကြီး၏ အရိုးခာတ်ကို ဌာပနာသော လွမ်းစေတီကလေးကို မွမ်းမံပြင်ဆင်သည်။ သိမ်သမုတ်၍ သိမ်ကျောင်းလည်းဆောက်သည်။ ဆောင်ရွက်ဖွယ်အားလုံးတို့ကို ကျုံကရွာရှိ ဒကာ၊ ဒကာမများ၏ အကူအညီဖြင့် ပြုနိုင်ခဲ့ကြသည်။

သိမ်သမုတ်ရာတွင် ညောင်လွန့်တောရဆရာတော်ကြီးကို ပင့်ဆောင်ခဲ့သည်။ မုဒုံမှ လူပျံတော်ဦးသိန်းဖေက ဆရာတော်ကြီးကို ပင့်ပေးသည်။ ထိုနှစ်မှာပင် ရေစက်ချနိုင်ခဲ့ပေသည်။

## နတ်စင်ပြောင်း

တစ်နေ့တွင် မော်လမြိုင် သထုံဘက်မှ ဒကာ၊ ဒကာမများ သပိတ်အိုင်တောရသို့ ရောက်လာကြသည်။ စမ်းချောင်းဘေးရှိ ဝက်သစ်ချပင်ကြီးအောက်တွင် နတ်စင်ကလေးတစ်ခု တည်ဆောက်သည်။ နတ်စင်ကလေးမှာသုံးလက်မပတ်လည် တိုင်တစ်လုံးတွင် နှစ်ပေပတ်လည်ခန့် အကျယ်ရှိသောနတ်စင်ကလေး ဖြစ်သည်။ ထိုနတ်စင်ကလေးပေါ်သို့ ငှက်ပျောသီး၊ အုန်းသီးများတင်၍ ရက္ခစိုးနတ်များကို ပူဇော်ပသကြသည်။

"သူတို့က ပဋိပတ် သာသနာ့နယ်မြေမှာ ဓမ္မကို အားမကိုးလိုကြဘဲ နတ်ကိုးကွယ်တာတွေ လုပ်ကြတယ်။ သူတို့တွေက နတ်တင်ပြီး ညနေမိုးမချုပ်ခင် ပြန်သွားကြတယ်။ အဲဒီနေ့က တန်ဆောင်မုန်းလပြည့်ကျော်၁–ရက်နေ့ပဲ။ ဘုန်းကြီးလည်း ညချမ်းချိန်မှာ တောင်စောင်းကနေ တောင်ခြေကို တစ်ပါးတည်း ဆင်းသွားတယ်။ စမ်းချောင်းဘေးက ဝက်သစ်ချပင်အောက်ရောက်တော့ တစ်လုံးတိုင်နဲ့ တည်ဆောက်ထားတဲ့ နတ်စင်ကို ဆွဲ

www.burmeseclassic.com

www.burmeseclassic.com



နတ်တယ်။ ပြီးတော့ တစ်ပါးတည်း အတင်းရုန်းထမ်းပြီး တောင်ပေါ်ကို တက်တယ်။ ဆရာတော်ကြီး လွမ်းစေတီကလေးရဲ့အင်္ဂါထောင့်မှာ စိုက်ထူ လိုက်တယ်။ နတ်စင်ပေါ်မှာ ဘုရားဆင်းတု သေးသေးလေးတစ်ဆူ တင် ထားလိုက်တယ်။ ငှက်ပျောသီး၊ အုန်းသီး၊ ပန်း၊ ရေချမ်း၊ ဆီမီးများကပ်ပြီး ဘုရားကို ပူဇော်တယ်။ ရက္ခစိုးတွေကို ပင့်ဖိတ်ပြီး နတ်စင်ကို အပ်ထားလိုက် တယ်။ ဘာမှ အနှောင့်အယှက်မဖြစ်ဘူး။ နတ်တွေက ကျေနပ်နေပုံရပါ တယ်'' ဟူ၍လည်း အရှင်က ဖွင့်ဟပြောဆိုခဲ့သည်။

## တောရဂုံမြို့ထွက် တရားဟော

အခါအားလျော်စွာပင် ညောင်လွန့်တောရဆရာတော်ကြီးကို မုဒုံ ဦးသိန်းဖေက မော်လမြိုင်နှင့် မုဒုံသို့ပင့်သည်။ ဝိပဿနာတရားပွဲများ လုပ်ခဲ့သည်။ တစ်နေ့တွင် ဆရာတော်ကြီးတရားများဟောပြီးနောက် ညောင်လွန့်တောရသို့ ပြန်ကြွသွားသည်။ ထိုအခါ မုဒုံဦးသိန်းဖေက အရှင် ဉာဏိဿရအား လာရောက်ပင့်သည်။ သို့ဖြင့် အရှင်ဉာဏိဿရသည် မုဒုံ ကိုကြွ၍ တရားဟောခဲ့ရသည်။ တောရကျောင်းတွင် သီတင်းသုံးနေရာမှ မြို့ကိုထွက်၍ အဦးဆုံး တရားဟောခြင်း ဖြစ်သည်။

စတင်ဟောသောတရားမှာ ''ဒါရုက္ခန္ဓောပမ သုတ္တန်'' တရားဖြစ် သည်။ ထို့နောက် မုဒုံမြို့ကသာမက မုတ္တမ၊ မော်လမြိုင်၊ သထုံ၊ သံဖြူဇရပ် နယ်မြေများမှ ဒကာများကလည်းပင့်ကြသဖြင့် အရှင်ဉာဏိဿရသည် ဝါကျွတ်ချိန်များတွင် ပုံမှန်ကြွရောက် တရားဟောခဲ့ရသည်။

သထုံမြို့၊ ဓမ္မရိပ်သာ တရားစခန်းတွင်ကား ၅–ရက်တိုင် တရား လည်း ဟောရသည်။ တရားလည်း ပြရသည်။ ဟောသောတရားမှာ ''ဖေဏ ပိဏ္ဍူပမသုတ္တန်'' ဖြစ်သည်။ ဝိပဿနာသမားများ အလွန်ကြိုက်နှစ်သက် သော တရားဖြစ်သည်။ သဲကုန်းဆရာတော်ဟု အမည်တွင်ခဲ့သော အရှင်

www.burmeseclassic.com

www.burmeseclassic.com



ဉာဏိဿရသည် ထိုမှစ၍ "သပိတ်အိုင်ဆရာတော်" ဟူ၍လည်း ထင်ရှားလာခဲ့သည်။

## လူဆိုးနှင့်တွေ့

အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရစခန်းတွင် တစ်ပါးတည်း သီတင်းသုံးနေစဉ် မမေ့နိုင်သောဖြစ်ရပ်တစ်ခုကို ကြုံတွေ့ရသည်။

တစ်ညတွင် ကျောင်းစကြံလျှောက်ရင်း ဗြဟ္မစာလသုတ်ကို ရွတ်ဆိုနေသည်။ ထိုစဉ် ကျောင်းလှေကားထိပ်တွင် လူရိပ်ကို မြင်လိုက်ရသည်။ ရွတ်ဆိုနေခြင်းကိုမရပ်ဘဲ လှေကားဆီသို့ စိုက်ကြည့်လိုက်ရာ လူတစ်ယောက်မှန်း သိလိုက်ရသည်။ သို့ဖြင့် လှမ်း၍ အော်မေးလိုက်သည်။

"ဟေ့-လူလော၊ နတ်လော၊ သရဲလော၊ ငါ့အလုပ်ကို ဘာဖြစ်လို့နှောင့်ယှက်ချင်ရတာလဲ။"

"တပည့်တော် လူပါဘုရား။"

တစ်ဖန် အရှင်မြတ်က ကြမ်းကို ဖနှောင့်နှင့်ပေါက်၍ မေးလိုက်ပြန်သည်။

"ဘယ်က လူလဲကွ။"

"တပည့်တော် လူဆိုးပါဘုရား။"

"ဟဲ့-လူဆိုး၊ ငါ့ဆီ ဘာကြောင့်လာသလဲ။"

"တပည့်တော် ပိုက်ဆံလိုချင်လို့ လာတာပါဘုရား။"

"တို့တောကျောင်းဘုန်းကြီးကွ၊ ပိုက်ဆံမကိုင်ဘူး။ ဒီလို တောနက်ကြီးထဲမှာ ဘုန်းကြီးပိုက်ဆံရှိလိမ့်မယ်လို့ မင်းတွေးတာ သိပ်မှားတယ်။"

"ပိုက်ဆံမရှိရင်လည်း တပည့်တော်ကို စားစရာလေး နည်းနည်းဖြစ်ဖြစ်ပေးပါ ဘုရား။"

အရှင်ဉာဏိဿရတွင် ညနေခင်းလာတတ်သော မျောက်များကို ကျွေးဖို့ရန် ချန်ထားသော ငှက်ပျောသီးနှင့် ကောက်ညှင်းထုပ်များ ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





**သပိတ်အိုင်တောရစခန်းတွင် အမှတ်တရ**

တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုညနေက မျောက်တွေမလာ၊ မကျွေးလိုက်ရ။ သည်တွင် စားစရာများကို လူဆိုးအား ချကျွေးလိုက်သည်။ လူဆိုးသည် တုန်တုန်ယင်ယင်ဖြင့် ငှက်ပျောသီးနှင့် ကောက်ညှင်းထုပ်ကို စားသည်။

အရှင်ဉာဏိဿရသည် လူဆိုးကိုကြည့်ရင်း သနားသွားသည်။

"ကိုင်း၊ ငါ့ကျောင်းထဲဝင်ပြီး မင်းလိုချင်တာယူသွား" ဟု ခွင့်ပြုလိုက်သည်။

လူဆိုးကလည်း မညှာတာ။ အရှင်ဉာဏိဿရ အခန်းထဲရှိ စားပွဲတင်နာရီတစ်လုံး၊ ပတ်ကားဖောင်တိန် တစ်လက်၊ ရှေးဟောင်း ဘောလ်ပင်တစ်ချောင်းကို ယူ၍ ဆင်းသွားလေသည်။ အမှောင်ရိပ်တွင် ပျောက်ကွယ်သွားလေသည်။

ခဏအကြာတွင် ခပ်လှမ်းလှမ်း အမှောင်ရိပ်ထဲမှ လူနှစ်ယောက်၊ သုံးယောက် စကားပြောသံကို မိမိသီတင်းသုံးရာ တောင်ပေါ်ကျောင်းမှနေ၍ ခပ်သဲ့သဲ့ကြားရသည်။

အရှင်ဉာဏိဿရက–"ဒီလူဆိုးတွေ မသွားသေးဘူး။ နောက်တစ်မျိုး အကြံရှိသေးဟန်တူတယ်။ ပြန်ပေးဆွဲတာတွေ ခေတ်စားနေတဲ့ နယ်

www.burmeseclassic.com

www.burmeseclassic.com



မြေမှာ သူပုန်၊ ဓားပြတွေပဲဖြစ်မှာပဲ။ ငါကိုဖမ်း၊ လူပြန်ပေးဆွဲ၊ ရွာကို ပိုက်ဆံတောင်းတာ လုပ်ချင်လုပ်နိုင်တယ်” ဟု တွေးကြည့်မိသည်။

သို့ဖြင့် လူဆိုးများလာလျှင် အေးအေးဆေးဆေးလိုက်သွားရန် အသင့်ဖြစ်အောင် ပြင်ဆင်သည်။ သပိတ်ကိုပြင်သည်။ စားနေကျ ဆေး၀ါး၊ မျက်နှာသုတ်ပ၀ါ၊ ဆပ်ပြာခွက်၊ တရားမှတ်စုစာအုပ်နှင့် ဖတ်နေကျ စာအုပ်ကလေးများကို သပိတ်ထဲထည့်သည်။ နှစ်ထပ်သင်္ကန်းကို သပိတ်ပေါ်မှာ တင်ထားသည်။ ထို့နောက် တောင်ဝှေးကိုကိုင်လျက် ကျောင်းအောက်သို့ ဆင်းသည်။ လမ်းလျှောက်သည်။ မပြီးဆုံးသေးသော ဗြဟ္မဇာလသုတ်ကို ပြီးဆုံးအောင် ဆက်ရွတ်သည်။ ပြီးဆုံးသောအခါ သတ္တဝါအားလုံးကို အမျှဝေလိုက်သည်။

ညသန်းခေါင်၁၂–နာရီ ကျော်သွားပြီ။ အမှောင်ရိပ်ထဲမှ လူများ၏ အသံလည်း တိတ်သွားသည်။ အရှင်လည်း ကျောင်းပေါ်သို့ ပြန်တက်နေလိုက်သည်။

နောက်၁၀–ရက်ခန့်ကြာသောအခါ ကျုံကရွာအစွန်း ချောက်ကြီးထဲတွင် အလောင်းတစ်လောင်းကို ရွာသားများ တွေ့ကြသည်။ အရှင်က သပိတ်အိုင် ကပ္ပိယ ကိုလှကြည်ကို သွားကြည့်ခိုင်းသည်။ ပြန်လာသောအခါ ပုံပန်းသဏ္ဌာန်ကို မေးကြည့်သည်။ မိမိထံရောက်လာပြီး အစာစား၍ ပစ္စည်းများယူသွားသော လူဆိုး၏ပုံရိပ်နှင့် တစ်ထပ်တည်း ဖြစ်နေလေသည်။

ထိုအကြောင်းကို ဦးဂျုံ(ခေါ်) ဦးစိန်မြင့်၊ ကိုလှကြည်၊ ကိုအောင်ထွန်းတို့ကို ပြောပြလိုက်သည်။ နောက်ဥပုသ်တရားပွဲတွင် “ဓမ္မော ဟဝေ ရက္ခတိ ဓမ္မစာရိ ”(တရားစောင့်သူကို တရားက ပြန်စောင့်သည်။) အစချီသော ဓမ္မပါလဇာတ်ကို ဟောပြောခဲ့လေသည်။

## ကျုံကရွာမှ ထူးခြားသော ကျောင်းသားကလေးနှစ်ဦး

ဆရာတော် အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရ၌ တောရ ဆောက်တည်စဉ် ကျောင်းသားကလေးနှစ်ဦးနှင့် ရေစက်ဆုံမိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးမှာ ကျုံကရွာမှ ဦးဂျူ၏သား မောင်စိုးဝင်းဖြစ်သည်။ အသက် ၁၂– နှစ်သားအရွယ် ရှိသည်။ တစ်ဦးကား နတ်ကြီးချောင်ရွာမှ ကျောင်းသားကလေး မောင်မျိုးဖြစ်သည်။ အသက် ၈–နှစ်အရွယ်ရှိသည်။ ဆရာတော် အရှင်ဉာဏိဿရက သူတို့နှစ်ဦးကို နှစ်သက်သဘောကျသဖြင့် သပိတ်အိုင်တောရမှအပြန်တွင် စစ်ကိုင်းသို့ခေါ်သွားသည်။ ကောင်းစွာကြည့်ရှုစောင့်ရှောက်၍ ကျောင်းထားပေးသည်။ ဦးစိုးဝင်းသည် မန္တလေးတက္ကသိုလ်မှ ရူပဗေဒအဓိကဘာသာရပ်ဖြင့် B.Sc ဘွဲ့ရခဲ့သည်။ ဆရာတော်နှင့် မခွဲမခွာ နေထိုင်လျက် ဆရာတော်၏ သာသနာပြုလုပ်ငန်းများတွင် ယနေ့တိုင် ပါဝင်ဆောင်ရွက်နေသည်။

ကျောင်းသားကလေး မောင်မျိုးကား ပရိယတ္တိစာပေများသင်ယူ၍ ရဟန်းပြုသည်။ ဒေါက်တာအရှင်အဂ္ဂဓမ္မ (သာသနဓဇ ဓမ္မာစရိယ၊ M.A, P.hD [Buddhism] )ဖြစ်လာသည်။ အရှင်သည်လည်း သီတဂူဆရာတော်နှင့် မခွဲမခွာဘဲ ဆရာတော်၏သာသနာပြုလုပ်ငန်းများတွင် ယနေ့တိုင်ပါဝင်ဆောင်ရွက်လျက်ရှိသည်။ သီတဂူဆရာတော် တည်ထောင်သော ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တွင် သီတင်းသုံးလျက်ရှိသည်။

## အနီးစခန်းဆရာတော်ကြီး လေဖြတ်

အရှင်ဉာဏိဿရသည် သပိတ်အိုင်တောရတွင် ၄–နှစ်နေပြီးသော အခါ မမျှော်လင့်ဘဲ သတင်းတစ်ခု ကြားရသည်။ စစ်ကိုင်းတောင်မှ မိမိ၏ ဆရာအရှင် အနီးစခန်းဆရာတော်ကြီး လေဖြတ်ရောဂါ ခံစားနေရသည် ဟူသော သတင်းပင်။

အရှင်သည် ချက်ချင်းပင် စစ်ကိုင်းသို့သွားသည်။ ဆရာရှင်ကို ဖူးတွေ့သည်။ ထိုအချိန်တွင် ဆရာတော်ကြီးသည် လေဖြတ်သော်လည်း သက်သောင့်သက်သာ ပြန်ရှိနေပြီ။ သတိလည်း ကောင်းနေသည်။ စကားအနည်းငယ် မပီ။ သို့သော် တရားဟောနိုင်သေးသည်။ အရှင်လည်း သပိတ်အိုင်ကို မပြန်သေးဘဲ ဆရာတော်ကြီး၏ခြေရင်းတွင်နေ၍ ပြုစုပေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



# မလွန်ဆန်လှုအသင်း ဓမ္မကထိက

၁၃၃၇–ခုနှစ်၊ တော်သလင်းလ၏ တစ်ခုသောနေ့တွင် မလွန်ဆန် အလှူပွဲအတွက် တရားပွဲရှိသည်။ အနီးစခန်းဆရာတော်ကြီးသည် ဟောနေကျဖြစ်၍ တရားတက်ဟောသည်။ ဆရာတော်ကြီးက ရှေ့ပိုင်း ၁၅–မိနစ်ခန့် ဟောပြီးသောအခါ "မောင်ဉာဏိဿရရေ၊ မင်းတက်ဟောပေတော့" ဆိုကာ ပလ္လင်အပ်ပါလေတော့သည်။ ပခုံးပြောင်းတာဝန်လွှဲ၍ ပေးလိုက်ခြင်းပင် ဖြစ်သည်။

သည်တွင် သဲကုန်းဆရာတော်ဟူ၍လည်းကောင်း၊ သပိတ်အိုင် ဆရာတော်ဟူ၍လည်းကောင်း ကျော်ကြားစပြုနေသော အရှင်ဉာဏိဿရသည် တရားတက်ဟောရလေတော့သည်။ ထိုတရားပွဲတွင် သုပ္ပဝါသာသုတ္တန်ကို ဟောပြောသည်။ ထိုမှစ၍ မလွန်ဆန်လှူအသင်းကြီး၏ ဓမ္မကထိက ဖြစ်လာလေသည်။ ယခင်က မလွန်ဆန်လှူအသင်းကြီးအတွက် တရားဟောခဲ့သော မဟာဝိဇ္ဇောဒယ ဆရာတော်ကြီးသည် မရှိတော့ပြီ။ အနီးစခန်း ဆရာတော်ကြီးလည်း ကျန်းမာရေးမကောင်းတော့ပေ။



မလွန်ဆန်လှူအသင်းထောက်(တောင်ငူ)သို့ သီတဂူဆရာတော် ကြွရောက်တရားဟောစဉ်။

www.burmeseclassic.com

www.burmeseclassic.com





မင်းကွန်းဆရာတော်ကြီးနှင့် သီတဂူဆရာတော်

## တိပိဋကမင်းကွန်းဆရာတော်ကြီးနှင့် သပိတ်အိုင်ဆရာတော်

ထိုအချိန်မှာ မင်းကွန်းဆရာတော်ကြီးတစ်ပါးတည်း ဟောနေရချိန် ဖြစ်သည်။ ယခု ဆရာတော် အရှင်ဉာဏိဿရ တပ်ကူရောက်လာပြီ။ တရားပွဲပေါင်းများစွာ ဟောပြောခဲ့ရသည်။ မင်းကွန်းဆရာတော်ကြီးက ရှေ့ဆောင်သွား၊ သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရက နောက်ကလိုက်နှင့် မလွန်ဆန်လှူ အရှိန်အဟုန် အလွန်တက်ခဲ့သော ခေတ်တစ်ခေတ် ဖြစ်ခဲ့သည်။

ထို့ကြောင့် မလွန်ဆန်လှူအသင်းထောက်ခွဲများ တစ်ပြည်လုံး အတိုင်းအတာထိ ဖွဲ့ရသည်။ သပိတ်အိုင်ဆရာတော်သည်လည်း နေ့တိုင်းလိုလို ဟောရသည်။ မြန်မာပြည်အောက်ပိုင်း၊ အလယ်ပိုင်း၊ အထက်ပိုင်းအနှံ့ သွား၍ ဟောရသည်။ မြန်မာပြည်တစ်ခွင် မရောက်ဘူးသော မြို့ဟူ၍ မကျန်သလောက်ပင်။ ဆန်တွေကလည်း တောင်ပုံရာပုံ ရရှိသည်။ မော်လမြိုင်ကျွန်းမြို့ဆိုလျှင် ဆန်ကျွန်းဟု ခေါ်ရသည်အထိပင် ဖြစ်ခဲ့သည်။ နှစ်စဉ် ဆန်တင်းပေါင်း ၂၀၀၀-၃၀၀၀ အထိ ရရှိခဲ့သည်။ နှစ်ပါးတည်း စည်းရုံးဟောပြောသည်မှာ မနိုင်တော့သဖြင့် အရှင်သုရိယ၊ အရှင်လက္ခဏ၊ အရှင် မဟော

www.burmeseclassic.com

www.burmeseclassic.com



သခတို့ကို မလွန်ဆန်လျှုဓမ္မကထိကအဖြစ် တာဝန်ပေးရန် သပိတ်အိုင်ဆရာတော်က အသင်းကြီးအား မေတ္တာရပ်ခံခဲ့ရသည်။

အသင်းလူကြီးများကလည်း ထိုထိုဆရာတော်များကို လျှောက်ထားတောင်းပန်ခဲ့သည်။ ဆရာတော်များကလည်း လက်ခံပြောဟောကြသည်။ မလွန် ဓမ္မကထိက အင်အားတောင့်လာသည်နှင့်အမျှ ဆွမ်းဆန်တော်များ တိုးတက်များပြား ရရှိလာခဲ့သည်။ ထိုအချိန်က စစ်ကိုင်းတောင်တစ်ခွင်တွင် ရဟန်း၊ သာမဏေ၊ သီလရှင်ပေါင်း ၄၀၀၀–ခန့် ရှိခဲ့ပေသည်။ အားလုံးပင် ဆွမ်းဆန်တော် လုံလောက်စွာ ရရှိခဲ့ကြသည်။

မလွန်ဈေးဆန်လှူအသင်းကြီး နှစ်၁၀၀–ပြည့်စာစောင် (၁၃၅၈–ခုနှစ်ထုတ်)တွင် မလွန်ဈေးဆန်လှူအသင်းကြီး၏ ဓမ္မကထိကဆရာတော်များစာရင်းကို မှတ်တမ်းတင်ဖော်ပြထားသည်။ ယင်းတို့မှာ–(၁) စစ်ကိုင်းတောင်ရိုး ဝိပဿနာ ဂန္ဓာရုံဆရာတော်၊ (၂) စစ်ကိုင်းတောင်ရိုး အောင်မြေဘုံစံဆရာတော်၊ (၃) စစ်ကိုင်းတောင်ရိုး သဒ္ဓမ္မသီတဂူဆရာတော်၊ (၄) စစ်ကိုင်းတောင်ရိုး ပဥ္စာန်းသိပ္ပံဆရာတော်၊ (၅) စစ်ကိုင်းတောင်ရိုး ဇေယျမင်္ဂလာဆရာတော်၊ (၆) စစ်ကိုင်းတောင်ရိုး အနန္တဂူဏ်ရည် ဆရာတော်၊ (၇) စစ်ကိုင်းတောင်ရိုး ရွှေဥမင်ဆရာတော်၊ (၈) စစ်ကိုင်းတောင်ရိုး ရွှေကျောင်းဆရာတော်တို့ ဖြစ်ကြသည်။

ထို့ပြင် မန္တလေးမြို့ လေးပြင်လေးရပ်နှင့် စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်းတောင်ရိုးကြီး သုံးရပ်တို့တွင် ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်များ စုစုပေါင်း ၂၅၆၂– ပါးရှိသည်။ ထိုထိုပုဂ္ဂိုလ်များအတွက် မလွန်ဈေး ဆန်လှူအသင်းကြီးက ၁၃၅၅–ခုနှစ်တွင် သုံးတင်းဝင် ဆွမ်းဆန်အိတ်ကြီးပေါင်း ၆၇၆၁–အိတ် လှူဒါန်းနိုင်ခဲ့သည်ဟူ၍ ဖော်ပြထားသည်။

ထိုဆွမ်းဆန်တော်များကို မြန်မာတစ်နိုင်ငံလုံးရှိ အလှူရှင်များက ဝိုင်းဝန်းအားပေးထောက်ပံ့ လှူဒါန်းကြသည်။ ထိုသို့ လှူဒါန်းနိုင်အောင်လည်း

www.burmeseclassic.com

www.burmeseclassic.com



မင်းကွန်းဆရာတော်ကြီးအမှူးပြုသော ဓမ္မကထိကဆရာတော်များက ဟော ပြောလှူ့ဆော်ပေးခဲ့သည်ဟူ၍ မှတ်တမ်းတင်ဖော်ပြထားသည်ကို တွေ့ရ သည်။ မလွန်ဆန်လှုအသင်းအတွက် အရှင်ဉာဏိဿရ တရားဟောစဉ်တွင် အနီးစခန်းဆရာတော်ကြီးက "မောင်ဉာဏိဿရရေ၊ သပိတ်အိုင်တောရကို မပြန်နဲ့တော့။ စစ်ကိုင်းမှာပဲ နေပါ။ ပလ္လင်ပေါ်က မဆင်းပါနဲ့" ဟုပြောခဲ့ သည်။

ထိုသို့ပြောချိန်တွင် စစ်ကိုင်းပထမမစိုးရိမ် ဆရာတော်ကြီးလည်း အနားမှာရှိသည်။ မကြာမီပင် ပထမ မစိုးရိမ်ဆရာတော်ကြီးက လျှော်ဖြူ ချောင်ကို အရှင်ဉာဏိဿရအား လွှဲအပ်လိုက်သည်။

## လျှော်ဖြူချောင်

လျှော်ဖြူချောင်တွင် မစိုးရိမ် ၇–တိုက် ပါဝင်သည်။ သို့ရာတွင် နှစ်တို့ ကြာညောင်းသဖြင့် ကျောင်းဟောင်းများဖြစ်နေသည်။ တစ်ကျောင်းမှ နေ၍ မဖြစ်။ သံဃာများလည်း မရှိ။ မည်သို့ပင်ဖြစ်စေ သပိတ်အိုင်ဆရာတော်က လက်ခံလိုက်သည်။ အချိန်မှာ ၁၃၃၈–ခုနှစ် ဖြစ်သည်။ သပိတ်အိုင်ဆရာ တော်သည် စစ်ကိုင်းတောင်တွင် ကျောင်းတိုက် စတင်တည်ဆောက်ခဲ့သည်။

အရှင်ဉာဏိဿရက ထိုလျှော်ချောင်ဖြူကို **"သဒ္ဓမ္မသီတဂူချောင်"** ဟု အမည်ပေးလိုက်သည်။ ကျောင်းဟောင်းများတွင် အချို့ကို အသစ်တည် ဆောက်သည်။ အချို့ကို အဟောင်းပြုပြင်သည်။

## သဒ္ဓမ္မသီတဂူချောင်

သဒ္ဓမ္မသီတဂူချောင်၏ ပထမဦးဆုံး ကျောင်းဒကာမှာ မန္တလေးမြို့ ဟသ်ပြဒါးဝင်း ဦးသောင်းတင်+ဒေါ်သန်းနွဲ့နှင့် ညီမဒေါ်ကြင်ရီတို့ ဖြစ်ကြ သည်။ ကျောင်းတိုက်တည်ဆောက်စတွင် အရှင်သည် ပထမ မစိုးရိမ်ကျောင်း တွင် ခေတ္တမှီခိုနေခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုချောင်တည်ထောင်ချိန်မှစ၍ အရှင်ဉာဏိသာရသည် သဲကုန်းဆရာတော်၊ သပိတ်အိုင် ဆရာတော်၊ သီတဂူဆရာတော်ဟူ၍ ဘွဲ့အမည်သုံးမျိုးဖြင့် ထင်ရှားကျော်ကြားလာပေသည်။

## သပိတ်အိုင်ဆရာတော်နှင့် ပေဏာပိဏ္ဍူပမသုတ္တန်

သီတဂူဆရာတော် မလွန်ဆန်လှူအသင်းအတွက် တရားဟော၍ အလှူခံပေးရုံသာမက သထုံတရားစခန်း၌ မိမိဟောကြားခဲ့သော ဖေဏပိဏ္ဍူပမသုတ္တန်ကို စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေရာမှ ရရှိသော အကျိုးမြတ်ဝတ္ထုငွေများကိုလည်း မလွန်ဆန်လှူအသင်းကြီးအတွက်ပင် လှူဒါန်းခဲ့သည်။

ထိုစာအုပ်မှာ စာမျက်နှာ ၆၀၀–ရှိသော စာအုပ်ထုကြီး ဖြစ်သည်။ ထိုစာအုပ်ကြီးကို မလွန်ဆန်လှူအသင်းကြီးက တာဝန်ယူရိုက်နှိပ်ခဲ့သည်။ ဆရာတော်ကလည်း ထိုစာအုပ်မှ ဖြစ်ပေါ်လာသော ဓမ္မပူဇာဝတ္ထုငွေတို့ကို မလွန်ဆန်လှူအသင်းသို့ ငွေပဒေသာပင်စိုက်၍ လှူဒါန်းခဲ့သည်။ စာအုပ်နိဒါန်းတွင်–

"**ဤသို့လျှင် မိမိရရှိသော ဓမ္မဒါန၊ အာမိသဒါန၊ ကောင်းမှုအစုစုတို့ဖြင့် မိမိအပေါ် များစွာသော မေတ္တာဖြင့် ကျေးဇူးပြုခဲ့ဖူးကုန်သော မိဘနှစ်ပါးနှင့် ဆရာသခင် ကျေးဇူးရှင်တို့၏ အနန္တကျေးဇူးဂုဏ်တို့ကို အနန္တဂါရဝဖြင့် ပူဇော်ပါ၏**" ဟူ၍ ဆရာတော်က မှတ်တမ်းတင်ဖော်ပြခဲ့သည်။

ဤနေရာတွင် ဆရာတော်၏ မိဘကျေးဇူးဆပ်မှုကို အနည်းငယ်တင်ပြလိုပါသည်။ ဆရာတော်သည် ဤကျမ်းစာအုပ်ဖြင့် မိဘကျေးဇူးကို မှတ်တမ်းတင်၍ ဖော်ပြရုံသာမက ကိုယ်ထိလက်ရောက်လည်း ကျေးဇူးဆပ်ခဲ့သော သားထူးသားမြတ် ဖြစ်သည်။

ဆရာတော်၏ ခမည်းတော်သည် ဆရာတော် ၂–နှစ်သားအရွယ်တွင် ကွယ်လွန်ခဲ့ရှာသဖြင့် ဖခင်၏ကျေးဇူးကို ကိုယ်တိုင်ကိုယ်ကျ ပေးဆပ်ခွင့်

www.burmeseclassic.com

www.burmeseclassic.com





သီတဂူချောင် တည်ထောင်ခါစ

မရရှိခဲ့ချေ။ သို့သော် မိခင်၏ကျေးဇူးကိုကား ကျနစွာ ပေးဆပ်နိုင်ခဲ့သူ ဖြစ်သည်။

ဆရာတော်သည် သာမဏေဘဝ၌ရှိစဉ် ဆင်းရဲနွမ်းပါးနေရှာသော မိခင်အား နေ့စဉ်ဆွမ်းခံ၍ ကျွေးမွေးလှူဒါန်းခဲ့သည်။ ထို့ပြင် သီတဂူချောင်ကို တည်ထောင်ပြီးသောအခါ၌ မိခင်နှင့်နမတို့အား သီတဂူချောင်ရှိ ဇရပ်၌ ကောင်းမွန်စွာထားရှိခဲ့သည်။ စားရေး၊ နေရေး၊ ဝတ်ရေးတို့ကို မပူပင်မကြောင့်ကြရအောင် ထောက်ပံ့လှူဒါန်းခဲ့သည်။ ထို့မျှသာမက တရားဘာဝနာတို့ကို ကောင်းစွာ အားထုတ်နိုင်ရန်လည်း မိခင်အလိုကျ စီမံဆောင်ရွက်ပေးခဲ့သည်။

မိခင်သည် သီတဂူချောင်မှာပင် သားမောင်ရဟန်း၏ ပြုစုစောင့်ရှောက်မှုကိုခံယူကာ ကွယ်လွန်ခဲ့သည်။

## စစ်ကိုင်းတောင်တန်း

စစ်ကိုင်းတောင်တန်းကြီးသည် မြန်မာ့ဂုဏ်ဆောင်၊ သာသနာ့ဂုဏ်ဆောင်ဖြစ်သည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ သထုံပြည်မှ ပုဂံပြည်သို့ ကြွရောက်သာသနာပြုသော မွန်ရဟန်းတော် အရှင်

www.burmeseclassic.com

www.burmeseclassic.com



အရပ်မထေရ်မြတ်သည် ပုဂံပြည်မှတစ်ဆင့် ပင်းယ၊ အင်းဝ၊ စစ်ကိုင်းမြို့များသို့ ဆန်တက်၍ သာသနာပြုတော်မူခဲ့သည်။ စစ်ကိုင်းမြို့အရောက်တွင် စစ်ကိုင်းတောင် ပဘာချောင်၌ တောမှီ၍ သာသနာပြုတော်မူခဲ့သည်။

ပဘာချောင်မှ အစပြုခဲ့သော ချောင်ကြီးများမှာ ယခင်က ၉–ချောင်သာ ရှိသည်။ ယင်းတို့မှာ (၁) ပဘာချောင်၊ (၂) အနုရုဒ္ဓါချောင်၊ (၃) ကောဏ္ဍညချောင်၊ (၄) ဥပါလိချောင်၊ (၅) ယုန်ဖြူချောင်၊ (၆) ပရက္ကမချောင်၊ (၇) ရွှေဝါချောင်၊ (၈) ဗောဓိချောင်၊ (၉) ပိတောက်ချောင်တို့ ဖြစ်ကြသည်။

ထို့နောက် တစ်စတစ်စ ချောင်များ တိုးပွားလာခဲ့သည်။ ယနေ့ စစ်ကိုင်းတောင်တွင် ချောင်ပေါင်း ၉၀၀–ကျော်ရှိသည်။ ယင်းတို့တွင် ရဟန်းတော်များ သီတင်းသုံးသည့် ကျောင်းတိုက်ပေါင်း ၆၄၂–တိုက်၊ သီလရှင်ကျောင်း ၃၅၇–ကျောင်း ပါဝင်သည်။ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော်စုစုပေါင်း ၁၀၀၀၀– ကျော်ရှိသည်။

## ရေအခက်အခဲ

ထိုချောင်များ၌ ခိုလှုံနေထိုင်သူ သံဃာတော်များတွင် အချို့က ပရိယတ္တိစာပေများ သင်ယူကြသည်။ အချို့က ကမ္မဋ္ဌာန်းတရား အားထုတ်ကြသည်။ အချို့က ဥပုသ်သီလ ဆောက်တည်နေကြသည်။ ထိုထိုသံဃာတော်များသည် ထိုစဉ်က ရေအခက်အခဲ ကြုံတွေ့ကြရသည်။ ဧရာဝတီမြစ်သို့ နေ့စဉ်ကြွ၍ ရေသုံးသပ်ကြရသည်။ တစ်နေ့တာ သောက်သုံးရေအတွက် ရေအိုးငယ်တို့ဖြင့် ကိုယ်တိုင်ထမ်း၍လည်းကောင်း၊ ရွက်၍လည်းကောင်း သယ်ယူတော်မူကြရရှာသည်။

ထို့ကြောင့် ဣန္ဒာသယဆရာတော်က ရေစက်တစ်လုံး တည်ထောင်သည်။ မြန်အောင်ဆရာတော်ကလည်း ရေစက်တစ်လုံး တည်ထောင်သည်။ ထိုစက်နှစ်လုံးဖြင့် ချောင်ပေါင်း ၈၀– ကျော်၊ ၉၀– မျှ ရေပေးဝေနိုင်ခဲ့သည်။ ကျန်ရှိသော ချောင်ပေါင်းများစွာမှာ ရေမရရှာ။ ကျန်သံဃာတော်၊ သီလရှင်၊ သူတော်များမှာ ရေမရရှာ။ များစွာ ရေအခက်အခဲ တွေ့ကြုံရရှာသည်။

www.burmeseclassic.com

www.burmeseclassic.com





စစ်ကိုင်းတောင်ရိုးတစ်လျှောက် ရေလမ်းကြောင်းဖောက်ရန် စူးစမ်းရှာဖွေနေကြစဉ်။

## ကရုဏာရှင် သီတဂူဆရာတော်

ဤအခြေအနေကို သုံးသပ်မိသော ကရုဏာရှင် သီတဂူဆရာတော်သည် စစ်ကိုင်းတောင်ရိုးတစ်ခုလုံး ချောင်တိုင်းစေ့ ရေပေးဝေလိုသော စိတ်ဆန္ဒများ တဖွားဖွား ဖြစ်ပေါ်လာခဲ့သည်။

ထိုစဉ် အနီးစခန်းဆရာတော်ကြီး၏ တပည့်များဖြစ်ကြသော၊ လယ်တီဆရာသိန်းကြီးနှင့် သားမြေးများဖြစ်ကြသော ဦးခင်မောင်၊ ဒေါ်တုတ်တုတ် (မြန်မာပြည်အထက်ပိုင်း ရုပ်ရှင်ဖြန့်ချိရေး)၊ ဦးတင်ဦး+ဒေါ်ညွန့်ညွန့် (စိတ္တသုခယောဂီ)တို့က တရားစာအုပ်တစ်အုပ် ရိုက်နှိပ်ဒါနပြုကြသည်။

စာအုပ်မှာ သီတဂူဆရာတော် ဟောကြားသည့် "ဒါရုက္ခန္ဓောပမသုတ္တန်"တရားစာအုပ် ဖြစ်သည်။ ဆရာတော်၏ တရားများအနက်မှ လူကြိုက်များလှသည့် တရားတော်တစ်ပုဒ် ဖြစ်သည်။ ဤတွင် သီတဂူဆရာတော်က တရားစာအုပ်၏နောက်ကျောတွင် "ဤစာအုပ်မှ ရရှိလာသော ဓမ္မပူဇာဝတ္ထုငွေများကို ဂူဗ္ဗာသယရေစက်အသင်းအား တောက်ပံ့လှူဒါန်းမည်" ဟု ကြော်ငြာရိုက်ထည့်လိုက်သည်။ ထိုစာအုပ်ပေါ်ထွက်လာသောအခါ ပြဿနာဖြစ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီစာအုပ်ထွက်လာတော့ ရေစက်အသင်းလူကြီးတွေက အထင်မှားသွားကြတယ်။ သူတို့အသင်းနာမည်ကိုသုံးပြီး စာအုပ်ရောင်းစားတယ်။ သဘောမတူဘူး ၊ ကန့်ကွက်တယ် စသည်ဖြင့် သတင်းစာမှာ ကြော်ငြာပါတယ်။ သီတဂူဘုန်းကြီး သူများအသင်းဖန်းပြပြီး ကိုယ်ကျိုးရှာတဲ့ ပုဂ္ဂိုလ်အဖြစ် စွပ်စွဲခံလိုက်ရတဲ့ သဘောပါပဲ။"

## သီတဂူ၏ ပထမဆုံး ရေအလှူ

"အဲဒါကြောင့် မိမိဘာသာ စစ်ကိုင်းတောင်တစ်တောင်လုံး ရေရရှိရေးကို သီးခြားဆောင်ရွက်တော့မယ်ဆိုပြီး စတင် အကောင်အထည်ဖော်လိုက်တယ်။ ဒါရုက္ခန္ဓောပမသုတ္တန် တရားစာအုပ်ရောင်းရတဲ့ ငွေကျပ်သုံးသောင်းကို ဣန္ဒသာယရေစက်ကို မလှူဒါန်းတော့ဘဲ သီတဂူရေအလှူတော်ရဲ့ ပထမဆုံးသော ရေအလှူတော်ငွေအဖြစ် မတည်လိုက်ပါတယ်။ သီတဂူရေအလှူတော်အဖွဲ့ကိုလည်း စတင်ဖွဲ့စည်းလိုက်ပါတယ်။ ၁၃၄၂–ခုနှစ် (၁၉၈၀) က ဖြစ်ပါတယ်" ဟူ၍ သီတဂူဆရာတော်က ရှင်းလင်းပြောပြသည်။


ဆရာတော်သည် **"တောင်စစ်ကိုင်း ချောင်တိုင်းဝေမယ်"** ဆောင်ပုဒ် တစ်ခုပြု၍ ပြည်လုံးကျွတ်ကြေညာခဲ့သည်။ ပထမဆုံး ရေအလှူတရားပွဲကို စစ်ကိုင်းမြို့ထဲမှာပင် စတင်ဟောခဲ့သည်။ သီတဂူရေအလှူတော်အတွက် အထူးအာရုံပြု လှုပ်ရှားခဲ့သည်။ **"သီတဂူရေအလှူတော်"** အဖွဲ့ကို တည်ထောင်ရာတွင် မြန်မာပြည်အထက်ပိုင်းအဖွဲ့နှင့် မြန်မာပြည်အောက်ပိုင်း အဖွဲ့ နှစ်ဖွဲ့ခွဲပြီး တာဝန်ပေးခဲ့သည်။

"မြန်မာပြည်အထက်ပိုင်းအဖွဲ့မှာ ကျောင်းဒကာ ဦးသောင်းတင်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပါတယ်။ အဖွဲ့ဝင် ၂၀–ကျော်ရှိပါတယ်။ မြန်မာပြည်အောက်ပိုင်းအဖွဲ့မှာ ဦးမောင်မောင်ညွန့်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူပါတယ်။ အဖွဲ့ဝင် ၂၀–ကျော်ရှိပါတယ်" ဟူ၍ ဆရာတော်က မိန့်ဆိုခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ရေအလျှုတော်ပိုက်လိုင်းများ မြေပုံနှင့်ရှင်းပြ



ပထမဦးဆုံးဖွဲ့သည့် သီတဂူကပ္ပိယကာရကအဖွဲ့ဝင် (၁၁)ဦး

www.burmeseclassic.com

www.burmeseclassic.com



သီတဂူဆရာတော်သည် စီမံအုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတို့တွင်လည်း အလွန်ကျွမ်းကျင်သည်။ စနစ်ကျသည်။ သီတဂူရေအလှူအဖွဲ့ ရာသက်ပန် တည်မြဲ၍ အောင်မြင်စွာဆောင်ရွက်နိုင်ရန် (၁) သြဝါဒါစရိယအဖွဲ့၊ (၂) ဦးဆောင်သံဃာတော်များအဖွဲ့၊ (၃) ကပ္ပိယကာရကအဖွဲ့၊ (၄) အကြံပေးအဖွဲ့ ဟူ၍ အဖွဲ့ ၄– ဖွဲ့ထားပြီး အဆင့်ဆင့် ဖွဲ့စည်းခဲ့သည်။ စနစ်တကျ ဆောင်ရွက်ခဲ့သည်။

သီတဂူရေအလှူတော်စီမံကိန်း အမည်ရှိ စာအုပ်ကြီးတစ်အုပ် ပြုစု၍လည်း နိုင်ငံတော်အစိုးရနှင့် အင်ဂျင်နီယာများကို အကူအညီ တောင်းခံခဲ့သည်။ မွန်မြတ်သောအလုပ်ဖြစ်၍ သက်ဆိုင်ရာတို့ကလည်း ဝိုင်းဝန်းကူညီခဲ့ကြသည်။

## စေတနာရှင် ဦးဝင်းသိန်း

"ရေအလှူစီမံကိန်းအောင်မြင်ဖို့အတွက် ခေတ်မီရေစက်များ ရှာဖွေလှူဒါန်းတဲ့ ကျေးဇူးအများဆုံးပုဂ္ဂိုလ်ကတော့ အင်ဂျင်နီယာ ဦးဝင်းသိန်း ဖြစ်ပါတယ်။ ဦးဝင်းသိန်းဟာ စင်ကာပူမှာ နေတယ်။ ဘုန်းကြီး စင်ကာပူ သွားပြီး သီတဂူရေအလှူစီမံကိန်း စာအုပ်ကြီးကိုပြတယ်။ တရားဟောခဲ့တယ်။ ဦးဝင်းသိန်းက သဒ္ဓါတရားပေါက်ပြီး ထိုစဉ်က ဒေါ်လာ ၂၅၀၀– တန်ဖိုးရှိတဲ့ ရေစက် ၇–လုံးကို တစ်ယောက်တည်း လှူဒါန်းခဲ့ပါတယ်။ ထိုစဉ်က ဒေါ်လာ ၂၅၀၀– ဟာ ယခု ဒေါ်လာ ၇၅၀၀–တန်ဖိုးရှိနေပါတယ်။

"မတည်ငွေမှာတော့ ဒါရုက္ခန္ဓောပမသုတ္တန် တရားစာအုပ်ရောင်းရငွေ ကျပ်သုံးသောင်း၊ ရန်ကုန်မြို့က ဦးကြူ+ဒေါ်ခင်မြင့် မိသားစုတို့ လှူဒါန်းတဲ့ ကျပ်ငွေသုံးသောင်း၊ ပေါင်း ကျပ်ငွေခြောက်သောင်း ဖြစ်ပါတယ်။

"အဓိကစက်ရုံကို စုပေါင်းအလှူငွေနဲ့ တည်ဆောက်ပါတယ်။ ထုံးဘိုဆိပ်မှာ ဇမ္ဗူမင်္ဂလာဆရာတော်က မြေနေရာပေးတယ်။ ဂါလံသုံးသိန်းဆံ့တဲ့ ဗဟိုရေကန်ကြီးကို ရှင်ပင်နံ့ကိုင်းတောင်ပေါ်မှာ တည်ဆောက်တယ်။


www.burmeseclassic.com

www.burmeseclassic.com





ရေစက်အလှူရှင် ဦးဝင်းသိန်းနှင့် သီတဂူဆရာတော်



စစ်ကိုင်းတောင်ရိုးပေါ်က သီတဂူရေအလှူတော်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၊ လသာမြို့နယ်က စုပေါင်းလှူဒါန်းကြတယ်။ ဒုတိယစက်ရုံကို သီတဂူကျောင်းတိုက်ထဲမှာ တည်ဆောက်ပါတယ်။ မတည်အလှူရှင်တွေက ရန်ကုန်မြို့မှ ဒေါ်ထွေး၊ သား- မောင်ကျော်တို့ ဖြစ်ကြပါတယ်။ အမှတ်-၂ ရေကန်ကို ကိန္နရာတောင်ထိပ်မှာ တည်ဆောက်တယ်။ ဦးဟန် ခေါင်းဆောင်တဲ့ ပန်းဘဲတန်းမြို့နယ်က စုပေါင်းတည်ဆောက်ကြတယ်။

"စင်ကာပူက ရေစက်အသစ်တွေ မရောက်မီ မြန်အောင်ချောင် ဆရာတော်ထံက စက်အဟောင်းကြီးတစ်လုံးတောင်းပြီး ရေမောင်းတင်ခဲ့ရသေးတယ်" ဟူ၍ အဦးအစ ပဓာနကျသော၊ ကျေးဇူးပြုခဲ့ကြသော ပုဂ္ဂိုလ်များအကြောင်းကို ဆရာတော်က ဖွင့်ဟပြောဆိုခဲ့သည်။

စတည်စဉ်က ချောင်ပေါင်း ၁၀၀-ကို ရေပေးဝေနိုင်သည်။ တစ်စတစ်စ တိုးချဲ့လာခဲ့သည်။ ယနေ့တွင် ချောင်ပေါင်း ၉၀၀-ကျော်၊ ရဟန်း၊ သာမဏေ၊ သီလရှင်၊ သူတော် ၉၀၀၀-ကျော်ကို ရေဖူလုံအောင် ပေးဝေနိုင်နေပြီ။ ထိုသို့ ရေပေးဝေနိုင်မှုအတွက် ကုန်ကျစရိတ်မှာ တစ်နေ့လျှင် ကျပ် ၆-သိန်းဖြစ်သည်။ တစ်လလျှင် ကျပ်သိန်းပေါင်း ၁၈၀-ကုန်ကျသည်။

## မြွေကိုက်ခံရသော သီလရှင်

ထို့နောက် သီတဂူဆရာတော်သည် အာယုဒါနဆေးရုံ တည်ထောင်ရန် ကြိုးစားပြန်သည်။ သီတဂူဆရာတော်သည် အနီးစခန်း ဆရာတော်ကြီးထံတွင် စာတက်နေစဉ်က ဖြစ်သည်။

တစ်ခုသော ညချမ်းကာလအရုဏ်မတက်မီ ၃း၀၀ နာရီခန့်အချိန်၌ မြန်အောင်ချောင်မှ သီလရှင်တစ်ပါးသည် ဆွမ်းထချက်သည်။ ဆွမ်းချက်ရန် ထင်းစကို ဆွဲလိုက်သည်။ ထိုအခါ ထင်းပုံထဲမှ မြွေဟောက်တစ်ကောင်က လက်ကို ကိုက်လိုက်သည်။ သီလရှင်လည်း ကြောက်လန့်တကြားဖြင့် အော်ဟစ်လိုက်သည်။ အော်သံကြား၍ သီတဂူဆရာတော် ပြေးဆင်းသွားသည်။ သီလရှင်ကိုလည်း တွေ့ရသည်။ မြွေဟောက်ကိုလည်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com





သီတဂူ အာယုဒါနဆေးရုံမြေကွက် ကြည့်ရှုစစ်ဆေးနေကြစဉ်။



အာယုဒါန ဆေးရုံပုံကြမ်း ရေးဆွဲနေစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်သည် မြွေကိုက်ခံရသော သီလရှင်၏လက်ကို ခါးပန်းကြိုးဖြင့် တင်းကျပ်စွာ ချည်ထားလိုက်သည်။ သီလရှင်၏ မြွေကိုက်ခံရသော ဒဏ်ရာကို မှတ်ဆိတ်ရိတ်ဓားဖြင့် ခွဲလိုက်သည်။ ထို့နောက် သွေးနှင့်အဆိပ်များကို ညှစ်ထုတ်သည်။ ဆားဖြင့် သိပ်သည်။ သံပရာရည် ညှစ်ထည့်သည်။ သီလရှင်ကို သရက်ပင်ဆိပ်အရောက် ခေါ်သွားသည်။ မြင်းလှည်းသမားတစ်ယောက်ကို အိပ်ရာမှနှိုးသည်။ အကူအညီတောင်းကာ စစ်ကိုင်းဆေးရုံသို့ လိုက်ပို့ရသည်။

ထိုခေတ်က တောင်ကြားများတွင် မော်တော်ကားလမ်း လုံးဝမရှိ။ တယ်လီဖုန်းဆိုသည်မှာလည်း မြင်တောင် မမြင်ဘူးသေး၊ လျှပ်စစ်မီးလည်း မရှိသည့်နေရာက များသည်။

မြွေကိုက်ခံရသော သီလရှင်လူနာ စစ်ကိုင်းဆေးရုံသို့ ရောက်သောအခါ နံနက်လေးနာရီ ခွဲခန့်ရှိပြီ။ ဆရာဝန်၊ ဆရာမများလည်း အိပ်စက်နေကြဆဲပင်။ ဆရာတော်ကိုယ်တိုင် အိမ်တိုင်ရာရောက် လိုက်နှိုး၍ မြင်းလှည်းဖြင့်ပင် ခေါ်ခဲ့ရသည်။ မြွေဆိပ်ဖြေဆေး အသင့်ရှိနေ၍ တော်ပါသေးသည်။ သုံးနာရီအတွင်းမှာပင် ကုသကယ်တင်နိုင်ခဲ့သည်။ ထိုဖြစ်ရပ်ကို အရှင်ဉာဏိဿရ တွေ့ကြုံရပြီး ကရုဏာဖြစ်ခဲ့သည်။

## ၂၇-ကြိမ် ဝမ်းလျှောသူ

ထို့နောက် သီတဂူချောင်ကို ဆရာတော်အရှင်ဉာဏိဿရ တည်ထောင်ပြီးစက ဖြစ်သည်။ တစ်နှစ်တွင် မလွန်ဆန်လှူအဖွဲ့ဝင်များ ဆန်အလှူပွဲလာကြသည်။ မော်လမြိုင်ကျွန်းမှ အဖွဲ့ဝင်လူကြီးတစ်ဦးသည် သီတဂူချောင်တွင် နားနေအိပ်စက်ရာမှ ဝမ်းလျှောသည်။ တစ်ညတည်းမှာပင် ၂၇-ကြိမ် ဝမ်းလျှောသည်။ နံနက်လင်းအားကြီးတွင် သူ့ကိုလည်း ထမ်းခေါ်၍ စစ်ကိုင်းဆေးရုံသို့ တင်ရပြန်သည်။ ကံအားလျော်စွာပင် ကယ်တင်နိုင်ခဲ့သည်။ ထိုထိုဖြစ်ရပ်များသည် သီတဂူဆရာတော်၏ နှလုံးသားကို ရိုက်ခတ်လာ


www.burmeseclassic.com

www.burmeseclassic.com





အာယုဒါနဆေးရုံ တည်ဆောက်ရန်
တောင်ရိုးပျော်သီလရှင်များ လုပ်အားအလှူပေးနေကြစဉ်။



အာယုဒါနဆေးရုံပန္နက် မြင်ကွင်းကျယ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆရာတော်သည် ဘာသာခြားများ ဆေးရုံများ တည်ထောင်၍ လူနာများကို ကယ်တင်ကြသည်ကိုလည်း မြင်ယောင်လာသည်။

## သီတဂူ အာယုဒါနဆေးရုံစတင်

သို့ဖြင့် သီတဂူဆရာတော်သည် ၁၃၄၇–ခုနှစ် (၁၉၈၅)၊ တန်ဆောင်မုန်းလတွင် သီတဂူအာယုဒါနဆေးရုံကြီးကို စတင်တည်ဆောက်ရန် အုတ်မြစ်ချသည်။

ဆေးရုံနေရာအတွက် ထိုစဉ်က စစ်ကိုင်းတိုင်း ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး သူရကျော်စွာက မြေနေရာပေးလှူခဲ့သည်။ ဆရာတော်သည် ဆရာဝန်ကြီး ၆– ဦးကို ဖိတ်ခေါ်သည်။ မိမိကိုယ်တိုင် ရေးဆွဲသော ဆေးရုံ၏ အခြေခံပုံစံကို တင်ပြဆွေးနွေးသည်။ အတည်ပြုချက်ရယူကာ တည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ခုတင် ၁၆–လုံးဆံ့ဆေးရုံကို စတင်တည်ဆောက်ရန် စီစဉ်သည်။ တွက်ချက်ကြည့်ကြရာ ထိုခေတ်ငွေ ကျပ်သိန်း ၆၀–ခန့် ကုန်ကျမည်ကို ခန့်မှန်းမိကြသည်။ ဆရာတော်က ရဟန်း၊ သာမဏေ၊ သီလရှင်၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်ငါးမျိုးအတွက် တစ်ဆောင်လျှင် ၁၆–ခုတင်စီရှိသော ဂိလာနဆောင်ကြီးငါးခု တည်ဆောက်ရန် စီမံလိုက်သည်။ ထိုငါးခုအတွက် ကုန်ကျငွေကို တွက်ချက်ရာ ကျပ်သိန်း ၃၀၀–ခန့်ဖြစ်သည်။

ဆရာဝန်ကြီးများက "ဆေးရုံကကြီးလွန်းတယ်၊ သေးသေးဆောက်ပါ" ဟု ဝိုင်းပြောကြသည်။ ဆရာတော်က လက်မခံ။ "မကြီးပါဘူးဗျာ၊ ဒီလောက်တော့ ဖြစ်အောင်ဆောက်ချင်ပါတယ်" ဟု ပြောဆိုစီစဉ်သည်။ **(ယခုအခါ ဆရာဝန်ကြီးများက "ဆရာတော်၊ ဆေးရုံကျဉ်းနေပြီ။ ထပ်ချဲ့ပါဦး" ဟူ၍ ပြောဆိုနေကြပြီ။)**

## အုတ်ဂူ ၃၇–လုံး

ထိုစဉ်က ဆေးရုံတည်ဆောက်မည့်နေရာကို ခက်ခက်ခဲခဲ မြေညှိခဲ့ရသည်။ သက်ဆိုင်ရာအာဏာပိုင်များကလည်း အကူအညီပေးကြသည်။

www.burmeseclassic.com

www.burmeseclassic.com





အာယုဒါနဆေးရုံတော် ပန္နက်တင်စဉ်။



သီတဂူအာယုဒါနဆေးရုံ ဖွင့်ပြီ (ခရစ်နှစ်-၁၉၈၉)

www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ ဆွမ်းဦးပုညရှင် အနောက်ဘက်ဖြစ်သည်။ ဆူးချုံတောများ ပြည့်နေသည်။ မြေရိုင်းကြီး ဖြစ်သည်။ သုသာန်ကလေးလည်း ရှိသည်။ ထိုနေရာကို တူးဖော်ဖြိုဖျက်ရာ အုတ်ဂူပေါင်း ၃၇–လုံးတွေ့ရသည်။ ထိုအုတ်ဂူများထဲရှိ အရိုးများကို တူး၍ မီးရှို့ပစ်ရသည်။

"အုတ်ဂူတွေ ဖြိုဖျက်ရှင်းလင်းတဲ့အခါ အချို့အုတ်ဂူတွေထဲမှာ ပုပ်သိုးနေတဲ့ ရုပ်အလောင်းကောင်များကို တွေ့ရတယ်။ အချို့အုတ်ဂူတွေထဲမှာ မပုပ်မသိုးသေးတဲ့ ရုပ်အလောင်းများကို တွေ့ရတယ်။ အဲဒီနေရာမှာ ဘုန်းကြီးတို့နဲ့ အတူ အင်ဂျင်နီယာတွေ၊ အလုပ်သမားတွေ တဲထိုးနေကြရတယ်။ ညကျရင် အလှည့်ကျနဲ့အိပ်ပြီးတော့ သတိထားနေကြရတယ်။ မမြင်ရတဲ့ နာနာဘာဝများက တချို့အလုပ်သမားတွေကို ခေါင်းလာမတယ်။ တချို့ အလုပ်သမားတွေကို ခြေထောက်ကကိုင်ပြီး အိပ်ရာပေါ်ကဆွဲချတယ်။ တစ်ခါ၊ တစ်ခါလည်း အမိုးပေါ် ခဲတွေကျလာတယ်။

"ဩဝါဒါစရိယ ပထမ ဂန္ဓာရုံဆရာတော်ရဲ့ အကြံပေးချက်အရ သံဃာတွေကို ပင့်ဖိတ်ပြီး ဆွမ်းကပ်ရတယ်။ ပရိက္ခရာရှစ်ပါး လှူရတယ်။ အမျှဝေရတယ်။ ပရိတ်တွေ ရွတ်ရတယ်။ အမိန့်တော် ပြန်ရတယ်။

"မနက်ခင်းမှာ အဲဒီလိုပြုပြီး ညနေခင်းလည်းရောက်ရော TE-11 အမိုးဖွင့်ကားကြီးကို အဆင်သင့်ပြင်ထားပြီး 'လာကြဟေ့။ တက်ကြဟေ့။ မင်းတို့ကို အိမ်ပြောင်းပေးမယ်လို့' ဖိတ်ခေါ်တယ်။ သူတို့ကို အသင့်လုပ်ထားပြီးဖြစ်တဲ့ ကားပေါ်တက်ခိုင်းပြီး သုသာန်ဇရပ်နဲ့ သုသာန်အသစ်ဆီကို ကားမောင်းသွားပြီး ပို့လိုက်ရတယ်။

"ကားပေါ်ကိုတက်ပြီး လိုက်ပါလာကြသူတွေကို မမြင်ရဘူး။ ဒါပေမဲ့ မော်တော်ကားကြီးရဲ့ တာယာကတော့ ပြားနေတာပဲ။ အဲဒီလိုပြုပြီးတဲ့ နောက်ပိုင်းမှာတော့ ဆေးရုံမြေကွက်ကြီးထဲမှာ ဘုန်းကြီးတို့အားလုံး အေးချမ်းစွာ အိပ်ကြရတယ်။ သစ္စဝါဒီဆရာတော်ကလည်း အင်းအစီအမံတွေလုပ်ပြီး ဆေးရုံရဲ့ ထောင့်လေးထောင့်မှာ မြှုပ်ထားလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com





ဆေးရုံတော်ဖွင့်ပွဲတွင် ရွှေဟသ်ာဆရာတော်ကြီးနှင့်
သီတဂူဆရာတော်တို့ ဗောဓိညောင်သုတ် ရွတ်ဖတ်တော်မူစဉ်။



သီတဂူ အာယုဒါနဆေးရုံတော်

www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်းပဲ ဘုန်းကြီးက **"သီတဂူ အာယုဒါနဆေးရုံတော်"** စီမံကိန်းဆိုတဲ့ စာအုပ်တစ်အုပ်ပြုစုပြီး တစ်ပြည်လုံးကို မရပ်မနား လှည့်လည်တရားဟောတယ်။ အလှူခံတယ်။ အလှူခံရင်း တည်ဆောက်လာခဲ့တာ ၁၃၅၂–ခုနှစ် (၁၉၉၂)၊ တပေါင်းလပြည့်နေ့မှာ ဆေးရုံကြီးကို စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဆေးရုံကြီးရဲ့ ပထမဆေးရုံအုပ်ဟာ စစ်ကိုင်းတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးအရာရှိ (အငြိမ်းစား) ဒေါက်တာမောင်မောင်ရှိန် ဖြစ်ပါတယ်။ မြေကွက်ညှိတာနဲ့ သုသာန်ပြောင်းတဲ့ကိစ္စတွေကို အနီးကပ်တာဝန်ယူ ကြီးကြပ်ဆောင်ရွက်ပေးသူကတော့ မြစကြာဆရာတော် ဦးလက္ခဏပါပဲ" ဟူ၍ သီတဂူဆရာတော်က မိန့်ဆိုသည်။

## အတွင်းလူနာ ၁၀၀–ကျော်

မူလက ထိုဆေးရုံကြီးကို **"သီတဂူသံဃာ့ဆေးရုံ"** ဟု အမည်ပြုသုံးစွဲခဲ့သည်။ နောက်ပိုင်းတွင် သုဇာတာရုံဆရာတော်၏ ဩဝါဒပေးချက်အရ **"သီတဂူအာယုဒါနဆေးရုံ"** ဟု အမည်သစ် ပြောင်းလဲလိုက်သည်။

စစ်ကိုင်းတောင်နှင့် အနယ်နယ်အရပ်ရပ် မှ သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များကို သီတဂူဆေးရုံက ဆေးဝါးကုသပေးလျက် ရှိသည်။ ဆေးရုံစဖွင့်သောနေ့က အတွင်းလူနာ ၁၂ –ယောက်၊ အပြင်လူနာ–၃၀၊ မျက်စိခွဲစိတ်လူနာ တစ်ဦးသာရှိခဲ့သည်။ ယနေ့မူ နေ့စဉ် အတွင်းလူနာ ၅၀–မှ ၁၀၀–ကြားရှိသည်။ အပြင်လူနာ ၁၀၀–မှ ၁၅၀–ကြားရှိသည်။ မျက်စိအထူးကုဌာနတွင် မျက်စိရောဂါဟူသမျှ ကုသနိုင်သော ခေတ်မီစက်များ အစုံအလင်ရှိသည်။ စစ်ကိုင်း၊ မန္တလေးဝန်းကျင်မှသာမက အနယ်နယ်၊ အရပ်ရပ်ရှိ လူနာများလည်း တက်ရောက်ကုသကြသည်။

## သံဃာတော်များနှင့် သီလရှင်များ အခမဲ့

ဆေးကုသရာ၌ သံဃာတော်များနှင့် သီလရှင်များကို အခမဲ့ကုသပေးသည်။ လူပုဂ္ဂိုလ်များကိုမူ သာသနာဆိုင်ရာပစ္စည်းများကို အသုံးပြုသည့်

www.burmeseclassic.com

www.burmeseclassic.com





ဘာသာခြားကိုလည်း ယုယုယယပြုစု



သီတဂူသာသနာပြုအဖွဲ့၏ ဆေးရုံသုံးပစ္စည်းများ လှူဒါန်းပွဲအမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com



အတွက် သင့်လျော်သော အလှူငွေကောက်ခံသည်။ သူတို့ပေးလှူသောငွေသည် သံဃာတော်များအတွက် အလှူငွေဖြစ်စေသည်။

ယင်းတို့သည် ဆေးရုံကို ပြန်လည်ထိန်းသိမ်းစောင့်ရှောက်သော ငွေအင်အားတစ်ရပ် ဖြစ်သည်။

မျက်စိကုသမှုဆိုင်ရာ ဆေးရုံပစ္စည်းကိရိယာများကို ဟောင်ကောင်မှ ဒေါ်ကြည်ကြည်၊ ဒေါ်ဆယ်လီ(ကျားမိသားစု)တို့က အင်တိုက်အားတိုက် လှူဒါန်းခဲ့ကြသည်။ များစွာ အထောက်အကူဖြစ်ခဲ့သည်။

၁၉၈၅–ခုနှစ် မှတ်တမ်းအရ ဆေးရုံတွင်ခန့်ထားသော ဆရာဝန် ၅–ယောက်နှင့် အခြားဝန်ထမ်း ၇၀–ကျော်ရှိသည်။ ယခုအချိန်တွင် ထို့ထက်မက တိုးတက်များပြားနေပြီ။ ထိုအမြဲတမ်း ဆရာဝန်များအပြင် ပြည်တွင်းမှ စေတနာရှင်ဆရာဝန်ကြီးများကလည်း အခါအခွင့်သင့်သလို လာရောက်လုပ်အားဒါနပြုကြသည်။

## ပြည်ပမှ စေတနာရှင်ဆရာဝန်ကြီးများ

မျက်စိဝေဒနာရှင်များအတွက် ပြည်တွင်းမှ ဆရာဝန်များသာမက ပြည်ပမှ မျက်စိအထူးကုဆရာဝန်များကလည်း လာရောက်၍ လုပ်အားဒါနပြုကြသည်။ ကုသပေးကြသည်။ ၂၀၀၄–၂၀၀၅ ဆောင်းရာသီတစ်ခုတည်းမှာပင် ပြည်တွင်းပြည်ပ မျက်စိအထူးကု အဖွဲ့ပေါင်း ၁၀–ဖွဲ့တို့က ခွဲစိတ်ကုသပေးခဲ့ကြရာ မျက်စိဝေဒနာရှင်ပေါင်း ၉၀၀–ကျော် မျက်စိအလင်း ရရှိခဲ့ကြသည်။

လုပ်အားဒါနပြုသော ပြည်ပဆရာဝန်များသည် အင်္ဂလန်၊ အမေရိကန်၊ ဂျာမနီ၊ ဩစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဂျပန်၊ ထိုင်း၊ မလေးရှား၊ သီရိလင်္ကာ၊ အိန္ဒိယ စသည့် တိုင်းပြည်များမှ ဆရာဝန်များ ဖြစ်ကြသည်။ ထိုဆရာဝန်များသည် သီတဂူဆရာတော်၏ ကရုဏာလုပ်ငန်းကို လေးစားမြတ်နိုးကြသဖြင့် လာရောက် လုပ်အားဒါနပေးခြင်း ဖြစ်သည်။ သူတို့သည်

www.burmeseclassic.com

www.burmeseclassic.com





အာယုဒါနဆေးရုံတွင် တက်ရောက်ဆေးကုသခံယူတော်မူနေသော
ဒေးဝန်းဆရာတော်ကြီး



လူမျိုးမရွေး၊ ဘာသာမရွေး ဆေးဝါးကုသ ပြုစုစောင့်ရှောက်

www.burmeseclassic.com

www.burmeseclassic.com



နှစ်စဉ်နှစ်တိုင်းပင် မိုးနှောင်း၊ ဆောင်းတွင်းနှင့် နွေဦးရာသီတို့တွင် ၆–လကြာမျှ အဆက်မပြတ် လာရောက်ကုသိုလ်ပြုကြသည်။ ဆရာတော်၏ စည်းရုံးမှု စွမ်းရည်မှာ အံ့ချီးဖွယ်ကောင်းလှသည်။

## အသုံးစရိတ် တစ်လ သိန်း ၇၀

ဆေးရုံကြီးစတင် ဖွင့်လှစ်စဉ်က အသုံးစရိတ်သည် တစ်လလျှင် ကျပ်နှစ်သိန်းခန့်သာ ရှိသည်။ လူနာများ တိုးတက်လာသည်နှင့်အမျှ စရိတ်များလည်း တိုးတက်လာသည်။ ယခုအခါ တစ်လအသုံးပြုမှုစရိတ်မှာ ကျပ် ၆၅–သိန်းမှ ကျပ် သိန်း ၇၀–အထိ ဖြစ်သည်။

စစ်ကိုင်းအာယုဒါနဆေးရုံကြီးမှာ သန့်ရှင်းသပ်ရပ်သည်။ ဆေးရုံဝင်း ထဲ၌ သစ်ပင်အမျိုးမျိုး၊ ပန်းပင်အမျိုးမျိုးကို စိုက်ပျိုးထားသည်မှာလည်း အေးငြိမ်းသာယာသည်။ ဆေးရုံဝင်းတစ်နေရာရှိ စေတီကလေးမှာလည်း စိတ်နှလုံးချမ်းမြေ့ဖွယ် ဖြစ်သည်။

ဆေးရုံတွင် လူနာများ စိတ်ချမ်းသာအောင် ပြောဆိုဆက်ဆံပြုမူရေး သည် အလွန်အရေးကြီးလှသည်။ အာယုဒါဆေးရုံ၏ ဆေးကုသမှု၊ ဆက်ဆံ မှု၊ ပြုစုမှုတို့ အထူးကောင်းမွန်သည်ကို တက်ရောက်ခဲ့ဖူးသော လူနာများက ပြန်လည်ပြောဆိုကြသည်မှာ ကြည်နူးဖွယ်ဖြစ်သည်။ အချို့က ပြောဆိုရုံဖြင့် အားမရ။ ဆောင်းပါးများရေး၍ပင် ဖော်ပြကြသည်။

## လူနာတစ်ဦး၏ ကိုယ်တွေ့

၂၀၀၉–ခုနှစ်၊ ဇန်နဝါရီလထုတ် မြတ်မင်္ဂလာစာစောင်တွင် ထိုဆေးရုံ သို့ တက်ရောက်၍ ခွဲစိတ်မှုခံယူခဲ့ဖူးသူ ဆရာမ ဒေါ်သန်းသန်းဦး [ဝင်း (ဘုတလင်)]က ထိုဆေးရုံအကြောင်း ရေးသားတင်ပြထားသည်မှာ ကြည်နူး ဖွယ်ကောင်းလှသည်။ ဝင်း(ဘုတလင်)သည် အထက်တန်းပြဆရာမတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ စာရေးဆရာမတစ်ဦးလည်း ဖြစ်သည်။ ဆရာမသည် ၂၀၀၆–ခုနှစ်တွင် ဘယ်ဘက်ရင်ဘတ်၌ အကျိတ်တစ်ခု တွေ့ရှိပြီး နီးစပ်ရာဆေးရုံတစ်ခုတွင် ခွဲထုတ်ခဲ့ရသည်။ ထို့နောက် ဒုတိယအကျိတ်တစ်ခုကို ထပ်မံတွေ့ရှိခဲ့ပြန်သည်။ ထိုနှစ်မှာပင် ထပ်မံ ခွဲထုတ်ခဲ့ရသည်။

ဤသို့ရှိရာမှ တတိယအကျိတ်တစ်ခု ပေါ်လာပြန်သည်။ ၂၀၀၈–ခုနှစ်၊ မတ်လ ၈–ရက်နေ့တွင် စစ်ကိုင်းတောင်ဘုရားများကိုဖူးရင်း သီတဂူအာယုဒါနဆေးရုံတွင် တက်ရောက်ကုသမှုခံယူခဲ့သည်။

ဆောင်းပါးတစ်နေရာတွင် ဝင်း(ဘုတလင်)က –

**"ကျွန်မသည် ဆေးရုံမှတ်ပုံတင်ဌာနမှာ စာအုပ်လုပ်သည်။ ဆရာဝန်စမ်းသပ်ခန်းမှာ တာဝန်ကျဒေါက်တာမလေးက ရောဂါဖြစ်စဉ်ကို စိတ်ရှည်လက်ရှည် မေးမြန်းစစ်ဆေးပြီး ခွဲစိတ်ခန်းဆရာဝန်ထံ ဖုန်းဆက်သည်။**

**ခွဲစိတ်ဆရာဝန်က ခွဲပေးမည်ဆိုတော့ ကျွန်မအလွန်ဝမ်းသာသွားသည်။ မခွဲစိတ်ခင် ဆေးစစ်ပါသည်။ ဘီပိုး၊ စီပိုး၊ ဆီး၊ သွေး အားလုံးစစ်**



လှူနာများကို နှုတ်ဆက်နေသော သီတဂူဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဆေးပြီး ခွဲစိတ်ခန်း ဝင်ရသည်။ ကျွန်မကို ဆရာဝန်ကြီးက ရောဂါရာဇဝင်ကို ထပ်မံမေးမြန်းပါသည်။ အကျိတ်နှစ်ခုကို နှစ်ခါခွဲစိတ်စဉ်က မေ့ဆေးသုံးခဲ့ကြောင်း ကျွန်မပြောပြပါသည်။

ယခု ထုံဆေးဖြင့် ခွဲစိတ်ပေးပါသည်။ သန့်ရှင်းသော ခွဲစိတ်ခန်းနှင့် ချိုသာယဉ်ကျေးသော ဆရာဝန်၊ ဆရာမတို့က ပြုံးရွှင်သော ဆက်ဆံမှု၊ ညင်သာသော ကိုင်တွယ်မှုတို့ဖြင့် ဆောင်ရွက်ကြပါသည်။

ထိုနေ့က ခွဲစိတ်ခန်းတာဝန်ကျ ဒေါက်တာနေလင်း ဦးဆောင်၍ ခွဲစိတ်ပေးကြရာ ၅–နာရီကျော်မှ ပြီးစီးသွားပါသည်။

ကျွန်မက ဆရာဝန်၊ ဆရာမများကို စားသောက်ဖွယ်ရာများ ကျွေးမွေးလိုကြောင်းပြောရာ လက်မခံကြပါ။ ကျွန်မအဖို့ ကျေးဇူးတင်မိသည်မှာလည်း ဆိုဖွယ်ရာမရှိတော့ပါ။ သွေးထွက်များ၍ ချုပ်ရိုးကြောင်းမှ ပိုက်ထည့်ကာ ဆေးထိုးပြွန်ဖြင့် သွေးထုတ်ပေးပါသည်။

သွေးထွက်များ၍ ဆရာဝန်က သီလရှင်ဆောင်မှာ တစ်ညအိပ်ခိုင်းပါသည်။ ကျွန်မတို့မှာ မည်သည့်ပစ္စည်းမျှပါမလာ၍ အခက်တွေ့နေစဉ် ဆရာမတစ်ဦးက အိပ်ရာခင်းပေးပါသည်။ ဖြူဖွေးသန့်ပြန့်သော အိပ်ရာခင်းနှင့် ခေါင်းအုံးများချပေးပါသည်။ အခန်းထဲမှာလည်း နေမကောင်းသော သီလရှင်များ၊ လူပုဂ္ဂိုလ်များ၊ လည်ပင်းခွဲထားသူများကို တွေ့ရသည်။ အခန်းဝမှာ သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ ပြုံးရွှင်ခဲ့ညားသောဓာတ်ပုံကြီး ချိတ်ဆွဲထားပါသည်။

ညဘက်မှာလည်း ဆရာဝန်၊ ဆရာမများက ဒဏ်ရာမှ သွေးထွက်မထွက် ဂရုတစိုက် စစ်ဆေးပါသည်။ ခွဲစိတ်ထားသော အသားစကို မန္တလေးဆေးရုံကြီးသို့ ကင်ဆာဟုတ်မဟုတ် စစ်ဆေးရန် ပေးပို့ထားပါသည်။ ည ၈–နာရီကျော်သောအခါ ဆရာတော်ကြီး၏တရားခွေကို ဖွင့်ပေးထားသည်။ အခန်း၌ ဒေါက်တာမလေးတစ်ဦးလာ၍ ကျွန်မကို ဆေးသောက်ပုံသောက်

www.burmeseclassic.com

www.burmeseclassic.com



နည်း ညွှန်းပါသည်။ အစားအသောက်ကိုလည်း ရှောင်ရန်မလိုကြောင်း ပြောပြပါသည်။

ညမအိပ်ခင်အထိ ဆရာ၊ ဆရာမများသည် လူနာများကို လှည့်လည်ကြည့်ရှုနေကြသည်။ လူနာစောင့်မပါသူများကိုလည်း ဂရုတစိုက် ပြုစုပါသည်။ ကျွန်မအဖို့ အနာမှာ နာကျင်မှုလုံးဝမရှိဘဲ သက်သက်သာသာ အိပ်စက်ခဲ့ရပါသည်။

နံနက် ၆–နာရီတွင် ဘဲလ်တီးသံကြားရပြီး သံဃာတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအားလုံးကို ဆန်ပြုတ်လှူဒါန်းပါသည်။ သံဃာတော်များ၊ သီလရှင်များကို နေ့ဆွမ်းဆက်ကပ်ခြင်း၊ အခမဲ့ ဆေးဝါးကုသပေးခြင်းတို့ကြောင့် ပြင်ပလူနာများထံမှ အလှူတော်ငွေ လက်ခံပါသည်။ သာမန်ဆင်းရဲသားပင် ထည့်ဝင်နိုင်ပါသည်။ လုံးဝဆင်းရဲလျှင်လည်း အခမဲ့ကုသပေးသည်ဟု ကြားသိခဲ့ရပါသည်။

နံနက်ပိုင်းရောက်သောအခါ ဆရာဝန်က ကျွန်မကို ဆင်းခွင့်ပေးပါသည်။ ဝေဇယန္တာကျောင်းတိုက်မှာ ကျွန်မတည်းခိုပြီး ဆရာဝန်ချိန်းသောနေ့တွင် ဆေးရုံသွားရပါသည်။

၁၁–၃–၂၀၀၈ နေ့မှာ ကျွန်မဆေးရုံသို့လာ၍ ဆေးထည့်ရပါသည်။ ဆေးထည့်ပေးသော ဆရာမလေးက သွေးများကို ပြွန်မှစုပ်ထုတ်ပြီး ချိုသာနူးညံ့စွာ ပြုမူဆက်ဆံသဖြင့် ကျွန်မလေးစားမိပါသည်။

၁၂–၃–၂၀၀၈ နေ့တွင် မန္တလေးမှ အဖြေရပါသည်။ ကင်ဆာမဟုတ်ပါ။ ကျွန်မအလွန်စိတ်ချမ်းသာမိပါသည်။

၁၃–၃–၂၀၀၈၊ ၁၄–၃–၂၀၀၈ နေ့များတွင် ကျွန်မအား ဆေးရုံသို့ ဆက်တိုက်လာစေပြီး ဆရာဝန်ကိုယ်တိုင် သွေးများစုပ်ထုတ်ခြင်း ပြုလုပ်ပေးပါသည်။ ၁၅–၃–၂၀၀၈ နေ့တွင် ချုပ်ရိုးဖြေရပါသည်။ ပိရိသေသပ်သော ချုပ်ရိုးဖြစ်သောကြောင့် ကျွန်မ လုံးဝ စိတ်ချမ်းသာရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**သီတဂူဆေးရုံကို ကျွန်မ သဘောအကျဆုံးမှာ ဆရာဝန်၊ ဆရာမများ၏ နွေးထွေးသောဆက်ဆံမှု ဖြစ်ပါသည်။ ကျွန်မ စတင်ရောက်သော ၈–၃–၂၀၀၈နေ့မှ ချုပ်ရိုးဖြေသော ၁၅–၃–၂၀၀၈ နေ့အထိ ဆေးရုံသို့ရောက်တိုင်း သတိထားမိသည်ကား လူနာများအပေါ် လုံးဝဆူပူမာန်မဲခြင်းမရှိ၊ ချိုသာနူးညံ့စွာ ဆက်ဆံခြင်း၊ စိတ်ရှည်ကြခြင်းပင် ဖြစ်သည်။ ကျွန်မ အလွန်လေးစားမိပါသည်။"**

ဤသို့လျှင် ဆရာမ ဝင်း(ဘုတလင်)က ရေးသားထားသည်ကို ဖတ်ရသူတိုင်း ဝမ်းသာကြည်နူးခြင်း ဖြစ်ကြရသည်။ သာဓုခေါ်မိကြသည်။

သီတဂူဆရာတော်သည် စစ်ကိုင်း အာယုဒါနဆေးရုံကြီး၏ အောင်မြင်မှုကို အခြေပြုလျက် နောက်ထပ်၍ ဆေးရုံများ တိုးချဲ့ဖွင့်လှစ်လျက်ရှိသည်။ ယနေ့အထိ ထားဝယ်၊ ကလေး၊ သီပေါ၊ နတ်မောက်၊ ဟားခါး၊ ရင်းငြိမ်၊ ဆားတောင်၊ ပန်းတနော်တို့တွင် သီတဂူအဖွဲ့ဦးဆောင်သော ဆေးရုံများ ဖွင့်လှစ်နိုင်ခဲ့သည်။ မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းတွင်လည်း ဆေးရုံ ၁၂–ရုံ ဖွင့်လှစ်ပြီးဖြစ်သည်။ ယနေ့အထိ မြန်မာတစ်နိုင်ငံလုံး၌ သီတဂူ အာယုဒါနဆေးရုံပေါင်း ၂၆–ရုံ ဖွင့်လှစ်လှူဒါန်းပြီးဖြစ်သည်။

## ရင်းငြိမ်တိုက်နယ် ပြည်သူ့ဆေးရုံ

ရင်းငြိမ်တိုက်နယ် ပြည်သူ့ဆေးရုံ လှူဒါန်းဖွင့်လှစ်သည်နှင့် ပတ်သက်၍ မြတ်မင်္ဂလာစာစောင်တွင် ရင်းငြိမ်သားအမည်ခံ ဆောင်းပါးရှင်က ရေးသားထားသည်မှာ မှတ်သားဖွယ်ဖြစ်သည်။

ရင်းငြိမ်တိုက်နယ် ပြည်သူ့ဆေးရုံသည် မွန်ပြည်နယ်၊ ပေါင်မြို့နယ် ရင်းငြိမ်မြို့တွင် ရှိသည်။ ရင်းငြိမ်တိုက်နယ် ပြည်သူ့ဆေးရုံသစ်ကို ရင်းငြိမ်ဇာတိသား ဦးမောင်မောင်အေး(အလင်္ကာဝတ်ရည်)+ဒေါ်စန်းမြင့်တို့က လှူဒါန်းသည်။ ဦးမောင်မောင်အေးသည် စာရေးဆရာ၊ ကဗျာဆရာ မောင်ဟေမာ ဖြစ်သည်။ ဆေးရုံအတွက် လှူဒါန်းမှုတန်ဖိုးစုစုပေါင်းမှာ ငွေကျပ်သိန်းပေါင်း ၅၁၂၆–သိန်းကျော် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဦးမောင်မောင်အေး(မောင်ဟေမာ)(အလက်ာဝတ်ရည်) မိသားစု လှူဒါန်းသော ရင်းငြိမ်တိုက်နယ် ပြည်သူ့ဆေးရုံဖွင့်ပွဲ

ဤဆေးရုံအတွက် လိုအပ်သော နောက်ဆုံးပေါ် ဆေးရုံသုံး ခေတ်မီ ပစ္စည်း ၃၅–မျိုးကို သီတဂူဆရာတော်ကြီးက လှူဒါန်းခဲ့သည်။ လှူဒါန်းမှု တန်ဖိုးစုစုပေါင်းမှာ ကျပ်သိန်းပေါင်း ၆၄၈–သိန်းဖြစ်သည်။ ယင်းကို ၂၀၀၉– ခုနှစ်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။

ဤဆေးရုံဖွင့်ပွဲအခမ်းအနားတွင် သီတဂူဆရာတော်ကြီးက တရား ဟောပြောခဲ့သည်။ တရားဟောပြောရာ၌ "အလှူဒါနက နှစ်မျိုးရှိပါတယ်။ ဘာသာရေးအလှူဒါနနဲ့ လူမှုရေးအလှူဒါန။ ဘာသာရေးအလှူဒါန ဆိုတာ ဘုရားတည်၊ ကျောင်းဆောက်၊ သိမ်၊ ဇရပ်၊ သာသနိကအဆောက် အအုံတွေလှူတာ။ ဗုဒ္ဓဘာသာဝင်တွေ လှူကြတာ များပါတယ်။ သို့ သော် လူမှုရေးဒါနပိုင်းမှာတော့ အားနည်းနေပါသေးတယ်။ ဥပမာ အခုလို ဆေးရုံ၊ စာသင်ကျောင်းစတဲ့ လူမှုရေးဒါနတွေမှာ အားနည်း နေတာ တွေ့ရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုဘက်ခေတ်ပေါင်းတုန်းက ဘုန်းကြီးတို့ ရှမ်းပြည်နယ်၊ နမ့်ခမ်းရောက်သွားတော့ အဲဒီတုန်းက နမ့်ခမ်းမှာ အစိုးရဆေးရုံ မရှိသေးဘူး။ ဒါပေမယ့် ဘာသာခြားသာသနာပြုတွေ ဖွင့်ထားတဲ့ ဆေးရုံရှိနေတယ်။ အဲဒီဆေးရုံကိုသွားကြည့်တော့ ဘုန်းကြီးတွေ၊ သီလရှင်တွေပါ တက်ရောက်ကုသနေတာ တွေ့ရတယ်။ အင်း အဲဒီမှာ ဘုန်းကြီးစိတ်ထဲ တစ်နေ့တော့ ငါလည်း ဆေးရုံတွေ ဆောက်လှူမယ်။ လောကတ္ထစရိယ၊ ပရဟိတအလုပ်တွေဆိုတာ သာသနာပြုတဲ့အထဲမှာပါတာပဲလို့ နှလုံးသွင်းခဲ့တယ်။ ဒီနေ့တော့ဖြင့် နှစ်ပေါင်းသုံးလေးဆယ်လောက်မနေမနား ကြိုးစားအားထုတ်လာလိုက်တာ အခုရင်းငြိမ်ဆေးရုံအတွက် သိန်းခြောက်ရာကျော် အပါအဝင် စစ်ကိုင်းတောင်ရိုးမှာလည်း အာယုဒါနဆေးရုံကြီး၊ ပြီးတော့ မျက်စိအထူးကုဆေးရုံ ဆောက်ခဲ့ပြီ၊ လှူခဲ့ပြီ။ ပန်းတနော်မှာလည်း မျက်စိဆေးရုံလှူခဲ့တာ လေးနှစ်ရှိပြီ။ တစ်နှစ်က သီပေါမှာ၊ အခု ကလေးမြို့မှာလည်း အောင်မြင်ခဲ့ပြီ။ ထားဝယ်မှာလည်း ဆောက်နေဆဲပဲ။ ဆားတောင်မှာတော့ အထွေထွေဆေးရုံကြီးပေါ့။ နိုင်ငံတော်အစိုးရရဲ့ဆေးရုံပေါင်း လေးရုံကိုလည်း ဆေးရုံသုံးပစ္စည်းတွေ ဘုန်းကြီးတို့ လှူနိုင်ခဲ့ပါပြီ။ မုန်တိုင်းဒဏ်သင့်ခဲ့တဲ့ ဧရာဝတီတိုင်းဒေသကြီးမှာလည်းပဲ ဆေးရုံ ၁၂–ရုံ၊ အ.ထ.က စာသင်ကျောင်းကြီး ၆–ကျောင်း စသည်ဖြင့်ပေါ့လေ လှူနိုင်ခဲ့ပါတယ်။

ဒီလို လှူနိုင်ခဲ့တာတွေဟာ ဘုန်းကြီးတို့ စာသင်သားဘဝက ဖတ်ခဲ့ရတဲ့ ဒီပဲယင်းဆရာတော်ကြီးရဲ့ 'ပရမတ္ထစက္ခု' ဆိုတဲ့ ကျမ်းနိဂုံးမှာ ဆုတောင်းကလေး ရေးထားတယ်။ ဘာလဲဆိုတော့–

"အဟံ–ငါသည်–သူတစ်ပါးတို့၏ အကျိုးစီးပွားကို လိုလိုလားလား ဆောင်ရွက်နိုင်ရပါလို၏" တဲ့။ ဒါဘုရားအလောင်းရဲ့စိတ်ဓာတ်မျိုးနော်။ ဒီပဲယင်းဆရာတော်ကြီး ဆက်ပြီး ဆုတောင်းထားတာကလည်း မှတ်သားစရာကောင်းတယ်။

www.burmeseclassic.com

www.burmeseclassic.com



"သူတစ်ပါးတို့ကလည်း ငါ့အကျိုးစီးပွားကို ဆောင်ရွက်နိုင်ကြပါစေ တဲ့" အပြန်အလှန်ပေါ့နော်။ ဆက်ပြီး ဆုတောင်းသေးတယ်။ လေးလေး နက်နက် မှတ်သားကြစမ်းပါ။

"ငါသည် ဘယ်သူ့ကိုမှ ဒုက္ခမပေးရပါစေနဲ့"တဲ့။

"သူတစ်ပါးတို့ကလည်း ငါ့ကို ဒုက္ခရောက်အောင်မလုပ်ပါစေနဲ့" တဲ့။

သူတော်ကောင်းဆိုတာ ဘယ်သူ့ကိုမှ ဒုက္ခရောက်အောင် မလုပ်ဘူး။ အများကောင်းစားချမ်းသာဖို့ပဲ လိုအပ်တယ်။ အဲဒီတော့ ဆုတောင်းတွေကို တိုးချဲ့လိုက်စမ်းပါ၊ ငါကောင်းစားရေး ဆုတောင်းလုပ်ကိုင်နေရာက အများကောင်းစားရေးကိုလည်း တွေးခေါ်မြော်မြင် လုပ်ကိုင်ကြစမ်းပါ။ အများအတွက်၊ လောကအတွက် ဆုတောင်းကြစမ်းပါ။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံးတော်မူစဉ် တို့ဘုရားရှင်က သိပ်အလုပ်လုပ် တယ်။ ကျောင်းတိုက်ကြီးကို တစ်နေ့နှစ်ကြိမ် လှည့်စစ်တယ်။ အဲ့ဒီမှာ တိဿဆိုတဲ့ ရဟန်းကြီးတစ်ပါး အနာမှာပြည်တွေစိုရွှဲပြီး မြင်မကောင်း အောင် ဒုက္ခရောက်နေတာ တွေ့တော်မူတယ်။ အနံ့အသက်တွေကလည်း မကောင်း၊ ရောဂါကလည်း တော်တော်နဲ့မပျောက်နိုင်တော့ သီတင်းသုံး ဖော်ရဟန်းတွေ (ပုထုဇဉ် ရဟန်းတွေပေါ့)ကလည်း မပြုစု၊ မကုသပေး တော့ဘူး၊ စွန့်ခွာသွားကြပြီ။

ဘုရားရှင် ကိုယ်တော်မြတ်ကြီးဟာ အနာနဲ့ယိုင်လဲနေတဲ့ တိဿ ရဟန်းကြီးကို ကြည့်ရှုပြီးတော့ ကိုယ်တော်တိုင် မီးဖိုထဲဝင်တယ်။ ရေနွေး ကျိုတယ်။ ဗုဒ္ဓဘုရားရှင် ဘယ်လောက်အလုပ်လုပ်သလဲ။ တကယ့်ကို လောကစံပြမြတ်ဗုဒ္ဓဆိုတာ အလွန့်အလွန်ကို ကြည်ညိုပါတယ်ဆိုတာ ထက်ကို ပြောရမှာ။ ဘုရားကိုယ်တိုင် ရေနွေးကျိုပြီးတော့ တိဿရဲ့ပြည်

www.burmeseclassic.com

www.burmeseclassic.com





အောင်မြင်ခါစ ဓမ္မကထိက (မြန်မာ-၁၃၄၂)

တွေနဲ့ အလိမ်းလိမ်းဖြစ်နေတဲ့ အနာစိမ်းကြီးတွေကို ဖန်ရေဆေးပေးတော်မူတယ်။ တိဿရဟန်းရဲ့ ခေါင်းရင်းကထိုင်လို့ မဟာကရုဏာအပြည့်နဲ့ ရောဂါဝေဒနာကို ကုစားပေးနေပါတယ်နော်။ ရုပ်ခန္ဓာရောဂါကို ကုပေးရုံလားဆိုတော့ ဘယ်ကမလဲ၊ တရားနဲ့လည်း စိတ်ကိုကုသပေးတယ်။

"ချစ်သား...တဲ့၊ ခန္ဓာဖြစ်ရင် ရောဂါဖြစ်မှာပဲ"တဲ့။ တရားတစ်လုံး ထည့်ပေးလိုက်ပြီ။ စိတ်ဓာတ်ကျနေတဲ့ တိဿရဟန်း စိတ်ခွန်အားတွေ ပြန်ပြည့်လာပြီ။ စိတ်မှာ အားရှိတာနဲ့ သဒ္ဓါ၊ သတိ၊ ဝီရိယစတဲ့ ဗိုလ်ငါးပါး တစ်ပြိုင်နက် အားတက်အားညီလာပြီ။ ဘုရားစကား တရားတော်တွေကို တစ်လုံးချင်း နှလုံးသွင်းကြားနာနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားက အနာကိုကုသပြုစုပေးရင်းက တရားဆက်ဟောနေတယ်။ "ချစ်သား တိဿ၊ ရောဂါဆိုတာ ခန္ဓာပဲ၊ ခန္ဓာဆိုတာ ရောဂါပဲ" တဲ့။ ဒီတော့ ဒီခန္ဓာရဲ့အပြစ်ကို တိဿရဟန်းကြီးမြင်လာပြီ။

အနာရောဂါမှ ကင်းပျောက်ချင်တာထက် ခန္ဓာကလွတ်မြောက်ချင်လာတယ်။ ခန္ဓာမလိုချင်တော့ဘူး။ ဘဝခန္ဓာတွေ တစ်ခါတည်းသိမ်းပြီး မီးငြိမ်းချင်ပြီ။ ဘုရားစကားတွေ တစ်လုံးချင်း နာကြားလိုက်တာ ရောဂါလည်းပျောက် ရဟန္တာအဖြစ်သို့လည်း ရောက်တော်မူတယ်"တဲ့။

"ကဲ ပရိသတ်တို့-တိဿရဟန်းကြီးလို တရားနာတတ်ကြရဲ့လား"။

အဲဒီနောက်မှာ အနာထပိဏ်တို့လို သူဌေးဒကာကြီးများကလည်း ဘုရားခေတ်မှာပဲ 'ဂိလာနသာလာ' ဆိုတဲ့ ဆေးရုံကြီးတွေ ဆောက်လုပ်လှူဒါန်းရကောင်းမှန်း သိလာတယ်။ အသောကမင်းကြီး ခေတ်မှာတော့ 'အာရောဂျသာလာ'ဆိုတဲ့ ဆေးရုံ၊ ဆေးခန်းတွေ ခံ့ခံ့ညားညားပေါ်လာပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးလာကြတယ်။"

အဲဒီတော့ သာသနာပြုတယ်ဆိုတာ–

(၁) ကိုယ်ကျင့်တရားမြှင့်တင်ပေးဖို့

(၂) စိတ်ဓာတ်ဖြူစင်ကောင်းမွန်လာဖို့

(၃) အသိဉာဏ်မြင့်မားလာဖို့

ဦးတည်ပြီး အများအကျိုးဆောင်ရတာ ဖြစ်ပါတယ်။ ကိုယ့်အတ္တ တစ်ခုတည်း ကြည့်ပြီးတော့ မလုပ်ကြပါနဲ့တော့။ အခုလို လူမှုရေးဒါန တွေ၊ ဆေးရုံဆောက်လှူ၊ စာသင်ကျောင်းဆောက်လှူတာတွေလည်း လုပ်တတ်ကြပါစေ။ ဘုရားလမ်းစဉ်ဆိုတာ လောကတ္ထစရိယပါ။ ဘုရားရှင်ကို တကယ်ကြည်ညိုတယ်ဆိုရင် လူအို၊ လူနာတွေကို ရိုသေလေးမြတ်စွာ လုပ်ကျွေးပြုစုအပ်ပါတယ်။ ဆေးရုံနဲ့ ဆေးရုံသုံးပစ္စည်းတွေတော့ လှူပြီးပြီ။

www.burmeseclassic.com

www.burmeseclassic.com



**တာဝန်ထမ်းဆောင်မဲ့ ဆရာဝန်များ၊ သူနာပြုများက လူနာတွေအပေါ် မေတ္တာထား ကုသပေးကြဖို့ပဲ လိုပါတော့တယ်”** စသည်ဖြင့် ထည့်သွင်းဟောကြားတော်မူခဲ့သည်။

## လေအသုံးပြု

သီတဂူဆရာတော်သည် အံ့ချီးဖွယ် သာသနာ့အာဇာနည်ဖြစ်သည်။ ဆရာတော်သည် “တောင်စစ်ကိုင်း၊ ချောင်တိုင်းဝေမယ်၊ ဖောင်နှိုင်းလေမဂ္ဂင်ရှစ်ရယ်နဲ့၊ တက်ပြင်အသစ် ကူးကြသီတူ၊ ထူးလှသီတဂူ”ဟု တစ်ပြည်လုံးကြေညာ၍ ဆောင်ရွက်ခဲ့သည်။

ထိုစဉ်က ဆရာတော်အချို့က “မောင်ဉာဏိဿရ၊ လေတယ်ကောင်းတယ်။ လေသမားပဲ” ဟုဆိုကြသည်။

ထိုအခါ ဆရာတော်က “မှန်ပါတယ်။ တစ်ပြည်လုံးနဲ့ တစ်ကမ္ဘာလုံးမှာ ဘုန်းကြီးက လေကိုပဲ အသုံးပြုခဲ့ပါတယ်” ဟု ပြန်ပြောခဲ့သည်။ မှန်ပေသည်။ မန္တလေး သီတဂူဗုဒ္ဓတက္ကသိုလ်ကြီးအတွက် ကျပ်သိန်းပေါင်းနှစ်သောင်း လှူဒါန်းခဲ့သော အလှူရှင် ဒေါ်ညွန့်ညွန့်အေးက “သီတဂူဆရာတော်ကြီးဟောတဲ့ သက္ကပဋ္ဌာသုတ်ကို နာရတဲ့အခါ ငြူစူခြင်း၊ မနာလိုခြင်း ဣဿာနဲ့ဝန်တိုခြင်း  မစ္ဆရိယတို့ရဲ့ ဆိုးဝါးပုံကို သိရှိနားလည်ခဲ့ရပါတယ်။ ဒါကြောင့် ဒီဆိုးဝါးတဲ့ ဣဿာ မစ္ဆရိယတွေကို ဒါနဆိုတဲ့ အလောဘ လက်နက်နဲ့ တိုက်ဖျက်မယ်။ လောဘကို အလောဘဖြစ်အောင် လုပ်မယ်ဆိုတဲ့ ဆန္ဒနဲ့ မန္တလေးဗုဒ္ဓတက္ကသိုလ်ကြီးကို ဆောက်လုပ်လှူဒါန်းခဲ့တာ ဖြစ်ပါတယ်” ဟူ၍ ဆရာတော်ကြီး၏ ဟောပြောမှုအကျိုးကျေးဇူးကို ဖွင့်ဟပြောဆိုခဲ့သည်။

သီတဂူရေစီမံကိန်းအောင်မြင်ပြီး၍ သီတဂူအာယုဒါနဆေးရုံ စီမံကိန်းကို ဆောင်ရွက်ရာတွင်လည်း ဆရာတော်က–

www.burmeseclassic.com

www.burmeseclassic.com



**"ရောဂါဘေးမသန်း၊ ဆေးခန်းအဖုံဖုံ**
**သီတဂူဆင့်ပွား၊ တင့်ကြွားလုံခြုံ**
**တိကိစ္ဆာလယ၊ နာမဆေးရုံ**
**ရေအေးအေး၊ ဆေးဝါးခတ်စာစုံ"** ဟု တစ်ပြည်လုံး ကြေညာပြန်သည်။ အာယုဒါနဆေးရုံအလှူအတွက်တရားများ မနားတမ်း ဟောပြန်သည်။ ဆောင်ရွက်ပြန်သည်။ ထိုအခါတွင် အချို့ဆရာတော်များက "မောင်ဉာဏိဿရ၊ ဘယ်လောက်များလုပ်နိုင်မှာလဲ။ ဒီလောက်ရှားနေတဲ့ ခေတ်ကြီးမှာ ခေတ်မီဆေးရုံတစ်ခု မဖြစ်နိုင်ပါဘူး။ ခုတင် ၈၀–ဆိုတာ ပိုနေမှာပဲ" ဟု ဆိုကြပြန်သည်။

ဆရာတော်က မမှု။ မဖြစ်မနေ ကြိုးစားဆောင်ရွက်သည်။ အောင်မြင်ပြန်သည်။ ယခုအခါ "ခုတင် ၁၀၀–ဆံ့ အာယုဒါနဆေးရုံဟာ ကျဉ်းနေပြီ။ ချဲ့ပါဦး" ဟု ဆိုရလောက်အောင်ပင် အောင်မြင်နေပြီ။

## တက္ကသိလာ

ဤသို့ စီမံကိန်းကြီးနှစ်ရပ် အောင်မြင်ပြီးနောက် ခေတ်မီကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတစ်ခု တည်ထောင်ရန် ဆရာတော်က ကြိုးစားပြန်သည်။

ရှေးအခါက တက္ကသိုလ်ခေါ် တက္ကသိလာဟူသော မြို့တော်သည် ဂန္ဓာရတိုင်းတွင် ရှိခဲ့သည်။ ဂန္ဓာရသည် ယနေ့ ပါကစ္စတန်နိုင်ငံမြောက်ပိုင်းမှာ ရှိသည်။ ဂန္ဓာရတိုင်း၏ အနောက်ဘက်တွင် ဂရိနှင့် ရောမရှိသည်။ မြောက်ဘက်တွင် တရုတ်နိုင်ငံရှိသည်။ အရှေ့ဘက်တွင် အိန္ဒိယနိုင်ငံ ရှိသည်။ တောင်ဘက်တွင် ကမ္ဘောဇ(ယခုအီရန်)တို့ ရှိသည်။ တက္ကသိလာသည် ထိုထိုဒေသတို့မှ ပညာရပ်မျိုးစုံတို့၏ စုဝေးရာနေရာဖြစ်သည်။ ဗုဒ္ဓမပွင့်မီနှင့် ဗုဒ္ဓပွင့်ဆဲခေတ်တို့တွင် ပညာရှာကျောင်းသားတို့ ပညာရှာမှီးရာ ဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓခေတ်၌ ဇေတဝန်၊ ဝေဠုဝန်၊ မိဂဒါဝုန်၊ မဟာဝုန်တို့သည် ဗုဒ္ဓတက္ကသိုလ်များပင် ဖြစ်ခဲ့ကြသည်။ သီရိဓမ္မာသောကမင်းကြီးလက်ထက် အသောကာရုံကျောင်းတိုက်ကြီးသည် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုကြွ ရောက်တော်မူကြသော ရဟန်းတော်အားလုံးတို့၏ ဓမ္မဒူတတက္ကသိုလ်ပင် ဖြစ်တော့သည်။

အရှင်သာရိပုတ္တရာ၏ ဖွားရာမြေ၊ နာလန္ဒမြို့မှ နာဂဇုနဆရာတော်သည် နာလန္ဒတက္ကသိုလ်ကို စတင်တည်ထောင်ခဲ့သည်။ ယင်းအတွက် ဂုတ္တမင်းဆက် သက္ကာဒိစ္စမင်းကကျောင်းဆောက်လှူသည်။ အေဒီ ၅–ရာစု လောက်က ဖြစ်သည်။

နာလန္ဒတက္ကသိုလ်ဟောင်း ပျက်သွားပြီးနောက် နာလန္ဒတက္ကသိုလ် သစ်ကို ဘိက္ခုကဿပဆရာတော်ကြီးက ပြန်လည် တည်ဆောက်ခဲ့သည်။

အလားတူပင် အမေရိကန်၊ ပြင်သစ်၊ ဘယ်လ်ဂျီယံစသည်တို့၌ ခရစ်ယာန်ဘုန်းကြီးများ၊ သီလရှင်များ တည်ထောင်သော ကောလိပ်နှင့် တက္ကသိုလ်များရှိသည်။

## သီတဂူဆရာတော်နှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်

ပြည်ထောင်စုမြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓသာသနာတော် အထွန်း ကားဆုံးသော နိုင်ငံဖြစ်သည်။ ထိုသို့ ထွန်းကားသည်နှင့်အညီ ရဟန်းတော် များလည်း များပြားသည်။ ၂၀၀၁–ခုနှစ် စာရင်းအရ မြန်မာနိုင်ငံတွင် ရဟန်း တော်ပေါင်း ၁၇၀၁၆၅–ပါးရှိသည်။ ဘုန်းတော်ကြီးကျောင်းပေါင်း ၅၁၈၁၄– ကျောင်းရှိသည်။ သာသနာ့နွယ်ဝင် သီလရှင်ပေါင်း ၂၆၂၃၂–ပါးရှိသည်။ သီလရှင်ကျောင်းပေါင်း ၂၆၉၉–ကျောင်း ရှိသည်။

မြန်မာနိုင်ငံသာသနာတော်တွင် သံဃာ့ဂိုဏ်းကြီး ၉–ဂိုဏ်းရှိသည်။ ယင်းတို့မှာ (၁) သုဓမ္မာဂိုဏ်း၊ (၂) ရွှေကျင်ဂိုဏ်း၊ (၃) ဓမ္မာနုဓမ္မမဟာဒွါရ

www.burmeseclassic.com

www.burmeseclassic.com



နိကာယဂိုဏ်း၊ (၄) ဓမ္မဝိနယာနုလောမ(မူလဒွါရဂိုဏ်း)၊ (၅) အနောက်ချောင်း ဒွါရဂိုဏ်း၊ (၆)ဝေဠုဝန်နိကာယဂိုဏ်း၊ (၇)စတုဘုမ္မိက မဟာသတိပဋ္ဌာန် (ငှက်တွင်း)ဂိုဏ်း၊ (၈) ဂဏဝိမုတ်(ကူးတို့)ဂိုဏ်း၊ (၉) ဓမ္မယုတ္တိနိကာယ (မဟာရင်)ဂိုဏ်းတို့ ဖြစ်ကြသည်။

အားလုံးသောဂိုဏ်းအသီးသီးမှ သံဃာတော်များသည်လည်းကောင်း၊ သီလရှင်များသည်လည်းကောင်း သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်အောက်တွင် ရှိနေကြပေသည်။ ထိုသံဃာ့အဖွဲ့အစည်းကိုလည်း အခြေခံစည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံတော် စသည်ဖြင့် သံဃနာယကအဖွဲ့များ အဆင့်ဆင့် ဖွဲ့စည်းထားရှိသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကို အဖွဲ့ဝင်ဆရာတော်ကြီး ၄၇–ပါးဖြင့် ဖွဲ့စည်းထားသည်။ ထိုအဖွဲ့ဝင်ဆရာတော်များကို အဖွဲ့ခွဲ ၃–ခုခွဲထားသည်။ နွေအဖွဲ့ခွဲ၊ မိုးအဖွဲ့ခွဲနှင့် ဆောင်းအဖွဲ့ခွဲတို့ ဖြစ်သည်။ အဖွဲ့ခွဲတစ်ခုစီသည် ၄–လစီ အလှည့်ကျရုံးထိုင်၍ သာသနာ့တာဝန်ကို ထမ်းဆောင်ကြရသည်။

ဤသို့ သံဃာတော်များ စနစ်တကျခိုင်မြဲစွာ တည်ရှိနေသည်နှင့်အညီ နိုင်ငံတော်သာသနာ့တက္ကသိုလ်ကြီးများလည်း တည်ထောင်ရန် လိုအပ်လာသည်။ ထို့ကြောင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ကို ရန်ကုန်မြို့တွင် ၁၉၈၆–ခုနှစ်၌ တည်ထောင်ဖွင့်လှစ်ခဲ့သည်။ မန္တလေးမြို့၌လည်း အလားတူပင် သာသနာ့တက္ကသိုလ်ကို ၁၉၈၆–ခုနှစ်မှာပင် တည်ထောင်ဖွင့်လှစ်ခဲ့သည်။ စာသင်သားများကို လိုအပ်သည့်ဘာသာရပ်များ သင်ကြားပို့ချ၍ သာသန တက္ကသိုလဓမ္မာစရိယ(B.A, Buddhism)ဘွဲ့နှင့် သာသနာ့တက္ကသိုလမဟာဓမ္မာစရိယ(M.A, Buddhism)ဘွဲ့များကို အပ်နှင်းလျက်ရှိသည်။

ထိုမှုမက နိုင်ငံတော်အကြီးအကဲများသည် ထေရဝါဒပိဋကတ်ကျမ်းစာများ လေ့လာရန်နှင့် ဝိပဿနာတရားအားထုတ်ရန် လာရောက်ကြ

www.burmeseclassic.com

www.burmeseclassic.com



သော နိုင်ငံခြားသားများအတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တစ်ခု တည်ထောင်နိုင်ရန် စိတ်ကူးကြံစည်မိကြသည်။ ဤစိတ်ကူးအကြံအစည်ကို အကောင်အထည်ဖော်ရန် သက်ဆိုင်ရာတို့သည် သီတဂူဆရာတော်ထံမှ အကူအညီတောင်းယူခဲ့ကြရသည်။

"အဲဒီတုန်းက ဘုန်းကြီးက စစ်ကိုင်းမှာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် တည်ထောင်ဖို့ ကြံစည်စိတ်ကူးနေတာ ကြာပြီ။ ပြည်ပနိုင်ငံများကိုရောက်တိုင်း ခရစ်ယာန်ဘုန်းတော်ကြီးများ တည်ထောင်တဲ့ တက္ကသိုလ်တွေကို ကြည့်ရှုလေ့လာခဲ့တယ်။ အဲဒီတက္ကသိုလ်တွေ တည်ထောင်ကြပုံကို ရေးသားပြုစုထားကြတဲ့ စာအုပ်ပေါင်းများစွာကိုလည်း ဝယ်ယူလာခဲ့တယ်။ လေ့လာဖတ်ရှုခဲ့တယ်။ ဒါကြောင့် နိုင်ငံတော်က အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို တည်ထောင်တဲ့အခါ ဆောင်ရွက်ရန်လိုအပ်တဲ့ စီမံကိန်းတွေကို ချမှတ်ဖို့အတွက် ဘုန်းကြီးစုဆောင်းထားတဲ့ စာအုပ်တွေကို ထုတ်ပေးခဲ့တယ်။ ဘုန်းကြီးလေ့လာသိရှိသမျှတွေကိုလည်း ပြောပြခဲ့တယ်။ စီမံကိန်းများချမှတ်ရေးဆွဲရာမှာလည်း အထူးစိတ်ဝင်စားစွာ ပါဝင်ခဲ့တယ်"ဟူ၍ သီတဂူဆရာတော်က ဤစာရေးသူကို ပြောပြသည်။

ထို့နောက် ထိုအပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြု တက္ကသိုလ်တွင် ပါမောက္ခချုပ်တာဝန်ကို ထမ်းဆောင်နိုင်မည့် ရဟန်းတော်ကိုလည်း ရှာဖွေပင့်ဖိတ်ပေးခဲ့သည်။ ထိုရဟန်းတော်ကား အခြားမဟုတ်။ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသပင် ဖြစ်သည်။

ဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်နှင့် စာပေပါရဂူဘွဲ့(D.Litt) တို့ကို အလှူခံရရှိတော်မူသော အလွန်ထူးချွန်သည့် ရဟန်းအာဇာနည်တစ်ပါး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





အဂ္ဂမဟာပဏ္ဍိတ အရှင်သီလာနန္ဒာဘိဝံသ (၁၉၂၇-၂၀၀၅)

ဆရာတော် အရှင်သီလာနန္ဒာဘိဝံသသည် နိုင်ငံခြားတက္ကသိုလ်ကြီးများတွင် ဗုဒ္ဓတရားတော်နှင့် အဘိဓမ္မာကို အောင်မြင်စွာပို့ချသူလည်း ဖြစ်သည်။ မြန်မာဘာသာဖြင့် တရားကျမ်းစာအုပ်ပေါင်း ၁၅-မျိုး၊ အင်္ဂလိပ်ဘာသာဖြင့် တရားကျမ်းစာအုပ်ပေါင်း ၁၀-မျိုးတို့ကို ရေးသားပြုစုတော်မူခဲ့သော ပုဂ္ဂိုလ်ဖြစ်သည်။ ထိုဆရာတော်ကို သီတဂူဆရာတော်ကပင် ပင့်ဖိတ်ပေးသဖြင့် ထိုတက္ကသိုလ်၌ သာသနာ့တာဝန်ကို ထမ်းဆောင်ခြင်းဖြစ်သည်။

ဆရာတော်ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသသည် ၂၀၀၅-ခုနှစ်၊ ဩဂုတ်လ ၁၃-ရက်နေ့၊ သက်တော် ၇၈-နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ထိုအခါ သီတဂူဆရာတော်က နှမြောတသစွာဖြင့် "အရှေ့၌ထွက်ခဲ့သော နေမင်းအနောက်၌ ကွယ်ခဲ့ခြင်း" ဟူသော ဆောင်းပါးကို ရေးသားဂုဏ်ပြုခဲ့သည်။ ယခုလက်ရှိ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ (Ph.D) မှာ သီတဂူဆရာတော်၏ ဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခချုပ်ဖြစ်သည်။ သီတဂူဆရာတော်ကား ထိုအပြည်ပြည်ဆိုင်ရာ သာသနာပြုတက္ကသိုလ်တွင် ဂုဏ်ထူးဆောင်ပါမောက္ခအဖြစ် ဆောင်ရွက်ဆဲ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

ထိုအပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် မပေါ်ထွန်းမီ သီတဂူဆရာတော်သည် စစ်ကိုင်းမြို့၌ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကို ၁၃၅၆–ခုနှစ်(၁၉၉၄)တွင် စတင်တည်ဆောက်ခဲ့သည်။ တည်ဆောက်သောနေရာမှာ စစ်ကိုင်းတောင်ရိုး၊ ပုညရှင်စေတီတော်သို့တက်ရာ တောင်ဘက်လမ်းဘေး သီတဂူအာယုဒါနဆေးရုံကြီး၏ အနောက်ဘက်မြေနေရာတွင် ဖြစ်သည်။ တက္ကသိုလ်ဝင်းအကျယ်မှာ ၂၀.၂၆–ဧကရှိသည်။

ယင်းမြေတွင် အဆောက်အအုံပေါင်း ၃၀–ကျော် တည်ဆောက်သည်။ ယင်းတို့တွင် ဘွဲ့နှင်းသဘင်ခန်းမကြီးနှင့် သိမ်တော်ကြီး၊ စာကြည့်တိုက်များ၊ စာသင်ဆောင်များ၊ သုတေသနနှင့်ကျမ်းပြုဌာန၊ ဧည့်ခန်းမဆောင်၊ ကွန်ပျူတာဌာန၊ ပြတိုက်၊ ဓာတ်ပုံပြခန်း၊ စားသောက်ဆောင်များ၊ အစည်းအဝေးခန်းမများ၊ မာလ်တီမီဒီယာခန်းများ၊ အထူးဧည့်ခန်းဆောင်များ စသည်တို့ပါဝင်သည်။ ထို့ပြင် အဓိပတိဆောင်၊ ပါမောက္ခချုပ်ဆောင်၊ အုပ်ချုပ်ရေးမှူးဆောင်၊ မော်ကွန်းထိန်းဆောင်တို့လည်း ပါဝင်သည်။

## သန္တိမဟာ ဘွဲ့နှင်းသဘင်

ယင်းတို့တွင် ရင်သပ်ရှုမောဖွယ်ကောင်းလောက်အောင် တည်ဆောက်ထားသော သာသနာ့အဆောက်အအုံကြီးမှာ သဒ္ဓမ္မဇောတိက သိမ်တော်ကြီးနှင့် သီတဂူသန္တိမဟာ ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးတို့ ပူးတွဲထားသည့် အဆောက်အအုံကြီး ဖြစ်သည်။ ထိုအဆောက်အုံကြီးကို အိန္ဒိယပြည် ဆန်ချီစေတီတော်နှင့် စစ်ကိုင်းကောင်းမှုတော်စေတီတော်ကြီးတို့၏ပုံစံကို အထည်ကိုယ်ပြု၍ တည်ဆောက်ထားသည်။ သီတဂူဆရာတော်ကြီးကိုယ်တိုင် ကြီးကြပ်သည်။ အင်ဂျင်နီယာ ဦးစောထွေးဇော်က ဆောက်လုပ်သည်။ ဗိသုကာပညာရှင် တမ္ပဝတီဦးဝင်းမောင်နှင့် သား မောင်ချိုဇော်မင်းတို့က ပုံစံထုတ်သည်။ အနုပညာလက်ရာများကို သူတို့သားအဖနှစ်ဦးကပင် ဖန်တီး

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် တမ္ပဝတီ ဦးဝင်းမောင်



သီတဂူဆရာတော်နှင့် လက်သမားဆရာကြီး ဦးအောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com





စစ်ကိုင်းဗုဒ္ဓတက္ကသိုလ် သိမ်သမုတ်ပွဲ

တန်ဆာဆင်သည်။ ယင်းတို့ကို အိန္ဒိယပြည် ခေတ်အဆက်ဆက်၊ သီရိလင်္ကာ ခေတ်အဆက်ဆက်၊ ဂန္ဓာရခေတ်အဆက်ဆက်၊ မြန်မာခေတ်အဆက်ဆက် တို့မှ ဗုဒ္ဓယဉ်ကျေးမှု အမွေအနှစ် ရုပ်လုံးရုပ်ကြွ၊ ပန်းပု၊ ပန်းချီတို့ဖြင့် တန်ဆာဆင်၍ တည်ဆောက်ခြင်းပြုသည်။ ဤအဆောက်အအုံကြီးအတွက် ကုန်ကျငွေမှာ ကျပ်ငွေသန်းပေါင်း တစ်ထောင့်ငါးရာ (၁၅၀၀,၀၀,၀၀၀၀)ဖြစ်သည်။ အမေရိကန်ဒေါ်လာ ၁၂၅၀,၀၀၀–ကုန်ကျသည်။



စစ်ကိုင်းဗုဒ္ဓတက္ကသိုလ်ကြီးရှိ သိမ်တော်ကြီး တည်ဆောက်စဉ်။

www.burmeseclassic.com

www.burmeseclassic.com





စစ်ကိုင်းဗုဒ္ဓတက္ကသိုလ်ကြီးရှိ ဘုရားခန်း၊ သိမ်ခန်းမ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အစည်းအဝေးခန်းမတို့ ပါရှိသော သိမ်တော်ကြီး

## အံ့ချီးဖွယ် အဆောက်အအုံ

ပုဂံခေတ်တွင် ကျန်စစ်သားမင်း၏ အာနန္ဒာလိုဏ်ဂူဘုရားသည် အံ့ချီးဖွယ်ဖြစ်သည့်နည်းတူ ယခုခေတ်သစ်တွင်လည်း သီတဂူဆရာတော်၏ ဘွဲ့နှင်းသဘင် အဆောက်အအုံကြီးသည် အံ့ချီးဖွယ်ဖြစ်သည်။ ယင်းတွင် ဘုရားခန်း၊ သိမ်ခန်းမ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အစည်းအဝေးခန်းမတို့ကို ဗဟိုထား၍ မုခ်ဦး ၄–ခု၊ ခေါင်းလောင်းစင်စည်တော် ၄–ခု၊ အာရုံခံတန်ဆောင်း ၈–ခု၊ ကမ္ဘဋ္ဌာန်းကျောင်းငယ် ၄၀–၊ နိုင်ငံစုံလက်ရာဆင်းတုတော် ၈၀–၊ အရန်စေတီ ၈၀–တို့ဖြင့် တန်ဆာဆင်ထားသည်။ ယင်းတို့ကို တစ်နာရီ၊ နှစ်နာရီ ကြည့်ရှုလေ့လာရုံမျှဖြင့် မပြီး၊ မပြည့်စုံ။ တစ်နေကုန်အချိန်ယူ၍ ကြည့်ရှုလေ့လာမှသာ ပြီးပြည့်စုံနိုင်သည်။

## ၈–နှစ်သက်တမ်း

ဤကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတွင် သတ်မှတ်သော အရည်အချင်းများနှင့် ပြည့်မီသည့် ရဟန်းတော်များ၊ သာမဏေများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များကို လက်ခံသင်ကြားပေးသည်။ ပြည်တွင်းမှ မြန်မာနိုင်ငံသားများကို သာမက ပြည်ပမှပုဂ္ဂိုလ်များကိုလည်း လက်ခံသည်။ ယခုအခါ ဂျာမနီ၊ ဗြိတိန်၊

www.burmeseclassic.com

www.burmeseclassic.com





စစ်ကိုင်း သီတဂူဗုဒ္ဓတက္ကသိုလ်၌ သီတဂူဆရာတော် စာပေပို့ချနေစဉ်။

အမေရိကန်၊ မလေးရှား၊ ဂျပန်၊ ထိုင်း၊ ဗီယက်နမ်၊ ကိုရီးယား အစရှိသော နိုင်ငံများမှသင်တန်းသားများ ကြိုးစားသင်ယူလျက် ရှိနေသည်ကိုတွေ့ရသည်။

သင်ကြားရာ၌ ပိဋကတ်သုံးပုံကို ဗဟိုထား၍ ဝိပဿနာ၊ အဘိဓမ္မာ၊ ကိုးကွယ်သည့်ဘာသာကြီးများ၊ ဘာသာရေးသမိုင်း၊ သာသနာရေးသမိုင်း၊ သုတေသနပြုနည်း၊ ကျမ်းပြုနည်း၊ တရားဟောနည်း၊ ကွန်ပျူတာ အသုံးပြုနည်းဟူသော ဘာသာရပ်တို့ကို ပြည့်စုံစွာ သင်ကြားပေးသည်။

ဤတက္ကသိုလ်တွင် ဒီပလိုမာ ၃–နှစ်တက်ရသည်။ B.A တန်း ၄–နှစ်တက်ရသည်။ M.A တန်း ၂–နှစ်တက်ရသည်။ ယခု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးသည် ဒီပလိုမာတန်းနှင့် ဘီအေတန်းတို့ကို ဖွင့်လှစ်သင်ကြားပေးနေသည်မှာ ၂၀၀၉–ခုနှစ်အထိဆိုလျှင် ၈–နှစ်သက်တမ်းရှိခဲ့ပြီ။ B.A တန်းအောင်မြင်သော စာသင်သားပေါင်း ၃၈–ပါး ပေါ်ထွက်ခဲ့ပြီ။ ပထမဦးဆုံးသော ဘွဲ့နှင်းသဘင်ကို ၁၃၇၀–ပြည့်နှစ်၊ တပေါင်းလဆန်း ၁၀–ရက်နေ့ (ခရစ်နှစ်–၂၀၀၉)တွင် ကျင်းပနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အောင်မြင်

ဤကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတွင် သီတဂူဆရာတော်က အဓိပတိဆရာတော်အဖြစ် တာဝန်ယူသည်။ ဆရာတော်သည် တက္ကသိုလ်ကြီးကို ကြီးကြပ်စီမံရုံသာမက အခါအားလျော်စွာပင် သင်တန်းများ၌ သင်ကြားပို့ချသည်။ ဆရာတော်၏ လက်ထောက်များအနေဖြင့် အုပ်ချုပ်ရေးမှူး၊ ပါမောက္ခချုပ်၊ မော်ကွန်းထိန်း၊ ပါမောက္ခ စသည်တို့က တာဝန်ယူဆောင်ရွက်သည်။

၂၀၀၈–၂၀၀၉ ပညာသင်နှစ်တွင် ပါမောက္ခဆရာ ၁၅–ဦး၊ B.A စတုတ္ထနှစ် သင်တန်းသား ၁၉–ဦး၊ တတိယနှစ် သင်တန်းသား ၁၈–ဦး၊ ဒုတိယနှစ် သင်တန်းသား ၂၅–ဦး၊ ပထမနှစ် သင်တန်းသား ၃၁–ဦးရှိသည်။ ဒီပလိုမာသင်တန်းသား ၃၄၀–ရှိသည်။

ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်များ အစည်းအဝေးကြီးကို ၂၀၀၉–ခုနှစ်၊ မတ်လ ၅–ရက်မှ ၈–ရက်နေ့အထိ ဤသီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ တိုင်းပြည်ပေါင်း ၂၁–နိုင်ငံမှ ကိုယ်စားလှယ်တော်ပေါင်း ၃၅၀–ကျော် တက်



သိမ်တော်ကြီးအတွင်းပိုင်း အနေအထား

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခဲ့သည်။ ထို့ပြင် လေ့လာသူများအဖြစ် ဘာသာရေးအသင်းအဖွဲ့ များမှ လူကြီးများ၊ ပညာရှင်ကြီးများ၊ စာရေးဆရာကြီးများလည်း တက်ရောက်ခဲ့ကြသည်။

သီတဂူဆရာတော်သည် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်အနေဖြင့် ပြည်တွင်း၌ သင်ကြားပေးရုံသာမက ပြည်ပနိုင်ငံများသို့လည်း ပညာတော်သင်များ စေလွှတ်ထားသည်။ ထိုပညာတော်သင်များသည် Ph.Dဘွဲ့များ၊ M.A ဘွဲ့များကို သင်ကြားလျက်ရှိသည်။

## ပြည်ပ ဓမ္မဒူတခရီး

သီတဂူဆရာတော်သည် "သတ္တဝါအကျိုးသယ်ပိုးရန် ခရီးထွက်ကြ" ဟူသော ဘုရားရှင်၏ အဆုံးအမကို အထူးလိုက်နာခဲ့သည်။ ထို့ကြောင့် အရှင်သည် ပြည်တွင်းဓမ္မဒူတ သာသနာပြုခရီးများကိုလည်း ကြွတော်မူခဲ့သည်။ ထို့ပြင် ပြည်ပ ဓမ္မဒူတသာသနာပြုခရီးများကိုလည်း ကြွတော်မူခဲ့သည်။

"ပြည်ပခရီးကို ၁၉၈၁–ခုနှစ်က ဘုန်းကြီးစပြီးထွက်ခဲ့ပါတယ်။ ပထမဆုံး ပြည်ပသာသနာပြုခရီးကတော့ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ အဲဒီ ၆–နိုင်ငံပါပဲ။ အိုင်ယာလန်နိုင်ငံ၊ ဒဗ္ဗလင်မြို့မှာနေကြတဲ့ ဦးဘရီ၊ ဒေါ်သန်းမြင့်တို့က ခရီးစဉ်တစ်လျှောက် ကုန်ကျစရိတ်အားလုံးကို လှူကြတယ်။ အဲဒီတုန်းက ဘုန်းကြီးဟာ အင်္ဂလိပ်စကား မတောက်တစ်ခေါက် ပြောတတ်ရုံပဲရှိသေးတယ်။

"မလေးရှား၊ နီပေါနဲ့ သီရိလင်္ကာတို့မှာ အင်္ဂလိပ်ဘာသာနဲ့ တရားဟောကြည့်ခဲ့ဖူးတယ်။ ၅–မိနစ်လောက် ဟောပြောပြီးတော့ ကိုယ်ပြောတတ်တာတွေ ကုန်သွားတယ်။ စာရွက်နဲ့ရေးပြီး ဖတ်တော့လည်း စာရွက်ထဲက စာတွေကုန်သွားတော့ ဟောပြောပွဲပြီးသွားတာပဲ။ ဘာမှနောက်ထပ်မပြောတတ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော် နီပေါတွင် တရားဟောနေစဉ်။

ဒါနဲ့ နီပေါနဲ့ သီဟိုဠ်(သီရိလင်္ကာ)မှာ မြန်မာလိုဟောကြည့်တယ်။ နီပေါသူ မသုဓမ္မဝတီက မြန်မာလိုတတ်တဲ့အတွက် နီပေါဘာသာနဲ့ ပြန်ပေးတယ်။ သီရိလင်္ကာမှာ သီရိလင်္ကာနိုင်ငံသား ဆရာတော်ကြီး ဦးကဿပက သီဟိုဠ်(သီရိလင်္ကာ)ဘာသာနဲ့ ပြန်ပေးတယ်။ တော်တော်အောင်မြင်ခဲ့တယ်။ တရားပွဲတော်တော်များများ ဟောခဲ့ရပါတယ်'' ဟူ၍ သီတဂူဆရာတော်က မိန့်တော်မူသည်။ ပြည်ပတွင် သာသနာပြုရာ၌ အင်္ဂလိပ်ဘာသာစကားဖြင့် ကျွမ်းကျင်စွာ တရားဟောတတ်ရန်၊ တရားဆွေးနွေးတတ်ရန် လိုအပ်ကြောင်းကိုလည်း ကိုယ်တွေ့ သိတော်မူခဲ့သည်။

## ဆရာတော်ကြီး အရှင်သေဋ္ဌိလနှင့်အတူ

ထို့နောက် သီတဂူဆရာတော်သည် ၁၉၈၂–ခုနှစ်တွင် ဆရာတော်ကြီး အရှင်သေဋ္ဌိလနှင့်အတူ အင်္ဂလန်သို့ ခရီးထွက်ခွင့်ရခဲ့သည်။

ဆရာတော်ကြီး အရှင်သေဋ္ဌိလမှာ ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီး ဖြစ်သည်။ အဘိဓဇမဟာရဋ္ဌဂုရု၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ

www.burmeseclassic.com

www.burmeseclassic.com





**ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်ကြီး ဦးသေဋ္ဌိလနှင့်အတူ**
**အင်္ဂလန်သို့ သီတဂူဆရာတော် ကြွရောက်စဉ်**

ဆရာတော်ကြီး ဖြစ်သည်။ သက်တော်ရှည်ဆရာတော်ကြီးများတွင် တစ်ပါး အပါအဝင် ဖြစ်သည်။ ဆရာတော်ကြီးသည် ၁၈၉၆–ခုနှစ်တွင်ဖွားး၍ ၁၉၉၇–ခုနှစ်တွင် ပျံလွန်တော်မူသည်။ ပျံလွန်တော်မူချိန်၌ သက်တော် ၁၀၁–နှစ် ရှိသည်။

အင်္ဂလန်နိုင်ငံတွင် နှစ်ပေါင်းများစွာ သီတင်းသုံးနေထိုင်၍ နိုင်ငံပေါင်းများစွာသို့ လှည့်လည်ကြွရောက်ကာ သာသနာပြုခဲ့သော ဆရာတော်ကြီးဖြစ်သည်။ အင်္ဂလိပ်စာ၊ အင်္ဂလိပ်စကားပြော၊ အင်္ဂလိပ်စာရေး အလွန်ကျွမ်းကျင်လှသည်။ အင်္ဂလိပ်ဘာသာဖြင့် တရားတော်များကို အထူးကျွမ်းကျင်စွာ ဟောနိုင်သူဖြစ်သည်။ ဆွေးနွေးနိုင်သူ ဖြစ်သည်။

အင်္ဂလန်သို့ သီတဂူဆရာတော်နှင့်ကြွချီစဉ်က ဆရာတော်ကြီးက သက်တော် ၈၆–နှစ်၊ သီတဂူဆရာတော်က ၄၅–နှစ်။ အရှင်မြတ်နှစ်ပါးသည် အင်္ဂလိပ်ကျေးရွာတစ်ရွာရှိ ဆရာတော်ကြီး အရှင်သေဋ္ဌိလကို ကိုးကွယ်သူ မစ္စအီဂဲလတန်၏အိမ်တွင် တစ်လ သီတင်းသုံးနေထိုင်ခွင့် ရခဲ့သည်။

"အင်္ဂလိပ်အိမ်၊ အင်္ဂလိပ်ရွာမှာ နေခဲ့ရလို့ အင်္ဂလိပ်စကားပြော အများကြီး တိုးတက်မှုရခဲ့တယ်။ တစ်လလုံးလုံး နံနက်ဆွမ်း၊ နေ့ဆွမ်းချက်ကျွေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



မစ္စအီဂဲလတန်ရဲ့ကျေးဇူးနဲ့ အင်္ဂလိပ်ရွာလေးတစ်ခုရဲ့ အတွေ့အကြုံတွေ ကောင်းစွာပေးတဲ့ ကျေးဇူးတွေကို ဒီကနေ့တိုင်အောင် သတိရနေဆဲ ဖြစ်ပါတယ်" ဟူ၍ သီတဂူဆရာတော်က မိန့်ဆိုသည်။

## ဒေါက်တာ အရှင်ရေဝတဓမ္မ

သီတဂူဆရာတော်သည် ၁၉၈၂–ခုနှစ်၊ ဩဂုတ်လတွင် အင်္ဂလန်နိုင်ငံ အနောက်အလယ်ပိုင်း၊ ဘာမင်ဂန်မြို့သို့ ကြွရောက်သည်။ ထိုမြို့ရှိ ဗုဒ္ဓဝိဟာရတွင် ဆရာတော်ဒေါက်တာအရှင်ရေဝတဓမ္မ၏ မေတ္တာရိပ်ကို ခိုလှုံ၍ ၆–လခန့်နေထိုင်သည်။ အင်္ဂလိပ်စကားပြော ကျွမ်းကျင်ရန်အတွက် အင်္ဂလိပ်ဘာသာစကားသင်ကျောင်းတွင် တက်ရောက်ခဲ့သည်။ ထိုအတွင်း အင်္ဂလန်၌ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ဖြစ်မြောက်ရေးအတွက် မနေမနား တိုက်တွန်းနှိုးဆော်ခဲ့သည်။ တရားများ အကြိမ်ကြိမ်ဟောပြော ခဲ့သည်။ ကျောင်းဖြစ်မြောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ထိုစဉ်က ကျောင်း ဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌမှာ ဘီဘီစီဦးနေဝင်း ဖြစ်သည်။



အင်္ဂလန်နိုင်ငံ ဘာမင်ဂန်မြို့၌ ဒေါက်တာအရှင်ရေဝတဓမ္မနှင့်အတူ သီတဂူဆရာတော်ကို တွေ့ရစဉ်။

www.burmeseclassic.com

www.burmeseclassic.com



## အမေရိကန်သို့

ထို့နောက် ဆရာတော်သည် ၁၉၈၃–ခုနှစ်၊ ဇန်နဝါရီလတွင် အမေရိကန်ပြည်သို့ ခရီးဆက်ခဲ့သည်။ မေရီလင်းပြည်နယ်၊ ဆ(စ်)လဲဗား စပရင်မြို့ရှိ မင်္ဂလာကျောင်းတိုက်တွင် ခေတ္တတည်းခိုသည်။ ကျောင်းတိုက်ဆရာတော် ဦးကေလာသကလည်း ကြိုဆိုလက်ခံသည်။

"နောက်တော့ သဘောပေါက်လာတာက အင်္ဂလိပ်စကားပြောကျွမ်းကျင်သွက်လက်ဖို့အတွက် မြန်မာမရှိတဲ့နေရာမှာ နေရတာအကောင်းဆုံးပဲ။ ဒါမှ မြန်မာလိုမပြောဘဲ အင်္ဂလိပ်လိုပဲပြောတော့ ပိုပြီးတွင်ကျယ်တယ်။ ဒါပေမဲ့ မြန်မာမရှိရင်လည်း ဆွမ်းကွမ်းအတွက် ခက်ဦးမယ်။ ဒါကြောင့် မြန်မာအနည်းဆုံးနေရာကို အမေရိကန်မှာရှာတော့ တင်နက်ဆီပြည်နယ်၊ နက်ရှဗီးမြို့တော်ကို သွားတွေ့တယ်။ အဲ့ဒီမှာ ပါမောက္ခဦးဝင်းမြင့် တည်ထောင်တဲ့ ကျောင်းကြီးရှိတယ်။ ကျောင်းကြီးရှိပေမဲ့ ဘုန်းကြီးပြတ်နေတာတွေ့ရလို့ အဲ့ဒီကိုရောက်သွားတယ်။ နှစ်တစ်ရာကျော်သက်တမ်းရှိတဲ့ ခရစ်ယာန်ကျောင်း



သီတဂူဆရာတော်နှင့် ဦးနေဝင်း(ဘီဘီစီ)တို့ အမှတ်တရ

www.burmeseclassic.com

www.burmeseclassic.com






**သီတဂူဆရာတော် အမေရိကန်ပြည် မေရီလင်းပြည်နယ်သို့ ကြွရောက်စဉ်။**

တော်ကြီးကို ပါမောက္ခဦးဝင်းမြင့်က ကြက်ခြေခတ်ကြီးဖြုတ်ချပြီး ဓမ္မစကြာစက်ဝိုင်း တပ်လိုက်တယ်။ ဗုဒ္ဓဘာသာကျောင်း လုပ်ထားတယ်။''

## မင်္ဂလသုတ္တန် (အင်္ဂလိပ်ဘာသာ)

''အဲဒီကျောင်းကြီးဟာ အမေရိကန် ၈–ယောက်၊ မြန်မာ ၁–ယောက် ပေါင်းပြီး တည်ထောင်ထားတဲ့ ဗုဒ္ဓဘာသာကျောင်းကြီးပဲ။ တစ်မြို့လုံးမှာ ဦးဝင်းမြင့်နဲ့ ဦးဝင်းဆွေဆိုတဲ့ မြန်မာနှစ်ယောက်ပဲရှိတယ်။ အဲဒီနှစ်ယောက်ကလည်း မတည့်ကြဘူး။ ဒါပေမဲ့ နှစ်ယောက်စလုံးက ဘုန်းကြီးကို သိပ်ဂရုစိုက်ကြတယ်။ သူတို့နှစ်ယောက်တည်း စောင့်ရှောက်တဲ့ ဆွမ်းဖြစ်ပေမဲ့ လုံလုံလောက်လောက်ရှိတယ်'' ဟူ၍ ဆရာတော်ကဖွင့်ဟ မိန့်ဆိုသည်။

သီတဂူဆရာတော်သည် ထိုမြို့၊ ထိုကျောင်းအိုကြီးတွင် သီတင်းသုံးသည်။ စနေ၊ တနင်္ဂနွေနှင့် ကြားအားလပ်ရက်များတွင် ကျောင်းရောက်လာသော အမေရိကန်များကို မိမိတတ်သမျှ အင်္ဂလိပ်ဘာသာဖြင့် တရားဓမ္မများ ဟောကြားသည်။ ထိုစဉ်က ကျောင်းအိုကြီးတွင် တစ်ပါးတည်းနေသော ဆရာတော်ကို ဗုဒ္ဓဘာသာဝင်အချို့ကလည်း လာရောက်ဆည်းကပ်ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဝေယျာဝစ္စ ပြုကြသည်။ တရားလည်း မှန်မှန်နာကြသည်။ တရားလည်း မှန်မှန်ထိုင်ကြသည်။

"မှတ်မိသလောက်ပြောရရင် ဒီပုဂ္ဂိုလ်တွေထဲမှာ မစ္စတာဟက်ပီး (မနုဿဗေဒ–အမ်အေ)။ သူက လယ်သမား။ အခုတော့ ဧကတစ်ရာရှိတဲ့ ခြံကြီးနဲ့ စိုက်ပျိုးရေးလုပ်နိုင်နေပြီ။ နောက်ပြီး သူရဲ့ဇနီး ဘာဘာရာ၊ မစ္စတာ လီအိုဆင် (ကျေးလက်ဂီတအနုပညာရှင်)၊ မစ္စတာဂျိုဟ္မန်စတန် (ရှေ့နေ ဥပဒေပညာရှင်)၊ မစ္စတာရောဘတ် (ဖီလောဆော်ဖီပါမောက္ခ)၊ မစ္စတာချားလ် (ဘာသာရေးပါမောက္ခ)၊ မစ္စဂျနီဖာ စတဲ့ တပည့်အများကြီး ပေါ်ပေါက်ခဲ့ပါတယ်" ဟူ၍ ဆရာတော်က မိန့်ဆိုသည်။

(သူတို့ထဲတွင် ပါဝင်သော မစ္စဂျနီဖာသည် သီလရှင်ခေတ္တဝတ်ခဲ့သည်။ သီလရှင်ဘွဲ့မှာ မဈာနပဘာဖြစ်သည်။ ယခုအခါ တရုတ်ပြည် ရှန်ဟဲတွင် အလုပ်လုပ်ကိုင်လျက် ရှိသည်။)

မစ္စဂျနီဖာသည် ဆရာတော်ထံတွင် မင်္ဂလသုတ္တန်ကို သေချာကျနစွာ၊ အချိန်ကြာမြင့်စွာ သင်ယူခဲ့သည်။ ဆရာတော်၏ အင်္ဂလိပ်ဘာသာဖြင့် ပို့ချချက်များကို ၁၉၉၆–ခုနှစ်တွင် **"The Mangala Suttta, Discourse on Blessings, Tutored Lessons by Dr.Ashin Nyanissara"** ဟူ၍ စာအုပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်မှာ အထူးထင်ရှားသဖြင့် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေခဲ့ရသည်။

## ဘန်ဒါဗစ်တက္ကသိုလ်

သီတဂူဆရာတော်သည် ဒေါက်တာချားလ်၏ ကျေးဇူးပြုမှုကိုလည်း အထူးရရှိသည်။ ဒေါက်တာချားလ်မှာ ဘာသာရေးပါမောက္ခ ဖြစ်သည်။ သူ၏ ကျေးဇူးကြောင့် သက်တမ်း နှစ်ပေါင်း ၁၀၀–ကျော်ရှိသော ထိုမြို့ရှိ ဘန်ဒါဗစ် တက္ကသိုလ်ကြီးတွင် ဆရာအဖြစ်လည်း ဗုဒ္ဓဘာသာရေးဆိုင်ရာ ပညာရပ်များကို ပို့ချခွင့်ရခဲ့သည်။ တစ်ဖက်ကလည်း ကျောင်းသားအနေဖြင့် အခြားဘာသာရေးဆိုင်ရာ ဘာသာရပ်များနှင့် အင်္ဂလိပ်စာကို သင်ယူလေ့လာခွင့်ရခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





ဘန်ဒါဗစ်တက္ကသိုလ်တွင် သီတဂူဆရာတော် စာပေပို့ချနေစဉ်။

"အဲ့ဒီတုန်းက ဘုန်းကြီးဟာ သက်တော် ၄၇–၄၈ ( ဝါတော် ၂၇–၂၈) လောက် အရွယ်ရှိပြီ။ ဆရာဖြစ်လိုက်၊ ကျောင်းသားဖြစ်လိုက်နဲ့၊ အမေရိကန် တက္ကသိုလ်ကျောင်းသား ဘုန်းကြီးတစ်ပါးပါပဲ။ အဲဒါဟာ ကမ္ဘာ့သာသနာပြုလုပ်ငန်းကို ဘုန်းကြီးအနေနဲ့ ထိထိမိမိ အစပျိုးလိုက်ခြင်းပဲ ဖြစ်ပါတယ်လို့ ဆိုချင်ပါတယ်" ဟူ၍ ဆရာတော်က ဖွင့်ဟမိန့်ဆိုသည်။

## တစ်ပါးတည်း ကမ္ဘာပတ်

ဆရာတော်သည် ၁၉၈၄–ခုနှစ်၊ နှစ်ဆန်းချိန်တွင် အမေရိကန်မြို့ကြီးများကို လှည့်လည်ခဲ့သည်။ ထို့နောက် ကနေဒါ၊ ဂျပန်၊ သြစတြေးလျ၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့ကိုဖြတ်၍ ရန်ကုန်မြို့သို့ ပြန်ကြွလာခဲ့သည်။ တစ်ကိုယ်တည်း၊ တစ်ပါးတည်း တစ်နှစ်ကျော်ကြာမျှ ကမ္ဘာပတ်ခရီးကို စွန့်စွန့်စားစား ကြွခဲ့ခြင်းဖြစ်သည်။

## နိုင်ငံပေါင်း ၄၀–ကျော်

"အဲဒီနှစ်ကစပြီး ၁၉၈၆–ခုနှစ်အထိ ကမ္ဘာအရပ်ရပ်၊ တိုင်းပြည်အသီးသီးကို နှစ်ပေါင်း ၂၂–နှစ် နီးပါးအတွင်း ခရီးထွက်ခဲ့တာ နိုင်ငံပေါင်း

www.burmeseclassic.com

www.burmeseclassic.com



၄၀–ကျော် ရောက်ခဲ့ပါတယ်။ အမေရိကန်ပြည်နဲ့ တခြားတိုင်းပြည်များရှိ တက္ကသိုလ်ပေါင်း တစ်ဒါဇင်ကျော်မှာ ဗုဒ္ဓဘာသာသင်တန်းတွေလည်း ပို့ချပေးခဲ့ပါတယ်။ ဗုဒ္ဓဘာသာ နှီးနှောဖလှယ်ပွဲ၊ ဗုဒ္ဓဘာသာစာတမ်းဖတ်ပွဲ၊ ဗုဒ္ဓဘာသာ ညီလာခံ၊ ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံတွေကိုလည်း တက်ခဲ့ဖူးပါတယ်'' ဟူ၍ ဆရာတော်က ၁၉၈၆–ခုနှစ်တွင် ဘီဘီစီဦးနေဝင်းနှင့် တွေ့ဆုံခန်း၌ ပြောကြားခဲ့သည်။

## အတွေ့အကြုံများရ

သီတဂူဆရာတော်သည် ထိုနှစ်ပေါင်း ၂၂–နှစ်အတွင်း ကမ္ဘာ့ကုလသမဂ္ဂဌာနချုပ်တွင် ၂၀၀၀–ပြည့်နှစ်၌ကျင်းပသော ဘာသာပေါင်းစုံ အစည်းအဝေးကြီးကိုလည်း တက်ရောက်ဆွေးနွေးခဲ့သည်။ တောင်အာဖရိကတွင် ကျင်းပသော ကမ္ဘာ့ဘာသာပေါင်းစုံ စည်းဝေးပွဲများကိုလည်း တက်ရောက်ဆွေးနွေးခဲ့သည်။ သင်တန်း၊ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ စာတမ်းဖတ်ပွဲ၊ အစည်းအဝေးပွဲများ၌ ပို့ချဆွေးနွေး ဟောပြောဖတ်ကြားခဲ့သော အင်္ဂလိပ်ဘာသာ စာတမ်းများမှာ ၃၀–ကျော်ရှိသည်။ သင့်လျော်သောအချိန်တွင် စုပေါင်း၍ စာအုပ်ထုတ်ဝေရန် ဆရာတော်က စီစဉ်ထားသည်။

''ဘုန်းကြီးအဖို့ ကမ္ဘာပတ်ပြီး နှစ်၂၀–ခရီးထွက်ရာမှာ လာဘ်ရသည်လည်းရှိ၊ လာဘ်မရသည်လည်းရှိ၊ ဆင်းရဲသည်လည်းရှိ၊ ချမ်းသာသည်လည်းရှိ၊ အခြံအရံ စည်ကားသည်လည်းရှိ၊ တစ်ယောက်တည်း အထီးကျန်သည်လည်းရှိ၊ ချီးမွမ်းဂုဏ်ပြုသူလည်းရှိ၊ ကဲ့ရဲ့ရှုတ်ချအပြစ်တင်သူလည်းရှိ ဆိုတဲ့ လောကဓမ္မတာ အတွေ့အကြုံများကို များစွာ စုဆောင်းရရှိခဲ့ပါတယ်။ ကိုယ်တိုင်တွေ့ထိ၊ သိရှိနားလည်ထားတဲ့ ဗုဒ္ဓဓမ္မတွေကိုလည်း ဖြန့်ချိခွင့်ရခဲ့ပါတယ်။'' ဟူ၍ ဆရာတော်က မိန့်ဆိုသည်။

ထိုထို အတွေ့အကြုံများအရပင် သီတဂူဆရာတော်သည် အမေရိကန်၌ ကျောင်းတည်ထောင်ရန် စီစဉ်တော်မူခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော် ဂျပန်ပြည် ကမာကူရဘုရားကြီးသို့ ရောက်စဉ်။



သီတဂူဆရာတော် အီဂျစ်သို့ရောက်စဉ်။

www.burmeseclassic.com

www.burmeseclassic.com



# သီတဂူ ဗုဒ္ဓဝိဟာရ

ဆရာတော်သည် အမေရိကန်ပြည်၊ တက္ကဆပ်ပြည်နယ်၏မြို့တော် အော်စတင်တွင် "ထေရဝါဒ ဗုဒ္ဓသာသနာပြုအသင်း" ကို ၁၉၉၄–ခုနှစ်တွင် စတင်တည်ထောင်လိုက်သည်။ ထို့နောက် ၁၉၉၆–ခုနှစ်တွင် သီတဂူဗုဒ္ဓ ဝိဟာရ(ကျောင်းတိုက်)ကို တည်ထောင်နိုင်ခဲ့သည်။


"သီတဂူ ဗုဒ္ဓဝိဟာရ မတည်ဆောက်မီ ၁၅–နှစ်နီးပါးအတွင်း ဘုန်းကြီးရဲ့ ကမ္ဘာလှည့် ဓမ္မဒူတခရီးမှာ ကိုယ်ပိုင်ကျောင်းမရှိသေးတဲ့အတွက် သူတစ်ပါးကျောင်း၊ သူတစ်ပါးအိမ်မှာ တည်းခိုခဲ့ရတာများတယ်။ လာဘ် လာဘလည်း ရှားပါးတဲ့အတွက် ခရီးစရိတ်မှာလည်း အနိုင်နိုင်။ ဟိုတယ်ဆို တာတော့ ပိုက်ဆံပေးပြီးတည်းခိုဖို့ မစဉ်းစားနိုင်ခဲ့ပါဘူး။ ကိုယ်ပိုင်စီမံအုပ်ချုပ် တဲ့ ကိုယ်ပိုင်နေရာတစ်ခု ဖြစ်လာတဲ့အခါကျမှ "သဗ္ဗံ ပရဝသံ ဒုက္ခံ"– သူ တစ်ပါးအလိုသို့ လိုက်ရခြင်းသည် ဆင်းရဲ၏။ "သဗ္ဗံ ဣဿရိယံ သုခံ" ကိုယ်ပိုင်အစိုးရခြင်း၊ သူတစ်ပါးမျက်နှာ မကြည့်ရခြင်းသည် ချမ်းသာ၏" ဆိုတဲ့ မြတ်ဘုရားရဲ့ မိန့်ခွန်းတော်ကို ကောင်းစွာ သဘောပေါက်မိပါတော့ တယ်" ဟူ၍ ဆရာတော်က မိန့်တော်မူခဲ့သည်။

အမေရိကန်ရှိ ထေရဝါဒဓမ္မအသင်းကို သီတဂူဆရာတော်ကိုယ်တိုင် ဉက္ကဋ္ဌပြုလုပ်၍ စီမံအုပ်ချုပ်ဆောင်ရွက်သည်။ အခြေခံစည်းမျဉ်းကို ရေးဆွဲ ထားသည်။ ရဟန်း ၅–ပါး၊ လူ ၁၅–ယောက်တို့ ပါဝင်ကြ၍ ဦးဆောင်အဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့တို့ကို ဖွဲ့စည်းထားသည်။ ထိုအသင်းသည် ၁၅– ဧကကျော်ကျော်ရှိ မြေတစ်ကွက်ကို ဝယ်ယူခဲ့သည်။ ထိုမြေကွက်၏အလယ်၌ ပေ ၈၀–ခန့်အမြင့်ရှိသော ရွှေစည်းခုံစေတီတော်ကို တည်ဆောက်သည်။ စေတီ၏ထောင့်လေးထောင့်၌ သံဃာတစ်ပါးစီ နေနိုင်သော ကျောင်းငယ် ၄–ဆောင်တည်ဆောက်သည်။ ဆွမ်းစားကျောင်းလည်း သီးသန့်တည်ဆောက် သည်။ ကမ္မဋ္ဌာန်းကျောင်းငယ်များလည်း တည်ဆောက်သည်။ စေတီတော်၏


www.burmeseclassic.com

www.burmeseclassic.com





ဒုံးပျံများကို သီတဂူဆရာတော် သွားရောက်လေ့လာစဉ်။ (ဖလော်ရီဒါ)



သီတဂူဆရာတော် ဂျာမနီနိုင်ငံ၊ ဘာလင်မြို့သို့ရောက်ရှိစဉ်။

www.burmeseclassic.com

www.burmeseclassic.com



ပထမပစ္စယာ၌ တရားအားထုတ်ခန်း ၃၇-ခန်း၊ ဒုတိယပစ္စယာ၌ တရားဟော ခန်းမ၊ တတိယပစ္စယာ၌ ဘုရားဝတ်ပြုခန်း စသည်တို့ဖြင့် စနစ်တကျ တည်ဆောက်ထားရှိသည်။

ထိုဓမ္မအသင်းတွင် သီတဂူဆရာတော် အမှူးပြုသော ဆရာတော်များ က တရားဟောသည်။ တရားပြသည်။ အသင်းကလည်း စာအုပ်စာတမ်းများ ထုတ်ဝေဖြန့်ချိသည်။ သီတဂူဗုဒ္ဓဝိဟာရရှိ သံဃာတော်များအတွက် အော်စတင်မြို့ရှိ မြန်မာမိသားစု ၁၀-ဦးတို့က နေ့စဉ်ဆွမ်းဝတ် အလှည့်ကျပို့လှူ ကြသည်။ စနေ၊ တနင်္ဂနွေနေ့များ၌ မိုင် ၂၀၀-ခန့်ဝေးသော ပတ်ဝန်းကျင်မြို့ များရှိ မြန်မာတို့ လာရောက်ကုသိုလ်ပြုကြသည်။ တရားနာကြသည်။ အလှူ ငွေများ ထည့်ဝင်ကြသည်။ မြန်မာတို့သာမက ဗုဒ္ဓဘာသာဝင် အမေရိကန်တို့ ကလည်း ပါဝင်လှုပ်ရှားကြသည်။

## တရားဟောကြ၊ ဆွေးနွေးကြ

သီတဂူဆရာတော် အမှူးပြုသော ဆရာတော်များသည် ဗုဒ္ဓဝိဟာရ ၌သာမက ထိုမြို့ရှိ တက္ကသိုလ်များ၊ အသင်းအဖွဲ့များ၌လည်း တရားဟော ကြသည်။ ဆွေးနွေးကြသည်။

ယင်းသို့ပြုရာတွင် ၂၀၀၂-ခုနှစ်၌ သီတဂူဆရာတော် ကြွရောက်စဉ် မှတ်သားဖွယ်ဖြစ်ရပ်တစ်ခုကို ကြုံတွေ့ရသည်။ ထိုစဉ်က သက်ဆိုင်ရာတို့၏ ပင့်ဖိတ်ချက်အရ တက်နက်စီတက္ကသိုလ်ခန်းမတွင် သီတဂူဆရာတော် တရား ဟောပြောသည်။ ပရိသတ် ၂၀၀-ကျော် တက်ရောက်တရားနာကြသည်။ တရားပွဲအပြီးတွင် အမေရိကန်တစ်ဦးက ဆရာတော်ကို မေးမြန်းသည်။

"ဆရာတော် ဒီအမေရိကန်ကို ဘာရည်ရွယ်ချက်နဲ့ လာပါသလဲ။ ဒီလာတဲ့အတွက် ဘာအကျိုးကျေးဇူးများ ရရှိပါသလဲ။"

ထိုအခါ ဆရာတော်က-

(၁) ဒီလာတာ တခြားဘာသာ ကိုးကွယ်သူတွေကို ဗုဒ္ဓဘာသာဖြစ် အောင် တိုက်တွန်းဖို့ ရည်ရွယ်ချက် လုံးဝမရှိပါ။

www.burmeseclassic.com

www.burmeseclassic.com



(၂) အမှောင်ထဲကလူတွေကို အလင်းထဲရောက်အောင် ပို့ဖို့တော့ ရည်ရွယ်ပါတယ်။

(၃) ခရစ်ယာန်တစ်ယောက်ဟာ ခရစ်ယာန်ကောင်းတစ်ယောက် ဖြစ်ဖို့ အရေးကြီးသလို ဗုဒ္ဓဘာသာတစ်ယောက်ဟာလည်း ဗုဒ္ဓဘာသာ ကောင်းတစ်ယောက်ဖြစ်ဖို့ အရေးကြီးပါတယ်။ တခြားဘာသာဝင်တွေ လည်း ထိုနည်းတူပါပဲ။

(၄) မြင့်မြတ်တဲ့ လူတစ်ယောက်ဖြစ်ဖို့ အရေးကြီးတဲ့ အချက် ၃- ချက်ကို ကြိုးစားကျင့်သုံးဖို့လိုပါတယ်။ အဲဒီ အရေးကြီးတဲ့ အချက်သုံး ချက်ကတော့ (၁) စည်းမဲ့ကမ်းမဲ့ ပြောဆိုပြုမူရာမှ စည်းကမ်းရှိစွာ ပြောဆို ပြုမူသူအဖြစ်သို့ရောက်ဖို့၊ (၂) ညစ်ညမ်းယုတ်မာ သိမ်ဖျင်းတဲ့စိတ်တွေ ပယ်ပြီး ဖြူစင်သန့်ရှင်းတဲ့ စိတ်ဓာတ်ထားသူအဖြစ်သို့ရောက်ဖို့၊ (၃) မောဟများနေရာမှ အလင်းမြင်ပညာရှင်အဖြစ်သို့ရောက်အောင် ကြိုးစား ကြဖို့ တိုက်တွန်းညွှန်ပြရန်သာ ရည်ရွယ်ပါတယ်” ဟူ၍ ရှင်းလင်းပြောပြ သည်။

ထို့နောက် ဆရာတော်သည် ကုသိုလ်နှင့် အကုသိုလ်စသည်တို့ကို ခွဲခြားရှင်းလင်းဟောကြားသည်။

## ခရစ်ယာန်ဘုန်းကြီးမေး

ဆရာတော်၏တရားကို လာရောက်နာယူကြသူများထဲတွင် ခရစ် ယာန်ဘုန်းကြီးတစ်ပါးလည်း ပါသည်။ သူသည် ဆရာတော်ဟောပြော ချက်များမှ သူနှစ်သက်သော ဟောပြောချက်တို့ကို မှတ်စုရေး၍ မှတ်ထား သည်။ ထို့နောက် ဆရာတော်အား ဆရာတော်ဟောသွားသော တရား ကောင်းတွေကို သူတရားဟောသောအခါ ထည့်ပြီးဟောပြောခွင့်ပြုပါရန် ခွင့်တောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သီတဂူဆရာတော်က ဝမ်းမြောက်ဝမ်းသာပင် သူ့တောင်းဆိုချက်ကို ခွင့်ပြုလိုက်သည်။ ခွင့်ပြုရာမှာလည်း "ဘုန်းတော်ကြီးရဲ့ ခွင့်တောင်းချက်ဟာ တရားပွဲအစမှာ ဘုန်းကြီးကိုမေးတဲ့'ဒီအမေရိကန်ကို ဘာရည်ရွယ်ချက်နဲ့ လာပါသလဲ။ ဒီလာတဲ့အတွက် ဘာအကျိုးကျေးဇူးရှိပါသလဲ' ဆိုတဲ့ မေးခွန်းကို အလိုအလျောက်ဖြေပြီးသား ဖြစ်သွားပါပြီ" ဟူ၍ မိန့်ဆိုတော်မူခဲ့ပေသည်။

## စူစန်ဟတ်

တက်နက်စီဗုဒ္ဓဝိဟာရ၌ သီတဂူဆရာတော် သီတင်းသုံးနေထိုင်စဉ် မှတ်တမ်းတင်သင့်သော အတွေ့အကြုံတစ်ရပ်ကိုလည်း ကြုံတွေ့ရသည်။ ၂၀၀၀–ပြည့်နှစ်၊ ဇူလိုင်လ ၁၂–ရက်နေ့တွင် ဖြစ်သည်။ အော်စတင်မြို့နေ စူစန်ဟတ် (Sunson Hart) ဆိုသူ အမျိုးသမီးခေါင်းဆောင်၍ အမျိုးသား ၄–ဦးနှင့်၊ အမျိုးသမီး ၁–ဦး စုစုပေါင်း အမေရိကန် ၆–ဦးတို့ သီတဂူဆရာတော်ထံသို့ ရောက်ရှိလာကြသည်။ သူတို့သည် ဗုဒ္ဓတရားတော်များကို ဆွေးနွေးမေးမြန်းလိုသည့်အတွက် ကြိုတင်လျှောက်ထား၍ လာခဲ့ကြခြင်းဖြစ်သည်။ ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံသည်။ မေးလိုရာ မေးခွင့်ပြုသည်။

## Church လား Temple လား

ရှေးဦးစွာ စူစန်ဟတ်တို့က "ဗုဒ္ဓဝိဟာရကျောင်း"ကိုညွှန်ပြ၍ "ဒါဘာခေါ်ပါသလဲ။ Church ခေါ်ပါသလား။ Temple ခေါ်ပါသလား။" ဤတွင် ဆရာတော်က "Church လည်း မခေါ်ပါဘူး။ Temple လည်း မခေါ်ပါဘူး။ ဗုဒ္ဓဘာသာနဲ့ အလှမ်းဝေးတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့က Buddhist-Church လို့ ခေါ်ကြပါတယ်။ တို့ကတော့ တို့ကျောင်းကို Buddhist Church လို့ မခေါ်ပါဘူး။ ခေါ်ရင်လည်း လက်မခံနိုင်ပါဘူး။ ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းဆိုရင် Church ဆိုတာ God ဆိုတဲ့ ဘုရားသခင်ကိုရှိခိုးဖို့၊ တောင်းပန်ဝန်ချဖို့၊ ဆုတောင်းဖို့နဲ့ သတို့သား၊ သတို့သမီးတွေ မင်္ဂလာဆောင်အခမ်းအနားကျင်းပဖို့၊ သေသူတို့အတွက် ဆုတောင်းဖို့နေရာ ဖြစ်တယ်။

"Temple ဆိုတာ မုခ်တွေ လိုဏ်တွေနဲ့ God, Godness တွေနဲ့ ပူဇော်ဝတ်ပြုရာနေရာများ ဖြစ်ပါတယ်။

"အခု တို့နေရာကတော့ ဒါမျိုးတွေမဟုတ်ဘူး။ မြတ်ဗုဒ္ဓရဲ့တရားဒေသနာများကို ဟောကြားပို့ချတဲ့နေရာ။ သင်ကြားအားထုတ်တဲ့နေရာဖြစ်တယ်။ မင်္ဂလာဆောင်ခြင်း၊ အသုဘချခြင်း၊ ဆုတောင်းခြင်းတွေလုပ်တဲ့နေရာမျိုးမဟုတ်ပါဘူး။"

## Monestry

"ဒါကြောင့် ဒီနေရာမျိုးကို Monestry ဘုန်းကြီးကျောင်းလို့ပဲ ခေါ်တယ်။ တစ်ကယ်တော့ သင်ကြားခြင်းနဲ့ လေ့ကျင့်အားထုတ်ခြင်း နှစ်ခုတကယ်ပြုတဲ့နေရာတွေဖြစ်လို့ တို့ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းတွေကို Education Center (သို့မဟုတ်) Learning Center သို့မဟုတ် Training Center လို့ ခေါ်ပါတယ်" ဟူ၍ ဖြေကြားသည်။

ထိုအခါ ရှုစန်ဟတ်တို့က "ခုဒီမှာ ဘာတွေဟောကြားပေးနေပါသလဲ" ဟု ထပ်ဆင့်မေးမြန်းလိုက်သည်။

ဆရာတော်က "တို့ကျောင်းမှာ စနေနေ့တိုင်း မြန်မာလူမျိုးတွေကို မြန်မာဘာသာနဲ့ တရားဟောကြားပေးပြီး၊ တနင်္ဂနွေနေ့တိုင်း အမေရိကန်တွေကို အင်္ဂလိပ်ဘာသာနဲ့ အခြေခံဗုဒ္ဓဝါဒသဘောတရားများ၊ သတိပဋ္ဌာန်တရားအားထုတ်နည်းများကို ဟောကြားပို့ချပေးပါတယ်"ဟု ဖြေကြားသည်။

ရှုစန်ဟတ်က "ဗုဒ္ဓဘာသာဘုန်းကြီးတွေဟာ လူတွေအတွက် မင်္ဂလာဆောင်ပေးခြင်း၊ လင်မယားကွာရှင်းပြတ်စဲခြင်း၊ သေသူအတွက် ဆုတောင်းခြင်းများ မပြုလုပ်ပေးဘူးလား"ဟု ဆက်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်က "တို့ ထေရဝါဒဗုဒ္ဓဘာသာဝင် ဘုန်းကြီးများက အဲဒီကိစ္စတွေမှာ လုံးဝ ပါဝင်ပတ်သက်ခြင်း မရှိပါဘူး။ မင်္ဂလာဆောင်သူတွေက မင်္ဂလာဦးအလှူ၊ ကျန်ရစ်သူဆွေမျိုးတွေက သေသူအတွက် ကောင်းမှုဖြစ်ဖို့လှူတဲ့ အလှူမျိုးကို အလှူခံတာလောက်ပဲရှိပါတယ်။ မင်္ဂလာဆောင်ခြင်း၊ လင်မယားကွာရှင်းပြတ်စဲခြင်း၊ သေဆုံးခြင်းကိစ္စတွေမှာ ထေရဝါဒဝိနည်းဥပဒေအရ ဘာတာဝန်မှ မရှိပါဘူး" ဟုဖြေကြားသည်။

## မဟာယာနနှင့် ထေရဝါဒ

ဆက်၍ ရူစန်ဟတ်က ဗုဒ္ဓဘာသာမှာ ဂိုဏ်းခွဲတွေများကော ရှိပါသေးလားဟု မေးပြန်သည်။ ဆရာတော်ကလည်း ကျနစွာ ဖြေကြားသည်။

"ရှိပါတယ်။ အဓိကအားဖြင့် ဗုဒ္ဓဘာသာဂိုဏ်းကြီး နှစ်ဂိုဏ်းရှိပါတယ်။ မဟာယာန ဗုဒ္ဓဘာသာဂိုဏ်းနဲ့ ထေရဝါဒဗုဒ္ဓဘာသာဂိုဏ်းလို့ နှစ်ဂိုဏ်းရှိပါတယ်။"

"အဲ့ဒါ နည်းနည်းလောက် ရှင်းပြပေးပါ။"

"ထေရဝါဒဗုဒ္ဓဘာသာဆိုတာ မြတ်ဗုဒ္ဓ အသက်ထင်ရှားရှိစဉ်က မြတ်ဗုဒ္ဓကိုယ်တိုင် ဟောခဲ့တဲ့ ဓမ္မနဲ့ဝိနယ (Teaching and Discipline)ကို မြတ်ဗုဒ္ဓဟောထားတဲ့ မူရင်းအတိုင်း မပြုမပြင် မပြောင်းလဲဘဲ ထိန်းသိမ်းစောင့်ရှောက်လိုက်နာ ကျင့်သုံးခဲ့ကြသော မြတ်ဗုဒ္ဓ၏ တပည့်ကြီး အဆက်ဆက်တို့ရဲ့ဝါဒကို ခေါ်ပါတယ်။ ဒီထေရဝါဒဗုဒ္ဓဘာသာဟာ ဒီကနေ့ အရှေ့တောင်အာရှနိုင်ငံများဖြစ်ကြတဲ့ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာနဲ့ မြန်မာနိုင်ငံတို့မှာ ထွန်းကားကျင့်သုံး နေထိုင်လျက်ရှိပါတယ်။

"မဟာယာန ဗုဒ္ဓဘာသာဆိုတာကတော့ မြတ်ဗုဒ္ဓ ဟောကြားတဲ့ ဓမ္မဝိနယတို့မှ အယူအဆ အဆုံးအမတွေကို တဖြည်းဖြည်းချင်း ထုတ်ဖော်ယူပြီး နောက်ပေါ်ပညာရှင်တွေရဲ့ အယူအဆအသစ်များကို သွတ်သွင်းကာ ပြင်ဆင်ပြောင်းလဲ တိုးတက်လာသော ဝါဒဖြစ်ပါတယ်။ အဲဒီ ပြုပြင်ပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲလာတဲ့ မဟာယာနဗုဒ္ဓဘာသာဟာ ဟိမဝန္တာရဲ့မြောက်ဘက် တိဘက်မှ စပြီး တရုတ်၊ မွန်ဂိုလီးယား၊ ကိုရီးယား၊ ဂျပန်နိုင်ငံများအထိ ပျံ့နှံ့လျက်ရှိပါတယ်။''

ဤသို့ စူစန်ဟတ်တို့အဖွဲ့က မေးမြန်း၍ သီတဂူဆရာတော်က ဖြေကြားပြီးလျှင် မဂ္ဂင်ရှစ်ပါးစသည်တို့အကြောင်းကို ဆရာတော်က ရှင်းလင်းဖြေကြားမိန့်ဆိုသည်။ အလွန်မှတ်သားဖွယ်ကောင်းလှသည်။ အဖိုးတန်လှသည်။ ဤအမေးအဖြေများကို အတူရှိနေသော ဆရာတော် အရှင်မဟောသဓပဏ္ဍိတက မှတ်တမ်းတင်၍ အော်စတင်မြို့၌ စာအုပ်ထုတ်ဝေခဲ့သည်။

## ဒေါ်စန္ဒပဘာ(စန္ဒာစည်)၏ ရေးသားချက်

အော်စတင်မြို့မှ ဗုဒ္ဓဘာသာဝင်မြန်မာများသည် သီတဂူဆရာတော်ကို အလွန်ကြည်ညိုကြသည်။ ယုံကြည်အားထားကြသည်။ ဆရာတော်၏ ရေအလှူ၊ အာယုဒါနအလှူ စသည်တို့ကို အထူးမြတ်နိုးကြသည်။ အားပေးကြသည်။

အော်စတင်မြို့တွင် နေထိုင်သော သီလရှင်ဆရာကြီး ဒေါ်စန္ဒပဘာ (စန္ဒာစည်)က သီတဂူဆရာတော်၏ ရေအလှူလုပ်ငန်း မည်မျှအစွမ်းထက်ထိရောက်သည်ကို လယ်တီဆရာတော်ဘုရားကြီး၏ ရေအလှူနှင့် ဤသို့ နှိုင်းယှဉ်ရေးသားထားသည်။

**"သီတဂူဆရာတော်ဘုရားရဲ့ သာသနာပြုလုပ်ငန်း အထွေထွေထဲမှ "တောင်စစ်ကိုင်း ချောင်တိုင်းရေဝေ" နေသည့် လုပ်ရပ်မှာလည်း မည်သည့်ခေတ်အခါတွင်မှ မည်သူတစ်ဦးတစ်ယောက်မျှ စိတ်ကူးထဲပင် မထည့်နိုင်ခဲ့သော အံ့သြဘနန်းဖြစ်လောက်သည့် အလှူတော်ကြီးပင် ဖြစ်ပါသည်။**

**"စာရေးသူ ဆက်လက်စဉ်းစားမိသည်မှာ လယ်တီဆရာတော်ဘုရားကြီးသည် ကျောင်းရှိသံဃာများမနိုးမီ နေ့စဉ်ရေထမ်း၍ သံဃာအားလုံး**

www.burmeseclassic.com

www.burmeseclassic.com





လယ်တီဆရာတော်ဘုရားကြီး
(၁၂၀၈-၁၂၈၅)

အထွေထွေသုံးရန် နှစ်ပေါင်းများစွာ ကြာမြင့်စွာ ရေကုသိုလ်ပြုခဲ့သည်။ ထိုအကျိုးကြောင့် ထိုစဉ်က ဟင်္သာတတစ်နယ်လုံး မိုးခေါင်၍ လယ်ကေများပျက်စီးကာ သတ္တဝါအများ ဒုက္ခရောက်ကြမည့်အရေးကို ကယ်တင်နိုင်ခဲ့သည်။ ဖြစ်ရပုံမှာ အင်္ဂလိပ်အရေးပိုင် မက္ကဆွဲ၏အကြံပေးချက်အရ ဟင်္သာတရှိ ဒါယကာ၊ ဒါယိကာမများ ပင့်လျှောက်ကြမှုကို ဆရာတော်ဘုရားကြီးက လက်ခံ၍ ဟင်္သာတသို့ကြွရောက်သည်။ သင်္ဘောပေါ်မှာပင် မိုးနတ်သားမှစ၍ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များကို အထူးမေတ္တာပို့တော်မူရာ ဆရာတော်စီးလာသည့်သင်္ဘော ကမ်းဆိုက်ချိန်တွင် အံ့ဩလောက်အောင် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့လေသည်။

"စာရေးသူတို့နေသော အော်စတင်မြို့သည် နွေရာသီအချိန်တွင် အလွန်ပူပြီး ခြောက်သွေ့ပါသည်။ သီတဂူဆရာတော်သည်လည်း နွေအခါ

www.burmeseclassic.com

www.burmeseclassic.com



တွင် အော်စတင်မြို့သို့ ကြွလာတတ်ပါသည်။ ၁၉၉၇–ခုနှစ်က အော်စတင်မြို့၌ မိုးခေါင်သောကြောင့် သီးနှံများပျက်စီး၍ ရေကန်များလည်း ခန်းခြောက်ကုန်ပါတော့သည်။ လေအေးစက်မရှိသောကြောင့် သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ သေဆုံးကြရသည်အထိ ဒုက္ခဖြစ်ရပါသည်။ ၎င်းဖြစ်ရပ်များကို သီတဂူဆရာတော် သိမည်မထင်ပါ။ သို့ရာတွင် ဆရာတော်စီးလာသည့်လေယာဉ် အော်စတင်မြို့သို့ ဆိုက်ရောက်သည်နှင့်တစ်ပြိုင်နက် မိုးထစ်ချုန်းပြီး အားပါးတရ သည်းထန်စွာ ရွာသွန်းပါတော့သည်။ မိုးရွာသည်မှာ တစ်ခါတစ်ရံ မဖြစ်စလောက်ရွာသည့်မိုးလည်း ရှိတတ်သည်။ ဆရာတော်၏ ရေအလှူကုသိုလ်အကျိုးကား ထင်ရှားလှပါသည်။ မိုးရေအတွက် လိုအပ်နေချိန်တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သော ဖြစ်ရပ်ကို နေ့ရာသီရောက်တိုင်း ပြန်လည်အမှတ်ရနေမိပါသည်။”

## ကျုံ့ပျော်မြို့၊ စေတီယပ္ပဓာ ဓမ္မသဘင်ဝယ်

သီတဂူဆရာတော်သည် ၁၉၈၁–ခုနှစ်၊ သက်တော် ၆၃–နှစ်အရွယ်မှ ၂၀၀၉–ခုနှစ်၊ သက်တော် ၇၃–နှစ် အထိ နိုင်ငံပေါင်း ၅၀– ကျော်သို့ လှည့်လည်ကြွရောက်ခဲ့သည်။ တရားဟောခြင်း၊ ဆွေးနွေးခြင်း၊ တရားပြခြင်း၊ စာတမ်းများဖတ်ခြင်း၊ ဗုဒ္ဓဘာသာဆိုင်ရာ အစည်းအဝေးပွဲကြီးများသို့တက်ရောက်ခြင်း စသည်တို့ကို အမျိုးမျိုးပြုတော်မူခဲ့သည်။ ထိုသို့လှည့်လည်ကြွရောက်သည်နှင့်အမျှ အတွေ့အကြုံမျိုးစုံကိုလည်း ရရှိခဲ့သည်။

ယင်းသို့ ပြည်ပတွင် ဟောပြောတွေ့ကြုံခဲ့သည်တို့ကို အကြောင်းပြု၍လည်း အချို့ကို ဆရာတော်က ပြည်တွင်း၌ ပြန်လည်ဟောပြောခဲ့သည်။

ယင်းတို့အနက် ၁၃၄၃–ခုနှစ်၊ တပေါင်းလပြည့်နေ့တွင် ဧရာဝတီတိုင်း၊ ကျုံ့ပျော်မြို့ဝယ် ဆင်ယင်ကျင်းပသော “စေတီယပ္ပဓာ ဓမ္မသဘင်”၌ ဟောပြောချက်မှာ အထူးမှတ်တမ်းတင်သင့်သည်။ ယင်းကို ခရစ်နှစ် ၂၀၀၈– ခုနှစ်တွင် စာအုပ်အဖြစ်လည်း ထုတ်ဝေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



# မြန်မာရှေးဟောင်းဘုရား

ဤစာအုပ်တစ်နေရာ၌ ထိုင်းနိုင်ငံသို့ရောက်ရှိစဉ် ကြုံတွေ့ရသော ဖြစ်ရပ်တစ်ခုမှာ သတိပြုဆင်ခြင်ဖွယ် ဖြစ်သည်။

"မြန်မာပြည်က ရှေးဟောင်းဘုရားဆင်းတုတော်ပေါင်း မြောက်မြားစွာကို ယိုးဒယားပြည်၊ ဘန်ကောက်မြို့က ဆိုင်ကြီးတွေမှာ အများကြီးတွေ့ရတယ်။

"ဘာလုပ်ဖို့ထားသလဲဆိုတော့ ရောင်းဖို့ထည့်ထားတာတဲ့။ မြန်မာပြည်က ရှေးဟောင်းဘုရားဆင်းတုတော်တွေ အများကြီးပဲ။ ဘယ်သူတွေက ပို့လိုက်တယ်တော့ မသိဘူး။ ဟိုမှာတော့ ရောက်နေကြတယ်။

"အဲဒီ ဘုရားဆင်းတုတော်တွေရောင်းတဲ့ ဆိုင်ကြီးတစ်ဆိုင်ကို ဘုန်းကြီးတို့ ရောက်ခဲ့တယ်။ ယိုးဒယားမိန်းကလေး ခပ်ငယ်ငယ်ရွယ်ရွယ်တွေက ဘုရားရောင်းနေကြတယ်။

"ဘုရားဆင်းတုတော်တစ်ဆူကို ဘုန်းကြီးက တော်တော်လည်း ကြိုက်တယ်။ အဲဒီဘုရားဆင်းတုတော်ဟာ ပလ္လင်ပေါ်ကနေပြီး ခြေထောက်နှစ်ချောင်းလွှဲချပြီးတော့ ထိုင်နေတယ်။ ပလ္လင်ထက်ကနေပြီး လက်ယာဘက်လက်ကနေ လက်ဝဲဘက်လက်ရဲ့ လက်ခလယ်လေးကို ကိုင်ပြီးတော့ တရားဟောနေတဲ့ပုံပဲ။ ဒီပုံမျိုးဟာ မြန်မာပြည်မှာ အလွန်ရှားတယ်။ သစ်သားဆင်းတုဘုရား၊ ဟိုရောက်နေတယ်။ အဲဒါရောင်းဖို့ဆိုပြီးတော့ ဆိုင်ပေါ်တင်ထားတယ်။

"မုဒြာအနေနဲ့ဆိုရင် နှစ်ခုပေါင်းထားတယ်။ (၁) ခြေထောက်ထိုင်ဟန်ကိုကြည့်ရင် အာသနမုဒြာ။ (၂) လက်ရဲ့ဟန်ကိုကြည့်ရင် ဓမ္မစက္ကမုဒြာ ဖြစ်နေတယ်။

"မုဒြာနှစ်မျိုးပေါင်းထားတဲ့ဘုရား၊ ဘယ်လောက်မြင့်သလဲဆိုလို့ရှိရင် ၃–ပေခွဲလောက်မြင့်ပါတယ်။ ထိုင်ကိုယ်တော်ကလေး။ အလွန်သပ္ပါယ်

www.burmeseclassic.com

www.burmeseclassic.com





သုခေါဒယမြို့ဟောင်းသို့ သီတဂူဆရာတော် ရောက်ရှိစဉ်။ (ထိုင်း)

တယ်။ အဲဒီဘုရားကို ရောင်းဖို့တဲ့။ လက်ရာကို ကြည့်လိုက်လို့ရှိရင် အင်းဝခေတ်စောစောပိုင်းက လက်ရာမျိုးဆိုတာ မှန်းကြည့်ပြီးသိနိုင်တယ်။

## ဈေးသည်မလေးနှစ်ယောက်ကြားက ဗုဒ္ဓဆင်းတုတော်

"အဲဒီဆင်းတုတော်ကို ဘယ်လောက်နဲ့ရောင်းမှာလဲလို့ မေးကြည့်တော့ ယိုးဒယားဘတ်ငွေ ၈၀၀၀– နဲ့ ရောင်းမယ်တဲ့။ ဘုရားရောင်းပြီးတော့ ချမ်းသာနေလိုက်ကြတာ။

"မြန်မာပြည်ကပုဂ္ဂိုလ်တွေက အဲဒီဘုရားပို့လိုက်တာ ဘယ်လောက်ရတယ်တော့ မသိဘူး။ ဟိုမှာတော့ ယိုးဒယားငွေ ၈၀၀၀–နဲ့ ရောင်းမယ်တဲ့။ ဘုန်းကြီးက ယိုးဒယားဘတ်ငွေ ၂၀၀၀–လောက်နဲ့ မရဘူးလားလို့ ဈေးဆစ်ကြည့်တယ်။ ယိုးဒယားမှာ ဈေးဝယ်ရင် အဲဒီလောက်ဆစ်နိုင်မှ တော်ရုံကျတာ။ အလွန်ဈေးဆိုကြတယ်။ ဘတ်ငွေ ၂၀၀၀–လောက်နဲ့ မရဘူးလားလို့ ဈေးဆစ်တယ်။

"အဲဒီဘုရားလေးကို ဖြစ်များဖြစ်နိုင်ရင် ဝယ်ပြီးတော့ မြန်မာပြည် ပြန်သယ်လာချင်တယ်။"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ မိန်းကလေးနှစ်ယောက် ဘုန်းကြီးတို့ဘေးနား တစ်ဖက်တစ်ယောက်လာရပ်ပြီးတော့ အဲဒီဘုရားကို သူတို့က ရှေ့နားဆွဲပို့ပြီး တစ်ယောက်က လက်ကလေးကိုကိုင်လို့၊ တစ်ယောက်သောမိန်းကလေးက ဘုရားရဲ့ခေါင်းက သျှောင်ကလေးကိုကိုင်လို့။ အဲဒါ ဟိုဘက်လှည့်လိုက်။ ဒီဘက်လှည့်လိုက်၊ ဟိုဘက်ပွတ်လိုက်နဲ့၊ မတ်တတ်ရပ်ပြီးတော့ ဘုန်းကြီးတို့နဲ့ စကားပြောတယ်။

"ဒီတော့ ဘုန်းကြီးက "နင်တို့တွေ ဗုဒ္ဓဘာသာတွေမဟုတ်ဘူးလား" လို့ မေးလိုက်တော့ တစ်ယောက်က ဗုဒ္ဓဘာသာ၊ တစ်ယောက်က ခရစ်ယာန်တဲ့။ ဒီတော့ ဘုန်းကြီးတို့ဘုရားကတော့ အဲဒီလိုအဖြစ်မျိုး ရောက်နေတယ်။

"တကယ်ကျတော့ ဉရောပတို့၊ အမေရိကတို့က အဲဒီဘုရားဆင်းတုတွေကို ဝယ်သွားမယ်ဆိုရင် ဟိုမှာ သူတို့က တကယ့်ကိုရှိခိုးပူဇော်ဖို့ ဝယ်သွားလိမ့်မယ်လို့ ကျိန်းသေကြီးမတွက်ကြပါနဲ့" ဟူ၍ ပါရှိသည်။

ဆရာတော်မိန့်ဆိုသည့်အတိုင်းပင် အချို့နိုင်ငံများတွင် မြန်မာဗုဒ္ဓရုပ်ပွားဆင်းတုတော်များကို ဝယ်ယူကာ အချို့က ပြတိုက်တွင်ထားသည်။ အချို့က အလှအပ အနုပညာလက်ရာတစ်ရပ်အနေဖြင့် ဧည့်ခန်းစားပွဲတွင်ထားသည်။ အချို့က လှေကားအတက်အဆင်းဖြစ်သော လှေကားအရင်းတွင် ထားကြသည်။ ဆရာတော်က မြင်တွေ့ပြီး စိတ်မကောင်းဖြစ်ခဲ့ရသည်။

## နီပေါနိုင်ငံ၊ ပေါက္ခရမြို့သို့

တစ်ကြိမ်တွင် သီတဂူဆရာတော် နီပေါနိုင်ငံသို့ကြွရောက်စဉ် ပေါက္ခရမြို့သို့ ရောက်ခဲ့သည်။ ထိုမြို့မှာ ခတ္တမန္ဒူမြို့နှင့် ကီလိုမီတာ ၂၄၀–ခန့်ဝေးသည်။ ထိုမြို့ရှိ ခရစ်စတင်းအမည်ရှိ ဟိုတယ်ပိုင်ရှင်ကြီးတစ်ဦးက ဆရာတော်ကို ဖိတ်ကြားသည်။ သူသည် ဗုဒ္ဓဘာသာဝင် ဖြစ်သည်။

"တပည့်တော် ကုသိုလ်ပြုချင်လို့ပါ။ တပည့်တော်တို့ရဲ့ဟိုတယ်ကို တစ်ညလောက် ကြွရောက်ချီးမြှောက်ပါဘုရား" ဟု လျှောက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com






နီပေါလ်နိုင်ငံ ရောဟနီမြစ်အနီး သီတဂူဆရာတော်နှင့် သကျနွယ်ဖွားကလေးငယ်များ

ထိုအကြောင်းကို သီတဂူဆရာတော်က ဤသို့မှတ်တမ်းတင် ပြောသည်။

"ဘုန်းကြီးရောက်သွားတော့ ဟိုတယ်ပိုင်ရှင်ဒကာကြီးက "တပည့်တော်ရဲ့ဟိုတယ်မှာ တစ်ညတည်းခိုပါ။ တပည့်တော် ဆွမ်းကပ်ပါရစေ၊ ဟိုတယ်မှာလည်း ပရိတ်ရွတ်ပေးပါ" လို့ လျှောက်ထားတယ်။

"သူ့ဟိုတယ်ရဲ့အောက်ထပ်က နိမ့်နိမ့်ကလေးပါပဲ။ မြေကြီးအထက် တစ်ပေလောက်ပဲမြင့်တယ်။ လှေကားက နှစ်ထစ်ရှိတယ်။ အဲဒီ လှေကားထစ်ပေါ် တက်လိုက်တာနဲ့တစ်ပြိုင်နက်တည်း လှေကားမှန်ရဲ့ဝဲ၊ ယာဘက်က အုတ်တိုင်များရဲ့တိုင်ခြေရင်းမှာ (မြန်မာအခေါ်ဆိုရင်တော့ ဖိနပ်ချွတ်လို့ခေါ်တဲ့ နေရာတွေမှာ) ဘုရားဆင်းတုတော်တွေ စီလို့။ အဲဒီမှာ ချထားတာတွေ့ရတယ်။ ဂျိန်းဘုရားတွေရဲ့ ရုပ်တုတွေလည်း တွေ့ရတယ်။

"အဲဒီနေရာကို ဖိနပ်ကြီးနဲ့ လျှောက်ရတယ်။ အောက်က သမံတလင်းပေါ်ကို ခြေထောက်မချနိုင်ဘူး။ အောက်က စိမ့်ပြီးတော့ အေးနေတယ်။

"ဒါနဲ့ပဲ စိတ်တော့ မချမ်းသာဘူး၊ ဆင်းတုတော်တွေကို ဖိနပ်ချွတ်မှာ တွေ့နေရပြီ။ ဒီဟိုတယ်ပိုင်ရှင်အဘိုးကြီးကိုတော့ ငါပြောဦးမှပဲလို့ ဘုန်းကြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးထားတယ်။ ရုတ်တရက်ပြောလို့ကလည်း မဖြစ်သေးတော့ ပစ္စည်းတွေ အကုန်ချပြီးတော့ တည်းခိုရာအခန်းတွေ အကုန်လုံးပို့ပြီး၊ နောက်တော့ မေးလိုက်တယ်။

"ဒကာကြီး၊ ဟောဒီလှေကားတက် ဖိနပ်ချွတ်မှာ စီပြီးတော့ ချထားတဲ့ အရုပ်တွေဟာ ဘာအရုပ်တွေတုံး၊ ပြောစမ်းပါလို့။ ဘုရားဆင်းတုတော်တွေမှန်းတော့ သိပါတယ်။ စကားဖြစ်အောင်လို့ တမင်မေးလိုက်တာ။ အဲဒါတွေဟာ ဗုဒ္ဓရဲ့ရုပ်တုတော်တွေပဲတဲ့။ အဘိုးကြီးက ဖြေတယ်။

"ဟုတ်လား၊ ဒီအရုပ်တွေက ဗုဒ္ဓဆင်းတုတော်တွေလား။"

"မှန်ပါတယ် ဘုရား။"

"ဒကာကြီး၊ လောကမှာ မြတ်ဗုဒ္ဓဆိုတဲ့ပုဂ္ဂိုလ်ဟာ သတ္တဝါအားလုံးတို့ထက် အမြတ်ဆုံးပုဂ္ဂိုလ်တစ်ယောက်ဆိုတာကို လက်ခံရဲ့လား။"

"မှန်ပါ့၊ အမြတ်ဆုံးပုဂ္ဂိုလ်တစ်ယောက်ဆိုတာ လက်ခံပါတယ် ဘုရား။"

"ဗုဒ္ဓဟာ တကယ့်အမြတ်ဆုံးနေရာမှာ ရှိထိုက်တယ်ဆိုတာကော လက်ခံရဲ့လား။"

"လက်ခံပါတယ်ဘုရား။"

"ဒကာကြီး၊ ဗုဒ္ဓဘာသာဟုတ်တယ်နော်။"

"မှန်ပါ၊ တပည့်တော် ဗုဒ္ဓဘာသာပါဘုရား။"

"ဒါဆိုရင် ဒကာကြီးရဲ့စိတ်ဓါတ်ဟာ အလွန်မွန်မြတ်တဲ့ စိတ်ဓာတ်ပဲဆိုတာကို ဘုန်းကြီးယုံကြည်တယ်။"

အဲဒီလိုလေးပြောထားတော့ စကားအကုန်တုပ်မိသွားပြီ။ ဘုန်းကြီးက ဆက်ပြောလိုက်တယ်။

"ဗုဒ္ဓဟာလည်း အမြတ်ဆုံးပုဂ္ဂိုလ်မို့လို့ အမြတ်ဆုံးနေရာမှာ ရှိထိုက်တယ်။ ထားထိုက်တယ်။ ဗုဒ္ဓဘာသာဖြစ်တဲ့ ဒကာကြီးကိုယ်တိုင်လည်း အမြတ်

www.burmeseclassic.com

www.burmeseclassic.com



ဆုံးစိတ်ခတ်ရှိတယ်။ အဲဒီလို ဖြစ်ပါလျက်နဲ့ မွန်မြတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ကို ဘယ်နှယ့်ကြောင့် ဖိနပ်ချွတ်တဲ့နေရာမှာ ထားရသလဲ”ဆိုတော့ သူဘာမှ ပြန်မပြောနိုင်တော့ဘူး၊ ငေးနေတယ်။ ပြီးတော့မှ သူကပြောတယ်။

“အမြတ်ဆုံး ပုဂ္ဂိုလ်တစ်ယောက်ကို ဘာပြုလို့ ဖိနပ်ချွတ်တဲ့နေရာမှာ ထားရတုံးဆိုရင် ကမ္ဘာအရပ်ရပ်က လာကြတဲ့ ကမ္ဘာလှည့်ခရီးသည်တွေဟာ ဒီလိုရှေးကျတဲ့ (ရှေးဟောင်းဆင်းတုတော်များ) ဗုဒ္ဓဆင်းတုတော်တွေကို အလွန်စိတ်ဝင်စားကြလို့ပါ။

“ဒါကြောင့် ဟိုတယ်ထဲရောက်တာနဲ့ တစ်ပြိုင်နက်တည်း သူတို့စိတ်ဝင်စားကြတဲ့ ဗုဒ္ဓဆင်းတုတော်တွေကို ဖူးတွေ့ရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဟောသည့်လှေကားမုခ်မှာ ထားလိုက်တာပါတဲ့။

## သံဝေဂဖြစ်သွားသော ဟိုတယ်ပိုင်ရှင်

ဒီတော့ ဘုန်းကြီးကပြောလိုက်တယ်။ “ကောင်းပြီဒကာကြီး၊ သူတို့စိတ်ဝင်စားဖို့အတွက် လှေကားတက်မှာ ထားတယ်။ အဲဒီ စိတ်ဝင်စားပါတယ်ဆိုတဲ့ ပုဂ္ဂိုလ်တွေထဲမှာ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တွေ ဘယ်လောက်များသလဲ”။

ဗုဒ္ဓဘာသာက နည်းပါတယ်ဘုရား၊ ဗုဒ္ဓဘာသာကို စိတ်ဝင်စားလို့ လေ့လာတဲ့ပုဂ္ဂိုလ်တွေက ပိုများပါတယ်။

“ဒကာကြီး၊ ကောင်းပြီ၊ ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ပုဂ္ဂိုလ်တွေလည်း အများကြီး လာကြမှာပေါ့။”

“လာကြပါတယ်ဘုရား။”

“ဒီတော့ ဗုဒ္ဓဘာသာဝင်ဖြစ်တဲ့ ဟိုတယ်ပိုင်ရှင်ဒကာကြီးကိုယ်တိုင်က ဗုဒ္ဓဆင်းတုတော်ကို အဲ့ဒီလှေကား အတက်မှာထားတယ်ဆိုရင် ဗုဒ္ဓဘာသာမဟုတ်တဲ့ပုဂ္ဂိုလ်တွေ၊ ဗုဒ္ဓဘာသာကို မကြည်ညိုတဲ့ပုဂ္ဂိုလ်တွေက အဲဒီဆင်းတုတော်တွေကို ခြေနဲ့နင်းသွားလိမ့်မယ် ဒကာကြီး။”

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့မှ သူတော်တော်သံဝေဂဖြစ်သွားတယ်။ ဘာမှ ပြန်မပြော တော့ဘဲနဲ့ ဘုရားဆင်းတုတော်တွေကို စိုက်ကြည့်ပြီးတော့ သူရပ်နေတယ်။

"အဲဒီနောက် ဘုန်းကြီးကပြောလိုက်တယ်။ ဗုဒ္ဓဘာသာသူတော်စင် တို့က ကိုယ့်ဘုရား ကိုယ့်ဟာကို လှေကားရင်းမှာထားတယ်ဆိုရင် ဗုဒ္ဓဘာသာ မဟုတ်တဲ့သူတွေက တက်နင်းတော့မှာပဲ။ ဒီတော့ သူများတက်မနင်းသေးခင် အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓရဲ့ဆင်းတုတော်တွေကို မွန်မြတ်တဲ့နေရာမှာ ဒကာကြီး ထားလိုက်စမ်းပါ။ အဲဒါက ပိုပြီးတော့ စိတ်ဝင်စားစရာကောင်းပါတယ်။"

"မှန်လှပါ၊ အရှင်ဘုရားတို့ နောက်တစ်ခေါက်လာရင် အဲဒီ လှေကား တက်နားမှာ ဘုရားဆင်းတုတော်တွေကို မတွေ့စေရပါဘူး။

"နေရာပြောင်းလိုက်ပါ့မယ် ဘုရားတဲ့။ လှေကားတက်နားမှာ ဘုရား ဆင်းတုတော်တွေ ရှိမရှိ၊ နောက်တစ်ခေါက်သွားရင် ကြည့်ရဦးမယ်။

"ဘုန်းကြီးတို့ မြန်မာပြည်သူပြည်သားတွေကျတော့ ဘုရားဆင်းတု တော်ကို လှေကားတက်ထားဖို့ဝေးရော။

"ဘုရားအရိပ်တောင်မှ ကောင်းကောင်းမနင်းရဲကြပါဘူး။ ဟိုမှာက တော့ ဗုဒ္ဓဘာသာဆိုတဲ့ပုဂ္ဂိုလ်တချို့ဟာ အဲဒီလို လှေကားအတက်မှာထား တယ်ဆိုတာ ရှိနေပါတယ်" ဟူ၍ ဆရာတော်က ကိုယ်တွေ့ကိုပြောပြခဲ့သည်။

## အိန္ဒိယဝန်ကြီးချုပ်နေရှူး၏ သမာဓိ ဆင်းတုတော်

သီတဂူဆရာတော်သည် ဗုဒ္ဓဆင်းတုတော်များ၏ ကြည်ညိုဖွယ် ရာကောင်းပုံကိုလည်း ဂျိန်းဘာသာဝင် အိန္ဒိယဝန်ကြီးချုပ် နေရူး၏ ဗုဒ္ဓ ဆင်းတုတော်အပေါ် တန်ဖိုးထားမှုကို ဤသို့ ဆက်လက်မိန့်တော်မူခဲ့သည်။

"ကမ္ဘာမှာရှိကြတဲ့ ပန်းချီရုပ်ပေါင်းများစွာ၊ ပန်းပုရုပ်ပေါင်းများစွာ၊ ဆင်းတုတော်ပေါင်းများစွာတို့တွင် အံ့သြစရာအကောင်းဆုံးနှင့် ကြည်ညိုစရာ အကောင်းဆုံးရုပ်မှာ ဗုဒ္ဓဆင်းတုတစ်ခုပဲရှိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အိန္ဒိယဝန်ကြီးချုပ်နေရူးဟာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ခါစက အင်္ဂလိပ်နယ်ချဲ့များရဲ့ ဖမ်းဆီးခြင်းကိုခံရပြီး ထောင်ထဲရောက်နေတယ်။ ထောင်ထဲမှာနေရတော့ အလွန်စိတ်ညစ်ပြီး ပင်ပန်းတဲ့အခါများမှာ သူ့စားပွဲမှာ ဗုဒ္ဓဆင်းတုတော်တစ်ခုကို တင်ထားပြီးတော့ နာရီပေါင်းများစွာ ထိုင်ပြီးတော့ ဖူးမြော်ပြီးတော့ ကြည်ညိုတယ်။

အဲဒီလို ကြည်ညိုနေရင် နေရူးဟာ စိတ်ချမ်းသာတယ်လို့ ဆိုတယ်။ အဲဒီဆင်းတုက "သမာဓိဆင်းတု"။

"သီဟိုဠ်ကျွန်း(သီရိလင်္ကာ) မဟာစေတီတော်ကြီးရဲ့ အနီးအနားမှာကျောင်းတိုက်ဟောင်းကြီးတွေ ရှိပါတယ်။ မဟာဝိဟာရကျောင်းတိုက်တို့၊ ဇေတဝန်ကျောင်းတိုက်တို့။ အဘယဂိရိကျောင်းတိုက်တို့ဆိုပြီးတော့ မဟာစေတီတော်ကြီးအနီးမှာ ကျောင်းတိုက်ကြီးတွေရှိတယ်။

"အဲဒီဇေတဝန်ကျောင်းတိုက်ကြီးထဲမှာ "သမာဓိဆင်းတု" ဆိုတာရှိတယ်။ ဒီကနေ့လည်းပဲ ရှိပါတယ်။ သမာဓိဝင်စားပြီးတော့နေတဲ့ ဆင်းတုတော်တစ်ခုဟာ အလွန်အံ့သြဖွယ်ကောင်းတဲ့လက်ရာနဲ့ ထုထားတာ။ တည်တည်ငြိမ်ငြိမ်နဲ့ ကျက်သရေရှိတယ်။

"ဘုရားဆင်းတုတော်ဟာ တင်ပျဉ်ခွေထိုင်ပြီးတော့ လက်ဝါးနှစ်ဖက်ထပ်ပြီးတော့ ဈာန်ဝင်စားနေတဲ့ပုံမျိုး။ သမာပတ်ဝင်စားနေတဲ့ပုံမျိုးကို သရက်ဥယျာဉ်ကြီးထဲမှာ သေသေချာချာထုထားတာ သမာဓိဆင်းတုတဲ့။

"အဲဒီဆင်းတုဓာတ်ပုံကို နေရူးဟာ သူ့ရဲ့စားပွဲပေါ်မှာတင်ထားပြီးတော့ ကြိမ်ဖန်များစွာဖူးတယ်။ အဲဒီလို ဖူးမြော်ကြည်ညိုရင်းနဲ့ စိတ်ရဲ့ကြည်လင်ချမ်းသာမှုကို ရခဲ့တယ်ဆိုတဲ့အကြောင်းကို နေရူးကိုယ်တိုင် ရေးခဲ့ဖူးပါတယ်။

"ဒါကြောင့် ကမ္ဘာမှာ ရုပ်တုပေါင်းများစွာရှိတဲ့အထဲက ဗုဒ္ဓရုပ်ပုံဟာအလှဆုံး၊ ဗုဒ္ဓရုပ်ပုံမှတစ်ပါး အခြားအခြားလူတွေ၊ နိုင်ငံရေးခေါင်းဆောင်တွေ၊

www.burmeseclassic.com

www.burmeseclassic.com



ဘာသာရေးခေါင်းဆောင်တွေ မျိုးစုံနေတဲ့ ရုပ်ပုံပေါင်းများစွာထဲမှာ ဗုဒ္ဓရုပ်ပုံဟာ အံ့သြစရာအကောင်းဆုံးပုံတစ်ခုဆိုတာကို အိန္ဒိယဝန်ကြီးချုပ်နေရူးက ပြောခဲ့ပါတယ်။

## အလွဲသုံးစား မပြုထိုက်

"ဒါကြောင့် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ပုံတော်ကို မြင့်မြတ်သော စိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်များကြတော့ အဲဒီလို တန်ဖိုးထားပြီးတော့ သုံးစွဲသွားတယ်။

"ဒါကြောင့် ရတနာဆိုတာ ရတနာစိတ်ရှိမှ သုံးဆောင်ထိုက်တယ်။ ဘုန်းကြီးတို့ ပရိသတ်ရဲ့လက်ထဲမှာ ရတနာအပြည့်ရှိတယ်။ ဒီလောက်တန်ဖိုးရှိတဲ့ရတနာတွေကို အလွဲမှားသွားပြီး မသုံးလိုက်ပါနဲ့။ တစ်ဘဝစာ၊ တစ်နပ်စာအတွက် ရောင်းပစ်လိုက်တယ်ဆိုတာ ဘယ်ကောင်းမလဲ။ လုံချည်လေး၊ အင်္ကျီလေးရဖို့ရန်အတွက် ဘုရားဆင်းတုတော်တွေကို ဟိုကိုပို့ပစ်တယ်ဆိုတော့ ဘယ်ကောင်းမလဲ။ တန်ဖိုးရှိတဲ့အရာကို တန်ဖိုးသိဖို့လိုပါတယ်။"

## မေတ္တာတရား

ထို့နောက် နီပေါနိုင်ငံသို့ရောက်ရှိ၍ တရားဟောစဉ်က ကြုံတွေ့ခဲ့ရသည်တို့ကိုလည်း ဆရာတော်က ဤသို့ဖွင့်ဟ ပြောဆို၏။

"နီပေါနိုင်ငံမှာ တရားဟောတုန်းကပဲ၊ အဲဒီမှာ ဘုန်းကြီးက 'မေတ္တာတရား' ဟောတယ်။ အဲဒီမေတ္တာတရားပွဲအပြီးမှာ 'ကိုင်း–မေးချင်တဲ့မေးခွန်းတွေမေးဆိုတော့ လူပေါင်း ၁၂–ယောက်က မေးခွန်းပေါင်း ၃၅–ခု ဘုန်းကြီးကို မေးကြတယ်။

"ညနေ(၃း၀၀)နာရီကစပြီး ဖြေလိုက်ရတာ ည(၇း၀၀)နာရီထိုးရော။ အဲဒီနေ့က အမောဆုံးပဲ။ ပျော်စရာလည်း အလွန်ကောင်းတယ်။ တစ်ခါတည်း အကြိတ်အနယ်ပဲ။ အပြန်အလှန် ပြောနေကြရတာ။

www.burmeseclassic.com

www.burmeseclassic.com



"အသက် ၆၀–လောက်ရှိတဲ့ လူတစ်ယောက်က "အရှင်ဘုရား၊ မေတ္တာတရားဟောတာ အလွန်ကောင်းပါတယ်။ တပည့်တော် တစ်ခုမေးပါမယ်။ မေတ္တာတရားဟောသွားတဲ့ အရှင်ဘုရားဟာ အသားစားပါသလား"။

"ဘုန်းကြီးက ချက်ချင်းမဖြေဘဲနဲ့ အဲဒီလူမျက်နှာကို ကြည့်လိုက်တယ်။ မျက်နှာက တော်တော်တင်းမာနေတယ်။

"အင်း သူတော့ ငါ့ကိုမကျေနပ်ဘူး။ ငါ့ကိုတွယ်ချင်လို့ သူမေးတာလို့သိတယ်။ ငါ့ကိုတွယ်ချင်လို့ သူမေးတာ။

"ကိုယ့်ကိုယ်ကိုပြန်ပြီးတော့ ချက်ချင်းသတိပေးလိုက်တယ်။ အကြိတ်အနယ် ဒီလိုစကားပြောတဲ့နေရာမှာ မင်း စိတ်မတိုနဲ့။ စိတ်တိုရင် ရှုံးမယ်။ ဟောထားတာက မေတ္တာတရား။ မင်းစိတ်မတိုနဲ့" ဆိုပြီး သတိပေးလိုက်တယ်။

"မေတ္တာဟောတဲ့ဘုန်းကြီး အသားစားသလားလို့ ဆိုလာကတည်းကိုက သူကမကျေနပ်လို့၊ ဒါတက်လာတာ။ အဲဒါကျေနပ်အောင်ဖြေမှ။ သူ့မျက်နှာကြည့်လိုက်တော့ တင်းတင်းမာမာ ဖြစ်နေတယ်။ တင်းတင်းမာမာကြီးဖြစ်နေတော့ ဘုန်းကြီးကသိပြီ။ ဒီလူဟာ စိတ်ဆိုးလို့၊ ငါ့အပေါ်မှာ မကျေနပ်လို့ သူမေးတာ။

## မေတ္တာတရားကို မယုံဘူး

"ငါကတော့ မေတ္တာတရားဟောတဲ့ ဘုန်းကြီးဆိုတော့ မေတ္တာနဲ့ပဲ ဖြေမှဖြစ်မယ်။ စိတ်ဆိုးတဲ့ အမူအရာ ငါပြလို့တော့ မဖြစ်ဘူး။

"ကောင်းပါပြီ ဒကာကြီး၊ ဘုန်းကြီးဖြေပါမယ်။ မဖြေသေးခင် တစ်ခု မှတ်သားထားပါ။

"မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ရဘူး ဆိုတာလေးကို ဒကာကြီး ရှေးဦးစွာ မှတ်သားထားပါဦး။ မေတ္တာရှိတယ်၊ မရှိဘူးဆိုတာကို

www.burmeseclassic.com

www.burmeseclassic.com



အစားအစာနဲ့ ဒကာကြီးသတ်မှတ်မယ်လို့ မကြံပါနဲ့လို့ ဘုန်းကြီးက ပြော လိုက်တယ်။

"အဲဒီတော့မှ သူပိုပြီးတော့ ဒေါသထွက်လာတယ်။ တစ်ခါတည်း ခေါင်းတွေ ထောင်လာပြီးတော့–

"အရှင်ဘုရား၊ တပည့်တော်မေးတာကို ဖြေပါ။ အရှင်ဘုရား အသား စားသလား၊ မစားဘူးလားဆိုတာကိုပဲ သိချင်ပါတယ်"တဲ့။

"ဘုန်းကြီးက "ဟုတ်ပါတယ်၊ ငါမေတ္တာတရားလည်း ဟောပါတယ်။ အသားရော၊ ငါးရော အကုန်လုံးစားပါတယ်" လို့ ပြောလိုက်တော့ သူက–

"အရှင်ဘုရားဟောတဲ့ မေတ္တာတရားကို တပည့်တော်မယုံဘူး"တဲ့။

"အဲဒီတော့ ဘုန်းကြီးက သဘောကျသွားတယ်။ ဟုတ်ပြီ။ ဒီလူကြီး ကို ငါနိုင်ပြီ"လို့၊ သဘောကို ကျနေတယ်။ ဘာကြောင့်လဲဆိုတော့ သူကစိတ် ဆိုးနေတာကိုး။ "ဒီလူဟာ သက်သတ်လွတ်သမား ဖြစ်ရမယ်။ သက်သတ် လွတ်ဝါဒကို အလွန်စွဲနေတဲ့ ဟိန္ဒူတစ်ယောက်ဖြစ်ရမယ်လို့ ဘုန်းကြီးက တွေးမိတယ်။

"ဘုန်းကြီးက အသားစားတယ်လို့ ပြောလိုက်ကတည်းကိုက သူ ဒေါနဲ့မောနဲ့ တက်လာတယ်။ "ငါတော့ ဒီလူကို အနိုင်ချမယ်။ နိုင်ကို နိုင်ရ မယ်လို့ ဘုန်းကြီးသိလိုက်တယ်။

"သူက 'အရှင်ဘုရား၊ အသားစားတယ်ဆိုပြီးတော့ မေတ္တာတရား လည်းဟောတော့၊ အရှင်ဘုရားရဲ့မေတ္တာကို တပည့်တော် မယုံနိုင်ဘူး' လို့ ပြောတယ်။

"ဘုန်းကြီးက၊ ကောင်းပါပြီ၊ မင်းယုံဖို့ ငါပြောနေတာ မဟုတ်ပါ ဘူး။ မေတ္တာတရား ဘယ်လိုပွားရမယ်ဆိုတာသာ ငါပြောနေတာပါ။

"အဲဒီလိုပြောပြီးတော့မှ ဘုန်းကြီးက ရှင်းပြတယ်။ မေတ္တာတရားရဲ့ သဘောကို ဒကာကြီးသဘောပေါက်ဖို့က မေတ္တာတရားဆိုတာဟာ မိမိနှလုံး

www.burmeseclassic.com

www.burmeseclassic.com



သားထဲကဒေါသကို ပယ်ဖျက်ဖို့၊ ဒေါသကို နှိမ်နင်းဖို့သာ လိုရင်းဖြစ်တယ် ဆိုတာကို ဒကာကြီးနားလည်ထားစမ်းပါ။

"ဒေါသကိုပယ်ဖို့ရန် မေတ္တာပွားရတယ် ဒကာကြီး၊ ဗုဒ္ဓက ဟောထားတယ်။ မေတ္တာဘာဝနာဟာ ဘာအတွက်လဲ၊ ဒေါသကို နှိမ်နင်းဖို့ ဖြစ်တယ်။ ဒီတော့ အသားတွေဘယ်လိုပဲ စားစေကာမူ အဲဒီအသားကို စနစ်ကျကျ စားပြီးတော့ ဒေါသကို နှိမ်နင်းရင် ဒီပုဂ္ဂိုလ်ဟာ မေတ္တာလုပ်ငန်းမှာ အောင်မြင်တယ်။"

## အသားစားနည်းစနစ်

"နောက်စကားတစ်ခွန်းဆက်မလို့ ဘုန်းကြီးက အားယူနေတုန်း ချက်ချင်း ကြားဖြတ်ပြီးတော့ သူပြောတယ်။ ဘုန်းကြီးပြောလိုက်တဲ့စကားထဲမှာ "အသားကို စနစ်တကျစားပြီးတော့"ဆိုတော့ အဲဒါလေးကို သူက ဘယ်လိုမှမကြိုက်ဘဲ ဖြစ်သွားတယ်။

"အသားစားတာ ဘယ်လိုစနစ်တွေနဲ့ စားရဦးမှာလဲ"တဲ့။ သူက ဒီလိုလာတယ်။

ဘုန်းကြီးက စနစ်ကိုပြောပြလိုက်တယ်။ "ဗုဒ္ဓက အသားကြီး ၁၀–မျိုး မစားရဘူး။ မစားရတဲ့အသားကြီး ၁၀–မျိုးက (၁) လူသား၊ (၂) ခွေးသား၊ (၃) မြွေသား၊ (၄) ကျားသစ်သား၊ (၅) ဆင်သား၊ (၆) အောင်းသား၊ (၇) ကျားသား၊ (၈) ခြင်္သေ့သား၊ (၉) ဝံသား၊ (၁၀) မြင်းသားတို့ ဖြစ်တယ်။ အခြားအသားများကို စားတဲ့အခါလည်း အစွန်းသုံးပါးက လွတ်စေရမယ်။

"အစွန်းသုံးပါး လွတ်သောအသား၊ ၁၀–မျိုးသောအသားမှ လွတ်သောအသားကို စားတဲ့အခါမှာလည်းပဲ ပစ္စဝေက္ခဏာသုံးမျိုးနဲ့ ဆင်ခြင်၍ စားရတယ်။"

"(၁) ဓာတုပစ္စဝေက္ခဏာ–ဓာတ်သဘောကိုဆင်ခြင်၊ (၂)ပဋိကူလပစ္စဝေက္ခဏာ–စက်ဆုပ်ဖွယ်အနေနဲ့ဆင်ခြင်၊ (၃) မဟာပစ္စဝေက္ခဏာ–ရှင်ငယ်၊ ရဟန်းငယ်များ ဆင်ခြင်နှလုံးသွင်းတာ။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ပစ္စဝေက္ခဏာသုံးပါးတွင် တစ်ပါးပါးကို ဆင်ခြင်စား၊ အစွန်းသုံးပါးမှ လွတ်တဲ့အသားကို စား၊ ၁၀–မျိုးသောအသားမှလွတ်သော အသားကိုစား၊ အဲဒါအသားစားတဲ့ စနစ်ပဲဗျ။ ဗုဒ္ဓပေးထားတဲ့ စနစ်ပဲ" လို့ ဘုန်းကြီးက ဒီလိုပြောလိုက်ရော၊ သူက တက်လာပြန်တယ်။ "ဗုဒ္ဓဟာ အသား မစားပါဘူး။ ဗုဒ္ဓကိုယ်တိုင် အသားမစားဘူးဆိုတာ အရှင်ဘုရား နားကော လည်ရဲ့လားတဲ့" သူက။

"ဗုဒ္ဓဟာ အသားမစားဘူးလို့ ဒကာကြီး ဘယ်လိုလုပ်ပြောနိုင်တာ လဲ၊ အထောက်အထားပြစမ်းပါ" လို့ ဘုန်းကြီးကမေးလိုက်တော့ သူက တခြားမပြပါရစေနဲ့။ ဗုဒ္ဓဟာ အလွန်ကြီးမားတဲ့ မဟာကရုဏာရှင်၊ အလွန် ကြီးမားတဲ့ မေတ္တာရှင်တစ်ယောက် ဖြစ်တယ်။ အလွန်ကြီးမားတဲ့ မေတ္တာရှင်၊ ကရုဏာရှင်တစ်ယောက်ဟာ ဘယ်နည်းနဲ့မှ အသားကို မစားနိုင်ဘူး၊ မစား ဘူးတဲ့။

"ဟုတ်ပါတယ်၊ ကြီးမားတဲ့ မေတ္တာကရုဏာ ဗုဒ္ဓမှာရှိပါတယ်။ လက်ခံပါတယ်။ ဗုဒ္ဓကိုယ်တော်တိုင် အဲဒီလိုစားနည်းစနစ်ကို ချပေးခဲ့တယ် ဆိုတာကို ဒကာကြီး စာမှဖတ်ဖူးရဲ့လား" လို့ ဘုန်းကြီးက ပြောလိုက်ရော သူ စိတ်ဆိုးသွားတယ်။

"ရဟန်းတော်များ အသားမစားထိုက်ဘူးလို့ဆိုပြီးတော့ ရဟန်း တစ်ပါးက တောင်းပန်ခဲ့တဲ့အချက်ကို မြတ်စွာဘုရားက ပယ်ချခဲ့တယ်ဆိုတာ ကိုရော "ဒကာကြီး ဖတ်ဖူးရဲ့လား" ဆိုတော့၊ သူက "မဖတ်ဖူးဘူးတဲ့"။

"အဲဒါ ဒကာကြီး ညံ့တာပဲလို့ ဘုန်းကြီးက သူ့ကိုတို့လိုက်တယ်။ အဲဒီမှာ သူပိုပြီး စိတ်ဆိုးတော့တာပဲ။ သူက သက်သတ်လွတ်စားတဲ့သူ၊ ဒေါသ တွေ တရှူးရှူးထနေတယ်။ ဒီတော့ အသားစားတဲ့လူ ဒေါသမဖြစ်ပါဘူး။ သူ့ကိုဒေါသဖြစ်အောင် တဖြည်းဖြည်းတို့ပေးနေတာ၊ မေတ္တာအကြောင်း ပြော နေကြတာဆိုတော့ ဒေါသထွက်ရင် ရှုံးတာပဲ။ ဘုန်းကြီးက ဒေါသမထွက် တော့ အဲဒီပွဲမှာ ဘုန်းကြီး လုံးဝနိုင်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



## ဒေဝဒတ်ပန်ကြားခဲ့တဲ့ ပဉ္စဝတ္ထုယာစန

ထို့နောက် ဘုန်းကြီးက ဒေဝဒတ်ပန်ကြားခဲ့တဲ့ ပဉ္စဝတ္ထုယာစန တောင်းပန်ချက်တွေကို ပြောပြတယ်။ (၁) သာသနာတော်ထမ်း ရဟန်းမှန်ရင် အသားမစားရဘူး၊ (၂) သင်္ကန်းသုံးထည်ပဲ ဝတ်ရမယ်၊ (၃) ပံ့သကူသင်္ကန်းကိုပဲ ဝတ်ရမယ်၊ (၄) တောထဲမှာပဲ နေရမယ်၊ (၅) သစ်ပင်အောက်မှာပဲ နေရမယ်လို့။

"ဒကာကြီး၊ ရှင်ဒေဝဒတ်သည် ဘုရားကိုယ်တော်မြတ်ကြီးကို သူ တော်ကောင်းယောင်ဆောင်ပြီးတော့ အဲဒီလို တောင်းပန်ခဲ့ဖူးတယ်ဆိုတာကို ကြားဖူးရဲ့လား" လို့ မေးလိုက်တော့၊ "ကြားဖူးတယ် ပြောရမလား၊ မကြား ဖူးဘူးလို့ ပြောရမလား" ဆိုပြီး သူခေါင်းငုံ့ပြီးတော့ စဉ်းစားနေတယ်။

"စဉ်းစားပြီးတော့မှ "အဲဒါကြားဖူးပါတယ်"တဲ့။ "ဒါပေမဲ့ဘျာ၊ အဲဒီ တောင်းပန်ချက်ဟာ အလွန်ကောင်းတဲ့ တောင်းပန်ချက်ပဲ" တဲ့ သူက။

"အဲဒီလောက်ကောင်းတဲ့ တောင်းပန်ချက်ကို မြတ်စွာဘုရား ပယ်ချ ပစ်လိုက်တယ်ဆိုတာကို ကြားဖူးရဲ့လား"လို့ ဘုန်းကြီးက ထပ်မေးတော့ သူက "မသိဘူး"တဲ့။

"အဲဒါ မသိလို့ရှိရင် ဟောဒီ "ဓမ္မကိတ္တိဝိဟာရမှာ ပိဋကတ်သုံးပုံ ရှိတယ်။ ဘုန်းကြီးတို့ တည်းခိုတာက ဓမ္မကိတ္တိဝိဟာရမှာ တည်းခိုတယ်။ ဒီဓမ္မကိတ္တိဝိဟာရမှာ နီပေါသီလရှင် ဒေါ်သုဓမ္မဝတီဆိုတာ ရှိပါတယ်။ ဒေါ်သုဓမ္မဝတီထံမှ အဲဒီပိဋကတ်စာအုပ်ကို ဖွင့်ပြီးတော့ ဖတ်ကြည့်ပါ။ မဖတ် တတ်ရင်လည်း သူ့ကို ဖတ်ခိုင်း၊ အဓိပ္ပာယ်ကို ပြောပြလိမ့်မယ်။"

"ဒေဝဒတ်တောင်းပန်ခဲ့တဲ့ သက်သတ်လွတ်ဝါဒကို မြတ်စွာဘုရား ပယ်ချလိုက်တယ်ဆိုတဲ့အကြောင်းကို စူဠဝဂ္ဂပါဠိတော်မှာ ရှိပါတယ်။

"ဒကာကြီး၊ မြတ်ဗုဒ္ဓ အသားစားတယ်ဆိုတာကို တထစ်ချသာ မှတ်ထားစမ်းပါ။ ဒါပေမဲ့ စားတာက စနစ်နဲ့စားတာ။"

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ဘုရားရှင်ကို ပရိနိဗ္ဗာန်စံခါနီး စုန္ဒရွှေပန်းထိမ်သည် ကပ်တာ ဝက်သားပဲ" လို့ ပြောလိုက်တော့ သူက "ဝက်သားမဟုတ်ဘူး၊ ဝက်တွေသွားတဲ့လမ်းမှာ ပေါက်တဲ့မှို"တဲ့။

## တစ်ကမ္ဘာလုံးက ငြင်းနေတဲ့ စာတစ်ပုဒ်

"သူကရမဒ္ဒဝပုဒ်ကို "နူးညံ့တဲ့ ဝက်ပျို့သား"လို့ ဘာသာပြန်ရမလား။ ဒါမှမဟုတ် "မှို"လို့ ဘာသာပြန်ရမလား" ဆိုတာကို တစ်ကမ္ဘာလုံးက ငြင်းနေကြတယ်။

"အဲဒီ 'သူကရမဒ္ဒဝ' သည် တစ်ကမ္ဘာလုံးက ငြင်းနေကြတဲ့ပါဠိပုဒ်။

"အထခေါ စုန္ဒော ကမ္မာရ ပုတ္တော တဿရတ္တိယာ အစ္စယေန သကေ နိဝေသနေ ပဏီတံ၊ ခါဒနီယံ ဘောဇနီယံ ပဋိယာဒါပေတွာ ပဟူတဉ္စ သူကရမဒ္ဒဝံ။ (သုတ်မဟာဝါ)

"သူတို့က "သူကရဆိုတာက ဝက်၊ မဒ္ဒဝဆိုတာက နင်းတယ်ဆိုတဲ့ အဓိပ္ပါယ်ကိုယူတယ်။ ဒီတော့ ဝက်နင်းတဲ့မြေကြီးမှာ ပေါက်တဲ့ 'မှို' ပဲတဲ့။

"အဲဒီပုဒ်ကို ဘုန်းကြီးက ဆက်ပြီးတော့ မငြင်းတော့ဘူး။ ဒီပုဒ်က တစ်ကမ္ဘာလုံး ငြင်းနေကြတာ။"

"ကောင်းပြီ ဒကာကြီး၊ 'သူကရမဒ္ဒဝ' ကို ဝက်သားလို့ လက်မခံဘူး။ ဝက်နင်းတဲ့နေရာမှာ ပေါက်တဲ့မှိုလို့ဆိုရင် ထားပါတော့။ အဲဒါကို မငြင်းလိုပါဘူး။"

"နောက်တစ်ခု ပြောမယ်။ ဥဂ္ဂသူကြွယ်ကြီးက မြတ်စွာဘုရားကို ဆွမ်းကပ်တဲ့အကြောင်းကို ဖော်ပြတဲ့ 'ဥဂ္ဂသုတ္တန်' ဆိုတာရှိတယ်။ ဒကာကြီး ဖတ်ဖူးရဲ့လား"။

"သူဗဟုသုတနည်းတာတွေကိုပေါ်အောင်လို့ ဘုန်းကြီးက လူကြားထဲ အဲဒါတွေကိုချည်း မေးတာပဲ။

"ဖတ်ဖူးရဲ့လား" မေးတော့

www.burmeseclassic.com

www.burmeseclassic.com



"မဖတ်ဖူးဘူး" တဲ့။

"မဖတ်ဘူးရင် ပြောပြမယ်။ ဥဂ္ဂသေနသူကြွယ်ကြီး ဘုရားဆွမ်းကပ်တုန်းက လျှောက်တယ်။

"ပိယံ မေ ဘန္တေ မနာပံ သမ္ပန္နကောလကံ သူကရမံသံ (သူကရ= ဝက်၊ မံသ=အသား)။

"ဆီးသီးနဲ့ချက်ထားတဲ့ ဝက်သားဟင်းကို တပည့်တော်အား ချိုမြှောက်သောအားဖြင့် မြတ်စွာဘုရားလက်ခံတော်မူပါ။ "အဲဒီလို ဥဂ္ဂသေနက လျှောက်တယ်။ ဘုရားကလည်း လက်ခံတော်မူတယ်။

## တမင်လုပ်ကြံရေးထားသည့် သုတ္တန်

"အဲဒါကို ဒကာကြီး ငြင်းချင်သေးလား" ဆိုတော့ "ဒီသုတ္တန်ဟာ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်က တမင်ရေးထည့်ထားတဲ့ သုတ္တန်ဖြစ်မှာပေါ့" တဲ့။

"အဲဒီလို ပြောလိုက်တော့ ဘုန်းကြီးနည်းနည်း စိတ်ဆိုးချင်လာတယ်။ စိတ်ဆိုးချင်ပေမယ့် အောင့်ထားရတယ်။ စိတ်ဆိုးရင် ရှုံးမှာကိုး။

"ပိဋကတ်သုံးပုံကို အပြည့်အစုံယုံတဲ့ သဒ္ဓါတရား၊ ဓမ္မရတနာကို ယုံကြည်တဲ့စိတ်ဓါတ်ဟာ ဟောဒီမြန်မာပြည်က ဗုဒ္ဓဘာသာသူတော်စင်တွေမှာ အပြည့်အဝရှိတယ်။

"ဟိုဒကာကြီး ပြောလိုက်ပုံက "ဒီသုတ္တန်ဟာ လုပ်ကြံပြီးတော့ ရေးထားတဲ့သုတ္တန်" ဆိုတော့ မိစ္ဆာဝါဒ မှားယွင်းတဲ့အယူအဆဟာ သူ့နှလုံးသားထဲရောက်နေတယ်။

"ဟိုလူ ဒီလူ ရေးထည့်ထားတာတွေဆိုတော့ 'ဓမ္မ သရဏံ ဂစ္ဆာမိ' ဟာ အဲဒီကစပြီးတော့ အားနည်းနေတယ်။"

"အားနည်းနေတော့ ရတနာသုံးပါးရဲ့ ဂုဏ်သတ္တိ (တစ်နည်း)ရတနာသုံးပါးရဲ့ဂုဏ်ရည်ကို ယုံကြည်တဲ့သဒ္ဓါသည် သူ့မှာ အပြည့်အဝမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဘုရား ကိုးကွယ်တယ်။ တရား ကိုးကွယ်တယ်။ သံဃာ ကိုးကွယ်တယ်ဆိုပေမယ့် အပြည့်အစုံ လက်ခံပြီးတော့ ကိုးကွယ်ကြတာမျိုး မဟုတ်ဘူး။

"တချို့တဝက်သာ လက်ခံပြီးတော့ တချို့တဝက်ကို လက်မခံဘဲနဲ့ ကိုးကွယ်နေတဲ့ ဗုဒ္ဓဘာသာဝင်တွေဟာ "မြန်မာပြည်ရဲ့ အပြင်ဘက်မှာ အလွန်များတာပဲ" လို့ သဘောပေါက်လိုက်တယ်။

## မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ပါနဲ့

"အဲဒီနောက် ဘုန်းကြီးက ဆက်ပြောလိုက်တယ်။ "ဒကာကြီး မြတ်ဗုဒ္ဓက သူ့အသက်မသတ်ဖို့ အမြဲတမ်းဟောပါတယ်။ မညှဉ်းဆဲဖို့ အမြဲတမ်းဟောပါတယ်။ မေတ္တာပွားဖို့ အမြဲတမ်းဟောပါတယ်။

"ဗုဒ္ဓသားတော်၊ သမီးတော်တွေကို သတ္တဝါတို့ရဲ့အသက်ကို မသတ်ရဘူးဆိုတဲ့ သိက္ခာပုဒ်တွေ တားမြစ်ထားတယ်။"

"ဒါပေမဲ့ အစွန်း ၃–ပါးလည်း လွတ်မယ်။ ၁၀–မျိုးသော အသားမှလည်း လွတ်မယ်။ တရားသဘောကိုဆင်ခြင်ပြီးတော့ စားမယ်ဆိုရင် အပ်စပ်ပါတယ်။

"ဒါပေမဲ့ ဘယ်အသားမဆို ကိုယ်တိုင်သတ်စားတာတော့ ဘုရားရှင်က လုံးဝခွင့်မပြုဘူး။

"အဲဒီလို ပြောပြီးတော့မှ "ဒကာကြီး အစားအစာနဲ့ မေတ္တာကို သတ်မှတ်ခြင်းသည် မပြည့်စုံပါဘူး။ မေတ္တာတရားကို ဒေါသငြိမ်းတာ မငြိမ်းတာနဲ့ သတ်မှတ်ရတယ်။ အသီးအရွက်တွေကိုစားပြီး ဒေါသကြီးပြီးနေရင် အဲဒီလူကြီးကို 'မေတ္တာရှင်' လို့ သတ်မှတ်လို့ ဘယ်ရမလဲ။"

"အသားစားချင်လည်း စားပေါ့၊ ငါးစားချင်လည်း စားပေါ့၊ အသက်သတ်လွတ် စားချင်လည်းစားပေါ့။ ဒေါသငြိမ်းအောင် ပယ်နိုင်တဲ့ ပုဂ္ဂိုလ်သည် 'မေတ္တာရှင်' ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒကာကြီး၊ ဘာပြောချင်သေးတုံး"လို့ ဘုန်းကြီးက မေးလိုက်တယ်။ သူက 'မပြောတော့ပါဘူး' ဆိုပြီးတော့ ရပ်သွားတယ်။

"မပြောနိုင်လို့ ရပ်သွားတာ၊ ကျေနပ်လို့ရပ်သွားတာ မဟုတ်ဘူး။ စိတ်ကတော့ ဆိုးမြဲဆိုးမြဲပဲ။ မျက်နှာကြီးနီနေတယ်။ အခမ်းအနားပြီးသွားတဲ့ အခါကျတော့ ဘုန်းကြီးက သူ့ဆီကို ထသွားတယ်။

"ထသွားပြီးတော့ လက်ဆွဲလိုက်တယ်။ "ဒကာကြီး၊ ထစမ်းပါဦး" ဆိုပြီး လက်ဆွဲတော့ သူမတ်တတ်ကလေး ထလာတယ်။

"ဘုန်းကြီးပြောတာတွေ အကုန်လုံး ဒကာကြီး ကျေကျေနပ်နပ် လက်ခံရဲ့လား" လို့ ဘုန်းကြီးက မေးကြည့်သေးတယ်။

"အရှင်ဘုရားပြောတာတွေကို တပည့်တော် ဘာမှမငြင်းပါဘူး ဘုရား" တဲ့။ လက်ခံတယ်လို့တော့ မပြောဘူး။

"ဒါပေမဲ့ အရှင်ဘုရားတို့ဟာ အသားတွေ စားစားပြီးတော့ သူ့အသက်မသတ်ဖို့ တရားဟောနေတာ၊ အဲဒါကိုတော့ တပည့်တော် မကြိုက်ဘူး" တဲ့။ သူက တွယ်လွတ်လိုက်သေးတာ။

"ဘုန်းကြီးက သူ့ကို 'ဒကာကြီးကို နည်းမျိုးစုံနဲ့ ဘုန်းကြီးပြောပြီး ပါပြီ။ မေတ္တာတရားကို အစားအစာနဲ့ မသတ်မှတ်ပါနဲ့လို့ ဆိုထားလျက် သားနဲ့ ဒကာကြီးက လက်မခံဘူး။

"လက်မခံလည်း မတတ်နိုင်ဘူး ဒကာကြီး။ အရွက်ပဲစားစား၊ အသီးပဲ စားစား၊ စားချင်တာစား၊ ဒါပေမဲ့ ဒေါသကိုတော့ နိုင်အောင်ထိန်းပါလို့' ပြောလိုက်ပါတယ်။

"အဲဒီ ည ၇–နာရီခွဲလောက်မှာ ဘုန်းကြီးတို့ရဲ့ အခမ်းအနားပြီးသွား တယ်။"

သီတဂူဆရာတော်သည် အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသသို့ အကြိမ်ကြိမ် ကြွရောက်ခဲ့ဖူးသည်။ မြန်မာဘုရားဖူးများအား သံဝေဇနိယလေးဌာနကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်လံပြသ၍လည်း တရားများဟောခဲ့သည်။ ယင်းတို့ကို မြန်မာ့ရုပ်မြင်သံကြားကလည်း အထူးအစီအစဉ်ဖြင့် ပြသခဲ့သည်။

ယင်းသို့ သံဝေဇနိယဌာနများကို ဖူးမြော်စဉ် စိတ်ဝင်စားဖွယ်၊ သတိပြုဖွယ်၊ ဆင်ခြင်ဖွယ် အတွေ့အကြုံများကိုလည်း ဤသို့ဟောပြောခဲ့သည်။ စာပေဖြင့် မှတ်တမ်းတင်ခဲ့သည်။

## ဗုဒ္ဓဂယာမှ နိုင်ငံခြားသားများ

"ဗုဒ္ဓဂယာမှာ ဘုန်းကြီးတို့နေတဲ့ရက်အတွင်း ၂၀၀၄–ခု၊ ဇန်နဝါရီလမှာ ရောက်သွားတယ်။ ဇန်နဝါရီ၊ ဖေဖော်ဝါရီ ဒီနှစ်လဟာ ဥရောပနဲ့ အမေရိက၊ သြစတြေးလျကလူတွေ ဗုဒ္ဓဂယာကို အများဆုံးလာကြတယ်။

ဗောဓိပင်ပတ်လည်မှာ ဥရောပ၊ အမေရိကနဲ့ သြစတြေးလျကလူတွေဟာ လူပေါင်း ၂၀၀၀–ကျော်လောက်ရှိမယ်။ ဘုရားဖူးလာကြတယ်။ မြန်မာပြည်ကတော့ ၃၅–ယောက်တစ်ဖွဲ့၊ ၃၅–ယောက်တစ်ဖွဲ့ ဒီလိုလာကြတာ။ ဟိုကတော့ ထောင်နဲ့ချီပြီး လာကြတယ်။

"အဲဒီမှာ ဘုန်းကြီးက သြစတြေးလျက လူတစ်ယောက်ကို မေးကြည့်တယ်။ "မင်းတို့ ဗုဒ္ဓဂယာရောက်တာ ဘယ်လောက်ရှိပြီလဲဆိုတော့ နှစ်လရှိပြီတဲ့။

"မြန်မာပြည်ကိုကော ရောက်ရဲ့လားလို့ မေးကြည့်တယ်။ မြန်မာပြည်ကို သွားတော့သွားချင်တယ်။ ဗီဇာ ၇–ရက်တည်းပေးတော့ ကျုပ်ဘာမှ မလုံလောက်ဘူးတဲ့။ ဒါကြောင့် ဒီဗောဓိပင်နားမှာပဲ ကျုပ်တို့ အချိန်ဖြုန်းတာပဲလို့ ပြောတယ်။ ပြောတာက သြစတြေးလျ အဘိုးကြီးတစ်ယောက်ပဲ။

## မြန်မာစာပတ်ချင်သော ဂျာမန်အမျိုးသမီး

"အဲဒီမှာပဲ ဂျာမန်အဘွားကြီးတစ်ယောက်ကိုလည်း တွေ့ရသေးတယ်။ ထိုအဘွားကြီးကတော့ မြန်မာပြည်မှာ ၇–ရက်တည်းနေရပေမဲ့ ၇–

www.burmeseclassic.com

www.burmeseclassic.com





ဗုဒ္ဓဂါယာသို့ သီတဂူဆရာတော် ရောက်ရှိစဉ်။

ရက်တည်းနဲ့ မြန်မာပြည်မှာနဲ့အောင် နေ့ရောညပါ ပြေးလွှားလည်ပတ်ပြီး တော့ ပြန်သွားတယ်။

"ဘယ်ကို အဓိကထားပြီးတော့ သွားသလဲ" ဆိုတော့–

"မြန်မာပြည်မှာ နာမည်ကြီးတဲ့ ဆရာတော်ကြီးတွေကိုပဲ လျှောက်ဖူး ပြီးတော့ ပြန်သွားတာ၊ သူကတစ်မျိုး။ တန်ခိုးကြီးဘုရားတို့၊ ရှေးဟောင်းပုဂံ မြို့တော်တို့ ဒါတွေကို သူက အဓိကမထားဘူး။

"ပရိယတ္တိ ဘယ်လောက်တော်သလဲ၊ ပဋိပတ္တိ ဘယ်လောက်တော် သလဲ၊ ပရိယတ်နဲ့ ပဋိပတ် ဘယ်ဆရာတော် ဘယ်လောက်တော်သလဲဆိုတာ ကို မြန်မာပြည်မှာ စုံစမ်းပြီးတော့ အကုန်လျှောက်ဖူးပြီး သူကပြန်သွားတာ။ မိုးညှင်းလည်း ရောက်တာပဲ၊ တောင်ပုလုလည်း ရောက်တာပဲ။

"ရန်ကုန်က မဟာစည်ဆရာတော်ဘုရားကြီးရဲ့ ရိပ်သာကိုတော့ အရောက်များတယ်။ စွန်းလွန်းရိပ်သာလည်း အရောက်များတယ်။ တော်တော် စုံစုံရောက်တယ်။

"ဓမ္မာစရိယ ဦးဌေးလှိုင်ရေးတဲ့ "ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူးများ" ဆိုတဲ့ စာအုပ်ကြီးလည်း သူကပိုက်ထားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မြန်မာစကား တတ်သလားလို့မေးတော့ မြန်မာလို မတောက်တခေါက်လေး ပြောတတ်တယ်တဲ့။

"မြန်မာစာတတ်သလားလို့ မေးကြည့်တော့ မတတ်သေးဘူးတဲ့။

"ဗျည်း ၃၃–လုံးနဲ့ သင်ပုန်းကြီးကိုတော့ သူတစ်ခေါက် ဖတ်ပြီးပြီလို့ ပြောတယ်။

"မြန်မာစာတတ်တော့ ခင်ဗျားဘာလုပ်မှာတုံးလို့ ဘုန်းကြီးက မေးကြည့်တယ်။ သူက ဒီလိုအဖိုးတန်တဲ့စာအုပ်တွေ ဖတ်ချင်လို့တဲ့။

"အဲဒီမှာ ထိုအဘွားကြီးက တစ်ဆက်တည်းပြောတယ်။ အရှင်ဘုရားတို့ မြန်မာပြည်က ရတနာတွေပြည့်တဲ့ တိုင်းပြည်တဲ့"။ မိုးကုတ်ရောက်ခဲ့လို့လားလို့ ဘုန်းကြီး ချော်မေးလိုက်တယ်။ ဘာကြောင့် ရတနာတွေပြည့်နေတဲ့တိုင်းပြည်လို့ ပြောသလဲ။

"မိုးကုတ်ကို မရောက်ပါဘူး။ ဒါပေမဲ့ မိုးကုတ်ဝိပဿနာကျမ်းစာအုပ်တွေကို သူဖတ်ဖူးပါတယ်။ မိုးကုတ်ဆရာတော်ဘုရားကြီးကိုတော့ မဖူးဘူးပါဘူး။ ဆရာတော်ကြီးဟောတဲ့ တရားတိပ်ခွေတွေကို ယူခဲ့ပါတယ်။ မြန်မာလိုကောင်းကောင်းတတ်တဲ့အခါကျရင် နားထောင်မယ်။ တရားတိပ်ခွေတွေ ယူသွားပါမယ်တဲ့။

"မိုးကုတ်ဆရာတော်ဘုရားကြီးရဲ့ ရုပ်တုကိုလည်း ဓာတ်ပုံရိုက်ယူလာပါတယ်။ စွန်းလွန်းဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ ညောင်လွန့်ဆရာတော်ကြီးတို့ သီတင်းသုံးတဲ့နေရာများကိုလည်း ရောက်ခဲ့တယ်လို့ သူကပြောတယ်။

"အဲဒီလို ပရိယတ္တိ၊ ပဋိပတ္တိစွယ်စုံတော်တဲ့ ဆရာတော်ကြီးတွေ မြန်မာပြည်မှာ၊ ကျေးလက်တောရွာတွေမှာ အများကြီးပဲ။ မြို့သိမ်၊ မြို့ငယ်လေးတွေမှာလည်း အများကြီးရှိပါတယ်။ တောရတွေမှာ ပိုပြီးရှိတယ်လို့ ဘုန်းကြီးက ပြန်ပြောတယ်။ သူက "အဲဒီလောက် ပရိယတ်လည်းတော်၊

www.burmeseclassic.com

www.burmeseclassic.com



ပဋိပတ်လည်းတော်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တွေလည်း ပေါက်ရောက်ပြီးတော့ တရားတကယ်သိနေတဲ့ ပုဂ္ဂိုလ်ထူးတွေဟာ မြန်မာပြည်မှာ အများကြီးရှိတယ်။

"ဒါကြောင့် မြန်မာပြည်ဟာ ရတနာအပြည့်ရှိတဲ့ တိုင်းပြည်လို့ တပည့်တော်ပြောချင်ပါတယ်" တဲ့။

"ဘုန်းကြီး စဉ်းစားမိတယ်။ "တို့မြန်မာပြည်ကို သူတို့က ဒီလိုမြင်တာ၊ တို့မြန်မာလူမျိုးတွေကတော့ တို့မြန်မာပြည်ကို အလွန်မွဲတဲ့ တိုင်းပြည်လို့ မြင်နေတယ်၊ ပြောင်းပြန်ဖြစ်နေတယ်။"

မြန်မာတွေမြင်ပုံကတော့ တစ်မျိုးကြီးပဲ။ "မြန်မာပြည်ဟာ ဆင်းရဲတယ်၊ မွဲတယ်၊ အောက်တန်းကျတယ်၊ ဘာမှဟန်မကျဘူး၊ ခေတ်နောက်ကျနေပြီ"လို့ ပြောကြတယ်။

"ခုနက အဘွားကြီးပြောသွားတာကတော့ "မြန်မာပြည်သည် ရတနာပြည့်တဲ့တိုင်းပြည်" တဲ့။

## ဥုံ–မဏိပဒ္မေ ဟုံ

သီတဂူဆရာတော်သည် ဗုဒ္ဓဂယာ၌ ဘုရားဖူးစဉ် တစ်ကြိမ်တွင် "ဥုံ မဏိပဒ္မေ ဟုံ" ဂါထာကို တိဘက်ဘုန်းတော်ကြီးတစ်ပါး ရွတ်ဆိုနေသည်ကို ကိုယ်တိုင်ကြားခဲ့ရသည်။ ထိုအကြောင်းနှင့်ပတ်သက်၍ တရားဟောပြောသည်မှာ ထေရဝါဒဗုဒ္ဓဘာသာဝင်များအဖို့ မှတ်သားဖွယ်ဖြစ်သည်။

လွန်ခဲ့သော အနှစ်–၃၀ကျော်လောက်က "ဥုံ မဏိပဒ္မေ ဟုံ"မန္တန်သည် မြန်မာပြည်တွင်လည်း ခေတ်စားခဲ့သည်။ မည်သူဆောင်ကျဉ်းလာ၍ မည်သို့ ဖြစ်သည်မသိ။ ယင်းမန္တန်ကို အချို့က အားကိုးတကြီးဖြင့် ရွတ်ဆိုကြသည်။ လက်ဖက်ရည်ဆိုင်များ၌ စာရွက်ပေါ်များတွင်ရေး၍ ကပ်ထားကြသည်။ မြတ်မင်္ဂလာစာဖတ် ပရိသတ်အချို့ကလည်း ကိုယ်တွေ့ဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com



များရေး၍ ပေးပို့ကြသည်။ ဤတွင် စာရေးသူတို့ မြတ်မင်္ဂလာစာစောင်က နှစ်ကြိမ်၊ သုံးကြိမ်ခန့် ဖော်ပြခဲ့သည်။

နောင်အခါမှ ထေရဝါဒနှင့်မကိုက်ညီကြောင်း သိရှိပြီး ရပ်နားခဲ့သည်။ ယခု သီတဂူဆရာတော် မိန့်ဆိုချက်ကို သိရသောအခါ အဖြစ်မှန်ကို သိရှိခဲ့ရသည်။

တစ်နေ့တွင် သီတဂူဆရာတော်သည် ဗုဒ္ဓဂယာရှိ ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ်က အဘိဓမ္မာဒေသနာတော်ကို သုံးသပ်လျက် ခုနစ်ရက်စံတော်မူခဲ့သော စတုတ္ထသတ္တာဟ အထိမ်းအမှတ်နေရာ အုတ်တိုက်ကလေး (ရတနာဃရစေတီအိမ်တော်)သို့ သွားသည်။ ပဋ္ဌာန်း ၂၄–ပစ္စည်းကို ထိုနေရာမှနေ၍ ရွတ်ဖတ်ပူဇော်ရန် ဖြစ်သည်။ ဤတွင် ထိုအုတ်တိုက်ကလေးထဲ၌ တိဘက်ဘုန်းတော်ကြီးတစ်ပါး "ဥုံ မဏိပဒ္မေ ဟုံ" မန္တန်ကို ရွတ်ဆိုနေသည်ကို တွေ့ရသည်။ ထိုအတွေ့အကြုံကို အောက်ပါအတိုင်း ဆရာတော် ပြန်လည်ပြောကြားတော်မူခဲ့သည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။

"ရတနာဃရစေတီအိမ်တော်ထဲကို ဘုန်းကြီးဝင်သွားတော့ တိဘက်ကိုယ်တော်ကြီးတစ်ပါးကို တွေ့ရတယ်။ သူ့တစ်ကိုယ်လုံး နံနေတာပဲ။ အခြားကြောင့် မဟုတ်ဘူး။ ချမ်းလွန်းလို့ ရေမချိုးတာရယ်။ မုန်ညင်းဆီတစ်ကိုယ်လုံး လိမ်းထားတာရယ်။ အဝတ်တွေက အထူကြီးထပ်ပြီးတော့ ဝတ်ထားတာရယ်။ အဲဒီအကြောင်းသုံးပါးကြောင့် ဒီကိုယ်တော်ကြီး နံနေတာလို့ ဘုန်းကြီးက သတိပြုမိတယ်။

"နံပေမယ့် သူရွတ်တဲ့ မန္တန်ကိုရချင်တာနဲ့ အနားကပ်ပြီးတော့ နားစွင့်လိုက်တော့မှ မန္တန်ရဲ့အသံကို ဘုန်းကြီးရလိုက်ပါတယ်။

"ဥုံ မဏိပဒ္မေ ဟုံ" တဲ့။

"အဲ့ဒါ တိဘက်ဘုန်းကြီးက ရွတ်နေတဲ့မန္တန်ကို ထပ်ခါထပ်ခါ ရွတ်ပြီးတော့ လက်ထဲက သတ္တုဘူးကလေးကို ရမ်းပြီးတော့ သူကလှုပ်နေတယ်။ ဘုန်းကြီးက သူ့မန္တန်တော့ရပြီဆိုပြီး ဒိုင်ယာရီထဲ ရေးမှတ်ထားလိုက်တယ်

www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားပြီးတော့ ဘုန်းကြီးကလည်း ဒီရတနာဃရဗွေအိမ်ထဲမှာ ဘုရားရှင်ကိုယ်တော်မြတ်ကို ပဋ္ဌာန်းဒေသနာ ပူဇော်ချင်တာ။ ဒီကိုယ်တော်ကြီးက ပြီးလည်းမပြီးနိုင်ဘူး။ သူဘယ်တော့ပြီးမလဲလို့ စောင့်နေတာ မပြီးဘူး။

"မပြီးလည်း နေတော့ကွာ၊ ငါလည်း တစ်ထောင့်ကထိုင်၊ မင်းလည်း တစ်ထောင့်ကထိုင်ဆိုပြီး ၁၂–တောင်လောက်အကျယ်ရှိတဲ့တိုက်ကလေး ထဲမှာ ဘုန်းကြီးလည်း ထောင့်တစ်နေရာက ဝင်ထိုင်တယ်။ ပြီးတော့ ဘုရားကိုယ်တော်မြတ်ကို အားပါးတရ ရှိခိုးပူဇော်ကန်တော့ပြီး ပဋ္ဌာန်းဒေသနာကို ရွတ်ပါတယ်။

"ဟေတုပစ္စယော၊ အာရမ္မဏပစ္စယော စသည်ဖြင့် ရွတ်တယ်။ လွန်လေပြီးတဲ့ နှစ်ပေါင်း ၂၅၀၀–ကျော်တုန်းက ဘုရားရှင်ကိုယ်တော်မြတ် ဤနေရာမှာ ထိုင်နေပြီးတော့ ပဋ္ဌာန်းဒေသနာကို ဒီလိုဆင်ခြင်သုံးသပ်တော်မူခဲ့လို့ ရောင်ခြည်တော် ၆–ပါး ကွန့်မြူးတော်မူခဲ့ပါတယ်။ အာရုံယူပြီးတော့ ဘုန်းကြီးက ပဋ္ဌာန်းကို ခပ်တိုးတိုးရွတ်နေတာ။

"ဟိုဘက်က ကိုယ်တော်ကြီးရွတ်နေတဲ့ "ဥုံ မဏိပဒ္မေ ဟုံ" က နားထဲဝင်လာတယ်။ ကိုယ်ရွတ်နေတဲ့ ပဋ္ဌာန်းပျောက်ပျောက်သွားတယ်။ ခက်တော့တာပဲ။ 'ဥုံ မဏိပဒ္မေ ဟုံ" အသံက ကျယ်ကျယ်၊ ကျယ်ကျယ်လာ၊ ကိုယ့်ပဋ္ဌာန်းကပျောက်သွား။

"ငါတော့ သူ့ကိုနိုင်အောင်လုပ်မှ ဖြစ်မယ်ဆိုပြီးတော့ ယခု ပလ္လင်ပေါ်ကရွတ်သလိုပေါ့။ အသံကို ခပ်ကျယ်ကျယ်ထုတ်ပြီးတော့ ဘုန်းကြီးက တအားအော်တော့တာ။

"ဟေတုပစ္စယောတိ၊ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

တိုက်ကလေးထဲမှာ သူက"ဥုံ မဏိပဒ္မေ ဟုံ"၊ ဒီဘက်က ဘုန်းကြီးက ပစ္စယော၊ ပစ္စယောနဲ့ တအားကြီးချနေတော့ သူစိတ်ပျက်သွားတယ်

www.burmeseclassic.com

www.burmeseclassic.com



ထင်တယ်။ လက်ထဲက ခုနက အုန်းမှုတ်ခွက်လိုဟာလေး အသာချ။ တင်ပျဉ်ခွေထိုင်ပြီးတော့ ဘုန်းကြီးကို ကြည့်နေတယ်။

## "ဥုံ မဏိပဒ္မေ ဟုံ" အဓိပ္ပာယ်

"သူ ဥုံ မဏိပဒ္မေ ဟုံ" ကို မရွတ်တော့ဘူး။ ထိုင်ကြည့်နေတယ်။ အဲဒီတော့မှ ဘုန်းကြီးက ပဋ္ဌာန်းပစ္စယနိဒ္ဒေသကို အားပါးတရ ရွတ်ဆိုပြီး ဘုရားကို ပူဇော်တယ်။ ပြီးမှထပြီးတော့ သူ့ကို နှုတ်ဆက်တယ်။

"ကိုယ်တော် ဘယ်တိုင်းပြည်ကလာသလဲလို့ အင်္ဂလိပ်လို မေးကြည့်တော့ သူပြန်မပြောဘူး။ သူက အင်္ဂလိပ်လိုမတတ်ဘူး။ ဘုန်းကြီးကလည်း တိဘက်စကားမတတ်ဘူး။ တစ်ခါ ဘုန်းကြီး ပါဠိလိုမေးကြည့်တော့လည်း မရဘူး။

ရတနာဃရရွှေအိမ်မှ ထွက်လာခဲ့ပြီးတော့ တည်းခိုတဲ့ကျောင်းရောက်တဲ့အခါ နီပေါဘုန်းကြီးတစ်ပါးကို ဘုန်းကြီးက မေးကြည့်တယ်။

"အရှင်ဘုရား၊ တပည့်တော် တိဘက်ကိုယ်တော်ကြီးဆီက မန္တန်တစ်ခုရခဲ့တယ်။ အဲဒီမန္တန်ရဲ့ အဓိပ္ပာယ်ကို ပြောပြစမ်းပါ" ဆိုတော့ သူကပြောပြတယ်။

"ဥုံ မဏိပဒ္မေ ဟုံ" ဆိုတာ အခြားမဟုတ်ပါဘူး။ မဏိဆိုတာ အရှင်ဘုရားတို့ သိပါတယ်။ ပတ္တမြားမြေကြီးကထွက်တဲ့ ကျောက်မျက်ရတနာအားလုံးတို့တွင် ပတ္တမြားဆိုတဲ့ ကျောက်မျက်ရတနာဟာ သူတို့ တိဘက်တိုင်းပြည်မှာတော့ "အမြတ်ဆုံးရတနာပဲ" တဲ့။

"မြေကြီးထဲကထွက်တဲ့ ကျောက်အားလုံးတို့တွင် ပတ္တမြားဆိုသောကျောက်သည် အမြတ်ဆုံးဖြစ်သလိုပဲ လူသားထဲက ပေါက်ဖွားလာတဲ့ ဗုဒ္ဓဟာလည်းပဲ လူသားတကာ လူသားတို့တွင် အမြတ်ဆုံးလူသားပဲ။ အဲဒါကြောင့် "မဏိ" ဆိုတာ မြတ်ဗုဒ္ဓကို တင်စားပြောတာတဲ့။ အလွန် လျှို့ဝှက်တဲ့ဂါထာ။

www.burmeseclassic.com

www.burmeseclassic.com



"ပဒ္ဓေဆိုတာ ပဒုမ္မာကြာ၊ "ပဒုမ"ကို သူတို့က ပီပီမရွတ်ဖူးတဲ့။ ပဒ္ဓေလို့ ရွတ်တယ်တဲ့။ "ဟုံ"ဆိုတာက "ဖြစ်လာတယ်ဆိုတဲ့ အဓိပ္ပာယ်" တဲ့။ ပဒ္ဓေ–ပဒုမ္မာ ကြာထဲကနေ ဟုံ–ဖြစ်လာတယ်။

"ပတ္တမြားရတနာနှင့်တူသော ဗုဒ္ဓကိုယ်တော်သည် ပဒုမ္မာကြာပွင့်ကြီးထဲက ဖြစ်ထွန်းပေါ်ပေါက်လာပါတယ်။ မယ်တော်မာယာက ဖွားတာ မဟုတ်ပါဘူး။ သူတို့က ပဒုမ္မာကြာထဲက ပေါ်ပေါက်လာပါတယ်တဲ့။

"ပတ္တမြားရတနာနှင့်တူသော ဗုဒ္ဓကိုယ်တော်သည် ပဒုမ္မာကြာပွင့်ကြီးထဲက ဖြစ်ထွန်းပေါ်ပေါက်လာသလိုပဲ အကျွန်ုပ်ရဲ့နှလုံးအိမ်မှာလည်းပဲ ဗောဓိဉာဏ်သည် ဖြစ်ထွန်းပါစေ"။ "အဲဒီအဓိပ္ပာယ်ကိုဆောင်တဲ့ မန္တန်ပါပဲ" တဲ့။

"အဲဒီ မန္တန်ရွတ်ပြီးတော့ ဗောဓိဓာတ်ယူတာ။ သူတို့က ဗောဓိဉာဏ်ရဖို့ရန် သူတို့က မန္တန်ရွတ်တာ" တဲ့။

"မန္တန်ရွတ်လို့ ဗောဓိဉာဏ်ရမယ်တဲ့လား။ စဉ်းစားကြည့်။ သဘာဝ မကျဘူး။

"ဗောဓိဉာဏ်ရအောင် ဘာလုပ်ရမလဲ။ ဗုဒ္ဓရဲ့အကျင့်ကို ကျင့်ပေါ့။ မဂ္ဂင်ရှစ်ပါး၊ သိက္ခာသုံးပါးကျင့်ပေါ့။

သိက္ခာသုံးပါး အကျင့်တရားကို ဘေးဖယ်ထားပြီးတော့ အဲဒီတိဘက်ကိုယ်တော်ကြီးက ဗောဓိဉာဏ်ကို မန္တန်နဲ့ယူတယ်တဲ့။ ဘာမှအဓိပ္ပာယ်မရှိဘူး" ဟူ၍ မိန့်တော်မူခဲ့သည်။

## ဓာတ်နိမ့်၊ ဓာတ်မြင့်

ဤစာရေးသူသည် အိန္ဒိယနိုင်ငံသို့ ၃–ကြိမ်ရောက်ဖူးသည်။ ၁၉၇၂–ခုနှစ်တွင် အစိုးရတာဝန်ဖြင့် ရောက်ခဲ့သည်။ ၁၉၈၆–ခုနှစ်နှင့် ၁၉၉၀–ပြည့်နှစ်တို့တွင် ကမ္ဘာ့ဒါန်းဆရာကြီး ဦးဂိုအင်ကာ၏ ဓမ္မဂီရိအဖွဲ့က ဖိတ်ကြားချက်အရ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

ထိုသို့ ၃–ကြိမ်ရောက်ရှိစဉ် အိန္ဒိယ၌ ဓာတ်နိမ့်၊ ဓာတ်မြင့်ခွဲခြားမှုတို့ နေရာများစွာတွင် ရှိနေသည်ကို တွေ့ရသည်။ ဥပမာ–ကာလကတ္တားမြို့မှ

www.burmeseclassic.com

www.burmeseclassic.com



ဘုံဘေမြို့သို့သွားရာတွင် ရထားဆိုက်ရာမြို့များမှ လက်ဖက်ရည်များ တက်ရောင်းသည်ကို တွေ့ရသည်။ ထိုသို့ တက်ရောင်းရာ၌ လက်ဖက်ရည်ကို မြေခွက်နှင့်ထည့်၍ ရောင်းကြသည်။ ဝယ်ယူသောက်ပြီးနောက် မြေခွက်ကို စွန့်ပစ်ခြင်း၊ သို့မဟုတ် ရိုက်ခွဲခြင်းပြုကြသည်ကို တွေ့ရသည်။ ဇာတ်နိမ့်၊ ဇာတ်မြင့်အရ တစ်ယောက်သောက်သုံးပြီးခွက်ကို အခြားတစ်ယောက်က မသောက်ကြသောကြောင့် ဖြစ်သည်။

ထို့ပြင် ရာဇဂြိုဟ်သို့ရောက်၍ မဟာပါသာဏလိုဏ်ဂူကို သွားရောက်ရာတွင် ထိုဂူခြေရင်းရှိ ရေပူစမ်း၌ ရေချိုးနေကြသည်ကို လေ့လာမိသည်။ ရေချိုးရာတွင် ဇာတ်မြင့်များက ကျောက်တောင်အထက်မှ ရေချိုးပြီး ထိုချိုးပြီးသားရေကျန်များကို ဇာတ်နိမ့်များက တောင်အောက်မှနေ၍ ချိုးကြရှာသည်ကို အံ့သြဖွယ်တွေ့ရှိရသည်။

ဤ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားမှုကြီးသည် အိန္ဒိယပြည်၌ ဗုဒ္ဓဘာသာ ကွယ်ခြင်း၏ အကြောင်းရင်းတစ်ရပ်ဖြစ်သည်ကို သီတဂူဆရာတော်က သုံးသပ်၍ တင်ပြထားသည်မှာ အလွန်ထိမိလှပေသည်။

## အိန္ဒိယပြည်မှာ ဗုဒ္ဓသာသနာ ဘာကြောင့်ကွယ်သလဲ

အိန္ဒိယတွင် သီတဂူဆရာတော် ရောက်ရှိစဉ် "အိန္ဒိယပြည်မှာ ဗုဒ္ဓဘာသာ ဘာကြောင့်ကွယ်သလဲ" ဟူ၍ နယူးဒေလီ အသံလွှင့်ဌာနက မေးခဲ့သည်။ ထိုအခါ ဆရာတော်က–

"အိန္ဒိယပြည်မှာ ဗုဒ္ဓသာသနာကွယ်သွားရတာဟာ ဘုန်းကြီးတို့ လေ့လာလို့ သိရသလောက်ပြောရရင် အခြေခံအကြောင်း ၃–ခုကို တွေ့ရပါတယ်။

(၁) ဇာတ်ဝါဒ အလွန်ပြင်းထန်ခြင်း (လူတန်းစားခွဲခြားမှု)

(၂) အတ္တဝါဒ အလွန်ပြင်းထန်ခြင်း (အစွဲကြီးမှု)

(၃) သဒ္ဓါတရား နည်းပါးခြင်းတို့ကြောင့် ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





**အိန္ဒိယသို့ရောက်ရှိစဉ်**
**သီတဂူဆရာတော်နှင့် လန်ချားသမားများအမှတ်တရ**

"ဇာတ်နိမ့်တယ်၊ ဇာတ်မြင့်တယ်။ အမျိုးယုတ်တယ်၊ အမျိုးမြတ်တယ်" ဆိုပြီးတော့ လူတန်းစားခွဲခြားတဲ့စနစ်ဟာ အိန္ဒိယမှာ အလွန်ပြင်းထန်တယ်။

"ဇာတ်နိမ့်တဲ့သူတစ်ဦးက ရေတစ်အိုးမှာ သောက်သွားလို့ရှိရင် ဇာတ်မြင့်တဲ့ပုဂ္ဂိုလ်က အဲဒီရေအိုးကို ခွဲပစ်တယ်။ အဲဒီရေအိုးမှာ သူမသောက်တော့ဘူး။

"ဇာတ်မြင့်ပုဂ္ဂိုလ်တို့ရဲ့နေရာကို ဇာတ်နိမ့်ပုဂ္ဂိုလ်တစ်ယောက် တက်လာရင် အဲဒီနေရာကို ရေဆေးပစ်တယ်။ ဝိဋ္ဋဗ္ဗာတို့ရဲ့ အတ္ထုပ္ပတ္တိနဲ့ သိနိုင်ပါတယ်။

"အဲဒီလို အတန်းအစားတွေက သိပ်ခွဲခြားလွန်းတဲ့အခါကျတော့ အနိမ့်ခံရတဲ့ ပုဂ္ဂိုလ်တွေနဲ့ ဇာတ်မြင့်ဆိုတဲ့ အဆင့်အတန်းမြင့်တဲ့ လူတန်းစားတွေဟာ ပဋိပက္ခ အမြဲတမ်းဖြစ်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အနတ္တာဖြင့် ဖျက်တော်မူ

"အဲဒီ ပဋိပက္ခတွေအကြားမှာ မြတ်စွာဘုရားက ပွင့်ပေါ်လာပြီးတော့ ဗာရာဏသီမြို့အနီး၊ မိဂဒါဝုန်တောမှာ အနတ္တဒေသနာကို ကြွေးကြော်ပြီး ဇာတ်ဝါဒကို တိုက်ဖျက်တော်မူခဲ့တယ်။

"ဘုရားရှင်ဟာ လုံးဝဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားခြင်းမရှိဘူး။ ဘုရားသာသနာတော်ထဲကို ဆင်းရဲတဲ့သူဝင်လာလည်း သူကျင့်ရမယ့် အကျင့်တရားဟာ သိက္ခာ ၃–ပါးပဲ။ စကြဝတေးမင်းကြီး ရဟန်းပြုရင်လည်း ကျင့်ရမယ့်တရားဟာ ဒီသိက္ခာ ၃–ပါးပဲ။ နူနာစွဲနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဘုရားသာသနာမှာ ဝင်လာရင်လည်း ကျင့်ရမယ့်တရားဟာ ဒီသိက္ခာ ၃–ပါးပဲ။ သိက္ခာ ၃–ပါးဆိုတာ သီလ၊ သမာဓိ၊ ပညာ ကျင့်စဉ် ၃–ပါးပဲ။

"ကျင့်စရာ ကွဲကွဲပြားပြားခြားနားမှုဆိုတာ မရှိဘူး။ ဘယ်လူမျိုးပဲဖြစ်ဖြစ် ဘုရားသာသနာဝင်လာလို့ရှိရင် ကျင့်စရာဟာ တစ်မျိုးတည်းသာလျှင် ရှိတယ်။ အဲဒါဟာ ဘုရားသာသနာတော်ရဲ့ ထူးခြားတဲ့အခွင့်အရေးကြီးတစ်ခုပဲ။ ပြည့်တန်ဆာအမျိုးသမီး ရဟန်းမိန်းမပြု၊ နိဗ္ဗာန်မြင်တော့လည်း ရှင်ဘုရင်ကြီးများနဲ့ သာကီဝင်မင်းသမီးကြီးများ မြင်သွားတဲ့ နိဗ္ဗာန်ပါပဲ။ ဘာမှမထူးခြားဘူး" ဟူ၍ ဇာတ်နိမ့်၊ ဇာတ်မြင့်ခွဲခြားမှုကို သုံးသပ်ဖြေကြားတော်မူခဲ့သည်။

## အတ္တဝါဒ ပြင်းထန်ခြင်း

ထို့နောက် ဆရာတော်က "အိန္ဒိယပြည်ကြီးမှာရှိတဲ့ လူထုကြီးဟာ အတ္တဝါဒီတွေ ဖြစ်နေတယ်။ အတ္တဝါဒက အမြစ်ပြုတ်အောင် မလွယ်ဘူး" ဟု မိန့်တော်မူသည်။


## အတ္တ၊ အနတ္တ

အတ္တအယူဝါဒ၊ အနတ္တအယူဝါဒတို့နှင့် ပတ်သက်၍ အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသကို ရန်ကုန်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com





မဟာဂန္ဓာရုံဆရာတော်ကြီးအရှင်ဇနကာဘိဝံသ ( ၁၉၀၀–၁၉၇၇)

(ကျောင်းအုပ်ကြီးဟောင်း)ဦးဖေမောင်တင်က ဖူးတွေ့၍ မေးမြန်းလျှောက်ထားသည်မှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ဆရာတော်ကြီး အရှင်ဇနကာဘိဝံသသည် သာသနာရေးလောကတွင် နေလိုလလို ထင်ရှားသောဆရာတော်ကြီးတစ်ပါး ဖြစ်သည်။ ပါမောက္ခ ဦးဖေမောင်တင်သည် အင်္ဂလိပ်ဘာသာလည်း အထူးကျွမ်းကျင်၍ ပါဠိဘာသာလည်း အထူးကျွမ်းကျင်တတ်မြောက်သည်။ ဆရာကြီး ဦးဖေမောင်တင်သည် ပါဠိဘာသာဖြင့်တည်ရှိသော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သူဖြစ်သည်။ ထိုအင်္ဂလိပ်ဘာသာဖြင့် ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ၁၉၂၃–ခုနှစ်၌ လန်ဒန်ပါဠိအသင်းကြီးကထုတ်ဝေခဲ့သည်။

ထို့ပြင် ဆရာကြီးဦးဖေမောင်တင်သည် အဋ္ဌသာလိနီကျမ်းကြီးကို အင်္ဂလိပ်ဘာသာဖြင့် ပြန်ဆိုခဲ့သည်။ ယင်းကို လန်ဒန်ပါဠိအသင်းကြီးကပင်ထုတ်ဝေခဲ့သည်။ သူသည် အလွန်ဉာဏ်ထက်မြက်သူ ဖြစ်သည်။ ၁၉၂၁–ခု

www.burmeseclassic.com

www.burmeseclassic.com



အသက် ၂၄–နှစ်အရွယ်မှာပင် ရန်ကုန်တက္ကသိုလ်၌ ပါဠိပါမောက္ခအဖြစ် ခန့်အပ်ခြင်းခံရသူ ဖြစ်သည်။ ဆရာကြီး ဦးဖေမောင်တင်သည် ၁၉၆၆–ခု၊ ဧပြီလထဲတွင် မန္တလေးသို့ ကိစ္စတစ်ခုဖြင့် သွားသည်။ ထိုသို့သွားစဉ် အမရပူရ မဟာဂန္ဓာရုံဆရာတော်ကြီးထံသို့ တကူးတကသွား၍ မေးမြန်းလျှောက်ထားခဲ့သည်။

"ဟို တစ်ချိန်တုန်းက အမေရိကန်ကို တပည့်တော်သွားပြီး တရားဟောရဖူးတယ်ဘုရား။ အဲဒီတုန်းက အမေရိကန်ပညာရှင်အချို့က အနတ္တအကြောင်းကို ဝိုင်းပြီးမေးကြတယ်၊ သူတို့ကျေနပ်လောက်အောင် တပည့်တော် မဖြေနိုင်ခဲ့ဘူးဘုရား။ အဲဒီကတည်းက အနတ္တအကြောင်းကို လေ့လာပြီး စိတ်ဝင်စားနေခဲ့တာ။

"မကြာခင်က အရှင်ဘုရားဟောထားတဲ့ တိပ်ခွေကို နာရတော့ တပည့်တော် ကျေနပ်တယ်ဘုရား။ အတော်အားရတယ်။ ဒါကြောင့် ကျယ်ကျယ်ပြန့်ပြန့်သိချင်လို့ အခုလိုလာခဲ့တာပဲဘုရား။"

ဤသို့ ဆရာကြီး ဦးဖေမောင်တင်က လျှောက်ထားသောအခါ ဆရာတော်ကြီးက "ဟုတ်ပါတယ် ဒကာကြီး၊ အနတ္တအကြောင်းအရာတွေက နက်လည်း နက်တယ်၊ ခက်လည်း ခက်တယ်။ သိမ်လည်း သိမ်မွေ့တယ်၊ ကျယ်လည်း ကျယ်တယ်။ သိလည်း သိနိုင်ခဲတယ်။

"အနတ္တအကြောင်းကို မပြောမီ အတ္တအကြောင်းကို ဦးစွာ ပထမ ပြောကြဦးစို့လား။ အတ္တသဘောကို ပထမရှင်းပြလိုက်ဦးမှ အနတ္တကိုပိုပြီး သဘောပေါက်လွယ်ပါလိမ့်မယ်။ အတ္တနဲ့ပတ်သက်လို့ အတ္တ၏ပုံသဏ္ဌာန်၊ အတ္တ၏တည်ရာ၊ အတ္တ၏အမည်၊ အတ္တ၏သတ္တိ၊ အတ္တ၏စွဲလမ်းမှု၊ ဒါတွေကို တော်တော်ရှေးကျတဲ့ အချိန်တုန်းကပဲ ပညာရှိတွေ တွေးတောခဲ့ကြ၊ စဉ်းစားခဲ့ကြပါသတဲ့" ဟူ၍ ဆရာတော်ကြီးက ရှေးဦးစွာမိန့်တော်မူခဲ့သည်။

ဆရာကြီး ဦးဖေမောင်တင်အမေးကို ဆရာတော်ကြီးက ရေလည်စွာ ပြောပြခဲ့သည်။ အကျဉ်းချုပ်မှာ ဤသို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အတ္တဟုဆိုရာတွင် ဇီဝအတ္တနှင့် ပရမအတ္တဟူ၍နှစ်မျိုးရှိသည်။ ဇီဝအတ္တဆိုသည်မှာ ခန္ဓာကိုယ်ထဲမှ အသက်ကောင်ကလေး၊ ဝိညာဉ်ကောင်ကလေး၊ လိပ်ပြာကောင်ကလေးရှိသည်ဟု ယုံကြည်ယူဆမှုဖြစ်သည်။ ထိုအတ္တသည် ခန္ဓာကိုယ်တွင်း၌နေသည်။ အလွန် အစွမ်းသတ္တိကောင်းသည်။ အရာရာကို ပြုလုပ်တတ်သည်။ ကောင်းမကောင်းကို ခံစားတတ်သည်။ အတ္တသည် ခန္ဓာအိမ်၏ ပိုင်ရှင်ဖြစ်သည်။ ခန္ဓာအိမ်ဟူသောနေရာမှာ အမြဲနေတတ်သည်။ အရာရာကို မိမိအလိုသို့ လိုက်ပါအောင် ဆွဲဆောင်တတ်သော သတ္တိရှိသည်။ ဤသို့လျှင် ဇီဝအတ္တကို ယုံကြည်သူများက ခံယူကြသည်။

ယနေ့ ဗုဒ္ဓဘာသာဝင်အခေါ်ခံသူ မြန်မာလူမျိုးတို့နှင့် တရုတ်လူမျိုး အချို့၏ ဇီဝအတ္တကို စွဲလမ်းပုံမှာ တစ်ထပ်တည်း ဖြစ်သည်။ မြန်မာလူမျိုး



ဆရာကြီး ဦးဖေမောင်တင်
(၁၈၈၈-၁၉၇၃)

www.burmeseclassic.com

www.burmeseclassic.com



များက လူတစ်ယောက်သေဆုံးပြီဆိုလျှင် ခန္ဓာကိုယ်ထဲမှ အသက်ကောင် သို့မဟုတ် ဝိညာဉ်ကောင် သို့မဟုတ် လိပ်ပြာကောင်ထွက်သွားသည်ဟု ထင်ကြသည်။ ထွက်သွားပြီးနောက် ခန္ဓာအသစ်မှာ ကံအားလျော်စွာ ငြိတွယ်သည်ဟု ထင်ကြသည်။

တစ်ခါတစ်ရံ ခန္ဓာအသစ်မတွေ့သေးသဖြင့် ခန္ဓာအဟောင်းကို မလွှတ်သေးဘဲ ဖက်တွယ်ထားပြီး (လောက်လမ်းသဖွယ်) အသစ်ကို ရှာဖွေ ထောက်လှမ်းနေသည်ဟု ပြောကြသေးသည်။ အကောင်ကလေးသဖွယ် ရှိသည်ဟု စွဲထင်နေတတ်ကြသည်။ ထို့ကြောင့် ကလေးငယ်များ ထိတ်လန့်သွားသောအခါ လိပ်ပြာစဉ်သွားသည်ဟု ပြောကြသည်။

ယင်းတို့မှာ မဟုတ်မမှန်၊ ဇီဝအတ္တစွဲနေသဖြင့် အမှားကို အမှန် ထင်နေကြခြင်း ဖြစ်သည်။

နောက်တစ်မျိုးမှာ ပရမအတ္တပင် ဖြစ်သည်။ ပရမအတ္တမှာ ဖန်ဆင်း ပြုပြင်နိုင်သော အစွမ်းသတ္တိရှိသည်။ ဤကမ္ဘာလောကကြီးနှင့် သတ္တဝါများ ကို အတ္တက ဖန်ဆင်းထားသည်ဟု ယုံကြည်ယူဆမှု ဖြစ်သည်။ ထို ပရမအတ္တ ကို "ဤသွာရ- ပရမီသွရ-ပရမီသွာ-ပရမတ္တော" ဟု ဟိန္ဒူများက ခေါ်ကြ သည်။ ဖန်ဆင်းစီမံနိုင်သောကြောင့် အစိုးရသည်" ဟု ဆိုကြသည်။

ဤယူဆချက်ကို ဗုဒ္ဓဘုရားရှင်က လုံးဝလက်မခံ။ တိုက်ဖျက်ခဲ့သည်။ ဗုဒ္ဓဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရား ဖြစ်တော်မူ၍ ဝါဆိုလပြည့်နေ့တွင် ပဉ္စဝဂ္ဂီငါးဦးအား ဓမ္မစကြာသုတ်ကို ဟော တော်မူခဲ့သည်။ လပြည့်ကျော် ၁-ရက် ၊ ၂-ရက် ၊ ၃-ရက်၊ ၄-ရက် တို့မှာ လည်း ဓမ္မစကြာတရားကိုပင် ထပ်ခါထပ်ခါ ဟောသည်။ ထို့နောက် လပြည့် ကျော် ၅-ရက်နေ့တွင် အနတ္တလက္ခဏာသုတ်ကို ဟောတော်မူသည်။ ဤ အနတ္တလက္ခဏာသုတ်ကား အတ္တအယူဝါဒကို တိုက်ဖျက်သောတရားပင် တည်း။

www.burmeseclassic.com

www.burmeseclassic.com



မဟာဂန္ဓာရုံဆရာတော်ကြီးက "ဟိန္ဒူဝါဒဟာ ဗုဒ္ဓဝါဒနဲ့ အလွန်နီးစပ်ပါတယ်။ ဒါပေမဲ့ ဒီနေရာမှာ လမ်းခွဲကြတော့တာပဲ။ ဟိန္ဒူဝါဒက အတ္တစွဲအားကြီးတယ်။ ဗုဒ္ဓဝါဒက အတ္တကို အမြစ်ပါမကျန်နုတ်ပြီး ဖြိုဖျက်ပစ်တယ်။ အဲဒီလို ကွာခြားတာ မိုးနဲ့မြေကြီးလို၊ သမုဒ္ဒရာရဲ့ဒီဘက်ကမ်းနဲ့ ဟိုဘက်ကမ်းလို ကွာလှမ်းကြတော့တာပဲ။ "ဘာကြောင့် ဗုဒ္ဓရှင်တော်မြတ်က အတ္တကို ပယ်ရသလဲဆိုရင် အတ္တဆိုတာ အစစ်အမှန်မရှိလို့ဘဲ။ ပြီးတော့ ဒီအတ္တစွဲကြောင့် ဒီသတ္တဝါတွေ ဒီဘဝမှာ မကျွတ်လွတ်နိုင်ဘူးဆိုတာကို သေသေချာချာ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ အတိအကျ သိတော်မူထားလို့ပါပဲ။ ဒါကြောင့် အတ္တဖြုတ်တရား (အနတ္တလက္ခဏာသုတ်)ကို ဓမ္မစကြာအပြီးမှာ စောစောစီးစီး ဟောတော်မူရခြင်းပဲ ဒကာကြီး" ဟု ဆရာတော်ကြီးက မိန့်တော်မူသည်။

"အတ္တစွဲကျန်နေလို့ အတ္တခံလျှင် လိုရင်းကို မရောက်နိုင်ဘဲ ဖြစ်နေပါမယ်။ ဘယ်လိုဖြစ်ကြမလဲဆိုရင် ရုပ်နာမ်ဓမ္မတွေပျက်ကြလို့ ဒုက္ခ(အနိစ္စ ဒုက္ခ) ဖြစ်ကြသော်လည်း အမာခံအထည်ကိုယ် အတ္တကလေးကတော့ မပျက်ဘဲ ကျန်နေဦးမယ်လို့ ယူဆနေဦးမယ်။

"ယူဆနေရင် အနတ္တမဟုတ်သေးဘူးပေါ့။ အနတ္တလို့ မယူနိုင်သေးသမျှလည်း အတ္တထင်မှတ်ရင် ခန္ဓာငါးပါးက မလွတ်နိုင်သေးဘူး။ မလွတ်သေးသမျှ အနတ္တဖြစ်တဲ့ နိဗ္ဗာနဓာတ်သို့ မဆိုက်ရောက်နိုင်သေးဘူး။

"အမှန်စင်စစ်က ရုပ်၊ နာမ်၊ ဓမ္မတွေကို (အနိစ္စ၊ ဒုက္ခ၊ အနတ္တ)လို့ လက္ခဏာရေး ၃-ပါးတင်ပြီး ပိုင်နိုင်စွာ ရှုမှတ်နိုင်တဲ့သူတွေမှသာ သောတာပန်စတဲ့ အရိယာတွေဖြစ်ပြီး နောက်ဆုံးမှာ ရဟန္တာတွေအထိ ဖြစ်နိုင်တာ။

"ဒါကြောင့်လည်း အနတ္တအစစ်အမှန်ဖြစ်ပုံကို ရှုနိုင်ဖို့၊ အတ္တစွဲကို ဖြုတ်နိုင်ဖို့ ဗုဒ္ဓရှင်တော်မြတ်က ဟောတော်မူခြင်းပဲ ဒကာကြီး" ဟူ၍ ဂန္ဓာရုံဆရာတော်ကြီးက ရှင်းလင်းပြောပြရာ ဆရာကြီးဦးဖေမောင်တင်သည် ဝမ်းသာသာခုခေါ်ခဲ့ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီတဂူဆရာတော် ကိုယ်တွေ့

သို့ရာတွင် အတ္တအယူဝါဒကို ခံယူသော အင်အားစုကား ခိုင်မာနေဆဲဖြစ်သည်။

သီတဂူဆရာတော် ဗုဒ္ဓဂယာ၌ ဘုရားဖူးရောက်ရှိနေစဉ် မြန်မာကျောင်း၌ နိုင်ငံခြားသား ၁၈၀-ခန့် တည်းခိုနေသည်ကို တွေ့ရသည်။ ထိုအထဲတွင် အီတာလျံလူမျိုးနှစ်ဦးလည်း ပါသည်။ သူတို့သည် ဗောဓိပင်အောက်တွင် တရားထိုင်လေ့ရှိကြသည်။

တစ်နေ့တွင် ဆရာတော်က သူတို့နှစ်ဦးအား မေးကြည့်သည်။

"ဒကာကြီးတို့၊ ဘယ်လိုတရားအားထုတ်ကြသလဲ။ ပြောပြစမ်းပါ။"

"တပည့်တော်တို့ ဝိပဿနာ ရှုတာပါ။ သမထမဟုတ်ပါဘူး။"

"ဒကာကြီး ဝိပဿနာဘယ်လိုရှုသလဲ။ ဘာတွေကို ရှုသလဲ။"

"စတင်ခါစမှာ အာနာပါနနဲ့ သမာဓိယူလိုက်ပါတယ်။ သမာဓိ တော်တော်ရပြီဆိုတော့မှ ဟောဒီခန္ဓာထဲမှာရှိတဲ့သဘောတွေကို ရှုပါတယ်ဘုရား။"

"ခန္ဓာထဲမှာ ဘာသဘောတွေရှိသလဲ ဒကာကြီး။"

"အနိစ္စတွေ ရှိတယ်။ ဒုက္ခတွေ ရှိတယ်။"

"ဒကာကြီး အနတ္တရော မရှိဘူးလား။"

" I don't believe Anatta 'အနတ္တ (အတ္တမရှိ)ဆိုတာကို တပည့်တော်တို့ မယုံဘူး။"

"ဒကာကြီး၊ ဘာကြောင့် အနတ္တကို မယုံသလဲ။"

"အရှင်ဘုရား စဉ်းစားကြည့်၊ အတ္တမရှိဘူးဆိုရင် လူတစ်ယောက် သေသွားပြီးရင် နောက်ဘဝတစ်ခုကို ဘယ်လိုပြောင်းသွားသလဲ။ ဘယ်လိုပြောင်းမှာလဲ။ ဘဝတစ်ခုမှတစ်ခုသို့ ပြောင်းပြောင်းပြီးတော့ သွားနေတယ်ဆိုတာက Soul လို့ခေါ်တဲ့ အတ္တလေးက ပြောင်းနေတာ။"

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် အိန္ဒိယသမ္မတကြီး

ဤသို့လျှင် သူတို့က ယူဆကြသည်။ အဝိဇ္ဇာ(မသိမှု)၊ တဏှာ (လိုချင်မှု)၊ ကံ ( ကုသိုလ်ကံ၊ အကုသိုလ်ကံ)ဆိုသည်ကို သူတို့ လက်မခံကြ။ မစဉ်းစားကြ။

ဤအီတာလျံလူမျိုးနှစ်ဦးကို မဆိုထားနှင့်၊ ပါဠိပညာရှင် နာမည်ကျော် ရစ်စ်ဒေးဗစ်တို့ ဇနီးခင်ပွန်းနှစ်ယောက်သည်ပင်လျှင် အနတ္တဝါဒကို မယုံကြည်ကြပေ။

သူတို့ဇနီးမောင်နှံနှစ်ဦးသည် L.P.T.S (London Pali Text Society)မှ အရေးပါသော ပါဠိပညာရှင်နှစ်ဦးဖြစ်သည်။ သူတို့သည် ပိဋကတ်သုံးပုံကို အင်္ဂလိပ်ဘာသာဖြင့်ပြန်ဆို၍ ကမ္ဘာကိုဖြန့်ဝေသူများ ဖြစ်ကြသည်။ ဇနီးဖြစ်သူ မစ္စစ်ရစ်ဒေးဗစ်သည် လယ်တီဆရာတော်ဘုရားကြီးထံ အမေးပုစ္ဆာများ မေးမြန်းဖူး၍ လယ်တီဆရာတော်ဘုရားကြီးက ဖြေဆိုတော်မူခဲ့သည်။ လန်ဒန် ပါဠိဒေဝီဟူ၍ အမည်တွင်ခဲ့သည်။ သို့ရာတွင် သူတို့မောင်နှံသည် အနတ္တကို လက်မခံကြ။ အတ္တကိုသာ လက်ခံကြသည်။

"ဒီအကြောင်းကို ဆရာတော်ကြီးဦးသေဋ္ဌိလအမိန့်ရှိလို့ ဘုန်းကြီးတို့ သိရတာ။ ဆရာတော်ကြီးက ပြောတယ်။ ပါဠိပညာတတ် ဒီအဘိုးကြီးနဲ့ အဘွားကြီးကို ငါ့အနတ္တကို ဟောတယ်။ သူတို့ လက်မခံကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ဘဝကူးတာဟာ အတ္တ(ဝိညာဉ်)က ကူးတာပါလို့ဆိုပြီး အတ္တကို စွဲလမ်းနေကြတယ်" လို့ ဆရာတော်ကြီးက ပြောပြတယ်ဟူ၍ သီတဂူဆရာတော်က မိန့်တော်မူခဲ့သည်။

ဤသို့ ကြီးမားလှသော အတ္တအယူကြီးကို ဗုဒ္ဓဘုရားရှင် သက်တော်ထင်ရှားရှိစဉ် ၄၅–နှစ်တိုင်ရင်ဆိုင်ဖြေရှင်းခဲ့သည်။အောင်မြင်ခဲ့သည်။ သို့ရာတွင် မြတ်ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုပြီးသောအခါတွင် အိန္ဒိယတွင် အနတ္တဝါဒသည် မှေးမှိန်၍ အတ္တဝါဒသည် ကြီးထွားလာခဲ့သည်။ ထို့ကြောင့် သီတဂူဆရာတော်က အိန္ဒိယတွင် ဗုဒ္ဓဘာသာကွယ်ရခြင်းအကြောင်း၌ အတ္တဝါဒကြီးထွားမှုသည်လည်း အကြောင်းရင်းတစ်ချက်ဖြစ်ကြောင်း သုံးသပ်ဖော်ပြခြင်း ဖြစ်သည်။

အိန္ဒိယပြည်၌ ဗုဒ္ဓသာသနာကွယ်ရခြင်းမှာ ဇာတ်ဝါဒပြင်းထန်ခြင်း၊ အတ္တဝါဒပြင်းထန်ခြင်းတည်းဟူသော အကြောင်းနှစ်ချက်အပြင် သဒ္ဓါတရားနည်းပါးခြင်းအချက်သည်လည်း ပါဝင်ကြောင်း ဆရာတော်က ထုတ်ဖော်မိန့်ကြားခဲ့သည်။

## သဒ္ဓါတရား နည်းပါး

"ဘာသာခြားတွေက သဒ္ဓါတရားကခေါင်းပါးတော့ လုပ်ချင်ရာလုပ်တော့တာပဲ။ အရာရာမှာကိုယ့်ဘာသာက ရှေ့တန်းကနေရာရဖို့၊ အသာစီးရဖို့၊ ခေါင်းတစ်လုံးသာဖို့ဆိုတဲ့ မကောင်းတဲ့စိတ်တွေ ဖြစ်လာတယ်။ သူများဘာသာက ကိုယ့်ဘာသာထက်သာသွားမှာကို မလိုလားဘူး။

"ဗုဒ္ဓသာသနာ အရှိန်အဝါကောင်းမှာကို မလိုလားဘူး။ ဒီတော့ မနာလိုစိတ်တွေ ပြင်းထန်လာတယ်။ ဒါကြောင့် ဘာသာခြားများက ဗုဒ္ဓသာသနိကအဆောက်အအုံတွေကို ဖျက်ဆီးကြတယ်။

"အိန္ဒိယပြည်မှာရှိတဲ့ နာလန္ဒ ဗုဒ္ဓတက္ကသိုလ်ကြီးဆိုရင် တစ်ချိန်တုန်းက သိပ်အောင်မြင်ခဲ့တာပဲ။ သူတို့အောင်မြင်တာကို မလိုလားတဲ့ဘာသာခြားတွေက တက္ကသိုလ်ကြီးကို မီးရှို့ဖျက်ဆီးတယ်။ သံဃာတွေကို ညှဉ်းပန်းနှိပ်စက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ရှိသေးတယ်။ ဗောဓိပင်ကြီးနဲ့ မဟာဗောဓိစေတီတော်ကြီး စသည်တို့ကို မဟန့်ဆိုတဲ့ ဟိန္ဒူဘုန်းကြီးက မကြည့်နိုင်တဲ့အတွက်ကြောင့် "ဒါတွေ ပျောက်ပျက်အောင်တော့ ငါလုပ်လေမှပဲ" ဆိုပြီး လုပ်လိုက်တာ ပျောက်လုမတတ် ဖြစ်သွားတယ်။

မင်းတုန်းမင်းကြီးရဲ့ဇရပ်ကို ဖျက်ပြီးတော့ သူ့ကျောင်းဆောက်ထားတာကိုလည်း ကြည့်ပါ။ ဗောဓိစေတီကြီးထဲမှာ သူတို့ရဲ့ ရုပ်ပုံတွေကို သွင်းထားတာကိုလည်း ကြည့်ပါဦး။

"အဲဒါ အချိန်မီထိန်းသိမ်းထားနိုင်လို့သာ။ မထိန်းသိမ်းနိုင်ရင် ဒီနေရာ ဗုဒ္ဓစေတီလို့ မပြောဘဲနဲ့ ဟိန္ဒူတို့ရဲ့ ဘုရားကျောင်းကြီးဖြစ်မှာ။ ဘာသာခြားတို့ရဲ့ ဖျက်ဆီးခြင်းဟာ သာသနာကွယ်ခြင်းရဲ့ အကြောင်းတစ်ခု။ အဲဒါ သဒ္ဓါတရားခေါင်းပါးလို့ပါပဲ" ဟူ၍ သုံးသပ်မိန့်ဆိုတော်မူခဲ့သည်။

## ဗုဒ္ဓဘာသာသည် Religion မဟုတ်

သီတဂူဆရာတော်သည် အိန္ဒိယသို့ အကြိမ်များစွာ ရောက်ခဲ့သည်။ ရောက်သည့်အခါတိုင်းပင် စိတ်ဝင်စားဖွယ်၊ မှတ်သားဖွယ် အတွေ့အကြုံများကို ရရှိခဲ့သည်။ ထိုသို့ရရှိခဲ့သည်တို့ကို မြန်မာနိုင်ငံသို့ ရောက်သောအခါ ပြန်လည်သုံးသပ်၍ တရားဟောပြောရာ ဆင်ခြင်ဖွယ်၊ သတိပြုဖွယ်၊ မှတ်သားဖွယ်တို့ကို ကြားနာခဲ့ရသည်။

ယင်းတို့တွင် အိန္ဒိယပြည်၌ ရဲရင့်ပြတ်သားစွာပြောခဲ့သော ဆရာတော်၏ခံယူချက်မှာ အထူးမှတ်သားဖွယ်ကောင်းလှသည်။ ယင်းကား အခြားမဟုတ်၊ "ဗုဒ္ဓဘာသာသည် ရီလီးဂျင်း (Religion) မဟုတ်" ဟူသော ခံယူချက်ပင် ဖြစ်သည်။

အိန္ဒိယပြည်သို့ ရောက်ရှိစဉ် နယူးဒေလီ၌ တရားဟောပြောသည်။ ဟောပြောအပြီးတွင် အိန္ဒိယလူမျိုး ဒကာတစ်ယောက်က မေးမြန်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား၊ ဗုဒ္ဓဘာသာကို religion(ဘာသာတရား)လို့ ဆိုနိုင်ပါသလား။"

ဆရာတော်ကလည်း ရဲဝံ့ပြတ်သားစွာ ဖြေဆိုခဲ့သည်။

"ဗုဒ္ဓဘာသာဟာ ရီလီးဂျင်း မဟုတ်ဘူး။"

"ရီလီးဂျင်းမဟုတ်ရင် အရှင်ဘုရားက ဘာလို့ပြောချင်တာလဲ။"

"ဗုဒ္ဓဘာသာဟာ ကျင့်စဉ်တစ်မျိုးပါ။"

"ရီလီးဂျင်းကတော့ ကျင့်စဉ်မဟုတ်ဘူးလား။"

"ရီလီးဂျင်းဟာ ကျင့်စဉ်မဟုတ်ပါဘူး။ ရီလီးဂျင်းဆိုတဲ့ ဘာသာတရားမှာ ကျင့်စဉ်မပါပါဘူး။ ရီလီးဂျင်းလို့ခေါ်တဲ့ ဘာသာတိုင်းမှာ ကျင့်စဉ်မပါပါဘူး၊ ရီလီးဂျင်းမှာ ယုံကြည်ခြင်း၊ ရှိခိုးခြင်း၊ ဆုတောင်းခြင်းတို့ပဲ ရှိတယ်။

မကောင်းတာတွေကို အကုန်လုပ်။ အပြစ်မှ လွတ်ဖို့ရန်ဆုတောင်း၊ ကောင်းမှုတွေ လုပ်ချင်လည်းလုပ်၊ မလုပ်ချင်လည်းနေ၊ ချမ်းသာသုခကို ဘုရားသခင်က ချပေးပါလို့ဆုတောင်း၊ အဲ့ဒီလို ယုံကြည်မှုနဲ့ ဆုတောင်းခြင်းသာလျှင် ပဓာနထားတဲ့ဘာသာကို ရီလီးဂျင်းလို့ ခေါ်ပါတယ်။ ယုံကြည်မှုနှင့် ဆုတောင်းမှုကို ပဓာနမထားဘဲနဲ့ အကျင့်ကိုသာ ပဓာနထားတဲ့ ဘာသာဟာ ဗုဒ္ဓဘာသာပါ။"

ဤတွင် အိန္ဒိယဒကာက ထပ်မေးသည်။

"ဗုဒ္ဓဘာသာသည် ဖီလိုဆိုဖီ (Philosophy) လို့ ဆိုရင်ရော ဆိုနိုင်ပါသလား။

ဆရာတော်က ဖြေကြားသည်မှာ—

"မဆိုနိုင်ပါဘူး။ ဗုဒ္ဓဘာသာကို ဖီလိုဆိုဖီလို့လည်း တစ်ဖက်သတ်မပြောနိုင်ပါဘူး။ ဖီလိုဆိုဖီဆိုတာ အသိသက်သက်ပဲ ဖြစ်တယ်။ ဖီလိုဆိုဖီမှာ အကျင့်(စရဏ) မပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



"ရီလီးဂျင်းက ယုံကြည်မှုသက်သက်၊ ဖီလိုဆိုဖီက အသိဉာဏ်သက်သက်၊ အဲဒီနှစ်ခုစလုံးမှာ အကျင့်တရား မပါကြပါဘူး။ ဗုဒ္ဓဘာသာဆိုတာ ယုံကြည်မှုနှင့်အသိဉာဏ် ပေါင်းစပ်ပြီးတော့ ကျင့်ရတဲ့တရား။

"ယုံကြည်မှုနဲ့ အသိဉာဏ်ပေါင်းစပ်ပြီးကျင့်တော့ မိမိရဲ့နှလုံးသားထဲက ယုတ်ညံ့တဲ့ ကိလေသာတွေ အကုန်ရှင်းသွားတယ်။ အဲဒီ ယုတ်ညံ့တဲ့ ကိလေသာတွေ ရှင်းသွားတဲ့အခါ ချမ်းသာသုခကို တကယ်ရတာပါပဲ။

မိမိရဲ့ယုတ်ညံ့မှုတွေကို မိမိကိုယ်တိုင် သန့်ရှင်းအောင် လုပ်ရပါတယ်။ မိမိစိတ်ဓာတ်ရဲ့တိုးတက်ဖွံ့ဖြိုးမှုကို မိမိကိုယ်တိုင် ကြိုးစားယူရပါတယ်။ အလွန်တန်ဖိုးထက်မြက်တဲ့စိတ်၊ စေတသိက်တို့ကို အသုံးချကျင့်ရတာဟာ ဗုဒ္ဓဘာသာပဲ" ဟု သီတဂူဆရာတော်က မိန့်ဆိုလိုက်သည်။

ထိုမေးခွန်းနှင့် ထိုဖြေဆိုချက်သည် အလွန်ပင် စိတ်ဝင်စားဖွယ်လည်း ဖြစ်သည်။ ဂယက်လည်း ရိုက်သွားခဲ့သည်။ ထိုနေ့မှာပင် အိန္ဒိယရေဒီယို အသံလွှင့်ဌာနက ဆရာတော်ထံ လာရောက်သည်။ ရေဒီယိုမှတစ်ဆင့် အသံလွှင့်လိုသဖြင့် တရားတစ်ပုဒ်ဖြစ်အောင်ပြု၍ အသံသွင်းပေးပါရန် ပန်ကြားသည်။ အလွန်ပင် အရေးကြီးသော အချက်ဖြစ်သည်။

သီတဂူဆရာတော်သည် ညနေပိုင်းမှစ၍ အရုဏ်တက်ခါနီး ၃–နာရီအထိ မကျိန်းစက်ဘဲ စာတမ်းရေးသားသည်။ စာမျက်နှာ ၇–မျက်နှာရှိသည်။ ထိုသုံးသပ်ချက်တရားကို ၁၃၄၃–ခု၊ တပေါင်းလပြည့်နေ့ညနေ(၉–၃–၁၉၈၂)တွင် အိန္ဒိယအသံလွှင့်ဌာနမှ လွှင့်ထုတ်လိုက်သည်။

ထိုလွှင့်ထုတ်ချက်ကို ဆရာတော်က စာအုပ်အဖြစ် ထုတ်ဝေခဲ့သည်။ ယင်းကို မြတ်မင်္ဂလာစာစောင်တွင် ဤစာရေးသူ ဖော်ပြခဲ့သည်။

## ဆုတောင်းခြင်းနှင့် ဗုဒ္ဓဘာသာ

ထို့ပြင် နိုင်ငံခြားတရားပွဲတစ်ခုတွင် "ဗုဒ္ဓဘာသာဝင်တွေဟာ ကုသိုလ်ကောင်းမှုတစ်ခုခု ပြုပြီးလျှင် ဆုမတောင်းဘူးလားဟု "မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဆရာတော်က "ဗုဒ္ဓဘာသာမှာ ဆုတောင်းမှုရှိတာပေါ့"ဟု ဖြေကြားသည်။

ထိုသို့ ဖြေကြားပြီးနောက် "ဗုဒ္ဓဘာသာတို့ရဲ့ ဆုတောင်းဆိုတာဟာ တန်ခိုးရှင်တစ်ယောက်ထံမှာ တောင်းတဲ့ဆုမျိုးလည်း မဟုတ်ဘူး။ ကောင်းကင်ဘုံက တစ်စုံတစ်ယောက်ထံမှာ တောင်းတာမျိုးလည်း မဟုတ်ဘူး။ ဘုရားရှင်ကိုယ်တော်မြတ်ထံက ဆုတောင်းတာလည်းမဟုတ်ဘူး။

ဗုဒ္ဓဘာသာတို့ရဲ့ဆုတောင်းက ဒါန၊ သီလ၊ သမာဓိ၊ ပညာ။ အဲဒီကောင်းမှုလေးမျိုး တစ်မျိုးမျိုးပြုကျင့်ပြီးရင် ကိုယ်လုပ်ထားတဲ့ ကောင်းမှုအားလျော်စွာ ရထိုက်တဲ့အခွင့်အရေးကို ကိုယ့်ဘာသာကိုယ်တောင်းတာ။ ကိုယ်ကျင့်ထားတဲ့အကျင့်အားလျော်စွာ ရထိုက်တဲ့အခွင့်အရေးကိုတောင်းတာ။ တောင်းတာက တစ်စုံတစ်ယောက်ကပေးမှာကို မျှော်လင့်ပြီးတော့ တောင်းနေတာမဟုတ်ဘူး။ ကိုယ့်လုပ်အားအတိုင်း ကိုယ်ဖြစ်ချင်တာကို ဖွင့်ထုတ်ပြီးတော့ တောင်းဆိုခြင်းပါပဲ။ ကိုယ်ကျင့်ထားတဲ့ အကျင့်အားလျော်စွာ ကိုယ်ရထိုက်တဲ့ ရချင်တဲ့ဆန္ဒကို ဖော်ကျူးလိုက်တာပါပဲ" ဟု ဖြေကြားခဲ့သည်။

ထိုအဖြေကို မေးမြန်းသူတို့ များစွာနှစ်သက်ကြသည်။ သဘောကျကြသည်။

## သီရိလင်္ကာ ဘုန်းတော်ကြီးပညာရေးစနစ်

သီတဂူဆရာတော်သည် သီဟိုဠ်(သီရိလင်္ကာ)သို့ ကြွရောက်တော်မူစဉ် တရားပွဲငါးပွဲ ဟောပြောတော်မူခဲ့သည်။ ထိုသို့ ဟောပြောရာမှ သီဟိုဠ်(သီရိလင်္ကာ) ဆရာတော်အချို့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ သီဟိုဠ်ရှိ(သီရိလင်္ကာ)ဘုန်းတော်ကြီး ပညာရေးစနစ်ကိုလည်း လေ့လာခဲ့သည်။

သီဟိုဠ်သံဃာတော်များမှာ အင်္ဂလိပ်စာ များစွာ တတ်ကျွမ်းကြသည်။ M.A ဘွဲ့ရဆရာတော်များ၊ Ph.D ဘွဲ့ရဆရာတော်များ အများအပြား ပေါ်ထွန်း

www.burmeseclassic.com

www.burmeseclassic.com





သီရိလင်္ကာသို့ သီတဂူဆရာတော် ကြွရောက်စဉ်

သည်။ သို့ရာတွင် ပရိယတ္တိစာပေဘက်၌ကား အားနည်းကြသည်။ သီဟိုဠ် သံဃာတော်များသည် အင်္ဂလိပ်စာကို နံပါတ်(၁) အဓိကထားကြသည်။ ထို့နောက် ဟိန္ဒူဘာသာ၊ သက္ကတဘာသာ၊ နိုင်ငံရေးသိပ္ပံ၊ သမိုင်းဘာသာရပ် တို့ကို သင်ယူကြသည်။ နောက်ဆုံးတွင်မှ ပါဠိဘာသာကို သင်ယူသည်။ ပါဠိဘာသာဆိုရာတွင် ပိဋကတ်သုံးပုံကို အဓိကထားသင်ယူခြင်းမပြု။ သုတ်တော်ထဲမှ သုတ္တန်တစ်ခုစီ၊ တစ်ခုစီ ရွေးထုတ်ကောက်နုတ်သင်ကြားသည်။

ဥပမာ–ဒီဃနိကာယ်ထဲမှာဆိုလျှင် မဟာသတိပဋ္ဌာနသုတ်ကို ကောက်နုတ်သင်ယူသည်။ မဇ္ဈိမနိကာယ်ထဲမှာဆိုလျှင် သဗ္ဗာသဝသုတ်ကို ကောက်နုတ်သင်ယူသည်။ သံယုတ္တနိကာယ်ထဲမှာဆိုလျှင် အာသီဝိသော ပမသုတ် စသည်တို့ကို ကောက်နုတ်သင်ယူသည်။ သုတ်တော်အားလုံးကို သင်ယူခြင်းမပြု။ သူတို့၏ ပညာသင်ကြားရေးစနစ်မှာ ပိဋကတ်သုံးပုံသည် နောက်တန်းက ဖြစ်သည်။

## မြန်မာဘုန်းတော်ကြီးပညာရေးစနစ်နှင့်မတူ

သီရိလင်္ကာနိုင်ငံ သာသနာရေးလောကတွင် မြန်မာပြည်မှာကဲ့သို့ ပထမပြန်စနစ်၊ ဓမ္မာစရိယစနစ် မရှိ။ တိပိဋကစာမေးပွဲကြီးများ မရှိ၊ နိကာယ်

www.burmeseclassic.com

www.burmeseclassic.com



စာမေးပွဲကြီးများမရှိ။ မြန်မာပြည်မှာကဲ့သို့ ပိဋကတ်စာပေ ထွန်းကားခြင်းမရှိ။ ပိဋကတ်သုံးပုံဆောင် ရဟန်းတော်များ မြန်မာပြည်၌ ထွန်းကားသည်ကို သူတို့ အံ့ဩမဆုံးရှိကြသည်။

သီဟိုဠ်(သီရိလင်္ကာ)ဆရာတော်တစ်ပါးက သီတဂူဆရာတော်အား ဤသို့ မေးကြားသည်။ သီတဂူဆရာတော်ကလည်း အားပါးတရ ဖြေကြားခဲ့သည်။

"မြန်မာပြည်မှာ ပိဋကတ်သုံးပုံကို အဲဒီလောက်ဦးစားပေးသင်နေရင် ပိဋကတ်သုံးပုံဆောင်တဲ့ ပုဂ္ဂိုလ်များ ရှိပါသလား။"

"ရှိပါသော်ကော ဘုရား။ ပိဋကတ်တစ်ပုံဆောင်လည်း ရှိတယ်။ နှစ်ပုံဆောင်လည်း ရှိတယ်။ သုံးပုံဆောင်လည်း ရှိတယ်။"

"အဲဒါတွေဟာ ရှေးတုန်းက ရှိတာလား။ အခုရှိတာလား။"

"အရှင်ဘုရားတို့ လေယာဉ်ပျံလက်မှတ်သာပို့လိုက်ပါ။ အဲဒီ ပိဋကတ်သုံးပုံဆောင်ကိုယ်တော်တွေကို တပည့်တော် သီဟိုဠ်ကို အခုပင့်ပေးပါမယ်" ဟူ၍ သီတဂူဆရာတော်က မိန့်တော်မူလိုက်သည်။

သီဟိုဠ်(သီရိလင်္ကာ)သံဃာတော်များသည် မြန်မာပြည်၌ ပိဋကတ်သုံးပုံဆောင် ဆရာတော်များ ရှိနေသည်ကို မယုံကြည်နိုင်အောင် ဖြစ်သွားကြသည်။

လွတ်လပ်ရေးရပြီးစခေတ်မှစ၍ ယနေ့အထိ မြန်မာနိုင်ငံတွင် ပိဋကတ်သုံးပုံဆောင်ဆရာတော် ၁၃–ပါး ပေါ်ထွက်ခဲ့သည်ကို သူတို့မသိရှာကြပေ။

ယနေ့မြန်မာနိုင်ငံတွင် သံဃာတော်များကို ပိဋကတ်စာပေတစ်ခုတည်းသာမဟုတ်၊ ဘာသန္တရစာပေ(အင်္ဂလိပ်စာ)ကိုလည်း သင်ကြားပေးနေပြီ။ မည်သို့ပင် သင်စေကာမူ ပိဋကတ်စာပေသင်ကြားမှုကို ရှေ့တန်းကထားသည်။ သီတဂူဆရာတော်ကား ဗုဒ္ဓဘာသာနိုင်ငံမှန်သမျှ ပိဋကတ်စာပေကို ရှေ့တန်း၊ ဘာသန္တရလောကီစာပေကို နောက်တန်းမှာထား၍ သင်ကြား

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် သီရိလင်္ကာသမ္မတကြီး

သင့်သည်။ ထိုစနစ်သည် အကောင်းဆုံးစနစ်ဖြစ်သည်ဆို၍ သုံးသပ်ဖော်ပြခဲ့သည်။

## သီတဂူဆရာတော်နှင့် အာဂျန်တာ၊ အယ်လိုရာ

သီတဂူဆရာတော်သည် စူးရှသောအမြင်နှင့် ထူးခြားစွာ ဝေဖန်ပိုင်းခြားတတ်သော အမြင်လည်းရှိသူ ဖြစ်သည်။

အိန္ဒိယပြည်ရှိ ကမ္ဘာကျော် အာဂျန်တာနှင့် အယ်လိုရာလိုဏ်ဂူကြီးများကို လေ့လာကြည့်ရှု၍ ဝေဖန်သုံးသပ်ပြထားသည်မှာ အလွန်ပင် စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ထိုအာဂျန်တာနှင့် အယ်လိုရာလိုဏ်ဂူကြီးများသို့ ဤစာရေးသူသည် သွားရောက်ခဲ့ဖူးသည်။ ၁၉၈၆–ခုနှစ်တွင် ကမ္ဘာ့ဗွာန်းဆရာကြီး ဦးဂိုအင်ကာနှင့် သား–ဦးမောင်ရွှေတို့၏ ကျေးဇူးကြောင့် မင်္ဂလာဗျူဟာအသင်းချုပ် ဥက္ကဋ္ဌ ဦးအောင်သိမ်း၊ ဆရာပါရဂူ၊ ဓမ္မာစရိယဦးဌေးလှိုင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့်နှင့် ကျွန်တော်အပါအဝင် အဖွဲ့ဝင်ငါးဦးသည် ဓမ္မဂီရိ၌ ကျင်းပသော ဆယ်ရက်တရားစခန်းသို့ တရားစခန်းဝင်ဖြစ်ခဲ့ကြသည်။ ထိုရိပ်သာ၌ ကျင်းပသော ဆရာကြီးဦးဘခင်အထိမ်းအမှတ် လယ်တီမှု အနာဂါမ် ဆရာ

www.burmeseclassic.com

www.burmeseclassic.com



သက်ကြီး ဝိပဿနာဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။ ထိုဆွေးနွေးပွဲ၌ သီတဂူဆရာတော်လည်း တက်ရောက်သည်ကို တွေ့ရသည်။

တရားစခန်းမဝင်မီနှင့် ဆွေးနွေးပွဲမကျင်းပမီ ကျွန်တော်တို့ငါးဦးအား ဆရာကြီးဦးဂိုအင်ကာတို့က ဘုရားဖူးသွားရန် စီစဉ်ပေးကြသည်။ ကျွန်တော်တို့ဘုရားဖူးသွားရမည့်အရပ်ကား အခြားမဟုတ်၊ ကမ္ဘာကျော် အယ်လိုရာနှင့် အာဂျန်တာလိုဏ်ဂူကြီးများရှိရာအရပ်ပင် ဖြစ်သည်။

အယ်လိုရာနှင့် အာဂျန်တာလိုဏ်ဂူကြီးများသို့ အော်ရင်ဂဘတ်မြို့မှ တစ်ဆင့်သွားကြရမည် ဖြစ်သည်။ ကျွန်တော်တို့မှာ မသွားတတ်၊ ထို့ကြောင့် ဓမ္မဂီရိရိပ်သာမှ သက်ဆိုင်ရာတို့က ဓမ္မလုပ်သား မစ္စတာဂျယ်ရီရှက်ဖရွန်အား ဦးဆောင်လမ်းပြအဖြစ် ထည့်ပေးလိုက်သည်။ ဂျယ်ရီမှာ အိန္ဒိယနိုင်ငံသား မဟုတ်၊ ကနေဒါနိုင်ငံသား ဂျူးလူမျိုး ဖြစ်သည်။ အိန္ဒိယနိုင်ငံသို့ အကြိမ်များစွာ လာရောက်၍ ဝိပဿနာတရားထိုင်နေသူ ဖြစ်သည်။

ဂျယ်ရီဦးဆောင်သော ကျွန်တော်တို့မြန်မာငါးဦးသည် ရှေးဦးစွာ အော်ရင်ဂဘတ်မြို့သို့ ရထားဖြင့်သွားကြသည်။ ဓမ္မဂီရိရိပ်သာတည်ရှိရာ အီဂတ်ပူရီမြို့နှင့် အော်ရင်ဂဘတ်မြို့မှာ မိုင် ၂၀၀–ခန့်ကွာဝေးသည်။ ထိုအော်ရင်ဂဘတ်မြို့၌ ကျွန်တော်တို့ တစ်ညတည်းခိုပြီး နောက်တစ်နေ့တွင် အယ်လိုရာသို့ နေ့ချင်းပြန်သွားကြသည်။ ပြည်နယ်အစိုးရက ဖွင့်လှစ်ထားသော ခရီးသွားလာရေးဌာနက စီစဉ်ပေးသည့် ဘတ်စ်ကားကြီးဖြင့် သွားကြသည်။ ထိုကားပေါ်တွင် ကမ္ဘာလှည့်ခရီးသည် ငါးဆယ်ကျော်လည်း လိုက်ပါသည်။

အော်ရင်ဂဘတ်မြို့နှင့် အယ်လိုရာလိုဏ်ဂူကြီးမှာ မိုင်၂၀–ခန့်သာ ကွာဝေးသည်။ အယ်လိုရာလိုဏ်ဂူများသည် ကမ္ဘာ့အံ့ချီးဖွယ်ရာများတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ ဆန်းစလ၏ပုံသဏ္ဌာန်တည်နေသော ကျောက်တောင်ကြီးတွင် လိုဏ်ဂူများဖောက်ကာ တည်ထားသည်။ ကျောက်တောင်ကြီးမှာ တောင်နှင့်မြောက်တန်းလျက် ၁–မိုင်ခန့် ရှည်လျားသည်။ တောင်

www.burmeseclassic.com

www.burmeseclassic.com



ဘက်အစွန်းဖြစ်သော တောင်စွယ်တွင် ဗုဒ္ဓအယူဝါဒဆိုင်ရာ လိုဏ်ဂူ ၁၂– လုံးရှိသည်။ အလယ်ခုံးခုံးနေရာတွင် ဗြဟ္မဏဟိန္ဒူအယူဝါဒဆိုင်ရာ လိုဏ်ဂူ ၁၇–လုံးရှိသည်။ မြောက်ဘက်အစွန်းတောင်စွယ်၌ ဂျိန်းအယူဝါဒဆိုင်ရာ လိုဏ်ဂူ ၅–လုံးရှိသည်။

ယင်းတို့ကို တစ်ခေတ်တည်း၊ တစ်ချိန်တည်း တည်ဆောက်ခဲ့သည် မဟုတ်။ ရှေးဦးစွာ ခရစ်နှစ်လေးရာစုနှစ်မှ ၇–ရာစုနှစ်အတွင်း ဗုဒ္ဓအယူဝါဒ ဆိုင်ရာ လိုဏ်ဂူတော်များကို တည်ဆောက်ခဲ့သည်။ ထို့နောက် ခရစ်နှစ် ၈– ရာစုနှစ်မှ ၉–ရာစုနှစ်အတွင်း ဗြဟ္မဏအယူဝါဒဆိုင်ရာ လိုဏ်ဂူများကို တည် ဆောက်ခဲ့သည်။ ထို့နောက် ခရစ်နှစ် ၁၀–ရာစုနှစ်မှ၁၃–ရာစုနှစ်အတွင်း ဂျိန်း အယူဝါဒဆိုင်ရာ လိုဏ်ဂူများကို တည်ဆောက်ခဲ့သည်။

ယခုခေတ်တွင် တစ်နေရာတည်းတွင် အယူဝါဒကြီးသုံးခု၏ အရေး ပါသော ကိုးကွယ်မှုဆိုင်ရာ အဆောက်အအုံများကို ယှဉ်တွဲတွေ့ရှိခြင်းသည် ထူးခြားမှုတစ်ရပ်ပင် ဖြစ်သည်။ ရှေးခေတ်အိန္ဒိယ၏ ကိုးကွယ်မှုဆိုင်ရာ ပြောင်းလဲပုံတို့ကိုလည်းကောင်း၊ သဘောထားကို လည်းကောင်း၊ သရုပ်ပြ နေသကဲ့သို့ ရှိနေပေသည်။



အာဂျန်တာနှင့် အယ်လိုရာသွား စာရေးဆရာအဖွဲ့ (ဝဲမှယာ– ဦးအောင်သိမ်း၊ လမ်းပြဂျယ်ရီ၊ ဦးကျော်ခင်မြင့်၊ မွှော်စရိယာ ဦးဌေးလှိုင်၊ မင်းယုဝေ)

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘာသာအယူဝါဒဆိုင်ရာ ဂူများမှာ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီး၍ ဗုဒ္ဓဝါဒီမင်းများ ကွယ်ပျောက်ပြီးနောက်မှ ပေါ်ထွန်းလာသော ဂူများဖြစ်သည်။ ထိုစဉ်က ဗုဒ္ဓဝါဒီမဟုတ်သော မင်းများ၏ဘေးရန်ကြောင့် ဗုဒ္ဓဘာသာရဟန်းတော်တို့သည် ထိုဒေသသို့ ပြေးလာကြသည်။ ထိုရဟန်းတော်တို့သည် ဗုဒ္ဓဝါဒီအနုပညာရှင်တို့၏အကူအညီကို ရယူကာ ဘုရားရှင်အားရည်စူး၍ ကျောက်တောင်များကို ထွင်းထုကြသည်။ ရွှံ့များကို လှီးဖြတ်သကဲ့သို့ ကျောက်သားကျောက်ဆောင်ကြီးများကို အံ့ဖွယ်လှီးဖြတ်ကြသည်။ ဂူ၊ တန်ဆောင်းများ တည်ဆောက်ကြသည်။ ရုပ်ပွားတော်အမျိုးမျိုး ထုလုပ်ကြသည်။

အယ်လိုရာလိုဏ်ဂူများသည် ဗုဒ္ဓဘာသာဆိုင်ရာ ဗိသုကာနှင့် ပန်းတမော့လက်ရာများတွင် အလွန်ကျော်ကြားသည်။ အိန္ဒိယနိုင်ငံတွင် အကြီးမားဆုံး၊ အကျယ်ဝန်းဆုံးသော ကျောက်ထွင်းဂူကျောင်း၊ တန်ဆောင်းများဖြစ်သည်။ အချို့လိုဏ်ဂူများသည် အထက်တွင် နှစ်ထပ်၊ သုံးထပ်ရှိပေသည်။

ဂူတိုင်းလိုလိုမှာပင် ဗုဒ္ဓအယူဝါဒဆိုင်ရာ ရုပ်ပွားတော်များ ရုပ်တု၊ ရုပ်လုံးများကို တင့်တယ်စွာ ဖူးတွေ့ရသည်။ အချို့အခန်းများမှာ ရဟန်းတော်များ သီတင်းသုံးရာ၊ တရားထိုင်ရာအခန်းများ ဖြစ်သည်။ ယင်းတို့သည် ယခုအခါ ဆိတ်သုဉ်းနေပြီ။ လူတို့စွန့်ပစ်ထားရာ ရှေးဟောင်းလက်ရာများအဖြစ်သာ တည်နေပေတော့သည်။ ဖူးတွေ့ရသည်မှာ အံ့ဖွယ်၊ ကြည်ညိုဖွယ်၊ လွမ်းဖွယ်၊ အောက်မေ့တသဖွယ်ပင် ဖြစ်သည်။

ထို့နောက် ကျွန်တော်တို့သည် ဟိန္ဒူအယူဝါဒဆိုင်ရာ၊ ဂျိန်းအယူဝါဒဆိုင်ရာ ဂူများကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် ပြန်ခဲ့ကြသည်။

နောက်တစ်နေ့နံနက်တွင် အစီအစဉ်အရ ကျွန်တော်တို့သည် အော်ရင်ဂဘာတ်မြို့မှ အာဂျန်တာသို့ သွားခဲ့ကြသည်။ အာဂျန်တာကို အချို့မြန်မာများက အဇန္တာဟုခေါ်ကြသည်။ အာဂျန်တာရွာကို အစွဲပြု၍ ထိုလိုဏ်ဂူများကို အာဂျန်တာလိုဏ်ဂူများဟု ခေါ်ကြသည်။ အာဂျန်တာလိုဏ်ဂူများသည် အယ်

www.burmeseclassic.com

www.burmeseclassic.com





အာဂျန္တာရောက် သီတဂူဆရာတော်

လိုရာလိုဏ်ဂူများထက် နှစ်ပေါင်းများစွာ ရှေးကျသည်။ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနှစ်ပေါင်း ၃၀၀–ခန့်အလွန်တွင် သာယာရှုမောဖွယ်ကောင်း၍ လူသူပေါက်ရောက်ရန် ခဲယဉ်းသော ထိုဒေသသို့ ဗုဒ္ဓဘာသာရဟန်းတော် တစ်စု ရောက်ရှိလာကြသည်။ ထိုဒေသသည် ကမ္မဋ္ဌာန်းတရားအားထုတ်ရန် သင့်တင့်လျောက်ပတ်သဖြင့် ထိုအရပ်၌ လိုဏ်ဂူကို ကျောင်းသခ်မ်းအဖြစ် အသုံးပြုကာ သီတင်းသုံးကြသည်။ ထိုရဟန်းတို့၏ အားထုတ်မှုကို အနီးအနားရှိ ဒါယကာအချို့ ကြားသိရာမှ ကြည်ညိုမြတ်နိုးလာကြသည်။ ဤတွင် သူတို့သည် လိုဏ်ဂူများကို ရဟန်းတော်များအတွက် မွေ့လျော်ဖွယ်ရှိသော ဝိဟာရ (ကျောင်း)များအဖြစ်ရောက်အောင် တစ်စတစ်စ တိုးချဲ့မွမ်းမံပေးကြသည်။ ထိုကျောင်းများကို အကြောင်းပြု၍ ထိုခေတ်ပန်းပုဆရာ၊ ပန်းချီဆရာကြီးများကလည်း ကျောက်ရုပ်တုများ၊ နံရံဆေးရေးပန်းချီများဖြင့် တန်ဆာဆင်ပေးကြသည်။ အံ့ချီးဖွယ် လက်ရာမြောက်လှသည်။

ယင်းတို့သည် နှစ်ပေါင်းတစ်ထောင်ကျော်မျှ ထင်ရှားလာခဲ့ရာမှ ဗုဒ္ဓသာသနာတော်ကြီး အိန္ဒိယပြည်၌ ဆုတ်ယုတ်လာသောအခါ တစ်စတစ်စ

www.burmeseclassic.com

www.burmeseclassic.com



မေးမှိန်လာခဲ့သည်။ နောက်ဆုံး လူတို့စွန့်ပစ်ထားသောအခြေသို့ ဆိုက်ရောက်ခဲ့သည်။ ချုံနွယ်ပိတ်ပေါင်းတို့ဖြင့် ဖုံးအုပ်လျက် တောကြီးအတိ ဖြစ်ခဲ့သည်။ နှစ်ပေါင်း ၁၀၀၀–ခန့် လူသူနှင့်ကင်းဝေးနေခဲ့သည်။

၁၈၁၉–ခုတွင် ဗြိတိသျှတပ်သားတစ်စုတို့သည် အမဲပစ်ထွက်ရာမှ ထိုလိုဏ်ဂူများကို အမှတ်မထင်တွေ့ခဲ့သည်။ ထိုကမှစ၍ အာဂျန်တာလိုဏ်ဂူများ၏သမိုင်းစဉ်နှင့် အနုပညာလက်ရာများကို တစ်စတစ်စ ဖော်ထုတ်နိုင်ခဲ့သည်။ ယင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ကာ ကမ္ဘာကျော်အဖြစ် ပြသနိုင်ခဲ့သည်။ သီတဂူဆရာတော်ကမူ အာဂျန်တာနှင့် အယ်လိုရာရှိ ရုပ်တုများကို ကြည့်ရှုလေ့လာပြီး ထေရဝါဒ ဗုဒ္ဓဘာသာကို သုံးသပ်တင်ပြထားသည်မှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်။ ရှုပါ။

“ကမ္ဘာမှာ ဘာသာတရားတွေဟာ အလွန်အံ့သြစရာကောင်းတယ်။ ဖြစ်ရပ်တွေဆန်းကြယ်တယ်။ ဘုံဘေရဲ့အရှေ့ဘက် ကီလိုမီတာ ၆၀၀–လောက် ကွာဝေးတဲ့နေရာ တောထဲမှာ “အဂျန္တာ” ဆိုတဲ့ လိုဏ်ဂူကြီးတွေရှိတယ်။ အဲဒီနေရာကို ဘုန်းကြီးတို့ ရောက်ခဲ့တယ်။ မြန်မာပြည်က ဘုရားဖူးတွေ အရောက်နည်းတဲ့နေရာတွေပဲ။ သမိုင်းကို စိတ်ဝင်စားတဲ့ သုတေသနသမားတွေပဲ သွားကြတယ်။ “အယ်လိုရာ”ဆိုတဲ့ လိုဏ်ဂူကြီးတွေရှိတဲ့ တောကြီးထဲမှာ ဘုန်းကြီးတို့ ရောက်ခဲ့ပါတယ်။ “အဂျန္တာ”ကတော့ လွန်ခဲ့တဲ့နှစ်ပေါင်း ၂၀၀၀–လောက်က ရုပ်တု၊ ဆင်းတုကျောက်ပန်းပုတွေ။ တောထဲတောင်ထဲ ကျောက်တောင်ကြီးတွေကို လိုဏ်ထွင်းပြီးတော့ (ဖိုဝင်တောင်သဘောမျိုးပေါ့) ကျောက်လိုဏ်ဂူကြီးတွေမှာ ရုပ်တုတွေ ထုထားတာ အံ့သြစရာပဲ။

“အယ်လိုရာ” မှာတော့ ဘုရားရဲ့ဖြစ်တော်စဉ် ဇာတ်တော်တစ်ခုရှိရင် ဂိုဏ်းဇာတ်တစ်ခု ဘေးနားမှာရှိတယ်။ ဘုန်းကြီးက စဉ်းစားတယ်။ မူလတုန်းကတော့ ဗုဒ္ဓဖြစ်တော်စဉ်တွေကို ထွင်းထုထားတဲ့ လိုဏ်ဂူတွေဖြစ်မယ်။

www.burmeseclassic.com

www.burmeseclassic.com





အယ်လိုရာရောက် သီတဂူဆရာတော်

နောက်ကျတော့မှ ဂျိန်းတွေက အဲ့ဒီနေရာမှာ ဗုဒ္ဓရဲ့ဖြစ်တော်စဉ် ဇာတ်တော် တချို့ကို ဖျက်ဆီးပစ်လိုက်ပြီးတော့ သူတို့ရဲ့ ဇာတ်တော်တွေကို ထည့်သွင်း တာဖြစ်မယ်လို့'' ဘုန်းကြီးက တွေးကြည့်မိတယ်။ အဲ့ဒီလို ဖျက်ဆီးပြီးတော့ သူတို့ဥစ္စာတွေသွင်းခဲ့တာ အများကြီးပဲ။ နိဂဏ္ဍနာဋ္ဌပုတ္တဆရာကြီးကို ပူဇော် ထားတာတဲ့။

''အဲဒီလို ထွင်းထုထားတဲ့ ရုပ်တုတွေထဲမှာ ဘုန်းကြီးတို့ ဘာတွေတွေ့ တုန်းဆိုလို့ရှိရင် ဂျိန်းဆရာကြီးကို ပူဇော်တဲ့အခန်း။

''ဂျိန်းဆရာဆိုတာ တခြားမဟုတ်ဘူး။ ဘုန်းကြီးတို့ပြောထားတဲ့ 'တိတ္ထိဆရာကြီးခြောက်ယောက်ထဲက နိဂဏ္ဍနာဋ္ဌပုတ္တ 'ကိုပြောတာ။

''အဲဒီ ဂျိန်းဆရာကြီးကို ပူဇော်ဖို့ရန်ဆိုပြီးတော့ နိဂဏ္ဍနာဋ္ဌပုတ္တ ဂျိန်းဆရာကြီးရဲ့ရှေ့မှာ အမျိုးသမီးနဲ့အမျိုးသား ခါးမှာအဝတ်မရှိကြဘူး၊ ရုပ်ပုံတွေ အမျိုးမျိုးထုထားတာ။

''နှောင်းခေတ်မှာ ''ကာမသုတ္တရကျမ်း'' အမျိုးမျိုး ထွက်လာတာ တွေဟာ အဲဒီရုပ်ပုံတွေကို ကူးချပြီးတော့ ထွက်လာသလား မသိပါဘူး။ အလွန် ညစ်ညမ်းတဲ့ပုံတွေ။

www.burmeseclassic.com

www.burmeseclassic.com



"သူတို့ဘုရားကို ပူဇော်တာတဲ့။ ကာမဂုဏ်နဲ့ ပူဇော်ခြင်းသည် အမြတ်ဆုံးပူဇော်ခြင်း ဖြစ်တယ်" ဆိုပြီးတော့ အမျိုးသားနဲ့အမျိုးသမီး တွဲစပ်နေတဲ့ပုံစံမျိုးစုံနဲ့ သူတို့ထုထားကြတာ။

"အဲဒါတွေဟာ ဗုဒ္ဓဘာသာထဲ တဖြည်းဖြည်း ရောရောပြီးတော့ သွားတာ။ မြောက်ပိုင်း တိဘက်ဗုဒ္ဓဘာသာကျတော့ အဲဒါတွေရှိတယ်။ မဟာယာနဗုဒ္ဓဘာသာကျတော့ "ဝေတုလ္လဂိုဏ်း"ထဲမှာ အဲဒါတွေအကုန်ရှိတယ်။

"ဗုဒ္ဓဘာသာဂိုဏ်းကြီး ၁၈–ဂိုဏ်းမှာ "ဝေတုလ္လဂိုဏ်း"ဆိုတာရှိတယ်။ ဝေတုလ္လဂိုဏ်းက ကာမဂုဏ်နဲ့ ဘုရားကိုပူဇော်တဲ့ဂိုဏ်းပဲ။

"အမျိုးသမီးတစ်ယောက်ဟာ မြတ်သောသားရတနာဖွားချင်တယ်၊ အလွန်တရာ ဉာဏ်ကြီးကျယ်တဲ့ သားရတနာဖွားချင်တယ်ဆိုလို့ရှိရင် သူ့ရဲ့ အမျိုးသားယောကျ်ားနဲ့ ဘုရားသွားပြီး ကာမဂုဏ်နဲ့ ပူဇော်ရတယ်။ ကာမဂုဏ်နဲ့ ပူဇော်ပြီးပြီဆိုလို့ရှိရင် အနည်းဆုံးသုံးပေလောက်ရှိတဲ့ ဘုရားဆင်းတုတော်၊ အဲဒီဆင်းတုတော်ပေါ်မှာ အမျိုးသမီးက တက်ပြီးတော့ ထိုင်တယ်။ ထိုင်ပုံထိုင်နည်းက ဘုရားနဲ့ မျက်နှာချင်းအပ်ပြီးတော့ ဘုရားလည်ပင်းဖက်ပြီးတော့ ထိုင်တယ်။ ဒီလောက်ပဲပြောတာ ကောင်းပါတယ်။

"အဓိပ္ပါယ်က မြတ်ဗုဒ္ဓထံကနေ ဗောဓိစိတ်ကို ကူးယူတာတဲ့၊ ဒါမှ အမြတ်ဆုံး သားရတနာလေးဖွားမယ်တဲ့။

"တိဘက်တိုင်းပြည်တစ်ပြည်လုံး ယောကျ်ားမှန်သမျှ ဘုရားအလောင်းချည်းပဲ။ သူတို့က ဘုရားဆုပန်ထားကြတယ်။ ဘုရားဖြစ်အောင်ဆိုပြီး နည်းအမျိုးမျိုးနဲ့ ကြံဖန်လုပ်ကြတာ။

"ဘုန်းကြီးတို့ပရိသတ်များက ဘုရားကြည်ညိုတယ်ဆိုတာ တကယ်မှန်တဲ့ သဒ္ဓါနဲ့ကြည်ညိုကြတာ။ **စနစ်ကျတယ်**၊ သဒ္ဓါတရားဟာ အလွန်သန့်ရှင်းတယ်၊ **မွန်မြတ်တယ်။**

"ဟိုမှာကျတော့ **ဗုဒ္ဓဘာသာ**ဆိုပေမဲ့ **အဲဒီလိုဟာတွေ အများကြီး**ပဲ။ သူတို့သဒ္ဓါတရားဟာ သန့်ရှင်းတယ်လို့ ပြောဖို့ရ**န်ခက်တယ်။**

www.burmeseclassic.com

www.burmeseclassic.com



"ဒီတော့ ဗောဓိခေတ်ရအောင်၊ ဘုရားခေတ်ရအောင်၊ ဝမ်းခေါင်းထဲ ကိန်းအောင်းတဲ့ သန္ဓေသားကလေး ဘုရားလောင်းလေးဖြစ်လာအောင်ဆိုပြီး ဘုရားရှေ့ ကာမဂုဏ်ခံစားတဲ့ပုံ၊ ဘုရားကိုယ်တော်မြတ်ကို လည်ပင်းဖက်ပြီး တော့၊ မျက်နှာချင်းအပ်ပြီးတော့ အမျိုးသမီးက ထိုင်ထားတဲ့ ပုံတွေကို ကြည့်ရ တာဟာ အလွန်စိတ်ပျက်စရာကောင်းတယ်။

"နီပေါမှာဆိုရင် ညစ်ညမ်းတဲ့ပုံတွေကို ကြေးရုပ်ကလေးများထုပြီး တော့ ဆိုင်ပေါ်တင်ပြီးရောင်းသေးတယ်။ မြန်မာပြည်ကလူတွေကို ပြလိုက် ချင်တယ်။ ဘုရားကိုးကွယ်တာဟာ ဘယ်လောက်ညံ့ဖျင်းတဲ့ ကိုးကွယ်ခြင်း တွေ ဖြစ်နေတုန်းဆိုတာ ပြောပြချင်လို့ပါ။

"အဲဒီအရုပ်ကလေးတွေကို ဘုန်းကြီးက ဟိုဘက်ကကြည့်၊ ဒီဘက် ကကြည့်လုပ်နေတော့ ဘုန်းကြီးတို့ရဲ့ ပစ္စည်းလေးပါး ဒါယကာကြီး ဦးဘရီ က "ဆရာတော် ဘာတွေ ရစ်သီရစ်သီ လုပ်နေတုံးတဲ့" လာမေးတယ်။ ဆိုင်ထဲမှာ နည်းတဲ့အရုပ်တွေမှ မဟုတ်ဘဲ။ မျိုးစုံနေတာ။ ဘုန်းကြီးကလည်း "ဒကာကြီးရာ၊ ဒါတွေကြည့်နေတာ မဟုတ်ပါဘူး။ သူတို့အနုပညာတွေ လေ့လာနေတာပါ"လို့ ပြောလိုက်ရတယ်။ ဘုန်းကြီးတို့ ပရိသတ်များကို ပြောစရာတွေ အများကြီးရှိတယ်။"

ဗုဒ္ဓဂယာတွင် မြင်တွေ့ရသည်တို့နှင့်ပတ်သက်၍ အချို့အချက်များ ကိုလည်း ဆရာတော်က လေ့လာဝေဖန်ပြထားသည်မှာ မှတ်သားဖွယ်ဖြစ် သည်။

"ဘုန်းကြီးတို့ တိုင်းပြည်မှာ အနှစ်ပြည့်တယ်။ အခြားတိုင်းပြည်မှာ ရတနာသုံးပါး ရှိတယ်ဆိုပေမယ့် အနှစ်အပြည့်အဝမရှိဘူး။

"မဟာယာနဘုန်းကြီးအချို့ ဘုရားရှိခိုးတာဘယ်လိုလဲ။ မတ်တတ်ရပ် ကနေပြီးတော့ ဝမ်းလျားမှောက်ရှိခိုးကြတယ်။ တရားထိုင်တဲ့အခါမှာလည်း စည်း(သံချွင်)လေးတီးလိုက်၊ နှဲလေးမှုတ်လိုက်နဲ့ တရားထိုင်ကြတယ်။ တရား ထိုင်ပြီးတော့လည်း ညစာလေးလည်း ဘုရားရှေ့ထိုင်ပြီးတော့ စားလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မဟာန့်"ဆိုတဲ့ဟိန္ဒူဘုန်းကြီးက ဒီမဟာဗောဓိစေတီတော်ကြီးဟာ "မဟာဒေဝ"နတ်မင်းကြီးကို ဂုဏ်ပြုပြီးတော့ တည်ထားတဲ့စေတီပဲဆိုပြီး တော့ ဒီစေတီကြီးကို အပိုင်စီးထားတယ်။

"စေတီတော်ကြီးရဲ့ အောက်လိုဏ်ဂူထဲမှာ သျှီဝနတ်မင်းကြီးရဲ့ 'လိင် အင်္ဂါ'ပုံကိုလုပ်ထားတယ်။ မသိတဲ့ပုဂ္ဂိုလ်တွေ ဘုရားဖူးများ၊ သွားတွေ့လို့ရှိရင် "ဒါတွေဟာ ဓော်ဂျီ၊ တပသီတွေ ဆေးကြိတ်တာပဲဟ "ဆိုပြီးတော့ အဲဒီနေရာ မှာ သူတို့ဘုရားပူဇော်တဲ့ ပန်းပွင့်လေးတွေ ကြိတ်ပြီးတော့ နဖူးတောင် သုတ် လာသေးတယ်လို့ ကြားဖူးတယ်။ ဘုရားဖူးတွေ သတိထားကြပါ။

"ဒါကြောင့် မှာလိုက်စမ်းပါရစေ၊ ဘုရားဖူးသွားမယ်ဆိုရင် အရုပ်မြင် တိုင်း ရှိမခိုးကြပါနဲ့၊ အိန္ဒိယရောက်လို့ရှိရင်လေ အရုပ်တွေ့တိုင်း ဘုရားထင် ကာ ကုန်းပြီးတော့ ရှိမခိုးလိုက်ကြပါနဲ့။ စုံစမ်းစစ်ဆေးပြီးမှ ရှိခိုးကြပါ။

"ဆဋ္ဌသင်္ဂါယနာတင်တဲ့ အချိန်တုန်းက မြန်မာပြည်အစိုးရနဲ့ အိန္ဒိယ အစိုးရတို့ အကြိတ်အနယ် ဆွေးနွေးပြီးတော့ အဲဒီမဟုတ်တဲ့ အတုအယောင် တွေကို အကုန်လုံး ဗောဓိစေတီထဲက ထုတ်ပစ်ခဲ့ရတယ်။

"ဒီကနေ့တော့ ဗောဓိစေတီကြီးထဲမှာ အဲဒီလိင်အင်္ဂါကြီး မရှိတော့ပါ ဘူး။ သို့သော် စေတီတော်ကြီးထဲမှာ မရှိပေမဲ့ စေတီရဲ့အပြင်ဘက် ၁၅– ကိုက်၊ ကိုက် ၂၀–လောက်ကွာတဲ့နေရာမှာ အုတ်တိုက်ကလေးတစ်ခုနဲ့ အဲဒါ ကြီးရှိသေးတယ်။ အပြီးအပိုင် ဖယ်လို့မရဘူး။

"ဘာကြောင့် ဖယ်မရသလဲဆိုတော့"မဟာန့်"လို့ခေါ်တဲ့ ဟိန္ဒူဘုန်းကြီး က လက်မခံဘူး။ သူက ဒါကို အဖယ်မခံဘူး။ အတင်းအကျပ်ခံပြီး တရားစွဲ ချင်လည်းစွဲဆိုပြီးနေတော့ သူနဲ့ရန်ဖြစ်နေရတာနဲ့ ဖယ်လို့ကို မရဘူး။

"စေတီတော်ကြီးရဲ့ အတွင်းအပြင်မှာထုထားတဲ့ ဂိုဏ်းရုပ်တွေကိုတော့ အကုန်ဖယ်ပစ်လိုက်တယ်။ အဲဒါတွေကတော့ မရှိတော့ဘူး။ နှစ်ရုပ်တော့ ကျန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"အဝလောကိတေဆွာရ" လို့ခေါ်တဲ့ နတ်ရုပ်တစ်ရုပ်ရယ် နောက်ပြီးတော့ ဘုရားလောင်း နဝ်ရုပ်တစ်ရုပ်ရယ်၊ အဲဒီနှစ်ရုပ်ကျတော့ ဗောဓိစေတီတော်ကြီးရဲ့ အရှေ့မုခ်ကဝဲယာမှာ၊ အဲဒါကတော့ အခုထိရှိသေးတယ်။ တိဘက်ဘုန်းကြီးတွေနဲ့ တိဘက်ဗုဒ္ဓဘာသာ အမျိုးသား၊ အမျိုးသမီးတွေက ဗောဓိစေတီတော်ကြီးဆီ ရောက်လာလို့ရှိရင် စေတီတော်ကြီးကို ဦးသုံးကြိမ်ချပြီးတော့ ခုနက အဝလောကိတေဆွာရနတ်မင်းနဲ့ ဗောဓိသတ္တဘုရားလောင်း အရုပ်ကို အထူးတလည် ပူဇော်ကြတာ၊ ဦးတိုက်ကြတာ။ ဗောဓိပင်ကို ဒီလောက် ဦးတိုက်တာမဟုတ်ဘူး။ အဲဒီဘုရားအလောင်းကို သူတို့က အကြိတ်အနယ် ဦးတိုက်နေကြတာ။ သူဟာ "အရိမေတ္တယျ ဘုရားအလောင်းတဲ့"။ ဒီအရိမေတ္တယျဘုရားအလောင်း ဘုရားဖြစ်တဲ့အခါကျရင် သူတို့တိုင်းပြည်က ဘုရားလောင်းတွေအကုန်လုံး အဲဒီမှာ ဘုရားဆုပန်ကြမှာတဲ့။

"နောက်အဆက်ဆက် ပွင့်သွားမဲ့ဘုရားတွေဟာ တိဘက်ကချည်းပဲတဲ့။ အဲဒါ မှန်းသာကြည့်။ ဟိုမှာ ဘုရားလောင်းတွေ အများကြီးပဲ။ ဘုန်းကြီးတို့ပရိသတ်များ ဘုရားဆု ဘယ်နှစ်ခါပန်ဖူးလဲ။ တိဘက်က ယောက်ျားမှန်သမျှ အကုန်လုံး ဘုရားလောင်းချည်းပဲတဲ့။ ဘုရားဓာတ်ရအောင်လည်း သူတို့နည်းနဲ့သူတို့ ခုနကပြောသလို ယူထားကြတာပေါ့။

"ဒီမှာဘုန်းကြီးတို့ပရိသတ် လူဖြစ်ရတာ အလွန်ကံကောင်းပါတယ်။ ဘာဖြစ်လို့ ကံကောင်းသလဲ။ ရတနာသုံးပါး အစစ်အမှန်ရှိနေလို့ပါ။ ရတနာသုံးပါးပြီးရင် သီလ၊ သမာဓိ၊ ပညာဆိုတဲ့ သိက္ခာသုံးပါး။

"သူတို့ရဲ့ သီလဆိုတာက ခုနကပြောပြီးပါပြီ။ နဲ့လေးမှတ်လိုက်။ ညစာလေး စားလိုက်နဲ့ တရားအားထုတ်တဲ့ သီလမျိုးပဲ။ သမာဓိဆိုတာကလည်း ပညတ်ပေါ်မှာသာလျှင် များစွာရှုတဲ့ သမာဓိမျိုးပဲ။"

## တရုတ်ပြည်၏ သာသနာပြုခရီး

သီတဂူဆရာတော်သည် ဓမ္မဒူတခရီးထွက်ရာတွင် တရုတ်ပြည်၏ သာသနာပြုခရီးမှာ အထူးစိတ်ဝင်စားဖွယ်ကောင်းလှသည်။

www.burmeseclassic.com

www.burmeseclassic.com



တရိပူရ်ဟူသည် အိန္ဒိယနိုင်ငံ၏ အရှေ့မြောက်ပြည်နယ်ခုနစ်ခုတွင် ပါဝင်သော ပြည်နယ်တစ်ခု၏ အမည်ဖြစ်သည်။ တရိပူရ်ပြည်နယ်၏မြောက်ဘက်၊ တောင်ဘက်နှင့် အနောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံနယ်နိမိတ်တည်ရှိသည်။ အရှေ့ဘက်မှာ အိန္ဒိယပိုင် အာသံပြည်နယ်၊ မီဇိုရန်ပြည်နယ်တို့တည်ရှိသည်။ မြို့တော်မှာ အဂတ္တလာ(AGARTALA)ဖြစ်သည်။ အိန္ဒိယနိုင်ငံ၌ တတိယမြောက်အသေးဆုံးပြည်နယ် ဖြစ်သည်။

သီတဂူဆရာတော်သည်၃–၂–၂၀၀၈ နေ့တွင် တရိပူရ်သို့ ကာလကတ္တားမှတစ်ဆင့် ကြွရောက်သည်။ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ ပျဉ်းမနား၊ မုံရွာ စသည်တို့မှ ဆရာတော်၏ တပည့်ဒကာ၊ ဒကာမများ ၆၃–ဦးလည်း လိုက်ပါသည်။

သီတဂူဆရာတော်သည် တရိပူရ်ပြည်နယ်တွင် မိမိဦးဆောင်၍ ရွှေစည်းခုံစေတီတော်ဖြစ်မြောက်ရေးနှင့် သိမ်ကျောင်းဖြစ်မြောက်ရေးအတွက်



သီတဂူဆရာတော်နှင့် မြန်မာဘုရားဖူးအဖွဲ့ဝင်များ (ဉာဏ်အစွန်–ဒေါက်တာဥမ္မာထွန်း)

www.burmeseclassic.com

www.burmeseclassic.com






**တရိုပူရှိ ဓမ္မဒီပ ရွှေစည်းခုံစေတီတော်**

ကြွရောက်ခြင်း ဖြစ်သည်။ ထို့ပြင် ထိုတရိုပူရှိ ဗုဒ္ဓဘာသာဝင်များကို တရား ဓမ္မများ ဟောကြားခြင်းလည်း ပြုသည်။

လမ်းခရီးတွင် ဗုဒ္ဓဘာသာဝင်ရွာများမှလူများက လမ်းဘေးဝဲယာတွင် ဆီမီးခွက်များနှင့် ပန်းများကို ကိုင်ဆောင်လျက် ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိဟုရွတ်ဆို၍ ဆရာတော်နှင့် အဖွဲ့ဝင်များကို ကြိုဆိုဂါရဝပြုကြသည်။

ထိုအကြောင်းကို ရန်ကုန်မြို့၊ တော်ဝင်ဆေးခန်းမှ ဒေါက်တာ ဒေါ်ဥမ္မာထွန်းက မှတ်တမ်းတင်၍ ဆောင်းပါးရေးသားခဲ့သည်။ ထိုဆောင်းပါး ကို မြတ်မင်္ဂလာစာစောင်က အထူးဖော်ပြခဲ့သည်။ ဆောင်းပါး၏ ဖော်ပြချက် အရ–

**"ထိုဒေသတွင် ဓမ္မဒီပအမည်ရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း ရှိသည်။ ထိုကျောင်းဝင်းတစ်နေရာ၌ ရွှေစည်းခုံစေတီပုံတူစေတီတော် ဌာပနာပိတ်ပွဲနှင့် အုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ကျင်းပသည်။ မနုဗ**

www.burmeseclassic.com

www.burmeseclassic.com



ကျူးရွာနှင့် အနီးတဝိုက်ရှိရွာများမှ ဗုဒ္ဓဘာသာဝင်လူမျိုးများနှင့် ဘုန်းတော်ကြီး ၂၅–ပါးခန့်၊ ကိုရင် ၁၂၅–ပါးခန့်တို့ တစ်စုတဝေးတည်း တက်ရောက်ကြသည်။

သီတဂူဆရာတော်က "ဤအနီးအပါးတွင် ဗုဒ္ဓဘာသာဝင်ဦးရေ နှစ်သိန်းခန့်ရှိကြောင်း၊ ဤလူမျိုးများကို မော့ခ် (Mogh) ဟုခေါ်ကြောင်း၊ မော့ခ်ဟူသောစကားမှာ မဂဓဟူသောစကားမှ ဆင်းသက်လာသောစကား ဖြစ်ကြောင်း၊ ဤသူတို့၏ ဘိုးစဉ်ဘောင်ဆက်မှာ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျက အာသံမဏိပူရသို့၊ စစ်ချီခဲ့စဉ် စစ်ပွဲအပြီးတွင် ထိုအရပ်၌ ကျန်ရစ်ခဲ့သည့် မြန်မာလူမျိုးနွယ်များ ဖြစ်ကြသော ရခိုင်၊ ရှမ်း (ခန္တီး)၊ ဗမာ အနွယ်ဝင်များဖြစ်ကြကြောင်း၊ ထို့ကြောင့် စကားပြောဆိုသံမှာ ရခိုင်သံဝဲဝဲဖြင့် ရှေးမြန်မာကြီးများပြောဆိုသည့် လေယူလေသိမ်းအသံမျိုး ဖြစ်နေကြကြောင်း၊ ယခုအချိန်ထိ မြန်မာသင်ပုန်းကြီးဖတ်စာကို ၄င်းတို့ မော့ခ်ဘာသာစကားဖြင့် ဆရာတော်များက သင်ပေးနေကြဆဲဖြစ်ကြောင်း စသည်ဖြင့် အမိန့်ရှိပါသည်။

သီတဂူဆရာတော်တို့ အဖွဲ့ကိုလည်း ထိုအရပ်မှ ရွာသူရွာသားများက မြန်မာပြည်သို့ လာလည်ချင်ကြောင်း၊ ရွှေတိဂုံဘုရားကြီးကို ဖူးချင်လှပါကြောင်း ရခိုင်သံဝဲဝဲဖြင့် ပြောကြပါသည်။ ကျွန်မတို့မှာလည်း ဝေးရပ်မြေတစ်နေရာမှ မိသားစုဝင်များကို ပြန်လည်တွေ့ဆုံရဘိသကဲ့သို့လည်းကောင်း၊ ကိုယ့်မြန်မာလူမျိုး အချင်းချင်း တစ်နယ်တစ်ကျေးတွင် တွေ့ကြရဘိသကဲ့သို့လည်းကောင်း စိတ်ထဲတွင်ခံစားမိကြသည်။

အိန္ဒိယလူဦးရေသန်းပေါင်း ၁၁၁၂–ထဲမှ ယခုကဲ့သို့ မြန်မာမိသားစုဝင်များ၊ ဗုဒ္ဓဘုရားရှင်ကို ကြည်ညိုမြတ်နိုးသူများအား တွေ့ရှိရသဖြင့် အံ့သြဝမ်းမြောက်မိသည်။ ချစ်ခင်လေးစားမိသည်" ဟူ၍ ဒေါက်တာဒေါ်ဥမ္မာထွန်းက ရေးသားတင်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com



သီတဂူဆရာတော်၏သာသနာပြုခရီးမှာ လွန်စွာထိရောက်လှသည်။ အကျိုးရှိလှသည်။

## ဂန္ဓာရခရီး

သီတဂူဆရာတော်သည် ဓမ္မဒူတခရီးပေါင်းများစွာကို သွားရာတွင် ဂန္ဓာရတိုင်းသို့ သွားရောက်ခြင်းသည် အလွန်ထူးခြားသည်။ များစွာအကျိုးရှိခဲ့သည်။ ဂန္ဓာရခရီးမှအပြန်တွင် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ဆောင်းပါးများလည်း ရေးခဲ့သည်။ စာအုပ်လည်းရေးသားထုတ်ဝေခဲ့သည်။

ဆရာတော်၏ ရေးသားဖော်ပြချက်တို့ကို ဖတ်ရှု၍လည်း စာရေးသူသည် များစွာ ဗဟုသုတတိုးပွားခဲ့ရသည်။

သူ၏ဆောင်းပါးတစ်ပုဒ်တွင် ဆရာတော်က "ဂန္ဓာရတိုင်းကို လူတိုင်း သိလွယ်စေရန်ဆိုရလျှင် ယနေ့ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်တို့ကို ဆိုရပေမည်။ သို့သော် သုတေသီပညာရှင်တို့ကမူ သူတို့ ရှာဖွေတွေ့ရှိရသော ကျောက်ဆစ်ရုပ်ကြွ၊ ရုပ်ကြွင်း ကျောက်စာများအရ ပန်ဂျပ်နယ်၊ အိန္ဒိယအနောက်ဘက်မြစ်ဝှမ်း၊ ကဘူးမြစ်ရိုးတစ်လျှောက် ပက်ရှဝါ၊ ဆွတ်၊ စီရ၊




ပါကစ္စတန်နှင့် အိန္ဒိယနယ်စပ်သို့ သီတဂူဆရာတော် ရောက်ရှိစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဝဇီရာတောင်ကြားတစ်လျှောက်နှင့် အနောက်မြောက် အာဖဂန်နစ္စတန် ဟတ္တာတောင်ကြား၊ ဗြဟ္မီယန်တောင်ကြားတစ်ခွင်၊ ယနေ့ အစ္စလာမ်မာဘတ်မြို့အနီး တက္ကသီလာမြို့တော်ဟောင်းနေရာများကို ညွှန်ပြကြသည်။

ခြုံငုံ၍ သိလွယ်အောင်ပြောရလျှင် ပန်ဂျပ်ပြည်နယ် အနောက်ပိုင်းတစ်ခွင်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံ၏မြောက်ပိုင်း (နှစ်နိုင်ငံလုံး၏ထက်ဝက်ကျော်) တစ်ခွင်လုံး၌ စေတီဟောင်း၊ ကျောင်းဟောင်း၊ ဗုဒ္ဓဆင်းတုတော်ဟောင်း မြောက်မြားစွာကို တွေ့ရသောကြောင့် ထိုဒေသကို ဂန္ဓာရဟုခေါ်ဆိုလိုဟန် ရှိလေသည်'' ဟူ၍ ဖော်ပြထားသည်။

ထိုဂန္ဓာရတိုင်းတည်ရှိရာ ပါကစ္စတန်သို့ သီတဂူဆရာတော်တို့အဖွဲ့သည် ၉–၈–၂၀၀၆ နေ့တွင် သွားရောက်ခဲ့ကြသည်။ ပါကစ္စတန်နိုင်ငံ ခရီးသွားလာရေးဝန်ကြီးဌာန ဝန်ကြီး၏ဖိတ်ကြားချက်အရ သွားရောက်ခြင်းဖြစ်သည်။ ဆရာတော်တို့အဖွဲ့တွင် မြန်မာဗုဒ္ဓဘာသာကိုယ်စားလှယ် ၇–ဦးပါဝင်သည်။ သူတို့မှာ (၁) အဖွဲ့ခေါင်းဆောင် သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ (၂) ဒေါက်တာ အရှင်ပုဏ္ဏောဘာသ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ (၃) ဒေါက်တာ အရှင်စန္ဒာသီရိ (သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ (၄) ဒေါက်တာမျိုးမြင့် (ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန)၊ (၅) တမ္ပဝတီဦးဝင်းမောင် (ဗိသုကာနှင့် ရှေးဟောင်းသုတေသန ကျွမ်းကျင်ပညာရှင်)၊ (၆) ဦးဝင်းအောင် (မန်နေဂျင်း ဒါရိုက်တာ၊ Wood land Travel)နှင့် (၇) လှဂုဏ်ရည်ကျော်ဝင်း (ဗီဒီယိုနှင့် ဓာတ်ပုံပညာရှင်) တို့ပါဝင်သည်။

သူတို့သည် ၁၀–ရက်ကြာ လှည့်လည်သွားလာ၍ နေရာပေါင်းများစွာနှင့် ဗုဒ္ဓအနုပညာလက်ရာအမျိုးမျိုးကို မနေမနားလေ့လာ ကြည့်ရှုကြသည်။ ထိုခရီးတွင် အချို့နေရာများမှာ တောင်ပေါ်ခရီးဖြစ်၍ ကားဖြင့်သွား၍မရ၊ ခြေကျင်သွားရသည်။ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဝင်းအောင်က ''သီတဂူဆရာတော်ကြီးရဲ့ ဇွဲသတ္တိနဲ့ အပင်ပန်းခံနိုင်မှုဟာ မှတ်တမ်းတင်လောက်တယ်။

www.burmeseclassic.com

www.burmeseclassic.com





ပသျှဝါမြို့အနီး တောင်ပေါ်မှ ဗုဒ္ဓကျောင်းပျက်များတွင် အမှတ်တရ



Myanmar Delegation and the Minister of Ministry of Religious Affairs

ပါကစ္စတန်ဘာသာရေးဝန်ကြီးနှင့် သီတဂူဆရာတော်ဦးဆောင်သော ဂန္ဓာရဒေသသွား လေ့လာရေးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ခရီးကြမ်းကိုမဆို မရောက်ရောက်အောင် အပင်ပန်းခံပြီး သွားရောက်ကြည့်ရှုလေ့လာတာကို အံ့ချီးမဆုံးဖြစ်မိပါတယ်" ဟူ၍ စာရေးသူကို ဖွင့်ဟပြောဆိုခဲ့သည်။

သီတဂူဆရာတော်သည် သူတွေ့ရှိသော၊ လေ့လာသိရှိသော၊ စူးစမ်းမိသော၊ တွေးခေါ်မိသော အချက်တို့ကို ဆောင်းပါးများတွင် သေချာစွာ ရေးသားဖော်ပြထားသည်။ စာရေးသူအဖို့ မကြားဘူး၊ မကြုံဘူးသော ဗဟုသုတပေါင်းများစွာကို ရရှိခဲ့သည်။

ဆရာတော်ကြီး၏ ဆောင်းပါးများအရ ဇာတ်တော်များတွင်ပါရှိသော အလုဘုရင်မများဖြစ်ကြသည့် ဥမ္မာဒန္တီ၊ ပဘာဝတီတို့၏ မွေးရပ်မြေသည် မဒ္ဒတိုင်း ဖြစ်သည်။ မဒ္ဒတိုင်းဟူသည် ယနေ့ ပန်ဂျပ်ပြည်နယ် ဖြစ်သည်။ ရှေးခေတ်အခါက ထိုတိုင်းသားများသည် ရုပ်ရည်တင့်တယ်သည်။ ရှုချင့်စဖွယ် ဖြစ်သည်။ ယခုမျက်မြင်အနေအထားမှာလည်း ဂန္ဓာရတိုင်း၊ မဒ္ဒတိုင်း၊ ကသ္မီရတိုင်း(ကသ္မျှမီးယား)တို့မှာ ရေရော၊ မြေရော၊ လူတွေပါ ထိုတိုင်းသားစစ်စစ်ဖြစ်လျှင် လှပတင့်တယ်သည်။ ရှုချင်စဖွယ်ဖြစ်သည်ဟု ဆရာတော်က ကိုယ်တွေ့ကို တင်ပြထားသည်။

ဂန္ဓာရတိုင်း၏မြို့တော်ကို ပေါက္ခရဝတီဟု မြို့တည်စက ခေါ်ဆိုခဲ့ကြသည်။ ဘီစီ ၆-ရာစုမှ စတင်တည်ထောင်သည်။ ထိုပေါက္ခရဝတီမြို့ဟောင်းသည် ပက်ရှဝါမြို့အနီး၊ ဗလဟိစာရမြို့နှင့် ဆာစန္ဒမြို့များ၏ တည်နေရာ ဖြစ်သည်။ ဂန္ဓာရသည် ပါရှန်းတို့၏ လက်အောက်သို့လည်း ကျရောက်ခဲ့ဖူးသည်။ အလက်ဇန္ဒားမင်း၊ မိနန္ဒားမင်း(မိလိန္ဒ) အမှူးပြုသော ဂရိတို့လက်အောက်သို့လည်း ကျရောက်ခဲ့ဖူးသည်။ အိန္ဒိယဟိန္ဒူမင်းတို့ လက်အောက်သို့လည်း ကျရောက်ခဲ့ဖူးသည်။ ဘီစီ ၃၂၁-တွင် စန္ဒဂုတ္တမင်းကြီးသည် မောရိယနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ဂရိတို့ကို တွန်းလှန်တိုက်ခိုက်ခဲ့သည်။ အောင်မြင်သဖြင့် မဒ္ဒတိုင်း၊ ဂန္ဓာရတိုင်း၊ ယောနကတိုင်း(မက်ဆီဒိုးနီးယား၊ ဂရိ၊ တူရကီ)အထိ ဩဇာအာဏာလွှမ်းမိုးခဲ့သည်။ တတိယ

www.burmeseclassic.com

www.burmeseclassic.com





ဂန္ဓာရတိုင်း၊ တက္ကသိုလ်မြို့ဟောင်းရှိ ဓမ္မရာဇိက စေတီတော်တွင် အမှတ်တရ



တောင်ပေါ်မှ ကျောက်တောင်ဘုရားကြီးသို့ သွားရောက်လေ့လာကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



မောရိယမင်းဆက်ဖြစ်သော ဗုဒ္ဓဘာသာဝင် အသောကမင်းသည် ယခု ပန်ဂျပ်၊ ကက်ရှမီးယား၊ ပါကစ္စတန်၊ ဂရိနိုင်ငံများတို့အထိ ဗုဒ္ဓသာသနာပြု အဖွဲ့ဝင်များ ပို့လွှတ်ခဲ့ဖူးသည်။ ဂန္ဓာရတိုင်းတွင် ဗုဒ္ဓသာသနာ အထူးပြန့်ပွားခဲ့သည်။

ဂန္ဓာရတိုင်း၏ မြို့တော်ဖြစ်ခဲ့ဖူးသော တက္ကသိုလ်(Taxila)မြို့တော်သည် အလွန်ထင်ရှားခဲ့သည်။ ကမ္ဘာကျော် ဖြစ်ခဲ့သည်။ ဇီဝက၊ အင်္ဂုလိမာလ စသူတို့သည် ထိုတက္ကသိုလ်ကျောင်းထွက်များ ဖြစ်ကြသည်။ ခေတ်တော်ဝေရာ၌ ဦးစီးခဲ့သော ဒေါ်နပုဏ္ဏားကြီးသည် ထိုတက္ကသိုလ်မှ အငြိမ်းစား ပါမောက္ခချုပ် ဖြစ်သည်။

အသောကဘုရင်သည် ဂန္ဓာရတိုင်းတွင် ဗုဒ္ဓအဆုံးအမများကို ပြန့်ပွားစေရုံမျှမက ကျောင်းပေါင်းများစွာကိုလည်း တည်ဆောက်ခဲ့သည်။ စေတီပေါင်းများစွာကိုလည်း တည်ဆောက်ခဲ့သည်။ တက္ကသိုလ်(တက္ကသီလာ)မြို့ အနီးက ဓမ္မရာဇိကစေတီတော်ကြီးမှာ ထူးထူးခြားခြား မှတ်သားဖွယ်ဖြစ်သည်။ ထို့ပြင် ဗုဒ္ဓဘုရားရှင်၏ ခေတ်တော်ပေါင်းမြောက်မြားစွာနှင့် စွယ်တော်တစ်ဆူတို့လည်း ဂန္ဓာရသို့ ရောက်ခဲ့ဖူးသည်။ ယနေ့ တရုတ်ပြည်၌ရှိနေသော ဗုဒ္ဓ၏စွယ်တော်သည် ဂန္ဓာရမှပြောင်းရွှေ့သွားသော စွယ်တော်ဖြစ်ဖွယ်ရှိသည်။

အသောက၏နောက် အုပ်စိုးကြသော သုင်္ဂမင်းများ၊ ကုသျှနမင်းများ၊ ကနိသျှကမင်းများသည်လည်း ဗုဒ္ဓဘာသာဝင်မင်းအဆက်ဆက်တို့ ဖြစ်ကြသည်။ ကနိသျှကမင်းလက်ထက် (ဗုဒ္ဓ၏နောက် နှစ်ပေါင်း ၆၅၀-ခန့်)၌ ထေရဝါဒဗုဒ္ဓသာသနာ ကွယ်ပျောက်၍ မဟာယာနဗုဒ္ဓဘာသာ စည်ပင်ခဲ့သည်။ အေဒီ ၁၀၂၁-တွင် မာမဒ်ဂါဇီ (Mahamud of Ghazni)ဝင်ရောက်သိမ်းယူပြီးသည့်နောက်တွင်ကား ဂန္ဓာရဟူသောအမည်သည် လုံးလုံးပျောက်ကွယ်ခဲ့သည်။ မွတ်စလင်အယူဝါဒ လွှမ်းမိုးလာခဲ့ပေသည်။

သိတဂူဆရာတော်တို့အဖွဲ့သည် ရှေးယခင်က ဂန္ဓာရတိုင်းတွင် ပါဝင်ခဲ့သော အစ္စလာမ်မာဘတ်မြို့၊ ပသျှဝါမြို့၊ သိန္ဓုသီရိမြို့၊ လာဟိုးမြို့များ

www.burmeseclassic.com

www.burmeseclassic.com



သို့လည်း ရောက်ရှိခဲ့ကြသည်။ စေတီတော်ဟောင်း ၅–ဆူ၊ ကျောင်းတိုက်ဟောင်းနေရာ ၂၀၊ ပြတိုက်ပေါင်း ၅–ခုတို့ကိုလည်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ရုပ်ပွားဆင်းတုတော်ပေါင်း မြောက်မြားစွာကိုလည်း ဖူးမြော်လေ့လာခဲ့ကြသည်။ ဆရာတော်တို့၏ လေ့လာချက်အရ ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးသည့်နောက် နှစ် ၆၀၀–ခန့်အထိ ဗုဒ္ဓ၏ ပန်းချီ၊ ပန်းပု၊ ရုပ်တုများ မတွေ့ရှိခဲ့ရပေ။ ဗုဒ္ဓပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း ၇၀၀–ကျော်လောက်တွင်မှ စတင်ထုလုပ်ကြကြောင်း ခန့်မှန်းသိရှိရသည်။

ယနေ့ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန် (ယခင် ယောနကနှင့် ဂန္ဓာရတိုင်း)တို့မှ တွေ့ရသော ဘုရားဆင်းတုတော်များ၏ ရောင်လျှံတော်၊ ဆံပင်တော်အနေအထား၊ မျက်နှာတော်အသွင်အပြင်၊ သင်္ကန်းတင်ပုံ၊ ဟန်အမူအရာတို့မှာ ရှေးဟောင်းဂရိရောမလူမျိုးတို့၏ အသွင်အပြင် အမူအရာအတိုင်း တူညီနေသည်ကို တွေ့ရှိရသည်။

ပညာရှင်အများက ဗုဒ္ဓရုပ်ပွားတော်များကို ဂန္ဓာရဒေသ၌ စတင်ထုလုပ်ခဲ့သည်ဟု ယုံကြည်ကြသည်။ ထိုပညာရှင်တို့က (၁) ရှေးခေတ် အိန္ဒိယအနုပညာလက်ရာများသည် ဂရိနိုင်ငံ၏လက်ရာများကဲ့သို့ နတ်ဘုရား အစရှိသော ကိုးကွယ်ရာများကို လူပုံစံဖန်ဆင်း ထုလုပ်ထားခြင်းမျိုး မဟုတ်ခြင်း၊ (၂) ရှေးခေတ် အိန္ဒိယလက်ရာသည် ကျောက်ထွင်းလက်ရာများဖြစ်ပြီး ဗုဒ္ဓဆင်းတုတော်ကဲ့သို့ ရုပ်တုမဟုတ်ခြင်း၊ (၃) ဗုဒ္ဓပုံတော်များသည် အိန္ဒိယမှုပြောင်းထားသော ဂရိလက်ရာဖြစ်ပြီး ဂရိနတ်တစ်ပါးဖြစ်သည့် အပိုလိုရုပ်တုပုံနှင့် တူခြင်းတို့ကိုထောက်ဆ၍ ကောက်ချက်ချခြင်း ဖြစ်သည်။

အဖွဲ့ဝင် ဦးဝင်းအောင်က “ပါကစ္စတန်နိုင်ငံသားတွေဟာ လေးစားချီးကျူးဖွယ်ကောင်းလှပါတယ်။ ဂန္ဓာရဒေသဟောင်းမှာရှိတဲ့ ဗုဒ္ဓဘုရားရှင်ကိုပူဇော်ထားတဲ့ အနုပညာလက်ရာဟောင်းတွေကို တာဝန်ရှိတဲ့ အစိုးရကအမြတ်တနိုး ထိန်းသိမ်းစောင့်ရှောက်ထားသလို ပြည်သူတွေကလည်း မဖျက်

www.burmeseclassic.com

www.burmeseclassic.com



ဆီးဘဲ အမြတ်တနိုး ဝိုင်းဝန်းစောင့်ရှောက်ထားတာကို လေးစားချီးကျူးဖွယ် တွေ့ရပါတယ်'' ဟူ၍ စာရေးသူကို ဖွင့်ဟပြောဆိုခဲ့သည်။

သီတဂူဆရာတော်၏ ဤ႑ဂန္ထာရခရီးသည် ငြိမ်းချမ်းရေး၊ ချစ်ကြည်ရေးအတွက် များစွာ အကျိုးပြုနိုင်ခဲ့သည်။ ထို့ပြင် မကဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့အတွက်လည်း သမိုင်း၊ ယဉ်ကျေးမှု အနုပညာလက်ရာတို့ကို အထူးသိရှိ လေ့လာခွင့်ရခဲ့ပေသည်။

## သီတဂူဆရာတော်နှင့် အင်ဒိုနီးရှားနိုင်ငံ

သီတဂူဆရာတော် အရှင်ဉာဏိဿရသည် အင်ဒိုနီးရှားနိုင်ငံ၌ ဗုဒ္ဓသာသနာတော် အခြေခိုင်အောင်လည်း ဦးဆောင်ကြိုးပမ်းခဲ့သည်။

၂၀၀၄–ခုနှစ်မှတ်တမ်းအရ အင်ဒိုနီးရှားနိုင်ငံ၌ လူဦးရေ ၂၁၉–သန်းကျော်ရှိသည်။ ယင်းတို့တွင် မွတ်ဆလင် ၈၈–ရာနှုန်း၊ ပရိုတက်စတင့် ခရစ်ယာန် ၅–ရာနှုန်း၊ ရိုမန်ကက်သလစ် ခရစ်ယာန် ၃–ရာနှုန်း၊ ဟိန္ဒူ ၂–ရာနှုန်း၊ ဗုဒ္ဓ ၁–ရာနှုန်း ပါဝင်သည်။ ထိုသို့ ဗုဒ္ဓဘာသာဝင်ဦးရေ အနည်းဆုံးဖြစ်သောနိုင်ငံတွင် သီတဂူဆရာတော်နှင့် သာသနာပြုများ၏ကြိုးစားမှုကြောင့် အင်ဒို




သီတဂူဆရာတော် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိစဉ်။

www.burmeseclassic.com

www.burmeseclassic.com





အင်ဒိုနီးရှားနိုင်ငံရှိ ရွှေတိဂုံပုံစံတူစေတီ

နီးရှား ဗုဒ္ဓဘာသာဝင်တို့သည် ဆူမာတြားကျွန်းမြောက်ပိုင်း Barastagi မြို့၌ ရွှေတိဂုံပုံစံတူစေတီကို တည်ထားနိုင်ခဲ့သည်။ ယင်းစေတီတော်မှာ ဉာဏ်တော်အမြင့် ၁၃၅–ပေရှိသည်။ ၂၀၀၇–ခုနှစ်တွင် စတင်အုတ်မြစ်ချကာ ၂၀၀၈–၂၀၀၉ ခုနှစ်တွင် ဌာပနာသွင်းခဲ့သည်။ ၂၀၁၀–ပြည့်နှစ်၊ ဩဂုတ်လ ၈–ရက်နေ့တွင် သီတဂူ ဆရာတော်ကိုယ်တိုင်ကြွရောက်၍ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို တင်လှူခဲ့သည်။ (ဆူမာတြားကျွန်းတွင် ယခု စေတီတော်အပြင် ၂၀၀၃–ခုနှစ်က ဉာဏ်တော် ၇၂–ပေရှိ ရွှေတိဂုံပုံတူစေတီတော် တစ်ဆူလည်း တည်ထားပြီးဖြစ်သည်။)

ထိုရွှေတိဂုံပုံတူစေတီတော်၏ ထီးတင်လှူပွဲနှင့်နိုင်ငံတကာ ဗုဒ္ဓဘာသာညီလာခံကို ၂၀၁၀–ပြည့်နှစ်၊ အောက်တိုဘာလ နောက်ဆုံးပတ်တွင် အဆိုပါ အင်ဒိုနီးရှားနိုင်ငံ၊ ဆူမာတြားကျွန်း၌ ကျင်းပပြုလုပ်မည် ဖြစ်သည်။ ထိုပွဲသို့ နိုင်ငံတကာမှ ထေရဝါဒနှင့် မဟာယာနသံဃာအပါး ၁၅၀၀–နှင့် လူပုဂ္ဂိုလ် ၆၅၀–တက်ရောက်မည်ဖြစ်သည်။ ယင်းတို့တွင် မြန်မာနိုင်ငံမှ

www.burmeseclassic.com

www.burmeseclassic.com



သီတဂူဆရာတော်အပါအဝင် သံဃာတော်အပါး ၆၀၀–နှင့် လူပုဂ္ဂိုလ် ၁၀၀– တက်ရောက်ကြောင်း ကြားသိရသည်။

## သီတဂူဆရာတော်နှင့် နာဂစ်မုန်တိုင်း

ယနေ့ မြန်မာနိုင်ငံသည် လူဦးရေ ၅၁–ဒသမ ၅–သန်း ရှိသည်။ မြေဧရိယာ ၆၇၆၅၇၈– စတုရန်းကီလိုမီတာ ကျယ်ဝန်းသည်။ အရှေ့တောင်အာရှကုန်းမြေတွင် အကြီးဆုံးနိုင်ငံဖြစ်သည်။ ဘင်္ဂလားပင်လယ်အော် အရှေ့ပိုင်းတစ်လျှောက်လုံးရှိ မြန်မာကမ်းရိုးတန်းသည် ကီလိုမီတာ ၂၀၀၀–ကျော် ရှည်လျားလွှမ်းခြုံထားလျက်ရှိသည်။

မိုးသည်းထန်စွာရွာသွန်းသည့် နိုင်ငံဖြစ်သည်။ မုတ်သုံရာသီအလယ်ပိုင်းဖွန်လမှ ဩဂုတ်လအချိန်အတွင်း မြစ်ချောင်းများတည်ရှိရာ အရပ်များ၌ ရေလွှမ်းမိုးမှုများ ပုံမှန်ဖြစ်ပေါ်သည်။ ထို့ပြင် မြန်မာနိုင်ငံသည် မုန်တိုင်းဒဏ်၊ မြေပြိုဒဏ်၊ မြေငလျင်ဒဏ်စသည့် သဘာဝဘေးများနှင့်လည်း မကြာခဏ ကြုံတွေ့ရသည်။ တစ်ဖက်ကလည်း မိုးခေါင်ရေရှားမှုများကို မကြာခဏ ကြုံတွေ့ရသည်။



နာဂစ်မုန်တိုင်းသင့် ဒုက္ခသည်များအတွက် သီတဂူဆရာတော် ဦးဆောင်လှူဒါန်း

www.burmeseclassic.com

www.burmeseclassic.com





နာဂစ်မုန်တိုင်းခံ အပျက်အစီးများ

၂၀၀၈–ခုနှစ်၊ မေလ ၂–ရက်နှင့် ၃–ရက်နေ့တွင် မြန်မာနိုင်ငံသည် မကြုံစဖူး ထူးကဲသောမုန်တိုင်းဒဏ်ကို ခံလိုက်ရသည်။ ထိုနှစ်ရက်တွင် မြန်မာနိုင်ငံကို ဖြတ်သန်းတိုက်ခိုက်လိုက်သော အဆင့်–၃ နာဂစ်မုန်တိုင်းသည် ရန်ကုန်သို့ အနောက်တောင်ဘက် ၂၅၀–ကီလိုမီတာအကွာရှိ ဧရာဝတီတိုင်းဒေသကြီးမှ စတင်ဝင်ရောက် တိုက်ခတ်ခဲ့သည်။

မုန်တိုင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ရန်ကုန်မြို့အပါအဝင် မြို့နယ် ၅၀–ကျော် ထိခိုက်ပျက်စီးခဲ့ရသည်။ ၁–နာရီလျှင် ကီလိုမီတာ ၂၀၀–ကျော်နှုန်း ပြင်းထန်စွာ လေတိုက်ခဲ့သည်။ မိုးကလည်း သည်းထန်စွာ ရွာသွန်းခဲ့သည်။ ထိုထိုဒဏ်တို့ကြောင့် ဒီရေလှိုင်းများသည် ၁၂–ပေကျော်အမြင့် ထကြွခဲ့သည်။ ထို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသတွင် ပိုမိုဆိုးရွားစွာခံခဲ့ရသည်။ သေကျေပျက်စီးခဲ့ရသည်။ နာဂစ်မုန်တိုင်းသည် မြန်မာနိုင်ငံ၏သမိုင်းတွင် အကြီးမားဆုံး သဘာဝကပ်ဘေးကြီးဖြစ်သည်။ အာရှတိုက်တွင် ၁၉၉၇–ခုနှစ် နောက်ပိုင်း၌ ပျက်စီးမှုအကြီးမားဆုံး မုန်တိုင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၈-ခုနှစ်၊ ဇွန်လ ၂၄-ရက် အထိ တရားဝင်ကိန်းဂဏန်းများအရ သေဆုံးသူလူ ၈၄၅၇၇-ဦး ရှိသည်။ ပျောက်ဆုံးသူ ၅၃၈၃၆-ဦး ရှိသည်။ ထိခိုက်ဒဏ်ရာရသူ ၁၉၃၅-ဦး ရှိသည်။ အကဲဖြတ်လေ့လာမှု အချက်အလက်များအရ မုန်တိုင်းဒဏ်သင့် မြို့ငယ်များတွင်နေထိုင်သော လူပေါင်း ၇-ဒသမ ၃၅-သန်းရှိသည့်အနက် ၂-ဒသမ ၄-သန်းကျော် ဆိုးရွားစွာ ထိခိုက်ဆုံးရှုံးမှု ရှိခဲ့သည်။

ထို့ပြင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမို သေဆုံးခဲ့ကြောင်း တွေ့ရသည် ။ ထို့ကြောင့် မိသားစုရပ်တည်မှုကို ထိပါးစေခဲ့သည်။ ကလေးများ အသေအပျောက်မှာလည်း များပြားသည်။ မုန်တိုင်းဒဏ်ကြောင့် အိုးအိမ်မဲ့ခဲ့ရသူ ၈-သိန်းခန့်ရှိမည်ဟု ခန့်မှန်းရသည်။ မုန်တိုင်းပြီးစကာလများတွင် မြစ်ဝကျွန်းပေါ်ဒေသရှိ ဒုက္ခသည်စခန်းများနှင့် ယာယီခိုလှုံရာဒေသများတွင် လူပေါင်း ၂၆၀၀၀၀-ခန့် ခိုလှုံခဲ့ရသည်။

မုန်တိုင်းဒဏ်ခံရသည့်နေရာများတွင် လူနေအိမ်များ၊ လယ်ကွင်းများအားလုံးနီးပါး ပျက်စီးခဲ့သည်။



နာဂစ်ဒဏ်ခံစားရသောဒေသ၌ တည်ဆောက်ပေးသော ဆေးရုံတွင် သီတဂူဆရာတော် ညွှန်ကြားနေစဉ်။

www.burmeseclassic.com

www.burmeseclassic.com





နာဂစ်ဒဏ်ခံ ဒေသများသို့ သီတဂူဆရာတော် ကြွရောက်လေ့လာစဉ်။

ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးရှိ ၃၇–မြို့နယ်မှာ မုန်တိုင်းကြောင့် အထူးပျက်စီးဆုံးရှုံးခဲ့ရသည်။ မုန်တိုင်းဒဏ်သင့် ဧရာဝတီတိုင်းဒေသကြီး၏ အကျယ်အဝန်းမှာ ၂၃၅၀၀–စတုရန်းကီလိုမီတာရှိ၍ လက်ဘနွန်နိုင်ငံ၏ နှစ်ဆခန့်ရှိသည်။

ထိုအချိန်က သီတဂူဆရာတော်သည် ဩစတြေးလျသို့ ခေတ္တရောက်နေသည်။ မုန်တိုင်းသတင်းကို ကြားသိရသောအခါ ရှေ့ဆက်ရမည့် ခရီးစဉ်များကို ဖျက်သိမ်းလိုက်သည်။ မြန်မာပြည်သို့ အမြန်ဆုံးပြန်လာသည်။ မပြန်လာမီကပင် ရန်ကုန်နှင့် စစ်ကိုင်းမြို့များမှ ဒါယကာ၊ ဒါယိကာမများနှင့် သီတဂူဥပဋ္ဌာကနှင့် ကပ္ပိယကာရကအဖွဲ့များကို ကယ်ဆယ်ရေးလုပ်ငန်းများအတွက် အသင့်ပြင်ဆင်ထားရန် ဖုန်းဖြင့် နှိုးဆော်ထားခဲ့သည်။

သီတဂူဆရာတော်က "မုန်တိုင်းဒဏ်ခံရတဲ့ အဖြစ်ဆိုးကြီးဟာ တစ်သက်မှာ တစ်ခါကြုံခဲ့ရတဲ့ အလွန်ဝမ်းနည်းကြေကွဲဖွယ် အဖြစ်ဆိုးကြီးတစ်ရပ်ဖြစ်တယ်။ ဤတစ်သက်မှာ ဤအဖြစ်မျိုး နောက်တစ်ဖန် မကြုံတွေ့ပါရစေနဲ့လို့ ဆုတောင်းမိပါတယ်။ ထို့ပြင် နောင်ဘဝဆက်တိုင်းမှာလည်း ဤမျိုး

www.burmeseclassic.com

www.burmeseclassic.com



လောက် ဝမ်းနည်းကြေကွဲဖွယ်ကောင်းတဲ့ စီးပွားပျက်၊ ဆွေမျိုးပျက်၊ မိသားစုပျက်၊ ကျန်းမာရေးပျက်၊ ကိုယ်ကျင့်သီလပျက်၊ ဘာသာရေးပျက်၊ လူမှုရေးပျက်ဆိုတဲ့ ပျက်စီးခြင်းအမျိုးမျိုးတို့ကို ဘယ်ဘဝမှာမှ မမြင်တွေ့ရပါစေနဲ့လို့ ဆုတောင်းမိပါတယ်။ ထို့ပြင်လည်း မည်သည့်လူသားတစ်စုံတစ်ယောက်မျှ ဤကဲ့သို့သော ပျက်စီးခြင်းမျိုးစုံတို့ကို ဘယ်ဘဝမှာမှ မမြင်တွေ့ရပါစေနဲ့လို့ ဆုတောင်းမိပါတယ်။

"ဘုန်းကြီးကိုယ်တိုင် ဒီလိုပျက်စီးခြင်းမျိုးတို့ကို မထိတွေ့မခံစားရစေကာမူ မိမိနိုင်ငံသူ၊ နိုင်ငံသား၊ ရဟန်းရှင်လူအများတို့ ဤမျှ စပ်ခါးစူးရှသော ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲတို့ ခံစားရတဲ့အဖြစ်ကို သိရှိမြင်တွေ့ရတဲ့အခါ မိမိနှလုံးသားမှာလည်း ထိုဒုက္ခသည်များနှင့်မခြား အပ်သွားတစ်ရာဖြင့် ထိုးဆွခံရသည့်အလား ပြင်းစွာသော ဝေဒနာကို စူးစူးရှရှ ခံစားရပါတယ်။ ပြင်းစွာသော နှလုံးသားရဲ့တုန်လှုပ်ခြင်းကို မည်သို့တိုင်းတာရမယ်မသိ ဖြစ်ရပါတယ်။ ဒါကြောင့် ထိုဒုက္ခသည်တို့၏ဒုက္ခကို ငါသည် မည်မျှလောက် မည်သည့်နည်းဖြင့် စောင့်ရှောက်ကူညီရပါအံ့နည်းလို့ အလေးအနက်စဉ်းစားမိခဲ့ပါတယ်" ဟူ၍ ဖွင့်ဟမိန့်တော်မူခဲ့သည်။

သို့ဖြင့် သီတဂူဆရာတော်သည် မြန်မာနိုင်ငံသို့ အမြန်လာပြီး မေလ ၈–ရက်နေ့ညနေတွင် သီတဂူအဖွဲ့ကို အရေးပေါ်အစည်းအဝေးခေါ်သည်။ ကရုဏာလမ်းကြောင်းကို တည်ဆောက်ကြရန်၊ ထိုလမ်းကြောင်းပေါ်မှာ လက်တွဲလမ်းလျှောက်ကြရန်၊ ကရုဏာ၏သရုပ်ကို ပေါ်လွင်စေဖို့၊ ဒုက္ခရောက်သူတို့ကို စောင့်ရှောက်ဖို့ လက်တွေ့ဆောင်ကြရန် မူစနစ်ကို ချမှတ်ခဲ့သည်။ ပါဠိဘာသာဖြင့်ပြောရလျှင် မနောကံကရုဏာမှ ကာယကံမြောက်ကရုဏာအလုပ်ကို လုပ်ကြရန်ဖြစ်သည်။

"လုပ်နိုင်စွမ်းရှိသူတို့၊ လုပ်ငန်းကျွမ်းကျင်စွာလုပ်တတ်သူတို့အဖို့မှာ လုပ်ချင်စိတ်ရှိဖို့ အရေးကြီးပါတယ်။ လုပ်ချင်စိတ်ပင်ရှိသော်လည်း

www.burmeseclassic.com

www.burmeseclassic.com





နာဂစ်မုန်တိုင်းဒဏ်ခံ ပြည်သူများကို အားပေးတော်မူနေသော သီတဂူဆရာတော်

လုပ်နိုင်စွမ်းမရှိလျှင်၊ မလုပ်တတ်လျှင် ထိထိရောက်ရောက် အကျိုးမသက်ရောက်နိုင်ပါဘူး။ ဒါကြောင့် သီတဂူအဖွဲ့နဲ့ သီတဂူ၏တပည့်တို့ကို ဤသုံးချက်ဖြင့် လုပ်ငန်းခွင်၊ သို့မဟုတ် ဒုက္ခရောက်သူတို့ရဲ့ နယ်မြေသို့ တွန်းပို့လိုက်ပါတယ်" ဟု မိန့်တော်မူသည်။

သီတဂူဆရာတော်သည် မုန်တိုင်းဒဏ်ခံ ပြည်သူများအား ကယ်ဆယ်ရေး၊ ကူညီရေး၊ စောင့်ရှောက်ရေး၊ အလှူငွေနှင့်ပစ္စည်းများ ရရှိရေးတို့ကို စနစ်တကျဆောင်ရွက်တော်မူသည်။ ရှေးဦးစွာ ဘိုကလေးမြို့၊ ကွမ်းသီးချောင်းကျေးရွာ၊ သီတဂူဓမ္မဝိဟာရ၌ ရှေ့တန်းစောင့်ရှောက် ကူညီရေး စခန်းဖွဲ့လိုက်သည်။ တစ်ဖက်ကလည်း ရန်ကုန်၊ မြောက်ဒဂုံသီတဂူသာသနာပြုဗိမာန်၌ ကယ်ဆယ်စောင့်ရှောက်ရေး ဗဟိုဌာနချုပ် ဖွင့်လှစ်သည်။ ထိုဌာနချုပ်နှင့် ရှေ့တန်း ပြည်တွင်းနှင့်ပြည်ပ အဆက်မပြတ် ဆက်သွယ်ပြေးလွှား၍ ဆောင်ရွက်စောင့်ရှောက်လှူဒါန်းရေးကို ဆောင်ရွက်သည်။

လူနာများအား ဆေးကုသရေးနှင့် ပတ်သက်၍ သီတဂူအဖွဲ့တွင် ပါဝင်သူများထဲတွင် စာရေးသူ၏မိတ်ဆွေ ဒေါက်တာဒေါ်ဥမ္မာထွန်းလည်း

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်သည်။ ဆရာမသည် တော်ဝင်အထူးကုဆေးခန်းမှ ဆရာဝန်မကြီး တစ်ဦးလည်း ဖြစ်သည်။ မင်္ဂလာဗျူဟာအသင်းချုပ်တွင် အမှုဆောင်အဖြစ် လည်းကောင်း၊ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ် (သန်လျင်)တွင် အမှုဆောင်တစ်ဦးအဖြစ်လည်းကောင်း သာသနာပြုလုပ်ငန်း တွင် ပါဝင်နေသူတစ်ဦးဖြစ်သည်။

## ဒေါက်တာဥမ္မာထွန်း ကိုယ်တွေ့

သူတို့အဖွဲ့ လူနာများပြုစုစောင့်ရှောက်ရေးလုပ်ငန်းများ ဆောင်ရွက် ကြပုံကိုယ်တွေ့ကို ဒေါက်တာဒေါ်ဥမ္မာထွန်းက ဤသို့ပြောပြသည်။

“၂၀၀၈–ခု၊ မေလ ၁၁–ရက်နေ့ နံနက် ၆–နာရီမှာ သီတဂူဆရာ တော် ဦးဆောင်တဲ့ ကျွန်မတို့အဖွဲ့ဝင် ၄၀–ကျော်ပါတဲ့ လူနာပြုစုရေးအဖွဲ့ များဟာ ရန်ကုန်မြို့၊ သီတဂူသာသနာ့ဗိမာန်တော်မှာ ကားကြီးကားငယ် အသွယ်သွယ်ဖြင့် ခရီးစတင်ထွက်ခဲ့ပါတယ်။ ရန်ကုန်မှ ဘိုကလေးသို့ လေးနာရီခွဲကြာမျှ မောင်းနှင်ခဲ့ကြရပြီး ဘိုကလေးမရောက်မီ မြို့ပြင်ရှိ ပေါ်တော်မူဘုရားကျောင်းဝင်းထဲက ဘုန်းတော်ကြီးကျောင်းမှာ ခေတ္တတည်းခို ကြပါတယ်။

တည်းခိုတဲ့နေရာမှာပဲ ကဒိုကနိ ကျေးရွာအပါအဝင် ပတ်ဝန်းကျင် ကျေးရွာများသို့ လိုအပ်မည့် ဆန်၊ ဆီ၊ ဆေးဝါး၊ နဝကမ္မငွေများကို ဆရာ တော်နှင့်အဖွဲ့က အချိုးကျခွဲဝေပေးပါတယ်။

ကျေးရွာအသီးသီးရှိ ဆေးရုံဆေးပေးခန်းများအတွက် လိုအပ်တဲ့ ဆေးဝါးများ၊ အမိုးအကာများ၊ သောက်ရေသန့်ဘူးများ၊ အစားအသောက် များကို ခွဲတန်းချ၍ မျှဝေပေးပါတယ်။ ဆရာတော်က ကျွန်မတို့ဆရာဝန်အဖွဲ့ ကိုလည်း အဝတ်အစားအပိုတစ်စုံစီ ယူသွားခိုင်းပြီး လူနာများကို အစွမ်း ကုန်ပြုစုစောင့်ရှောက်ပေးဖို့ မှာကြားတော်မူပါတယ်” ဟူ၍ ဒေါက်တာ ဒေါ်ဥမ္မာထွန်းက ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဒေါ်ဥမ္မာထွန်းတို့ လူနာများပြုစုစောင့်ရှောက်ရေးအဖွဲ့သည် ညနေ ၅–နာရီခန့်တွင် ဘိုကလေးမှ ကဒုံကနီကျေးရွာသို့ စက်လှေဖြင့် ခရီးဆက်ခဲ့ကြသည်။ ချောင်းရိုး၊ မြစ်ရိုးတစ်လျှောက်တွင် အလောင်းများမှာ ရေတွက်၍မနိုင်လောက်အောင်ပင် ပြည့်ညှပ်လျက်ရှိသည်ကို သူတို့တွေ့မြင်ကြရသည်။

“သားငယ်များကို ရင်ဝယ်ပိုက်ထားလျက် သေဆုံးနေရှာသော မိဘများကိုလည်း တွေ့ရတယ်။ ကျွန်းပေါ်သို့ ခြေတစ်လှမ်း တက်လုတက်ခင် အနေအထားနဲ့ သေဆုံးနေတဲ့ အလောင်းများလည်း တွေ့ရပါတယ်။ ကျွန်းများကို ဖြတ်လာစဉ် လက်နှိပ်ဓာတ်မီးရောင် တလက်လက်နဲ့ အလောင်းများမှ ရွှေ၊ ငွေ ပစ္စည်းများကို လိုက်လံရှာဖွေ ယူငင်နေကြသူများကိုလည်း တွေ့ရပါတယ်” ဟု ဒေါက်တာ ဒေါ်ဥမ္မာထွန်းက ပြောပြသည်။

သီတဂူဆရာတော်ကြီးနှင့် ဆရာဝန်များအဖွဲ့သည် ထိုနေ့ည ၁၀–နာရီခွဲခန့်တွင် ကဒုံကနီကျေးရွာသို့ ဆိုက်ရောက်ကြသည်။ သီတဂူဆရာတော်ကိုယ်တိုင် ကြွလာမည်ကို သိကြသဖြင့် ရွာလုံးကျွတ်၊ ကမ်းလုံးညွတ်မျှ အားကိုးတကြီးဖြင့် လာရောက်ကြိုဆိုကြသည်။




ကဒုံကနီတွင် ဆိုက်ကားဖြင့် လှည့်လည်နေသော သီတဂူဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှာ အိမ်ခြေ ၁၀၀၀–ကျော်ရှိသည့် ရွာကြီးဖြစ်သည်။ ထိုရွာ၌ ညသန်းခေါင် ၂–နာရီခွဲခန့်အထိ အထွေထွေလူနာပေါင်း ၉၀–ကျော်ကို ဆရာဝန်များအဖွဲ့က ပြုစုကုသပေးကြရသည်။ လတ်တလော ခွဲစိတ်ဖြတ်ချုပ်ရမည့် လူနာများကို အာရှတော်ဝင်ဆေးခန်းမှ ဒေါက်တာ ဦးခင်မောင်ဆွေ၊ ဒေါက်တာ မိုးအောင်ကျော်နိုင်တို့က ကုသပေးသည်။ ဒဏ်ရာရသူများကို ဆေးထည့်ပြုစုပေးရာတွင် သီတဂူဆရာတော်ကိုယ်တိုင် နံဘေးမှ ရပ်လျက် အားပေးစကား ပြောကြားသည်။ ခေါက်ဆွဲထုပ်များ၊ ကွေကာအုပ်ထုပ်များ၊ မုန့်ထုပ်များကို ဝေငှပေးသည်။ လူနာများကို ကူညီဖေးမပေးသည်။ လူနာများသည် ဆရာတော်ကို ကြည်ညိုမြတ်နိုးရုံသာမက အားကိုးတကြီးလည်း ရှိကြသည်။

ဒေါက်တာ ဒေါ်ဥမ္မာထွန်းတို့အဖွဲ့သည် နောက်တစ်နေ့ဖြစ်သော မေလ ၁၂–ရက်နေ့ တစ်နေ့တာလုံး လူနာပေါင်း ၃၀၀–ကျော်ကို ဆေးကုသကြရသည်။ ထိုအချိန်တွင် ဆရာတော်သည် အမာ၊ ပိုးတီကွဲစသော ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများမှ ဘုန်းတော်ကြီးများနှင့် တွေ့ဆုံသည်။ လိုအပ်သည်များကိုလည်း ဖြည့်ဆည်းပေးနေသည်။ မိမိကိုယ်တိုင်လည်း ဒေသခံများနှင့်အတူ ပင်လယ်ဝအနီးထိ စက်လှေငယ်များဖြင့် ကြွရောက်သည်။ တိုက်နယ်ဆေးရုံရှိ ပြုပြင်ရမည့်အခြေအနေများကိုလိုက်လံကြည့်ရှုသည်။

အထူးသဖြင့် စာသင်ကျောင်းများ အမိုးအကာရရှိရေးကို ဆရာတော်ကိုယ်တိုင် ဦးစားပေး၍ ဖြည့်ဆည်းပေးနေသည်ကို ဒေါက်တာ ဒေါ်ဥမ္မာထွန်းတို့တွေ့ရသည်။

"ကျွန်မတို့အနေဖြင့် ဆရာတော် မကြာမကြာရွတ်ဆိုလေ့ရှိတဲ့ "ငါတို့ဖြစ်ရ၊ ဤလောကဝယ်၊ ဘဝသမိုင်း၊ မရိုင်းစေရန်၊ စိတ်မာန်မချ၊ မာနမပါ၊ တို့စွမ်းရာဖြင့်၊ တို့သာသနာ၊ တို့ပြည်ရွာကို၊ သာယာစေမှု

www.burmeseclassic.com



လုံ့လပြုအံ့" ဟူသော သီတဂူအဓိဋ္ဌာန်စွတ်ဆိုသံကို ကြားယောင်လျက် ရှိပါတယ်။ အပြောနဲ့အလုပ်ညီတဲ့ ဆရာတော်ပါတကားလို့ ကျူးရင့်မိပြီး အကြိမ်ကြိမ် ရှိခိုးဦးညွှတ်မိပါတယ်" ဟူ၍ ဒေါက်တာ ဒေါ်ဥမ္မာထွန်းက ဤစာရေးသူကို ဖွင့်ဟပြောဆိုခဲ့ပေသည်။

ဤသို့ ဆေးဝါးကုသပြုစုစောင့်ရှောက်ရေးကို ဆောင်ရွက်ရင်း တစ်ဖက်ကလည်း ဆရာတော်သည် နည်းအမျိုးမျိုးဖြင့် မုန်တိုင်းဒဏ်ခံ ပြည်သူများအား ပစ္စည်းအမျိုးမျိုးကို ပေးဝေလှူဒါန်းခြင်းလည်း ပြုခဲ့သည်။ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံများ၊ စာသင်ကျောင်းများ စသည်တို့ကို လည်း အလျင်အမြန် ဆောက်လုပ်ပေးရန် စီစဉ်သည်။ ရေစက်၊ ရေကန်များ ကိုလည်း ပြုပြင်ပေးရန် စီစဉ်သည်။

## ကျပ်ငွေ ၈.၈–ဘီလျံလှူဒါန်း

ပြည်တွင်းနှင့် ပြည်ပမှ စေတနာရှင်များ၏ အလှူငွေများဖြင့် သာမက မိမိပိုင် ဓမ္မပူဇာမှရရှိသောအလှူငွေများဖြင့်လည်း ကူညီစောင့်ရှောက် လှူဒါန်းခဲ့သည်။




www.burmeseclassic.com

www.burmeseclassic.com



လှူဒါန်းမှုတို့မှာ –

(၁) ကျေးရွာပေါင်း ၁၅၀၀–သို့ ဆွမ်းဆန်တော်အိတ်ပေါင်း ၄၀၀၀၀–ကျော် (တန်ဖိုး ကျပ်ငွေသိန်းပေါင်းခြောက်ထောင်)၊

(၂) အဝတ်အထည်၊ အစားအစာ၊ သောက်ရေသန့်၊ ဆေးဝါးနှင့် အိုးခွက်ပန်းကန်ပစ္စည်းမျိုးစုံ၊ ကားအစီးရေ ၅၀၀–စီး (ခန့်မှန်းတန်ဖိုး ကျပ်ငွေသိန်းပေါင်းလေးသောင်းခြောက်ထောင်)၊

(၃) ဘုန်းတော်ကြီးကျောင်းပေါင်း၂၂၆၄– ကျောင်းအတွက် သွပ်အချပ်ရေ ၂၄၅၈၀၀–ချပ် (တန်ဖိုးကျပ်သိန်းပေါင်း ခုနစ်ထောင့်ငါးရာ ခုနစ်ဆယ်သိန်း၊ လေးသောင်းခြောက်ထောင်)၊

(၄) ဘုန်းတော်ကြီးကျောင်းပေါင်း ၂၂၆၄–ကျောင်းအတွက် တစ်ကျောင်းလျှင် ကျပ်တစ်သိန်းစီ နဝကမ္မလှူဒါန်းငွေ (စုစုပေါင်းကျပ်သိန်းပေါင်း နှစ်ထောင့်နှစ်ရာခြောက်ဆယ့်လေးသိန်း)

(၅) ရေစက်၊ ရေကန်များ ပြင်ဆင်မှုနှင့် ကဒ့်ကနိသောက်သုံးရေစက်ရုံလှူဒါန်းမှုအလှူ (ကျပ်သိန်းပေါင်း နှစ်ထောင့်ငါးရာနှစ်ဆယ့်နှစ်သိန်း)

(၆) မြို့နယ်၊ တိုက်နယ်ဆေးရုံပေါင်း ၁၂–ရုံသို့ ဆေးရုံသုံးပစ္စည်းမျိုးစုံလှူဒါန်းမှု (တန်ဖိုး ကျပ်သိန်းပေါင်း ငါးထောင့်ရှစ်ရာတစ်ဆယ့်ခြောက်သိန်း၊ နှစ်သောင်းလေးထောင်ရှစ်ရာ့ငါးဆယ်)

(၇) ဟိုင်းကြီးကျွန်းမြို့နယ်ဝန်းကျင်တစ်ခွင် ပျက်စီးသွားသောစေတီများနှင့် ရွှေထီးတော်များ အသစ်တင်လှူခြင်း (တန်ဖိုးငွေကျပ်သိန်းပေါင်းတစ်ထောင်)

(၈) အထက်တန်းကျောင်း ၄–ကျောင်းအတွက် သင်ကြားအထောက်အကူပြုပစ္စည်းများ ကွန်ပျူတာစသည့် လှူဒါန်းမှု (တန်ဖိုးငွေ ကျပ်သိန်းပေါင်းတစ်ထောင်)

(၉) တည်ဆောက်ပြီးစီးသွားသော မူလတန်းစာသင်ကျောင်း ၃–ကျောင်း၏တန်ဖိုး (ကျပ်သိန်းပေါင်းခြောက်ရာ)တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com






လူမျိုး၊ ဘာသာမရွေး ပါဝင်သော ရောဝတီအလှူတော်

www.burmeseclassic.com

www.burmeseclassic.com



သီတဂူ ရောဝတီကရုဏာအလှူတော် စုစုပေါင်းတန်ဖိုးပမာဏမှာ ကျပ်သိန်းပေါင်း ခုနစ်သောင်းနှစ်ထောင့် ခုနစ်ရာ့ခုနစ်ဆယ့်နှစ်သိန်း လှူဒါန်းပြီးဖြစ်သည်။ တစ်နည်းအားဖြင့် သီတဂူက ရောဝတီသို့လှူခဲ့သော ကရုဏာဒါနသည် ကျပ်ငွေ ၈–ဒသမ ၈–ဘီလျံဖြစ်ပေသည်။

"သီတဂူဆရာတော်ဟာ ဤသို့လှူဒါန်းရာမှာ ရပ်နားသည်ဟူ၍ မရှိ။ ပြီးဆုံးပြီလို့ ပန်းတိုင်ဟူ၍မထား။ ဒကာ၊ ဒကာမများက ယုံကြည်စိတ်ဖြင့် လှူနေသရွေ့၊ မိမိလုပ်နိုင်စွမ်းရှိသရွေ့ လိုအပ်သည်များကို ဆက်လက်လုပ်ကိုင် လှူဒါန်းသွားမယ်လို့ ဆုံးဖြတ်ဆောင်ရွက်နေပါတယ်" ဟူ၍ ပါမောက္ခဒေါက်တာ အရှင်ကိတ္တိဗလက ပြောဆိုပေသည်။

မှန်ပေသည်။ မကြာမီက သီတဂူဆရာတော်ဟောပြောသော တရားတစ်ပွဲတွင် "ဘုန်းကြီးတို့ ရောဝတီတိုင်းဒေသမှာ ဆေးရုံ ၁၂–ရုံ လှူဒါန်းဆောက်လုပ်ခဲ့ရာမှာ ဆေးရုံတော်တော်များများဟာ အာထရာဆောင်းရိုက်စက်တွေ လှူဒါန်းထားပေမဲ့ အသုံးမပြုတတ် ဖြစ်နေကြတယ်။ ဒါကြောင့် အဲ့ဒီဆေးရုံက ဆရာဝန်အချို့ကို အာထရာဆောင်းစက် အသုံးပြုတတ်အောင် ရန်ကုန်ခေါ်ပြီး သင်တန်းတက်ဖို့ စီစဉ်ရတယ်။ စက်တွေကို အသုံးပြုတတ်သည်အထိ သင်ပေးခဲ့ရတယ်" ဟူ၍ မိန့်ဆိုသည်။

၂၀၁၀–ပြည့်နှစ်၊ မတ်လထဲတွင်လည်း ဆရာတော်သည် ဟိုင်းကြီးကျွန်းဒေသသို့သွား၍ လိုအပ်သည်များကို ပံ့ပိုးရန် ဆောင်ရွက်တော်မူခဲ့ဖြစ်သည်။

မြန်မာသမိုင်းတွင် ဤသို့ အဆိုးရွားဆုံးသော သဘာဝဘေးရန်မျိုး မကြုံတွေ့ခဲ့ဖူးပေ။ အလားတူပင် ဤသို့သေကျေမှု၊ ပျက်စီးဆုံးရှုံးမှုမျိုးကိုလည်း မကြုံတွေ့ခဲ့ပေ။ တစ်ဖန် ဤသို့ထိရောက်စွာ ဦးဆောင် ကယ်တင်နိုင်သူမျိုးလည်း မပေါ်ပေါက်ခဲ့ဖူးပေ။ ယနေ့ မြန်မာ့လူဦးရေသန်းပေါင်း ၅၀–ကျော်တွင် ဤသို့ ဦးဆောင်ကူညီစောင့်ရှောက်နိုင်သူဟူ၍ သီတဂူဆရာတော်တစ်ပါးတည်းသာ ပေါ်ထွန်းသေးသည်ဟု ခံယူမိသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီတဂူဆရာတော်နှင့် ရေ

သီတဂူဆရာတော်သည် ပြည်သူတို့ဒုက္ခတွေ့လျှင် မရှုရက်နိုင်။ အင်တိုက်အားတိုက် ကူညီဆောင်ရွက်တတ်သော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်မျိုးတွင် ပါဝင်သူဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၀-ပြည့်နှစ်၊ မေလသည် အခါတိုင်းနှစ်များနှင့် မတူ ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ထူးကဲစွာ ခံခဲ့ရသည်။ ထိုဒဏ်ကြောင့် မြို့နယ်အချို့၊ ကျေးရွာအချို့ရှိ ပြည်သူတို့မှာ ရေရှားပါးမှုဒဏ်ကို အလူးအလဲ ခံခဲ့ရသည်။ သောက်စရာရေမရှိ၊ သုံးစရာရေမရှိ ရေပြတ်လပ်မှုဒဏ်ကို ခံခဲ့ရရှာသည်။

ဤတွင် မေတ္တာရှင်များ၊ ကရုဏာရှင်များသည် အဖွဲ့အစည်းများမှ တစ်ဆင့်သော်လည်းကောင်း၊ မိမိတို့ကိုယ်တိုင် တစ်နိုင်တစ်ပိုင် အဖွဲ့အစည်းကလေးများဖွဲ့၍သော်လည်းကောင်း ရေအသုံးလိုသူများကို ရေများလှူဒါန်းကြသည်။ နောင်အချိန်တွင် ဤအခက်အခဲမျိုးမှ ကင်းလွတ်အောင်လည်း အဝီစိတွင်းများ တူးဖော်ပေးကြသည်။ သောက်သုံးရေကန်များ တူးဖော်ပေးကြသည်။ ရေတုံကင်များ တပ်ဆင်ပေးကြသည်။ နည်းအမျိုးမျိုးဖြင့် ကူညီကြသည်။ ထောက်ပံ့ကြသည်။ ဒါနပြုကြသည်။

ဤအခြေအနေမျိုးတွင် ကရုဏာရှင် သီတဂူဆရာတော်သည် မည်သို့ပြုပါသနည်း။ ထိုအချိန်၌ သီတဂူဆရာတော်သည် မြန်မာပြည်၌မရှိ။ အိန္ဒိယပြည်သို့ ဓမ္မဒူတခရီးကြွချီနေသည်။ သို့ရာတွင် အရှင်သည် အိန္ဒိယမှလှမ်း၍ သီတဂူအဖွဲ့ခွဲများ၊ ဒကာ၊ ဒကာမများ၊ တပည့်များကို နည်းမျိုးစုံဖြင့် ရေအလှူဒါနပြုစေသည်။

သီတဂူဆရာတော်၏ စီစဉ်ညွှန်ကြားချက်အရ သီတဂူ ဒေါက်တာအရှင်ပညာသီဟာလင်္ကာရ ဦးစီးသော အဖွဲ့ဝင်များသည် မေလ ၁၃-ရက်နေ့မှစ၍ မေလ ၁၈-ရက်နေ့အထိ ၆-ရက်တိုင်တိုင် သနပ်ပင်မြို့မှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာများသို့ သွားရောက်ကြသည်။ သွားရောက်ရာ၌ လွယ်ကူသည်မဟုတ်။ ကားလမ်းမှတစ်ဆင့် လှည်းလမ်းအတိုင်း နှစ်နာရီခွဲကျော်သွားမှ ရောက်နိုင်သော ကုလားချောင်းလေး၊ ညဏ်ကျွန်း၊ အနီးကိုက်၊ တပ်ခနိမ်၊ မင်းရွာ၊ ပိုက်တန်းရွာ၊ ကမာဘာရွာ၊ လောင်မီးချောင်းဝ စသော ကျေးရွာများသို့ သွားကြသည်။ ထိုကျေးရွာသူ၊ ကျေးရွာသားများသည် ရေနှင့်ဆေးများ အရေးတကြီး လိုအပ်နေကြရှာသည်။

သီတဂူရေအလှူတော် အဖွဲ့ဝင်များသည် ထိုကျေးရွာရှိ လူထုအတွက် သောက်ရေသန့်များ ပေးဝေခဲ့သည်။ ထိုစဉ်က အနီးရှိ ပဲခူးမြို့ပေါ်မှ သောက်ရေသန့်များ လိုသလောက်မရသည့်အတွက် ရန်ကုန်မှတစ်ဆင့် သောက်ရေသန့်များ နေ့စဉ်သယ်ဆောင်ပေးဝေခဲ့သည်။ ခြောက်ရက်အတွင်း သောက်ရေသန့် ဂါလံပေါင်း ၉၀၀၀–ကျော် လှူဒါန်းနိုင်ခဲ့သည်။

ထို့ပြင် သနပ်ပင်မြို့ ပြည်သူ့ဆေးရုံ၊ တိုက်နယ်ဆေးရုံ၊ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့လည်း သောက်ရေသန့်များကို အဆက်မပြတ်ရရှိအောင် ပေးဝေသည်။ စုစုပေါင်း သောက်ရေသန့်ဂါလံပေါင်း ၁၇၂၅၃–ဂါလံကျော်အထိပင် ပေးဝေနိုင်ခဲ့သည်။

ထိုသို့ လှူဒါန်းမှုအတွက် ငွေကျပ်တန်ဖိုးမှာ စုစုပေါင်း ၁၇၀၀၀၀၀–ကျပ်(ဆယ့်ခုနစ်သိန်း)ခန့် ရှိခဲ့သည်။

ထို့မျှသာမက ကဝမြို့နယ်အတွင်းရှိ ညောင်တပင်ရွာ၊ ညောင်ပင်ကန်ရွာ၊ သမန်းကန်ရွာ၊ အောင်သပြေရွာ၊ ကျောင်းတိုက်ရွာ၊ ခနာရွာ၊ သံဒင်းရွာ၊ ခလပ်ရွာ၊ တောင်တဲတိုက်ရွာ၊ အထုံရွာများသို့လည်း သောက်ရေသန့်နှင့် သုံးရေများကို အချိန်မီလှူဒါန်းနိုင်ခဲ့သည်။ ထိုအချိန်က ထိုရွာများသို့ လှူဒါန်းခဲ့သော ရေဂါလံပမာဏမှာ ၁၄၅၀၀–ကျော်ရှိသည်။ တန်ဖိုးအားဖြင့် ၁၀၀၀၀၀၀ (ဆယ်သိန်း)ကျော် ရှိသည်။

ထိုအချိန်က အရေးပေါ်ဆေးဝါးကုသမှု ခံယူနေရသော ဝမ်းလျှော၊ ဝမ်းပျက်လူနာများ၊ အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်နိုင်သော လူနာများ

www.burmeseclassic.com

www.burmeseclassic.com



အတွက်ကိုလည်း သနပ်ပင်မြို့ ပြည်သူ့ဆေးရုံနှင့် ဝေါမြို့ပြည်သူ့ဆေးရုံမှ ဆရာဝန်ကြီးများ၏ ညွှန်ကြားချက်အတိုင်း လိုအပ်သော ဆေးဝါးများ လှူဒါန်းခဲ့သည်။ စုစုပေါင်းဆေးတန်ဖိုးမှာ ၁၁၅၀၀၀၀–ကျပ် (ဆယ့်တစ်သိန်းခွဲ) ကျော် ရှိသည်။

## သီတဂူဆရာတော်၏ ခံယူချက်

သီတဂူဆရာတော်သည် အလွန်ဉာဏ်ထက်မြက်၍ မေတ္တာစေတနာ၊ ကရုဏာစေတနာ ကြီးမားရုံသာမက ဝီရိယလုံ့လအားလည်း အလွန်ကြီးမားသူ ဖြစ်သည်။ တစ်ခါက ဆရာတော်နှင့်အတူ တပည့် အရှင်ပညာနန္ဒ (ရှိန်းမကား)တို့ တရားဟောရန် ခမ္ဘခရီးထွက်ခဲ့သည်။

ထိုသို့ ခမ္ဘခရီးထွက်ရာတွင် ဆရာတော်သည် အများနှင့်မတူအောင် ဝီရိယလုံ့လအား ကြီးမားသည်ကို အံ့ချီးမဆုံး ဖြစ်ခဲ့သည်။ ထိုအကြောင်းကို အရှင်ပညာနန္ဒက "အကြောင်းသိလေလေ၊ ကြည်ညိုလေလေ" ဟူသော ဆောင်းပါးတွင် ဤသို့ရေးသားထားသည်။

**"အများနှင့်မတူအောင် ဝီရိယအား၊ လုံ့လအား၊ ပညာအားတွေ ကြီးမားခဲ့၊ ကြိုးစားခဲ့၍သာ အများနှင့်မတူသည့် သီတဂူဆရာတော် ဖြစ်နေခြင်းပင် မဟုတ်ပါလော။ ခမ္ဘခရီးမှာ မည်မျှ ပင်ပန်းနွမ်းနယ်သည်ဖြစ်စေ၊ ညနေချမ်း ပရိတ်ကြီး ၁၁–သုတ် မှန်မှန်ရွတ်သည်။ နံနက်မှာတော့ ပဋ္ဌာန်းရွတ်လေ့ရှိသည်။**

**ဆရာတော်၏ ဝီရိယအား ဆယ်ပုံထား တစ်ပုံမျှပင် လိုက်မမီခဲ့သည့် မိမိမှာ ရေနံချောင်းမြို့ ဘုရားပွဲညက ထိနမိဒ္ဓအားကြီး၍ ရှက်ခဲ့မိသည်။ တရားပွဲအပြီး ည ၁၁–နာရီထိုးတော့ ဆရာတော်မကျိန်းစက်ခင် မိမိက အရင်အိပ်မောကျခဲ့၏။ နံနက် ၄–နာရီထိုး၍ ဆရာတော့်အသံကြားမှ အိပ်ရာမှ မိမိလန့်နိုးခဲ့သည်။ ဆရာတော်ကို ကြည့်လိုက်တော့ မျက်နှာသစ်ပြီးပြီ။ ပဋ္ဌာန်းရွတ်ပြီးပြီ။ စစ်ကိုင်းကို ဖုန်းဆက်ညွှန်ကြားနေလေ၏။**

www.burmeseclassic.com

www.burmeseclassic.com



"အာယုဒါနဆေးရုံထဲက သစ်ပင်တွေ ရေဂုရှစိုက်လောင်းကြ၊ ရေနံချောင်းတရားပွဲက မင်းတို့အာယုဒါနအတွက် ကြက်သွန်တွေ အများကြီးရတယ်။ ငါစိုက်ခိုင်းထားတဲ့ သစ်ပင်တွေ အကုန်ပြီးအောင် စိုက်ထား၊ ငါပြန်လာရင် သေချာလိုက်ကြည့်မယ်"ဆရာတော့်အသံကြားမှ မိမိ ပျာပျာသလဲထရ၏။

ညဥ့် ၁–နာရီကျိုး၊ နံနက် ၄–နာရီထ၊ သာသနာတော်အတွက် ညွှန်ကြားနေသည့် ဆရာတော်အကြောင်းကို သိလေလေ၊ ကြည်ညိုမိလေလေ ဖြစ်ခဲ့ရသည်" ဟူ၍ ရေးသားဖော်ပြထားသည်။

သီတဂူဆရာတော်သည် ရေအလှူ၊ ဆေးရုံအလှူ၊ ဗုဒ္ဓတက္ကသိုလ်အလှူစသည့် တာဝန်ကြီးမားလှသော အလှူဒါနကြီးများကို ထမ်းဆောင်ရာတွင် သီရိဓမ္မာသောကမင်းကြီး၏ ကျောက်တိုင်များထိပ်က အထိမ်းအမှတ်များကို စံနမူနာပြု၍ ဆောင်ရွက်ကြောင်း သိရှိရသည်။

သီရိဓမ္မာသောကမင်းကြီးသည် ကောလိယတိုင်း၊ ရာမရွာအနီးတွင် စိုက်ထူခဲ့သော ကျောက်တိုင်ထိပ်ပေါ်တွင် နွားလားဥသဘရုပ်ကို တင်ခဲ့သည်။ အဓိပ္ပာယ်မှာ "ငါသည် တိုင်းပြည်နှင့် သာသနာတော်အတွက် နွားကဲ့သို့ သည်းခံ၍ ရုန်းတော့မည်"ဆိုသော ရည်ရွယ်ချက်ဖြင့် စိုက်ထူခြင်းဖြစ်သည်။

သီရိဓမ္မာသောကမင်းကြီးသည် ဗုဒ္ဓဘုရားရှင် ဖွားမြင်တော်မူရာ လုမ္ဗိနီတွင်လည်း ကျောက်တိုင်စိုက်ထူခဲ့သည်။ ထိုကျောက်တိုင်၏ထိပ်ပေါ်တွင် သိန္ဓောမြင်းရုပ်ကို တင်ခဲ့သည်။ "ငါသည်သာသနာနှင့် လူသားတို့အတွက် မြင်းကဲ့သို့ လျင်မြန်သွက်လက်စွာ ဆောင်ရွက်မည်"ဟူသော အဓိဋ္ဌာန်ဖြင့် မြင်းရုပ်ကို ထားရှိခြင်းဖြစ်သည်။

ထို့ပြင် သီရိဓမ္မာသောကမင်းကြီးသည် သင်္ကဿမြို့တံခါးဝတွင် ကျောက်တိုင်တစ်ခု စိုက်ခဲ့ပြန်သည်။ သင်္ကဿမြို့သည် မြတ်စွာဘုရားရှင်

www.burmeseclassic.com

www.burmeseclassic.com





ကျောင်းဝင်းအနှံ့ ကြည့်ရှုနေသော သီတဂူဆရာတော်

အဘိဓမ္မာတရား ဟောကြားပြီးနောက် တာဝတိံသာမှ ဆင်းသက်ရာနေရာ ဖြစ်သည်။ ထိုကျောက်တိုင်ထိပ်တွင် ဆင်ရုပ်ကို အထွတ်တင်ထားသည်။ **"ငါသည် တိုင်းပြည်နှင့်သာသနာတော်အတွက် ဆင်ကဲ့သို့ ခွန်အားအပြည့်ဖြင့် ဆောင်ရွက်မည်"** ဟူသော ရည်ရွယ်ချက်ဖြင့် ဆင်ရုပ်ကို ထားရှိခြင်း ဖြစ်သည်။

ထို့ပြင် သီရိဓမ္မာသောကမင်းကြီးသည် ဗာရာဏသီ၊ မိဂဒါဝုန်တွင် ကျောက်တိုင်ကြီးတစ်တိုင် စိုက်ထူထားပြန်သည်။ မိဂဒါဝုန်မှာ ဗုဒ္ဓဘုရားရှင် ပဉ္စဝဂ္ဂီငါးဦးကို ပထမဦးဆုံးသော တရားတော်ဖြစ်သည့် ဓမ္မစကြာတရားတော်ကို ဟောတော်မူရာ နေရာဖြစ်သည်။ ထိုကျောက်တိုင်ထိပ်တွင်ကား သီဟရာဇာခြင်္သေ့ရုပ်ကို အထွတ်တင်ထားသည်။ **"ငါသည် တိုင်းကျိုးပြည်ကျိုး သာသနာအကျိုး သယ်ပိုးရာ၌လည်းကောင်း၊ တိုင်းပြည်အန္တရာယ်၊ သာသနာ့အန္တရာယ် အသွယ်သွယ်ကို ကာကွယ်စောင့်ရှောက်ရာ၌လည်းကောင်း ခြင်္သေ့ကဲ့သို့ သတ္တိရှိရှိ ပြုလုပ်ဆောင်ရွက်မည်"** ဟူသော "သူရစိတ်၊ ဝီရိယစိတ်တို့ကို ဖော်ညွှန်းသည့်အနေဖြင့် ခြင်္သေ့ရုပ်ကို ထားရှိခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သီတဂူဆရာတော်က "သီရိခေမ္မာသောကမင်းကြီးရဲ့ထုံးကို နှလုံးမူပြီး တိုင်းကျိုးပြည်ပြု၊ သာသနာပြုအလုပ်များကို လုပ်တဲ့အခါမှာ နွားလိုလည်း သည်းခံ၊ မြင်းလိုလည်း လျင်မြန်၊ ဆင်လိုလည်း အားသန်၊ ခြင်္သေ့လိုလည်း ဖွဲ့မာန်သတ္တိထက်ထက်ဖြင့် သွက်သွက်ကြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အဲဒါ ဘုန်းကြီးရဲ့ သာသနာပြုစိတ်ဓာတ် ခံယူချက် ဖြစ်ပါတယ်"ဟူ၍ ဖွင့်ဟ ပြောဆိုပေသည်။

၂၀၁၀–ပြည့်နှစ်၊ မတ်လထဲတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မကွေးဆရာတော်ကြီး ပျံလွန်တော်မူသောအခါ သီတဂူဆရာတော် သည် များစွာ စိတ်မကောင်း ဖြစ်ခဲ့သည်။ အိန္ဒိယတွင် ပညာတော်သင်အဖြစ် ပို့ထားသော သူ၏တပည့်ရဟန်းတော်များအား "မြန်မာနိုင်ငံက လူ့အဖိုးတန် ဆရာတော်ကြီးတွေလည်း ကုန်သလောက်ဖြစ်နေပြီ။ မင်းတို့တတွေလည်း လူ့အဖိုးတန်တွေဖြစ်အောင် ကြိုးစားကြ။ ကိုယ့်တိုင်းကိုယ့်ပြည် ကိုယ့်လူမျိုးနဲ့ ကိုယ့်ဘာသာအတွက် အဖိုးတန်တွေဖြစ်အောင် ကြိုးစားကြ။

"အခုမြန်မာနိုင်ငံမှာ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတွေ လေးသိန်း ကျော်နေပြီ။ သာသနာတော်ရဲ့တာဝန်ကို ထမ်းဆောင်သူကနည်းပြီး သာသနာ က သူတို့ကို ပြန်ထမ်းနေရတာက များနေတယ်။ သာသနာ့ဝန်စည်တွေများ နေတယ်လို့ ဆိုချင်ပါတယ်။ သာသနာနဲ့နိုင်ငံအတွက် အလုပ်မလုပ်ဘဲ စားနေ ရင် မောဃံ ရဋ္ဌပိဏ္ဍံ တိုင်းပြည်ရဲ့ အစားအစာကို အချည်းနှီးစားနေခြင်း ဖြစ်လိမ့်မယ်"ဟူ၍ ဝမ်းနည်းစွာဖြင့် ပြောဆိုခဲ့ပေသည်။

## သီတဂူအမှတ်တံဆိပ်များ

သီတဂူဆရာတော်သည် ဉာဏ်ထက်မြက်ရုံသာမက စိတ်ကူးလည်း ကောင်းလှသည်။ ဆရာတော်သည် မိမိ၏ သာသနာပြုလုပ်ငန်းများကို ဆောင် ရွက်ရာ၌ အမှတ်တံဆိပ်များကိုလည်း သတ်မှတ်အသုံးပြုသည်။ ထိုအမှတ် တံဆိပ်များမှာ ၅–မျိုးရှိသည်။

www.burmeseclassic.com

www.burmeseclassic.com








သီတဂူရေအလှူတော် အမှတ်တံဆိပ် (ဝဲ)
သီတဂူ ဗုဒ္ဓတက္ကသိုလ် အမှတ်တံဆိပ် (ယာ)

ထိုအမှတ်တံဆိပ် ၅–ခုလုံးတွင် တံဆိပ်၏အောက်ခြေ၌ လုပ်ငန်းအလိုက် တည်ထောင်သော ခုနှစ်သက္ကရာဇ်တို့ကို သာသနာနှစ်၊ ခရစ်နှစ်တို့ဖြင့် ဖော်ပြထားသည်။

သီတဂူသာသနာပြုအဖွဲ့၊ သီတဂူရေအလှူတော်နှင့် သီတဂူ အာယုဒါနဆေးရုံ အမှတ်တံဆိပ်များတွင် "သဒ္ဓမ္မစာတ်၊ တရားမြတ်၊ လွှမ်းပတ်ကမ္ဘာတည်ပါစေ" ဟူသော အဓိဋ္ဌာန်ကို ဖော်ပြထားသည်။ ထိုအထက်တွင်ရှိသောကြာပွင့်မှာ မြတ်စွာဘုရားရှင် ပွင့်တော်မူသည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ ကမ္ဘာဦးကပေါ်ထွန်းသည့် ပန်းအဖြစ်လည်းကောင်း အေးချမ်းသည့်နိမိတ်ကို ဆောင်သည့်အနေဖြင့် ဖော်ပြထားသည်။

ကြာပွင့်ကိုဖော်ပြရာ၌ ပွင့်ဖတ် ၇–ဖတ်ကို ဖော်ပြသည်။ ယင်းမှာ ဗောဇ္ဈင် ၇–ပါးကို အဓိပ္ပာယ်ဆောင်သည်။ ကြာပွင့်၏အထက်မှ သီတဂူသာသနာပြုလုပ်ငန်း၏ တည်နေရာနှင့် အမည်တို့ကိုလည်း ဖော်ပြထားသည်။ ခြင်္သေ့နှစ်ကောင်ကိုလည်း ဖော်ပြထားသည်။ ခြင်္သေ့များက ရဲရဲရင့်ရင့် သတ္တိရှိစွာဖြင့် သာသနာကို စောင့်ရှောက်သည်ဟူသော အဓိပ္ပာယ်ကို ဖော်ဆောင်သည်။ ကနုတ်ပန်းများမှာ မြန်မာ့အလှအပ အပြောက်အမွမ်းအဖြစ် တန်ဆာဆင်ထားခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သီတဂူရေအလှူတော်တံဆိပ်တွင် အလယ်တည့်တည့်၌ ဖြဲပဟ္မာကြီး ခရုသင်းကိုင်၍ ကြာငါးခိုင်ကို ရေသွန်းလောင်းနေပုံ ဖော်ပြထားသည်။ ထို ဖြဲပဟ္မာကြီးမှာ ဗကဗြဟ္မာဖြစ်သည်။ ရှေးဘဝဟောင်းတစ်ခုက ရေလှူဒါန်းခဲ့ သော ကြီးမြတ်သည့်အကျိုးကြောင့် တန်ခိုးကြီးထွားခဲ့ပုံကို နိမိတ်ဆောင် ဖော်ပြထားသည်။ ကြာငါးခိုင်အနက် ကြာပွင့်လေးပွင့်မှာ ပွင့်တော်မူပြီးသော ဘုရားလေးဆူကို ကိုယ်စားပြုသည်။ ကြာငုံတစ်ခုမှာ နောင်ပွင့်လတ္တံ့သော ဘုရားတစ်ဆူကို ကိုယ်စားပြုသည့် အထိမ်းအမှတ်ဖြစ်သည်။ ယင်း၏ဘေး တွင် ဖော်ပြထားသော ညောင်ရွက် ၈–ရွက်မှာ မဂ္ဂင်ရှစ်ပါးကို ကိုယ်စားပြု သည်။

သီတဂူအာယုဒါနဆေးရုံတံဆိပ်၏ အလယ်တည့်တည့်တွင် ဖော်ပြ ထားသော ကြက်ခြေနီတံဆိပ်မှာ ဘေးဒုက္ခရောက်သောသူတို့ကို ကူညီစောင့် ရှောက်သော အမှတ်တံဆိပ်ဖြစ်သည်။ ကမ္ဘာသုံးအမှတ်တံဆိပ် ဖြစ်သည်။ ထိုကြက်ခြေနီအတွင်းတွင် "မေတ္တာ၊ အနုကမ္ပာ၊ ပညာ၊ ဥပဋ္ဌာန်" ဟူသော စာလုံး ၄–လုံး ပါဝင်သည်။

"မေတ္တာဆိုတာ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ အနုကမ္ပာ ဆိုတာ သနားစောင့်ရှောက်ခြင်း၊ ပညာဆိုတာ အသိပညာ၊ အတတ်ပညာ၊ ဥပဋ္ဌာန်ဆိုတာ ပြုစုလုပ်ကျွေးခြင်းလို့ အဓိပ္ပာယ်ရတယ်" ဟူ၍ ဆရာတော်က မိန့်ဆိုသည်။

ထို့ပြင် ကြက်ခြေနီ၏ အလယ်တည့်တည့်တွင် ပန်းကန်ပြားတစ်ချပ် ပေါ်၌ သစ်သီး ၃–လုံးပါရှိသောပုံကို ဖော်ပြထားသည်။ သစ်သီး ၃–လုံးမှာ ဘုရားပေးသည့် ဆေး ၃–လုံးဖြစ်သော ဆီးဖြူ၊ ဖန်ခါး၊ ကြစုသီးတို့ကို အဓိပ္ပာယ် ဖော်ဆောင်သည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်နှင့် သီတဂူထေရဝါဒအသင်း(U.S.A) အမှတ်တံဆိပ်တို့တွင် အလယ်တည့်တည့်၌ ဓမ္မစက္ကမုဒြာပုံပါရှိသည်။ ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



စကြာအဝိုင်းမှာ ဗုဒ္ဓဘုရားရှင် တရားဦးဓမ္မစကြာ ဟောမြွက်သည့် အထိမ်းအမှတ်ပုံဖြစ်သည်။ မင်္ဂလရှစ်ပါးကိုလည်း ရေးသားဖော်ပြထားသည်။

သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အမှတ်တံဆိပ်တွင်ပါဝင်သော ညောင်ရွက် ၇-ရွက်မှာ ဗောဇ္ဈင် ၇-ပါးကို အဓိပ္ပာယ်ဖော်ဆောင်သည်။ သီတဂူထေရဝါဒအသင်း (U.S.A) အမှတ်တံဆိပ်တွင် ပါဝင်သော ညောင်ရွက် ၈-ရွက်မှာ မင်္ဂလရှစ်ပါးကို အဓိပ္ပာယ်ဖော်ဆောင်သည်။

ဤသို့လျှင် သီတဂူဆရာတော်သည် မိမိ၏ သာသနာပြုလုပ်ငန်းများ၊ ပရဟိတလုပ်ငန်းများကို သိသာထင်ရှားအောင် ခေတ်မီစွာဖြင့် တံဆိပ်များ ဖော်ကျူးဆောင်ရွက်တော်မူသည်။

## စာရေးဆရာ၊ ကဗျာဆရာ

သီတဂူဆရာတော်သည် တရားဟောဆရာ၊ တရားပြဆရာလည်း ဖြစ်သည်။ စာချဆရာလည်း ဖြစ်သည်။ လူသားအကျိုးပြု ပရဟိတဆရာတော်လည်း ဖြစ်သည်။ ထို့မျှမက ကျမ်းပြုဆရာလည်း ဖြစ်သည်။ စာရေးဆရာ၊ ကဗျာဆရာလည်း ဖြစ်သည်။ အံ့ချီးဖွယ်ကောင်းလောက်အောင်ပင် စွယ်စုံရ



တရားလည်းဟော၊ စာလည်းရေး

www.burmeseclassic.com

www.burmeseclassic.com



သည်။ စာရေးရာ၌ မြန်မာဘာသာဖြင့်သာမက အင်္ဂလိပ်ဘာသာဖြင့်လည်း ရေးစွမ်းနိုင်သည်။

ဆရာတော်သည် ယနေ့အထိ မြန်မာဘာသာဖြင့် ကျမ်းပေါင်း ၁၀၀– ကျော်၊ အင်္ဂလိပ်ဘာသာဖြင့် ကျမ်းပေါင်း ၃၀–ကျော် ရေးသားထုတ်ဝေပြီး ဖြစ်သည်။ ထို့ပြင် ဆောင်းပါးပေါင်းများစွာနှင့် ကဗျာပေါင်းများစွာတို့ကို လည်း ရေးသားခဲ့သည်။ ရေးသားဆဲ ဖြစ်သည်။

ရေးသားရာ၌ အရှင်ဉာဏိဿရ ဘွဲ့အမည်ဖြင့်သာမက ဉာဏ်စိုး၊ သဲကုန်း ဆရာတော်၊ သပိတ်အိုင်ဆရာတော်၊ သီတဂူဆရာတော်၊ အဓိပတိဆရာတော် စသည့် အမည်အမျိုးမျိုးဖြင့် ရေးသားသည်။

မြန်မာစကားပြေရေးရာတွင် ယခုအခါ နှစ်မျိုးထွန်းကားနေသည်။ တစ်မျိုးမှာ မြန်မာ့ရိုးရာမပျက် စာပေရေးသားဟန်ဖြင့် ရေးခြင်းဖြစ်သည်။ တစ်မျိုးကား တရားဟောသကဲ့သို့ ပြောစကားဖြင့် ရေးခြင်းဖြစ်သည်။ စာပေ ရေးဟန်ဖြင့်ရေးခြင်းမှာ ပြောစကားဖြင့်ရေးသည်ထက် ခက်ခဲသည်။ စာပေ ဂုဏ်မြောက်အောင် အားထုတ်ရသည်။ ရာဇဝင်ဆရာကြီး ဦးကုလား၊ ဗညား ဒလ (ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းရေးသူ)၊ ယောမင်းကြီး ဦးဘိုးလှိုင်၊ လယ်တီဆရာတော်၊ မဟာဂန္ဓာရုံဆရာတော် (အရှင်ဇနကာဘိဝံသ)၊ ဦးဖိုးကျား၊ ရွှေဥဒေါင်း၊ ဇေယျ၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ မောင်ထင်၊ တက်တိုး၊ သိန်းဖေမြင့်၊ ဒဂုန်တာရာ၊ ပါရဂူ စသူတို့မှာ စာပေရေးဟန်ဖြင့် ပြောင်မြောက်စွာ ရေးသား နိုင်သူများ ဖြစ်ကြသည်။ မြန်မာ့မူမပျက် ရေးသားနိုင်စွမ်းရှိသူများ ဖြစ်ကြ သည်။

သီတဂူဆရာတော်သည် တရားဟောစာများကို ပြောစကားဖြင့် ထုံးစံ အတိုင်း ရေးသားဖော်ပြသော်ငြားလည်း သူ၏ကျမ်းများ၊ ဆောင်းပါးများ စသည်တို့ကို ရေးရာတွင်ကား မြန်မာ့မူမပျက် စာပေရေးဟန်ဖြင့် ရေးသား သည်မှာ ချီးကျူးဖွယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ရေးဟန်ဖြင့် ရေးရာတွင်လည်း ရှင်းလင်းပြတ်သားစွာ ရေးသားနိုင်စွမ်း ရှိသူဖြစ်သည်။ မိမိတင်ပြလိုသောအချက်ကို ပေါ်လွင်အောင် တင်ပြနိုင်သော စကားပြေအရေးအသား ထူးချွန်သူဖြစ်သည်။

ပုံစံအဖြစ် ဆရာတော်ရေးသားသည့် "မမေ့နိုင်သော ခရီးစဉ်တစ်ခု" ဆောင်းပါးမှ ရေးသားချက်တစ်ရပ်ကို တင်ပြလိုပါသည်။ ရှုပါ။

**"မိမိသည် ခရီးသွားဝါသနာပါသောသူတစ်ယောက် ဖြစ်သည်။ မြတ်ဗုဒ္ဓကလည်း သူ့သာသနာတည်ထောင်ခါစက စည်းရုံးရရှိသော ရဟန်းတော် အပါး ၆၀–ကို 'လူအများအကျိုးရှိဖို့ ခရီးထွက်ကြ'ဟု မိန့်တော်မူခဲ့ပါသည်။ ယင်းမိန့်ခွန်းတော်အတိုင်းပင် မိမိသည် နေရာဒေသမျိုးစုံတို့သို့ ဓမ္မဒူတခရီးကို အဆက်မပြတ် သွားရောက်ခဲ့သည်။ မြစ်ကြီး၊ မြစ်ငယ်တို့အထဲ၌ရှိသော ရေသည် မပြတ်စီးဆင်းလျှင် ကြည်လင်သန့်ရှင်း၏။ ရပ်နေသောရေသည် ညစ်၏။ သို့ဖြစ်ခြင်းကြောင့် ခရီးသွားရခြင်းကို မိမိနှစ်သက်၏။ ခရီးသွားခြင်းဖြင့် ဒေသအသစ်အသစ်တို့ကို ရောက်တိုင်းရောက်တိုင်း၊ လူအသစ်အသစ်တို့ကို တွေ့ဆုံရ၊ မြင်ကွင်းအသစ်အသစ်တို့ကို မြင်ရ၊ ပတ်ဝန်းကျင် အသစ်အသစ်တို့ကို ထိတွေ့ခံစားရသောကြောင့် အတွေးသစ်၊ အမြင်သစ်၊ အယူအဆသစ်တို့သည် လုပ်ငန်းအသစ်၊ စီမံချက်အသစ်တို့၌ များစွာ အထောက်အကူပြုလေသည်။"**

ကဗျာဖွဲ့ဆိုရာတွင်လည်း သီတဂူဆရာတော်သည် ကဗျာဆရာကောင်းတစ်ဦးဖြစ်သည်။ ယနေ့ ကဗျာလောကတွင် မြန်မာ့မူမပျက် ရေးထုံးမှန်၊ ကာရန်မှန်၊ အသံမှန်တို့ဖြင့် မိမိတို့ခံစားမိသော၊ ရည်ရွယ်ချက်ကောင်းသော၊ အကြောင်းအရာကောင်းသော၊ ကဗျာကောင်းများအဖြစ် ဖွဲ့ဆိုသောကဗျာများ ရှိသကဲ့သို့၊ ကဗျာဟူ၍အမည်ခံကာ စကားပြေရေးဟန်ဖြင့်ရေးနေသော ကဗျာများလည်း ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းတို့ကို အချို့က ကာရန်မဲ့ကဗျာဟု ခေါ်ကြသည်။ ဒဂုန်တာရာကမူ စကားပြေကဗျာ(Prose Poem) ဟု အမည်သတ်မှတ်ခဲ့သည်။ စစ်ပြီးစခေတ်၌မူ ယင်းတို့ကို စာညွန့်ဟူ၍ အမည်သတ်မှတ်ခဲ့ကြသည်။

သီတဂူဆရာတော်ကား ကဗျာစာဆိုအစစ် ဖြစ်သည်။ မြန်မာ့မှုနှင့်အညီ အကြောင်းအရာကောင်းတို့ကို ခံစားချက်ပါပါဖြင့် ကာရန်၊ အသံမှန်စွာ ရေးဖွဲ့နိုင်သူဖြစ်သည်။ ပုံစံအဖြစ် ဉာဏ်ထွန်း(သီတဂူ) အမည်ဖြင့် ရေးဖွဲ့ခဲ့သော **"ဧယျာမြေ"** ကဗျာကို တင်ပြလိုပါသည်။ ဧယျာမြေကဗျာတွင် စစ်ကိုင်းတောင်၊ စစ်ကိုင်းချောင်၏ ရေမြေအလှ၊ သစ်ပင်အလှ၊ သူတော်စင်များ၏ နှလုံးသားအလှ၊ ထိုသူတော်စင်တို့အတွက် ရေပေးလှူခြင်း၏ စေတနာအလှတို့ကို ပေါ်လွင်ပြောင်မြောက်စွာ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။ ရှုပါ။

**"ဧယျာမြေ"**

စေတီမြိုးမြိုး၊ ပုထိုးသွယ်သွယ်
ဂူဝယ်စားစား၊ များလျားချောင်ကျောင်း
လျှိုမြောင်အောင်းသည့်၊ အပေါင်းထေရ်မွန်
သီလဝန်သံဃာ၊ သူတော်စွာတို့
သိက္ခာကျင့်ဆောင်၊ လိုဏ်ကျောင်းချောင်နှင့်
တန်ဆောင်ဘုံနန်း၊ ဤသိမ်းဝယ်၊
တောင်တန်းစိမ်းမြ၊ တောလည်းလှသည်၊
သာစွမြိုင်ခြေ၊ ဧယျာမြေ။

တောလမ်းစုံထွေ၊ တောင်ရစ်ခွေ၍
အေးရေအလှူ၊ သီတဂူနှင့်
ကြည်ဖြူသည့်တောင်၊ တရားချောင်က
လျှိုမြောင်မြိုင်နန်း၊ ရှုမခန်းသည်
သာဆန်းဘုံဗွေ၊ ဧယျာမြေ။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားထပ်ထပ်၊ ပန်းကလပ်သို့
ထွတ်မြတ်သေလာ၊ အောင်မြေချာဝယ်
ရောက်လာအများ၊ ခရီးသွားတို့
အင်အားနွမ်းလျ၊ မရှင်ပျလည်း
ချိုမြကြည်ရေ၊ သောက်မိလေလျှင်
ညှိုးခွေနုံးနောက်၊ တွေဝေပျောက်သည်
ထွန်းတောက်ဖြူရွှေ၊ ဧယျာမြေ။

တောင်တန်းသွယ်သွယ်၊ ရောင်ဆန်းခြယ်သည့်
တောလယ်ကိုဖြတ်၊ ရေကြည်ပြတ်လျှင်
တစ်ရပ်ကဆွေ၊ စိတ်မဝေနှင့်
တို့ရေအလှူ၊ သီတဂူက
ကြည်ဖြူချိုအေး၊ အသင့်ပေးပြီ
ချမ်းအေးမြိုင်ခြေ၊ ဧယျာမြေ။

ဆူဆူထေရ်မွန်၊ ပညာဝန်တို့
ဟောညွှန်ချိုမြ၊ မြတ်ဓမ္မဟူ
အမြိုက်လှူ၍၊
သင်ယူပို့ချ၊ ရွတ်အံကြသည့်
ဓမ္မအသံ၊ တောင်လုံးညံခဲ့
ဝေယံစွင့်စွင့်၊ မိုးသို့မြင့်သည့်
ရှင်ပင့်ကိုယ်စား၊ စေတီဖျားမှ
တွဲလျားခတ်ညံ၊ ဆည်းလည်းသံလည်း
အတုလံဗုဒ္ဓ၊ မိန့်ခြွေဟသည့်
ဓမ္မအသံ၊ ဘဝင်လျှံသို့

www.burmeseclassic.com

www.burmeseclassic.com



မြိုင်ယံတကြော၊ ဖြစ်အံ့ဩသည်
သာမောဌာနေ၊ ဧယျာမြေ။

ညဏ်စိုး(သီတဂူ)

သီတဂူဆရာတော်သည် ဤသို့ မှတ်တမ်းတင်သင့်သော စာရေးဆရာ၊ ကဗျာဆရာ ဖြစ်သဖြင့်လည်း “နှစ်ဆယ်ရာစု မြန်မာစာရေးဆရာများနှင့် စာစုများစာရင်း”(ဒုတိယတွဲ)၌ သူ၏ဘဝဖြစ်စဉ်အကျဉ်းနှင့် သူရေးခဲ့သော စာအုပ်များစာရင်းအကျဉ်းကို ဖော်ပြထားသည်။ ယင်းစာအုပ်မှာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)စာတည်းအဖွဲ့က စုဆောင်းပြုစုသောစာအုပ် ဖြစ်သည်။

ထို့ပြင် မခင်စိုးစိုးထွေး (ဝိဇ္ဇာတွဲ၊ ပထဝီဝင်)ကလည်း စာကြည့်တိုက်နှင့် သုတေသနပညာဒီပလိုမာတွဲ့အတွက် ဆရာတော်၏ စာအုပ်စာရင်းကို စနစ်တကျ ပြုစုခဲ့သည်။ တင်သွင်းခဲ့သည်။ အောင်မြင်၍ စာကြည့်တိုက်နှင့် သုတေသနပညာ ဒီပလိုမာတွဲ့ရရှိခဲ့သည်။

## ဗုဒ္ဓကိုယ်စားလှယ်တော်

သီတဂူဆရာတော်သည် မြန်မာနိုင်ငံထေရဝါဒ ဗုဒ္ဓဘာသာဝင် ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များ၏ ကိုယ်စားလှယ်အနေဖြင့် ဗုဒ္ဓဘာသာဆိုင်ရာ အစည်းအဝေးကြီးများသို့ တက်ရောက်ခဲ့သည်။ ပြောဟောခဲ့သည်။ ဆွေးနွေးခဲ့သည်။ တစ်နည်းအားဖြင့် တိုင်းပြည်နှင့်လူမျိုး၏ ဗုဒ္ဓကိုယ်စားလှယ်တော်ဟုလည်း ဆိုနိုင်သည်။

သီတဂူဆရာတော် တက်ရောက်ခဲ့သော ဗုဒ္ဓအယူဝါဒဆိုင်ရာ အစည်းအဝေးကြီးများမှာ– (၁) ဂျာမနီနိုင်ငံ၌ ကျင်းပသော ဥရောပဗုဒ္ဓဘာသာ ညီလာခံ၊ (Europe Buddhist Conference)(၂၀၀၂)၊ (၂) တောင်အာဖရိက နိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဘာသာပေါင်းစုံဆိုင်ရာ အစည်းအဝေး (Parliament of World Religions)၊ (၃) အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့၌ကျင်းပသော

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ့ဗုဒ္ဓဘာသာ ဆွေးနွေးပွဲ၊(World Buddhist Seminar)၊ (၄) အိန္ဒိယပြည် အီဂတ်ပူရီဓမ္မရိပ်သာ၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာ ဝိပဿနာတရားဆွေးနွေးပွဲ (World Buddhist Seminar for Meditation)(၁၉၉၀)၊ (၅) ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၊ (ဒုတိယအကြိမ်) (၂၀၀၂)(Second World Buddhist Summit Conference)၊ (၆) ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး၊



ဘာသာပေါင်းစုံအစည်းအဝေးပွဲသို့ သီတဂူဆရာတော် တက်ရောက် (အစွန်ရေး)

(တတိယအကြိမ်)၊(Third World Buddhist Summit Conference) (၂၀၀၂)၊ (၇)အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပသော ကမ္ဘာ့ဘာသာပေါင်းစုံ ညီလာခံကြီး (၂၀၀၀) (World Religious Conference)၊ (၈) မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး (၂၀၀၄) စသည်တို့ ဖြစ်သည်။

ယင်းတို့အနက် မြန်မာနိုင်ငံ ရန်ကုန်မြို့၌ကျင်းပသော ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကြီး (၂၀၀၄–ခုနှစ်)မှာ အထူးထင်ရှားသည်။ ယင်းညီလာခံကြီးကို ၉–၁၂–၂၀၀၄ မှ ၁၁–၁၂–၂၀၀၄ အထိ ၃–ရက်တိုင် ကျင်းပခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာတင်ခဲ့ရာ မဟာပါသာဏလိုဏ်ဂူ တော်ကြီး၌ ကျင်းပခဲ့သည်။ နိုင်ငံပေါင်း ၃၈-နိုင်ငံတို့မှ ဗုဒ္ဓကိုယ်စားလှယ် ပေါင်း ၁၀၀-ခန့်၊ လေ့လာသူပေါင်း ပြည်ပမှ ၁၀၀၀-ခန့် တက်ရောက်ခဲ့ကြ သည်။ ဆရာတော် အရှင်သီလာနန္ဒာဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက် သည်။ သီတဂူဆရာတော်က ညီလာခံကြီးတစ်ခုလုံးကို တာဝန်ယူလျက် ဦးစီးဦးဆောင်ပြုခဲ့သည်။

ထို့နောက် သီတဂူဆရာတော်သည် ပထမအကြိမ် အပြည်ပြည် ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်များ ညီလာခံကို ဦးစီးဦးဆောင်ပြု၍ ကျင်းပ ခဲ့သည်။ ယင်းညီလာခံကြီးကို ၂၀၀၇-ခုနှစ်၊ မတ်လ ၉-ရက်မှ ၁၁-ရက်နေ့ အထိ ရန်ကုန်မြို့နှင့် ပုဂံတွင် ကျင်းပခဲ့သည်။ ထိုပထမအကြိမ် ကျင်းပသော ထေရဝါဒဗုဒ္ဓတက္ကသိုလ်များညီလာခံသို့ နိုင်ငံပေါင်း ၁၃-နိုင်ငံမှ တက္ကသိုလ် နှင့် ကောလိပ်ပေါင်း ၂၇-ခု၏ ကိုယ်စားလှယ်များတက်ရောက်ကြသည်။ ထို့ပြင် ပြည်ပ ၁၃-နိုင်ငံမှ ပညာရှင်စုစုပေါင်း ၆၃-ဦးကလည်း လေ့လာသူများ အဖြစ် တက်ရောက်ကြသည်။ ပြည်တွင်းမှ ပညာရှင်ဆရာတော်များ၊ သီလ



ပုပ္ပါးတောင်ပေါ်တွင် ကျင်းပသော ဗုဒ္ဓညီလာခံသို့ တက်ရောက်လာသူများ

www.burmeseclassic.com

www.burmeseclassic.com





ဂျာမနီနိုင်ငံ၌ ကျင်းပသော ဆွေးနွေးပွဲသို့ သီတဂူဆရာတော်တက်ရောက်

ရှင်များ၊ စာပေပညာရှင်များ၊ တက္ကသိုလ်ပညာရှင်များ၊ ဗုဒ္ဓဘာသာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၆၃–ဦးတို့လည်း တက်ရောက်ကြသည်။ အဆိုပါညီလာခံတွင် သီတဂူဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါညီလာခံများကို ၂–နှစ်တစ်ကြိမ် ကျင်းပသွားရန် အစီအစဉ်ရှိသည်။ ထို့ကြောင့် ၂၀၀၉–ခုနှစ်တွင် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓတက္ကသိုလ်များညီလာခံကို မတ်လ ၅–ရက်နေ့မှ ၈–ရက်နေ့အထိ ကျင်းပခဲ့ပြန်သည်။ ဒုတိယအကြိမ်၌ စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ကျင်းပသည်။ ထိုဒုတိယအကြိမ်ညီလာခံသို့ ပြည်ပနိုင်ငံပေါင်း ၁၁–နိုင်ငံမှ တက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၃၀–၏ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။ အခြားနိုင်ငံ ၈–နိုင်ငံမှ ပညာရှင်စုစုပေါင်း ၂၆၀–ကလည်း လေ့လာသူများအဖြစ် တက်ရောက်ကြသည်။ ယခင် ပထမအကြိမ်ထက် တက်ရောက်သူ ပိုမိုများပြားသည်။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဘွဲ့နှင်းသဘင်

www.burmeseclassic.com

www.burmeseclassic.com



တွင် ကျင်းပရာ အလွန်ခမ်းနားစည်ကားလှသည်။ ထိုညီလာခံကြီးတွင် သဘာပတိအဖြစ် သီတဂူဆရာတော်ကပင် ဆောင်ရွက်တော်မူခဲ့သည်။

ထို့ပြင် သီတဂူဆရာတော်သည် ထေရဝါဒဗုဒ္ဓတရားတော်၏ အဆီအနှစ် ဗုဒ္ဓဒေသနာတော်များကို ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံအသီးသီးမှ တက္ကသိုလ်ကြီးများတွင် သင်ကြားပို့ချခဲ့သည်။ ယင်းတို့မှာ (၁) ဗန်ဒါဗစ် တက္ကသိုလ် (အမေရိကန်)၊(Vanderbilt University)၊ (U.S.A,Nashville)၊ (၂) တက်နက်စီပြည်နယ်တက္ကသိုလ် (အမေရိကန်)၊ (Tennessee State University) (U.S.A)၊ (၃) အီလီနွိုက်တက္ကသိုလ် (အမေရိကန်)(University of Illionois) (U.S.A)၊ (၄) မစ်ရှီဂန်တက္ကသိုလ်(University of Michigan)(U.S.A)၊ (၅) ခရစ်ယာန်ကျောင်းတိုက်များ အကယ်ဒမီ (အမေရိကန်) (Academy of Christian Churches) (U.S.A,Nashville)၊ (၆) အရီဇိုးနားတက္ကသိုလ် (အမေရိကန်)(University of Arizona) (U.S.A)၊ (၇) တက္ကဆက်တက္ကသိုလ် (အမေရိကန်)(University of Taxas)(U.S.A)၊ (၈) ကယ်လီဖိုးနီးယားတက္ကသိုလ် (အမေရိကန်)(University of California) (U.S.A)၊ (၉) ဟာဝိုင်ယီတက္ကသိုလ် (အမေရိကန်)၊ (University of Hawaii) (U.S.A)၊ (၁၀) ကမ်ဘာရာအမျိုးသားတက္ကသိုလ်(ဩစတြေးလျ)(National University of Cambera)(Australia)၊ (၁၁)ဘူချွန်တက္ကသိုလ်(ကိုရီးယား) University of Buchon)(Korea)၊ (၁၂) အိုဆာကာတက္ကသိုလ် (ဂျပန်) (University of Osaka) (Japan)၊ (၁၃) ကိတ်ပ်တောင်းတက္ကသိုလ် (တောင်အာဖရိက)(University of Cape Town)(South Afriaca)၊ (၁၄) ပဲရစ်တက္ကသိုလ်(ပြင်သစ်)(University of Paris) (France)၊ (၁၅) အောက်စဖို့တက္ကသိုလ်(အင်္ဂလန်)(University of Oxford)(U.K)၊ (၁၆) ထြိဗူဘန်တက္ကသိုလ်(နီပေါ)(Tri Bhuvam University) (Nepal)၊ နည်းပညာဆိုင်ရာ အာရှတက္ကသိုလ်(ဘန်ကောက်မြို့၊ထိုင်းနိုင်ငံ) စသည်တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ စွမ်းစွမ်းတမံဆောင်ရွက်နိုင်မှုကြောင့်လည်း သီတဂူဆရာတော် အရှင်ဉာဏိဿရအား ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ၁၉၉၃–ခုနှစ်တွင် မဟာဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့နောက် ၁၉၉၅–ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ၁၉၉၇–ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ၂၀၀၄–ခုနှစ်တွင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့ပြင် ရွှေကျင်နိကာယ ဂိုဏ်းလုံးဝန်ဆောင် နာယကဘွဲ့တံဆိပ်တော်ကိုလည်း ရွှေကျင်ဂိုဏ်းကြီးက ချီးမြှင့်ခဲ့သည်။ ၁၉၉၉–ခုနှစ်တွင် မန္တလေးမြို့ ပရိယတ္တိသာသနဟိတအသင်းကြီးကလည်း နှစ် ၁၀၀–ပြည့် အထိမ်းအမှတ်အဖြစ် ပရိယတ္တိသာသနဟိတဓရ ဂုဏဝိသိဋ္ဌပုံတော်လက်မှတ်ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ၂၀၀၅–ခုနှစ်တွင်မူ သီတဂူဆရာတော်ကြီးအား ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်စာပေပါရဂူဘွဲ့ (D.Litt) ဘွဲ့ကို အပ်နှင်းခဲ့သည်။ ၂၀၀၉–ခုနှစ်တွင် ရွှေကျင်နိကာယဂိုဏ်းကြီးကလည်း သီတဂူဆရာတော်ကြီးအား ဝိသိဋ္ဌပုဂ္ဂလ သကလရဋ္ဌသာသနောပကာရက ဘွဲ့တံဆိပ်တော် ထပ်မံချီးမြှင့်ခဲ့ပြန်သည်။ ထို့မှတစ်ပါး ၂၀၀၉–ခုနှစ်တွင် ဝိုင်အမ်ဘီအေအသင်းကြီးက အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်ဆက်ကပ်လှူဒါန်းသည်။

ယင်းသို့ ပြည်တွင်း၌ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်ခြင်းခံရသည့်နည်းတူ ပြည်ပကလည်း သီတဂူဆရာတော်ကြီးအား ဘွဲ့တံဆိပ်တော်များ ဂုဏ်ပြုဆက်ကပ်ခဲ့ပြန်သည်။ ၂၀၀၅–ခုနှစ်တွင် ထိုင်းနိုင်ငံ မဟာချူလာလောင်ကွန်းတက္ကသိုလ်က သီတဂူဆရာတော်ကြီးအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Ph.D) ကို ဆက်ကပ်လှူဒါန်းခဲ့သည်။ ထို့မှုမက ၂၀၀၈–ခုနှစ်တွင် ထိုင်းနိုင်ငံ မဟာကုဋ္ဌဗုဒ္ဓဘာသာတက္ကသိုလ်က ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Ph.D) ကို ထပ်မံဆက်ကပ်ခဲ့ပြန်သည်။ ထို့ပြင် ၂၀၀၈–ခုနှစ်တွင် အိန္ဒိယနိုင်ငံ နှင့်

www.burmeseclassic.com

www.burmeseclassic.com



နာလန္ဒတက္ကသိုလ်ကြီးကလည်း ဂုဏ်ထူးဆောင်ပါရဂူဘွဲ့(Ph.D)ကို ဆက်ကပ်ခဲ့ပြန်သည်။

## ကမ္ဘာ့အကောင်းဆုံး ဘာသာတရားဆု

ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာမြို့တွင် ဘာသာတရားများနှင့် စိတ်ဓာတ်တိုးတက်ရေးဆိုင်ရာ နိုင်ငံတကာ အဖွဲ့ကြီးတစ်ရပ်(International Coalition for the Advancement of Religious and Spirituality (ICARUS) ရှိသည်။ မကြာမီက ထိုအဖွဲ့ကြီးသည် ကမ္ဘာ့ဘာသာရေးခေါင်းဆောင် ကိုယ်စားလှယ် ၂၀၀-ကိုဖိတ်ခေါ်၍ အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ ထိုအစည်းအဝေးသို့ တက်ရောက်သူများထဲတွင် နိုင်ငံတကာမှ ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာ၊ ဂျူး စသည့် ဘာသာတရားပေါင်းစုံမှ ဦးစီးခေါင်းဆောင်များ ပါဝင်သည်။

ထိုအဖွဲ့ကြီးသည် ၂၀၀၉-ခုနှစ်တွင် ကမ္ဘာ့အကောင်းဆုံးဘာသာတရားဆုဟူ၍ သတ်မှတ်ပြီး ထိုဆုအတွက် ဗုဒ္ဓဘာသာကို နှင်းအပ်ရန် ရွေးချယ်လိုက်ကြသည်။



သီတဂူဆရာတော်နှင့် ပုပ်ရဟန်းမင်းကြီး

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် ဒလိုင်းလားမား

ထိုသို့ ဗုဒ္ဓဘာသာကို ကမ္ဘာ့အကောင်းဆုံး ဘာသာတရားအဖြစ် ရွေးချယ်၍ ဆုအပ်နှင်းသည်ကို အခြားဘာသာဝင်များက လုံးဝကန့်ကွက်ခြင်း မရှိ၊ တညီတညွတ်တည်းပင် သဘောတူလက်ခံလိုက်ကြသည်။

ထိုအဖွဲ့ကြီးမှ သုတေသနညွှန်ကြားရေးမှူး ဂျွန်နာဟဒ် (John Narhard) က "ဗုဒ္ဓဘာသာတရားအား ကမ္ဘာ့အကောင်းဆုံး ဘာသာတရားဆု အပ်နှင်းလိုက်ကြသည်ကို ကျွန်ုပ်တို့အဖို့ အံ့ဩခြင်းမရှိပါ။ အဘယ်ကြောင့် ဆိုသော် ဗုဒ္ဓဘာသာတရားသည် အခြားဘာသာတရားများနှင့်မတူ၊ မိမိတို့ ဘာသာအတွက်သော်လည်းကောင်း၊ မိမိတို့ကိုးကွယ်သော အရှင်သခင်တို့ အတွက်သော်လည်းကောင်း လုံးဝစစ်တိုက်ခြင်းမရှိ။ ငြိမ်းချမ်းရေးကိုသာ ဖော်ဆောင်သော ထူးခြားသည့်ဘာသာတရား ဖြစ်ပါသည်" ဟူ၍ ဖွင့်ဟပြောဆိုခဲ့ ပေသည်။

ထိုပုဂ္ဂိုလ်တို့ သုတေသနပြုထားသည့်အတိုင်းပင် ဗုဒ္ဓဘာသာသည် စစ်ပြုခြင်း၊ စစ်တိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်ခြင်းတို့ကို လုံးဝမလိုလားသော ဘာသာတရားဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓဘုရားရှင်လက်ထက်တော်က ကပ္ပိလဝတ်ပြည်သူတို့နှင့် ကောလိယပြည်သူတို့သည် နှစ်ပြည်ထောင်အကြားရှိ ရောဟိနီမြစ်ရေကို ရယူလိုရေးအတွက် တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်မည်ပြုကြသည်။ ဤတွင် ဗုဒ္ဓက "အနည်းငယ်မျှ တန်ဖိုးထိုက်သောရေအတွက် အဖိုးမဖြတ်နိုင်သော အသက်သွေးများကို အဘယ်ကြောင့် အဆုံးရှုံးခံကြမည်နည်း။ ခိုက်ရန်ဖြစ်ပွားခြင်းဖြင့် ငြိမ်းချမ်းသာယာမှုကို မဖျက်ဆီးသင့်" ဟူ၍ ဆုံးမတော်မူခဲ့သည်။ ကိုယ်တော်တိုင်လည်း ရန်စစ်ကို တားဆီးတော်မူခဲ့သည်။ ဤသို့လျှင် ဗုဒ္ဓဘာသာသည် စစ်မက်ကိုမလိုလား၊ ငြိမ်းချမ်းရေးကိုသာ လိုလားသော ဘာသာတရားဖြစ်သည်။

ထို့ပြင် ဗုဒ္ဓဘာသာသည် မိမိတို့နှစ်သက်ယုံကြည်မှသာ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူစေလိုသော ဘာသာဝါဒဖြစ်သည်။ ဗုဒ္ဓဘုရားရှင်လက်ထက်တော်တွင် ဝေသာလီပြည်မှ နိဂဏ္ဌ၏ တပည့်တစ်ဦးဖြစ်သော စစ်သူကြီးသီဟသေနာပတိသည် ဗုဒ္ဓ၏ တရားကို နှစ်သက်သဖြင့် ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သော ဥပါသကာအဖြစ် မှတ်ယူပါရန် ဗုဒ္ဓအား လျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓက စည်းရုံးတိုက်တွန်းခြင်းမပြု။ "စဉ်းစားချင့်ချိန်ပြီးမှသာ ဥပါသကာအဖြစ် ခံယူပါ။ ထိုသို့ ခံယူရာတွင်လည်း မိမိဆည်းကပ်အားထားခဲ့သော နိဂဏ္ဌတို့ကို ဆက်လက်လှူဒါန်းမြဲ လှူဒါန်းပါ" ဟူ၍ အံ့ဖွယ်သဘောထားကြီးစွာဖြင့် မိန့်ဆိုတော်မူခဲ့သည်။ ထိုသို့ဆိုသဖြင့်လည်း စစ်သူကြီးသီဟသည် ဗုဒ္ဓ၏အဆုံးအမကို ပိုမိုနှစ်သက်ကာ ဥပါသကာအဖြစ် လှိုက်လှဲစွာ ခံယူခဲ့သည်။

ဗုဒ္ဓဘာသာတရား၏ အကျဉ်းချုပ်မှာ– ဒါန၊ သီလ၊ ဘာဝနာသုံးရပ်ကို ပြုကျင့်ရေးဖြစ်သည်။ စစ်မက်မပြု၊ သူတစ်ပါးကို နှိပ်စက်ညှဉ်းဆဲခြင်းမပြု၊ ငြိမ်းချမ်းရေးကိုသာ အဓိကထားသော၊ လွတ်လပ်သော ဘာသာတရားဖြစ်သည်။ ကိုယ်စိတ်နှလုံးသုံးပါးကို စင်ကြယ်အောင် ပြုမူကျင့်ကြံပွားများ

www.burmeseclassic.com

www.burmeseclassic.com



အားထုတ်ရသော ဘာသာတရားဖြစ်သည်။ ထို့ကြောင့်လည်း အခဆိုပါအဖွဲ့ကြီးက ဗုဒ္ဓဘာသာအား ကမ္ဘာ့အကောင်းဆုံးဘာသာတရားဆုကြီးကို ရွေးချယ်သတ်မှတ်၍ အပ်နှင်းလိုက်ခြင်းဖြစ်သည်။

ဤသို့ ကမ္ဘာ့လူမျိုးပေါင်းစုံ၊ ဘာသာအယူဝါဒပေါင်းစုံတို့က ဗုဒ္ဓဘာသာကို လေးစားမြတ်နိုးခြင်းရှိအောင်၊ ဗုဒ္ဓဘာသာ၏ အနှစ်သာရကို ခံစားသိရှိအောင် ဆောင်ရွက်သူများထဲတွင် ကိုလိုနီဗြိတိသျှခေတ်တွင် လယ်တီဆရာတော်ဘုရားကြီး၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော်ဦးဉာဏ၊ ကမ္ဘာ့သာသနာပြု အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီး ဦးသေဋ္ဌိလ၊ အင်္ဂလိပ်ဘုန်းတော်ကြီး အရှင်အာနန္ဒာမေတ္တေယျ၊ အီတာလျံဘုန်းတော်ကြီး ဦးလောကနာထ၊ ဂျာမန်ဘုန်းတော်ကြီး အရှင်ဉာဏတိလောက၊ အမေရိကန်လူမျိုး အငြိမ်းစားဗိုလ်မှူးကြီး အော်လကော့၊ ဆာအက်ဒဝင်အာနိုး စသူတို့ ဦးဆောင်ပါဝင်သည်။

ယခု မျက်မှောက်ခေတ်တွင် တောင်ပုလုဆရာတော်ကြီး ဦးနန္ဒိယ၊ မဟာစည်ဆရာတော်ဘုရားကြီး ဦးသောဘဏ၊ တိပိဋကဓရ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၊ တောင်မြို့မဟာဂန္ဓာရုံဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၊ သဒ္ဓမ္မရံသီရိပ်သာဆရာတော်ကြီး အရှင်ကုဏ္ဍလာဘိဝံသ၊ ဖားအောက်တောရဆရာတော်ကြီး အရှင်အာစိဏ္ဏ၊ ရွှေတောင်ကုန်းဆရာတော်ကြီး အရှင်ပဏ္ဍိတာဘိဝံသ၊ ချမ်းမြေ့ဆရာတော်ကြီး အရှင်ဇနကာဘိဝံသ၊ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာအရှင်သီလာနန္ဒာဘိဝံသ၊ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ၊ ပါမောက္ခချုပ် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ၊ ကမ္မဋ္ဌာန်းဆရာကြီး ဦးဘခင်၊ ကမ္မဋ္ဌာန်းဆရာကြီး ဦးဂိုအင်ကာ စသူတို့ ဦးဆောင်ပါဝင်ပေသည်။

ထိုထိုဆရာတော်ကြီးများ၊ ထိုထို ပုဂ္ဂိုလ်ကြီးများထဲတွင် သီတဂူဆရာတော်၏ ဆောင်ရွက်မှုတို့ မည်မျှထိရောက်မှုရှိသည်ကို ဤထေရုပ္ပတ္တိကို ဖတ်ရှု၍ အကဲခတ်လေ့လာခြင်းဖြင့် သိရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## သီတဂူဆရာတော်နှင့် အင်းစိန်ထောင်မှ အကျဉ်းသားများ

သီတဂူဆရာတော်သည် အထူးလိုအပ်သောနေရာများနှင့် အထူးလိုအပ်သူများအတွက် အလှူဒါနများ ပြုလေ့ရှိသည်။ ယင်းအလှူဒါနများတွင် အင်းစိန်ထောင်အတွင်း၌ တရားဟော၍(ဓမ္မဒါနပြု၍) ထမင်းကျွေးသော ဒါနသည်လည်း မှတ်တမ်းတင်ဖွယ် ဖြစ်သည်။

သီတဂူဆရာတော်နှင့် သီတဂူကပ္ပိယကာရက အဖွဲ့ဝင်များသည် ထိုအလှူဒါနနှစ်မျိုးကို ၂၀၀၂–ခုနှစ်၊ ၂၀၀၃–ခုနှစ်၊ ၂၀၀၄–ခုနှစ်တို့တွင် ၃–ကြိမ်ဆက်တိုက် ပြုခဲ့သည်။ ထို့နောက် ၂၀၁၀–ပြည့်နှစ် ဩဂုတ်လထဲတွင် စတုတ္ထအကြိမ်အဖြစ် လှူဒါန်းခဲ့သည်။

၂၀၁၀–ပြည့်နှစ်၊ ဩဂုတ်လ ၂၁–ရက်နေ့တွင် ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အကြိုအဖြစ် အင်းစိန်အကျဉ်းဦးစီးဌာန၊ မိုးလုံလေလုံအားကစားခန်းမတွင် သီတဂူ မေတ္တာကရုဏာ အလှူပွဲကြီးကို ကျင်းပခဲ့သည်။ ယခုနှစ်မှာ ယခင်နှစ်များနှင့်မတူ။ တရားနာသော အကျဉ်းသူ၊ အကျဉ်းသားများမှာ စံချိန်တင်လောက်အောင် များပြားလှသည်။

အဆိုပါ အလှူပွဲတွင် သီတဂူဆရာတော်ကြီးက အလှူငွေ ကျပ်သိန်းတစ်ရာဖြင့် မတည်ခဲ့သည်။ ဆရာတော်ကြီး၏ တပည့်ဒကာ၊ ဒကာမများကလည်း ဝိုင်းဝန်းပါဝင်လှူဒါန်းကြသည်။ တစ်နေ့တည်းဖြင့် ကျပ်ငွေသိန်းပေါင်း ၆၅၀–နီးပါး အကုန်အကျခံ၍ ဒါနပြုနိုင်ခဲ့ကြသည်။

အာဟာရအလှူတော်အတွက် အကျဉ်းသူ၊ အကျဉ်းသား ၉၀၀၀–ကျော်ကိုသာမက ကြွရောက်လာသူ ပရိသတ်များ၊ အလှူရှင်များ၊ မီဒီယာစာနယ်ဇင်းသမားများ၊ ထောင်ဝန်ထမ်းမိသားစုများ အပါအဝင် အားလုံးပေါင်း လူဦးရေ တစ်သောင်းနီးပါးစာ ချက်ပြုတ်ကျွေးမွေး လှူဒါန်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နံနက်စာအဖြစ် ကြက်သားဒံပေါက်၊ ငပိကြော်၊ ချဉ်ပေါင်ရည်ဟင်း များဖြင့် လူပေါင်းတစ်သောင်းကျော်ကို ကျွေးမွေးခဲ့သည်။ အကျဉ်းသား ၉၀၀၀– ကျော်ကိုမူ နံနက်စာသာမက ကော်ဖီမစ်၊ ချွေးသုတ်ပဝါ၊ ဘီစကစ်မုန့်၊ သကြားလုံး၊ အအေးဘူးများကိုပါ လှူဒါန်းခဲ့သည်။ ထို့မျှမက ညနေစာ အတွက်လည်း ထမင်းဖြူ ကြက်သားကြော်၊ သီးစုံချဉ်ရည်ဟင်းများဖြင့် ကျွေးမွေးလှူဒါန်းခဲ့သည်။

ထို့နောက် နံနက် ၁၀–နာရီခွဲခန့်တွင် ဆရာတော်ကြီး၏ တရားပွဲ စတင်သည်။ ဆရာတော်၏ တရားပွဲကို အကျဉ်းသား၊ အကျဉ်းသူအားလုံး တက်ရောက်လိုကြသည်။ သို့ရာတွင် နေရာအခက်ခဲကြောင့်လည်းကောင်း၊ အခြေအနေအရလည်းကောင်း အကျဉ်းသား၊ အကျဉ်းသူ ၅၀၀–ကျော်ကိုသာ မဲချ၍ တရားပွဲသို့ တက်ရောက်ခွင့်ပြုခဲ့ရသည်။

တရားဟောပြောရာတွင် ဆရာတော်က–"သူတစ်ပါးတို့မှာ ဖြစ်နေ တဲ့ဒုက္ခတွေကို ကိုယ့်ရင်ထဲမှာခံစားတတ်ရမယ်။ ဒုက္ခခံစားရသူတွေနဲ့ ဝေမျှခံစားတတ်ရင် အဲဒီပုဂ္ဂိုလ်ကို "ကရုဏာရှင်" လို့ ခေါ်တယ်။ သူတစ်ပါး



အင်းစိန်အကျဉ်းထောင်အတွင်းက နိုင်ငံခြားသားထောင်သားများအား ကျွေးမွေးခြင်း

www.burmeseclassic.com

www.burmeseclassic.com



တို့မှာဖြစ်နေတဲ့ဒုက္ခတွေကို ကိုယ့်မှာ ဖြေဖျောက်ပေးချင်စိတ်ရှိရမယ်။ ကရုဏာစိတ် မွေးမြူရမယ်။

"မနောကံကရုဏာကို ကာယကံကရုဏာအဖြစ်ရောက်အောင် လုပ်ရမယ်" ဆိုတာ သီတဂူရဲ့ဆောင်ပုဒ်ပဲ။

"ဒီကနေ့လာကြတဲ့ သီတဂူသာသနာပြုအဖွဲ့နဲ့ တပည့်ဒကာ၊ ဒကာမတွေရဲ့ နှလုံးသားထဲမှာ၊ ရင်ထဲမှာ အကျဉ်းသူ၊ အကျဉ်းသားတွေ ခံစားနေရတဲ့ ဒုက္ခတွေကို ဝေမျှခံစားတတ်ပါတယ်ဆိုတဲ့ လက္ခဏာကိုပြချင်လို့ ဆောင်ရွက်တာပါပဲ။ အကျဉ်းသူ၊ အကျဉ်းသားတွေအားလုံး ခံစားရတဲ့ဒုက္ခမှ လွတ်မြောက်စေလိုတဲ့ ကရုဏာစိတ်ကို ပြရုံပါပဲ။ အခု ကျပ်ငွေသိန်း (၆၀၀) ကျော်ဖိုး လှူဒါန်းရတဲ့ကောင်းမှုကြောင့် ဘုန်းကြီးတို့ဟာ နတ်စည်းစိမ် ဘယ်နှစ်ကြိမ်၊ ဗြဟ္မာစည်းစိမ် ဘယ်နှစ်ကြိမ် ရပါစေလို့ မရည်ရွယ်ပါဘူး။ နိဗ္ဗာန်မဂ်ဖိုလ် ရက်တိုတိုနဲ့ ရပါစေလို့လည်း ဒီကနေ့ ဆုမတောင်းပါဘူး" ဟူ၍ ရဲရင့်စွန့်လွှတ်သော အလှူကို ဖွင့်ဟပြောဆိုခဲ့သည်။

ဤသို့ ဒါနပြုရာတွင် နိုင်ငံခြားသားအကျဉ်းသားများနှင့် တွေ့ဆုံသောအခါ ဆရာတော်က "မင်းတို့ကို အခုလို ကျွေးမွေးရတဲ့အတွက် ဆရာတော် Happy(ပျော်ရွှင်ချမ်းမြေ့ခြင်း)ဖြစ်တယ်" ဟူ၍ မိန့်ဆိုသည်။ ထိုအခါ နိုင်ငံခြားသား အကျဉ်းသားများက "ဆရာတော်က Happy (ပျော်ရွှင်ချမ်းမြေ့ခြင်း)ဖြစ်ပေမဲ့ တပည့်တော်တို့ကတော့ Unhappy(မပျော်ရွှင်) ဖြစ်နေပါတယ်။ ဘာကြောင့်ဆိုတော့ အကျဉ်းကျနေရလို့ပါပဲ" ဟူ၍ ပြန်လည်လျှောက်ထားခဲ့သည်။

ထိုအခါ ဆရာတော်က "Happy ဖြစ်ချင်ရင် နောင်အခါ Unhappy ဖြစ်စေတဲ့အမှုမျိုးကို မလုပ်နဲ့ပေါ့ကွယ်" ဟူ၍ ပြန်လည်မိန့်ဆိုခဲ့သည်။

သက်ဆိုင်ရာတို့က "တရားနာခွင့်ရရှိသောကြောင့် အကျဉ်းသူ၊ အကျဉ်းသားများမှာ စိတ်ဓာတ်နူးညံ့ပျော့ပြောင်း၍ ကောင်းမှု၌ မွေ့လျော်စေသော

www.burmeseclassic.com

www.burmeseclassic.com



စိတ်ဓာတ်များ ကိန်အောင်းလာကြလိမ့်မည်ဟု ယုံကြည်မိကြောင်း” ဖွင့်ဟပြောဆိုကြသည်။

## ဓမ္မကထိကများ ဩဝါဒခံယူပွဲ

၂၀၁၀-ပြည့်နှစ်၊ ဩဂုတ်လထဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့၊ မင်္ဂလာတိုက်ကျောင်းဆရာတော် ဓမ္မကထိကအကျော် ဦးသုမင်္ဂလဦးစီး၍ သိမ်နုတ်မင်္ဂလာနှင့် ဓမ္မကထိကဩဝါဒခံယူပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။ ဓမ္မကထိကဆရာတော်များ စုပေါင်းကာ သက်တော် ဝါတော်ကြီးဆရာတော်ကြီး ၈-ပါးထံမှ ဩဝါဒခံယူခဲ့ကြသည်။ ထိုဩဝါဒခံယူပွဲတွင် သီတဂူဆရာတော်ကြီးကလည်း ဩဝါဒချီးမြှင့်ခဲ့သည်။ မိမိဩဝါဒပေးရမည့်အလှည့်သို့ရောက်သောအခါ သီတဂူဆရာတော်ကြီးက မိန့်ဆိုခဲ့သည်များမှာ အထူးမှတ်သားဖွယ်ဖြစ်သည်။

## သီတဂူဆရာတော်၏ ဩဝါဒ

သီတဂူဆရာတော်က “ဘုန်းကြီးတို့ရဲ့ ဆရာအနီးစခန်းဆရာတော်ကြီး ဆုံးမတာကို တစ်ဆင့်ပြောပြချင်ပါတယ်။ ဆရာတော်ကြီးက မင်းတို့တရားဟောတဲ့အခါ အငြိမ့်လူပြက်လို၊ ဇာတ်မင်းသားလို မလုပ်ကြနဲ့။ ပါဠိ၊ အဋ္ဌကထာတွေကို ပိုင်အောင်ကျက်။ ကျက်ပြီးရင် အဲဒါတွေရွတ်။ အတိမ်းအစောင်းမရှိစေနဲ့။ လူတွေ နားလည်အောင်ပြော၊ လူတွေနားမလည်ရင် အိုးကွဲထဲ ရေထည့်သလို ဖြစ်သွားမယ်။ ဇာတ်မင်းသားတွေလိုတော့ မလုပ်နဲ့လို့ ဆုံးမခဲ့ဖူးပါတယ်။ နောက်ပြီး ရွှေပလ္လင်နဲ့ထိုင်တဲ့လူက ရွှေပလ္လင်နဲ့တန်တဲ့စကားပြော။ လမ်းဘေးကစကား ပလ္လင်ပေါ်တင်မပြောနဲ့လို့ ဆုံးမခဲ့ဖူးပါတယ်။ အလွန်မှတ်သားစရာကောင်းတဲ့ အချက်ပါပဲ” ဟူ၍လည်း မိန့်တော်မူခဲ့သည်။

“သပိတ်အိုင်ဆရာတော်ကြီးက ဓမ္မကထိကတွေကို ဆုံးမတော်မူခဲ့ဖူးတာ တစ်ဆင့်ကြားနာရတယ်။ ဆရာတော်ကြီးက ဓမ္မကထိကများကို

www.burmeseclassic.com

www.burmeseclassic.com



အလှူရှင်များက ကြည်ညိုလေးစားပြီး ဓမ္မပူဇာအဖြစ် အလှူငွေတွေ လှူဒါန်းကြတယ်။ အဲဒါတွေဟာ စင်စစ် အဆိပ်ပြင်းတဲ့ မြွေတွေလိုပဲ။ မြွေတွေကို မထိန်းသိမ်းတတ်ရင် ကိုယ့်ကိုပြန်ပေါက်ပြီး ဒုက္ခတွေ့မှာပဲ။ ဒါကြောင့် မြွေနဲ့တူတဲ့ ဓမ္မပူဇာအလှူငွေတွေကို အလွဲလွဲအမှားမှား မသုံးဖြစ်အောင် အထူးဂရုပြုရမယ်။ သာသနာပြုရေးနှင့် လူမှုရေးကူညီထောက်ပံ့မှုတွေအတွက် အလှူဒါနတွေ ပြန်လည်ပြုရမယ်။ အထူးသဖြင့် ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်တဲ့ လူမှုရေးဒါနတွေ ပြုရမယ်လို့ ဆုံးမခဲ့တယ်။ ဒီအဆုံးအမကိုခံယူပြီး ဘုန်းကြီးအနေနဲ့ ဆင်းရဲဒုက္ခရောက်နေသူများကို ကူညီစောင့်ရှောက်တဲ့ လူမှုရေးဒါနတွေ အထူးပြုကျင့်နေပါတယ်။"

## သာသနာပြုခြင်းနှင့် စာနာကူညီထောက်ပံ့ခြင်း

သီတဂူဆရာတော်က "တစ်ခါက အီတလီနိုင်ငံ၊ ရောမမြို့ကို ဘုန်းကြီးရောက်သွားတဲ့အခါ ခရစ်ယာန်ဘုန်းကြီးအချို့က ပြောကြတယ်။ သာသနာပြုလုပ်ငန်း(Missionary)ကိုလုပ်တဲ့အခါ လူသားအကျိုးပြုလုပ်ငန်း၊ တစ်နည်းအားဖြင့် အကူအညီလိုအပ်သူများကို ကူညီထောက်ပံ့ခြင်းလုပ်ငန်း (Ministry) ကိုလည်း လုပ်ရမယ်တဲ့ Missionary ဆိုတာ မကောင်းသောစရိုက်ကို ကောင်းသောစရိုက်အဖြစ် ပြောင်းလဲလာအောင်၊ မကောင်းတာတွေမလုပ်ဘဲ ကောင်းမှုကုသိုလ်တွေ လုပ်လာအောင်၊ စိတ်ကိုဖြူစင်လာအောင် လုပ်ဆောင်ဖို့ ဖြစ်တယ်။ Ministry ဆိုတာ စားစရာမရှိတဲ့သူတွေကို စားစရာပေးတာ။ အကူအညီလိုအပ်သူတွေကို အကူအညီပေးတာဖြစ်တယ်လို့ ပြောကြတယ်။ Missionary လုပ်ရင် Ministry ပါလုပ်ဖို့ လိုအပ်တယ်လို့ ပြောကြတယ်။ အလွန်မှတ်သားဖွယ်ကောင်းတဲ့စကားပါပဲ" ဟူ၍ ထည့်သွင်းပြောဆိုခဲ့သည်။

## အစာငတ်နေသော ကလေး

ထို့ပြင်ဆရာတော်က "ဗုဒ္ဓခေတ်မတိုင်မီကစပြီး ယနေ့ခေတ်အထိ နိုင်ငံအချို့နဲ့ နေရာအချို့မှာ ဆင်းရဲနွမ်းပါးတဲ့ ကလေးငယ်တွေဟာ အစာ

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် ဘစ်ရှော့ကြီးများ

မစားရလို့ အမှိုက်ပုံထဲက အစာကြွင်း၊ အစာကျန်များကို ရှာဖွေစားသောက်နေရတာရှိတယ်။ မြတ်ဗုဒ္ဓလက်ထက် သာဝတ္ထိပြည်မှာ ကလေးငယ်တစ်ယောက်ဟာ ဆင်းရဲငတ်ပြတ်ရှာလွန်းလို့ အမှိုက်ပုံထဲက အစာကြွင်း၊ အစာကျန်တွေ ရှာဖွေစားသောက်နေရှာတယ်။ ဒီဖြစ်ရပ်ကို မြတ်ဗုဒ္ဓက ရွှေဉာဏ်တော်ဖြင့်သိရှိတဲ့အခါ ကလေးငယ်ကို ကယ်တင်ဖို့ အရှင်သာရိပုတ္တရာမထေရ်ရဲ့ မြတ်ကြီးကို လွှတ်လိုက်ပါတယ်။

"အရှင်သာရိပုတ္တရာမထေရ်ကြီးကလည်း ကလေးငယ်ရှိရာ ကြွချီပြီး တွေ့ဆုံတယ်။ အစာမစားရတဲ့ ကလေးငယ်ကို ကောင်းမှု၊ မကောင်းမှုတွေအကြောင်း တရားဟောလို့လည်း မရနိုင်ပါဘူး။ စိတ်၊ စေတသိက်အကြောင်း ဟောပြောဖို့လည်း မရနိုင်ပါဘူး။ ဒီအခြေအနေကို ဆင်ခြင်သုံးသပ်မိတဲ့ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက အစာငတ်နေရှာတဲ့ ကလေးငယ်ကို ရှေးဦးစွာ သာမဏေပြုပေးပြီး မိမိနဲ့အတူ ဆွမ်းခံလိုက်စေပါတယ်။ ဆွမ်းစားစေပါတယ်။ ဆွမ်းစားရလို့ ဝမ်းဝတဲ့အခါမှ သူငယ်လေးကို တရားဟောပြောဆုံးမတယ်။ ကလေးငယ်ဟာလည်း အကျွတ်တရား ရရှိသွားပါတယ်။ နောင်အခါ လောသကတိဿဆိုတဲ့ ရဟန္တာဖြစ်သွားခဲ့ပါတယ်။ ဒါကြောင့် အစာငတ်

www.burmeseclassic.com

www.burmeseclassic.com



သူတွေကို အစာကျွေးရေးကိစ္စကိုလည်း တစ်ဖက်တစ်လမ်းက လုပ်ကြပါစို့လို့ ဘုန်းကြီးတိုက်တွန်းလိုပါတယ်” ဟု မိန့်ဆိုခဲ့သည်။

## မွတ်သိပ်ခြင်းရောဂါ

ဤနေရာတွင် ဤစာရေးသူသည် မြတ်ဗုဒ္ဓမိန့်ကြားတော်မူခဲ့သော “မွတ်သိပ်ခြင်းနှင့်တူသော ရောဂါမရှိ” ဟူသည့် ဆိုဆုံးမချက်ကို အထူးတင်ပြလိုပါသည်။

မြတ်ဗုဒ္ဓ သက်တော်ထင်ရှားရှိစဉ်က တစ်နေ့သောအခါ အာဠဝီပြည်သို့ ကြွတော်မူစဉ် ဆာလောင်မွတ်သိပ်နေသော ဆင်းရဲသားပုဏ္ဏားတစ်ယောက်ကို တွေ့မြင်သည်။ ဤတွင် ထိုဆင်းရဲသားပုဏ္ဏားအား မြတ်ဗုဒ္ဓက သပိတ်တွင်း၌ပါလာသော ထမင်း၊ ဟင်းများကို ကျွေးသည်။ ထို့နောက်မှ တရားဟောတော်မူသည်။

ထိုအခါရဟန်းအချို့က ဂေါတမဘုရားရှင်သည် ထမင်းကျွေး၍ တရားဟောပေသည်ဟုဆိုကာ ကဲ့ရဲ့ကြသဖြင့် မြတ်ဗုဒ္ဓက–

“ချစ်သားတို့၊ ဆာလောင်မွတ်သိပ်နေသူအား တရားဟောသော်လည်း အချည်းနှီးပင်။ ထို့ကြောင့် ငါသည် မွတ်သိပ်သူကို အစာကျွေး၍ တရားဟောခြင်း ဖြစ်သည်။ လောက၌ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်းနှင့်တူသော ရောဂါမရှိ” ဟူ၍ ဆိုဆုံးမတော်မူခဲ့ပေသည်။

## သီတဂူဆရာတော်နှင့် သာသနာ့ဂုဏ်ဆောင် ဆရာတော်ကြီးများ

သီတဂူဆရာတော်သည် အံ့ချီးဖွယ်ထူးချွန်စွာ သာသနာ့အကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဆောင်ရွက်နိုင်သော ရဟန်းထူးရဟန်းမြတ်ဖြစ်သည်။ သူ၏ဆောင်ရွက်မှုတို့သည် အကျိုးထူးများ ဖြစ်ထွန်းသဖြင့် သာသနာရေးလောကတွင် ထင်ရှားသော ဆရာတော်ကြီးပေါင်းများစွာက ချီးကျူးခြင်းပြုကြသည်။ အားပေးခြင်း ပြုကြသည်။

www.burmeseclassic.com

www.burmeseclassic.com





မြင်းခြံဆရာတော်ကြီးနှင့် သီတဂူဆရာတော်

## မြင်းခြံဆရာတော်ကြီးနှင့် သီတဂူဆရာတော်

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌဖြစ်ခဲ့သူ မြင်းခြံဆရာတော်ကြီး အရှင်သောဘိတသည် သီတဂူဆရာတော်အား အထူးအားပေးခဲ့သည်။ မြင်းခြံဆရာတော်ကြီးသည် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဖြစ်သည်။

ဆရာတော်ကြီးက သီတဂူဆရာတော်အား "သီတဂူဆရာတော်သည် (၁) သီတဂူရေအလှူတော် (စစ်ကိုင်း)၊ (၂) အာယုဒါနဆေးအလှူတော် (စစ်ကိုင်း)၊ (၃) ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (စစ်ကိုင်း)နှင့် (၄) သီတဂူဗုဒ္ဓဝိဟာရ (အမေရိက) ဟူသော ပရဟိတသာသနာဟိတ လုပ်ငန်းကြီးများကို ကာယ၊ မဈ္ဈေရမရှိဘဲ၊ သရီရသုခကိုမငဲ့ဘဲ မနေမနား အားထုတ်ဆောင်ရွက်နေခြင်းသည် တန်ဖိုးရှိလှ လူ့ဘဝကို တန်ဖိုးရှိရှိ အသုံးပြုနေခြင်းဖြစ်ကြောင်း နှစ်ထောင်းပီတိ ကောင်းစွာဖြစ်ရှိပါသည်" ဟူ၍ ဆိုခဲ့သည်။

ယခုအခါ မြင်းခြံဆရာတော်ကြီးသည် မရှိတော့ပြီ။ သို့ရာတွင် ဆရာတော်ကြီး၏ မိန့်ဆိုချက်ကား အထင်အရှားရှိနေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



## ညောင်ရွှေဆရာတော်ကြီးနှင့် သီတဂူဆရာတော်

ထို့နောက် ရွှေကျင်နိကာယသာသနာပိုင်ဖြစ်ခဲ့သူ ညောင်ရွှေဆရာတော်ကြီး အရှင်ဝိမလာဘိဝံသ၏ မိန့်ဆိုချက်ကို တင်ပြလိုပါသည်။ ဆရာတော်ကြီး အရှင်ဝိမလာဘိဝံသသည် ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရလည်း ဖြစ်သည်။

ဆရာတော်ကြီးက "သီတဂူဆရာတော် အရှင်ဉာဏိဿရနှင့် သီတဂူအဖွဲ့သည် မိမိတို့အတွက် ရေ၊ ဆေး၊ ပညာရေးတို့၌ ပြည့်စုံချမ်းသာဖို့ ဤမျှလောက် အားထုတ်လုပ်ဆောင်ဖွယ်ရာ လိုလိမ့်မည် မဟုတ်ပေ။ ယခုမှု နှစ်ပေါင်းများစွာ နေ့၊ ညမနား၊ မိမိတို့ ကိုယ်စိတ်ပင်ပန်းသည်ကို ပဓာနမထားဘဲ သီတဂူရေအလှူတော်၊ အာယုဒါနဆေးရုံတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓဘာသာ တက္ကသိုလ်ကျောင်းတော်၊ ထေရဝါဒသာသနာပြုကျောင်းတော် စသည့် အများအကျိုးပြု၊ သာသနာ့အကျိုးကျေးဇူးပြု လုပ်ငန်းကြီးများကို အဆက်မပြတ် အားထုတ်ဆောင်ရွက်နေသည်မှာ သာသနာ့တစ်ခေတ်တွင်တစ်ခါ ထည်ထည်ဝါဝါ မှတ်တမ်းတင်ရစ်မည့် လောကဗဟုပကာရ၊ ဗဟုဇနဟိတ၊



သီတဂူဆရာတော်နှင့် ညောင်ရွှေဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



လောကတ္ထစရိယ လုပ်ငန်းကြီးများဖြစ်ကြောင်းကို နှစ်ထောင်းပီတိ လွှမ်းစွာဖြစ်ရှိ၍ ဝမ်းမြောက်စွာ ဂုဏ်ပြုပါသည်'' ဟူ၍လည်း မိန့်တော်မူခဲ့သည်။

ဆရာတော်ကြီးသည်လည်း ယခုအခါ မရှိတော့ပြီ။ သို့ရာတွင် ဆရာတော်ကြီး၏ အားပေးချီးကျူးမှုတို့ကား အထင်အရှား ရှိနေဆဲပင်။

## စစ်ကိုင်း မဟာဂန္ဓာရုံဆရာတော်ကြီးနှင့် သီတဂူဆရာတော်

ထို့ပြင် စစ်ကိုင်းတောင်ရိုး ပထမ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော်ကြီး အရှင်သုပညိန္ဒာဘိဝံသ၏ မိန့်ဆိုချက်ကိုလည်း တင်ပြလို



စစ်ကိုင်း ပထမ မဟာဂန္ဓာရုံဆရာတော်ကြီးရှေ့မှောက်၌ မြစကြာဆရာတော်မှ မြေကွက်လှူဒါန်းစဉ်။

ပါသည်။ ဆရာတော်ကြီးသည် ရွှေကျင်နိကာယဥပဥက္ကဋ္ဌ၊ ဒုတိယသံဃ ရာဇာဖြစ်သည်။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရလည်းဖြစ်သည်။

ဆရာတော်ကြီးက "သီတဂူဆရာတော်၏ သာသနဗဟုပကာရ၊ ပရဟိတလုပ်ငန်းများဖြစ်ကြသည့် ရေအလှူ၊ ဆေးအလှူနှင့် တရားအလှူ လုပ်ငန်းကြီးများမှာ စစ်ကိုင်းတောင်၌သာမက မြန်မာပြည်ရွာ နိုင်ငံခြား

www.burmeseclassic.com

www.burmeseclassic.com





နိုင်ငံတော်သံဃမဟာနာယကဥက္ကဋ္ဌ မြင်းခြံဆရာတော်ကြီး(ဝဲ–ထိုင်လျက်)နှင့် အကျိုးတော်ဆောင်ချုပ် မကွေးဆရာတော်ကြီးတို့ သီတဂူဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှု ခံယူစဉ်။

တိုင်းပြည်များမှာပါ နေနှင့်လတို့ အသွင်ဆောင်ကြကုန်၏။ သီတဂူဆရာတော်၏ မေတ္တာ၊ ကရုဏာလုပ်ငန်းများကို မှီခိုကြရသော ရဟန်း၊ ရှင်၊ လူ၊ သူတော်စင်၊ သီလရှင်များတို့မှာ ရေသီတဂူ၏အစွမ်းဖြင့် အေးမြခြင်း၊ ချမ်းသာခြင်းကို ရကြကုန်၏။ နွေးထွေးယုယ ကုသပေးသော ဆေးအာယုဒါန၏ အစွမ်းဖြင့် ရဟန်း၊ သာမဏေ၊ သီလရှင်၊ ဒကာ၊ ဒကာမအပေါင်း၊ သူတော်ကောင်းများစွာတို့သည် ကျန်းမာခြင်းကို ရကြကုန်၏။

တရားဟော၊ တရားပြ၊ စာချပေးခြင်းဟူသော အလင်းရောင်ဖြင့် လူ၊ ရှင်၊ ရဟန်းများစွာတို့သည်လည်းကောင်း၊ နိုင်ငံခြားသားနှင့် ကျောင်းသူကျောင်းသားတို့သည်လည်းကောင်း ဓမ္မလင်းရောင်ခြည်ကို များစွာရရှိ ဝမ်းမြောက်ကြကုန်၏ ” ဟူ၍ မိန့်ဆိုတော်မူခဲ့သည်။

## မကွေးဆရာတော်ကြီးနှင့် သီတဂူဆရာတော်

ထို့ပြင် မကွေးဆရာတော်ကြီး အရှင်ကုမာရကလည်း မှတ်သားဖွယ် မိန့်ဆိုခဲ့သည်။ ဆရာတော်ကြီး အရှင်ကုမာရသည် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရဖြစ်သည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့တွင် အကျိုးတော်ဆောင်ချုပ်အဖြစ်လည်း

www.burmeseclassic.com

www.burmeseclassic.com





၂၀၁၁-ခုနှစ်၊ အိန္ဒိယနိုင်ငံ၊ နယူးဒေလီ၌ကျင်းပသော ဗုဒ္ဓဘာသာညီလာခံသို့အသွား တစ်ထောက်နား၍ ဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားစဉ်။ (ရွှေကျင်သာသနာပိုင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး(ထိုင်လျက်)နှင့် သီတဂူဆရာတော်၊ မင်းယုဝေ)

ဆောင်ရွက်တော်မူခဲ့သည်။ ဥက္ကဋ္ဌအဖြစ်လည်း ဆောင်ရွက်တော်မူခဲ့သည်။ ဆရာတော်ကြီးသည် ၂၀၁၀-ပြည့်နှစ်က ပျံလွန်တော်မူခဲ့သည်။

မကွေးဆရာတော်ကြီး အရှင်ကုမာရက "ယနေ့ သီတဂူဆရာတော် ဆောင်ရွက်နေသော (၁) သီတဂူဥဒကဒါန ရေအလှူတော်(စစ်ကိုင်း)၊ (၂) အာယုဒါနဆေးအလှူတော် (စစ်ကိုင်း)၊ (၃) ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်(စစ်ကိုင်း)၊ (၄) သီတဂူဗုဒ္ဓဝိဟာရ အမေရိက သာသနာ့အကျိုးဆောင်လုပ်ငန်းကြီးများသည် ပါရမီအရင်းခံသော မြတ်ဗုဒ္ဓအလိုတော်ကျ မွန်မြတ်သည့်လုပ်ငန်းကြီးများဖြစ်ကြောင်း ဝမ်းမြောက်စွာ တွေ့ရှိရပါသည်" ဟူ၍ မိန့်တော်မူခဲ့သည်။

## မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီးနှင့် သီတဂူဆရာတော်

ထို့ပြင် မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်သစ်ဆရာတော်ကြီးကလည်း ဝမ်းမြောက်ဝမ်းသာ ကျူးရင့်မိန့်ဆိုခဲ့သည်။ ထိုဆရာတော်ကြီးမှာ အရှင်အဂ္ဂိယဖြစ်သည်။ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရလည်း ဖြစ်သည်။ ယခုအခါ ရွှေကျင်သာသနာပိုင်အဖြစ် ဆောင်ရွက်တော်မူလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"သီတဂူအရှင်ဉာဏိဿရသည် မူလပင်ကိုယ် သတ္တိကောင်းများလည်းရှိပြီး ပတ်ဝန်းကျင်ကောင်း၊ အမှီကောင်း၊ ဘဝကောင်းတို့ကလည်း အားကြီးသော အထောက်အပံ့များအဖြစ် ကျေးဇူးပြုကြရာ အစွမ်းထက်သည့် ပုဂ္ဂိုလ်တစ်ယောက် ဖြစ်လာခဲ့ရလေသည်။ အစွမ်းထက်သည့် ပုဂ္ဂိုလ်တို့သည် စန္ဒကန္တိကျောက်၊ သူရိယကန္တိကျောက်များနှင့် တူကြကုန်၏။

"စန္ဒကန္တိကျောက်သည် လရောင်နှင့်ထိတွေ့သောအခါ ရေများစိမ့်ယိုထွက်လာကုန်၏။ သူရိယကန္တိကျောက်သည် နေရောင်နှင့် တွေ့သောအခါ မီးများထွက်လာကုန်၏။ မိုးနည်းရေရှား ခြောက်သွေ့သော စစ်ကိုင်းတောင်သည် သီတဂူအရှင်နှင့်တွေ့သောအခါ ချောင်တိုင်း ရေလျှံခဲ့လေပြီ။ သီတဂူ စီမံကိန်းကြောင့်ပင် လျှပ်စစ်မီးရောင်ခြည်များ ထိန်ထိန်ငြီးအောင် အလင်းဆောင်ထွန်းပြောင်ခဲ့လေပြီ။

"သီတဂူမေတ္တာ၊ သီတဂူကရုဏာတို့က ဖန်ဆင်းထုတ်လုပ်အပ်သော ဆေးရုံကြီးက ရဟန်း၊ ရှင်၊ လူ သူတော်စင်များစွာတို့အား အာယုဒါန၊ အာရောဂျဒါန၊ စက္ခုဒါန၊ အသက်၊ ကျန်းမာချမ်းသာခြင်းနှင့် ပသာဒမျက်လုံး အစရှိသော အလှူပေါင်းများစွာကို လှူခဲ့လေပြီ။ ယခုတစ်ဖန် တည်ထောင်ပြန်သည့် ကမ္ဘာ့ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးက ဓမ္မစွမ်းရည်ထက်သည့် ဓမ္မဒူတ ပုဂ္ဂိုလ်များကို မွေးထုတ်ပေးနေရာ၊ တောအလျှိုလျှို တောင်အထပ်ထပ် အကြားအောက်မှ ပတ္တမြားငမောက်တို့ကို သွေးထုတ်ပေးနေသည်နှင့်မခြားဖြစ်လေရာ လူမှန်၊ နေရာမှန်၊ အလုပ်မှန်သည့် သီတဂူသည် ဓမ္မကန္တိကျောက် ဟုပင် ဆိုအပ်ပေတော့သည်" ဟု မိန့်တော်မူခဲ့သည်။


## တိပိဋကဓရ ယောဆရာတော်နှင့် သီတဂူဆရာတော်

တိပိဋကဓရ ယောဆရာတော် အရှင်သိရိန္ဒာဘိဝံသကလည်း သီတဂူဆရာတော်၏ လုပ်ဆောင်ချက်များကို အားရကျေနပ်မဆုံး ရှိခဲ့သည်။ ဆရာတော်သည် ရန်ကုန်မြို့ ဗဟန်းမဟာဝိသုဒ္ဓါရုံတိုက်သစ် ပဓာနနာယကဆရာ

www.burmeseclassic.com

www.burmeseclassic.com






တိပိဋကဓရ ယောဆရာတော်

တော်လည်း ဖြစ်သည်။ တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရလည်း ဖြစ်သည်။

ယောဆရာတော်က "ယနေ့မျက်မှောက် မြန်မာ့သာသနာ့သမိုင်းဝယ် သီတဂူဆရာတော်နှင့် သီတဂူအဖွဲ့သည် (၁) သီတဂူရေအလှူတော်၊ (၂) အာယုဒါနဆေးအလှူတော်၊ (၃) ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ပညာအလှူတော်၊ (၄) ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း ဓမ္မအလှူတော် (U.S.A) တို့ကို မိမိပင်ပန်းသည်ကို ပဓာနမပြုဘဲ လောကဟိတ၊ သာသနာဟိတ တိုးပွားရေးကိုသာ ပဓာနထား၍ စိရကာလ၊ နိရန္တရ၊ သက္ကစ္စ၊ အဘိရတိ၊ နိရဝသေသ နည်းငါးဝဖြင့် အားထုတ်နေသည်ဖြစ်ရာ ဘဝ၏ သမိုင်းမှတ်တိုင်များကို ခန့်ခန့်ထည်ထည်ကြီး စိုက်ထူခဲ့ပြီး၍ နှစ်ထောင်းအားရဖြစ်မိပါတော့သည်။"

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသတို့ မြန်မာ့အသံနှင့် ဆွေးနွေးစဉ်။

## သီတဂူဆရာတော်နှင့် ပါမောက္ခချုပ် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသကလည်း "မြတ်ဗုဒ္ဓသည် လောကသားတို့၏ ကောင်းကျိုးချမ်းသာကို ဖော်ဆောင်နိုင်ရန် ဓမ္မကို ဟောကြားတော်မူ၏။ အများ၏အကျိုး ဆုတ်ယုတ်ပျက်စီးအောင် ပြုလုပ်ခြင်းသည် ဓမ္မလမ်းကြောင်းမှ သွေဖီခြင်းဖြစ်သည်။ အများအကျိုး ရွက်ဆောင်သယ်ပိုးခြင်းသည် ဓမ္မလမ်းကြောင်းအတိုင်း လျှောက်လှမ်းခြင်းဖြစ်သည်။ အများအကျိုးဆောင်ရွက်သယ်ပိုးရာ၌ အများ၏လိုအပ်ချက်ကို ဖြည့်တင်းပေးကမ်းခြင်းသည် မွန်မြတ်၏။ ထိုတွင် ဓမ္မကို ဖြန့်ဝေပေးလှူခြင်းကား ထိုထက်ပို၍ မွန်မြတ်သည်။

အများကို အကြင်နာထားကာ ယဉ်ကျေးပျူငှာ ဆက်ဆံပြောဆိုခြင်းသည် မွန်မြတ်၏။ ထိုတွင် ဓမ္မကိုရှင်းပြပြောဆိုခြင်းက ထိုထက်ပို၍ မွန်မြတ်သည်။ အများအတွက် ကောင်းကျိုးချမ်းသာဖြစ်ထွန်းအောင်ဆောင်ရွက်ပေးခြင်းသည် မွန်မြတ်၏။ ထိုတွင် ကိုယ်ကျင့်တရားမြင့်မားအောင်၊ အသိဉာဏ်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးခြင်းကား ထိုထက်ပို၍ မွန်မြတ်သည်"ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ သီတဂူဆရာတော်၏ အများအကျိုးဆောင်မှု ဓမ္မကိုဖြန့်ဝေပေးလှူခြင်း တို့ကို ဂုဏ်ပြုရေးသားဖော်ပြခဲ့သည်။

ဆရာတော် ဒေါက်တာအရှင်နန္ဒမာလာဘိဝံသကား သီတဂူ ကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ် (စစ်ကိုင်း)တွင် ပါမောက္ခချုပ်အဖြစ် ဆောင်ရွက်ခဲ့ပြီး ယခုအခါ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြု သံဃာ့တက္ကသိုလ် (ရန်ကုန်)တွင် ပါမောက္ခချုပ်အဖြစ် ထမ်းဆောင်တော်မူနေသော ဆရာတော်ဖြစ်သည်။

## ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်၊ သိဒ္ဓိရှင်

ဆရာတော်သည် ဥပဓိရုပ်လည်း ကောင်းသည်။ အဟောအပြော လည်း ကောင်းသည်။ အသံကလည်း ကြည်လင်ပြတ်သားသည်။ အောင်မြင် လှသည်။

ဟောပြောရာ၌ ပိဋကတ်တော်လာအကြောင်းအရာတို့ကိုသာမက နိုင်ငံတကာဗဟုသုတများ၊ ကိုယ်တွေ့ဖြစ်ရပ်များကိုပါ သူ့နေရာနှင့်သူ



ပါမောက္ခဆရာမကြီး
ဒေါ်အုန်း (အမ်အေ)

www.burmeseclassic.com

www.burmeseclassic.com



အံ့ဝင်ခွင်ကျအောင် ဟောပြောနိုင်သည်။ ငြီးငွေ့ခြင်း မရှိစေရ။ စိတ်ပါဝင်စား အောင်လည်း ဟောပြောနိုင်သည်။ ထို့မျှမက အင်္ဂလိပ်ဘာသာဖြင့်လည်း ကျွမ်းကျင်စွာ တရားဟောနိုင်သည်။ ဆွေးနွေးနိုင်သည်။ ပြောနိုင်သည်။ စွယ်စုံရ ဖြစ်သည်။ပါရမီရှင်ပုဂ္ဂိုလ်ထူး ဖြစ်သည်။

ဆရာမကြီး အမ်အေဒေါ်အုန်း(ကွယ်လွန်)က "ဆရာတော် အရှင် ဉာဏိဿရသည် လွန်စွာထူးခြားသည့် ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်၊ သိဒ္ဓိရှင် ဟု ပြောရပါမည်။ စာတတ်တိုင်းလည်း မဟောတတ်။ ဟောတတ်တိုင်း လည်း စာမစုံ။ စာစုံတိုင်းလည်း အာဝဇ္ဇန်းမသွက်။ အာဝဇ္ဇန်းသွက်မှ ဆွဲဆောင် မှု အားတက်သည်ဟု ဆိုစမှတ်ရှိရာ အရှင်ဉာဏိဿရအဖို့ကား စာပေကျမ်းဂန် နှင့်ပတ်သက်လျှင် ဆရာတော်၏ ပိဋကတ်ဝမ်းဗိုက်သိုက်တွင်းမှ တူးတိုင်း ထွက်၊ ဖော်တိုင်းပေါ်၊ အဖိုးတန်ရတနာတွေ မကုန်နိုင်၊ မခန်းနိုင်။ အဟော အပြော၌လည်း အသံကောင်း လျှာသွက်။ ဆရာတော် မပါလျှင် မင်္ဂလာအလှူ ပွဲကြီး မပြည့်ဝသလောက်။ တစ်နေ့တည်း၌ပင် ဟိုတစ်ပွဲ၊ သည်တစ်ပွဲ ဌာန သာကွဲသည်။ ဆရာတော်မှာ အလဲမရပါ။

"ပရိသတ်ကို ဆွဲဆောင်ရာ၌လည်း ဟောပြောသူ ဆရာတော်သာ အမောဆိုက်။ တရားနာယူသူ ပရိသတ်ကတော့ ပျင်းရမှန်း၊ ငိုက်ရမှန်းမသိ။ တစူးစူး၊ တစိုက်စိုက်နှင့် တင်းတိမ်တယ်မရှိ။ အားရတယ် မရှိကြပါ။ ဆရာ တော်၏ တရားပွဲသံကိုသာ နားစွင့်၍နေကြပါသည်။

"ယင်းအံ့ဖွယ်ဂုဏ်အပေါင်းနှင့် ပေါပြည့်ဝသောကြောင့်ပင် မြန်မာ ပြည်တွင်သာမက ကမ္ဘာ့အလယ်တွင်ပါ ဆရာတော်သည် အောင်မြင်သူ "ဓမ္မကထိက"၊ အောင်မြင်သူ "ဓမ္မဓရ" အဖြစ်နှင့် ကမ္ဘာအရပ်ရပ်၌ အောင် သရဖူဆောင်းကာ အောင်ပန်းပန်၊ အောင်ပွဲဝင်နိုင်ခြင်း ဖြစ်ပါသည်။

"ဘာသန္တရအနေဖြင့်လည်း ပါဠိဘာသာသာမက အင်္ဂလိပ်ဘာသာ ပါ တတ်ကျွမ်းသဖြင့်လည်း အမေရိကန်၊ အင်္ဂလန်၊ ယိုးဒယား၊ သီဟိုဠ်(သီရိ

www.burmeseclassic.com

www.burmeseclassic.com



လက်ာ)၊ အိန္ဒိယ စသည်တို့ကို သာသနာပြုလှည့်ရာဝယ် လူမျိုးခြား– မြန်မာ ဗဟုသုတဖလှယ်ရာ၌လည်းကောင်း၊ အပဟန့်အတား အပိတ်အပင်မရှိ။ နိုင်ငံတကာလေလှိုင်းများမှ အသံလွှင့်၍ ဗုဒ္ဓဝါဒကို ကမ္ဘာအနှံ့ ထိုးဖောက်ထွန်းလင်းစေခဲ့ပါသည်” ဟူ၍ ရေးသားဖော်ပြခဲ့သည်။

ဆရာမကြီး အမ်အေ ဒေါ်အုန်းမှာ မန္တလေးတက္ကသိုလ် အငြိမ်းစား ပါဠိပါမောက္ခ ဖြစ်သည်။ ထင်ရှားသော “ပါဠိစာပေသမိုင်း” ကျမ်းကို ပြုစုရေးသားခဲ့သူဖြစ်သည်။

## ဒေါ်အေးစိန်ဦးကြွေး

၁၉၈၄–ခုနှစ်၌ သီတဂူဆရာတော်သည် သာသနာကိစ္စတစ်ခုဖြင့် ထိုင်းနိုင်ငံ၊ ဖယောင်းမြို့သို့ ကြွရောက်တော်မူသည်။ ပရိသတ်များ ဆရာတော်ကို လာရောက်နှုတ်ဆက်ကန်တော့ကြ၏။ ထိုအထဲတွင် ဒေါ်အေးစိန်ဆိုသည့် ဒကာမကြီးလည်း ပါလာ၏။

ထိုဒကာမကြီးသည် သီတဂူဆရာတော်ကို အလွန်ကြည်ညို၏။ ဆရာတော်၏တရားများကို အလွန်နှစ်ခြိုက်၏။ သို့သော် ဆရာတော်ကို တစ်ခါမှ မဖူးတွေ့ဘူးပေ။ ယခု ဆရာတော်ကို ဖူးတွေ့နေပါသော်လည်း ဆရာတော်မှန်းမသိရှိပေ။

ထို့ကြောင့် ဒကာမကြီးဒေါ်အေးစိန်က “တပည့်တော်ဟာ ခရီးသွားခရီးလာများမှတစ်ဆင့် မြန်မာပြည်မှ တရားတိပ်ခွေများကို မှာယူနာရပါတယ်။ ယခုလို မြန်မာဘုန်းတော်ကြီးများရောက်ရှိလာတော့ ဖူးရတာ အလွန်ပင် ဝမ်းသာမိပါတယ်ဘုရား” ဟုဆရာတော်ကို လျှောက်၏။

“ဟုတ်တာပေါ့။ နိုင်ငံရပ်ခြားမှာနေကြတဲ့ မြန်မာလူမျိုးတွေဟာ သံဃာတော်များကို သိပ်ဖူးချင်ကြတယ်။ အမျိုးဘာသာသာသနာကိုချစ်တဲ့ စိတ်ရှိလို့ပါပဲ။ ဒါကို ဝံသာနုစိတ်လို့ ခေါ်ပါတယ်။ ဘုန်းကြီးတို့ အားရကျေနပ်မိပါတယ်။”

www.burmeseclassic.com

www.burmeseclassic.com



"မှန်ပါ့ဘုရား၊ ဆရာတော်ကို တစ်ခုလောက် အကူအညီတောင်းချင်ပါတယ်"

"ရပါတယ် ဒကာမကြီး၊ ဘုန်းကြီး ကူညီရမှာပေါ့။"

"တပည့်တော်ဟာ ဘဝတန်ဖိုးနဲ့ နိယာမ ၅–ပါးတရားဟောကြားတဲ့ သီတဂူဆရာတော်ကို ထိုင်းနိုင်ငံသို့ ပင့်ချင်ပါတယ်။ ဒါကြောင့် သီတဂူဆရာတော်ကို မရရအောင် ပင့်ပေးပါဘုရား။"

"ဒကာမကြီး၊ သီတဂူဆရာတော်ဆိုတာ အခြားမဟုတ်ဘူး အခု ဒကာမကြီးရှေ့က ဘုန်းကြီးပါပဲ" ဟု ဆရာတော်က အမိန့်ရှိလိုက်သည်။ ထိုအခါ ဒကာမကြီးဒေါ်အေးစိန်သည် သီတဂူဆရာတော်မှန်းသိသွားပြီး ရှိုက်ကြီးတငင် ငိုကြွေးပါတော့သည်။

သီတဂူဆရာတော်က "ဒကာမကြီး၊ ဘာကြောင့်ငိုနေသလဲ။ ဒါငိုစရာ မဟုတ်ပါဘူး" ဟု ပြောလိုက်၏။

"ဆရာတော်၊ တပည့်တော်မဟာ ထိုင်းနိုင်ငံသို့ ရောက်နေတာ နှစ်ပေါင်း ၄၀–ကျော်ပြီ။ မြန်မာနိုင်ငံကို တစ်ခေါက်မှ ပြန်မရောက်တော့ဘူး ဘုရား။ မြန်မာဆရာတော်များရဲ့ တရားတိပ်ခွေများကို အမြဲနာကြားနေရာက ဘဝတန်ဖိုးတရားဟောကြားတဲ့ ဆရာတော်ကို ဖူးတွေ့လိုတဲ့ ဆန္ဒပြင်းပြင်း ဖြစ်နေပါတယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို မပြန်ဖြစ်နိုင်ဘူး။ ဒါကြောင့် ဒီတစ်သက်တွင် ဖူးတွေ့ရတော့မှာမဟုတ်ဘူးလို့ ထင်နေတယ်။ ယခုလို မမျှော်လင့်ဘဲ ဖူးတွေ့ရလို့ ဖော်မပြနိုင်လောက်အောင် ဝမ်းသာမိပါတယ်ဘုရား။ ဝမ်းသာကြည်နူးလွန်းလို့ တပည့်တော်ငိုမိတာပါဘုရား" ဟု အားပါးတရ လျှောက်ထားလေသည်။

ထိုဒကာမကြီးကဲ့သို့ သီတဂူဆရာတော်ကို အလွန်အမင်း ကြည်ညိုနေသည့်သူများကား အနယ်နယ်၊ အရပ်ရပ်မှာ ပေါများလှသည်။ ဆရာတော်၏ ဒကာရင်းတစ်ဦးဖြစ်သူ ဦးနိုင်ဦး(မိဘရိပ်) (အဂ္ဂမဟာသီရိသုဓမ္မ မဏိ

www.burmeseclassic.com

www.burmeseclassic.com





တစ်နှစ်လျှင် တရားပွဲပေါင်း ၅၀၀–ကျော်ဟောပြောခဲ့သော သီတဂူဆရာတော်

ဇောတရဲ)နှင့် ဇနီးဒေါ်အေးသိန်း (သီရိသုဓမ္မသင်္ဂီ)တို့ ကြီးမှူးကျင်းပသော တောင်ဒဂုံသီတဂူတရားပွဲဆိုလျှင် တရားနာ ပရိသတ်ပေါင်း တစ်သိန်းခွဲကျော် တက်ရောက်နာယူကြသည်ကို အံ့ဖွယ်တွေ့ရှိရသည်။

## ယောက်ျားပ သီတဂူ

တစ်နှစ်တွင် ၃၆၅–ရက်ရှိသည့်အနက် သီတဂူဆရာတော်သည် နေ့လယ်၊ ညနေ၊ ညချမ်း တရားပွဲပေါင်း ၅၀၀–ခန့် ဟောပြောရကြောင်း ကြားသိရသည်။ မိမိ၏အသက်ခန္ဓာ၊ ကျန်းမာရေးတို့ကို ဂရုမထား၊ အလေးမမူ။ လုံ့လကြီးစွာဖြင့် ဟောပြောတော်မူနိုင်သူ ဖြစ်သည်။

ထို့ကြောင့်ပင် ဒေါက်တာအောင်ဆန်း (ဒါးက၊ပုသိမ်)က–

"သာသနာ နောက်ဖျား
ပေါက်ဖွားကြဆူဆူ
ယောက်ျားပ သီတဂူ
ဓမ္မဂူမှာ ရှာစမ်း
အားလုံ့လ အလံထူ

www.burmeseclassic.com

www.burmeseclassic.com



**စံမတူ ထိုးတော့ဥဒါန်း"** ဟူ၍ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် "ဓမ္မအသံ"မဂ္ဂဇင်း၌ ကျူးရင့်ထားသည်ကို ဖတ်ရှုရသည်။

## ဒေါက်တာအောင်ဆန်း

ဒေါက်တာအောင်ဆန်းသည် ရန်ကုန်ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ရတစ်ဦး ဖြစ်သည်။ ဘွဲ့ရပြီးနောက် ဇနီး ဒေါက်တာချိုနွယ်အေးနှင့်အတူ မိမိဇာတိဖြစ်သော ကန့်ကြီးထောင့်မြို့နယ်၊ ဒါးကရွာတွင် "အောင်ဆန်းအေး" အမည်ဖြင့် ဆေးခန်းဖွင့်ထားသည်။ မိမိဆေးခန်းသို့ ဆေးလာကုကြသော သံဃာတော်များ၊ သီလရှင်များ၊ ဘာသာရေး၊ သာသနာရေး ဆောင်ရွက်သူများ၊ သက်ကြီးရွယ်အိုများ၊ ဆင်းရဲနွမ်းပါးသူများ ကို အခမဲ့ဆေးဝါးကုသပေးသည်။ ကျန်လူနာများကိုလည်း တစ်ဦးလျှင် ၃၀၀ိ/- ဖြင့်သာ ဆေးကုသပေးသည်။

သူသည် သီတဂူဆရာတော်အရှင်ဉာဏိဿရနှင့် တောင်စွန်းဓမ္မဒူတဆရာတော် အရှင်ပညာဇောတတို့၏ တပည့်ဒါယကာတစ်ဦး ဖြစ်သည်။



ဒေါက်တာအောင်ဆန်း
ဒါးက၊ ကန့်ကြီးထောင့်မြို့နယ်
(၁၉၄၆-၂၀၀၄)

www.burmeseclassic.com

www.burmeseclassic.com



သူသည် မိမိတတ်စွမ်းသောပညာဖြင့် လူနာများကို အထူးစေတနာထား၍ ဆေးဝါးကုသပေးသော စေတနာဆရာဝန်ဖြစ်သည်။ တစ်ဖက်ကလည်း ဓမ္မစာပေများကို ဖတ်ရှုလေ့လာ၍ ဓမ္မဆောင်းပါးများရေးသူ စာရေးဆရာတစ်ဦး ဖြစ်သည်။

သူသည် ၁၉၉၆–ခုနှစ်တွင် အဘိဓမ္မာရိုးရိုး (ပ၊ဒု၊တဆင့်) စာမေးပွဲတွင် တစ်နိုင်ငံလုံး၌ ပထမရ၍အောင်မြင်ခဲ့သည်။ ၁၉၉၇–ခုနှစ်တွင် အဘိဓမ္မာဂုဏ်ထူးဆောင်(ဋီကာကျော်)စာမေးပွဲ၌ တစ်နိုင်ငံလုံးတွင် ပထမရ၍အောင်မြင်ခဲ့သည်။ ၁၉၉၉–ခုနှစ်တွင် ဝိသုဒ္ဓိမဂ်စာမေးပွဲ၌ တစ်နိုင်ငံလုံး ပထမရ၍ အောင်မြင်ခဲ့သည်။

သူသည် ဝိပဿနာတရားကို ကိုယ်တိုင်လည်း အားထုတ်သည်။ လယ်တီမူ အနာဂါမ်ဆရာသက်ကြီး ဝိပဿနာ ၇–ရက်တရားစခန်းများသို့ သားများ၊ တူမများ၊ ဆွေမျိုးများနှင့် ဓမ္မမိတ်ဆွေများအား တရားအားထုတ်နိုင်ရန် နှစ်စဉ် စီစဉ်ဆောင်ရွက်ပေးသည်။

ဓမ္မစာစောင်များဖြစ်သော မြတ်မင်္ဂလာ၊ ရတနာမွန်၊ ဓမ္မဗျူဟာ စသည်တို့ကိုလည်း ဖြန့်ဝေပေးသည်။ မဝယ်နိုင်သူများကို လှူဒါန်းသည်။ “အောင်ဆန်းအေး“စာကြည့်တိုက်ကို ဖွင့်လှစ်ထားသည်။ ဓမ္မတိပ်ခွေပေါင်း ၅၀၀၀–ကျော်ကို ငှားရမ်းသည်။ ဆင်းရဲ၍ ကျောင်းမထားနိုင်သူများကို ကျောင်းထားပေးသည်။

ဒေါက်တာအောင်ဆန်းသည် ၂၀၀၄–ခုနှစ်၊ ဇူလိုင်လ ၂–ရက်နေ့တွင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်၌ အသက် ၅၈–နှစ်အရွယ်သာ ရှိသေးသည်။

## ဆရာဦးသန်းထွတ်နှင့် ဆရာဦးဝင်းမွန်တို့၏ ခံယူချက်

၂၀၀၉–ခုနှစ်၊ မတ်လ ၅–ရက်နေ့မှ၈–ရက်နေ့အထိ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



(Association of Theravida Buddhist University (ATBU))များ ညီလာခံကို ကျင်းပခဲ့သည်။ ထိုညီလာခံမှာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်သည်။ ပထမ အကြိမ်ညီလာခံကို ၂၀၀၇–ခုနှစ်၊ မတ်လက ရန်ကုန်နှင့်ပုဂံတွင် ကျင်းပခဲ့ သည်။ အဆိုပါညီလာခံများကို ၂–နှစ်တစ်ကြိမ် ကျင်းပသွားရန်လည်း အစီ အစဉ်ရှိသည်။

ယခု ဒုတိယအကြိမ်ကျင်းပသော ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ ညီလာခံသို့ အင်္ဂလန်၊ အိန္ဒိယ၊ ထိုင်း၊ အင်ဒိုနီးရှား၊ သီရိလင်္ကာ အစရှိသည့် နိုင်ငံပေါင်း ၁၁–နိုင်ငံမှ တက္ကသိုလ်နှင့် ကောလိပ်ပေါင်း ၃၀–၏ ကိုယ်စား လှယ်များ တက်ရောက်ကြသည်။ ထို့ပြင် အခြားနိုင်ငံရပ်နိုင်ငံမှ ပညာရှင် စုစုပေါင်း ၂၉၀–ကလည်း လေ့လာသူများအဖြစ် တက်ရောက်ကြသည်။ ပြည်တွင်းမှ ပညာရှင်ဆရာတော်များ၊ သီလရှင်များ၊ စာပေပညာရှင်များ၊ တက္ကသိုလ်ပညာရှင်များ၊ ဗုဒ္ဓဘာသာအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ စုစုပေါင်း ၃၀၀–ကျော်လည်း တက်ရောက်ခဲ့ကြသည်။

တက်ရောက်ခွင့်ရသူ စာပေပညာရှင်များထဲတွင် ဆရာကြီး ဦးသန်း ထွတ်၊ ဆရာကြီးတက္ကသိုလ်ဝင်းမွန်နှင့် ဤစာရေးသူတို့လည်း ပါဝင်ကြ သည်။ သီတဂူဆရာတော်၏ ထေရုပ္ပတ္တိကို ကျွန်တော်ရေးသားရာတွင် ကူညီ ကြသူများထဲ၌ သူတို့နှစ်ဦးလည်း ပါဝင်သည်။ ထို့ကြောင့် ဆရာကြီး ဦးသန်း ထွတ်၊ ပါမောက္ခ(ငြိမ်း)၊ ပညာရေးတက္ကသိုလ် (ပခုက္ကူဦးအုန်းဖေ စာပေ ဆုရ)နှင့် ဆရာကြီး တက္ကသိုလ်ဝင်းမွန်(အမျိုးသားစာပေဆုရ)တို့အား သီတဂူ ဆရာတော်၏ ဂုဏ်ကျေးဇူးအပေါ် ကြည်ညိုမိပုံတို့ကို မှတ်ချက်ရေးသား ပေးပါရန် ဤစာရေးသူက မေတ္တာရပ်ခံခဲ့ပါသည်။ သူတို့နှစ်ဦးကလည်း ဝမ်းမြောက်ဝမ်းသာပင် အောက်ပါအတိုင်း ရေးသားပေးကြပါသည်။


## သီတဂူဆရာတော်၏ ကျေးဇူးတော်ဂုဏ်

၂၇–၁၀–၂၀၀၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ဘီဟာပြည်နယ်၊ နာလန္ဒ တက္ကသိုလ်က မြန်မာနိုင်ငံ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီး၏ အဓိပတိ

www.burmeseclassic.com

www.burmeseclassic.com






အိန္ဒိယနိုင်ငံ၊ နာလန္ဒာတက္ကသိုလ်က သီတဂူဆရာတော်အား ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ဆက်ကပ်စဉ်။

ဆရာတော်လည်းဖြစ်၍၊ ကမ္ဘာ့ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ၏ အလုပ်အမှုဆောင် ဥက္ကဋ္ဌဆရာတော်လည်းဖြစ်သော သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရကို ဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ ချီးမြှင့်ဆက်ကပ်ခဲ့ပါသည်။

ဘွဲ့ချီးမြှင့်ဆက်ကပ်ရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ဤသို့ဖော်ပြထားပါသည်။

"ကမ္ဘာ့ဗုဒ္ဓသာသနာသမိုင်းတွင် အထူးချွန်ဆုံးလည်းဖြစ်၊ နိုင်ငံနှင့်လူမျိုး၊ အမျိုးဘာသာ သာသနာတော်အတွက် မိမိခန္ဓာကိုယ်၊ အချိန်၊ ငွေတို့ကို စွန့်လွှတ်အနစ်နာခံပြီး ဘာသာရေး၊ သာသနာရေး၊ လူမှုရေး ပရဟိတလုပ်ငန်းတို့ကို အားသွန်ခွန်စိုက် တစိုက်မတ်မတ် ဆောင်ရွက်လုပ်ကိုင်နေကြသော ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်များကို ချီးမြှင့်ဆက်ကပ်ဂုဏ်ပြုသော ဒေါက်တာဘွဲ့" ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်သည် သီတဂူဆရာတော်၏ ဂုဏ်ကျေးဇူးကို စဉ်းစားသော အခါ ဆရာတော်၏ အောက်ပါသြဝါဒကို သတိပြုမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"လူစွမ်းကောင်းတို့သည် အချိန်နှင့်အလုပ်ကို သူတို့၏ အခွင့်အရေး အဖြစ် တိတိကျကျ မိမိရရ ယူလိုက်ကြသည်။ သူတို့သည် အချိန်နှင့်အလုပ်ကို ကြီးကျယ်ခမ်းနားအောင် ပြုလုပ်ဖန်တီးလိုက်ကြသည်။"

ဤဩဝါဒသည် အလွန်မှတ်သားနာယူဖွယ်၊ ကျင့်သုံးဖွယ်ဖြစ်သော ဩဝါဒတစ်ရပ်ပင် ဖြစ်ပါသည်။

တရုတ်ပညာရှင်ကြီး ကွန်ဖြူးရှပ်၏ အဆိုအမိန့်ကိုလည်း သတိရမိပါသည်။

"The way of a superior man is three fold:

Virtuous, he is free from anxieties.

Wise, he is free from perplexities.

Bold, he is free from fear.

လူစွမ်းကောင်းတို့မည်သည် အချက်သုံးချက်နှင့်ကိုက်ညီရမည်။

(၁)စိုးရိမ်ကြောင့်ကြမှု ကင်းရမည်။

(၂)တွေဝေမှု ကင်းရမည်။

(၃)ကြောက်ရွံ့မှုကင်းရမည်" ဟူ၍ ကွန်ဖြူးရှပ်က မိန့်ဆိုပါသည်။

သီတဂူဆရာတော်ဘုရားသည် တရုတ်ပညာရှိ ကွန်ဖြူးရှပ်၏ အဆိုဖြစ်သော–

Virtuous-သီလ၊ သမာဓိဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

Wisdom-ဉာဏ်ပညာအမြော်အမြင်နှင့်လည်း ပြည့်စုံတော်မူပါသည်။

Boldness- ရဲရင့်ခြင်း၊ အကြောက်တရားကင်းခြင်းဂုဏ်နှင့်လည်း ပြည့်စုံတော်မူပါသည်" ဟူသော အချက်သုံးချက်နှင့်လည်းညီညွတ်သည်ဟု ခံယူမိပါသည်။

ဦးသန်းထွတ်၊ ပါမောက္ခ(ငြိမ်း)
ပညာရေးတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



## ပွင့်ထွန်းပေါ်ပေါက်လာသော မေတ္တာရှင် ကရုဏာရှင်များ

ဗုဒ္ဓမြတ်စွာဘုရား အလောင်းတော်သည် မာဂဓတိုင်း၊ သေနာနိဂုံးရွာအနီးရှိ ဥရုဝေလတောအုပ်အတွင်း နေရဥ္ဇရာမြစ်ကမ်းအနီး မဟာဗောဓိပင်၏အရှေ့ဘက်ရှိ အပရာဇိတပလ္လင်တော်ထက်၌ စံပယ်တော်မူပြီး တရားအားထုတ်တော်မူရာ မဟာသက္ကရာဇ် ၁၀၃–ခုနှစ်၊ ကဆုန်လပြည့်နေ့ မိုးသောက်ယံတွင် ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပါသည်။ ထို့နောက် သတ္တဌာန စံပယ်တော်မူပြီး ၄၉–ရက်ပြည့်မြောက်သော ဝါဆိုလဆန်း ၅–ရက်၊ ဗုဒ္ဓဟူးနေ့တွင် လင်းလွန်းပင်ရင်း၌ သီတင်းသုံးနေထိုင်တော်မူပါသည်။

ထိုသို့ သီတင်းသုံးနေထိုင်တော်မူခိုက်တွင် ဥက္ကလာပတိုင်းမှ မဇ္ဈိမဒေသသို့ ကုန်ရောင်းလာသော တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့သည် ဘုရားရှင်ကိုဖူးမြော်ခွင့်ရပြီး အတိုင်းမသိ သဒ္ဓါကြည်ညိုစိတ်ဖြင့် မိမိတို့မှာ အသင့်ပါလာသော မုန့်ကြွက်ကျစ်နှင့် ပျားရည်မုန့်တို့အား ဘုရားရှင်ကို လှူဒါန်းကြပါသည်။ ဘုရားရှင်က ဘုဉ်းပေးသုံးဆောင်တော်မူပြီး သင့်လျော်လျောက်ပတ်သော အနုမောဒနာတရားကို ဟောကြားတော်မူသည်။ ကုန်သည်



မေတ္တာရှင်၊ ကရုဏာရှင် သီတဂူဆရာတော်နှင့် ကလေးငယ်များ

www.burmeseclassic.com

www.burmeseclassic.com



ညီနောင်လည်း ဒွေဝါစိကသရဏဂုံတည်သော ဥပါသကာများ ဖြစ်သွားကြပြီး ဘုရားရှင်ကို လျှောက်ထားပန်ကြားချက်အရ ဘုရားရှင်က ဆံတော်မြတ်ရှစ်ဆူကို ချီးမြှင့်ပေးသနားတော်မူပါသည်။

ကုန်သည်ညီနောင်တို့သည် မိမိတို့နေထိုင်ရာ ဥက္ကလာပတိုင်းသို့ ပြန်ရောက်သောအခါ ဥက္ကလာပမင်းကြီးနှင့် ပြည်သူများ ပူးပေါင်းပါဝင်ကာ ထိုဆံတော်မြတ်တို့ကို ဌာပနာပြီး စေတီတော်များ တည်ထားကိုးကွယ်ကြပါသည်။ ဗိုလ်တထောင်စေတီတော်၊ ဆူးလေစေတီတော်၊ ရွှေတိဂုံစေတီတော်တို့သည် ဘုရားရှင်၏ ဆံတော်မြတ်များ ကိန်းအောင်းရာ စေတီတော်မြတ်တို့ ဖြစ်ကြပါသည်။

ဤအကြောင်းအရာအဖြစ်အပျက်တို့ကို ကျီးသဲလေးထပ်ကျောင်း ဆရာတော်ပြုစုသော ဓိနတ္ထပကာသနီကျမ်း၊ တိပိဋကရေဆရာတော် ဦးဝိစိတ္တသာရာဘိဝံသပြုစုသော နိုင်ငံတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် (ဒုတိယတွဲ)၊ ရွှေတိဂုံစေတီတော် မွန်–မြန်မာကျောက်စာတို့တွင် တွေ့မြင်ဖတ်ရှုရသောအခါ ကျွန်တော်တို့ ကြည်ညိုသဒ္ဓါပွားကြရပါသည်။

ထို့ထက်အထူးကား ဤအကြောင်းအရာအဖြစ်အပျက်တို့ကို တရားဓမ္မဟောကြားရာ၌ ထည့်သွင်းပြောကြားပြီးနောက် သီတဂူ ဆရာတော်ဘုရားကြီးက–

“ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ဆွမ်းဦးလုပ်ကျွေးခွင့်ရတာ မြန်မာနိုင်ငံသား တပုဿနဲ့ ဘလ္လိကကုန်သည်ညီနောင်တို့ ဖြစ်ကြတယ်။ ဒါကြောင့် ဘုန်းကြီးတို့မြန်မာနိုင်ငံဟာ ဘယ်တော့မှ ငတ်မွတ်ခေါင်းပါးခြင်းဘေးကို မကြုံရဘူး။

“ပြီးတော့ ဗုဒ္ဓဘုရားရှင်ကိုယ်တော်တိုင် ချီးမြှင့်ပေးသနားတော်မူတဲ့ ဆံတော်မြတ်တွေကို ဌာပနာပြီး စေတီတော်များ ဦးဦးဖျားဖျား တည်ထားကိုးကွယ်ကြတာဟာလည်း ဘုန်းကြီးတို့ မြန်မာနိုင်ငံသားတွေပဲ။ ဒါကြောင့် ဘုန်းကြီးတို့မြန်မာနိုင်ငံဟာ ဘေးဆိုး၊ အန္တရာယ်ဆိုးတွေကို မကြုံ

www.burmeseclassic.com

www.burmeseclassic.com



တွေ့နိုင်ဘူး။ နိုင်ငံတော်အစဉ်အေးချမ်းသာယာမယ်၊ ဝပြောမယ်” ဟူ၍ မိန့်ကြားတော်မူပါသည်။

သီတဂူဆရာတော်ဘုရားကြီး၏ မိန့်ကြားချက်ကို နာကြားရသော အခါ ကျွန်တော်တို့၏ အသိအမြင်၊ အတွေးအခေါ် တစ်ဆင့်တက်သွားပါ သည်။ မိမိတိုင်းပြည်နှင့် လူမျိုးအပေါ် ကောင်းစားတိုးတက်စေလိုသော၊ ဘေးခပ်သိမ်း၊ ရန်ခပ်သိမ်း ကင်းငြိမ်းစေလိုသော စေတနာတို့သည်လည်း သီတဂူဆရာတော်ဘုရား၏ မိန့်ကြားချက်တွင် ထင်းထင်းကြီး တွေ့မြင်ရပါ သည်။

“ဗုဒ္ဓဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ တပည့်သားသံဃာတော် အရှင်မြတ်များသည် ဘုရားရှင်၏ တရားဓမ္မတို့ ထွန်းကားပြန့်ပွားအောင် ဆောင်ရွက်ခြင်းလုပ်ငန်းနှင့်ဘေးဒုက္ခကြုံတွေ့နေကြရသော လူသားများ ၏ ကောင်းကျိုးချမ်းသာကို ကူညီဆောင်ရွက်ခြင်း လောကတ္ထစရိယ လုပ်ငန်း၊ ဤလုပ်ငန်းနှစ်ရပ်စလုံးကို ဆောင်ရွက်ကြရမည်” ဟူ၍ သီတဂူ ဆရာတော်ဘုရားကြီး အကြွင်းမဲ့ ယုံကြည်တော်မူသည်။ ထို့ကြောင့် မြန်မာ နိုင်ငံ အရပ်ဒေသအသီးသီးသို့ မနေမနား ကြွရောက်ပြီး၊ တရားဓမ္မ ဟော ကြားတော်မူပါသည်။ ပြည်ပနိုင်ငံများသို့လည်း ကြွရောက်ပြီး တရားဓမ္မ ဟောကြားတော်မူပါသည်။

ဤသို့ တရားဓမ္မလှည့်လည်ဟောကြားရာ၌ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့ သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသော နဝကမ္မအလှူ ငွေများကိုလည်း သီတဂူဆရာတော်ဘုရားကြီးသည် ရဟန်း၊ ရှင်လူအပေါင်း တို့ အကျိုးကျေးဇူးဖြစ်ထွန်းမည့်လုပ်ငန်းများတွင် မခြွင်းမချန် သုံးစွဲတော် မူပါသည်။

ဤသို့အားဖြင့် သီတဂူဆရာတော်ဘုရားကြီးသည် ၁၉၈၀-ပြည့် နှစ်တွင် စစ်ကိုင်းတောင်ရိုးကြီးရှိ သံဃာတော်များ၊ သီလရှင်များ၊ ယောဂီ သူတော်စင်များအတွက် “သီတဂူရေအလှူတော်အဖွဲ့” ကို ဖွဲ့စည်းတည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်၍ တစ်နေ့လျှင် ရေဂါလံ ငါးသိန်းကျော် လှူဒါန်းလျက်ရှိသည်။ ၁၉၈၅–ခုနှစ်တွင် သီတဂူအာယုဒါနဆေးရုံ စတင်တည်ထောင်ခဲ့သည်။ ၁၉၉၄–ခုနှစ်တွင်" သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်" ကို တည်ထောင်ခဲ့သည်။

၂၀၀၈–ခုနှစ်၊ မေလ ၂–ရက်နေ့ညမှစ၍ နာဂစ်မုန်တိုင်းကြောင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများအိုးအိမ်ပျက်စီးခြင်း၊ သေကျေပျက်စီးခြင်း စသောဘေးဒဏ်တို့ကို အကြီးအကျယ် ကြုံတွေ့ခံစားကြရသည်။ မြန်မာပြည်အရပ်ရပ်၊ ကမ္ဘာ့အရပ်ရပ်မှ မေတ္တာရှင်၊ ကရုဏာရှင်၊ စေတနာရှင်အပေါင်းတို့က ဝိုင်းဝန်းကူညီပံ့ပိုးကြသည်။ သီတဂူဆရာတော်ဘုရားကြီးသည် နာဂစ်မုန်တိုင်းဘေးကို ခံစားကြုံတွေ့ရသော ဧရာဝတီတိုင်းဒေသကြီးမှ ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူရှင်များနှင့် ဆက်သွယ်ပြီး အကူအညီတောင်းခံရာ ကူညီလှူဒါန်းရရှိငွေပေါင်း ကျပ်ငွေသန်းပေါင်း ၇၇၄၃–ကျော် (၇၇၇–၄၂၈၈၅၀)ကိုရရှိပြီး ရရှိသမျှအားလုံးကို လှူဒါန်းသုံးစွဲခဲ့သည်။ သီတဂူဆရာတော်ဘုရားကြီး၏ ကြီးမားကျယ်ပြန့်နက်ရှိုင်းသော မေတ္တာတရား၊ ကရုဏာတရားတို့လည်း ထင်ရှားပေါ်လွင်လာပါတော့သည်။

ထေရဝါဒ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့သည် ဗုဒ္ဓဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကိုဆင်ခြင်ရာ၌–

"ဗုဒ္ဓလောကေ၊ သမုပ္ပန္နော၊
ဟိတာယ သဗ္ဗပါဏိနံ။"
"မဟာကာရုဏိကော နာထော၊
ဟိတာယ သဗ္ဗပါဏိနံ။" ဟူသောဂါထာနှစ်ပုဒ်ကို ရွတ်ဆိုပြီး ကြည်ညိုသဒ္ဓါ ပွားများလေ့ရှိကြပါသည်။ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးပါး အကျင့်မြတ်တရားနှင့် ပြည့်စုံပြီး၊ သာသနာတော်သုံးရပ် ထွန်းကားပြန့်ပွားအောင် အစွမ်းကုန်ဆောင်ရွက်လျက်ရှိသော သီတဂူဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ဘုရားကြီး၏ ဂုဏ်ကျေးဇူးကို ဆင်ခြင်သောအခါတွင်လည်း အထက်ပါ ဂါထာနှစ်ပုဒ်သည် ကျွန်တော့်နှလုံးသားတွင်း၌ ပေါ်ပေါက်လာပြီး ကြည်ညို သဒ္ဓါစိတ်များ ထက်သန်ပွားများလာပါသည်။

"ဩော်..လောက၌ သတ္တဝါခပ်သိမ်း၏ အကျိုးစီးပွား၊ လူသား အားလုံး၏အကျိုးစီးပွားအတွက် မဟာကရုဏာရှင် ဗုဒ္ဓဘုရားသခင်ကိုယ် တော်မြတ်နှင့် ဘုရားသားတော်၊ သံဃာတော် အရှင်ကောင်း၊ အရှင်မြတ် တို့ ဖြစ်ထွန်းပေါ်ပေါက်လာသည်မှာ စင်စစ်ကေန်အမှန်ပင် ဖြစ်ပါသည် တကား..."

တက္ကသိုလ်ဝင်းမွန်

## ဒါန၊ သီလ၊ ဘာဝနာ

ဗုဒ္ဓဘာသာ၏ ကျင့်စဉ်အကျဉ်းချုပ်သည် ဒါန၊ သီလ၊ ဘာဝနာကို ကျင့်ကြံအားထုတ်ရေး ဖြစ်သည်။ ဒါနမှု၊ သီလမှုကို ရွက်ဆောင်ရုံနှင့် မပြည့် စုံသေး။ ဘာဝနာမှုပါမှသာ ပြည့်စုံသော ဗုဒ္ဓဘာသာဝင်တစ်ယောက်အဖြစ် ရောက်လာနိုင်ပေသည်။ ဘာဝနာဆိုရာတွင် သမထဘာဝနာ၊ ဝိပဿနာ ဘာဝနာနှစ်ရပ်လုံးပင် ဖြစ်သည်။

## ကမ္မဋ္ဌာန်းဆရာကြီး ဦးဂိုအင်ကာ

ကမ္ဘာကျော် ကမ္မဋ္ဌာန်းဆရာကြီး၊ မြန်မာပြည်ဖွား ဦးဂိုအင်ကာ၏ ကျေးဇူးကြောင့် ကမ္ဘာတွင် ဝိပဿနာတရားအားထုတ်မှု ပျံ့နှံ့နေပေပြီ။ ဆရာ ကြီး ဦးဂိုအင်ကာသည် အိန္ဒိယပြည်၊ ဘုံဘေမြို့တွင် ၁၉၆၉–ခုနှစ်၊ ဇူလိုင်လ မှစ၍ တရားစခန်းဖွင့်ကာ ဝိပဿနာတရားပြသခဲ့သည်။ လယ်တီဆရာ တော်ဘုရားကြီး၏တပည့်၊ အနာဂါမ်ဆရာသက်ကြီး၏ ဝိပဿနာရှုနည်းဖြင့် ပြသခြင်း ဖြစ်သည်။ဆရာကြီးဦးဂိုအင်ကာ၏ ကမ္မဋ္ဌာန်းနည်းပြဆရာမှာ ငွေစာရင်းမင်းကြီးဟောင်း ဦးဘခင်(ကွယ်လွန်)ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးဂိုအင်ကာသည် ၁၉၇၄–ခုနှစ်တွင် ဘုံဘေမြို့အနီး၊ အီဂတ်ပူရီမြို့ငယ်၌ ဧက ၄၀–ကျယ်ဝန်းသော ဓမ္မဂီရိအမည်ရှိ ဝိပဿနာရိပ်သာကြီးကို ဖွင့်လှစ်နိုင်ခဲ့သည်။ ဆရာကြီးသည် အိန္ဒိယပြည် ရာဂျစ္စတန်ပြည်နယ်၏မြို့တော် ဂျေပူရ၌ လည်းကောင်း၊ ဟိုက်ဒရာဘတ်မြို့၌လည်းကောင်း ရိပ်သာတည်ထောင်ခဲ့သည်။ ထို့ပြင် ကာလကတ္တားမြို့အနီးတွင် "ဓမ္မအင်္ဂါ"အမည်ရှိ ဝိပဿနာရိပ်သာအသစ်တစ်ခုကိုလည်း ထပ်မံတည်ထောင်ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့မျှသာမက အမေရိက၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျပန်၊ သြစတြေးလျ၊ နီပေါနှင့် မြန်မာနိုင်ငံစသည် တို့တွင်လည်း ဦးဂိုအင်ကာ၏ ဝိပဿနာရိပ်သာခွဲများ ရှိသည်။ ကနေဒါ၊ ဂျာမနီ၊ ဘယ်လ်ဂျီယံ၊ စပိန်၊ အီတလီ၊ သီရိလင်္ကာနှင့် နယူးဇီလန်တို့တွင်လည်း သူ့အချိန်နှင့်သူဖွင့်သော ဦးဂိုအင်ကာ၏ ဝိပဿနာရိပ်သာ တရားစခန်းများ ရှိပေသည်။၂၀၀၄–ခုနှစ် မှတ်တမ်းအရ နိုင်ငံပေါင်း ၂၁၀–၌ အမြဲတမ်းရိပ်သာ ၁၃၀–နှင့် ယာယီရိပ်သာများ အများအပြား ဖွင့်လှစ်နေနိုင်ကြောင်းသိရှိရသည်။

## စာရေးသူ ကိုယ်တွေ့

ဤစာရေးသူသည် ၁၉၈၆–ခုနှစ်တွင်တစ်ကြိမ်၊ ၁၉၉၀–ပြည့်နှစ်တွင် တစ်ကြိမ် ဆရာကြီးဦးဂိုအင်ကာထံတွင် ၁၀–ရက် တရားစခန်းဝင်ခဲ့ဖူးသည်။ တစ်ကြိမ်လျှင်ယောဂီ ၃၀၀–ကျော် ၁၀–ရက်တရားစခန်း ဝင်ကြသည်။ သူတို့မှာ လူမျိုးပေါင်းစုံ၊ ဘာသာဝင်ပေါင်းစုံမှ အမျိုးသား၊ အမျိုးသမီး ယောဂီများ ဖြစ်ကြသည်။ ယနေ့ထိ ဦးဂိုအင်ကာထံတွင် ကမ္ဘာအရပ်ရပ်မှ လူမျိုးပေါင်းစုံ နှစ်သိန်းနှစ်သောင်းကျော် တရားစခန်းဝင်ပြီးသည်ဟု ကြားသိရသည်။ ဆရာကြီး၏ လက်ထောက်ကမ္မဋ္ဌာန်းနည်းပြများမှာ ကိုးရာကျော်ရှိသည်။ ဆရာကြီးသည် ဂျေပူရ်ထောင်တွင်းမှာပင် တရားစခန်းဖွင့်၍ အကျဉ်းသား၊ အကျဉ်းသူများကို အောင်မြင်စွာ တရားပြနိုင်ခဲ့သူဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဝဲမှယာ - ကမ္မဋ္ဌာန်းဆရာကြီး ဦးဂိုအင်ကာ၊ သီတဂူဆရာတော်၊
ဆရာကြီးဦးကိုလေး(ဓေယျာမောင်)

ဆရာကြီးဦးဂိုအင်ကာသည် ဓမ္မဂီရိရိပ်သာ၌ ဝိပဿနာစာတမ်းဖတ်ပွဲနှင့် ဆွေးနွေးပွဲများကျင်းပရာ သီတဂူဆရာတော် တက်ရောက်၍ စာတမ်းဖတ်သည်ကိုလည်း စာရေးသူတွေ့ရှိရသည်။

## အာနာပါန သတိပဋ္ဌာန်

ဝိပဿနာတရား အားထုတ်ခြင်းဖြင့် မည်မျှအကျိုးရှိသည်ကို သီတဂူဆရာတော်က "လူသားတို့သည် တစ်ခုတည်းသောဘဝကိုသာ ဦးတည်၍ ဘဝပြည့်စုံဖူလုံရေးဟူသည့် ဝတ္ထု၊ ကာမတို့နှင့် ပြည့်စုံရေးကိုသာ ရည်ရွယ်ကြကုန်၏။

လူသားများစွာတို့သည် တိုသောဘဝအမြင်၊ တိမ်သောအမြင်၊ ကျဉ်းသောအမြင်၊ အပေါ်ယံအမြင်မျှဖြင့်သာ ဘဝကို မြင်ကြ၊ ရှုကြ၊ သုံးသပ်ကြကုန်၏။ ထို့ကြောင့်ပင် သည်ဘဝတစ်ခုမှာ ကာမဝတ္ထုနှင့်ပြည့်စုံလျှင် ဘဝပြည့်စုံပြီဟု တိုသောအမြင်ရှိသူတို့က ထိုသို့ပင် ယူဆကြကုန်၏။ ရှည်သောအမြင်၊ ကျယ်သောအမြင်၊ နက်သောအမြင်၊ စူးရှသောအမြင်ရှိသူတို့အမှု

www.burmeseclassic.com

www.burmeseclassic.com



ဘဝဟူသည် နှစ်ကြိမ်ဆင်း၍မရသော မြစ်ကဲ့သို့ဖြစ်၏။ ရေသီးရေပေါက် အပြောက်စက်ပေါင်းများစွာတို့ ပေါင်းစပ်မိကာ မရပ်မနား စီးဆင်းပြေးသွား နေသည့် ရေစီးကြောင်းဝယ် အညစ်အကြေးပေါင်းများစွာ၊ ပိုးလောက်ပေါင်း များစွာ၊ ငါး၊ လိပ်၊ သတ္တဝါပေါင်းများစွာ၊ သစ်ဝါးနှင့် ကျောက်မျက်ရတနာ ပေါင်းများစွာတို့ရောကာ မျောပါ၍ နေကြသည်မှာ မြစ်၏သဘောပင်ဖြစ် သည်။ ရုံခါ ထိုမြစ်သည် သတ္တဝါတို့၏ ကျေးဇူးရှင်၊ ရုံခါ ထိုမြစ်သည်ပင် သတ္တဝါတို့၏ ရန်သူ အမျိုးမျိုးဖြစ်ရလေသည်။ စိတ်၊ စေတသိက်၊ ရုပ်တို့၏ ဖြစ်ပျက်နှစ်ရပ် ဆက်စပ်၍ အဆက်မပြတ်နိုင်အောင် စီးဆင်းလည်ပတ်နေ သည်မှာ ဘဝမြစ်ကြောင်း ဖြစ်သည်။ ဘဝမြစ်ကြောင်း ရေစီးကောင်းလျှင် ဒါန၊ သီလ၊ ဘာဝနာတို့ မျောလာကုန်၏။ ဘဝမြစ်ကြောင်း ရေစီးမကောင်း လျှင် မြစ်ချောင်းတွေ ရေစီးကြမ်းသဖြင့် မြစ်ကမ်းတွေတိုက်စား၊ ရွာနိဂုံးနှင့် လယ်ယာတို့ ပျက်သလို လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော ကိလေသာအကျင့်ယုတ်တို့ နှိပ်စက်သဖြင့် ဘဝပျက်ကြရလေသည်။ စီးနေ လေသမျှ မြစ်တို့သည် မပြတ်စီးကာ နံ့နှင့်သဲပါ အကုန်သယ်၍ အလုံးစုံတို့ကို ပင်လယ်ဆားငန်ရေသို့ အရောက်တွန်းတိုက်ပို့လေသကဲ့သို့ ရုပ်၊ နာမ်တို့၏ ရေစီးကြောင်းကြီးသည် ကောင်းသူ၊ ဆိုးသူ နှစ်ဦးလုံးကိုပင် အစဉ်တွန်းကာ မည်သူ့ကိုမျှ ချွင်းချက်မထား၊ သေခြင်းလမ်းကြောင်းပေါ်သို့သာ အပြင်းပို့ ဆောင်နေသည်ဖြစ်၏။

ဘဝရေစီးကြောင်းဝယ် မျောပါနေကြသောလူသားတို့သည် မိမိတို့ နှစ်သက်သည့် ကာမဝတ္ထုတို့ကို ခံစား၍မတင်းတိမ်သေးမီ၊ သုံးဆောင်၍ မဝသေးမီ စွန့်ပစ်ခွဲခွာကြရကုန်၏။ ပြင်းစွာသော ရေအဟုန်၌ တက်မရှိဘဲ မျောလာသောလှေသည် လှပသော၊ သာယာသော၊ ကြည်နူးဖွယ်သော မြို့၊ ရွာ၊ ဆိပ်ကမ်းများမှာ ရပ်တန့်နားနေ အိပ်စက်ခွင့်မရ၊ ရေအဟုန်နောက်သာ လိုက်ပါရလေသကဲ့သို့ ဝတ္ထုကာမတို့သည် ခံစား၍၊ သာယာ၍၊ ကြည်နူး၍

www.burmeseclassic.com

www.burmeseclassic.com



မပြီးဆုံးသေးမီ စွန့်လွှတ်ခဲ့ကြရသည်သာ ဖြစ်ကြကုန်၏။ ဘဝနှင့်ကာမသည် ရေမြှုပ်နှင့်လည်း တူ၏။ ရေပူဖောင်းနှင့်လည်း တူ၏။ တံလျှပ်နှင့်လည်း တူ၏။ ငှက်ပျောတုံးနှင့်လည်း တူ၏။ မျက်လှည့်နှင့်လည်း တူ၏။ တကယ်ရှိသော အနှစ်ကား ရှာမရချေ။ သို့ဖြစ်ခြင်းကြောင့် မည်သည့်ဘဝသို့ရောက်ရောက် ရောက်တိုင်းသောဘဝနှင့် ရတိုင်းသောစည်းစိမ်သည် အနှစ်ကင်းမဲ့သည်ချည်းသာ ဖြစ်၏။ အမှန်စင်စစ် ပြည့်စုံသောဘဝ မရှိသည်သာတည်း။ ပြည့်စုံသောဘဝဟူသည် သစ္စာတရား၊ သန္တိတရားတို့နှင့်ပြည့်စုံ၊ ပြည့်ဝစုံလင်သော ဘဝပင်ဖြစ်သည်။ ပရမတ္ထတရား၊ သစ္စာတရား၊ သန္တိတရားတို့ကို ရှာဖွေသောနည်းပညာသည် သတိပဋ္ဌာန်တရားအားထုတ်ခြင်းပင်ဖြစ်သည်။

သတိပဋ္ဌာန်တရားတော်သည် လူသားအားလုံး၏ ဘဝငြိမ်းချမ်းရေး တစ်ပါးပင် ဖြစ်သည်။ ဤတွင် "သတိပဋ္ဌာန်၏အစ အာနာပါန" ဟုပင်ဆိုရမည်ကဲ့သို့ပင် ဖြစ်သည်။ ဘုရားမြတ်အဆူဆူတို့သည် အာနာပါနကမ္မဋ္ဌာန်းဖြင့်သာ ဘုရားဖြစ်မည့်နေ့တိုင်းမှာ အစပြုတော်မူခဲ့လေသည်။ ဘုရားအဆူဆူ လက်မလွှတ်သော ကမ္မဋ္ဌာန်းပင်ဖြစ်သည်။

အာနာပါနသတိကိုပွားများလျှင် သတိပဋ္ဌာန်လေးပါးအားလုံး အလိုအလျောက်ပါဝင်လာပြီး၊ သတိပဋ္ဌာန်လေးပါးလုံး အကုန်ပွားပြီး အလိုအလျောက် ဖြစ်လာသည်။ သတိပဋ္ဌာန်လေးပါးစုံပွားများပြီးလျှင် ဗောဇ္ဈင်ခုနစ်ပါးကို အလိုအလျောက်ပွားပြီးသား ဖြစ်လေသည်။ ဗောဇ္ဈင်ခုနစ်ပါး ပြည့်စုံလျှင် ဝိသုဒ္ဓိခုနစ်ပါး၊ ဝိဇ္ဇာဉာဏ်များ၊ ဝိမုတ္တိတရားများပါ အကုန်ပါဝင်စုံလင်လာကြောင်းကို အာနာပါနသတိပဋ္ဌာန်သုတ်တော်က ညွှန်ပြထားပါသည်။"

## ဝိပဿနာပွားများခြင်းနှင့် လောကုတ္တရာအကျိုး

ထို့နောက် ဆရာတော်က ဝိပဿနာပွားများခြင်း၏ အကျိုးကျေးဇူးကိုလည်း ရှင်လင်းဟောပြောထားသည်။

www.burmeseclassic.com

www.burmeseclassic.com



"အာနာပါနတစ်လုံးကို ပိုင်ပိုင်နိုင်နိုင် ပွားထားတဲ့အလုပ်ကို ဘုန်းကြီးတို့ သုတ်မဟာဝါ ပါဠိတော် မဟာသတိပဋ္ဌာနသုတ္တန်၊ အာနာပါနသုတ္တန်တို့က အကျိုးတရား ဘာပြောထားသလဲဆိုရင်၊ ခုနစ်ရက်အတွင်း အရဟတ္တဖိုလ်ဆိုက်ရင်ဆိုက်၊ မဆိုက်ရင် အနာဂါမ်ပဲတဲ့။ အားထုတ်ရမဲ့အချိန်က တစ်နေ့ ၂၄–နာရီအပြည့် အားထုတ်ရမယ်။ ၂၄–နာရီအပြည့် သဒ္ဓါ၊ ဝီရိယကောင်းကောင်းနဲ့ အားထုတ်ရင် ခုနစ်ရက်နဲ့ရဟန္တာဖြစ်၊ မဖြစ်ရင် အနာဂါမ်ပဲ။ ဒါနဲ့မှ မဖြစ်သေးရင် ဘုန်းကြီးတို့ ပရိသတ်ရေ တိုးလိုက်စမ်းပါဗျာ၊ နည်းနည်းကြဲကြဲလေးတိုးရအောင်၊ ခုနစ်လ။ ခုနစ်လအားထုတ်ရင် ရဟန္တာ ဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အနာဂါမ်ပဲ။ ဒါနဲ့မှ မဖြစ်သေးဘူးဆိုရင် ခုနစ်နှစ်ပေါ့ဗျာ။ အဲ့ဒါ ရဟန္တာဖြစ်ရင်ဖြစ်၊ မဖြစ်ရင်အနာဂါမ်ပဲ။ ဒီလိုမှမဖြစ်ရင် တို့ပရိသတ်များ စုတိပျက်ကြွေ သေခါနီးလေးမှ ရဟန္တာဖြစ်ပါတယ်။ မဖြစ်ရင် အနာဂါမ် တည်နိုင်ပါတယ်။ သေခါနီးမှကိစ္စမပြီးရင် ဒုတိယဘဝမှာ တာဝတိံသာ နတ်ပြည်ကျတော့ ဖြုန်းခနဲဆို ဒီကအားထုတ်ထားတဲ့အရှိန်နဲ့ ဟိုမှာမဂ်ဖိုလ်ကျရင်ကျ၊ မကျသေးရင် ဓမ္မကထိကနတ်သားတွေနဲ့ တွေ့ပြီးမှ သတိပဋ္ဌာန်တရားတွေ၊ အဘိဓမ္မာတရားတွေ ဆက်နာပြီးတော့မှ ရဟန္တာဖြစ်ကြတယ်။ မဖြစ်ရင် အဲဒီမှာ အနာဂါမ်ပဲ။ အဲမှာ အနာဂါမ်ဖြစ်ရင်တော့ တာဝတိံသာက ကာမဂုဏ်ပေါလွန်းလို့၊ ဗြဟ္မာပြည်မှာလဲ သုဒ္ဓါဝါသငါးဘုံ အစဉ်အတိုင်းတက်၊ ထိုငါးဘုံ တစ်ဘုံတစ်ဘုံမှာ ရဟန္တာဖြစ်ရင်ဖြစ်၊ မဖြစ်ရင် အကနိဋ္ဌဘုံကျရင် ဖြစ်ကိုဖြစ်ရမယ်။ ဒီဘုရားသာသနာမှာ တရားထူးမရရင် ကြားကာလမှာ ပစ္စေကဗောဓိဉာဏ်ကို ရနိုင်ပါတယ်တဲ့။ ပစ္စေကဗုဒ္ဓါ ဖြစ်နိုင်ပါတယ်။ ပစ္စေကဗောဓိဉာဏ် မရသေးဘူးဆိုရင် ဘယ်မျှော်ရဦးမလဲ၊ နောင်ဘုရားလက်ထက် မျှော်ပေါ့။ နောင်ပွင့်လတ္တံ့သော အရိမေတ္တေယျဘုရားလက်ထက်ကျရင် ထိုဘုရားရှင် ဟောကြားတော်မူတဲ့ တရားတော်ကို နာကြားရုံမျှ တစ်ခဏမှာပဲ ခိပ္ပာဘိညာ အလွန်လျင်မြန်တဲ့ အသိဉာဏ်နှင့် ရဟန္တာ ဖြစ်မှာသေချာတယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ကတော့ မလွဲတော့ဘူး။ ဒါကြောင့် အားထုတ်ချင်စရာ အလွန်ကောင်းတဲ့ အာနာပါနသတိပဋ္ဌာန်၊ ကြိုးစားချင်စရာ အလွန်ကောင်းတဲ့ အာနာပါနသတိပဋ္ဌာန်ကို ဘုန်းကြီးတို့ပရိသတ်များ နေ့ညဉ့်မပြတ် သဒ္ဓါ၊ ဝီရိယသန်သန်ဖြင့် ကျင့်ကြံကြိုးစား ပွားများအားထုတ်နိုင်ကြပါစေကုန်သတည်း''ဟူ၍ ဆရာတော်က အာနာပါနသတိပဋ္ဌာန်တရားတွင် ထည့်သွင်းဟောကြားတော်မူခဲ့သည်။

## ဝိပဿနာပွားများခြင်းနှင့် လောကီအကျိုး

ဤကား ဝိပဿနာ(သို့မဟုတ်) အာနာပါနသတိပဋ္ဌာန် ပွားများခြင်းဖြင့် လောကုတ္တရာ အကျိုးကျေးဇူးများပုံတို့ကို သီတဂူဆရာတော် ဟောကြားချက်ဖြစ်သည်။ ဝိပဿနာအားထုတ်ခြင်းသည် လောကုတ္တရာ **အကျိုးသာမက** လောကီအကျိုးကိုလည်း ခံစားရရှိနိုင်သည်။ မြတ်ဗုဒ္ဓက **စင်္ကာဝတ္တိသုတ်တွင်** ဝိပဿနာတရား အားထုတ်ခြင်းဖြင့် လောက**ုတ္တရာဘက်တွင်သာမက** လောကီရေးတွင်လည်း အကျိုးကျေးဇူး ၅–မျိုး **ရရှိနိုင်ကြောင်း ဟော**ကြားထားသည်။ ယင်းတို့မှာ ဝိပဿနာတရားအားထုတ်ခြင်းဖြင့် (၁) အသက်ရှည်ခြင်း၊ (၂) ရှုချင်စဖွယ် ကျက်သရေရှိခြင်း၊ (၃) ချမ်းသာကြီးခြင်း (ကိုယ်စိတ်နှစ်ဖြာ)၊ (၄) စည်းစိမ်ဥစ္စာတိုးတက်ခြင်း၊ (၅) ကျန်းမာ၍ အသားအရေခွန်အားပြည့်ဖြိုးခြင်းတို့ ဖြစ်သည်။ ဤသို့ အကျိုးကျေးဇူးထူးများရရှိသောကြောင့်လည်း လူမျိုးမရွေး၊ ဘာသာမရွေး ဝိပဿနာတရားကို အားထုတ်နေကြခြင်းဖြစ်သည်။

## သီတဂူ၏ ဝိပဿနာရိပ်သာစီမံကိန်း

ထို့ကြောင့် သီတဂူဆရာတော်သည် နောက်ထပ်၍ လူသားအကျိုးပြုလုပ်ငန်း၊ တစ်နည်းအားဖြင့် စီမံကိန်းကြီးတစ်ရပ်ကို အကောင်အထည်ဖော်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပေသည်။ ယင်းကား ဝိပဿနာရိပ်သာကြီးတစ်ခု တည်ထောင်ရေးဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့အတွက် ဆရာတော်သည် စစ်ကိုင်း ပတ္တမြားစေတီတောင်ခြေတွင် အလွန်ကျယ်ဝန်းသော မြေနေရာကြီးတစ်ခု စီမံထားရှိသည်။ မြေအကျယ်မှာ ဧက ၅၀–ရှိသည်။ ထိုနေရာတွင် အမျိုးသားယောဂီများအတွက် အဆောင်ငယ် ပေါင်း ၁၀၀–ထားရှိမည်။ အမျိုးသမီးယောဂီများအတွက်လည်း အဆောင် ငယ်ပေါင်း ၁၀၀–ထားရှိမည်။ ယောဂီ ၃၀၀–တရားအားထုတ်နိုင်သော ဝိပဿနာဓမ္မဗိမာန်တော်ကိုလည်း ထားရှိမည်။ ကမ္မဋ္ဌာန်းဆရာတော် ကျောင်း ဆောင်နှင့် လက်ထောက်ဆရာတော် ကျောင်းဆောင်လည်း ထားရှိမည်။ ထိုရိပ်သာတွင် သီတဂူဒီပင်္ကရစေတီတော်လည်း တည်ထားမည်။ ယောဂီများ အတွက် လိုလေသေးမရှိစေရ။ ရေကန်ကြီးများ၊ ထမင်းစားဆောင်များ၊ မီးဖိုဆောင်များ စသည်တို့ကိုလည်း စနစ်တကျထားရှိမည်။

ယခု စတင်တည်ဆောက်နေရာ ဂါလံ ၅၀၀၀–ဆံ့ရေကန်ကြီးနှစ်လုံး တည်ဆောက်ပြီးသွားပြီ။ စုစုပေါင်း ကျပ်ငွေသိန်းပေါင်း ၅၀၀၀–ကျော် ကုန်ကျမည်ဟု ခန့်မှန်းထားသည်။ ထိုရိပ်သာအတွက် သိန်းနှစ်ထောင်ကျော် အလှူငွေများရရှိပြီးဖြစ်ရာ ဆက်လက်၍ အလှူငွေများရရှိရေးအတွက် ကြိုးပမ်းလျက်ရှိသည်။ ထိုရိပ်သာကြီးကို သီတဂူ အပြည်ပြည်ဆိုင်ရာဝိပဿနာ



စစ်ကိုင်း ပတ္တမြားစေတီတောင်ခြေတွင် တည်ဆောက်နေသော ဝိပဿနာရိပ်သာကြီး

www.burmeseclassic.com

www.burmeseclassic.com



ကမ္မဋ္ဌာန်းဌာနဟူ၍ အမည်ပေးထားသည်။ သီတဂူဆရာတော်ကြီးကိုယ်တိုင် ဦးဆောင်၍ တရားပြသမည်ဖြစ်သည်။

## သီတဂူဆရာတော်နှင့် လှူပျံတော်ပတ္တမြားမိသားစု

သီတဂူဆရာတော်၏ ထေရုပ္ပတ္တိကိုရေးလျှင် လှူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်ပိုင်ရှင် ဦးမောင်မောင်၊ ဇနီး ဒေါ်ငြိမ်း၊ သား-အင်ဂျင်နီယာ ဦးအောင်မြင့်၊ ဇနီး ဒေါ်မာနီ(အဆိုတော် ဖြူသီ)တို့မိသားစု၏ ကောင်းမှုကုသိုလ်များအကြောင်း မပါ၍ မပြည့်စုံနိုင်ပေ။

လှူပျံတော်ပတ္တမြား ဦးမောင်မောင်တို့မိသားစုသည် ရတနာသုံးပါးကို အထူးကြည်ညို၍ တတ်စွမ်းသမျှ သာသနာပြုနေကြသူများဖြစ်သည်။ ဦးမောင်မောင်တို့မိသားစုသည် မန္တလေးမဟာမုနိဘုရားအနောက် ၄၅-တာဝင်း အတွင်း၌ "သဒ္ဓါဓိက တည်းခိုရိပ်သာ" ဓမ္မာရုံကြီးကိုလည်း ဆောက်လုပ် လှူဒါန်းခဲ့သည်။ ရန်ကုန်၊ ကံဘဲ့(ရန်ကင်း)၌ မြေ ၆-ဧကကျော်ဝယ်၍





လှူပျံတော်ပတ္တမြား ဦးမောင်မောင် + ဒေါ်ငြိမ်း

www.burmeseclassic.com

www.burmeseclassic.com



နိကာယ်ငါးရပ် ပိဋကတ်သုံးပုံ စာတော်ပြန်ပွဲအောင်မြင်ရေးအတွက် သာသနာ့အဆောက်အအုံများ တည်ဆောက်လှူဒါန်းခြင်းလည်းပြုသည်။ ထိုအဆောက်အုံများမှာ ပဋ္ဌာန်းကျောက်စာစေတီ၊ ရဟန်းတော်များ သီတင်းသုံးရန် သုံးထပ်စာသင်တိုက်၊ နိကာယ်စာမေးပွဲကြီးများ ကျင်းပနိုင်ရန် 'ဓမ္မသဘာ ဓမ္မာရုံကြီး' စသည်တို့ ဖြစ်သည်။

သူတို့ မိသားစုသည် ရန်ကုန်မြို့ တာဝါလိန်းလမ်း (ဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်း) ခြံကျယ်ကြီးအတွင်းရှိ အိမ်ကြီးတွင်လည်း နေထိုင်ကြသည်။ မဟာဗန္ဓုလလမ်းထောင့်ရှိ လူပျံတော်ပတ္တမြား အဘယသုခဆေးတိုက်၌လည်း နေထိုင်ကြသည်။

သူတို့မိသားစုသည် ကံဘဲ့ရှိ သာသနာ့အဆောက်အုံများ ဆောက်လုပ်ဆဲအချိန်တွင် နယ်များမှ ကြွရောက်လာသော ရဟန်းတော်များတည်းခိုနိုင်ရန် တာဝါလိန်းလမ်းအိမ်နှင့် မျက်စောင်းထိုးမြေကွက်လပ်တွင် ၃–ထပ်တိုက်တစ်လုံးလည်း ဆောက်လုပ်လှူဒါန်းသည်။ ရဟန်းတော်များ အချိန်မရွေးတည်းခိုနိုင်ကြသည်။

## ပထမ မစိုးရိမ်ဆရာတော်ကြီး

ဦးမောင်မောင်သည် မန္တလေးမစိုးရိမ်ကျောင်းတိုက်ကြီးကို တည်ထောင်သူ ပထမ မစိုးရိမ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အရှင်သူရိယာဘိဝံသကို အလွန်ကြည်ညိုသူဖြစ်သည်။ သူသည် ရဟန်းဝတ်ခဲ့ဖူးသူ ဖြစ်သည်။ ရဟန်းဘဝ၌ရှိစဉ် မစိုးရိမ်ကျောင်းတိုက်တွင်နေ၍ ဆရာတော်ကြီးထံတော်၌ ပရိယတ္တိစာပေများ သင်ကြားခဲ့ဖူးသည်။ သူ့အပေါ်၌ တင်ရှိသောဆရာတော်ကြီး၏ ကျေးဇူးများ ဆပ်မကုန်နိုင်အောင်ရှိသည်ဟု ခံယူထားသည်။

ထို့ကြောင့် ၁၃၃၃(၁၉၇၁)ခုနှစ် ဆောင်းရာသီတွင် ဦးမောင်မောင်တို့ မိသားစုသည် မန္တလေးရှိ မိမိတို့ဆောက်လုပ်လှူဒါန်းပြီးစ 'သဒ္ဓါဓိက ဓမ္မာရုံ' ကို ရေစက်ချရန် သွားရောက်ကြသည်။ ထိုသို့သွားရောက်စဉ် မစိုးရိမ်ဆရာ

www.burmeseclassic.com

www.burmeseclassic.com





ပထမမစိုးရိမ်ဆရာတော်ကြီး
အဘိဓဇမဟာရဋ္ဌဂုရု
အရှင်သုရိယာဘိဝံသ
(မြန်မာ ၁၈၇၉–၁၉၇၅)

တော်ကြီးကို သွားရောက်ဖူးမြော်သည်။ ထိုအချိန်၌ ဆရာတော်ကြီးသည် သက်တော် ၉၀–ကျော်ရှိနေပြီ။ ထို့ကြောင့် ဦးမောင်မောင်က ဆရာတော်ကြီးအား မိမိတို့နေထိုင်ရာ တာဝါလိန်းခြံကြီးထဲရှိအိမ်၌ ကြွရောက်သီတင်းသုံးပါရန် လျှောက်ထားသည်။

"ဆရာတော်ဘုရားကြီးရဲ့ အရွယ်တော်ဟာ မန္တလေးမြို့ရဲ့နွေရာသီအပူဒဏ်နဲ့ ဆောင်းတွင်းအအေးဒဏ်ကို ခံနိုင်ရည်ရှိတော့မှာ မဟုတ်တော့ဘူးဘုရား။ ရန်ကုန်မြို့မှာရှိတဲ့ တာဝါလိန်းခြံထဲမှာ တပည့်တော် ယာယီစံကျောင်းအမြန်ဆောက်လုပ်ပေးပါမယ်။ ဆရာတော် ပြောင်းရွှေ့သီတင်းသုံးတော်မူပါဘုရား။ ဆရာတော် အနီးကပ်ရှိနေတဲ့အတွက် တပည့်တော်တို့မိသားစုက ပစ္စည်းလေးပါးဒါယကာခံယူပြီး ဆွမ်းကွမ်းဝေယျာဝစ္စကုသိုလ်ကိုလည်း အမြဲတမ်း ရယူချင်ပါတယ်။ နောက်ပြီး တပည့်တော် ကံဘဲ့(ရန်ကင်း)မှာ ဆောက်လုပ်လှူဒါန်းဆဲဖြစ်တဲ့ သာသနာ့အဆောက်အအုံတွေမှာ ဆရာတော်ကြီးရဲ့အကြံဉာဏ်ကိုပါ ရယူပြီး တည်ဆောက်လုပ်ဆောင်ချင်ပါတယ်ဘုရား" ဟု လျှောက်ထားတောင်းပန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မစိုးရိမ်ဆရာတော်ကြီးကလည်း လက်ခံတော်မူလိုက်သည်။ ဦးမောင်မောင်တို့မိသားစုကလည်း သူတို့အိမ်၏ လက်ဝဲဘက်မြေကွက်လပ်တွင် စံကျောင်းအုတ်တိုက် နှစ်ထပ်ဆောင်ကို တစ်နှစ်အတွင်းပြီးစီးအောင် ဆောက်လုပ်ခဲ့ကြသည်။

သို့ဖြင့် ဆရာတော်ကြီးသည် မန္တလေးမှရန်ကုန်သို့ သင်္ဘောခရီးဖြင့် ကြွရောက်လာရာ ၁၃၃၄–ခုနှစ်၊ နတ်တော်လပြည့်နေ့ (၂၀–၁၂–၁၉၇၂)တွင် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။ ထိုအချိန်တွင် ဦးမောင်မောင်တို့ ဆောက်လုပ်နေသော ယာယီစံကျောင်းနှစ်ထပ်တိုက်မှာ အချောသပ်ရန် အနည်းငယ်ကျန်နေသေးသည်။ ထို့ကြောင့် သူတို့နေထိုင်ရာ ရှေးဟောင်းအိမ်ကြီး အပေါ်ထပ်ခေါင်းရင်းခန်းတွင် ဆရာတော်ကြီးအား ခေတ္တသီတင်းသုံးစေသည်။

ထိုသို့ သီတင်းသုံးသည့်နေ့မှစ၍ ဆရာတော်ကြီး၏ ဆွမ်းကွမ်းဝေယျာဝစ္စကိစ္စအဝဝကို တာဝန်ယူကြသည်။ ထို့ပြင်မက မိမိတို့အိမ်ခြံအနီးတွင် ဆောက်လုပ်ထားသော အာဂန္တုရဟန်းတော်များတည်းခိုရာ သုံးထပ်ကျောင်းရှိ ရဟန်းတော်များကိုလည်း ဆွမ်းကွမ်းမပြတ်လပ်စေရ။ နေ့စဉ်ပေးလှူသည်။

မကြာမီ မစိုးရိမ်ဆရာတော်ကြီး သီတင်းသုံးရန် ယာယီစံကျောင်းဆောက်လုပ်၍ လုံးဝပြီးစီးသွားသည်။ ဤတွင် ဆရာတော်ကြီးသည် ထိုတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးသည်။ သို့ရာတွင် ထိုတိုက်တွင် ဆရာတော်ကြီး သီတင်းမသုံးနိုင်။ ချမ်းအေးလှသည်ဟုဆိုကာ ၂–နာရီမျှသာ သီတင်းသုံးနေထိုင်ပြီးနောက် နေလက်စရှေးအိမ်ဟောင်းရှိ အခန်းကိုပင် နေ့ချင်းပြန်လည်ပြောင်းရွှေ့နေထိုင်သည်။

ဤတွင် ဦးမောင်မောင်တို့မိသားစုသည် ရဟန်းတော်များနှင့် တစ်မိုးတစ်ယံတည်းနေ၍ မသင့်တော်သဖြင့် အိမ်ကြီးပေါ်မှဆင်း၍ ဆရာတော်ကြီးအတွက် ဆောက်လုပ်ထားသော တိုက်သစ်သို့ ပြောင်းရွှေ့နေပေးခဲ့ရသည်။

ဤသို့ ဆရာတော်ကြီးနှင့် ဦးမောင်မောင်တို့မိသားစု တစ်ခြံဝင်းထဲ၌ အတူနေထိုင်လာခဲ့ကြရာမှ ၃–နှစ်အကြာတွင် ဦးမောင်မောင် ကွယ်လွန်အနိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှာသည်။ ဦးမောင်မောင်သည် ၁၀–၁၀–၁၉၇၅ တွင် ကွယ်လွန်ရှာသည်။ ကွယ်လွန်ချိန်၌ အသက်–၇၀အရွယ်ရှိသည်။ ထိုသို့ ဦးမောင်မောင် ကွယ်လွန်ပြီး ရက် ၂၀–အကြာ ၁၃၃၇–ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၁၂–ရက် (၃၁–၁၀–၁၉၇၅)နေ့တွင် မစိုးရိမ်ဆရာတော်ကြီးသည် ထိုခြံ၊ ထိုအိမ်ကြီးမှာပင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူချိန်၌ ဆရာတော်ဘုရားကြီးသည် သက်တော် ၉၆–နှစ် ရှိသည်။

## အာသီဝိသောပမသုတ္တန်နှင့် လှူပျံတော်ပတ္တမြားမိသားစု

ဦးမောင်မောင် ကွယ်လွန်ပြီးနောက် ဇနီးဒေါ်ငြိမ်း၊ သား–ကိုအောင်မြင့်၊ ချွေးမ ဒေါ်မာနီ(အဆိုတော်ဖြူသီ)တို့သည် ဖခင်လုပ်လက်စ အလှူဒါနမှန်သမျှကို ရပ်နားခြင်းမပြု။ ဆက်လက်လုပ်ဆောင်ကြသည်။ ကံဘဲ့(ရန်ကင်း)ခြံတွင်းရှိ သာသနာ့အဆောက်အအုံများကို ပြီးစီးအောင် လုပ်ဆောင်ခဲ့ကြသည်။ ထိုခြံမြေထဲရှိ နိကာယ်စာမေးပွဲကြီးကျင်းပနိုင်ရန် ဆောက်လုပ်သော



လှူပျံတော်ပတ္တမြားခြံသို့ သီတဂူဆရာတော် ကြွရောက်တော်မူစဉ်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ထပ် ဓမ္မသဘာဓမ္မာရုံကြီးကိုလည်း အပြီးသတ် ဆောက်လုပ်နိုင်ခဲ့သည်။ ထိုလှူဒါန်းမှုအတွက် တိပိဋကဓရ မင်းကွန်းဆရာတော်ကြီးကိုယ်တော်တိုင် ရေစက် သွန်းချ အမျှဝေခဲ့သည်။

ထိုသို့ သာသနာပြုနေသော ထိုပုဂ္ဂိုလ်မိသားစုများသည် မမျှော်လင့်ဘဲ သီတဂူဆရာတော်ဟု ကျော်ကြားလာမည့် သပိတ်အိုင်ဆရာတော် အရှင်ဉာဏိဿရနှင့် ကုသိုလ်ဆက်မိကြသည်။ ထိုကုသိုလ်ဆက်ပုံနှင့် ကုသိုလ်ပြုပုံ အကြောင်းစုံကို ဖော်ပြလိုသဖြင့် ကျွန်တော်သည် ဒေါ်ဖြူသီထံ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။ ထိုအချိန်၌ ဒေါ်ငြိမ်းလည်း ကွယ်လွန်ခဲ့ပြီ။ ဦးအောင်မြင့်လည်း ကွယ်လွန်ခဲ့ပြီ။ ဒေါ်ဖြူသီသာလျှင် သမီးနှစ်ယောက်၊ သားသမက်နှစ်ယောက်နှင့်အတူလက်တွဲ၍ သီတဂူအလှူဒါနများကို တတ်စွမ်းသမျှ ဆောင်ရွက်နေခြင်းဖြစ်သည်။

"မစိုးရိမ်ဆရာတော်ကြီးနဲ့ ဖခင်ဦးမောင်မောင်တို့ မရှိတဲ့နောက် ကျွန်မတို့ဟာ အာဂန္တုရဟန်းတော်များ သီတင်းသုံးဖို့ဆိုပြီး ဆောက်လုပ်ထားတဲ့ သုံးထပ်တိုက်ကြီးကို မကြာခဏ သွားကြပါတယ်။ ကံဘဲ့မှာ ဆောက်လုပ်ထားတဲ့ သုံးထပ်တိုက်ကျောင်းကြီး ပြီးသွားကတည်းက အာဂန္တုရဟန်းတော်များဟာ ထိုသုံးထပ်ကျောင်းကြီးမှာပဲ တည်းခိုကြတော့တယ်။ ကျွန်မတို့ခြံအနီးက သုံးထပ်တိုက်ကြီးဟာ အားလပ်နေပါတယ်။ ဒါနဲ့ ဥပုသ်နေ့တွေမှာ မေငြိမ်း(ဒေါ်ငြိမ်း)၊ ကိုအောင်မြင့်နဲ့ ကျွန်မတို့ဟာ အဲဒီ သုံးထပ်တိုက်ကြီးကို သွားပြီး တရားခွေတွေဖွင့်ပြီး တရားနာလေ့ရှိပါတယ်။ တစ်နေ့မှာ ဆရာတော်အရှင်ဉာဏိဿရဟောတဲ့ တရားခွေတစ်ခုကို မမျှော်လင့်ဘဲ နာယူမိကြပါတယ်။ တရားကကောင်းလွန်းတော့ အထူးကြည်ညိုမဆုံး ဖြစ်ခဲ့ရပါတယ်။ ဆရာတော်ရဲ့ အသံသြဇာကလည်းပြည့်၊ ရှင်းလင်းပြတ်သားမှုကလည်း ထင်းခနဲ၊ လင်းခနဲ ရှိလှပါတယ်။ ပါဠိတွေ ရွတ်ဆိုတဲ့အခါမှာလည်း ဌာန်ကရိုဏ်းကကျတော့ ကျွန်မတို့အားလုံး ကြည်ညိုစိတ်တွေ တဖွားဖွား ဖြစ်ရ

www.burmeseclassic.com

www.burmeseclassic.com




ပါတယ်။ ဒီတရားတော်နာမည်က အာသီဝိသောပမသုတ္တန်တဲ့" ဟူ၍ ဒေါ်ဖြူသီက ပြောပြသည်။

ဒေါ်ဖြူသီတို့မိသားစုသည် ထိုတရားဟောပြောချက်ကို အကြောင်းပြု၍ သပိတ်အိုင်ဆရာတော်ဘွဲ့မည်ရ အရှင်ဉာဏိဿရကို ဖူးတွေ့လိုစိတ်များ ဖြစ်ပေါ်ခဲ့သည်။ ဆွမ်းကပ်လှူဒါန်းလိုသော သဒ္ဓါတရားများတက်ခဲ့သည်။ ထိုအချိန်၌ အရှင်ဉာဏိဿရသည် ရန်ကုန်သို့ မကြာခဏ တရားဟောကြွခဲ့သည်။ ရန်ကုန်သို့ကြွတိုင်း ထူးကြီးဆရာတော်ကျောင်းတွင် တည်းခိုလေ့ရှိသည်။

## အပ္ပမာဒတရားတော်

သို့ဖြင့် ဦးအောင်မြင့်သည် ဆရာတော် ရန်ကုန်ကြွခိုက်တွင် ထူးကြီးဆရာတော်ကျောင်းတိုက်သို့ သွားရောက်ပင့်ဆောင်ခဲ့သည်။ ဆွမ်းကပ်ခဲ့သည်။

"အဲဒီနေ့ကတော့ တကယ့်ကို အမှတ်တရပါပဲ။ သီလ၊ သမာဓိ၊ ပညာနဲ့ ပြည့်စုံတဲ့ဆရာတော်ကို နီးနီးကပ်ကပ် ဖူးခွင့်ရခဲ့ပါတယ်။ ဆွမ်းစား



လှူပုံတော်ပတ္တမြားမိသားစု၏ ဆွမ်းဒါန

www.burmeseclassic.com

www.burmeseclassic.com



အပြီးမှာ ဆရာတော်က အပွမာဒဆိုတဲ့ခေါင်းစဉ်နဲ့ တရားတိုတိုလေးတစ်ပုဒ်ကို ချီးမြှင့်ဟောပြောပါတယ်။ ကောင်းလိုက်တာ ဆရာ၊ တရားက တိုတိုလေး ပေမယ့် ရိုးရိုးနဲ့ရှင်းရှင်းလင်းလင်းရှိတာမို့ အလွန်ထိရောက်လှပါတယ်။ မေငြိမ်းကစပြီး ကျွန်မတို့မိသားစု တစ်အိမ်လုံး နှစ်သက်မဆုံး၊ ကြည်ညိုမဆုံး ဖြစ်ခဲ့ရပါတယ်" ဟု ဒေါ်ဖြူသီက ဖွင့်ဟပြောဆိုသည်။

သို့ဖြင့် ဒေါ်ဖြူသီတို့မိသားစုက မိမိတို့ခြံအတွင်းရှိ လစ်လပ်နေသော သံဃာတော်များတည်းခိုရန် သုံးထပ်တိုက်တွင် ဆရာတော် ရန်ကုန်သို့ တရားဟောကြွတိုင်း တည်းခိုသီတင်းသုံးရန် ဖိတ်ကြားခဲ့သည်။ ဆရာတော်က ထိုသုံးထပ်တိုက်ကို သွားရောက်ကြည့်ရှုသည်။ ထိုကျောင်း၏ တောင်ဘက်ပြတင်းမှ လှမ်းမျှော်ကြည့်လိုက်လျှင် ရွှေတိဂုံစေတီတော်မြတ်ကြီးကိုလည်း ဖူးတွေ့ရသည်။ အရှေ့ဘက်ပြတင်းမှ လှမ်းမျှော်ကြည့်လျှင် ရွှေကြက်ယက်ကုန်းတော်ရှိ စေတီကိုလည်း ဖူးတွေ့ရသည်။ တောရိပ်တောင်ရိပ်များဖြင့် စိမ်းလန်းအေးချမ်း ဆိတ်ငြိမ်သောနေရာဖြစ်၍ ဆရာတော်က လက်ခံလိုက်သည်။

သို့ဖြင့် ဆရာတော်သည် ဒေါ်ဖြူသီတို့၏ ထိုကျောင်းကို ဗဟိုထားပြီးလျှင် ဧရာဝတီမြစ်ဝကျွန်းပေါ် ဓမ္မခရီးများ၊ တနင်္သာရီတိုင်း ဓမ္မခရီးများစသည်တို့သို့ ကြွသည်။ သွား၍ တရားဟောလိုက်၊ ပြန်နားလိုက်နှင့်၊ ရန်ကုန်ရှိခိုက်တွင် သီတင်းသုံးနေထိုင်ခဲ့သည်။ ဒေါ်ဖြူသီတို့မိသားစုကလည်း ထိုသို့တည်းခိုခိုက်တွင် ဆွမ်းကွမ်းဝေယျာဝစ္စတာဝန်ကို ကုသိုလ်ယူဆောင်ရွက်ခွင့်ရခဲ့သည်။ ဒေါ်ဖြူသီ၏ ခင်ပွန်းဦးအောင်မြင့်နှင့် ဆရာတော်တို့သည် အလွန်ချစ်ခင်ရင်းနှီးကြသည်။ စိတ်တူသဘောတူလည်း ရှိကြသည်။ ဆရာတော်သည် ၁၉၇၆–ခုနှစ်မှစ၍ ဒေါ်ဖြူသီတို့ခြံထဲတွင် ရန်ကုန်ရောက်တိုင်း အမြဲတည်းခိုလေ့ရှိသည်။ ထိုမှတစ်ဆင့် ဓမ္မဒူတခရီးများ ထွက်တော်မူသည်။

မစိုးရိမ်ဆရာတော်ကြီးရှိစဉ်က ဦးမောင်မောင်မိသားစုသည် ဆရာတော်ကြီးစီးရန် မာစီဒီးကားကြီးတစ်စီးကိုဝယ်၍ လှူဒါန်းခဲ့သည်။ ထိုကား

www.burmeseclassic.com

www.burmeseclassic.com





သီတဂူဆရာတော်နှင့် လူပျံတော်ပတ္တမြား ဦးအောင်မြင့်၊
ဇနီး-အဆိုတော်ဒေါ်ဖြူသီတို့ အမှတ်တရ

ကြီးကို သူတို့မစီးကြ။ သူတို့သည် လင့်ရိဗာကားကိုသာ စီးကြသည်။ မစိုးရိမ် ဆရာတော်ကြီး မရှိသောအခါ ထိုကားကြီးကို ကားရုံထဲတွင်ပင် ထားသည်။ ယခု သီတဂူဆရာတော် တည်းခိုလာသောအခါ ထိုကားကြီးကို သီတဂူဆရာ တော်အား လှူလိုက်ကြသည်။ ထိုကားကြီးမှာ ဆင်းရတက်ရ လွယ်ကူသဖြင့် ဆရာတော်ကလည်း ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူသည်။ ကားမှာ ဟောင်းနေသဖြင့် ပြုပြင်စရာရှိသည်တို့ကို ပြုပြင်အသုံးပြုတော်မူသည်။ ဆရာတော်၏ သွားရေးလာရေး ကိစ္စရပ်များကို ဦးအောင်မြင့်၊ ဝမ်းကွဲအစ်ကို များဖြစ်ကြသော ဦးရွှေဝင်းနှင့် ဦးရွှေနီ ညီအစ်ကိုတို့က အလျဉ်းသင့်သလို တာဝန်ယူ ကုသိုလ်ယူဆောင်ရွက်ပေးခဲ့ကြသည်။ ဆရာတော်အတွက် လိုအပ် သော အလှူဒါနများကိုလည်း တတ်စွမ်းသမျှ ထောက်ပံ့လှူဒါန်းကြသည်။ ဆရာတော်၏ ရေအလှူစီမံကိန်း၊ အာယုဒါန စီမံကိန်းများတွင် အစွမ်းကုန် ပါဝင်ခဲ့ကြသည်။ ရေအလှူစီမံကိန်းအောင်မြင်ရန်အတွက် ဆရာတော်သည် တရားပွဲပေါင်း မြောက်မြားစွာကို ဟောပြော၍ ရေကုသိုလ်အတွက် လှုံ့ဆော်

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။ တစ်ဖက်ကလည်း သီတဂူရေအလှူတေးများကို ဒေါ်ဖြူသီအား သီဆိုစေခဲ့သည်။

"ဆရာတော်ရဲ့ ရေအလှူအတွက် ကျွန်မတို့ဇနီးမောင်နှံက ရေလှောင်ကန်တစ်ခု လှူဒါန်းခဲ့ပါတယ်။ ဒါမျှသာမက ဆရာတော်ရဲ့ တာဝန်ပေးချက်အရ သီတဂူရေအလှူတေးတွေကို ကျွန်မသီဆိုခဲ့ပါတယ်။ ကျွန်မတို့ရဲ့ အိုအေစစ်စတူဒီယိုမှာ မိတ်ဆွေအနုပညာသည်များကို စည်းရုံးလို့ဆော်ပြီး တေးခွေတွေထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ ကျွန်မအဖို့ မိမိအသံနဲ့ ဒါနပြုခွင့်ရတာ အားရကြည်နူးမဆုံးရှိခဲ့ပါတယ်" ဟူ၍ ဒေါ်ဖြူသီက ဖွင့်ဟပြောဆိုသည်။

"ဆရာတော်က ရေအလှူစီမံကိန်းအောင်မြင်ပြီးလို့ သီတဂူ အာယုဒါန ဆေးရုံလုပ်ငန်းကို ဆောင်ရွက်ရာမှာလည်း ကျွန်မတို့က ဆေးအလှူတေးခွေတွေ သီဆိုဖန်တီးထုတ်ဝေဖြန့်ချိခဲ့ပါတယ်။ ဒါ့အပြင် ကျွန်မတို့ ဇနီးမောင်နှံရဲ့ ထူးထူးခြားခြား အလှူဒါနတစ်ခုကို ပြောပြချင်ပါတယ်။ တစ်နေ့မှာ ဆရာတော်က ကျွန်မတို့ ဇနီးမောင်နှံကို ပြောပါတယ်။ 'မောင်အောင်မြင့်တို့၊ မာနီတို့၊ မင်းတို့တွေ အခုသာသနာပြုနေတာက မင်းတို့ရဲ့ အဖေအမေများရဲ့ ကုသိုလ်အလှူတွေကို ဆက်လက်ခံယူလှူနေကြတာ။ အခု မင်းတို့လက်ထက်မှာ တေးသံအလှူတွေလှူပြီးတဲ့နောက် မင်းတို့နှစ်ယောက်ရဲ့ ကြိုးစားမှုနဲ့ သီးသန့်လှူတာ မရှိသေးဘူး။ ပြီးခဲ့တဲ့ ရေအလှူတော်မှာ မင်းတို့ရဲ့ သီးသန့်အလှူ ပါခဲ့တယ်။ အခု တို့ရဲ့ဆေးအလှူတော် စီမံကိန်းမှာ မင်းတို့ရဲ့ သီးသန့်အလှူလည်း ပါစေချင်ပါတယ်။ အာယုဒါန ဆေးရုံကြီးဆောက်နေတယ်။ အဲဒီမှာ ဂိလာနပုဂ္ဂိုလ်တွေ ကုသိုလ်ပွားများ တရားအားထုတ်နိုင်တဲ့ ဘုရားဆောင်ကြီး တွဲဖက်ဆောက်လုပ်မယ်။ အဲဒီ ဘုရားဆောင်ကြီးအတွက် မင်းတို့ သီးသန့်လှူပါ။ နောက်ပြီး မလှူဖူးတာမရှိအောင် ဘုရားဆောင်နဲ့ အတူ သိမ်အဖြစ်ပါ တွဲလှူကြပေါ့ကွာ'လို့ မိန့်တော်မူပါတယ်။ ဒါနဲ့ ကျွန်မတို့ ဇနီးမောင်နှံဟာ ဆရာတော်ရဲ့ ကျေးဇူးကြောင့် သီတဂူအာယုဒါနဆေးရုံကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



ထိပ်ဦးမှာ "သံဝေဇနိယ လေးဌာန" ဆိုတဲ့ ဘုရားဆောင်ကြီးကို လှူခွင့်ရခဲ့ပါတယ်။ ကျွန်မတို့မိသားစုအတွက် ဂုဏ်လည်းယူရ၊ ပီတိလည်းဖြစ်ရ၊ ကုသိုလ်လည်း ပွားရပါတယ်။ နောက်တစ်ခါ ဗုဒ္ဓတက္ကသိုလ်ကြီးကို ဆရာတော်က ဆောက်လုပ်အကောင်အထည်ဖော်ပြန်တော့လည်း ကျွန်မတို့ ပါဝင်ခွင့်ရခဲ့ပါတယ်။ ဆရာတော်က ကမ္ဘာအနှံ့က နိုင်ငံခြားသားများအပါအဝင် ထေရဝါဒ ဗုဒ္ဓစာပေဘွဲ့ရတဲ့ ရဟန်းတော်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအတွက် ဘွဲ့နှင်းသဘင်ကျင်းပဖို့ ခန်းမဆောင်ကြီး ဆောက်လုပ်ပါတယ်။ အဲဒီခန်းမထဲမှာထားတဲ့ ကျောက်ဆစ်ရုပ်ပွားတော်ကြီးရဲ့ ပလ္လင်တော်နဲ့ တံကဲကို ကျွန်မတို့ လှူဒါန်းခွင့် ရခဲ့ပြန်ပါတယ်" ဟု ဒေါ်ဖြူသီက ပြောပြသည်။

ဦးမောင်မောင်တို့ မိသားစုသည် အာဂန္တုရဟန်းတော်များ တည်းခိုရန် မိမိတို့ တာဝါလိန်းရှိ ခြံကျယ်ကြီးထဲတွင် သုံးထပ်တိုက်ကြီး ဆောက်လုပ်လှူဒါန်းခဲ့ရာ သီတဂူဆရာတော်သည် ၁၉၇၆–ခုနှစ်မှစ၍ ၁၉၈၈–ခုနှစ်အထိ ရန်ကုန်သို့ ကြွရောက်လာတိုင်း တည်းခိုနေထိုင်ခဲ့သည်။ ထိုတိုက်ကြီးမှာ သက်တမ်းကြာသဖြင့် အောက်ခြေများမှစ၍ ကွဲအက်လာသည်။ အကြောင်း



သီတဂူဆရာတော်နှင့် လှူပွဲတော်ပတ္တမြားဦးအောင်မြင့်တို့ ထိုင်းနိုင်ငံသို့ရောက်ရှိစဉ်။

www.burmeseclassic.com

www.burmeseclassic.com



မသင့်က ပြုကျပျက်စီးနိုင်သည်။ သို့ဖြင့် သီတဂူဆရာတော်၏ ညွှန်ကြား ချက်အရ ဦးအောင်မြင့်နှင့် ဒေါ်ဖြူသီတို့သည် ထိုသုံးထပ်တိုက်ကြီးကို ဖြိုဖျက် လိုက်သည်။ မိမိတို့နေအိမ်ရှိ ခြံဝင်းအတွင်း သင့်တော်မည့်နေရာတွင် ဆရာ တော်အလိုကျပင် တစ်ထပ်သစ်သားကျောင်းကလေး တည်ဆောက်လှူဒါန်း ခဲ့သည်။ နိုင်ငံခြားသို့ ၂–နှစ်ခန့် ကြွရောက်သီတင်းသုံးပြီးနောက် ဆရာတော် ပြန်ရောက်သောအခါ ထိုသစ်သားကျောင်းကလေးမှာပင် သီတင်းသုံးသည်။

ဆရာတော်သည် ဗုဒ္ဓဂယာသို့ နှစ်စဉ်လိုလိုပင် ဘုရားဖူးကြွရောက် လေ့ရှိသည်။ ပထမဦးဆုံးအကြိမ် ၁၉၈၁–ခုနှစ်တွင် သူချစ်ခင်ရင်းနှီးသော ဒကာရင်းဦးအောင်မြင့်နှင့် မန္တလေးမှ ကင်မရာဆရာ လှဂုဏ်ရည် ကိုကျော်ဝင်း တို့ လိုက်ပါသွားသည်။ အခြားဘုရားဖူး အခေါက်များတွင် တပည့်ဒါယကာ၊ ဒါယိကာမများ လိုက်ပါလေ့ရှိသည်။ ထိုအထဲတွင် ဒေါ်ဖြူသီ မပါဝင်ခဲ့။

"ကျွန်မကတော့ ဆရာတော်အကြိမ်ကြိမ်ခေါ်ပေမယ့် ကြံ့ခိုင်မှု အားနည်းတဲ့ ကိုယ့်အခြေအနေကြောင့် ဗုဒ္ဓဂယာသို့ တစ်ခေါက်မှ မရောက်ဖူး ပါဘူးရှင့်" ဟူ၍ ဒေါ်ဖြူသီက ပြောဆိုသည်။

ထိုအတွင်း ဒေါ်ဖြူသီအဖို့ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်များနှင့် ကြုံ တွေ့ခဲ့ရသည်။ မိခင် ဒေါ်ငြိမ်းကွယ်လွန်ပြီးနောက် သူမ၏ချစ်လှစွာသော ခင်ပွန်း ဦးအောင်မြင့်သည် ၁၃၆၆–ခုနှစ်၊ ဝါခေါင်လဆန်း ၇–ရက် (၂၂–၈– ၂၀၀၄)နေ့တွင် ကွယ်လွန်သွားရှာသည်။ ကွယ်လွန်ချိန်၌ အသက် ၅၈–နှစ် အရွယ်သာ ရှိသေးသည်။

"ကိုအောင်မြင့် မရှိတော့ပေမယ့် ဆရာတော်က သူ့ရဲ့ မြန်မာပြည် အောက်ပိုင်းကပ္ပိယကာရကအဖွဲ့မှာ အမှုဆောင်အဖြစ် ဆောင်ရွက်ခဲ့တဲ့ ကိုအောင်မြင့်နေရာမှာ ကျွန်မကို ပါဝင်စေပါတယ်။ ကျွန်မသာမက ကျွန်မရဲ့ သမက်နှစ်ယောက်ဖြစ်တဲ့ မောင်ဝေလွင်နဲ့ မောင်အောင်ထွဋ်ဦးတို့ကိုလည်း ပါဝင်စေပါတယ်။ သီတဂူသာသနာပြုလုပ်ငန်းတွေမှာ ဆက်လက်တာဝန်

www.burmeseclassic.com

www.burmeseclassic.com





ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူဆရာတော်တို့ကို
လှူဖွယ်တော်ပတ္တမြားမိသားစုက ဆွမ်းကပ်စဉ် အမှတ်တရ

ထမ်းဆောင်စေပါတယ်။ ကျွန်မတို့အဖို့ ဆရာတော်ရဲ့ ဆန္ဒနဲ့အညီ သီတဂူ လုပ်ငန်းတွေမှာ ပါဝင်ခွင့်ရခဲ့ပါတယ်။

"ယခုအခါ မြောက်ဒဂုံ ဘောလီခုံးကျောက်တံတားအနီးမှာ သီတဂူ အပြည်ပြည်ဆိုင်ရာ သာသနာပြု ဗိမာန်ကြီးကို ဆောက်လုပ်တာ ပြီးစီးသွားပါပြီ။ ဒီဗိမာန်ကြီးအတွက် အခြားအလှူရှင်များနဲ့အတူ ကျွန်မတို့သားသမီး မြေးများက အဆောက်အအုံကြီးရဲ့ တစ်စိတ်တစ်ဒေသကို ပါဝင်လှူဒါန်းခွင့် ရခဲ့ပါတယ်။ ဒီဗိမာန်ကြီးပြီးလို့ ဆရာတော်က ကျွန်မတို့ခြံထဲက သစ်သား ကျောင်းကလေးကနေ ပြောင်းရွှေ့နေထိုင်သွားလို့ အနေဝေးသွားပေမယ့် ကျွန်မတို့မိသားစုက ဆရာတော်လုပ်သမျှ ဘာအလှူဒါနမဆို တစ်တပ်တစ် အား ယနေ့အထိ ပါဝင်လှုပ်ရှားလျက်ရှိပါတယ်" ဟူ၍ ဒေါ်ဖြူသီက ဖွင့်ဟ ပြောဆိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com



# သီတဂူဆရာတော်နှင့် စာရေးသူ

စာရေးသူသည် သီတဂူဆရာတော်ကြီးကို နှစ်ကြိမ်သီးသန့် တွေ့ဆုံ၍ သိလိုသောအချက်များကို မေးမြန်းလျှောက်ကြည့်သည်။ ပထမအချက်မှာ သိမ်ကြီးဈေး မဟာသိမ်တော်ကြီးအကြောင်း ဖြစ်သည်။ ဒုတိယအချက်မှာ ယနေ့မြန်မာ့ရုပ်မြင်သံကြားတွင် နံနက် ၇–နာရီတိုင်း ဆရာတော်ကြီးများက ပရိတ်တော်များရွတ်ဖတ်သည်ကို ထုတ်လွှင့်ပုံအကြောင်းဖြစ်သည်။ တတိယအချက်မှာ သီတဂူဆရာတော်ကြီး ဘုရားဆုပန်၊ မပန် အချက်ဖြစ်သည်။

ထိုအချက်များနှင့်ပတ်သက်၍ ဆရာတော်မိန့်ကြားသည်မှာ မှတ်သားဖွယ်၊ မှတ်တမ်းတင်ဖွယ် ဖြစ်သည်။



သီတဂူဆရာတော်ကြီးထံ စာအုပ်အတွက် မေးမြန်းလျှောက်ထားစဉ်။
(ဝဲမှယာ–အယ်ဒီတာ ကိုအောင်ထက်၊ မင်းယုဝေ၊ တာဝန်ခံအယ်ဒီတာကိုအောင်ဝင်း)

www.burmeseclassic.com

www.burmeseclassic.com



## သိမ်ကြီး ၉-လုံး

ရန်ကုန်မြို့ကို အင်္ဂလိပ်တို့ မသိမ်းပိုက်မီ ရှေးနှစ်ပေါင်းများစွာက ဒဂုံ (ခေါ်) ရန်ကုန်တွင် အဓိကရ သိမ်ကြီးကိုးလုံးရှိခဲ့သည်။ ယင်းတို့သည် ရဟန္တာအရှင်ယသအပါအဝင် ရဟန္တာရှစ်ပါး သမုတ်ခဲ့သော သိမ်တော်ကြီးများပင်ဖြစ်သည်ဟု ဆိုကြသည်။ ထိုစဉ်က သန်လျင်မြို့သည် မင်းနေပြည်ဖြစ်၍ သီဟဓိပမင်း အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။ ထိုမင်းလက်ထက်တွင် ရဟန္တာရှစ်ပါးဦးစီး၍ ဒဂုံတွင် စေတီပုထိုးများတည်ဆောက်၍ သိမ်ကြီးကိုးလုံးကိုလည်း တည်ဆောက်သမုတ်ခဲ့သည်ဟု အဆိုရှိသည်။

ယင်းတို့မှာ-(၁) သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံစေတီတော်၏ ဝတ္တကမြေအတွင်း စနေထောင့်တွင်ရှိသော **ကျိုက္ကဆံသိမ်တော်ကြီး**။ အရှင်ယသမထေရ်၏ ဘွဲ့တော်ကို အစွဲပြု၍ **အရှင်ယသသိမ်တော်** ဟုလည်း ခေါ်ကြသည်။

(၂) ဒုတိယမြောက် သိမ်တော်ကြီးတစ်လုံးကား **သိမ်ကုန်းသိမ်တော်ကြီး**။ ယင်းသည် တာမွေရပ် ယခင် ကင်းဘဲလမ်း (ယခု ငါးထပ်ကြီးဘုရားလမ်း)နှင့် တာမွေလမ်းထောင့်၌ တည်ရှိသည်။ ယင်းသိမ်တော်ကို ရှေးက **ထန်းပင်ကုန်းသိမ်တော်** ဟုခေါ်ကြသည်။

ဤထန်းပင်ကုန်းတာမွေသိမ်တော်ကြီးသည် ကာလကြာမြင့်စွာ တောဖုံး၍ ပျောက်ကွယ်နေခဲ့သည်။ ထိုစဉ်က ဟံသာဝတီပုံနှိပ်တိုက် ပိုင်ရှင်ဖြစ်သူ မစ္စတာရစ်ပလီသည် ပုံနှိပ်စက်နှင့်စာအုပ်ဂိုဒေါင်များ ဆောက်လုပ်ရန် ဤနေရာရှိမြေများကိုဝယ်၍ တောရှင်းရာတွင် သိမ်ဟောင်းရာ(သိမ်ကျောက်တိုင်) များကို တွေ့ရလေသည်။ ထိုအခါတွင်မှ သမိုင်းဝင် တာမွေသိမ်တော်ကြီး ပြန်လည်ပေါ်ထွက်လာခဲ့ရသည်။ ထို့နောက် အဆက်ဆက် ပြန်လည်ပြုပြင်ပြီးလျှင် အနီးတွင် ကျောင်းတိုက်ပါ တည်ထောင်လာခဲ့ကြသည်။ ယခုတိုင်

www.burmeseclassic.com

www.burmeseclassic.com



ထိုသိမ်တော်ကြီးသည် သာသနာ့အဆောက်အအုံတို့ဖြင့် စည်ကားလျက်ရှိပေသည်။

(၃)တတိယမြောက်သိမ်တော်ကြီးတစ်လုံးကား ယခုသိမ်ဖြူလမ်းခေါ် စတော့ကိတ်လမ်းနှင့် ဦးအုန်းခိုင်လမ်းဆုံရှိ **ဒေဝသာဂရ သိမ်ကုန်းသိမ်တော်ကြီး**။ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀–ကျော်က ပြုပြင်ထားသော သံဃာတစ်ထောင်ဆံ့ သိမ်တော်ကြီးဖြစ်သည်။ ယနေ့တိုင် ထင်ရှားတည်ရှိသည်။

(၄) စတုတ္ထမြောက် သိမ်တော်ကြီးတစ်လုံးကား **ကသစ်ပင် ကုန်းမြင့်ခင်းသိမ်တော်ကြီး**။ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့်ရှိ သူရိယသတင်းစာတိုက်ဟောင်း အဆောက်အဦ၏ တောင်ဘက်တွင် တည်ရှိသည်။ ယခု ဟိန္ဒူဘုရားကျောင်းနေရာ ဖြစ်သည်။ ရှေးကယင်းနေရာ၌ သိမ်တော်ကြီးသာမက စေတီတစ်ဆူလည်း ရှိခဲ့သည်။ စေတီတော်၏အမည်မှာ ကမာကမူစေတီတော် ဖြစ်သည်။ ယခု မရှိတော့ပြီ။


(၅) ပဉ္စမမြောက် သိမ်တော်ကြီးတစ်လုံးကား ဆူးလေစေတီတော်၏ မြောက်ဘက်၊ ယခု မြို့တော်ခန်းမ အရှေ့ဘက်ဘားလမ်းနေရာ(ယခု မဟာဗန္ဓုလပန်းခြံလမ်း)၌ တည်ရှိသည်။ **ခရေပင်ကုန်းသိမ်**ဟု အမည်တွင်သော်လည်း ခွေးသေဝတံခါးအနီး၌တည်၍ **ခွေးသေဝတံခါးသိမ်တော်ကြီး** ဟုလည်း ခေါ်ကြသည်။ ယင်းအနီး၌ စေတီတစ်ဆူလည်း ရှိခဲ့ဖူးသည်။ ယခု မရှိတော့ပြီ။

(၆) ဆဋ္ဌမမြောက် သိမ်တော်ကြီးကား ရန်ကုန်မြို့လယ်ရှိ **သိမ်ကြီးဈေးသိမ်တော်ကြီး (မဟာသိမ်တော်ကြီး)**။ ယင်းသိမ်တော်ကြီးဝင်းအတွင်း၌ ပရိယတ္တိစာသင်တိုက်လည်းရှိသည်။ ယခင်က ကျိုက်မြတ်သံချိုဘုရားအနီးတွင် တည်ရှိသည်။ အင်္ဂလိပ်ခေတ်တွင် ကျော်ကြားသော ကုလားများပိုင် စူရတီဘရားသားဈေးမှာ ထိုသိမ်တော်ကြီးကို အစွဲပြု၍ **သိမ်ကြီးဈေး**ဟု တွင်ခဲ့သည်။

www.burmeseclassic.com
F30 R

www.burmeseclassic.com






**ရန်ကုန်မြို့လယ်ရှိ သိမ်ကြီးဈေးသိမ်တော်ကြီး (မဟာသိမ်တော်ကြီး)**

(၇) သတ္တမမြောက် သိမ်တော်ကြီးတစ်လုံးကား **သစ်တိုပင်ကုန်းသိမ်တော်** ဟုခေါ်သော သိမ်တော်ကြီး။ ထိုသိမ်တော်ကြီးမှာ အလုံရပ်ကွက်နှင့်နီးသောကြောင့် **အလုံသိမ်တော်** ဟုလည်းခေါ်ကြသည်။ အဓိကရ သစ်တိုပင်ကြီးပေါက်ရာကုန်းနှင့် ကျောင်းတိုက်အတွင်း၌ တည်ရှိသောကြောင့် သစ်တိုပင်ကုန်းသိမ်ဟူ၍ လူသိများသည်။ ယခု ဤသိမ်တော်ကြီး မရှိတော့ပြီ။

(၈) အဋ္ဌမမြောက် သိမ်တော်ကြီးတစ်လုံးကား **ကျားကူးသိမ်တော်ကြီး**။ ရွှေတိဂုံဘုရားလမ်း ကျားကူးကျောင်းတိုက် အနောက်ဘက်တွင် တည်ရှိသည်။ ထိုစဉ်က ထိုနေရာကို မြင်းပြိုင်ကွင်းလုပ်သဖြင့် သိမ်တော်ကို ရွှေ့ပြောင်း၍ အရှေ့ဘက်နေရာလွတ်၌ နေရာပေးကာ အသစ်သမုတ်စေခဲ့

www.burmeseclassic.com

www.burmeseclassic.com



သည်။ ယခု **ကျားကူးသိမ်**သည် မူလသိမ်မဟုတ်၊ နောက်အသစ်သိမ်သာ ဖြစ်သည်။

(၉) နဝမမြောက် သိမ်တော်ကြီးကား **ရဟန္တာသိမ်တော်ကြီး** ။ ရွှေတိဂုံစေတီတော်ကြီး၏ တောင်ဘက်မုခ်အဆင်း ကိုက် ၁၀၀–ခန့်အကွာ၌ တည်ရှိသည်။ ထိုသိမ်တော်ကြီးကို မင်းအဆက်ဆက်၊ ဒကာဒကာမများ အဆက်ဆက် ပြုပြင်ထိန်းသိမ်းခဲ့သည်။ နောက်ဆုံး ခရစ် ၁၉၂၈–ခုနှစ် လောက်က လယ်တီအရှင် ဇဋိလမထေရ်မြတ်က ကြီးကြပ်ပြင်ဆင်ခဲ့သည်။ ယခုတိုင် တွေ့မြင်နိုင်သည်။


ထိုသိမ်ကြီးကိုးလုံးတွင် (၁) ကျိုက္ကဆံအရှင်ယသသိမ်တော်၊ (၂) တာမွေထန်းပင်ကုန်းသိမ်တော်၊ (၃) ဒေဝသာဂရသိမ်တော် (သိမ်ဖြူ)၊ (၄) သိမ်ကြီးဈေးသိမ်တော်(မဟာသိမ်တော်)နှင့် (၅) ရွှေတိဂုံတောင်ဘက် အဆင်းရှိ ရဟန္တာသိမ်တော်ကြီး ငါးလုံးသာ မူလအတိုင်းတည်ရှိပေသည်။ ကျားကူးသိမ်တော်မှာ အသစ်ပြန်လည်သမုတ်သော သိမ်တော်သာဖြစ် သည်။

ဤသို့ ရဟန္တာများသမုတ်ခဲ့သော အဓိကရ သိမ်တော်ကြီးကိုးလုံးတွင် လေးလုံး ကွယ်ပျောက်သွားခဲ့သည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ရန်ကုန်ကို ၁၈၅၄–ခုနှစ်တွင် ကော်မရှင်နာမင်းကြီး ဆာအာသာဖယ်ရာသည် အိန္ဒိယ ဘုရင်ခံချုပ်ကြီး လော့ဒါလဟိုဇီထံ အမိန့်ခံ၍ အိန္ဒိယ စစ်အင်ဂျင်နီယာ မစ္စတာဖရေဇာအားခေါ်ယူလျက်၊ ရန်ကုန်မြို့ကို မြို့သစ်တည်ခဲ့သည်။ တည် ရာ၌ တောင်ကုန်းများကိုဖြို၍ မြေနိမ့်ပိုင်းများကို မြေဖို့သည်။ အချို့ အဆောက်အဦများကို ဖျက်ခဲ့သည်။ ရွှေ့ခဲ့သည်။ လမ်းများဖောက်သည်။ သို့ဖြင့် အချို့ဘုရားစေတီများ၊ သိမ်တော်များ၊ ကျောင်းတိုက်များသည် ပျောက်ကွယ်သွားခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com





လက်ရှိ မဟာသိမ်တော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီး
အဂ္ဂမဟာပဏ္ဍိတ အရှင်ကုမာရ

## သီတဂူဆရာတော်နှင့် မဟာသိမ်တော်ကြီး

မြို့လယ်ရှိ သိမ်ကြီးဈေးသိမ်တော်ခေါ် မဟာသိမ်တော်ကြီးမှာ ကံကောင်းထောက်မ၍ ထိုခေတ်က မပျောက်ကွယ်ခဲ့။ သို့ရာတွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၌ သက်ဆိုင်ရာအာဏာပိုင်တို့က ဖျက်မည်ပြုကြသည်။ ထိုနေရာတွင် အခြား အဆောက်အအုံကြီးတစ်ခု တည်ဆောက်မည်ပြုကြသည်။ ဤတွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ ဦးဆောင်၍ ဦးဟန်စသော ပုဂ္ဂိုလ်များက ကန့်ကွက်ကြသည်။ သမိုင်းကြောင်းကို ရှာဖွေပြုစု၍ မဟာသိမ်တော်ကြီးကို ဖျက်ခြင်း၊ ပြောင်းရွှေ့ခြင်းမပြုပါရန် ထိုစဉ်က လမ်းစဉ်ပါတီဥက္ကဋ္ဌ သမ္မတကြီး ဦးနေဝင်းထံ တင်ပြကြသည်။ မေတ္တာရပ်ခံခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဦးနေဝင်းက ဆင်ခြင်သုံးသပ်ပြီးလျှင် သီတဂူဆရာတော်တို့၏ မေတ္တာရပ်ခံချက်ကို လက်ခံလိုက်သည်။ မဟာသိမ်တော်ကြီးကို မဖျက်ရန် အမိန့်ပေးလိုက်သည်။

သို့ဖြင့် နှစ်ပေါင်းများစွာ တည်ရှိခဲ့သော မဟာသိမ်တော်ကြီးသည် ယနေ့တိုင် ခန့်ညားထည်ဝါစွာ ရပ်တည်ခွင့်ရနေပြီ။ သီတဂူဆရာတော်၏ ကျေးဇူးပင် ဖြစ်တော့သည်။

ယနေ့ မဟာသိမ်တော်ကြီးကျောင်းတိုက် ပဓာနနာယကဆရာတော်မှာ အဂ္ဂမဟာပဏ္ဍိတအရှင်ကုမာရ ဖြစ်သည်။ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) ဒုတိယ ပါမောက္ခချုပ်တာဝန်ကို တစ်ဖက်တစ်လမ်းက ထမ်းဆောင်လျက်ရှိသည်။

## သီတဂူဆရာတော်နှင့် အန္တရာယ်ကင်းပရိတ်တော်

ဒုတိယအချက်မှာ မြန်မာ့ရုပ်မြင်သံကြားက ပရိတ်တော်များ ထုတ်လွှင့်ခြင်းအကြောင်း ဖြစ်သည်။ သီတဂူကပ္ပိယကာရကအဖွဲ့ဝင် ဦးရွှေဝင်းက ကျွန်တော့်အား "ယနေ့ မြန်မာ့ရုပ်မြင်သံကြားမှာ နံနက် ၇–နာရီတိုင်း မင်းကွန်းဆရာတော်ကြီး၊ တောင်တန်းသာသနာပြု ဆရာတော်ကြီး၊ ယောဆရာတော်ကြီး အစရှိတဲ့ ဆရာတော်ကြီးတွေရဲ့ ပရိတ်တော်တွေ မှန်မှန်ထုတ်လွှင့်နေတာဟာ သီတဂူဆရာတော်ရဲ့ တိုက်တွန်းချက်အရ ထုတ်လွှင့်ခြင်းဖြစ်တယ်။ သီတဂူဆရာတော်ရဲ့ ကျေးဇူးပဲဆရာ" ဟူ၍ ကျွန်တော့်အား ပြောပြခဲ့ဖူးသည်။ ထိုကိစ္စနှင့်ပတ်သက်၍ သီတဂူဆရာတော်ကို စာရေးသူကလျှောက်ထားမေးမြန်းခဲ့သည်။

ဤတွင် သီတဂူဆရာတော်က "မှန်တယ် ဒကာကြီး၊ အဲဒီတုန်းက ပြန်ကြားရေးဌာနဝန်ကြီးက ဗိုလ်ချုပ်ကြည်အောင်ပဲ။ သူက "ကေတုမတီကြည်အောင်" ကလောင်အမည်နဲ့ ကဗျာတွေ၊ စာတွေ ရေးနေတဲ့ စာရေးဆရာ၊ ကဗျာဆရာ ဖြစ်တယ်။ ဘုန်းကြီးနဲ့ ရင်းနှီးတယ်။ ဘုန်းကြီးက သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရပ်ခံတိုက်တွန်းခဲ့တယ်။ ဗုဒ္ဓဘာသာအများစု မှီတင်းနေထိုင်ရာ မြန်မာနိုင်ငံမှာ နံနက်တိုင်း အန္တရာယ်ကင်းပရိတ်တော်တွေ ရွတ်ဖတ်သင့်တယ်။ တစ်ပြည်လုံး၊ တစ်နိုင်ငံလုံး နာကြားနိုင်အောင် ရုပ်မြင်သံကြားနဲ့ ရေဒီယိုက ထုတ်လွှင့်သင့်တယ်လို့ တိုက်တွန်းခဲ့တယ်။ ဗိုလ်ချုပ်ကြည်အောင်ကလည်း ဘုန်းကြီးရဲ့အကြံဉာဏ်ကို လက်ခံပြီး ချက်ချင်းပဲစီစဉ်တယ်" ဟူ၍ ဖြစ်ရပ်မှန်ကို မိန့်တော်မူခဲ့ပေသည်။

တတိယအချက်မှာ ဆရာတော် ဘုရားဆုပန်၊ မပန် အချက်ပင် ဖြစ်သည်။

## ဗောဓိဉာဏ်ဆုပန်

တစ်ခါက သီတဂူဆရာတော်သည် တပည့်တစ်ဦးဖြစ်သူ အရှင်ပညာနန္ဒ(ရှိန်းမကား)အား "တို့ နိဗ္ဗာန်မလိုချင်သေးဘူး။ ဒီထက်မက ပါရမီတွေ အများကြီး ဖြည့်ချင်သေးတယ်။ အသီးတွေဝေနေတဲ့ အပင်ကြီးလို ကျင့်မယ်" ဟူ၍ ဖွင့်ဟမိန့်ဆိုခဲ့သည်။

ဤစာရေးသူသည် သီတဂူဆရာတော်သည် ဘုရားဆုပန် ဖြစ်လိမ့်မည်ဟု ထင်မြင်ယူဆမိသည်။ အခြားဆရာတော်အချို့ကလည်း သီတဂူဆရာတော်၏ ဆောင်ရွက်ချက်များသည် ဘုရားလောင်းတို့၏ လုပ်ဆောင်ချက်များနှင့် တူနေသဖြင့် ဘုရားဆုပန်ဟုပင် ထင်မြင်ကြသည်။ ဤအချက်နှင့် စပ်လျဉ်း၍ စာရေးသူသည် သီတဂူဆရာတော်ကို လျှောက်ထားမေးမြန်းကြည့်သည်။

ထိုအခါဆရာတော်က "ဘုန်းကြီးက ဘုရားဆုမပန်ပါဘူး။ ဗောဓိဉာဏ်ဆုကိုသာ ပန်တာပါ။'ဗောဓိယာ ပစ္စယော ဟောတု တ္တဒံ မေ ပုည မင်္ဂလံ–ငါ၏ ကောင်းမှုမင်္ဂလာ အဖြာဖြာသည် ဗောဓိဉာဏ်အား တိုက်ရိုက်ကျေးဇူးပြုသည် ဖြစ်ပါစေသတည်း' လို့ ဆုတောင်းလေ့ ရှိပါတယ်" ဟူ၍ ဖွင့်ဟပြောဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ ဗောဓိဉာဏ်ဆုကို လေ့လာသောအခါဗောဓိဉာဏ်ဆု (၃) မျိုးရှိသည်ကို တွေ့ရှိရသည်။ ယင်းတို့မှာ (၁) သမ္မာသမ္ဗောဓိဆု–ဆရာမရှိ။ မိမိ ကိုယ်တိုင်သစ္စာလေးပါးကိုသိ၍ သူတစ်ပါးတို့အားလည်း သိစေတော်မူတတ်သော မြတ်စွာဘုရား။

ထိုသမ္မာသမ္ဗောဓိဆုကိုရရှိရန် ပါရမီ ၁၀–ပါး၊ အပြား ၃၀–ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရသည်။

ပါရမီဆယ်ပါးမှာ–(၁)ဒါနပါရမီ (စွန့်ကြဲပေးကမ်းလှူဒါန်းခြင်း)၊ (၂) သီလပါရမီ(သီလစောင့်ထိန်းခြင်း)၊ (၃) နိက္ခမပါရမီ(လောကီစည်းစိမ်စွန့်လျက်တောထွက်ခြင်း)၊(၄) ပညာပါရမီ (အသိအလိမ္မာ၊ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း)၊ (၅) ဝီရိယပါရမီ (ကြီးမားသော ဝီရိယရှိခြင်း)၊ (၆) ခန္တီပါရမီ (အရာရာကိုသည်းခံခြင်း)၊ (၇) သစ္စာပါရမီ (မှန်ကန်သောစကားကိုဆိုခြင်း)၊ (၈) အဓိဋ္ဌာန်ပါရမီ (မဖြစ်မနေ စွဲမြဲသည့်စိတ်ရှိခြင်း)၊ (၉) မေတ္တာပါရမီ (သတ္တဝါများအား မေတ္တာစိတ်ထားရှိခြင်း)၊ (၁၀) ဥပေက္ခာပါရမီ (ဆင်းရဲချမ်းသာကို ဥပေက္ခာထားခြင်း)။

ဤပါရမီဆယ်ပါးကို ကိုယ်လက်အင်္ဂါစွန့်ရသည်အထိ ပြုကျင့်သောအခါ ဥပပါရမီဆယ်ပါးဟု ခေါ်၏။ အသက်ကိုစွန့်ရသည်အထိ ဖြည့်ကျင့်သော ပါရမီကို ပရမတ္ထပါရမီဟု ခေါ်၏။

ထို့ကြောင့် ပါရမီဆယ်ပါး၊ ဥပပါရမီဆယ်ပါး၊ ပရမတ္ထပါရမီ ဆယ်ပါးအားဖြင့် သုံးဆယ်ရှိ၏။ ပါရမီဆယ်ပါး အပြားသုံးဆယ်ဟု ခေါ်ကြ၏။


ဘုရားတည်းဟူသော ဗောဓိဆုကို ဖြည့်ကျင့်သူတို့သည် ပါရမီဆယ်ပါး အပြားသုံးဆယ်ကို ဖြည့်ကျင့်ရသည်။

(၂) ပစ္စေကဗောဓိဆု– ဘုရားမှအသီးအခြားရှိသော ဘုရားငယ်တစ်မျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





ဘုန်းကြီးက ဘုရားဆုမပန်ပါဘူး၊ ဗောဓိဉာဏ်ဆုကိုသာ ပန်တာပါ။

www.burmeseclassic.com

www.burmeseclassic.com



ပစ္စေကဗောဓိဆုကိုပန်ပါက ပါရမီဆယ်ပါး၊ အပြားနှစ်ဆယ်ကို နှစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရသည်။

ဤဆုပန်ရာ၌ ပါရမီဆယ်ပါး အပြားနှစ်ဆယ်ဆိုသည်မှာ–ပါရမီဆယ်ပါးနှင့် ကိုယ်လက်အင်္ဂါစွန့်ရသည်အထိ ဖြည့်ကျင့်ရသော ဥပပါရမီဆယ်ပါးကိုခေါ်၏။( အသက်ကိုစွန့်ရသည်အထိ ဖြည့်ကျင့်ရသော ပရမတ္ထပါရမီဆယ်ပါး မပါချေ။)

(၃)သာဝကဗောဓိဆု–မြတ်စွာဘုရား၏ တပည့်သားများကို ဆိုလိုသည်။

တစ်ဖန် ဤသာဝကဗောဓိဆုတွင်လည်း ၃–မျိုးရှိသည်ကို သိရှိရသည်။ ထို ၃–မျိုးမှာ –

(၁) အဂ္ဂသာဝကဗောဓိဆု–ပါရမီဆယ်ပါးကို တစ်သင်္ချေနှင့်ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရသည်။ ဘုရားတစ်ဆူစီတွင် အဂ္ဂသာဝကဟူ၍ လက်ဝဲရံနှင့် လက်ယာရံနှစ်ပါးသာရှိသည်။ ပုံစံ– အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်။

(၂) မဟာသာဝကဗောဓိဆု– ပါရမီဆယ်ပါးကို ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ရသည်။ ဘုရားတစ်ဆူစီတွင် မဟာသာဝက ဗောဓိဆုပန် အပါးရှစ်ဆယ်စီသာရှိသည်။ ပုံစံ–ညီတော်အာနန္ဒာ၊ သားတော်ရာဟုလာ၊ အရှင်မဟာကဿပ၊ အရှင်ဗာကုလ၊ အရှင်သီဝလိ စသည် ……။

(၃) ပကတိ သာဝကဗောဓိဆု–ပါရမီဆယ်ပါးကို အထိုက်အလျောက်ဖြည့်ကျင့်၍ ယခုဘဝ၌ပင် နိဗ္ဗာန်ရောက်နိုင်သည်။

ဤတွင် သီတဂူဆရာတော်သည် ပကတိသာဝကဆုကိုမတောင်း၊ အဂ္ဂသာဝကဆု (သို့မဟုတ်) မဟာသာဝကဆုကို တောင်းသည်ဟူ၍ ယူဆနိုင်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာ၌ ဗဟုသုတအဖြစ် နောင်ပွင့်မည့်ဘုရားများကို သိရှိနိုင်ရန် ဖော်ပြလိုပါသည်။ ထိုဘုရားများကို "ရင့်မာတစ်ကျိပ်ဘုရားလောင်း" ဟုလည်း ခေါ်ကြသည်။

ယင်းတို့မှာ ဂေါတမမြတ်စွာဘုရားပွင့်တော်မူပြီးနောက် အရိမေတ္တေယျမြတ်စွာဘုရား ပွင့်မည်ဖြစ်သည်။ အရိမေတ္တေယျဘုရားရှင် ပွင့်တော်မူချိန်၌ လူတို့၏သက်တမ်းသည် အနှစ်တစ်ရာမဟုတ်၊ အနှစ် တစ်သိန်းဖြစ်သည်။ အရိမေတ္တေယျဘုရားရှင်သည် အနှစ်ရှစ်သောင်းနေ၍ ပရိနိဗ္ဗာန်ပြုတော်မူမည်။

ထိုအရိမေတ္တေယျမြတ်စွာဘုရားသည် အခြားသူမဟုတ်။ အဇာတသတ်မင်းနှင့် ကဥ္စနဒေဝီတို့၏သားတော်ဖြစ်သည်။ အရွယ်ရောက်သောအခါ ဂေါတမဗုဒ္ဓဘုရားရှင်ထံတွင် ရဟန်းပြု၍ အဇိတမထေရ်ဟု အမည်တွင်သည်။ ထိုအဇိတမထေရ်သည် အရိမေတ္တေယျ ဘုရားလောင်းပင်ဖြစ်သည်။ ဘဝပေါင်းများစွာ ပါရမီဆယ်ပါး၊ အပြားသုံးဆယ်ကို ဖြည့်ကျင့်လျက်ရှိသည်။

အရိမေတ္တေယျမြတ်စွာဘုရားပွင့်တော်မူပြီးနောက် (၂) ရာမမင်း၊ (၃) ပသေနဒီကောသလမင်း၊ (၄) အဘိဘူနတ် (မာရ်နတ်မင်း)၊ (၅) ဒီဃသောနိသုရိန်နတ်၊ (၆)စင်္ကနီပုဏ္ဏား၊ (၇) သုဘလုလင်၊ (၈) တောဒေယျပုဏ္ဏား၊ (၉) နာဠာဂိရိဆင်၊ (၁၀) ပါလိလေယျခေါ်ပလလည်း ဆင်မင်းတို့ အသီးသီးဘုရားဖြစ်တော်မူကြမည်။

ထိုအကြောင်းကို ဂေါတမမြတ်စွာဘုရားသခင်က အရှင်သာရိပုတ္တရာအား အနာဂတဝင်ကျမ်း၌ ဟောတော်မူကြောင်း ဒီပဲယင်းဆရာတော်ကြီးက ရေးသားဖော်ပြထားသည်။

## ကင်မရာတစ်လုံးနှင့် ဘောပင်တစ်ချောင်းသာပိုင်

သီတဂူဆရာတော်သည် မိမိကို လှူဒါန်းသောငွေများကို စစ်ကိုင်းရေအလှူတော်၊ သီတဂူအာယုဒါနဆေးရုံ၊ သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com



စသည်တို့အတွက်သာ အသုံးပြုခဲ့သည်။ မုန်တိုင်းဒဏ်ခံပြည်သူများ၊ ရေအတွက် အခက်အခဲတွေ့နေသော လူများ၊ ဒုက္ခရောက်သူများအတွက်သာ အသုံးပြုခဲ့သည်။ အသုံးပြုဆဲဖြစ်သည်။ မိမိ၏ ကိုယ်ကျိုးအတွက် လုံးဝအသုံးမပြုခဲ့။

"သစ်ပင်တွေ သီးသမျှအသီးဟာ အဲဒီသစ်ပင်တွေ ပြန်စားဖို့မဟုတ်ဘူး။ သူတစ်ပါးတွေ ချည်းစားရတာ။ မြစ်တွေချောင်းတွေထဲက ရေတွေဟာ အဲဒီမြစ်တွေ၊ ချောင်းတွေ ပြန်သောက်ဖို့မဟုတ်ဘူး။ သူတစ်ပါးတွေချည်း သောက်သုံး ကြတာ။ နွားမတွေက ယိုစီးပေးနေတဲ့ နွားနို့ကို အဲဒီနွားမတွေက ဘယ်တော့မှမသောက်ဘူး။ သူတစ်ပါးပဲသောက်တာ။ မြတ်စွာဘုရားက တိုက်တွန်းတော်မူတယ်။ လူသားဟာ တစ်ယောက်တည်းနေလို့ မရဘူးတဲ့။ အများနဲ့ရောပေါင်းပြီးတော့မှ နေရတဲ့အတွက်ကြောင့် သစ်ပင်လို၊ မြစ်ချောင်းလို၊ နွားမလို သူတစ်ပါးတို့ရဲ့ အကျိုးစီးပွားအတွက် များများကြီး မိမိကိုယ်ကို အသုံးချပါတဲ့။ ဒါမြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့အဆုံးအမပဲ"ဟူ၍ တောင်ကြီးတက္ကသိုလ် ဓမ္မသဘင်၌ ဖွင့်ဟဟောပြောတော်မူခဲ့သည်။

ဤသို့ မိန့်ဆိုဟောပြောတော်မူသည့်အတိုင်းပင် အရှင်မြတ်သည် မိမိအတွက် ကိုယ်ပိုင်ပစ္စည်းဟူ၍ စုဆောင်းထားသိုခြင်း မပြုခဲ့။ သူ၏တပည့်၊ ရဟန်းတော် သီတဂူ အရှင်ပညာနန္ဒ (ရှိန်းမကား)အား "အမေရိကန်ဒေါ်လာနဲ့တွက်ရင် လေးသောင်းငါးထောင်တန်ဖိုးရှိတဲ့ လင်ခရုဇာပါရာဒို မော်တော်ကားကို ဘုန်းကြီးကိုယ်ပိုင်လို့ မသတ်မှတ်ပါဘူး။ သဒ္ဓမ္မသုံးဖြာ သာသနာအား ပူဇော်ထားတယ်လို့ မှတ်ကြပါ။ ကျောင်းကောင်းကြီးတွေ ဆောက်ထားလို့လည်း ကိုယ့်ကျောင်းလို့ မသတ်မှတ်ပါဘူး။

"ခုတော့ ဘုန်းကြီးက သီတဂူဘုန်းကြီးလိုလို၊ အမေရိကန်ဘုန်းကြီးလိုလို နေရာတကျ အိပ်ရတာလည်း မရှိပါဘူး။ ကြိုးစားကြပါ။ တော်လာတဲ့ ဒီဆရာ၊ ဒီတပည့်တွေလက်ထဲ ဒီတက္ကသိုလ်ကြီး စသည်တို့ကို အပ်လိုက်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပိုင်ကိုယ့်ပစ္စည်းဆိုရင် ဝါသနာအပါဆုံးက ကင်မရာ၊ သိပ်ဝါသနာပါတယ်။ လက်ထဲကိုင်တဲ့ ကင်မရာလေးတစ်လုံးနဲ့ စာရေးဖို့ ဘောပင်ကောင်းကောင်းလေးတစ်ချောင်း ဘုန်းကြီးပိုင်ရင်တော်ပြီ။ ကျန်တာတွေကတော့ ပိုင်တယ်လို့ ဘာကိုမှ စိတ်ထဲမှာ မထားဘူး။ သူတစ်ပါးတို့ ပျော်ပါးစွာ အသုံးချခံစားခွင့်ရပြီဆိုရင်တော့ ဘုန်းကြီးတို့ ကျေနပ်တယ်။ ပျော်တယ်။ ဒါဟာ ဘုန်းကြီးရဲ့ ကျေးဇူးပါပဲ" ဟူ၍ ဖွင့်ဟမိန့်ဆိုခဲ့သည်။

ထိုမိန့်ဆိုချက်ကို အရှင်ပညာနန္ဒကိုသာမက အဂ္ဂမဟာသဒ္ဓမ္မပူဇာနေ့ကလည်း သီတဂူကို ကြည်ဖြူကြသည့် ပရိသတ်အား တရားဝင် ဖွင့်ဟမိန့်ဆိုခဲ့ပေသည်။

ဤကား သက်တော် ၇၃–နှစ်တိုင်အောင် သာသနာ့အကျိုး အများအကျိုးကို ဆောင်ရွက်တော်မူနေသော သီတဂူဆရာတော်၏ ဖွင့်ဟမိန့်ဆိုချက်ဖြစ်ပေသည်။



ကင်မရာတစ်လုံးနှင့် ဘောပင်တစ်ချောင်းသာပိုင်သူ သီတဂူဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



သီတဂူဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးကား စာဖွဲ့၍ မကုန်နိုင်အောင်များပြားလှပေသည်။ ဆရာတော်ကြီး၏ တပည့်တစ်ဦးဖြစ်သူ ဒေါက်တာအရှင်အဂ္ဂဓမ္မက "ဘုရားတစ်ဆူက ဘုရားတစ်ဆူ၏ ဂုဏ်ကျေးဇူးကို ကမ္ဘာကုန်ခန်းတိုင်ပြော၍မကုန်၊ သီတဂူဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတို့ကိုလည်း ဘုန်းကြီးတို့သက်တမ်းသာ ကုန်သွားမည်၊ ပြော၍မကုန်နိုင်အောင် များပြားလှပေသည်" ဟူ၍ စာရေးသူအား ဖွင့်ဟမိန့်ဆိုတော်မူခဲ့သည်။

သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (အဂ္ဂမဟာပဏ္ဍိတ၊ Ph.D)ကား တစ်ခေတ်တွင်တစ်ယောက်ပေါ်ထွန်းသော ပုဂ္ဂိုလ်ထူးမျိုးတွင် ပါဝင်သည်။ ဆရာတော်သည် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာတွင်ပါ ဗုဒ္ဓသာသနာ ပြန့်ပွားအောင်စွမ်းဆောင်နိုင်သော သာသနာ့အာဇာနည်လည်းဖြစ်သည်။ ဘဝတွင် အခက်အခဲတွေ့နေသူများ၊ ဒုက္ခရောက်နေသူများကို ကယ်တင်နိုင်သော မေတ္တာရှင်၊ ကရုဏာရှင်လည်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ဆရာတော်မွေးဖွားခြင်းသည် မြန်မာနိုင်ငံအဖို့ ကံထူးလှပေသည်တကား။

**မင်းယုဝေ**

(၂၆-၉-၂၀၁၀)

www.burmeseclassic.com

www.burmeseclassic.com

## သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (D.Litt, Ph.D) ၏ ဘဝဖြစ်စဉ်အကျဉ်း

၁၉၃၇ – ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်တွင် ဖွားမြင်သည်။

၁၉၄၄ – သဲကုန်းမြို့ တပ်ရွာ ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းတွင် ပညာစတင်ဆည်းပူးသည်။

၁၉၅၂ – ရှင်သာမဏေပြုသည်။

၁၉၅၅–၅၇ – အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း ပရိယတ္တိစာမေးပွဲများ အောင်မြင်သည်။

၁၉၅၇ – သက်တော် ၂၀–အရွယ်တွင် သဲကုန်းမြို့ အလယ်ကျောင်းခဏ္ဍာသိမ်၌ ရဟန်းအဖြစ်သို့ ရောက်ရှိသည်။

၁၉၅၈ – မန္တလေးမြို့ ခင်မကန်ပါဠိတက္ကသိုလ်မှ ဓမ္မာစရိယစာမေးပွဲ အောင်မြင်သည်။

၁၉၆၁ – အစိုးရ ပထမပြန်စာမေးပွဲတွင် ဓမ္မာစရိယတန်းအောင်မြင်၍ သာသနဓဇဓမ္မာစရိယဘွဲ့ ရရှိခဲ့သည်။

၁၉၆၄ – ရန်ကုန်မြို့ ကမ္ဘာအေးသံဃာ့တက္ကသိုလ်တွင် သာသနာပြုပညာရပ်များကို သင်ကြား၍ ဗုဒ္ဓဒေသနာဆရာဖြစ်သင်တန်းကို အောင်မြင်ခဲ့သည်။

၁၉၆၅ – ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့ ဘီ.ဘီ.အမ်.အေ ခေါ် မြန်မာဗုဒ္ဓသာသနာပြုကျောင်းတွင် ကျောင်းအုပ်တာဝန်နှင့် အုပ်ချုပ်ရေးမှူးတာဝန်တို့ကို ထမ်းဆောင်လျက် ပရဟိတလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။

၁၉၆၈ – စစ်ကိုင်းတောင်ရိုး၊ ဟံသာဂီရိချောင်သို့ ပြောင်းရွှေ့၍ သံဃာတော်များနှင့် သီလရှင်များကို ပရိယတ္တိစာပေများ သင်ကြားပေး၍ စာချဆရာတော်အဖြစ် ဆောင်ရွက်သည်။ တစ်ဖက်ကလည်း အနီး

www.burmeseclassic.com

www.burmeseclassic.com

စခန်းဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတ)ထံတွင် အင်္ဂလိပ်စာနှင့် ပိဋကတ်ကျမ်းစာများကို အင်္ဂလိပ်ဘာသာဖြင့် သင်ယူခဲ့သည်။

၁၉၇၂–၁၉၇၅ – မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ သပိတ်အိုင်တောရ၌ တောရဆောက်တည်၍ ဝိပဿနာတရားအားထုတ်ခဲ့သည်။

၁၉၇၅ – မန္တလေး မလွန်ဆန်လျှံအသင်း တရားပွဲမှစ၍ မြန်မာပြည်တစ်ဝန်းလုံးသို့ နေ့ညမအား တရားဓမ္မများ ဟောကြားခဲ့သည်။

၁၉၇၇ – စစ်ကိုင်းတောင်ရိုးတွင် သဒ္ဓမ္မသီတဂူချောင်ကို တည်ထောင်ခဲ့သည်။ သံဃာတော်များနှင့် သီလရှင်များကိုစာချ၍ တစ်ဖက်ကလည်း နိုင်ငံအနှံ့ တရားများဟောကြားသည်။

၁၉၇၈ – သီတဂူ သာသနာပြုအဖွဲ့ကို စတင်ဖွဲ့စည်းတည်ထောင်သည်။

၁၉၈၀ – သီတဂူ ရေအလှူတော်စီမံကိန်းကို စတင်ဆောင်ရွက်သည်။

၁၉၈၅ – သီတဂူ အာယုဒါနဆေးရုံကို စတင်တည်ဆောက်သည်။

၁၉၉၀ – သီတဂူ အာယုဒါနဆေးရုံကို စတင်ဖွင့်လှစ်၍ လူနာများကို ဆေးဝါးကုသပေးသည်။

၁၉၉၄ – အမေရိကန်နိုင်ငံ၊ တက္ကဆက်ပြည်နယ်၊ ‌အော်စတင်မြို့တွင် ထေရဝါဒဓမ္မအသင်းကို တည်ထောင်သည်။

၁၉၉၆ – စစ်ကိုင်းတောင်ရိုးတွင် အပြည်ပြည်ဆိုင်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ကြီးကို စတင်တည်ထောင်ဖွင့်လှစ်သည်။

၁၉၉၇ – နိုင်ငံတော်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်။

၂၀၀၄ – ရန်ကုန်တက္ကသိုလ်က ဂုဏ်ထူးဆောင်စာပေပါရဂူ(D.Litt)ဘွဲ့ ဆက်ကပ်လှူဒါန်းသည်။

၂၀၀၄ – ရန်ကုန်မြို့တွင် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကြီးကို ဦးဆောင်ကျင်းပခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၀၅ – ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့ မဟာချူလာလောင်ကွန်းတက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူ(Ph.D)ဘွဲ့ ဆက်ကပ်လှူဒါန်းသည်။

၂၀၀၈ – အိန္ဒိယနိုင်ငံ နဝနာလန္ဒတက္ကသိုလ်က ပါရဂူ(Ph.D) ဘွဲ့ ဆက်ကပ်လှူဒါန်းသည်။ ၂–၃–၂၀၀၈ တွင် နာဂစ်မုန်တိုင်းဒဏ်ခံရသော ဧရာဝတီတိုင်းဒေသကြီးရှိ လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ အလှူငွေများကောက်ခံ၍ ဒေါ်လာသန်းပေါင်း ၈၀– လှူဒါန်းခဲ့သည်။

၂၀၀၉ – ရွှေကျင်နိကာယဂိုဏ်းကြီးက ဝိသိဋ္ဌပုဂ္ဂလသကလရဋ္ဌာ သာသနောပကာရက ဘွဲ့တံဆိပ်တော်ချီးမြှင့်သည်။ အပြည်ပြည်ဆိုင်ရာ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်တွင် ဒုတိယအကြိမ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်များ ညီလာခံကိုဦးဆောင် ကျင်းပခဲ့သည်။ ထိုင်းနိုင်ငံ မဟာကုတ်တက္ကသိုလ်က ဂုဏ်ထူးဆောင်ပါရဂူ(Ph.D)ဘွဲ့ ဆက်ကပ်လှူဒါန်းခဲ့သည်။ ဝိုင်အမ်ဘီအေအသင်းကြီးက အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ဆက်ကပ်လှူဒါန်းသည်။ မန္တလေးမြို့တွင် သီတဂူဗုဒ္ဓတက္ကသိုလ်ကို တည်ထောင်ဖွင့်လှစ်သည်။

၂၀၁၀ – ၂၀၁၀–ပြည့်နှစ်အထိ ဆရာတော်သည် အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း၊ မြန်မာဘာသာဖြင့်လည်းကောင်း ကျမ်းများ၊ စာအုပ်များ ၂၀၀–ကျော် ရေးသားပြုစုထုတ်ဝေခဲ့သည်။ စစ်ကိုင်းတောင်ရိုး၌ အပြည်ပြည်ဆိုင်ရာ သီတဂူ ဝိပဿနာကမ္မဋ္ဌာန်းဌာနကြီးဖွင့်လှစ်နိုင်ရန် စီမံကိန်းများချမှတ်၍ စတင်ဆောင်ရွက်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

# အကိုးအကားများ

၁။ အကြောင်းသိလေလေ ကြည်ညိုလေလေ (သီတဂူအရှင်ပညာနန္ဒ)
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဓမ္မအသံ နှစ်လည်မဂ္ဂဇင်း

၂။ သီတဂူ၏ ဘဝပုံရိပ်တစ်စိတ်တစ်ဒေသ BBCဦးနေဝင်းအမေး သီတဂူဆရာတော်
အဖြေ (၂၀၀၂)

၃။ ဗုဒ္ဓဘာသာဆိုင်ရာ အထွေထွေဗဟုသုတမာတိကာကျမ်း
(စိန္တာမဏိဦးချစ်မောင်)

၄။ မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီး နှစ် ၁၀၀–ပြည့်စာစောင်
(၁၂၅၈–၁၃၅၈ ခု)

၅။ သာသနာ့အောင်မြေ (အမ်–အေ ဒေါ်အုန်း)
သီတဂူမော်ကွန်းတင်ငါးနှစ်ခရီး (၁၃၄၂)

၆။ အရှင်ဒေဝိန္ဒာဘိဝံသ၏ နိဒါန်းစကား (အနှစ်ကိုးပါးတရားတော်)
သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ (၂၀၀၈)

၇။ ကမ္ဘာအနှံ့ သာသနာပြန့်မည် ထေရ်အရှင် (ဒေါက်တာအောင်ဆန်း၊ ဒါးက၊
ပုသိမ်)ဓမ္မအသံ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် နှစ်လည်မဂ္ဂဇင်း (၁၉၉၈)

၈။ သုညလူ ဓမ္မစာစုများ (ဒေါက်တာအောင်ဆန်း–ဒါးက)

၉။ မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ရင်းငြိမ်တိုက်နယ်ပြည်သူ့ဆေးရုံဖွင့်ပွဲ
(ရင်းငြိမ်းသား) မြတ်မင်္ဂလာစာစောင် (၂၀၁၀၊ ဩဂုတ်လ)

၁၀။ မြတ်မင်္ဂလာစာစောင် (၂၀၀၈)

၁၁။ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် ဓမ္မဒူတစာစောင်

၁၂။ စူစန်ဟတ်နှင့် သီတဂူဆရာတော် (အရှင်မဟောသဓပဏ္ဍိတ) (၂၀၀၆)

၁၃။ ဓမ္မရတနာစာစုများ (ဒေါ်စန္ဒပဘာ–စန္ဒာစည်၊ အော်စတင်)

၁၄။ အနှစ်ကိုးပါးတရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)

၁၅။ အရှင်ဇနကာဘိဝံသ၏ တဘဝသာသနာ (အရှင်ဃောသိတ)

၁၆။ ကျေးဇူးရှင် သပိတ်အိုင်ဆရာတော်ဘုရားကြီး ဦးကိတ္တိ ထေရုပ္ပတ္တိ
(အရှင်ဉာဏိဿရ–သဲကုန်း)

www.burmeseclassic.com

www.burmeseclassic.com

၁၇။ ဓမ္မဒူတ အရှင်ပညာဇောတ၏ ထာဝရဓမ္မဒိုင်ယာရီ (ဓမ္မဒူတအရှင်အာစိဏ္ဏ)

၁၈။ ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဖြေကြားတော်မူသော ဘဝပြဿနာ (ဝဏ္ဏကျော်ထင် ဒေါက်တာဦးမြင့်ဆွေ)

၁၉။ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် သမိုင်းအကျဉ်း (ဘဒ္ဒန္တကုမာရ)

၂၀။ ဖေဏပိဏ္ဍူပမသုတ္တန်တရားတော် (သဲကုန်းဆရာတော် အရှင်ဉာဏိဿရ) (သပိတ်အိုင်)

၂၁။ သိမ်ကြီးကိုးလုံး (ရဝေထွန်း) (ငွေတာရီမဂ္ဂဇင်း ၁၉၇၈–ခုနှစ်၊ မေလ)

၂၂။ အမျိုးဘာသာ၊ သာသနာနှင့် မဟာသိမ်တော်ကြီး (မောင်သွေးချွန်) သူရဇ္ဇမဂ္ဂဇင်း (၂၀၀၅–ခုနှစ်၊ မတ်လ)

၂၃။ ဂန္ဓာရ

၂၄။ ရာဇဂြိုဟ် (မင်းယုဝေ)

၂၅။ အဘိဏ္ဍမ ရှေ့သို့တွန်းပို့ခြင်း (ဒေါက်တာတင်လှိုင် ဘာသာပြန်သည်။)

၂၆။ မင်္ဂလာဗျူဟာအသင်းချုပ် ရွှေရတုစာစောင် (၁၉၅၆–၂၀၀၆)

၂၇။ အာနာပါန သတိပဋ္ဌာန် (သီတဂူဆရာတော် အရှင်ဉာဏိဿရ)

၂၈။ အနာဂတဝင်ကျမ်း (ဒီပဲယင်းဆရာတော်)

၂၉။ သီတဂူဆရာတော် အရှင်ဉာဏိဿရစာစုစာရင်း (မခင်စိုးစိုးထွေး၊ ဝိဇ္ဇာဘွဲ့၊ ပထဝီဝင်)

၃၀။ မင်္ဂလာရောင်ခြည် ဗုဒ္ဓဝင်ရုပ်စုံ (မင်းယုဝေ)

၃၁။ နာဂစ်မုန်တိုင်းလွန်ကာလ ပူးပေါင်းအကဲဖြတ်လေ့လာရေးအစီရင်ခံစာ (UNICEF)

၃၂။ လူငယ်သင်ချမ်းမြေ့အခြေပျိုး ဗုဒ္ဓဘာသာ (ချမ်းမြေ့ဆရာတော်)

၃၃။ မလွန်ဆန်လှူအသင်း နှစ် ၁၀၀–ပြည့် အထိမ်းအမှတ်စာစောင်

၃၄။ သီတဂူ ဂုဏာတိကာ

၃၅။ The Voice of The Dhamma

၃၆။ Summit Speech (Ashin Nanissara)

www.burmeseclassic.com

www.burmeseclassic.com

# စာရေးသူ၏ အတ္ထုပ္ပတ္တိ

## ဦးဝင်းမောင်(မင်းယုဝေ)

၁၉၂၈–ခုနှစ်၊ စက်တင်ဘာလ ၂၆–ရက်နေ့တွင် ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့၌ အဖ–ဦးထွန်းဆိုင်၊ အမိ–ဒေါ်သင်တို့မှ ဖွားမြင်သည်။

၁၉၄၆–ခုနှစ်တွင် ပုသိမ်မြို့ အမျိုးသားအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်ခဲ့သည်။ ၁၉၅၁–ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ မြန်မာစာပေ၊ အင်္ဂလိပ်စာပေ၊ ပါဠိစာပေတို့ဖြင့် ဝိဇ္ဇာတန်းအောင်၍ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ ၁၉၅၅–၁၉၅၆ ခုနှစ်တွင် ဗြိတိသျှကောင်စီ ပညာသင်ဆုရ၍ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကဘာသာရပ်များ လေ့လာရေးကျောင်းတွင် 'အဘိဓာန်ပညာ'ကို သွားရောက် ဆည်းပူးခဲ့သည်။

ပြန်ကြားရေးဌာန၊ အထက်တန်းဘာသာပြန် အရာရှိ (၁၉၅၁)၊ အင်းစိန်ခရိုင်ပညာအုပ်(၁၉၅၁)၊ စာပေဗိမာန်စာပြု (၁၉၅၂)၊ ရန်ကုန်တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာန၊ လက်ထောက်စာတည်းတာဝန်တို့ကို အဆင့်ဆင့်ထမ်းဆောင်ခဲ့သည်။ ၁၉၅၈–ခုနှစ်တွင် ဇနီးငွေတာရီ ကွယ်လွန်သဖြင့် ထိုလက်ထောက်စာတည်းအလုပ်မှ နုတ်ထွက်ကာ ၁၉၆၀–ပြည့် နှစ်၊ ဇူလိုင်လတွင် ငွေတာရီအထိမ်းအမှတ်အဖြစ် ငွေတာရီမဂ္ဂဇင်းကိုတည်ထောင်၍ တာဝန်ခံအယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၁–ခုနှစ်တွင် ငွေတာရီမဂ္ဂဇင်းကို မြဝတီစာပေတိုက် (ပြန်ကြားရေးဝန်ကြီးဌာန စာနယ်ဇင်းကော်ပိုရေးရှင်း)သို့ လွှဲပြောင်းပေးအပ်ပြီး ငွေတာရီမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာအဖြစ်ပင် ဆက်လက်ထမ်းဆောင်သည်။ ထိုစဉ် ၁၉၆၈–ခုနှစ်တွင် မြဝတီစာပေတိုက်၏အယ်ဒီတာချုပ်အဖြစ် တိုးမြှင့်ခန့်ထားခြင်းခံရပြီး ၁၉၇၉–ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

မြဝတီစာပေတိုက်၌ အယ်ဒီတာချုပ်တာဝန်ထမ်းဆောင်စဉ် စာပေဗိမာန်၊ အမျိုးသားစာပေဆုရွေးချယ်ရေး အဖွဲ့ဝင်၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com

ဝင်၊ ကျောင်းသုံး စာအုပ်ကော်မတီ အဖွဲ့ဝင်၊ ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၉၈၄–ခုနှစ်မှ စတင်ထုတ်ဝေသော မြတ်မင်္ဂလာစာစောင်၊ ၁၉၈၈–ခုနှစ်မှ စတင်ထုတ်ဝေသော မင်္ဂလာမောင်မယ် ကျောင်းသားလူငယ်စာစောင်တို့၌ အယ်ဒီတာချုပ်အဖြစ် ယနေ့တိုင် ထမ်းဆောင်လျက်ရှိသည်။

ဒေါ်ခင်ရီ (စာဆိုငွေတာရီ)နှင့် လက်ထပ်ပြီး သမီးတစ်ဦး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ရီဝင်း (Ph.D) ထွန်းကားသည်။ စာဆိုငွေတာရီ ကွယ်လွန်ပြီးနောက် ဒေါ်ခင်ဝင်းရီနှင့် လက်ထပ်ပြီး သားတစ်ဦး ဦးသက်ဝင်း (B.Sc Maths) ထွန်းကားသည်။ မြေးလေးဦး ထွန်းကားသည်။ ဆရာမင်းယုဝေသည် အသက် ၁၇–နှစ်အရွယ်မှစ၍ စာနယ်ဇင်းများတွင် စာပေများ စတင်ရေးသားနေသည်မှာ ယနေ့တိုင်ဖြစ်သည်။ စာနယ်ဇင်းများ၌ ဆရာမင်းယုဝေ ရေးသားဖော်ပြခဲ့သော ကဗျာ၊ ပုံပြင်၊ ဝတ္ထုတို၊ ဆောင်းပါး၊ ခေါင်းကြီး၊ ဘာသာပြန်စသည်တို့မှာ ပုဒ်ရေ ၂၀၀၀–ကျော်ရှိခဲ့သည်။ လုံးချင်းစာအုပ် ၆၀–ကျော် ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။ မင်းယုဝေကလောင်အမည်ဖြင့်သာမက အခြားကလောင်အမည် ၁၀–မျိုးဖြင့်လည်း ရေးသားလျက်ရှိသည်။

ဆရာမင်းယုဝေရေးသားခဲ့သော လုံးချင်းစာအုပ်များအနက် ငွေတာရီနှင့် ပူးတွဲဘာသာပြန်ဆိုသော 'ကမ္ဘာကျော် အီစွတ်ပုံပြင်များ' စာအုပ်သည် ၁၉၅၄–ခုနှစ်၊ စာပေဗိမာန် ဘာသာပြန်ဆုရခဲ့သည်။ ဆရာမင်းယုဝေ ရေးသားဖွဲ့ဆိုသော 'ရေခပ်ချိန်' ကဗျာများ စာအုပ်သည် ၁၉၇၂–ခုနှစ်၊ အမျိုးသား စာပေဆု၊ (ကဗျာစာပေဆု)ရခဲ့သည်။ ဆရာမင်းယုဝေအား တက္ကသိုလ်တင်မောင်ထွေးက ၂၀၀၅–ခုနှစ်၊ နတ်ရေကန် ရွှေစောင်းစာပေဆု ချီးမြှင့်ခဲ့သည်။ ဓမ္မဗိမာန်ကလည်း ၂၀၀၆–ခုနှစ်တွင် တစ်သက်တာ ဓမ္မစာပေဆု ချီးမြှင့်ခဲ့သည်။ ဒေါက်တာ တင်ထွန်းဦးစီစဉ်သော သုတစွယ်စုံက ၂၀၁၁–ခုနှစ်အတွက် သုတစွယ်စုံ တစ်သက်တာစာပေဆု ချီးမြှင့်ခဲ့သည်။ နိုင်ငံတော်က ၂၀၁၂–ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု ချီးမြှင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃-ခုနှစ်တွင် "သီတဂူဆရာတော်ကြီး အရှင် ဉာဏိဿရ၏ ဘဝဖြစ်စဉ်အကျဉ်း" စာအုပ်ဖြင့် ဓမ္မဗိမာန်စာပေဆု၊ ဆန်းလွင်စာပေဆု၊ ဓမ္မာစရိယ ဦးအေးနိုင်စာပေဆုများ ရရှိခဲ့ သည်။

ဆရာမင်းယုဝေနှင့် ဆရာတိုက်စိုးတို့ ပူးတွဲရေးသားသော မြန်မာစာမိတ်ဖွဲ့ စာအုပ်သည် တက္ကသိုလ်မြန်မာစာအဓိက တန်းများ၌ ပြဋ္ဌာန်းသင်ကြားလျက်ရှိသည်။ ဆရာမင်းယုဝေ၏ ကဗျာ၊ ဆောင်းပါးအချို့တို့ကို အလယ်တန်းနှင့် အထက်တန်း ကျောင်းများ၊ ကောလိပ်များ၊ ဆေးတက္ကသိုလ် အပါအဝင် တက္ကသိုလ်များတွင် နှစ်ပေါင်း ၄၀-ကျော်မှစ၍ ယနေ့ထိ ပြဋ္ဌာန်းသင်ကြားဆဲ ဖြစ်သည်။ ဆရာမင်းယုဝေ၏ ကဗျာ များ၊ စာများကို အင်္ဂလိပ်၊ ဂျာမန်၊ တရုတ်၊ ဟင်ဒီ၊ ဂျပန်၊ ဆာဘီးယား စသည့် နိုင်ငံခြားဘာသာများဖြင့် ဘာသာပြန်ဆိုခဲ့၊ ပြန်ဆိုဆဲ ဖြစ်သည်။

ဆရာမင်းယုဝေသည် ပညာသင်ခရီး၊ လေ့လာရေးခရီး၊ ချစ်ကြည်ရေးခရီး၊ ဓမ္မခရီးတို့အဖြစ်၊ အင်္ဂလန်၊ အမေရိကန် ဟော်လန်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဆွစ်ဇာ လန်၊ အီတလီ၊ ဂျာမနီ၊ သီရိလင်္ကာ၊ အိန္ဒိယ၊ တရုတ်၊ ဂျပန်၊ ဟောင်ကောင်နှင့် ထိုင်းနိုင်ငံများသို့ သွားရောက်ခဲ့သည်။

ဆရာမင်းယုဝေသည် အယ်ဒီတာချုပ်တာဝန်ကို ယနေ့တိုင် ထမ်းဆောင်ဆဲ ရှိပြီး ကလောင်ရှင်ပေါင်းများစွာ မွေးထုတ်ပေးနေသူဖြစ်သည်။ ဆရာမင်းယုဝေသည် ကဗျာနှင့် စာရေးသားခဲ့သည့် သက်တမ်းနှစ်ပေါင်း ၆၅-နှစ်ကျော်ရှိပြီး စာပေ အယ်ဒီတာသက်တမ်း နှစ်ပေါင်း ၅၅-နှစ်ရှိပြီဖြစ်သည်။

✤✤✤✤✤

www.burmeseclassic.com